
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၇၈၈ / ၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၇၉ / ၂၀၀၃ (၁၁)

•

**မျက်နှာဖုံး**
ပန်းချီဝသုန်

•

**ကွန်ပျူတာစာစီ**
အင်ကြင်း (DTP)

•

**အုပ်ရေ**
၅၀၀

•

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်

•

**ထုတ်ဝေခြင်း**
ဖေဖော်ဝါရီ၊ ၂၀၀၄

•

**ထုတ်ဝေသူ**
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊ ၁၁၁/၃ ထပ်ယာ၊ ၃၃ လမ်း၊

•

**ပုံနှိပ်သူ**
ဦးမြင့်ထွန်း၊ မဥ္ဇူပုံနှိပ်တိုက်၊
၂၄၄ (ခ)၊ ၄၀ လမ်း၊ ရန်ကုန်။

•

**မျက်နှာဖုံးပုံနှိပ်**
ဒေါ်မြင့်မြင့်ဦး၊ သင်္ဂဟာပုံနှိပ်တိုက်၊
၂၅၈၊ ၄၀ လမ်း၊ ရန်ကုန်။

•

**တန်ဖိုး** - ၁၂၀၀ိ

•

## စာရေးသူ၏အမှာ

ဤစာအုပ် 'မြေဆီမည်းမည်း သွေးရဲရဲ'နှင့် ပတ်သက်၍ ပြောစရာအတော်များများရှိသည်။ အကျဉ်းချုံး၍ပြောရလျှင်...

၁၉၇၂ ခုနှစ်၊ ဤစာအုပ်ထုတ်ဝေသူက မိမိအား 'စာရေးဆရာ၏ အမှာစာ' ရေးပေးပါဟု အခါခါပြောခဲ့သည်။ မိမိက မရေးလိုပါကြောင်း အတန်တန် ငြင်းခဲ့သည်။ ထိုအခါ ထုတ်ဝေသူက တစ်ဆင့်လျှော့၍ သို့ဆိုလျှင် မိမိ၏ ဝတ္ထုစာများအကြောင်းကို အမွှန်းတင်ရေးသားဖူးသော စာရေးဆရာကြီးတစ်ဦး၏ မိုးဝေမဂ္ဂဇင်းပါစာမူကို စာအုပ်ထဲထည့်ရန် ထိုစာရေးဆရာကြီးအား ပြောပေးပါဟုဆိုလာပြန်သည်။ မိမိက ထို စာရေးဆရာကြီး၏စာမူမှာ မဂ္ဂဇင်းတွင်ပါပြီးသားမို့ မိမိစာအုပ်ထဲမှာ အမှာစာအဖြစ်ထည့်ရန် မလိုအပ်ဟု ငြင်းလိုက်သည်။ ထိုအခါ ထုတ်ဝေသူက တစ်ခါမှ လုံးချင်းမထုတ်ဖူးသေးသော မိမိအား သူက စွန့်စားပြီး ထုတ်ရမည်။ ပြီးတော့ ထိုခေတ်က ဝတ္ထုစာအုပ်တွေမှာ ရုပ်ရှုပ်ပါများပင် နှစ်ကျပ်တန်သာ ထုတ်နေကြရာ မိမိစာအုပ်မှာ ငါးကျပ်တန် အထူကြီးဖြစ်နေသဖြင့် ထို စာရေးဆရာကြီး၏ စာပါက ပိုကောင်းမည်ဟု အတင်း နားပူနားဆာလုပ်လာသည်။ မိမိမှာ ထိုစာရေးဆရာကြီးကို တစ်ခါမျှ မမြင်ဖူးမတွေ့ဖူးတော့ မိမိစာအုပ်အတွက် အမှာစာရေးပေးပါရန် သွားပြောရမှာ ဝန်လေးနေသည်။

ဤစာအုပ်ကို မိမိကလည်း အရမ်းထုတ်ချင်နေသည်။ တိုက် သုံးလေးတိုက်က နှစ်တွဲ ခွဲထွက်မည်၊ စာအုပ်ကြီးက ထူလွန်းသည်၊ ဖြတ်ပေးပါ၊ ပြင်ပေးပါဆိုသဖြင့် မိမိကလည်း ခေါင်းမာမာနှင့် တင်းခံထားသော စာအုပ်ဖြစ်သည်။ ဤတစ်ခါ ဤထုတ်ဝေသူနှင့် အဆင်မပြေလျှင် မြေဆီမှာ မြေဆွေးဖြစ်တော့မည်ဟူသော စိုးရွံ့စိတ်နှင့် မိမိလျှော့ရသည်။ သို့နှင့် မိမိစာအုပ် ကြော်ငြာရန်အတွက် စာရေးဆရာကြီး၏ မိုးဝေမဂ္ဂဇင်းပါ စာသားအချို့ကို ကြော်ငြာခွင့်ပြုပါရန် သွားပြောရသည်။

စာရေးဆရာကြီးကမူ စာအုပ်ကြော်ငြာရန် ခွင့်ပြုရုံမက မိမိကို တွေ့တွေ့ချင်း ဝမ်းသာအားရနှင့် မိမိစာများကောင်းကြောင်း သတင်းစာထဲတွင် ရေးဖူးကြသော နောက်စာရေးဆရာကြီး နှစ်ယောက်သုံးယောက်ဆီ သူကားနှင့် ထည့်ခေါ်သွားပြီး မိတ်ဆက်ပေးသည်။ ဤမျှနှင့် သူက အဆုံးမသတ်သေး။ မိမိစာအုပ်ထုတ်ဝေသူဆီပါ တစ်ခါတည်းလိုက်ပါလာပြီး စာအုပ်ကြော်ငြာကိစ္စ၊ ... ကြော်ငြာပန်းချီတို့ကိုပါ ပြောပြ၍ အကုန်စီစဉ်ပေးသွားသည်။ မိမိမှာ ထိုစာရေးဆရာကြီး၏ 'စာပေစိတ်'ကို အံ့သြတကြီး ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစာရေးဆရာကြီးက ထိုသို့ အားတက်သရော ကူညီသည်ကို တွေ့ရသောအခါ 'ဖိုးကျော့စာအုပ်အတွက် ဆရာအမှာစာရေးပေးပါ' ဟု ထုတ်ဝေသူက ထိုစာရေးဆရာကြီးကို အကူအညီတောင်းသည်။ ထိုစာရေးဆရာကြီးက ပြောသည်မှာ ဖိုးကျော့သည် လုံးချင်းတစ်အုပ်မှ မထုတ်ဖူးသေးသော်လည်း စာရေးဆရာများက 'ဖိုးကျော့ စာရေးဆရာဖြစ်ပြီ'ဟု အသိအမှတ်ပြုထားကြပြီဖြစ်သဖြင့် အမှာစာရေးပေးရန် မလိုဟုပြောပြီး ပြန်သွားသည်။ စာရေးဆရာကိုယ်တိုင်ကလည်း မရေး၊ စာရေးဆရာကြီးကလည်း ရေးမပေးသောအခါ ထုတ်ဝေသူမျှာ ကိုယ်တိုင် အမှာစာ ရေးရတော့သည်။ ထို့ကြောင့် ဤစာအုပ်ကို ပထမအကြိမ် ထုတ်ဝေစဉ်က ထုတ်ဝေသူ၏ အမှာစာသာ ပါခဲ့ခြင်းဖြစ်သည်။

မိမိ စာအုပ်တွင် မိမိ အမှာစာမရေးခဲ့ခြင်းမှာ စာဖတ်သူများ၏ ခံယူသုံးသပ်ချက်များနှင့် စာရေးသူ၏ ယုံကြည်ချက် ခံယူချက်များ မည်မျှ တူညီမှု ရှိမရှိကို နားထောင်ကြည့်ချင်၍ ဖြစ်သည်။

ဤစာအုပ်ကို မိမိ ရေးခဲ့သောကာလက ၁၉၆၀ ခု ဝန်းကျင်ဖြစ်ရာ ထိုစဉ်က နိုင်ငံတော်၏အခြေအနေမှာ အရှေ့လေ၊ အနောက်လေ အယူဝါဒများနှင့် မြန်မာနိုင်ငံတော်ကြီးကို သူတို့ကယ်တင်မှ ရတော့မည်၊ ငါတို့ကယ်တင်မှ ရတော့မည်ဟု ကြွေးကြော်နေကြသော ရောင်စုံတောနီ အဖွဲ့အစည်းများနှင့် နိုင်ငံတဝှန်းတွင် သွေးလွှမ်းနေသော သမယလည်း ဖြစ်သည်။

မိမိ တစ်ဦးတစ်ယောက်တည်းမဟုတ်၊ သွေးရှိသော လူငယ်စာရေးသမားများသည် ထိုစဉ်က မိမိရေးသော စာတစ်ပုဒ်၊ စာတစ်အုပ်ကို မိမိသာ တာဝန်ယူရမည်ဖြစ်သည်။

ဤစာအုပ်နှင့် ပတ်သက်၍ နောက်ပြောစရာတစ်ခုမှာ ဤစာအုပ်ပါ အကြောင်းအရာများသည် စာရေးသူတို့ဒေသမှ စာရေးသူမမီလိုက်သောအဖိုး၊ အဘိုးတို့ခေတ်က ဖြစ်သည်။ ရွှေတောင်ကြားတွင် နေထိုင်သွားကြသော တိုင်းတပါးသား အင်္ဂလိပ်မိသားစု မျိုးဆက်သုံးဆက်အကြောင်းကို မိမိ စာအုပ်သုံးအုပ်ရေးသားခဲ့သည်။ ပထမ 'မြေဆီမည်းမည်း သွေးရဲရဲ'သည် အဖိုးအဘိုးတို့ခေတ်ဖြစ်သည်။ ဒုတိယ 'လွှန်လေပြီးသောအခါ' သည် အဖေတို့ ဦးလေးတို့ခေတ်ဖြစ်သည်။ တတိယ 'ပြန်မပြောချင်ဘူး'သည် အစ်ကိုတို့ ကျွန်တော်တို့ခေတ်ဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် စတုတ္ထစာအုပ်ဖြစ်လာမည့် 'ရွှေမည်းတောင်ကြော'မှာမူ မိမိ၏သွေးထဲ၌သာ သန္ဓေတည်ပြီး မွေ့နေသေးသည်။ ယခုထိ မရေးဖြစ်သေး။

ဖိုးကျော့

## ပထမအကြိမ် ထုတ်ဝေသူ၏အမှာ

"အဟောင်းများကြွေ၍ အသစ်တို့ဝေရသလော"

"အသစ်ဝေ၍ အဟောင်းတို့ကြွေရသလော"

မည်သို့ပင်ဖြစ်စေ၊ အသစ်၊ အသစ်ကလေးများသည် လောကအတွက် အလှဆင်လာစမြဲပင်။

ယနေ့ စာပေလောကသည် မနေ့ကနှင့် မတူတော့။ ယနေ့သည်လည်း မနက်ဖြန်နှင့် ခြားနားဦးမည်သာ။

ဖိုးကျော့။

သူသည် ပိုးသုံးလုံးဘဝကို စွန့်ခွာ၍ ပိုးဘောက်ရူအသွင် ပြောင်းခဲ့သူ။ ဘစ်နှစ်၊ နှစ်နှစ် ကာလပိုင်းအတွင်း ဝါရင့်စာပေ ပုဂ္ဂိုလ်များ လက်ခုပ်သံကြားၡ လုပသော လိပ်ပြာဘဝကို ပိုင်ဆိုင်ခဲ့သူ။

သူသည် ကြိုးပမ်းချက်လှေကားထစ်များကို မှန်မှန်နှင်းတက်လာခဲ့ပြီ။ နှေးလည်း မနှေး၊ မြန်လည်း မမြန်။ ပုံမှန်တက်လှမ်းလာသူအတွက် သူ၏ အောင်မြင်မှုတိုင်းသည် ခိုင်မြဲသော အမာခံသရုပ်သာ ဖြစ်ပေမည်။

ယနေ့ စာဖတ်ပရိသတ်တို့သည် လူနှင့် လူ့ဝန်းကျင်မှ ပေါက်ဖွားလာသော၊ မိမိတို့ မသိသေးသော 'အရှိ'ကိုသာ ဖတ်လို၏၊ ကြားလို၏။ လူ့တံတိုင်းကို ကျော်လွှား၍ စာရေးဆရာ၏ လေထဲကတိုက်အိမ်ကို မရောက်လိုကြ။ ထို့ကြောင့်ပင် ယနေ့စာရေးဆရာများ လူ့တောထဲ ဆင်းခဲ့ရပြီ၊ လူ့ပတ်ဝန်းကျင်ကို စေ့ငုရပြီ။

ဖိုးကျော့ကား လူနှင့်လူ့ဝန်းကျင်တောထဲမှ စာပေနယ်ကို လာခဲ့သူဖြစ်သည်။ သူသည် ပုံမှန်အတိုင်း ငယ်ရာကကြီးခဲ့၏။ နိမ့်ရာက မြင့်လာခဲ့ပြီ။

သူ့သတင်းသည် စာပေနယ်အတွင်းသို့ ချင်းနင်းခဲ့သည်။ သတင်း ကြားလျှင်ကြားချင်း၊ သူ့ကို ခေါင်းထောင်ကြည့်ခဲ့ရသည်၊ နောက် သူနှင့်တွေ့၍ သူ့စာအုပ်လုံးချင်းဝတ္ထုအဖြစ် ရိုက်နှိပ်ရန် ဆန္ဒပြင်းပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ယခု ကျွန်တော့်ဆန္ဒ ပြည့်ခဲ့ပြီ။ သူ၏ပထမဦးဆုံး လုံးချင်းဝတ္ထုကို ကျွန်တော် ရိုက်ခွင့်ရခဲ့၏။ "မြေဆီမည်းမည်း သွေးရဲရဲ"သည် သူ၏ပွဲဦးထွက် လုံးချင်းဝတ္ထု။

သည်ဝတ္ထုသည် မြန်မာတိုင်းရင်းသားတို့၏ အားမာန်၊ အဖိုးတန် သယံဇာတ ပစ္စည်း၊ နယ်ချဲ့တို့၏ ကောက်ကျစ်မှုတို့ကို တင်ပြထားသည်။ ဝတ္ထုအခြေခံရာ ဒေသသည် စိတ်ကူးထဲ၌ ဖန်ဆင်းထားသော နေရာမဟုတ်။

သည်နေရာ၊ သည်ဒေသတွင် မြန်မာနိုင်ငံ တိုင်းရင်းသားများ ယနေ့တိုင် ရေနံလက်တူးတွင်းများ တူး၍ အသက်မွေးဝမ်းကျောင်း ပြုနေတုန်း၊ မြေကြီးက ထမင်းကျွေးနေကြတုန်း။

မြန်မာလူမျိုးတိုင်း သည်အကြောင်းကို သိရန်လည်း မလွယ်။

သည်ဒေသအကြောင်းကို စာရေးဆရာဖိုးကျော့က စာဖတ်သူတို့အား သိရှိ ဗဟုသုတရရန် စေတနာထားခြင်းပင် ကျွန်တော့်အတွက် ထုတ်ဝေရကျိုးနပ်ပြီဟု ဆိုချင်ပါသည်။

ထုတ်ဝေ
(ပထမအကြိမ်

|၁|

နံနက်ခင်း၏ နေရောင်ခြည်သည် သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံကြားမှ မြေပြင်သို့ ထိုးစိုက်ဖြာကျနေသည်။ နွေးထွေးသော နေရောင်ခြည်ကို မြင်ရသဖြင့် ပျော်မြူးနေကြသော ငှက်ကလေးများ၏ အော်မြည်သံကလည်း ထိုနေရာတစ် ကွက်တွင် ညံစီလျက်ရှိသည်။ လေအငွေ့လိုက်တွင် ရေနံဆီ ရေနံနံ့တွေကလည်း ထိုနေရာတစ်ဝိုက်၌ သင်းပျံ့ နေလေသည်။

ရေခန်းခြောက်နေသော တောင်ကျချောင်းငယ်ထဲတွင် တိုင်းရင်းသား အဘိုးအို တစ်ယောက်သည် ထိပ်ဖျားကို ချွန်ထားသော ခြံစည်းရိုးတိုင်တစ်ခုနှင့် မြေပြင် တစ်နေရာကို ထိုးစိုက်လိုက်၊ တဆဆ ပြန်နုတ်လိုက်နှင့် ကျင်းငယ်တစ်ခုကိုတူး နေသည်။ ထိုကျင်းငယ် လက်မောင်း တစ်ဆုံးလောက် နက်သွားသောအခါ နောက် ထပ်တစ်ကျင်းကိုတူးပြန်၏။ ထို နေရာ၏ အရှေ့အနောက်၊ တောင်မြောက် ဘယာ အရပ်လေးမျက်နှာတို့တွင်ကား တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ချုံနွယ်ပိတ်ပေါင်းတို့က ဟိမဝန္တာတမျှ ကာဆီးဝန်းရံနေကြ၏။

မြေကျင်း သုံးလေးကျင်း တူးပြီးသောအခါ တိုင်းရင်းသား အဘိုးအိုသည် မောဟိုက်သွားသဖြင့် ခဏနားလိုက်၏။ ပြီးတော့မှ အသင့် ယူဆောင်လာသော ဝါးကျည်တောက် အကြီးအသေးနှစ်ခုကိုဆွဲလျက် မြေကျင်းတူးနေရာမှ ချောင်းဖျား အထက်ဘက်သို့ တစ်လှမ်းချင်း လှမ်းထွက်လာသည်။ ပေ(၆၀)လောက် လျှောက် မိသောအခါ လွန်ခဲ့သော တစ်ရက်နှစ်ရက်လောက်က သူတူးထားခဲ့သော မြေကျင်း သုံးလေးခုထဲတွင် ရေနံဆီတွေ ရှိ မရှိကို စစ်ဆေးကြည့်ရှု၏။ ကျင်းတစ်ကျင်းတွင် ရေနံဆီတွေ ရှိနေသည်ကို မြင်ရသောအခါ အသင့်ယူလာသော ဝါးကျည်တောက် တစ်ခုနှင့်ခပ်၍ ဝါးကျည်တောက်ကြီးတစ်ခုထဲသို့ ထည့်နေပြန်သည်။ ရေနံဆီများကို ခပ်ယူပြီးသောအခါ တိုင်းရင်းသားအဘိုးကြီးသည် တစ်ယောက်သွား လမ်းကလေး အတိုင်း ထိုတောင်ကျချောင်းငယ်ထဲမှ တက်လာလေသည်။

"ဟော မောင်ဖြူသီးတို့ပါလားကွယ့်။ တောင်ယာခုတ် သွားကြတယ်ထင်ပ။"

တစ်ဆစ်ချိုးလမ်းကလေးတွင် ကိုဖြူသီးတို့ ဇနီးမောင်နှံနှင့် ဘွားခနဲ ပက် ...း တွေ့လိုက်ရသဖြင့် ရေနံဆီခပ်ရာမှပြန်လာသော တိုင်းရင်းသားအဘိုးကြီး ... နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့၊ ဘကြီးအောင်၊ ဘကြီးအောင်ကော ရေနံဆီတော်တော်ရရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ရွှေမြို့တော်ကြီး (ယခုမြို့ဟောင်း)ကိုပင် အင်္ဂလိပ်မင်းများ တိုက်ခိုက် သိမ်းယူထားသည်မှာ နှစ်ပေါင်းသုံးဆယ်ကျော် သွားလေပြီတကား။ ထို့ကြောင့်လည်း ရေနံတောင်တွင် ရေနံဆီတူးဖော်ကြခြင်း အလုပ်ဖြင့် ယခင် သုံးနှစ်ကျော်လောက်က ဝင်လာ၍ အခြေစိုက်နေကြသော အင်္ဂလိပ်မျက်နှာဖြူများကို ရခိုင်လူမျိုးများမှာ စိတ်ထဲက ငြိုငြင်နေကြသော်လည်း လက်တွေ့ဘဝမှာကား မည်သူ ကစ်ဦးတစ်ယောက်မျှ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ပိတ်ပင်ခြင်း မပြုရဲကြဘဲ အင်္ဂလိပ်မျက်နှာဖြူများကို သခင်ခေါ်၊ ဘုရားထူး၍သာ နေကြရလေသည်။*

❀ ❀ ❀

။ ၂ ။

ပန်းတော(ချောင်း၀) မည်သော ထိုရွာကလေးကို သရက်ပင်၊ မန်ကျည်းပင်၊ ဝါးရုံပင်၊ ပေပင်၊ အုန်းပင်တို့က အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ အုပ်မိုးဖြန့်ကြက်ထားသည်။ ရွာလယ်လမ်းကျဉ်းကလေး၏ ဆေးနှစ်ဖက်တွင် ငှက်ပျောခင်းနှင့် ဝါးရုံတောတွေကလည်း ထူထပ်သိပ်သည်းစွာ တည်ရှိနေကြသည်။ ရွာအလယ်ရှိ သရက်ပင်ကြီးအောက် မြေကွက်လပ်တစ်ခုပေါ်တွင် ကလေးငယ်တစ်သိုက်သည် ဂုံညင်းဒိုးပစ် ကစားနေကြ၏။ သူတို့ဆီမှ ငြင်းခုံရန်ဖြစ် အော်ဟစ်နေကြသော အသံဗလံများကိုလည်း ဆူညံစွာ ကြားနေရသည်။

နွေလဖြစ်သဖြင့် လေအဝှေ့တွင် ရွက်ဝါရွက်ခြောက်တွေက ရွာလယ်လမ်းမပေါ်သို့ တသွဲ့သွဲ့ ကြွေကျနေသည်။

ရွာလယ်ပိုင်းရှိ ကလေးငယ်များ၏ ဂုံညင်းဝိုင်းမှ ငြင်းခုံရန်ဖြစ် အော်ဟစ်နေကြသံများသည် ရုတ်တရက် ရပ်တန့်သွားသည်။ ခွေးဟောင်သံများကလည်း ဟိုမှသည်မှ ဆူညံလာကြ၏။

အိမ်ရှေ့မှ ခွေးတစ်ကောင်၏ အထိတ်တလန့် ထိုးဟောင်လိုက်သံကြောင့် ကိုဖြူသီးသည် အိမ်ရှေ့လမ်းမသို့ လှမ်းကဲကြည့်လိုက်သည်။ ရွာမြောက်ပိုင်းမှ မြင်းစီးယောက်ျားနှစ်ယောက်သည် ရွာလယ်ပိုင်းအတိုင်း တောင်ဘက်သို့ ခပ်မှန်မှန် လာနေကြသည်။ သူ့အိမ်ရှေ့သို့ရောက်သောအခါ မြင်းကိုဇက်သတ်၍ နှစ်ယောက်စလုံး ရပ်လိုက်ကြသည်။ ကိုဖြူသီးသည် အိမ်ရှေ့ခန်းထရံပေါက်မှ ထိုလူနှစ်ယောက်ကို ချောင်းကြည့်နေသည်။

---

* (ဘကြီးအောင်နှင့်တကွ ရွှာနီးချုပ်စပ်တစ်ဝိုက်က တိုင်းရင်းသားများ ရေနံတူးယူခဲ့ကြရသည်ဆိုသော တောင်ကျချောင်းငယ်ကို ယခုအခါ ရေနံချောင်းဟုခေါ်၍ မျက်နှာဖြူအင်္ဂလိပ်များ ရေနံဆီ စတင်တူးခဲ့ကြသော တောင်ကုန်းမှာ ယခုအခါရွာ ဖြစ်နေလေပြီ။ ထိုရွာကို ရေနံတောင်ရွာ ဟုခေါ်သည်။ ကျောက်ဖြူ – ရမ်းဗြဲသွားကားလမ်းတွင် တည်ရှိသည်။ ထိုရေနံတောင်ရွာသည် ကျောက်ဖြူမြို့နှင့် ဆယ့်လေးမိုင်ခန့် ဝေး၏။)



တစ်ယောက်သောလူမှာ တိုင်းရင်းသား မင်းပြင်ရွာသူကြီး ဦးကျော်စံဖြစ်လေ၏။ ကျန်တစ်ယောက်မှာ တိုင်းတစ်ပါးသား ရွှေတောင်ကြားက အင်္ဂလိပ်မျက်နှာဖြူကြီးတည်း။

မင်းပြင်ရွာက သူကြီးမင်းဦးကျော်စံနှင့် ကိုဖြူသီးတို့မှာ လွန်စွာ မရင်းနှီးကြသော်လည်း လယ်ခွန်ယာခွန်တော် ကောက်ရန် တစ်နှစ်တစ်ခါ၊ နှစ်ခါ လာဖူးသဖြင့် အကျွမ်းတဝင်တော့ ရှိကြသည်။ ရွှေတောင်ကြား၌ ယခင်ဆယ်နှစ်ကျော်လောက်ကပင် ရေနံလုပ်ငန်းဖြင့် ကြီးပွားချမ်းသာနေသော အင်္ဂလိပ်မျက်နှာဖြူကြီးနှင့်တော့ ကိုဖြူသီးတို့ဇနီးမောင်နှံမှာ စကားပင်တစ်ခါမျှ မပြောဖူးကြ။ သို့သော် ထိုအင်္ဂလိပ်ကြီးကို ကိုဖြူသီးတို့ဇနီးမောင်နှံသည် မကြာမကြာ မြင်ဖူးနေသည်။ ထိုမျက်နှာဖြူ အင်္ဂလိပ်ကြီး၏ ရေနံတွင်းရှိရာ တောတောင်တို့နှင့် ကိုဖြူသီးတို့ ဇနီးမောင်နှံပိုင်ဖြစ်သော တောင်ယာ ကိုင်းတောတို့မှာ ဆက်စပ်လျက်ရှိသည်။ သူတို့ဇနီးမောင်နှံ တောင်ယာ လုပ်ကိုင်နေချိန်တွင် ထိုအင်္ဂလိပ်ကြီးသည် သူ့ရေနံတွင်းရှိရာသို့ ကိုဖြူသီးတို့တောင်ယာနား က မကြာမကြာ မြင်းနှင့်ဖြတ်သွားသည်ကို မြင်ဖူးသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်မျက်နှာဖြူကြီးကို မြင်လျှင်မြင်ချင်း ရွှေတောင်ကြားက အင်္ဂလိပ်ကြီးမှန်း ကိုဖြူသီး အတပ်သိလိုက်၏။ ကိုဖြူသီးတို့ ရွာနီးချုပ်စပ်တစ်ဝိုက်တွင် အင်္ဂလိပ် မျက်နှာဖြူဆို၍လည်း ဤတစ်ယောက်သာ ရှိသည်မဟုတ်ပါလား။

မင်းပြင်ရွာသူကြီး ဦးကျော်စံနှင့် အင်္ဂလိပ်မျက်နှာဖြူကြီးတို့သည် ကိုဖြူသီး၏ ခြံဝင်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ဝင်လာကြသည်။ ကိုဖြူသီး၏စိတ်ထဲက တစ်ခုခုကို စိုးရိမ်ပူပန်သွားသလိုပင်။ ထို့ကြောင့်လည်း ဗိုင်းချည်ငင်နေသော ဇနီးသည် မဦးဖြူကို ခေါင်းညိတ်ခေါ်၍ သူတို့၏ ခြံစည်းရိုးတိုင်တွင် မြင်းနှစ်ကောင်ကို ချည်နေကြသော သူကြီးမင်းနှင့် ...လိပ်မျက်နှာဖြူကြီးကို မေးငေါ့ပြလိုက်၏။ ...လာစဖူး အလာထူးသော သူကြီးမင်းနှင့် အင်္ဂလိပ်မျက်နှာဖြူကြီးကို မဦးဖြူ...လည်း အံ့သြသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

“ဝေး မောင်ဖြူသီး”

မင်းပြင်ရွာသူကြီး ဦးကျော်စံသည် သူ့နာမည်ကိုခေါ်၍ သူ့အိမ်ရှေ့သို့လာနေသည်ကို မြင်ရသောအခါ ကိုဖြူသီးတို့ဇနီးမောင်နှံမှာ ပို၍ ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။ သူကြီးမင်း၏နောက်တွင်မူ သခင်ကြီးဆိုသော အင်္ဂလိပ် မျက်နှာဖြူကြီးကလည်း ကပ်ပါလာသည်။

“ဝေး မောင်ဖြူသီး၊ မောင်ဖြူသီး မရှိဘူးလားဟေ့”

“ဘုရား၊ ရှိပါတယ်”

ကိုဖြူသီးမှာ မနေသာတော့သဖြင့် သူကြီးမင်းနှင့် သခင်ကြီးတို့ကို အိမ်ရှေ့...ဆက်၍ ကြိုလိုက်ရသည်။

“ကြွပါသူကြီးမင်းကြွပါ။ ဟေ့မဦးဖြူ ဖျာခင်းဟေ့ ဖျာခင်း၊ ဒီမှာသူကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုဖြူသီးဆိုသော တိုင်းရင်းသားလူရွယ်ကလည်း အဘိုးကြီးအား ပြန်နှုတ်ဆက်သည်။

"မရပါဘူးကွယ်၊ ဒီဝါးကျည်တောက် တစ်တောက်ဟောင် ကောင်းကောင်းမပြည့်တတ်ပါဘူး၊ မင်းတို့ငါတို့ဆီမှာ ရေနံဆိုလည်း ဟိုတုန်းကလို ဘယ်မှာအလွယ်တကူ ရတော့လို့လဲ မောင်ဖြူသီးရယ်၊ ရွှေတောင်ကြားမှာ ဟိုအင်္ဂလိပ်မျက်နှာဖြူတွေ စက်နဲ့ရေနံလာတူးတုန်းကတည်းက ဒီချောင်းထဲက ရေနံဆီတွေဟာ တစ်နေ့တခြား ယုတ်လျော့သွားတာပဲ မဟုတ်လားကွယ့်၊ ဒီအတိုင်းသာနောက်သုံးလေးနှစ်ဆိုရင် ဒီအနီးအနားတစ်ဝိုက်က တို့လူမျိုးတွေဟာ တို့မြေကြီးထဲက ထွက်တဲ့ ရေနံကိုတောင် အင်္ဂလိပ်မျက်နှာဖြူတွေဆီမှာ ဝယ်သုံးကြရမလို ဖြစ်နေပြီ မောင်ဖြူသီးရယ်"

အဘိုးကြီးက ညည်းညည်းညူညူ ပြောသည်။

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ ဘကြီးအောင်ရယ်။ ကျွန်တော်တို့ တိုင်းပြည်ကိုတောင် သူတို့အင်္ဂလိပ်မင်းက သိမ်းပိုက်သွားတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ။ ဟော ပြောရင်းဆိုရင်း ဟိုမှာ အင်္ဂလိပ်ကြီး တစ်ယောက်လာနေတယ် ဘကြီးအောင် ကျွန်တော်တို့သွားဦးမယ်"

ရွှေတောင်ကြား(ရေနံတောင်)ဘက်ဆီမှ အင်္ဂလိပ်မျက်နှာဖြူ တစ်ယောက်မြင်းစီး၍လာနေသည်ကို မြင်ရသဖြင့် မောင်ဖြူသီးက ဘကြီးအောင်အား ပြောလိုက်၏။

"အေး၊ အေး"

မောင်ဖြူသီးတို့ဇနီးမောင်နှံ တောင်ယာတောသို့ ထွက်သွားကြသောအခါ ဘကြီးအောင်မှာလည်း ရေနံကျည်တောက်နှစ်လုံးထမ်း၍ မိမိရွာဘက်သို့ ထွက်လာ၏။

ရွှေတောင်ကြားဟုခေါ်သော တောင်ခြေရင်းတွင် ယခင် သုံးနှစ်ကျော်လောက်ကပင် ရေနံတွင်းတူး၍ အခြေစိုက်နေကြသော အင်္ဂလိပ်မျက်နှာဖြူများက ဤတောဤတောင်တစ်ဝိုက်၌ ဤကဲ့သို့ ရေနံတူးဖော်လျှင် အမြောက်အမြား ရရှိနိုင်မည့်နေရာ များကို မြင်းတစ်စီးနှင့် ရှာဖွေစူးစမ်းလျက် ရှိနေကြသည်။

ဘကြီးအောင်နှင့်ကိုဖြူသီးတို့ ပြောသွားကြသည်မှာ အမှန်ပင်ဖြစ်သည်။ အင်္ဂလိပ် မျက်နှာဖြူများ ဤဒေသသို့လာ၍ ရေနံမတူးမီ ယခင်အတိတ်ကာလကဆိုလျှင် ဤတောင်ကျချောင်းငယ်ထဲတွင် ရေနံဆီဆိုသည်မှာ လိုသလောက်ရနိုင်ခဲ့ကြသည်။ ထို့ကြောင့်လည်း ဤတောင်ကျချောင်းငယ်နှင့် နီးသော ပန်းတော(ချောင်းဝ)၊ မင်းပြင်၊ ကုလားပါ၊ သိုင်းချောင်း၊ ဂေါ်ဒူ စသည့်ရွာများမှ တိုင်းရင်းသားလူမျိုးများသည် မိမိတို့အိမ်၌ ထွန်းညှိရန် ရေနံဆီများကို ပိုက်ဆံပေးဝယ်မသုံးရဘဲ ယခုဘကြီးအောင် ပြုလုပ် တူးခပ်ယူသလို မြေကျင်းထဲက တူးယူ၍ သုံးစွဲလာခဲ့ကြသည်။ မိုးတွင်းကျလျှင် ချောင်းထဲတွင် မိုးရေတွေပြည့်လျှံနေသဖြင့် ချောင်းကမ်းပါးတောင်စောင်းနားတွင် မြေကျင်းတူး၍ ရေနံဆီများကို ရယူနိုင်ခဲ့ကြ



သလို နွေနှင့်ဆောင်းလတို့တွင်လည်း မြေပျော့ညံ့သောချောင်းထဲတွင် ရေနံဆီများကို အလွယ်တကူ တူးယူသုံးစွဲနိုင်ခဲ့ကြပြန်သည်။

များသောအားဖြင့် တိုင်းရင်းသား လူမျိုးများမှာ နုံနုံအအ၊ ရိုးရိုးအေးအေးနေကြသူများပီပီ ရေနံဆီများကို အမြောက်အမြားရအောင် တူးဖော်၍ သိုလှောင်ထားခြင်း၊ ရေနံဆီကုန်ကူးခြင်း၊ တစ်ယောက်မှတစ်ယောက်၊ တစ်ရွာမှ တစ်ရွာသို့ လှည့်လည် ရောင်းချခြင်းစသည်များကိုလည်း လုံးဝ မပြုလုပ်တတ်ကြသေး။ သူတို့တစ်ခါတစ်ခါလာပြီး တူးယူသွားကြသော ရေနံဆီများမှာ သုံးလေးရက်စာ အများဆုံးသာဖြစ်သည်။ ထိုရေနံဆီတွေ အိမ်၌ကုန်သွားလျှင် နောက်တစ်ခါလာ၍ တူးယူကြပြန်သည်။ ဤချောင်းနားတစ်ဝိုက်ရှိ ရွာများမှ တိုင်းရင်းသားလူမျိုးများသည် ဘိုးစဉ်ဘောင်ဆက်ကပင် ရေနံဆီများကို ဤသို့သာ တူးယူသုံးစွဲလာခဲ့ကြလေသည်။

ထိုတိုင်းရင်းသားလူမျိုးများမှာ မိမိတို့၏မြေပေါ်တွင် အလွယ်တကူရနေသော ရေနံဆီများကို တန်ဖိုးရှိမှန်းလည်းမသိကြ။ တစ်နည်းဆိုသော် စီးပွားရေး အကျိုးအကြောင်းကိုလည်း မမြင်ကြ။ ထိုခေတ်ထိုအခါက သူတို့ အားထားကြသည်မှာ လယ်ယာကိုင်းတောများသာ ဖြစ်၏။ ထို့ကြောင့်လည်း ဤတောင်ကျ ချောင်းနားတစ်ဝိုက်မှ တိုင်းရင်းသားလူမျိုးများသည် ရေနံဆီကိစ္စကို အရေးမထား အလေးမမူဘဲ ပေါ့ပေါ့ဆဆပင် နေလာခဲ့ကြသည်။ ယခု ရွှေတောင်ကြား(ရေနံတောင်)တွင် အင်္ဂလိပ်မျက်နှာဖြူ သုံးလေးယောက်က စက်တွေနှင့် ရေနံတွင်း အမြောက်အမြားကို တူးဖော်ကာ ရေနံဆီလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်လာကြသောအခါ တောင်ကျချောင်းငယ်ထဲမှ ရေနံဆီတွေမှာ တစ်နေ့တခြား အလိုလို ခန်းခြောက်သွားပြီး ယခင်ကလို ရေနံဆီများကို အလွယ်တကူ မရရှိနိုင်ကြတော့ပေ။ ထိုအခါ ရွာနီးချုပ်စပ်တစ်ဝိုက်က တိုင်းရင်းသား လူမျိုးများမှာ ရေနံတောင်ဟုခေါ်သော ဤချောင်းငယ်၏ အဖျားရှိ တောင်ပေါ်၌ ရေနံလာတူးနေကြသော အင်္ဂလိပ် မျက်နှာဖြူများကို တစ်နေ့တခြား ငြိုငြင်လာကြသည်။ မနာလိုဝန်တို ဖြစ်လာကြသည်။ သို့သော် ထိုအင်္ဂလိပ် မျက်နှာဖြူများကိုကား မည်သူကမျှ လွန်ဆန်ခြင်းမပြုရဲကြ။ "တို့ဆီမှာ ရေနံဆီ လာမတူးပါနဲ့"ဟုလည်း မည်သူ တစ်ဦးတစ်ယောက်ကမျှ ဟန့်တားခြင်း မပြုရဲကြ။ ထိုအင်္ဂလိပ်မျက်နှာဖြူများကို လွန်ဆန်ဟန့်တားပိတ်ပင်ရဲ ကြဖို့ကိုမဆိုထားနှင့်၊ ထိုအင်္ဂလိပ်မျက်နှာဖြူတို့၏မျက်နှာကိုပင် မော်၍ကြည့်ရဲကြသူများ မဟုတ်ကြ။ ထိုအင်္ဂလိပ်မျက်နှာဖြူများကို သူတို့ရှေ့၌ ခေါ်ခေါ် ပြောဆိုနေရသည်ကပင် "သခင်ကြီး၊ သခင်ကြီး"ဟုသာ ရိုသေကျိုးနွံစွာ ခေါ်ဝေါ် ပြောဆိုရလေသည်။ ထိုအင်္ဂလိပ်မျက်နှာဖြူများအား "သခင်ဘုရား" ထူးရ၏။ ဘုန်း မထူး၍လည်း မဖြစ်ပေ။ အင်္ဂလိပ်လူမျိုးဆိုသည်မှာ မင်းကဲ့သို့ တန်ခိုးအာဏာ ထက်မြက်သော လူမျိုးတစ်မျိုးဟု သူတို့တိုင်းရင်းသားလူမျိုးများက အထင်ရောက်နေကြဟန်ရှိသည်။ အင်္ဂလိပ်မျက်နှာဖြူများ ဘုန်းမီးနေလ တောက်ပနေကြသော အခါသမယလည်း မဟုတ်ပါလား။ သူတို့၏ရခိုင်ပြည်၊ ရခိုင်မင်းနှင့်တကွ မြောက်ဦး

www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ သခင်ကြီးတို့ လာနေတယ်"

"ထိုင်ကြပါ သူကြီးမင်းနဲ့သခင်ကြီးတို့"

မဦးဖြူက တုန်ယင်နေသောအသံဖြင့် နေရာထိုင်ခင်းများကို ဖုတ်ပုမီးတိုက်ခင်းပေးလိုက်သည်။ သူတို့အိမ်သို့ တစ်ခါမျှ မလာစဖူးဘဲ ယခုအခါ ထူးထူးခြားခြား ရောက်လာကြသော သခင်ကြီးကို မဝံ့မရဲ လှမ်းကြည့်၍ ကိုဖြူသီးတို့ ဇနီးမောင်နှံမှာ အတွေးကိုယ်စီနှင့် ရှိကြသည်။

"ကျန်းမာကြတယ်နော်"

သခင်ကြီးနှင့် သူကြီးမင်းတို့က အပြုံးကိုယ်စီနှင့် ပြိုင်တူမေးလိုက်ကြသည်။

"ဟုတ်ကဲ့ ကျန်းမာကြပါတယ်"

"ဘယ်လို အရေးအခင်းရှိပါသလဲ သူကြီးမင်း"

စကားတစ်ခါမျှမပြောဖူးသော သခင်ကြီးဆိုသည့် အင်္ဂလိပ်မျက်နှာဖြူကြီးကို မမေးရဲသဖြင့် ကိုဖြူသီးက သူကြီးမင်းကို မဝံ့မရဲ မေးလိုက်၏။

"ကိစ္စက ဒီလိုကွယ့်"

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျား"

"ဒီက သခင်ကြီးဟာ သူ့ရေနံမြေနဲ့ ဆက်စပ်နေတဲ့ မင်းတို့ တောင်ယာတောတွေကို ဝယ်ချင်လို့တဲ့"

"ခင်ဗျာ"

ကိုဖြူသီးမှာ သူ့နားကိုပင် မယုံသလိုအထိတ်တလန့်ဖြစ်သွားသည်။ ရေနံဆီ တူးဖော်သောလုပ်ငန်းဖြင့် လွန်စွာ ကြီးပွားချမ်းသာနေသော ဤအင်္ဂလိပ်ကြီးသည် လယ်မလုပ်ပါဘဲနှင့် မဖြစ်လောက်သော သူ့လယ်တော တောင်ယာတွေကို အဘယ့်ကြောင့် ဝယ်ချင်ရပါသနည်း။ ကိုဖြူသီးစိတ်ထဲမှာ အတွေးတွေက ရှုပ်ထွေးသွားသည်။ ရင်ထဲကလည်း တဒိတ်ဒိတ် ခုန်လာ၏။ စဉ်းစားမရသဖြင့် ခေါင်းကလည်း ခဲလာသည်။ ထို့ကြောင့် ကိုဖြူသီးသည် မည်သို့မျှ ပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် သခင်ကြီးကိုတစ်လှည့်၊ သူကြီးမင်းကို တစ်လှည့် ကြည့်ကာ ကြောင်နေမိသည်။ ကိုဖြူသီးသာမဟုတ် ဇနီးသည် မဦးဖြူကလည်း ထိုနည်းအတူပင်။

"မောင်ဖြူသီး နားမရှင်းသေးဘူး ထင်တယ်"

သူကြီးမင်းက ကိုဖြူသီးကို ပြုံးရွှင်စွာကြည့်၍ သူ့ရှေ့တွင် တည်ခင်းထားသော ကွမ်းအစ်ကို လှမ်းဆွဲလိုက်သည်။ ကိုဖြူသီးတို့ ဇနီးမောင်နှံကတော့ ကြောင်၍ ကြည့်နေကြတုန်းပင်။

"ဒီလိုကွယ့် မောင်ဖြူသီး။ သခင်ကြီးဟာ သူ့ရေနံမြေတွေနဲ့ ဆက်စပ်နေတဲ့ တောတွေတောင်တွေကို အစိုးရမင်းများဆီမှာ အခွန်ဆောင်ပြီး ခု(ပတ်တာခံ)တော့မယ်တဲ့။ အဲဒီတော့ မြေအကျယ်အဝန်းကို မြေပုံရေးဆွဲပြီး အစိုးရမင်းများဆီမှာ တင်ပြတဲ့အခါ မင်းတောင်ယာတောတွေဟာ ကြားထဲမှာခံနေတော့ အခက်အခဲဖြစ်နေရတယ်တဲ့။ အဲဒါကြောင့် မင်းလယ်တောတောင်ယာတွေ သူ့ကိုရောင်းပါလို့



သခင်ကြီးက လာပြောတာ။ မင်းလယ်တော တောင်ယာအတွက် တန်ရာတန်ကြေးလည်း ပေးပါ့မယ်တဲ့"

ကိုဖြူသီးက သခင်ကြီးအား ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်၏။

"သူကြီးမင်းပြောတာ ဟုတ်တယ် မောင်မင်း။ မောင်မင်း တောင်ယာတောနဲ့ လယ်ကို သခင်ကြီးကို ရောင်းပါ။ သခင်ကြီး ပိုက်ဆံပိုပေးမယ်"

သခင်ကြီးသည် ကိုဖြူသီး၏ မတတ်မလှူပ်ဖြစ်နေသော ရုပ်သွင်ကိုကြည့်၍ ပြုံးရွှင်စွာ ဝင်ပြောလာ၏။ သို့သော် သခင်ကြီး၏အပြုံးမှာ လွန်စွာနက်ရှိုင်း၍ သျှို့ဝှက်ချက်ပေါင်း သိန်းသောင်းကုဋေပါနေသည်ကို ရိုးလွန်းလှျှင် အသည်းဟုဆိုရသော လယ်သမားကိုဖြူသီးမှာ ဘာမျှ မရိပ်မိလိုက်ပါချေ။

"ဘယ့်နှယ်လဲကွယ့် သခင်ကြီးပြောတာ သဘောပေါက်တယ်ဟုတ်လား"

သူကြီးမင်း၏အသံက ပေါ်လာပြန်၏။

"ဒီလိုရှိပါတယ်၊ သူကြီးမင်းနဲ့သခင်ကြီးတို့ခင်ဗျား၊ ကျွန်တော်တို့မှာ ဒီတောင်ယာတောတွေကိုသာ အားထားပြီး လုပ်ကိုင်စားသောက်နေရပါတယ်။ ပြီးတော့ ဘိုးဘွားပိုင်အမွေအနှစ်ဖြစ်တာကလည်း တစ်ကြောင်းမို့..."

သခင်ကြီးက သူ့ကိုရောင်းပါဟုဆိုလာသော တောင်ယာလယ်တောတွေမှာ ဇနီးသည်၏ဘက်မှ ရထားသော အမွေအနှစ်ပစ္စည်းဖြစ်သဖြင့် ကိုဖြူသီးသည် စကားလက်စနှင့် ဇနီးသည်၏မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်၏။ ပြီးမှ သူ့စကားကို ဆက်လာသည်။

"မရောင်းရက်ပါဘူး၊ ကျွန်တော်တို့မှာ အားကိုးအားထားရာဆိုလို့ ဒီတောင်ယာတောတွေပဲရှိပါတယ်။ ဒီတောင်ယာလယ်တောတွေကို ရောင်းလိုက်ရင် သားစဉ်မြေးဆက် လုပ်ကိုင်စားသောက်စရာ ဆိုလို့လည်း ဘာမှမရှိတော့ပါဘူး။ ဒါ့ကြောင့် မရောင်းရက်ပါဘူး သူကြီးမင်းနဲ့သခင်ကြီးတို့ခင်ဗျား"ဟု ပြောလိုက်၏။

"ဟာ၊ ဒါကို မောင်မင်းဘာမှမပူပါနဲ့ သခင်ကြီးက မောင်မင်းကို တစ်သက်သုံး ရေနံအလုပ်မှာ အလုပ်သွင်းပေးထားမယ်။ သခင်ကြီးဆီမှာ အလုပ်သမားတွေ အများကြီးရှိတယ်။မောင်မင်းကို လခကောင်းကောင်းပေးမယ်။ မောင်မင်း လယ်လုပ်သလို မပင်ပန်းရဘူး။ သက်သက်သာသာနဲ့ ပိုက်ဆံရှိရှိနေရမယ်။ သခင်ကြီးနော် မဟုတ်တာကိုမပြောဘူး။ ဒီမှာ သူကြီးမင်း သက်သေရှိတယ်၊ ဘုရားသခင် သိတယ်"

သခင်ကြီးက ကိုဖြူသီးမျက်နှာကို စူးစမ်းသောအကြည့်ဖြင့် ကြည့်၍ ချိုသာစွာ ပြော၏။

"ဟုတ်ပါတယ်ကွာ မောင်ဖြူသီးရာ၊ မင်းစိတ်ကူးမလွဲစမ်းပါနဲ့။ မင်း တောင်ယာတောတွေဟာ ရှိလှမှ ဧက (၂၀) ပေါ့ကွာ။ ဒါကို မင်း လုပ်စားနေလို့လည်း ဘဝမင်းဝရုံကအပြင် မချမ်းသာလာနိုင်ပါဘူး။ ရေနံလုပ်ငန်းမှာ သခင်ကြီးက မင်းကို အလုပ်ပေး၊ လခပေးထားရင် မင်း မကြာခင် ချမ်းသာလာမှာပဲ။ ဘို့ဆီမှာ ...စားဆိုတာ နှယ်နှယ်ရရ မဟုတ်ဘူးနော်။ မင်းမှုထမ်းတွေမှ လစားဖြစ်ရတာ

www.burmeseclassic.com

www.burmeseclassic.com



ကွာ။ တို့လို သူကြီးတောင် လခရတာ မဟုတ်ဘူး။ မင်း လခစားအလုပ်လုပ်နေရင် မင်းမိန်းမလည်း လခစားမယားဖြစ်ပြီး သက်သောင့်သက်သာ နေရမယ်။ တောင်ယာလုပ်သလို နေပူမရှောင် မိုးရွာမရှောင် မလုပ်ရတော့ဘူး။ မဟုတ်ဘူးလား မဉီးဖြူ"

သူကြီးမင်းက ကိုဖြူသီး၏ဇနီးမဉီးဖြူကို စစ်ကူတောင်း၍ တောင်ယာတောကို သခင်ကြီးအားရောင်းရန် နားချနေပြန်သည်။

သခင်ကြီးနှင့်သူကြီးမင်းတို့ ပြောသည်ကို ကိုဖြူသီးသဘောပေါက်ပါ၏။ သခင်ကြီးဆီမှာ အလုပ်လုပ်ရလျှင် တောင်ယာလုပ်သလို ပင်ပင်ပန်းပန်းမရှိဘဲ သက်သောင့်သက်သာနှင့် ပိုက်ဆံများများရမည် ဆိုသည်ကိုလည်း ကိုဖြူသီး နားလည်ပါ၏။ သို့သော် ဘိုးဘွားပိုင် အမွေအနှစ်ဖြစ်သော ဤ စားမဉီးချ တောင်ယာတောကို တိုင်းတစ်ပါးသား မျက်နှာဖြူအင်္ဂလိပ်လူမျိုးအား ကိုဖြူသီးက ဘယ်လိုမှ မရောင်းချင်ပေ။ တောင်ယာတောနှင့် လယ်ကိုလုပ်ကိုင်စားသောက်ရင်း ကိုဖြူသီး ဆင်းရဲသွားမှာကိုလည်း မကြောက်၊ ငတ်မှာကိုလည်း မစိုးရိမ်။ နောက် သူသေသွားသည်အထိ ဤ စားမဉီးချဘိုးဘွားပိုင် တောင်ယာကိုင်းတောတွေကို လုပ်ကိုင်စားသောက်ရင်းသာ ဤ ဘူမိနက်သန်မှန်သောမြေတွင် သူက ခေါင်းချသွားချင်သည်။ ထို့ကြောင့်လည်း သူကြီးမင်းနှင့် သခင်ကြီးတို့ပြောသည်ကို ကိုဖြူသီးမှာ 'အင်း' မလုပ်၊ 'အဲ'မလုပ်နှင့်၊ အတွေးနက်နေလေသည်။

"ဘယ့်နှယ်လဲ မောင်ဖြူသီး၊ သခင်ကြီးနဲ့ ငါပြောတာ မင်းသဘောပေါက်တယ် ဟုတ်လား။ မင်းတို့ဆင်းရဲနွမ်းပါးသွားမယ့် အလုပ်ဆိုရင် ငါက အခုလိုတကူးတက လာပြီး တိုက်တွန်းနေပါ့မလားကွာ မောင်ဖြူသီးရာ။ မင်းတို့လင်မယားလည်း ချမ်းချမ်းသာသာ နေရပါစေ၊ သခင်ကြီးလည်း ရေနံမြေလုပ်ငန်းမှာ ဖြောင့်ဖြောင့်တန်းတန်းလုပ်နိုင်ပါစေဆိုပြီး ငါက လာပြောရတာ။ အမှန်မှာ မင်းတို့က ငါ့ကို တောင် ကျေးဇူးတင်ဖို့ ကောင်းသေးတယ်"

"ဟုတ်ပါတယ်၊ သူကြီးမင်းနဲ့သခင်ကြီးတို့ ပြောတာကို ကျွန်တော်မျိုး သဘောပေါက်ပါတယ်။ သခင်ကြီးနဲ့ သူကြီးမင်းတို့ကို ကျေးဇူးလည်း တင်ပါတယ်။ ဒါပေမယ့် ဒီတောင်ယာတွေဟာ မဉီးဖြူတို့ဘက်က အမွေရထားတဲ့ ဘိုးဘွားပိုင် စားမဉီးချ လယ်ယာမို့ စဉ်းစားပါရစေဉီးလား ခင်ဗျာ"

"အို...မင်းတို့ကလည်း တယ်ခက်တာကိုးကွယ်။ ကဲကဲ မင်းတို့စဉ်းစားချင်သေး သပ ဆိုရင်လည်း စဉ်းစားကြဉီးပေါ့။ ဒါပေမယ့် သိပ်တော့ မကြာစေနဲ့နော်။ သခင်ကြီးမှာလည်း သူ့လုပ်ငန်းတွေ မြန်မြန်ပြီးစီးဖို့လိုတယ်ကွ"

သူကြီးမင်းနှင့် သခင်ကြီးတို့မှာ ကိုဖြူသီးစကားကြောင့် မျက်နှာအိုသွားကြသည်။

ကိုဖြူသီးနှင့်မဉီးဖြူတို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ အိမ်ပေါ်၌ပင် ငေးငိုင်၍ ကျန်နေရစ်ကြသည်။

"ဟော...မြင်းပေါ်မှာ ကလေးတစ်ယောက်ပါလား ဘယ်သူ့ကလေးလဲ ဟော့"



သူကြီးမင်း၏ အော်လိုက်သံကြောင့် ကိုဖြူသီးတို့ဇနီးမောင်နှံမှာ အိမ်ပေါ်မှ အိမ်ရှေ့သို့လှမ်းကြည့်လိုက်ကြသည်။ သခင်ကြီး၏ မြင်းပေါ်တွင် သူ့သားကျော်ဇော်ဉီးကို မြင်ရသောအခါ မျက်ကလူးဆန်ပျာ ဖြစ်သွားကြ၏။ သူကြီးမင်းနှင့် သခင်ကြီးတို့ရှိရာ ခြံဝသို့လည်း လင်မယားနှစ်ယောက် ထိတ်ထိတ်ပျာပျာနှင့် ပြေးဆင်းလာကြသည်။

"ဟော့ကြည့်စမ်း၊ ကြည့်စမ်း။ ကျော်ဇော်ဉီး၊ နင် ဘယ်က ပြန်လာတာလဲဟင်"

"ကျွန်တော် ဒိုးထိုးရာက ပြန်လာတယ်"

သူ့အမေက အထိတ်တလန့် အော်မေးနေသည်ကို ကျော်ဇော်ဉီးက ဘာမှ မဖြစ်သလို တည်တည်ကြည်ကြည်ပင် ပြန်၍ဖြေ၏။

ဤမျှ အသက်အရွယ်နှင့် ကြောက်ရွံ့ ထိတ်လန့်ခြင်း လုံးဝမရှိဘဲ သူ့မြင်းကို တက်စီးနေသော ကျော်ဇော်ဉီးဆိုသည့်လူငယ်ကို အင်္ဂလိပ်မျက်နှာဖြူကြီးမှာ မယုံနိုင်လောက်အောင် အံ့သြသွားသည်။ တခြားကလေးများဆိုလျှင် သူ့မြင်းပေါ်ကို တက်စီးရဲကြဖို့မဆိုထားနှင့် သူ မြင်းစီးလာသည်ကို မြင်ရုံနှင့်ကြောက်ရွံ့ထိတ်လန့်ကာ အရပ်တစ်ပါးသို့ ထွက်ပြေး ရှဲသွားကြသည်။ ဤကလေးငယ်ကား သူ့ကိုလည်း လုံးဝ ကြောက်ရွံ့ထိတ်လန့်ပုံမရချေ။ ထို့ကြောင့်လည်း ကျော်ဇော်ဉီး၏ ရဲရင့်သော စိတ်ဓာတ်ရှိပုံကို အင်္ဂလိပ်မျက်နှာဖြူကြီးမှာ အံ့သြမဆုံး ဖြစ်နေလေသည်။

"နင် ဒီမြင်းပေါ်ကို ဘယ်လိုတက်တာလဲ၊ ဟင်"

"ဒီ ခြစည်းရိုးပေါ်ကတစ်ဆင့် တက်ရတာပေါ့ အမေရယ်။ ကျွန်တော် ဟို မြင်းဖြူကြီးကိုမှ စီးကြည့်ချင်တာ။ ဒါပေမယ့် အဲဒီမြင်းဖြူကြီးက ခြံစည်းရိုးနားကို မကပ်လို့ ဒီမြင်းကိုပဲ တက်စီးကြည့်ရတာ"

ကျော်ဇော်ဉီး၏စကားကို ကြားရသောအခါ သူတို့မှာ ပို၍ အံ့အားသင့်သွားကြသည်။ ကျော်ဇော်ဉီးမှာ ရှစ်နှစ်သားကလေးငယ်သာ ဖြစ်သဖြင့် မြင်းပေါ်ကို ခြံစည်းရိုးပေါ်က တစ်ဆင့်တက်သည်ဟု ဆိုသည်။

"ကဲ ..သား ဆင်းဆင်း၊ လိမ့်ကျနေလိမ့်မယ်"

ကိုဖြူသီးက သူ့သားအား မြင်းပေါ်မှပွေ့ချရန် လက်ကမ်းလိုက်၏။

"ဟင့်အင်း...ကျွန်တော် တစ်အောင့်လောက် စီးနေဉီးမယ်ဖေဖေ။ မြင်းကြီးက သိပ်စီးလို့ကောင်းတာ"

"ဟာ...ဒီကောင်လေးနှယ်၊ ကြောက်ရလန့်ရမှန်းလည်း မသိဘူး။ ဆင်းလို့ပြောနေတာ မကြားဘူးလား"

မြင်းပေါ်က မဆင်းချင်သဖြင့် အတင်းတွယ်ကပ်နေသော ကျော်ဇော်ဉီးကို သူ့အမေက မာန်လိုက်သည်။

"ကျွန်တော် မြင်းဖြူကြီးတစ်ကောင် လိုချင်လိုက်တာ အမေရယ်" ဟုပြောပြီး ကျော်ဇော်ဉီးသည် သူ့အဖေကိုယ်ပေါ်သို့ ခုန်ချလိုက်၏။

"ဟော့...ဒီမြင်းက ခင်ဗျားမြင်းလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဟာ..."

သူ့အဖေ၏ ကိုယ်ပေါ်ကပင် မဆင်းသေးသော ကျော်ဇောဦးသည် အင်္ဂလိပ်မျက်နှာဖြူကြီးအား လက်ညှိုးငေါက်ငေါက်ထိုး၍ အသံစစ်တည်တည်နှင့် 'ဟေ့ဒီမြင်းက ခင်ဗျားမြင်းလား' ဟုမေးလိုက်သောအခါတွင် အင်္ဂလိပ်မျက်နှာဖြူကြီးမှာ ရုတ်တရက် ကြောင်သွားပြီး 'ဟုတ်ကဲ့' ဟုပင် ရိုရိုသေသေ ဖြေမိလိုက်သည်။ နောက် သတိရလာသော အခါတွင်တော့ ရှက်၍ 'ဟာ' ခနဲ ဖြစ်သွား၏။

"ဒီကလေးက မောင်မင်း ကလေးလား"

အင်္ဂလိပ်ကြီးက ကိုဖြူသီးကို အရှက်ပြေမေးသည်။

"ဟုတ်ပါတယ် သခင်ကြီး"

ကိုဖြူသီးမှာ သူ့သားအပြစ်လို ဖြစ်နေသဖြင့် သခင်ကြီးအား ယခင်ကထက် ဆယ်ဆလောက်ပို၍ ရိုသေကျိုးနွံစွာ ဖြေလိုက်သည်။

"ဟေ့...ကလေး"

သခင်ကြီးက ကျော်ဇောဦးကို စိတ်ဝင်စားမိသဖြင့် ခေါင်းကိုပုတ်၍ ခေါ်လိုက်၏။

"ဟာ...ခင်ဗျားကြီးကလည်း ခေါင်းကို မကိုင်ပါနဲ့ဗျ"

ရှစ်နှစ်သားအရွယ်သာရှိသော ကျော်ဇောဦးသည် သူ့ခေါင်းကို သူ့အမေအဖေတို့က အမြတ်တနိုးထားပေးသော ဦးစွန်းပုတ်ဆံပင်ကို ကိုင်ရမည်လားဟု သခင်ကြီးအား အော်ပစ်လိုက်၏။ သူ့ခေါင်းကို ပွတ်သပ်နေသော သခင်ကြီး လက်ကိုလည်း သူ့လက်နှင့် ပုတ်ချလိုက်သည်။

သခင်ကြီးမှာ တဟားဟား ရယ်နေသည်။ လူကြီးရှက်လျှင် ရယ်ဆိုသည် မဟုတ်ပါလား။

အိမ်နီးနားချင်းများကလည်း ကိုဖြူသီးတို့လို အညတရလယ်သမား လယ်မယားအိမ်သို့ သူကြီးမင်းနှင့်သခင်ကြီးတို့ မြင်းကိုယ်စီနှင့် လာလည်ကြသည်ကို အထူးအဆန်းလို ဝိုင်းဝန်းကြည့်နေကြ၏။

"ဟေ့ သား၊ သခင်ကြီးကို ဒီလို မပြောရဘူးလေ"

မဦးဖြူက သူ့သားကို လှမ်းအော်လိုက်၏။

"ပြောပါစေ၊ ကလေးပဲ၊ ဟေ့ကလေး မင်း နာမည် ဘယ်လိုခေါ်လဲကွ"

"ခင်ဗျား ဘာလုပ်မလို့လဲ"

သူ့ဦးစွန်းပုတ်ကို ကိုင်သဖြင့် သခင်ကြီးအား ကျော်ဇောဦးက ဒေါသမပြေသေးပေ။

"ဟေ့ကောင်လေး...ဒီလို မပြောရဘူးဆိုနေမှ ကဲဟာ..."

မဦးဖြူက သူ့သား၏တင်ပါးကို တစ်ချက် လှမ်းရိုက်ပစ်လိုက်၏။

"သခင်ကြီး ဘယ်လိုမှ စိတ်မရှိပါနဲ့၊ ဒီကောင်လေးက သားတစ်ယောက်တည်း ဆိုတော့ အလိုလိုက်ထားလို့ သိပ်ဆိုးတာ"

"သခင်ကြီး ဘယ်လိုမှစိတ်မရှိပါဘူး၊ ကလေးဆိုတာ ဒီလိုပဲပဲ။ ရော့ ကလေး



မုန့်ဝယ်စားဖို့"

သခင်ကြီးသည် စိတ်ကောက်နေသောကျော်ဇောဦးအား ပြေရာပြေကြောင်း သဘောဖြင့် သူ့အကျႌအိတ်ထဲမှ ငွေသားကျပ်ပြားတစ်ပြားကို ထုတ်ပေးလေသည်။

သခင်ကြီးပေးနေသော ပိုက်ဆံကို စိုက်ကြည့်၍ ကျော်ဇောဦးက မှုန်တေတေ လုပ်နေ၏။

"သား သခင်ကြီးက သားကို ချစ်လို့ပေးတာ ယူထားလိုက်လေ"

သူ့အဖေက ယူထားလိုက်ဆိုသဖြင့် ကျော်ဇောဦးသည် သခင်ကြီးပေးသော ပိုက်ဆံတစ်ကျပ်ကို လှမ်းယူလိုက်၏။

"ကဲ သားသား၊ သခင်ကြီးကို ရှိခိုးလိုက်"

ကျော်ဇောဦးသည် သခင်ကြီးအား ရှိခိုးကန်တော့လိုက်၏။

"သခင်ကြီး ဘယ်လိုမှစိတ်မဆိုးပါနဲ့နော်၊ ဒီကောင်လေးက သူ့အဖေ အလိုလိုက်လွန်းလို့ သိပ်မိုက်ရိုင်းတာ"

သခင်ကြီးက ရှက်ပြုံးပြုံး၍ ခေါင်းသိတ်ပြ၏။ သို့သော် သခင်ကြီး၏အပြုံးမှာ ကျော်ဇောဦး၏ အပြုအမူကြောင့် ခဏချင်း ပျက်ပြယ်သွားရပြန်သည်။

သူ့အမေကသူ့အား လူစိမ်းတွေရှေ့မှာ 'မိုက်ရိုင်းတယ်' ဟု ပြောရမည်လား ဆိုပြီး ကျော်ဇောဦးသည် သခင်ကြီးပေးထားသော ပိုက်ဆံတစ်ကျပ်ကို လမ်းမပေါ် ဖုန်တောထဲသို့ လွှင့်ပစ်လိုက်၏။ ဤအခါတော့ သူကြီးမင်း ဦးကျော်စံကပါ 'မိမဆုံးမ ဖမဆုံးမသား' ဟူသော သဘောဖြင့် မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ဆိုလေ ကလေ မန်းလေ ပြလေ၊ ကဲ...မိုက်ရိုင်းဦးဟဲ့၊ မိုက်ရိုင်းဦး"

မဦးဖြူက သူ့သားကျော်ဇောဦးအား တဖုန်းဖုန်းရိုက်၍ အိမ်ထဲသို့ ဆွဲခေါ်သွားလေသည်။

မတွေ့ဖူးမကြုံဖူးလောက်အောင် စိတ်ကြီး၍ ခေါင်းမာသောကလေးငယ်ကို ခိုက် ကြည့်ကာ သူကြီးမင်းနှင့်သခင်ကြီးတို့မှာ အနေရအထိုင်ရပင် ခက်လာသလို ဖြစ်နေမိကြသည်။ ထို့ကြောင့်လည်း မြင်းပေါ်သို့ လှားခနဲ ခုန်တက်လိုက်ကြပြီး ကိုဖြူသီးကို ပြန်ရန် နှုတ်ဆက်လိုက်ကြသည်။

သခင်ကြီးနှင့်သူကြီးမင်းတို့ထွက်ခွာသွားကြသောအခါ ကိုဖြူသီးမှာ သခင်ကြီးနှင့် သူကြီးမင်းတို့ကို ငေးကြည့်၍ ကျန်ရစ်သည်။

ထိုနေ့ ညနေပိုင်းတွင် ချောင်းဝရွာရှိ ကိုဖြူသီးနှင့်မဦးဖြူတို့အိမ်သို့ မင်းပြင်ရွာ သူကြီးဦးကျော်စံ တစ်ခေါက်ရောက်လာပြန်သည်။ သခင်ကြီးခေါ်သော အင်္ဂလိပ်ကြီးကတော့ ပါမလာတော့ပေ။

"ကဲ...မောင်ဖြူသီး၊ ဘယ့်နှယ်လဲကွယ့် စဉ်းစားပြီးပလား။ ခုတော့ မင်းတို့ကြောင့် ငါပါ သခင်ကြီးဆီမှာ မျက်နှာပူနေရပြီ။ မင်းတို့ တောင်ယာတောကို သခင်ကြီးက တန်ရာတန်ကြေးပေးပြီး ဝယ်တဲ့အခါ ရောင်းလိုက်မှပေါ့ကွ။ မင်းကိုသည်း တစ်သက်လုံး အလုပ်ပေးထားပါ့မယ်ဆိုတာ သခင်ကြီးက ပြောသားပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုဖြူသီးပိုင်တောင်ယာတောတွေကို သခင်ကြီးအားရောင်းရန် မင်းပြင်ရွာသူကြီး ဦးကျော်စံက ခရီးရောက်မဆိုက်ပင် ပြောလာပြန်သည်။

"အမှာမောင်ဖြူသီး...မင်း စိတ်ကူးမလွဲနဲ့နော်၊ သခင်ကြီးက ခုလိုကြည်ကြည်ဖြူဖြူနဲ့ မောင်မောင်လာခေါ်တဲ့အခါမှာ ဖျာ မထူးလိုက်လို့ နောက်တစ်ခါ အောင်ကျော် ခေါ်လာရင် မကောင်းဘူးနော်။ တကယ်လို့ မင်းတောင်ယာတောကို သခင်ကြီးက ပိုက်ဆံတစ်ပြားမှမပေးဘဲ သိမ်းယူလိုက်တယ် ဆိုရင်ကော။ မင်း ဘာတတ်နိုင်မှာလဲ။ မင်းတို့ငါတို့လို အညတရလူစားမျိုးကို မပြောနဲ့၊ မင်းတို့ ငါတို့ရဲ့ သက်ဦးဆံပိုင် ဘုရင်မင်းနဲ့တကွ တိုင်းပြည်ကြီးတစ်ခုလုံးကိုပါ သခင်ကြီးတို့လူမျိုးက သိမ်းပိုက်ထားတယ်ဆိုတာ မင်းစဉ်းစားမိရဲ့လား မောင်ဖြူသီး။ မနက်ဖြန်ခါ သခင်ကြီးကို ခေါ်ပြီး လယ်ယာမြေပုံနဲ့တကွ ငါ တစ်ခေါက်လာဦးမယ်။ မင်း အသေအချာ စဉ်းစားထား။ ကြားလား"

"ဟုတ်ကဲ့"

"ငါ ပြန်မယ်"

မင်းပြင်ရွာသူကြီး ဦးကျော်စံ ပြောသွားသည်ကို ကိုဖြူသီးတို့ ဇနီးမောင်နှံမှာ တစ်ညလုံး စဉ်းစား၍ အိပ်မပျော်ဖြစ်ခဲ့ကြသည်။

သူကြီးမင်းဦးကျော်စံ ပြောသွားသည်မှာ ဟုတ်လည်း ဟုတ်ပါ၏။ မောင်ဖြူသီးတို့မှာ အင်္ဂလိပ်မင်းဆိုလျှင် အလွန်ကြောက်ရွံ့ရှိသေရ၏။ အင်္ဂလိပ်မင်းအား ကြောက်ရွံ့ ရှိသေရသလို အင်္ဂလိပ်လူမျိုး သခင်ကြီးဆိုသူကိုလည်း ကြောက်ရွံ့ ရှိသေကြရပြန်၏။ သူတို့တောင်ယာကိုမရောင်းသဖြင့် သခင်ကြီးက သူတို့လင်မယားအား ဖမ်းလားဆီးလားလုပ်အောင် အင်္ဂလိပ်မင်းအား သံတော်ဦး သွားတင်လေ မလား။ အင်္ဂလိပ်မင်းက သူတို့တောင်ယာတောကို လာသိမ်းလေမလားနှင့် တစ်ညလုံး မအိပ်နိုင်ဖြစ်ကြရသည်။ အကယ်၍ အင်္ဂလိပ်မင်းက သူတို့လင်မယားအား ဖမ်းလားဆီးလား လုပ်လာလျှင် သူတို့ဘာတတ်နိုင်ပါမည်နည်း။ ဘာမှ မတတ်နိုင်ပါ။ ကိုဖြူသီးတို့လို အညတရ လယ်သမား ဆင်းရဲသားကို မဆိုထားနှင့် မြောက်ဦးရွှေမြို့တော်က မင်းတရားကြီးနှင့်တကွ တိုင်းပြည်ကိုပင် သခင်ကြီးတို့ အင်္ဂလိပ်လူမျိုးက သိမ်းပိုက်ထားကြပြီ မဟုတ်ပါလား။ ပြီးသခင်ကြီးအား တောင်ယာတောကို ရောင်းရန် စေ့စပ်လာပြောသူမှာလည်း အင်္ဂလိပ်မင်းများက နယ်စားပယ်စားတမျှ သူကောင်းပြုထားသော မင်းပြင်ရွာ သူကြီး ဦးကျော်စံပါတကား။ ကိုဖြူသီးတို့ဇနီးမောင်နှံမှာ သူတို့၏ ဘေးမဦးချ ဘိုးဘွားပိုင် အမွေအနှစ်ဖြစ်သော တောင်ယာတောကို တိုင်းတစ်ပါးသားဖြစ်သူ သခင်ကြီးအား ဘယ်လိုမှ မရောင်းချင်သော်လည်း နောက်တော့အကြောင်းကြောင်းတွေကို ထောက်ထား၍ ကြောက်ရွံ့စိုးရိမ်ကာ ရောင်းလိုက်ရလေသည်။ ကိုဖြူသီးမှာလည်း သခင်ကြီး၏ ရေနံ အလုပ်သမားဘဝသို့ နေ့ချင်းညချင်း ကျရောက်သွားလေတော့သည်။

❀ ❀ ❀



## |၃|

"သခင်ကြီးက တို့ထင်သလို မဆိုးပါဘူး မဦးဖြူရယ်။ စိတ်ကောင်းလည်း ရှိပါတယ်။ နင့်ကိုပါ သူ့ဆီမှာ အလုပ် လာလုပ်ပါလားတဲ့။ သူက လခပေးပါ့မယ်လို့ ဒီနေ့ ငါ့ကို ပြောလိုက်တယ်"

ရွှေတောင်ကြားရှိ သခင်ကြီးဆီမှာ ကိုဖြူသီးအလုပ်ရပြီး၍ တစ်လလောက် အကြာတွင် အလုပ်ကပြန်လာသော ကိုဖြူသီးက ဇနီးသည်မဦးဖြူအား သခင်ကြီး ပြောလိုက်သည့် အကြောင်းကို ပြန်ပြောပြ၏။

"ကျုပ်က တော်နဲ့အတူ သခင်ကြီးဆီမှာ အလုပ်လိုက်လုပ်ပြီ ထားပါတော့။ တော့်ကလေးကကော"

"ကလေးကိုလည်း ခေါ်သွားတာပေါ့ဟ။ သခင်ကြီးဆီက အလုပ်သမားတွေမှာလည်း ကလေးတွေရှိတာပဲဟာ"

"အမယ် ကျုပ်ကလေးကို ကုလားကျွန်ကလေးတွေနဲ့ အတူမထားနိုင်ပါဘူး တော်ရယ်"

သခင်ကြီးဆီ၌ အလုပ် လုပ်ကိုင်နေကြသော ကုလားအလုပ်သမားများမှာ ဘင်္ဂလား အကျွန်းမှ ငွေနှင့်ဆက်ဝယ်လာသော ကျွန်ကုလားများသာ ဖြစ်သဖြင့် သူ့သားအား ကုလားကျွန်များကလေးနှင့် မထားနိုင်ကြောင်း မဦးဖြူက ခင်ပွန်းသည်ကို ပြောလိုက်သည်။

"ဟ ငါက ကုလားကျွန်ကလေးတွေနဲ့ တို့သားကို အတူထားဖို့ ပြောတာမှ မဟုတ်တာ။ ဒီမှာ ငါ ပြောပြမယ် နင် သေသေချာချာ နားထောင်။ အလုပ်နားချိန်မှာ ထမင်းစားဖို့နဲ့ နေ့ခင်းနေ့လယ် အလုပ်နားချိန်မှာ လဲလျောင်းအပန်းဖြေဖို့ ငါ့ကို သခင်ကြီးက အိမ်ခန်းတစ်ခန်း ပေးထားတာဟ။ အိမ်ခန်းဆိုလို့ နင်က အပရိက မထင်နဲ့ဦး၊ တို့အိမ်ထက် ဆယ်ဆလောက် ကောင်းတယ်။ ပျဉ်ကာပျဉ်ခင်း အိမ်ခန်းဟ၊ အေး...နည်း နည်းကျဉ်းတာ တစ်ခုရယ်။ ဒါပေမယ့် တို့သားအမိသားအဖတွေ ကောင်းကောင်းနေနိုင်ပါတယ်၊ ကလေးကိုလည်း သူ့ဘာသာသူ ကစားနေနိုင်အောင် အဲဒီအိမ် ခန်းထဲမှာ ထားပေးမှာပေါ့။ တို့အလုပ်အားနေချိန်မှာလည်း ကိုယ့်ကလေးနဲ့ကိုယ် သခင်ကြီးပေးထားတဲ့ အိမ်ခန်းမှာနေလို့ရတာပါပဲဟာ။ ငါ သခင်ကြီးဆီမှာ အလုပ်လုပ်ရတာဟာလည်း သိဝ်သက်သာတာပါပဲ။ ငါ့ကို သခင်ကြီးက ကုလားကျွန်တွေလို သဘောမထားပါဘူး။ ဂရုစိုက်ပါတယ်"

ကိုဖြူသီးက ဇနီးသည်အား ရှည်ရှည်ဝေးဝေး ရှင်းပြ၏။

"ကျုပ်က သခင်ကြီးဆီမှာ ဘာအလုပ်လုပ်ရမှာလဲ"

"သခင်မကြီးရှေ့မှာ ရေနံလာဝယ်တဲ့လူတွေကို ရေနံချိန်ပေးရမယ်တဲ့။ ဒီအလုပ်က ကုလားမတွေနဲ့ မကိုက်ဘူး။ တချို့ကုလားမတွေက ခုမှ ကုလားပြည်က ခေါ်လာခါစဆိုတော့ ရခိုင်လို နားမလည်ဘူး။ ဒါကြောင့် သခင်ကြီးက နင့်ကို

www.burmeseclassic.com

www.burmeseclassic.com



အလုပ် လုပ်စေချင်တာ"

သခင်ကြီးဆီ၌ ကုလားယောက်ျားများကို ရေနံဆီ ကျင်းတူးရာတွင် ခိုင်းသလို ကုလားမများကိုလည်း ရေနံချိန်တွယ်ခြင်း၊ ရေနံသယ်ပို့ခြင်း၊ ရေနံဆီခပ်ခြင်း စသည်တို့နှင့် အိမ်တွင်အလျှော်အဖွပ် စသည်တို့၌ ခိုင်းစေလေသည်။

"ကျုပ်ကို လခ ဘယ်လောက်ပေးမယ် ပြောလဲ"

"နင်ကလည်း အလုပ်က မလုပ်ရသေးဘူး လခပဲ စပြောတာ"

"ပြောရတယ်တော်ရေ ပြောရတယ်။ ခုရှုပ်မှ နောင်ရှင်းဆိုတာ စကားပုံ တောင် ရှိတယ် မဟုတ်လား"

"နင်တို့ကိုပြောလိုက်ရင် အပေါက်အစပ်က များများလာတယ်၊ ဒါ့ကြောင့်မောင် ပေါက်ကျိုင်းဇာတ်ထဲမှာ ကျီးကန်းမက ကျီးကန်းဖိုကို မေးတယ်ဆိုတာ ဟုတ်မှာပဲ"

"အမယ် ကျီးကန်းမက စေ့စေ့စုံစုံမေးမိလို့သာ မောင်ပေါက်ကျိုင်းဟာ ရှင်ဘုရင်မဆီမှာ ခေါင်းဖြတ်မခံရဘဲ လွတ်သွားတာ မဟုတ်လား။ တော်က ဘာပြောချင်သေးလို့လဲ"

မဦးဖြူက ခင်ပွန်းသည်ကို အချက်ကျကျ ပြန်ခွပ်လိုက်၏။

"ဘာမှ မပြောချင်တော့ပါဘူး သခင်မဖျား"

ကိုဖြူသီးက သောလိုက်သဖြင့် နှစ်ယောက်သား ပွဲကျသွားကြပြန်သည်။

"နင်စဉ်းစားကြည့်လေ၊ ငါ့ကိုရော နင့်ကိုပါ သခင်ကြီးကအလုပ်ပေး၊ လခ ပေးထားမယ် ဆိုတော့ သခင်ကြီးကို ဘယ်လောက် ကျေးဇူးတင်စရာကောင်းလဲ။ ငါ သခင်ကြီးဆီမှာ အလုပ်လုပ်ရတာ တောင်ယာလုပ်တာနဲ့စာရင် အများကြီး သက်သာတယ်။ မင်းပြင်ရွာက သူကြီးမင်းပြောတာ ဟုတ်တာပဲ။ ငါ့ကို သခင် ကြီးက သိပ်အရေးပေးတယ်ဟ။ သူ့ဆီက ကုလားကျွန်တွေလို ငါ့ကို သဘော မထားပါဘူးဟ"

"အမယ်လေးရှင့်၊ တော်ပါတော့ တော်ပါတော့။ သခင်ကြီးဆီမှာ အလုပ်လုပ် ရတာက တစ်လဖြင့် မပြည့်သေးဘူး။ သူ့သခင်ကြီးအကြောင်း ချီးမွမ်းခန်းဖွင့် လိုက်တာ နားကိုငြီးရော။ ကျုပ်က ရှင့်သဘောတော်အတိုင်းပါပဲတဲ့ မောင်မောင် ဘုရားရယ်"

"ဒါပေါ့ဟ၊ တို့လင်မယားနှစ်ယောက်စလုံး သခင်ကြီးဆီမှာ အလုပ်လုပ် နေရင် မကြာခင်ချမ်းသာလာမှာ။ သခင်ကြီးခေါ်ပြီး မြှောက်စားထားတာဆိုလို့ ရခိုင်လူမျိုးထဲက တို့လင်မယားပဲ ရှိတယ်ဟ"

ကိုဖြူသီးပြောသည်မှာ အမှန်လည်းဖြစ်သည်။ ရခိုင်လူမျိုးထဲက သခင် ကြီးဆီ၌ အလုပ်လုပ်ရသူဆို၍ ကိုဖြူသီးတို့ဇနီးမောင်နှံ နှစ်ယောက်သာ ရှိသည်။ ကျန်အလုပ်သမားတွေမှာ ကုလားကျွန် အမျိုးသမီး အမျိုးသားများသာ ဖြစ် ကြလေသည်။

အမှန်မှာ ရခိုင်လူမျိုးများကလည်း ကိုယ့်မာနနှင့်ကိုယ် ဖြစ်၏။ မည်မျှမွဲတေ တော်ပြတ်နေစေကာမူ တိုင်းတစ်ပါးသားဆီ၌ ကျွန်မခံဟူသော မာနကလည်း ရှိ



ကြ၏။ လူဖြောင့်စိတ်တိုများ ဖြစ်သဖြင့်လည်း ကုလားကျွန်တွေလို ခိုင်းချ၍ မကောင်းပေ။ ထို့ကြောင့်လည်း ရခိုင်တိုင်းရင်းသားများကို အင်္ဂလိပ်များက နည်း ကြီးက ခေါ်မခိုင်းခြင်း ဖြစ်ပေမည်။ မြင်းမှာအနှိုင်းခွဲ၊ ကျွန်မှာကုလား၊ မယား တောသူဆိုသည် မဟုတ်ပါလား။

* * *

[ ၄ ]

ကိုဖြူသီးတို့ ဇနီးမောင်နှံမှာ သခင်ကြီးဆီ၌ အလုပ်သွားလုပ်ကြရမည် ဖြစ်သဖြင့် အရုဏ်မတက်မီကပင် ထမင်းထချက်နေကြသည်။ မဦးဖြူသည် သူတို့ ဆီက အခေါ် (ပလုံး)ခြင်းတောင်းငယ်တစ်ခုတွင် ငုက်ပျောဖက်များကို ခင်း၍ နေ့လယ်စာ ထမင်းကို ထည့်သိပ်နေသည်။ ဟင်းကိုတော့ မြေခွက်တစ်ခုတွင် ထည့်၏။ ပြီး ကိုယ်ခွဲမရှိသော သူတို့ဇနီးမောင်နှံမှာ သားငယ်ကျော်ဇောဦးအား အလုပ်ခွင်သို့ ခေါ်သွားကြရမည် ဖြစ်သဖြင့် ကလေးကစားစရာအဖြစ် သူ့အဖေက ဖွဲ့စေးကို လုပ်ပေးထားသော နွားရုပ်၊ ကျွဲရုပ်၊ မြင်းရုပ်နှင့် အဝတ်စုတ်များကို ချုပ်လုပ်ပေးထားသော ကြိုးဆွဲကစားရသည့် ရုပ်သေးရုပ် တစ်ရုပ်ကိုလည်း ခြင်းငယ်တစ်လုံးတွင် အဆင်သင့်ထည့်ထားရသည်။

နံနက်ဝေလီဝေလင်းတွင် မဦးဖြူသည် သူ့သားကျော်ဇောဦးအား ထမင်း ကြမ်းတစ်ခဲကို ကျွေး၍ အဝတ်သစ် လဲပေးသည်။ ခါတိုင်းနေ့တွေမှာ ဤကဲ့သို့ အဝတ်သစ် လဲပေးဖူးမရှိသော သူ့အား ယနေ့အဝတ်သစ် လဲပေးသောအခါ ကျော်ဇောဦးမှာ သူ့အမေအဖေတို့သည် ပွဲပြင်တစ်ခုခုသို့ သွားကြလိမ့်မည်ဟု ထင်နေသည်။ ရွာနီးချုပ်စပ် တစ်ရွာရွာရှိ ဆွေမျိုးတစ်ယောက်ယောက် အိမ်၌ ဟင်းခံရှင်ပြု၊ သာရေး၊ နာရေးကိစ္စကြီးငယ်ရှိ၍ အမေအဖေတို့ သွားကြတော့ မည်ဆိုလျှင် သူ့အား ဤသို့ပင် အဝတ်အဆင်သစ် လဲပေးတတ်သည်။ ထို့ ကြောင့် ကျော်ဇောဦးက သူ့အမေအဖေများသည် ယနေ့ပွဲပြင်တစ်ခုခုကို သာရေး နာရေး တစ်ခုခုကြောင့် တစ်ရွာတစ်ကျေးသို့ သွားကြလိမ့်မည်ဟု ထင်နေသည်။ သို့သော် သူ့အမေအဖေတို့မှာ ယခင်က ပွဲပြင်သွားသလို အဝတ်သစ်၊ အဆင် သစ်များကို လဲဝတ်ခြင်းမပြုကြသဖြင့် ကျော်ဇောဦးစိတ်ထဲက ထူးဆန်းနေသလို ထင်မိပြန်သည်။ ထို့ကြောင့်လည်း အမေအား 'မေမေ ကျွန်တော်တို့ ဘယ်သွား ကြမှာလဲ'ဟု မေးကြည့်မိ၏။

"ရွှေတောင်ကြား သခင်ကြီးဆီမှာ အလုပ်သွားလုပ်ကြမလို့ သားရယ်"ဟု သူ့အမေက ပြောသည်။

'သခင်ကြီး' ဆိုသည်ကို ကျော်ဇောဦး ကြားတော့ကြားဖူးသည်။ သူတို့ရွာထဲ မှ လူကြီးသူမများသည် သခင်ကြီးဆိုသူအကြောင်းကို မကြာမကြာ ပြောတတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ နောက်တော့ သူသတိရမိသည်။ ယခင်တစ်လလောက်က သူတို့အိမ်သို့ အဘိုးကြီးတစ်ယောက်နှင့် မြင်းစီးပြီးရောက်လာသော မျက်လုံးပြာပြာ၊ နှာခေါင်းချွန်ချွန်၊ အသားနီစပ်စပ်၊ ဆံပင်ဖြူနီကြောင်ကြားနှင့်လူကြီးကို သခင်ကြီးဟု သူတို့အရပ်မှ လူများခေါ်ကြသည်။ ယခုအခါ ထိုလူကြီးဆီမှာ အမေအဖေတို့က အလုပ် သွားလုပ်ကြမည်ဆိုပါလား။ လယ်ထွန်မှာလား၊ ပျိုးနုတ်မှာလား၊ ကောက် စိုက်မှာလား။ ဤသည်ကိုတော့ ကျော်ဇောဦးမသိ။ သို့သော် လယ်ထွန်၊ ကောက်စိုက်၊ ပျိုးနုတ်ရသောအလုပ်မှာ ဤလိုနွေရာသီကာလမှာ မလုပ်ကြမှန်းတော့ ကျော်ဇောဦးသိသည်။ သို့သော် ကျော်ဇောဦးက သူ့အမေကို ပြန်၍မမေးတော့ပေ။ မသိတာကို သူ့အမေအား ထပ်၍ ခရေစေ့တွင်းကျမေးမိလျှင် စိတ်ကောင်းနေ ချိန်တွင်တော့ အေးအေးဆေးဆေး ပြောပြပါ၏။ စိတ်တိုနေချိန်ဆိုလျှင် အမေးအမြန်း ထူသည်ဟု သူ့ခေါင်းကို ခေါက်ခနဲ အက်ခနဲ ခေါက်တတ်သည်။ ထို့ကြောင့်လည်း ကျော်ဇောဦးက နောက်ထပ် ဘာမှမမေးတော့ဘဲ သူ့အမေအဖေ နောက်ကိုသာ လိုက်လာမိသည်။

တောအထပ်ထပ် တောင်အသွယ်သွယ် ချုံနွယ်များကိုဖြတ်၍ နာရီဝက်လောက် တောလမ်းအတိုင်း လျှောက်သွားမိကြသောအခါ တောင်နှင့်မြောက်တူရူကို ဖောက်လုပ်ထားသော လမ်းကျယ်ကြီးတစ်ခုကို ပထမဦးဆုံးစတင် တွေ့ရလေသည်။ တောထဲတောင်ထဲတွင် လမ်းကျယ်ကြီးတစ်ခုကို တွေ့ရသဖြင့် ကျော်ဇောဦးက အံ့သြသွား၏။ ထို့ကြောင့် 'ဖေဖေ၊ ဒီလမ်းကျယ်ကြီးက ဘယ်ကို သွားတာလဲ'ဟု သူ့အဖေကိုမေးကြည့်၏။

"ဒီလမ်းက မင်းလမ်းလို့ခေါ်တယ် သားရယ်။ ဟိုဘက်ကိုသွားရင် ကျောက်ဖြူမြို့ဆိုတာ ရှိတယ်။ ဒီဘက်မှာတော့ အရင်တစ်ခါ အိမ်ကိုရောက် လာကြတဲ့ မင်းဦးကြီးနဲ့အဒေါ် ဆိုတာ မှတ်မိသလား"

မင်းပြင်ရွာမှာ အုန်းသီးတွေပေါသဖြင့် သူ့ဦးကြီးဆိုသူတို့အလည်လာလျှင် သူတို့ အိမ်သားတွေအတွက် အုန်းသီးတွေ ပါလာတတ်သည်။ ထို့ကြောင့် သူ့ဦးကြီးများကို ကျော်ဇောဦးက မှတ်မိနေ၏။

"ဟို အုန်းသီးတွေပါလာတတ်တဲ့ ဦးကြီးတို့လား အဖေ"

"အေး ဟုတ်တယ်"

"ဒီလမ်းအတိုင်း တောင်ဘက်ကိုသွားရင် အဲဒီ မင်းဦးကြီးတို့ရွာ မင်းပြင်ဆိုတာကို ရောက်တယ်"

ယခု ကျောက်ဖြူ–ရမ်းဗြဲ ကားလမ်း ဖြစ်၏။

"ဟော...ဟိုဥစ္စာကြီးကကောဖေဖေ ဘုန်းကြီးကျောင်းလား"

အတော် အလှမ်းဝေးသေးသော တောင်ကုန်းမြင့်တစ်ခုတွင် ကြီးမားသော အဆောက်အဦတစ်ခုကို မြင်ရသဖြင့် ကျော်ဇောဦးက လက်ညှိုးထိုးပြ၍ မေးနေပြန်သည်။

"အဲဒါ ခုဖေဖေတို့ အလုပ်လုပ်ဖို့ လာကြတဲ့ သခင်ကြီးအိမ်ပေါ့ သားရယ်"



အိမ်ဆိုသဖြင့် ကျော်ဇောဦးက အလွန်အမင်းအံ့သြသွားသည်။ ဤမျှ ကြီးကျယ် ခမ်းနားမြင့်မားသောအိမ်ကြီးကို ကျော်ဇောဦးသည် တစ်ခါမျှမမြင်ဖူးချေ။ သူတို့ ပန်းတောရွာက ဘုန်းတော်ကြီးကျောင်းထက်ပင် ကြီးကျယ် ခမ်းနားလှသည်တကား။

ထိုအချိန်၌ပင် အိမ်ကြီးဘက်မှ ထွက်လာသော နွားလှည်းသုံးစီးသည် သူတို့အနားသို့ ရောက်လာကြသည်။

"ဟိုနွားလှည်းပေါ်က မှတ်ဆိတ်ထူလပျစ် အသားမည်းမည်းနဲ့ လူတွေဟာ ကြောက်စရာကောင်းလိုက်တာ။ ဘီလူးဆိုတာများလား ဖေဖေ"

"အဲဒါ ဘီလူးမဟုတ်ဘူး ကုလားလို့ခေါ်တယ် သားရယ်"

"ကုလား"

ကျော်ဇောဦး အံ့သြသွားပြန်သည်။

"အေးဟုတ်တယ်"

သူ့အမေက ကြားဝင်ပြော၏။

"အဲဒီကုလားတွေဟာ ကျွန်တော်တို့လိုပဲ ထမင်းကို စားလား"

"ဟဲ့ ထမင်းကို မစားလို့ ဘာကိုစားရမှာလဲ"

အမေးအမြန်းထူလွန်းသော သားငယ်ကို မိခင်ဖြစ်သူက စိတ်တိုလာပုံရသည်။

"နို့...အသားက မည်းလှချည်လား၊ မီးသွေးကိုများ စားနေကြသလားမှ မသိတာ အမေရယ်"

"ဟဲ့ ဒီကောင်လေး တောက်တီးတောက်တဲ့၊ အမေးအမြန်း ထူလိုက်တာဟယ်၊ ငါ မုန်းလာပြီ"

ရေနံဆီတိုက်လာသော နွားလှည်းသုံးစီးသည် သခင်ကြီးအိမ်ဘက်မှ မင်းလမ်းမကြီးအတိုင်း ကျောက်ဖြူမြို့ဘက်သို့ တရွေ့ရွေ့ဝေးသွားလေသည်။ နွေလဖြစ်သဖြင့် နွားလှည်း၏နောက်တွင် ဖုန်တွေကလည်း တထောင်းထောင်းထ၍ ကျန်နေရစ်၏။

"အဲဒီ ကုလားဆိုတာ လူပဲနော်အမေ"

သူ့အဖေကို မေး၍ အားမရသေးသော ကျော်ဇောဦး၏ စကားမြားဦးက အမေဘက်သို့ လှည့်လာပြန်၏။

"ကုလားဆိုတာလည်း လူပဲပေါ့၊ ဒါပေမယ့် သူတို့ကကျွန်တွေ၊ နင် ဟိုသခင်ကြီးအိမ်ကို ရောက်ရင် အဲဒီကုလားကျွန် ကလေးတွေနဲ့အတူ မကစားရဘူးနော် မှတ်ထား"

ကျော်ဇောဦး ခေါင်းညိတ်၏။

"ကျွန်ဆိုတာ ဘယ်လိုဟာလဲ အမေ"

"ဟဲ့ကောင်လေး တော်စမ်းဟယ်၊ နှင့်ပါးစပ်ကို ပိတ်ထားစမ်း၊ ပြောလေ ဘဲလေ ငါ တယ်..."

www.burmeseclassic.com

www.burmeseclassic.com



အမေက မာန်လိုက်သဖြင့် ကျော်ဇော်ဦးသည် နောက်ထပ် ဘာမှ မမေးရဲတော့ပေ။ မသိ၍မေးမိသည်ကိုပင် အမေက အလကား စိတ်တိုနေသည်ဟု ကျော်ဇော်ဦးက ထင်နေမိသည်။ နောက်ထပ်မေးလျှင် သူ့အမေ၏လက်က သူ့ခေါင်းကို မချေကောန်ခေါက်တော့မှာမို့ ကျော်ဇော်ဦးသည် အသာငြိမ်နေလိုက်၏။

နောက်ထပ် ရေနံဆီတိုက်လာသော နွားလှည်းနှစ်စီးသည် သူတို့သားအမိသားအဖတွေနားကို ရောက်လာသဖြင့် လမ်းဖယ်ပေးလိုက်ရသည်။ နွားလှည်းနှစ်စီးသည် ဖုန်တထောင်းထောင်းနှင့် လမ်းကွေ့တစ်ခုထဲတွင် ပျောက်ကွယ်သွားလေသည်။

❋ ❋ ❋

| ၅ |

"မဦးဖြူ နင်တို့သားအမိ ဒီမှာခဏ နေလိုက်ကြဦးနော်။ နင် အလုပ်လုပ်ရအောင် ပါလာတယ်ဆိုတာ သခင်ကြီးကို ငါသွားပြောလိုက်ဦးမယ်"

သခင်ကြီးအိမ်ဝင်းထဲသို့ ရောက်လာကြသောအခါ ကိုဖြူသီးမှာ ဇနီးသည်နှင့် သားငယ်ကို သခင်ကြီးက သူ့အား ပေးထားသောအိမ်ခန်းတွင် ထားပစ်ခဲ့၍ သခင်ကြီး အိမ်ဘက်သို့ ထွက်သွားသည်။

အရှေ့ဘက် တောင်တန်းမြင့်ဖျားမှ တောက်ပသစ်လွင်လှသော နေရောင်ခြည်သည် သခင်ကြီးအိမ်ခေါင်မိုးပေါ်သို့ ထိုးဆင်းဖြာကျလာတော့သည်။ ခန့်ထည်မြင့်မားသော သခင်ကြီး၏ အိမ်အရိပ်ရှည်ကြီးသည်လည်း မြေပြင်တွင် ထင်းလျက် ရှိသည်။

"ဟေ့ မဦးဖြူ လာဦး၊ နင့်ကို သခင်ကြီးနဲ့ သခင်မကြီးတို့က ကြည့်ချင်လို့တဲ့၊ သားသား အဲဒီမှာ ခဏလေးနေဦးနော်"

ခင်ပွန်းသည်က လှမ်းခေါ်သဖြင့် မဦးဖြူသည် သခင်ကြီးအိမ်ဘက်သို့ ပြေးလိုက် သွားသည်။

ကျော်ဇော်ဦးမှာ အိမ်ကြီး၏ပတ်ဝန်းကျင်ကို တအံ့တသြ ငေးကြည့်၍ တစ်ယောက်တည်း ကျန်နေရစ်သည်။

သူတစ်ယောက်တည်း ကျန်နေရစ်သောနေရာမှာ ကုလားကျွန်များထားသော တဲတန်းလျား၏ လက်ဝဲအစွန်ဆုံးအခန်းတွင် ဖြစ်သည်။ တစ်ဘက်ခန်းမှ ကုလားကလေးများနှင့် ကုလားမကြီးများ၏ စကားပြောနေသံကိုလည်း ကြားနေရသည်။ သူတို့ဆီက ဘုန်းတော်ကြီးကျောင်းထက်ပင် ကြီးကျယ်ခမ်းနားသော သခင်ကြီးဆိုသူ၏ အိမ်ရှေ့မျက်နှာစာတွင် မြရောင်ပြေးနေသော မြက်ခင်းပြင်နှင့် ပန်းပင်မျိုးစုံတို့က အပွင့်ကိုယ်စီနှင့် ယိမ်းကလှုပ်ရှားနေကြသည်။ ထိုမြက်ခင်းဥယျာဉ်ဘေးနှစ်ဘက်တွင် မင်းလမ်းမသို့ထွက်သော လမ်းကျယ်ကြီး နှစ်ခုရှိ၏။



နောက်အိမ်ကြီး၏ ဘေးနှစ်ဘက်နှင့် နောက်ဘက်တို့တွင် အိမ်ပုအိမ်သေးသေးအိမ်တန်းရှည်များက လေးငါးခြောက်လုံးရှိသည်။ အမှန်မှာ ထိုအိမ်များသည် ကုလားကျွန် အလုပ်သမားများထားသော အိမ်တန်းရှည်များ၊ ရေနံလှောင်သောကိုဒေါင်များ၊ ထမင်းချက်ရုံနှင့် နွားတင်းကုပ်၊ မြင်းဇောင်းဖြစ်မှန်း ကျော်ဇော်ဦး နောက်မှ သိရသည်။

သခင်ကြီး၏ အိမ်ပတ်ဝန်းကျင်တွင် နွားလှည်းအပျက်များ၊ အကောင်းများ၊ သံစည်ပုံးကြီးများ၊ နွားနှင့်မြင်းတို့ကို ထိန်းကျောင်းနေကြသော ကုလားမများ၊ ကုလားကလေးများ၊ ကုလားကြီးများနှင့် ရှုပ်ယှက်ခတ်နေကြသည်။ ကျော်ဇော်ဦးသည် သူ့အမေအဖေတို့ ပြန်အလာကို စောင့်နေမိသည်။ သူတို့ရွာတွင် ဤကဲ့သို့ ကြည့်ရှုစရာများကို မမြင်ဖူးသဖြင့် စိတ်ထဲက ဆန်းသလိုဖြစ်နေသည်။

"သားသား ဒီအိမ်ခန်းထဲမှာ ဒီအရုပ်ကလေးတွေနဲ့ ကစားနေလိုက်နော်။ အမေ အလုပ်သွားလုပ်လိုက်ဦးမယ်။ အမေ မပြန်မချင်း ဒီအခန်းထဲက ဘယ်မှ မသွားရဘူးနော်"

အမေသည် သခင်ကြီးအိမ်ဘက်မှ တစ်ယောက်တည်းပြန်လာပြီး သူ့အား ဤအခန်းထဲမှာ ကစားနေရန် ပြောသည်။

"ဖေဖေကော မေမေ"

"နင့်အဖေ သခင်ကြီးနဲ့ တောထဲကို ရေနံခပ်ရအောင် လိုက်သွားတယ်။ အတော်ကြာတော့ ပြန်လာမှာပေါ့"

မိခင်က အရုပ်ကလေးတွေကို ထုတ်ပေး၍ ထမင်းထည့်ယူလာသော ခြင်းငယ်ကို အိမ်ခန်းထောင့် တစ်နေရာတွင် ဆွဲချိတ်နေသည်။

"သား ဒီက ဘယ်မှ ထွက်မသွားနဲ့နော်။ အတော်ကြာရင် အမေပြန်လာမယ်"

အမေက သူ့ကို စိတ်မချသလို သွားခါနီးမှာပင် ထပ်မှာနေသေး၏။ ကျော်ဇော်ဦးက သူ့အမေကို ခေါင်းညိတ်ပြလိုက်သည်။

မိခင်ထွက်သွားသောအခါ ကျော်ဇော်ဦးမှာ သူ့အမေမှာထားခဲ့သော အိမ်ခန်းထဲ၌ပင် အရုပ်ကလေးတွေနှင့် ကစား၍ ကျန်ရစ်သည်။

တစ်ဖက်ခန်းမှ ကုလားကလေးငယ်များသည် သူ့အား မမြင်ဖူးသလို လာကြည့်ကြသည်။ ကျော်ဇော်ဦးက သူတို့ကို ပြန်ကြည့်သောအခါ ကုလားကလေးများသည် ရယ်မောပြောဆို၍ ပြန်ပြေးသွားကြသည်။ ကုလားကလေးများသည် ထိုသို့ မကြာမကြာလာ၍ ကျော်ဇော်ဦးကို ချောင်းကြည့်ကြသည်။ ကုလားကလေးများကို ကျော်ဇော်ဦးသည် လုံးဝဂရုမစိုက်ဘဲ သူ့အမေပေးထားခဲ့သော အရုပ်ကလေးတွေနှင့်သာ ကစားနေလေသည်။

"အတော်ကြာရင် ပြန်လာမယ်"

ဟုပြောထားခဲ့သော်လည်း နေလုံးသာ သခင်ကြီးအိမ်ခေါင်မိုးကို ကျော်တက်သွားသည်။ အမေကား ပြန်မလာသေး။မနက်ကပင် အရုပ်ကလေးတွေနှင့် ကစားနေသော ကျော်ဇော်ဦးသည် ကြာသော် တစ်ယောက်တည်းမို့ ပျင်းရိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်ခန်းထဲမှ အပြင်သို့ ထွက်၍ ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်။

သူနှင့်ရွယ်တူ ကုလားမိန်းကလေး ယောကျ်ားလေး သုံးလေးယောက်သည် အိမ်ငယ်နှစ်လုံးကြား ဖုန်တောထဲ သစ်ပင်ရိပ်အောက်တွင် ဝိုင်းဖွဲ့ကစားနေကြသည်။ ကျော်ဇော်ဦးသည် သူတို့အနားကို မယောင်မလည်နှင့် ရောက်သွား၏။ အတူကစားကြရန် ခေါ်ပါစေဟူသော သဘောဖြင့် ကျော်ဇော်ဦးက ကုလားလေးများကို ပြုံးပြသည်။ ကုလားလေးတွေက သူ့ကိုဝိုင်းရယ်ကြသည်။ နောက် သူတို့ပြောရယ်နေကြသော စကားများကိုလည်း လုံးဝ နားမလည်သောအခါ ကျော်ဇော်ဦးသည် ရှက်ရှက်နှင့် သူတို့အနားက ထွက်လာသည်။ သခင်ကြီးအိမ်ရှေ့သို့ ရောက်သောအခါ ရေနံလာဝယ်ကြသည်ဟု ထင်ရသော မိမိတို့၏ တိုင်းရင်းသားလူမျိုးများကို တစ်ယောက်စ နှစ်ယောက်စ တွေ့ရသဲဖြင့် ဝမ်းသာသွားသည်။ အချို့တိုင်းရင်းသား ရခိုင်လူမျိုးများမှာ ဝေးဝေးလံလံအရပ်မှ ရေနံဆီလာဝယ်ကြပုံရသည်။ သူတို့တွင် အထမ်းအပိုးတွေနှင့် သံစည်ပုံးကြီးများ ပါလာကြသည်။ အချို့က အမျိုးသမီးတွေခေါင်းပေါ်တွင် လေးထောင့် သံစည်ပုံးတွေ ရွက်၍ နို့ဆီဗူးကလေးငယ်များနှင့် သုံးနှစ်လေးနှစ်ကလေးငယ်များကို ချီပိုးလာကြသည်လည်း တွေ့ရသည်။ တချို့က ရေနံဆီထမ်းကိုချ၍ အိမ်ရှေ့ ထင်းရှူးပင်ကြီးအောက်တွင် နားနေကြလေသည်။ ထိုလူအုပ်ထဲတွင် အမေအဖေတို့ကို တွေ့လိုတွေ့ငြား သူက ရှာကြည့်မိ၏။ လူအုပ်ထဲတွင် အမေအဖေတို့ကို မမြင်ရသဖြင့် အားငယ်သွားပြန်သည်။ သို့သော် တစ်မနက်လုံး ကိုယ့်လူမျိုးများဆို၍ တစ်ယောက်မှ မမြင်ရသည်နှင့်စာလျှင် ယခုကိုယ့်လူမျိုးတွေကို မြင်တွေ့နေရသဖြင့် သူ့စိတ်ထဲက အနည်းငယ် လန်းဆန်းသွားသည်။

သူ့အမေသည် သခင်ကြီးအိမ်ပေါ်၌ ရှိလိမ့်မည်ထင်သဖြင့် ကျော်ဇော်ဦးသည် သခင်ကြီးအိမ်ပေါ်သို့ တက်သွား၏။ သူ့စိတ်ထဲမှာ အဆန်းချည်း မြင်တွေ့နေရ၏။ လှေကားကြီးတွေကလည်း နှစ်ဖက်သုံးဖက်တပ်ထား၏။ အိမ်ရှေ့၌ လူသုံးလေးယောက် ရှောင်ဖယ်သွားနိုင်သော လှေကားကြီးနှစ်ခုရှိသည်။ အိမ်ကြီး၏ကြမ်းခင်းပြင်မှာ အရောင် တဖိတ်ဖိတ်တောက်နေ၏။ ဂုက်ရုပ်၊ ခြင်္သေ့ရုပ်၊ ပန်းပွင့်ပန်းဖူးလေးတွေပါသော ရောင်စုံကော်ဇောကြီးများကို ခင်းထားလိုက်သည်မှာလည်း နင်းရက်စရာပင်မရှိ။ နောက် ဗီရိုကြီးနှင့် စားပွဲကုလားထိုင်တွေမှာလည်း အဆင်အမျိုးမျိုး၊ ပုံအမျိုးမျိုးနှင့် ခန်းလုံး ပြည့်နေကြသည်။ နောက် နာရီကြီးတစ်လုံးကလည်း ဒက်ဒက် ဒက်ဒက် မြည်နေ၏။ ဤလိုနာရီကြီးကို ကျော်ဇော်ဦးသည် ဘုန်းကြီးကျောင်း၌သာ မြင်ဖူး၏။

တိုင်လုံးကြီးတွေတစ်လျှောက်တွင် အရုပ်ကားတွေ ဆွဲချိတ်ထားသည်ကိုလည်း တွေ့ရသည်။ အပြင်ခန်းတွင် လူဆို၍တစ်ယောက်တလေမျှ မတွေ့ရ။ နောက်ဘက်အခန်းထဲကတော့ လူသံလိုလိုကြားရ၏။ သို့သော် အိမ်ကြီးအောက် ဘေးပတ်လည်ကျင်မှ ကုလားလေးများ၏ အော်ဟစ်ကစားနေကြသံနှင့် ရှာနီးချုပ်စပ် တစ်ဝိုက်



ရေနံလာ ဝယ်ကြသော တိုင်းရင်းသားလူမျိုးများ၏ စကားပြောနေ ကြသံတို့ကြောင့် အတွင်းခန်းထဲက လူသံဟုထင်ရသောအသံကို ခပ်သဲ့သဲ့သာ ကြားရသည်။ ကျော်ဇော်ဦးသည် မဝံ့မရဲနှင့် အိမ်ကြီးပေါ်တွင် လျှောက်ကြည့်နေသည်။ တဖိတ်ဖိတ် အရောင်တောက်နေသော ကြမ်းခင်းပျဉ်ပြားပေါ်တွင် သူလျှောက်သွားထားသဖြင့် ခြေရာတွေ ရုပ်ယှက်ခတ်နေသည်။ သူ့ခြေရာတွေမှာ တစ်လှမ်းချင်း လှမ်းသွားထားသဖြင့် ကြည့်ကောင်းသလိုပင်။

နောက်ဘက်အတွင်းခန်းထဲမှ လူတစ်ယောက် ထွက်ပြေးလာသော ခြေသံတစ်ခုကိုကြားလိုက်ရသဖြင့် ကျော်ဇော်ဦး ဖျတ်ခနဲ လှည့်ကြည့်လိုက်အခါ ရုတ်တရက်ဖြစ်သဖြင့် သူက လန့်၍ပင်သွားမိသည်။ အသားမှာ ဖြူဖြူဖွေး၊ ဖျော့လုံးကလေးတွေလည်း ပြာတာတာ၊ ဆံပင်မှာလည်း ရွှေဝါရောင်တလက်လက် ပြောနေသော ရွယ်တူမိန်းကလေး တစ်ယောက်သည် သူ့အားအံ့ဩသလို စိုက်ကြည့်နေသည်။ သူ့လက်ထဲတွင် တုတ်တို တစ်ချောင်းပါလာ၏။ သူ့နောက်ကို တစ်ကိုယ်လုံး ဖြူဖွေးနေသော ခွေးပုလေး တစ်ကောင်ကလည်း သံကြိုးတန်းလန်းနှင့် ပြေးလိုက်လာ၏။ လျှပ်တစ်ပြက်တွင် တစ်ယောက်မျက်နှာကိုတစ်ယောက် ငေးကြည့်၍ ကြောင်နေကြသည်။

"အိုး...မိုင်ဂေါ့"

အဖြူမလေးသည် ကျော်ဇော်ဦး လျှောက်သွားထားသော ကြမ်းခင်းပြင်က ခြေရာကို မြင်ရသောအခါ အထိတ်တလန့် အသံထွက်သွားသည်။ ကျော်ဇော်ဦးသည် အဖြူမလေး၏ အော်လိုက်သံကြောင့် ဖျန်းခနဲ ကြက်သီး ထသွားလေ၏။ ခေါင်းနားပန်းကြီးပြီး တစ်ကိုယ်လုံးလည်း ထုံပူသွားသည်။ ဤလိုလှပ၍ ချစ်စရာကောင်းသော မိန်းကလေးကို သူတစ်ခါမျှ မမြင်ဖူးမတွေ့ဖူးပေ။ ထို့ကြောင့်လည်း အဖြူမလေးကိုတွေ့စက သူ့အမေပြောပြဖူးသော ပုံပြင်ထဲ၌ ငွေတောင်ပြည်က နတ်သမီး ဆိုတာများလားဟုပင် ထင်မိသည်။ ထို့ကြောင့် ကြက်သီးမွေးညင်းပင် ထောင်ထသွားခြင်းဖြစ်၏။

"ဟေ့ကောင်၊ နင် ခုအိမ်ပေါ်ကဆင်းသွား။ နင်တို့လူမျိုးတွေ ကိုအိမ်ပေါ်မတက်ရဘူးဆိုတာ မသိဘူးလား။ ဒီမှာကြည့်စမ်း ခြေရာတွေ၊ ဖိနပ်လည်း မပါဘဲနဲ့၊ သွား...သွား"

သူနှင့် ရွယ်တူလောက်သာရှိသော အဖြူမလေးက သူ့ကို အော်ငေါက်လိုက်သည်။ ပြီး ကြမ်းခင်းပြင်က ခြေရာတွေကိုကြည့်၍လည်း ဖျစ်တောက်ဖျစ်တောက်လုပ်နေပြန်သည်။ ဆံပင်ကအစ တစ်ကိုယ်လုံး ဆင်စွယ်နှစ်လို ဖြူဖွေးဝင်းလက်နေသော ဤလိုလှပသည့် ကလေးမမျိုးကို တစ်ခါမျှ မမြင်ဖူးသော ကျော်ဇော်ဦးမှာ ထိုသူငယ်မကို စိုက်ကြည့်၍သာ ကြောင်ငေးနေတုန်း ဖြစ်၏။

"ဟေ့...ငါပြောနေတာ မကြားဘူးလား၊ ငါရိုက်လိုက်ရမလား"

အဖြူမလေးသည် သူ့အနားသို့ တစ်လှမ်းချင်း တိုးလျှောက်လာသည်။ ပြီး လက်တွင် ကိုင်ထားသော ခွေးရိုက်သည့် တုတ်တိုနှင့်လည်း သူ့ကို ချိန်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



ထား၏။ ခွေးဖြူဖြူကလေးကလည်း သူ့ကိုကြည့်၍ တဝုတ်ဝုတ် ဟောင်နေပြန်သည်။

"ဒီခွေးဖြူလေးဟာ ဒီဟာမလေးက ပေါက်တာလားမသိ။ ခွေးနဲ့လူက အဖြူချင်း အတူတူလိုပါကလား'ဟုတွေး၍ ကျော်ဇောဦးသည် အိမ်ပေါ်က ပြေးဆင်းလာသည်။ ခွေးဖြူဖြူနှင့် ကောင်မလေးဖြူဖြူတို့သည် အိမ်ကြီးပေါ်တွင် ဆော့ပြေးကစား၍ ကျန်နေရစ်ကြသည်။

"ဟေ့သား...ဘယ်ကို သွားနေတာလဲ"

သူ အရုပ်ကလေးတွေနှင့် မနက်က ကစားနေခဲ့သော အိမ်ခန်းနားသို့ပြန်ရောက်လာသောအခါ သူ့အမေ ပြန်ရောက်နေသည်ကို တွေ့ရသည်။ အမေ၏ အင်္ကျီစလုံချည်စတွင် ရေနံဆီတွေက ပေကျံနေသည်။

"ကျွန်တော် ဟိုအိမ်ကြီးပေါ်ကို တက်ကြည့်နေတာအမေရယ်"

"အလို...မြတ်စွာဘုရား၊ နင်က သခင်ကြီးအိမ်ပေါ်ကို တက်ကြည့်တယ်"

"ဟုတ်တယ်"

"အမယ်လေး...သခင်ကြီးနဲ့သခင်မကြီးသာ တွေ့သွားရင် ဒုက္ခ...ဒုက္ခ။ အဲဒီအိမ်ကြီးပေါ်ကို သူတို့ကမခေါ်ဘဲ နင်တို့ ငါတို့က တက်ရတာ မဟုတ်ဘူးဟဲ့"

သူ့အမေ၏ အထိတ်တလန့် ဖြစ်နေပုံကိုကြည့်၍ ကျော်ဇောဦးမှာ အံ့အားသင့်နေသည်။

"အဲဒီအိမ်ကြီးပေါ်မှာ အဖြူမလေးတစ်ယောက်နဲ့ ခွေးဖြူလေးတစ်ကောင်လည်း တွေ့ခဲ့တယ်အမေရယ်။ သူတို့ရုပ်ကလေးတွေက သိပ်ချစ်စရာကောင်းတာ"

"ဟယ်...နင့်ကို သခင်မလေးတွေ့သွားတယ်"

"ဟုတ်တယ်၊ အဲဒီအဖြူမလေးက ကျွန်တော့်ကို အိမ်ပေါ်ကနှင်ချတယ်။ သူက သိပ်ကြီးကျယ်တာ"

သူ့အမေမှာ ပို၍ အံ့အားသင့်သွားရပြန်သည်။

သူသခင်မကြီးနှင့် ရေနံဆီဆိုင်တွင် ရေနံဆီရောင်းနေချိန်၌ သူ့သားကျော်ဇောဦးသည် သခင်ကြီးအိမ်ပေါ် တက်ကြည့်၍ သခင်မလေးက မောင်းချလိုက်သည်ဆို၏။ ထိုအချိန်၌ သခင်ကြီး၊ သခင်မကြီးတို့က အိမ်ပေါ်တွင်မရှိ၍သာ တော်ပါသေး၏ ဟုတွေးပြီး မဦးဖြူက သူ့သားကိုကြည့်ကာ သက်ပြင်းတစ်ချက်ချမိသည်။ သခင်ကြီး၊ သခင်မကြီးတို့ကမခေါ်ဘဲ အိမ်ကြီးပေါ်ကို မည်သူမျှတက်ရသည်မဟုတ်။ ခေါ်၍ တက်သွားရလျှင်လည်း ဖိနပ်ချွတ်၍သာ နေရလေသည်။ ထိုအိမ်ကြီးပေါ်ကို ယခု သူ့သားကတက်ကြည့်၍ သခင်မလေးက မောင်းချလိုက်သည်ဟု ဆိုသောအခါ မဦးဖြူမှာ မအံ့သြဘဲ အဘယ်မှာ နေနိုင်ပါမည်နည်း။

အတော်ကလေးကြာသောအခါ သခင်ကြီးနှင့် တောထဲသို့ ရေနံဆီခပ်ရန် လိုက်ပါသွားသော ကိုဖြူသီး ပြန်ရောက်လာသည်။ မဦးဖြူက သားသည် အိမ်ကြီးပေါ် တက်ကြည့်သည့်အကြောင်းကို ခင်ပွန်းသည်အား တိုင်ပြော၏။

"သား အဲဒီအိမ်ကြီးပေါ်ကို နောက်မတက်နဲ့နော်၊ သခင်ကြီးတွေ့သွားရင်



သား သားကို ရိုက်လိမ့်မယ်"

"ဘာဖြစ်လို့လဲ ဖေဖေ..."

"သူတို့အိမ်ကြီးပေါ်ကို သူတို့ကမခေါ်ဘဲ ဘယ်သူမှ မတက်ရဘူး"

"ဒီလိုဆို အဲဒီအဖြူကောင်ကြီး ကျွန်တော်တို့အိမ်..."

"ဟေ့သား...ဒီလိုမပြောရဘူး၊ သူတို့က အင်္ဂလိပ်မျက်နှာဖြူသခင်မျိုးတွေသားရယ်။ အဖြူကောင်ကြီးလို့ မပြောရဘူးနော်။ သခင်ကြီး သခင်မကြီးလို့ခေါ်ရတယ်။ ဟိုအိမ်ပေါ်မှာ သားတွေ့ခဲ့တဲ့ မိန်းကလေးကိုလည်း သခင်မလေးလို့ခေါ်ရတယ်နော်။ သူတို့က မင်းမျိုး၊ သခင်မျိုး၊ သူဌေးသူကြွယ်တွေ၊ ရိုသေရတယ် ကြားလား"

သူ့အဖေက ပြောပြနေသည်ကို ကျော်ဇောဦးမှာ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်၍ ခေါင်းတဆတ်ဆတ် ညိတ်ပြနေသည်။

နေ့လယ်စာ ထမင်းစားပြီးကြသောအခါ သူ့အမေအဖေတို့မှာ အိမ်ခန်းထဲ၌ လဲလျောင်း အပန်းဖြေနေကြသည်။ အတော်ကလေးကြာသောအခါ 'သခင်ကြီးက ခေါ်တယ်'ဟု ကုလားတစ်ယောက်က လာပြောပြီး ပြန်သွားသည်။

"သား ဒီအိမ်ခန်းထဲက အမေတို့မလာမချင်း ဘယ်မှမသွားရဘူးနော်။ ဟိုအိမ်ကြီးပေါ်ကိုလည်း ယောင်လို့မှ မကြည့်ရဘူး။ ဘယ်လူက ဘာလာမေးမေး စကား ပြန်မပြောရဘူး၊ ကြားလား။ ဟိုကုလားလေးတွေနဲ့လည်း သွားမကစားနဲ့"

မိခင်လုပ်သူက သူ့သားကို စိတ်မချသဖြင့် အလုပ်သွားခါနီးမှာပင် ထပ်ဘလဲလဲ မှာထားခဲ့သေး၏။

"အမေတို့လည်း စောစောပြန်လာရမယ်နော် အမေနော်"

"အေး...အေး"

သူ့အမေအဖေတို့ အလုပ်ထွက်သွားကြသောအခါ ကျော်ဇောဦးမှာ သူ့အမေအဖေတို့ မှာထားခဲ့သလိုပင် အိမ်ခန်းထဲ၌ အရုပ်ကလေးတွေနှင့် ကစား၍ ကျန်ရစ်သည်။

နေအတော်စောင်းသွားပြီဖြစ်သည်။ နေ့ခင်းက မြေပြင်တွင် ပြန့်ကြဲနေကြသော နေပြောက်များကိုပင် မမြင်ရတော့ပေ။

ကျော်ဇောဦးသည် သူ့မိဘနှစ်ပါးမှာထားခဲ့သလိုပင် အိမ်ခန်းထဲ၌ ကစားနေ၏။

တချွင်ချွင်မြည်နေသော ခြူခလောက်သံတစ်ခုကို ကြားသဖြင့် ကျော်ဇောဦးသည် အိမ်ရှေ့သို့လှမ်းကဲကြည့်လိုက်၏။ လားလား၊ သူမနက်ပိုင်းက အိမ်ကြီးတွင် တွေ့ခဲ့ရသော အဖြူမလေးသည် ခွေးဖြူလေးကိုဆွဲ၍ အိမ်ရှေ့မြက်ခင်းပြင်ဘက်မှ လျှောက်လာနေသည်။

အဖြူမလေးသည် အရုပ်ကလေးတွေနှင့် ကြိုးဆွဲကစားနေသော သူ့ကို မြင်ရသောအခါ အံ့အားသင့်၍ ခြေလှမ်းတွေတုံ့သွား၏။ မျက်လုံးပြာပြာကိုဝင့်

www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုဘ်ခတ်လုပ်၍ မယုံသင်္ကာသလို သူ့ကို စိုက်ကြည့်နေသည်။ သူမသည် နေသိုချမ်း၍ အိမ်ရှေ့သို့ အပန်းဖြေလမ်းလျှောက် ထွက်လာပုံရသည်။

ကျော်ဇောဦးသည် အဖြူမလေးကို မသိကျိုးကျွံပြုကာ ကြိုးဆွဲအရုပ်ကိုသာ က,ကစားနေ၏။ အဖြူမလေးသည် ခွေးဖြူလေးကိုဆွဲ၍ သူ့အနားသို့ ရောက်လာသည်။ ကျော်ဇောဦး က,ကစားနေသော ရုပ်သေးရုပ်၏ ဦးခေါင်းလှုပ်ပုံ၊ လက်လှုပ်ပုံတို့ကိုလည်း သေသေချာချာစိုက်ကြည့်၍ အံ့သြနေသည်။ ပြီး အဖြူမလေးသည် ကျော်ဇောဦးအနားကို ပို၍ တိုးကပ်လာ၏။

"အရုပ်ကလေးတွေက ချစ်စရာလေးပဲ"

အဖြူမလေးက သူ့ဘာသာသူပြောသလို ရေရွတ်လိုက်၏။ ကျော်ဇောဦးသည် အဖြူမလေးကို မျက်မွေးထော်၍ပင် မော်မကြည့်။ သူ့အရုပ်ကလေးတွေကိုသာ က,ကစားနေလေ၏။ ခွေးဖြူလေးက သူ့အရုပ်ကို လာနမ်း၏။ ကျော်ဇောဦးသည် ခွေးဖြူလေး၏မျက်နှာကို လက်ပါးစောင်းနှင့် တစ်ချက်ရိုက်ပစ်လိုက်သည်။ ခွေးဖြူလေးက ဂိန်ခနဲ တစ်ချက်အော်ပြီး နောက်ဆုတ်သွား၏။ 'ကောင်းတယ် ရိုက်ပါစေ၊ နင်က သူ့အရုပ်ကို သွားနမ်းတာကိုး' အဖြူမလေးက သူ့ခွေးကို မာန်သလိုပြော၏။ ကျော်ဇောဦးကိုလည်း ပြုံးပြသည်။ သူ့ခွေးကို ရိုက်ရမည်လားဟု အဖြူမလေးက အပြစ်မဆို။

"ဒီအရုပ်ကလေးတွေ နင် ဘယ်ကရလဲဟင်"

ကျော်ဇောဦးက ဘာမျှပြန်မပြော။ အဖြူမလေး၏ မျက်နှာကိုတော့ ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်၏။ အဖြူမလေး၏မျက်နှာသည် ပကတိကြည်လင်နေ၏။ သူ့အိမ်ပေါ်မှာ မနက်ကတွေ့ခဲ့ရသလို တင်းမာခြင်း အလျဉ်းမရှိ။ သူမ၏ ပြာနေသောမျက်လုံးအစုံက အသိဖွဲ့ဟန်ကို ပြနေသည်။

"ဟေ့...ဒီအရုပ်ကလေးတွေ နင့်ကို ဘယ်သူ လုပ်ပေးတာလဲဟင်"

ချိုသာလွန်းသော အဖြူမလေး၏အသံက ပေါ်လာပြန်သည်။ သူမျက်နှာတစ်ပြင်လုံးမှာ အပြုံးတို့ဖြင့် ကြည်လင်ဝင်းပနေသည်။ ကျော်ဇောဦးက သူ့အမေးကို ဘာမျှ ပြန်မပြော။ အဖြူမလေးက သူ့အား ရခိုင်လိုနားမလည်ဟု ထင်၍လားမသိ။ အင်္ဂလိပ်လို မေးနေပြန်သည်။ ဒါလည်း ကျော်ဇောဦးက ဘာမျှပြန်မပြော။ အဖြူမလေးသည် တော်တော်စိတ်ရှုပ်သွားပုံရ၏။ 'ဟင်း' ခနဲ သက်ပြင်းတစ်ချက်ကိုမှုတ်ထုတ်လိုက်သည်။ ပြီး ကျော်ဇောဦး၏မျက်နှာကို အသိရခက်သလိုကြည့်ကာ ကျော်ဇောဦးရှေ့မှာ ခပ်ယိုယိုထိုင်ချလိုက်သည်။

"နင် စကားမတတ်ဘူးလားဟင်"

ကျော်ဇောဦးကို အဖြူမလေးက ရခိုင်အမျိုးသားလေးဟု အတပ်သိသဖြင့် ရခိုင်လိုပင် ထပ်မေးနေပြန်သည်။ ကျော်ဇောဦးကလည်း အဖြူမလေးမေးနေသည်ကို လုံးဝ ဂရုမစိုက်ဘဲ ကြိုးဆွဲရုပ်ကလေးကိုသာ က,ကစားနေ၏။

"နင်က အ,အလေးများလားကွယ်"

အဖြူမလေး၏အသံမှာ ကရုဏာနှင့်အောက်ကျို့ချော့မော့နေသလိုပင်။ စကားမပြောတတ်သော ကလေးယော်ဟု ထင်သဖြင့်လည်း ပို၍ သနားသွားပုံရသည်။

"နင်က အ,အလေးများလားကွယ်"

ဟု အဖြူမလေးက ပြောသည်ကို ကျော်ဇောဦးက ဒေါပွသွားသည်။ သူ့ကို သက်သက်နှိပ်ကွပ်လိုသဖြင့်သာ နှိမ်ပြောခြင်းဟု ထင်သည်။ ထို့ကြောင့် အဖြူမလေးကို ဒေါသနှင့် မျက်မှောင်တစ်ချက်ကြုတ်ကာ ကြည့်လိုက်၏။

"ဟေး ငါ မေးနေတာ နင်မကြားဖူးလားဟင်။ နင်က နားပင်းလေးများလား"

"ငါက ဘာလို့ ပင်းရမှာလဲ"

ကျော်ဇောဦး၏အသံမှာ သည်းမခံနိုင်တော့သဖြင့် ဒေါသနှင့် ဟိန်းထွက်လာသည်။ ရုတ်တရက်မို့ အဖြူမကလေးက လန့်သွား၏။ ထို့ကြောင့်ပင် နောက်သို့ အနည်းငယ် ပြန်ဆုတ်သွား၏ဟု ထင်သည်။

"နင်က ငါမေးနေတာ ပြန်မပြောလို့ပါ။ ဆောရီးပဲနော်"

အဖြူမလေးက ကျော်ဇောဦးကို တောင်းပန်နေ၏။ သို့သော် ဆောရီး ဆိုသည်ကိုလည်း ကျော်ဇောဦးက နားမလည်။

"နင်က ငါ့ကို ဘာလို့ စကားပြန်မပြောတာလဲဟင်"

"အမေတို့က ဘယ်သူနဲ့မှ စကားမပြောရဘူးတဲ့"

"သြော်...သြ"

အဖြူမလေး အံ့သြသွားသည်။

"ဒီအရုပ်ကလေး တစ်ရုပ်လောက် ငါ့ကို ပေးပါလားဟယ်"

"မပေးနိုင်ပါဘူး"

အိမ်ပေါ်က သူ့အား နင်ချရပါမည်လားဟူသော အငြိုးနှင့် ကျော်ဇောဦးက အဖြူမလေးတောင်းသည်ကို ငြင်းပယ်လိုက်၏။

အဖြူမလေးသည် ဝမ်းနည်းသွားပုံရလေသည်။ ကျော်ဇောဦး၏ မျက်နှာကိုသည်း အသိရခက်သလို မျက်လုံးတစ်ချက် ဝင့်ကြည့်လိုက်၏။

အဖြူမလေးသည် ဖြန်းဆို ထပြန်သွားသည်။ ရုတ်တရက်မို့ ကျော်ဇောဦးပင် ခြောင်သွားသည်။ အရုပ်တောင်းမရသဖြင့် စိတ်ဆိုးသွားသည်ဟု ထင်သည်။

အတော်ကလေးကြာသောအခါ အဖြူမလေးသည် သူ့ဆီသို့ တစ်ခေါက်ပြန်လာပြန်၏။ ဤတစ်ခါ သူ့ခွေးဖြူလေးတော့ ပါမလာတော့ပေ။ သူ့လက်ထဲတွင် အထုပ် တစ်ထုပ်လည်း ကိုင်၍ ပါလာသည်။

အဖြူမလေးက အရုပ်ကို တောင်းမရသဖြင့် သူ့ကိုရိုက်ရန် တုတ်သွားယူသလားဟုပင် ကျော်ဇောဦးက ထင်မိသည်။ သို့သော် အဖြူမလေးကို ကျော်ဇောဦး ကြောက်။ သူ တုတ်နှင့်ရိုက်မည်ကြံလျှင် သူ့တွင်ရှိသော ရွှံ့ရုပ်တွေနှင့် အဖြူမလေးကို ပစ်ပေါက်မည်။ သူ့ရွှံ့ရုပ်တွေမှာ အခြောက်လှမ်းထားသော အရုပ်ကလေးတွေ မို့ ခေါင်းကိုထိလျှင် ကွဲသွားနိုင်သည်။

အဖြူမလေးက အိမ်ခန်းထဲသို့ တက်လာသည်။ အဖြူမလေးက ရန်ရှာလာလျှင် ပြန်၍ခံသတ်နိုင်ရန် ကျော်ဇောဦးက အဖြူမလေး၏အရိပ်အခြေကို အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။

အဖြူမလေးသည် သူ့အနားတွင် လာထိုင်ပြန်၏။ သူ့လက်ထဲက အထုပ်ကို ဖြေချလိုက်သောအခါ ပြိုးပြိုးပြောင်ပြောင်နှင့် အရောင်တဖိတ်ဖိတ် တောက်နေသော ဖန်ရုပ်ကြွေရုပ်များသည် ကြမ်းခင်းပြင်သို့ သွန်ကျလာသည်။နောက်စက္ကူနှင့် လေးထောင့်ထုပ်ထားသော အထုပ်နှစ်ထုပ်လည်း ပါသေး၏။ ဤလိုလှပသော အရုပ်ကလေးတွေကို တစ်ခါမှ မမြင်ဖူးသော ကျော်ဇော်ဦးမှာ အဖြူမလေး၏ အရုပ်ကလေးများကိုပင် မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

"ငါ့အရုပ်နဲ့ နင့်အရုပ် လဲရအောင်"

"ဟင့်အင်း မလဲပါဘူး"

အဖြူမလေးက ကျော်ဇော်ဦးကို အလွန်အမင်း အံ့အားသင့်သွားပြန်သည်။ အလကားပေး၍ မရသော်လည်း သူ့အရုပ်တွေနှင့်လဲလျှင်တော့ ရလိမ့်မည်ဟု ကိန်းသေတွက်လာသော အဖြူမလေးမှာ ကျော်ဇော်ဦး၏စကားကို ကြားရသောအခါ မယုံသကာဖြစ်သွားသလိုပင်။ 'နင် စိတ်မှကောင်းရဲ့လားဟယ်' ဟူသော သဘောဖြင့်လည်း ကျော်ဇော်ဦး၏မျက်နှာကို စူးစမ်းသောအကြည့်ဖြင့် မျက်ခွံပင့်၍ ကြောင်ကြည့်နေသည်။

အမှန်မှာ ကျော်ဇော်ဦးသည် အဖြူမလေး၏ အရောင် တဖိတ်ဖိတ်တောက်နေသော ကြွေရုပ်ဖန်ရုပ်ကလေးများကို မလိုချင်၍ ငြင်းလိုက်ခြင်းမဟုတ်။ အလွန်ပင်လိုချင်လှ၏။ ကျော်ဇော်ဦး၏အရုပ်နှင့် အဖြူမလေး၏အရုပ်မှာ မြနှင့်ချက်ကျောက်လို တန်းဖိုးချင်းက ကွာလှ၏။ ဤသည်ကိုလည်း ကျော်ဇော်ဦးသိ၏။ သို့သော် အဖြူမလေးနှင့် အရုပ်ချင်းလဲ၍ အကျွမ်းတဝင် ရောနှော ကစားနေသည်ကို သူ့အမေသိသွားပါက သူ့ကိုရိုက်မှာ စိုးကြောက်နေသည်။ ထို့ကြောင့်လည်း ကျော်ဇော်ဦးက အဖြူမလေး၏ ကြွေရုပ် ဖန်ရုပ်နှင့် သူ၏အဝတ်စုတ်ရုပ် ရွှံ့ရုပ်တို့ကို မလဲခြင်းဖြစ်သည်။

"လဲရအောင်ပါဟယ် နင်ကလဲ"

အဖြူမလေးက သူ့အား အရုပ်ချင်းလဲကြရန်ကိုသာ တွင်တွင်ပြောနေသည်။

"အို မလဲပါဘူးဆိုနေမှ"

"နင် အရုပ်တစ်ရုပ်ကို ငါ့အရုပ် သုံးလေးရုပ် ပေးမယ်လေဟာ"

အဖြူမလေးက တစ်ဆင့်တက်လာပြန်၏။

အရုပ်ချင်း လဲလှယ်နေကြသော အဖြူမလေးနှင့် ကျော်ဇော်ဦးတို့အနားသို့ ကုလားလေးတွေကလည်း ဝိုင်းလာကြည့်ကြသည်။ သူတို့နှင့် ဤကဲ့သို့ ရောရော နှောနှော တစ်ခါမှ မနေဖူးသော သူတို့၏သခင်မလေးသည် ယခုအခါ ဘယ်ရွာကမှန်းမသိသော ကလေးနှင့် အရုပ်ချင်းလဲနေကြသည်ကို မြင်ရသောအခါ ကုလားလေးတွေမှာ သူတို့၏သခင်မလေးအား အံ့သြသွားကြပုံရသည်။

"နင့်အရုပ်တွေ ပါတာအကုန်ပေးလည်း ငါက မလဲသေးဘူးမှတ်"

ကျော်ဇော်ဦးကလည်း မလဲချင်ကြောင်းကိုသာ တွင်တွင်ပြော၍ ငြင်းနေ၏။



"ဘာဖြစ်လို့လဲဟင်၊ ငါ့အရုပ်တွေကို နင်မလိုချင်လို့လား။ အရုပ် မလိုချင်ရင် ဒီက မုန့်ထုပ်တွေနဲ့ နင့်အရုပ်နဲ့ လဲရအောင်"

အဖြူမလေးက မုန့်ထုပ်နှစ်ထုပ်ကို ကျော်ဇော်ဦးအား ဖြေပြ၍ ပြောနေပြန်၏။

"မလဲပါဘူး"

"နင်က ဒီလိုမုန့်မျိုး စားဖူးလို့လား"

"မစားဖူးဘူး"

ကျော်ဇော်ဦးမှာ ကျေးတောရွာသားဖြစ်သဖြင့် ဤလိုမြို့က စက်လုပ်မုန့်မျိုးကို တကယ်ပင် မစားဖူးပေ။ ထို့ကြောင့်လည်း သူက မစားဖူးကြောင်း မှန်ကန်သည့်အတိုင်း ဖွင့်ပြောလိုက်၏။

"ဒီမုန့်က သိပ်ကောင်းတာ၊ နင်မစားဖူးရင် နည်းနည်းလေး စားကြည့်စမ်း"

အဖြူမလေးသည် ကျော်ဇော်ဦးဆီက အရုပ်ကလေးတွေကို အလွန်လိုချင်နေသဖြင့် သူ့မုန့်ထုပ်ထဲမှ မုန့်တစ်ချပ်ဆွဲထုတ်၍ ကျော်ဇော်ဦး၏ ပါးစပ်တွင် လာခွံ့ပေးနေပြန်သည်။

"ဟင့်အင်း...နင့်မုန့်ကိုလည်း ငါ မစားချင်ဘူး"

"နည်းနည်းလေးပဲ စားကြည့်စမ်းပါဦး"

"ဟာ မစားချင်ပါဘူးဆိုနေမှ"

ကျော်ဇော်ဦးက သူ့ပါးစပ်ကို တင်းတင်းစေ့ထားပြီး အဖြူမလေး၏ လက်ကိုလည်း ပုတ်ချလိုက်သည်။ ကုလားလေးတွေရှေ့၌ သူ့လက်ကို ပုတ်ချခံလိုက်ရသဖြင့် အဖြူမလေးက တော်တော်ရှက်သွားပုံရသည်။

ကျော်ဇော်ဦးအား ဘယ်လိုမှ ပြောမရမှန်းသိသောအခါ အဖြူမလေးမှာစိတ်ဆိုးသွားပုံရသည်။ သူတို့နှစ်ယောက်အနားကို မဝံ့မရဲနှင့် လာကြည့်ငေးမောနေကြသော ကုလားလေးတွေကိုလည်း မျက်လုံးတစ်ချက် ဝဲ့ကြည့်လိုက်၏။ ပြီးတော့ ကျော်ဇော်ဦး နားမလည်သော ဘာသာစကားတစ်မျိုးနှင့် လှမ်း၍အမိန့်ပေးသလို ပြောလိုက်သည်။

ကုလားလေးသုံးလေးယောက်သည် ကျော်ဇော်ဦးအနားကို ရောက်လာကြပြီး ကျော်ဇော်ဦး၏ အရုပ်ကလေးတွေကို ဝိုင်းလုကြတော့သည်။ အဖြူမလေးကလည်း သူ အလွန်လိုချင်နေသော ရွှံ့ရုပ်မည်းမည်းတစ်ရုပ်နှင့် ရုပ်သေးရုပ်တစ်ရုပ်ကို ဆတ်ခနဲ ကောက်ယူ၍ အိမ်ခန်းပေါ်က ဆင်းပြေးလာသည်။

ကျော်ဇော်ဦးသည် အဖြူမလေးကို တော်တော်ဒေါပွသွား၏။ သူ့အရုပ်ကလေးတွေကို ကုလားလေးတွေက ဝိုင်းလုကြခြင်းမှာလည်း အဖြူမလေးက အလုခိုင်းခြင်းဖြစ်သည်ကို ကျော်ဇော်ဦးက ရိပ်မိ၏။ ထို့ကြောင့် အရုပ်နှစ်ရုပ်ကို ဒီဖက်တစ်ရုပ်ကိုင်၍ ထွက်ပြေးသောအဖြူမလေးကို သူက ခုန်အုပ်လိုက်သည်။ အဖြူမလေး၏လက်ထဲက အရုပ်တွေကိုလည်း အတင်းပြန်လုသည်။ အဖြူမလေးကလည်း သူ့အားပြန်၍ ခံသတ်သောအခါ ကျော်ဇော်ဦးနှင့် အဖြူမလေးတို့မှာ မြေရှေ့ဖုန်တောထဲတွင် ထွေးလုံးသတ်ပုတ်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သခင်မလေးအား ကျော်ဇော်ဦးက ခံသတ်နေသည်ကို မြင်သောအခါ ကုလားလေးတွေမှာ ကြောက်ရွံ့ထိတ်လန့်သွားကြသဖြင့် ယယ်သံပါအောင် အော်ဟစ်ပြီး သခင်ကြီးအိမ်ဘက်သို့ ထွက်ပြေးသွားကြသည်။

ကျော်ဇော်ဦးသည် အဖြူမလေး၏ လက်ထဲကလုယူရထားသော သူ၏ရွှံ့ရုပ်တစ်ရုပ်နှင့် အဖြူမလေး၏ခေါင်းကို တအားဆောင့် ထုလေတော့၏။ အဖြူမလေးကလည်း အောက်ကနေပြီး သူ၏လက်မောင်းတစ်ဖက်ကို မလွှတ်တမ်း ဖက်ကိုက်တော့သည်။ ကြောက်ရွံ့ခြင်း၊ နာကျင်ခြင်းကိုကြောင့် အဖြူမလေးက ယယ်သံပါအောင် အော်လိုက်သောအခါ ရေနံလာဝယ်နေကြသော တိုင်းရင်းသားတွေနှင့် ကုလားများမှာ အသံကြားရာဘက်ဆီသို့ ထိတ်ထိတ်ပျာပျာနှင့် ပြေးလာကြတော့သည်။ သူတို့သာမဟုတ်သေး ရေနံလှောင်သော ဂိုဒေါင်ဘေးဆိုင်ထဲတွင် ရေနံဆီရောင်းချနေကြသော သခင်မကြီးနှင့် မဦးဖြူတို့ကလည်း ပြေးလိုက်လာကြသည်။

အဖြူမလေးနှင့် ကျော်ဇော်ဦးကို သခင်မကြီးနှင့် မဦးဖြူတို့က တစ်ယောက်စီ ဆွဲထားကြသည်။

သူသားသည် သခင်မလေးအား ခံသတ်ထားသဖြင့် သခင်မကြီးကို ကြောက်ရွံ့နေမိသူ မဦးဖြူမှာ မည်သို့ ပြန်ပြောရမှန်းပင် မသိဘဲ ပါးစပ်အဟောင်းသားနှင့် ငေးနေသည်။

သခင်မလေးနှင့် ကျော်ဇော်ဦးမှာ နှစ်ယောက်စလုံး ငိုရှိုက်နေကြ၏။

သခင်မကြီးသည် သူ့သမီးအား ခံသတ်ရပါမည်လားဟူသော အကြည့်ဖြင့် ကျော်ဇော်ဦးကို မျက်မှောင်ကြုတ်ကြည့်နေသည်။ နကိုကပင် နီရဲနေသော သခင်မကြီး၏ မျက်နှာမှာ ဒေါသထွက်လာသောအခါ ပို၍ နီရဲလာသည်။ ပြူးကြောင်ကြောင် ပြာနှမ်းနှမ်းဖြစ်နေသော မျက်လုံးအစုံကလည်း အရောင်တလက်လက်ထွက်လာ၏။

“ဟေ့ ဒီကလေးက နင့်ကလေးလား”

သခင်မကြီး၏ အသံနက်ကြီးက ဒေါသနှင့် မိုးချုန်းသံလို ပေါ်ထွက်လာသည်။

“ဟုတ် ဟုတ် ဟုတ်ပါတယ်၊ သခင်မကြီး”

မဦးဖြူက ကတုန်ကယင်ဖြင့် ဖြေလိုက်သည်။

“နင်က· ကလေးကို ဘာလို့ခေါ်လာရတာလဲ”

သခင်မကြီးက မဦးဖြူအား စားတော့ဝါးတော့မလား ထင်ရသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်၍ အော်မေးလိုက်၏။

မဦးဖြူမှာ သင်မကြီးကို ကြောက်ရွံ့သဖြင့် ဘာမှ ပြန်မပြောနိုင်တော့ဘဲ နှုတ်ကျသလို တဆတ်ဆတ် တုန်ယင်နေလေသည်။

“ဟေ့ ငါမေးနေတာကို မကြားဘူးလား”

သခင်မကြီးက မဦးဖြူအား အော်ငေါက်မေးနေစဉ် မဦးဖြူယောက်ျားကိုဖြူသီးနှင့် သခင်ကြီးတို့သည်လည်း သူတို့အနားကို ရောက်လာကြသည်။ ကိုဖြူသီးနှင့်သခင်ကြီးတို့မှာ ရေနံဆီခပ်ရာက ပြန်လာကြခြင်း ဖြစ်သည်။



သခင်မကြီးက သခင်ကြီးအား သူတို့ဘာသာစကားနှင့် တိုင်ပြောနေ၏။

“နင်ကကော ငါ့သမီးကို ဘာလို့ခံသတ်ရတာလဲဟင်၊ ဟဲ့ကောင်လေး ပြောစမ်း”

သခင်မကြီး၏မျက်စောင်းက ကျော်ဇော်ဦးဆီသို့ ထိုးလာပြန်၏။

“ခင်ဗျားသမီးက ကျုပ်အရုပ်ကို လာလုလို့ ခံသတ်တာ”

“နင်က ငါတောင်းတော့ ဘာလို့ မပေးလဲ”

သခင်မလေးကလည်း ရှိုက်ကြီးတငင်နှင့် ပြန်လည်ချေပသည်။ ကျော်ဇော်ဦး၏ ရွှံ့ရုပ်တွေနှင့် သခင်မလေး၏ ကြွေရုပ်၊ ဖန်ရုပ်၊ မုန့်ထုပ် စသည်တို့မှာ မြေပြင်တွင် ပြန့်ကျဲနေကြသည်။

“ဟော သမီးခေါင်းက သွေးတွေကျလာပါလား”

“ဟင် ကလေး လက်မောင်းမှာလည်း သွေးတွေပါလား”

သခင်မလေး၏ခေါင်းမှ သွေးတွေ ဖြာကျလာသလို ကျော်ဇော်ဦး၏ လက်ဝဲလက်မောင်းထဲမှလည်း သွေးတွေ ယိုစီးကျလာသည်။

ကိုဖြူသီးနှင့် သခင်ကြီးတို့မှာ ကလေးနှစ်ယောက်၏ ကိုယ်ပေါ်မှ စီးကျလာသော သွေးတွေကိုကြည့်၍ ပြိုင်တူရေရွတ်လိုက်ကြသည်။

ဒေါသကြီးနေသော သခင်မကြီးက မဦးဖြူကိုသာ မဲ၍မာန်နေသဖြင့် သူ့သမီးကိုပင် ဂရုမပြုမိသလို မဦးဖြူကလည်း သခင်မကြီးကို အလွန်အမင်း ကြောက်ရွံ့နေသဖြင့် သူ့သားငယ်ကို ဂရုထားမကြည့်အားမိ။ ကလေးနှစ်ယောက်မှာလည်း သွေးပူနေကြသဖြင့် သူတို့၏ကိုယ်ပေါ်က ဒဏ်ရာကိုပင် သတိထားမိကြဟန်မတူ။ သခု လူကြီးတွေက အော်ပြောလိုက်ကြတော့မှ သူတို့၏ကိုယ်ပေါ်မှ သွေးတွေ ဖြာကျလာသည်ကို မြင်ရသောအခါ သွေးလန့်ပြီး ယယ်သံပါအောင် အော်ငိုလိုက်သည်။ ကျော်ဇော်ဦးကတော့ လက်မောင်းမှဖြာကျလာသော သွေးတွေကို ပါးစပ်နှင့်ပင် ငုံ၍ စုပ်ပစ်လိုက်သေး၏။

ကိုဖြူသီးတို့ဇနီးမောင်နှံမှာ သူတို့နေရသော အိမ်ခန်းထဲသို့ သူ့သားကိုပွေ့၍ တက်လာကြသည်။ ကိုဖြူသီးက သူ့သား လက်မောင်းမှ ဒဏ်ရာကို ဆေးကြော၍ ခွေးသေးပန်းရွက်ရည်များ ညှစ်ထည့်ပေးနေသည်။

“သခင်မလေးကိုများ တော့်သားက ခေါင်းကွဲအောင် ခံသတ်သတဲ့လေ။ ဒီကောင်လေးနဲ့ ဘယ်ကိုသွားသွား တစ်ခါမှစိတ်ချလက်ချ နေရတယ် မရှိဘူး။ အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ။ အမေးအမြန်းထူလို့ ရန်လိုလိုက်တာကလည်း ကျားနာကျ နေတာပဲ။ ခုဆိုရင် သခင်ကြီးနဲ့သခင်မကြီးတို့က ဘယ်လောက်တောင်ဆိုးသွားကြပြီလဲမသိဘူး၊ ခက်တော့တာပဲ။ လာလာချင်း ဆောက်နဲ့ထွင်းသလို ဖြစ်နေပါပကောလား ကိုဖြူသီးရယ်။ တော့်သားကို ခေါ်လာမိတာ ကြိုက်ကောင်တစ်ကောင်ကို ခေါ်လာတာနဲ့ အတူတူပဲ၊ အတူတူပဲ”

မဦးဖြူက သူ့သား ကျော်ဇော်ဦးကို တဖျစ်တောက်တောက် မြည်တွန်နေ၏။

“အဲဒီဟာမလေးက ကျွန်တော့်အရုပ်...”

www.burmeseclassic.com

www.burmeseclassic.com



"ဘာ အဲဒီဟာမလေးလဲ၊ သခင်မလေးလို့ပြောရတယ်ဆိုတာ နင့်ကို ဘယ်နှစ်ခါ ပြောရမလဲ"

"အဲဒီ သခင်မလေးက ကျွန်တော့်အရုပ်တွေကို လာလုတာကိုး အမေရဲ့။ ပြီး ကုလားလေးတွေကိုလည်း သူကပဲ လုခိုင်းတယ်"

ကျော်ဇော်ဦးကလည်း သူမကျေနပ်တိုင်း သူ့အမေကို ပြန်ပြန်ခံပြောနေ၏။

"မင်းကလည်း မင်းပဲ"

ရိုးလွန်း၊ အေးလွန်း၍ စကားနည်းလှသူ သူ့အဖေကပါ ဤတစ်ခါတော့ သူ့အား အပြစ်ဖို့လာသဖြင့် ကျော်ဇော်ဦးမှာ လွန်စွာ ဝမ်းနည်းသွားသည်။

"နင့်အရုပ်က ဘယ်လောက် တန်ဖိုးရှိလို့လဲ၊ သခင်မလေးက တောင်းရင် ပေးလိုက်ပါလား။ ခုတော့ သခင်မလေးကိုလည်း ခံသတ်"

သခင်ကြီးသည် ပြုံးရွှင်သော မျက်နှာနှင့် သူတို့အိမ်ပေါ်သို့ တက်လာသော အခါ မဦးဖြူ၏စကားများ အလိုလိုရပ်တန့်သွားသည်။

"မောင်ဖြူသီး ကလေးကို ဘာတွေ ထည့်ပေးနေတာလဲ"

"ခွေးသေးပန်းရွက်ပါ သခင်ကြီး"

သူ့သားက သခင်ကြီး၏သမီးကို ခံသတ်ထားသဖြင့် ကိုဖြူသီးသည် သခင်ကြီးအား ယခင်ကထက်ပင် ရိုသေကျိုးနွံစွာ ဖြေကြားလိုက်၏။

"ဖယ်...ဖယ်၊ သခင်ကြီး ဆေးထည့်ပေးမယ်"

သခင်ကြီးသည် ကျော်ဇော်ဦး၏ လက်မောင်းကဒဏ်ရာကို ဆေးထည့်၍ ပတ်တီးစည်းပေးသည်။

"သခင်ကြီးကို ကျွန်မတို့ တောင်းပန်ပါတယ်။ စိတ်မဆိုးပါနဲ့သခင်ကြီး"

မဦးဖြူက သခင်ကြီးကို တောင်းပန်လိုက်သည်။

"သခင်ကြီးသိပါတယ်။ သခင်ကြီး စိတ်မဆိုးပါဘူး။ ဒီလိုဖြစ်ရတာလည်း သခင်ကြီးသမီးက လွန်လို့ပါ"

"သခင်မလေးဒဏ်ရာက များသလား သခင်ကြီး"

"မများပါဘူး၊ သူ့အမေက အစိုးရိမ်ကြီးနေလို့ပါ။ မိခင်ဆိုတော့လည်း အစိုးရိမ် လွန်တတ်တာပေါ့လေ"

"ကျွန်မတို့ဖြင့် သခင်ကြီးနဲ့ သခင်မကြီးတို့ကို ဘယ်လို တောင်းပန်ရမှန်း တောင် မသိတော့ပါဘူး။ သခင်မလေးကိုလည်း သနားပါတယ်။ ဒီကောင်လေးက သိပ်ရန်လိုတယ် သခင်ကြီးရယ်။ ရွာမှာလည်း ကလေးတိုင်းနဲ့ ရန်ဖြစ်တယ်။ သိပ်ဆိုးတဲ့ကလေး"

သခင်ကြီးဆီမှာ မျက်နှာလိုမျက်နှာရ ပြောနေသော သူ့အမေအား ကျော်ဇော်ဦးက မျက်မှောင်ကြုတ်၍ ရှုံ့ရှုံ့ရဲရဲကြည့်နေ၏။

"ကလေးဆိုတော့ ဒီလိုပဲပေါ့ မဦးဖြူရယ်။ အမှန်က သခင်ကြီးသမီးက လွန်တာပါ။ သူ့အရုပ်ကို အတင်းလာလုတော့ စိတ်ဆိုးတာပေါ့နော်။ မဟုတ်ဘူးလား ကလေး"



သခင်ကြီးသည် သူ့သမီးနှင့် ထွေးလုံးသတ်ပုတ်ထားသဖြင့် ဖုန်မှုန့်တွေပေကျံ နေသော ကျော်ဇော်ဦး၏ ပုဆိုးစကိုပင် လက်ဖြင့် ယုယုယယ ပုတ်ချပေးနေပြန် သည်။

"ဟာ နေပါစေသခင်ကြီးကလည်း နေပါစေ။ မလုပ်ပါနဲ့ ကျွန်တော်မျိုးတို့က လုပ်ပေးရမှာပါ"

ကိုဖြူသီးက သခင်ကြီးအား အလွန်အမင်း အားနာသွားသဖြင့် အလျှင်စလို ဟန့်တားလိုက်သည်။

နေလည်း ဝင်တော့မယ်၊ ကျွန်မတို့ပြန်ပါရစေ သခင်ကြီး။ ဒီကောင်လေးနဲ့ သွားရလာရတာ ကြာပါဦးမယ်"

ဤနေရာတွင် ဆက်ပြီးနေလျှင် သခင်ကြီးက သူ့သားအား နောက်ထပ် ဘာများလုပ်ပေးနေဦးမည်မသိ ဟူသော အားနာစိတ်နှင့် မဦးဖြူက မိမိတို့ ရွာသို့ပြန်ရန် သခင်ကြီးဆီ၌ မဝံ့မရဲနှင့် ခွင့်ပန်လိုက်၏။

သခင်ကြီးက ကြည်ကြည်ဖြူဖြူပင် ခေါင်းညိတ်ပြသည်။

ထိုနေ့က ကျော်ဇော်ဦးသည် သူ့အမေဆီ၌ တစ်လမ်းလုံး အဆိုအဆဲ အကြိမ်းအမောင်း ခံလာရ၏။

"ဟေ့ကောင်လေး၊ နင့်မှာ ကြောက်တတ်လန့်တတ်တဲ့ စိတ်ဆိုတာ နည်းနည်း လေးမှ မရှိဘူးလားဟင်။ သခင်ကြီးသမီးလို မျက်နှာဖြူသူဌေးသမီးကို နင်လို အကောင်စားက ခေါင်းကွဲအောင် ခံသတ်တယ်ဆိုတာ အရစ်ရစ် နေပြည်တော် ကြားလို့မှတော် သေးရဲ့လားဟင်"

မိမိတို့အိမ်သို့ ရောက်လာကြပြီး ဖြစ်သော်လည်း မဦးဖြူသည် သူ့သားအား ဆဲဆိုကြိမ်းမောင်း၍ အားမရသေးပေ။

"ဒီလို အကြောမာတဲ့ကလေး ကျုပ်ဖြင့် မတွေ့ဖူးပါဘူး။ ရွာမှာနေရင်လည်း လူတကာ ကလေးတိုင်းနဲ့ ရန်ဖြစ်တယ်။ နင့်လိုသားမျိုး တစ်ယောက်တည်း မွေးမိလို့သာပဲ။ နှစ်ယောက်လောက်မွေးမိရင် အမေအဖေလုပ်တဲ့လူတွေ တစ်ကျွန်း ပို့ခံရတာ ကြာလှပြီ။ သူများကလေးတွေဆိုရင် သခင်မလေးကို ခံသတ်ဖို့မပြောနဲ့ အနားတောင် ကပ်ရဲကြတာ မဟုတ်ဘူး၊ ခုတော့"

"နင်ကလည်း ဆိုလို့ ဆဲလို့ကို မပြီးနိုင်တော့ဘူး၊ ကလေးချင်း ရန်ဖြစ်တာများ ဆန်းသလား။ ကျုပ်သားက လွန်တာမှမဟုတ်တာ"

တဗျစ်တောက်တောက် မကျေနိုင်မချမ်းနိုင် မြည်တွန်နေသော ဇနီးသည် ကို ကိုဖြူသီး နားငြီးလာသဖြင့် အော်ပစ်လိုက်၏။

"ဘာလဲ၊ တော်ကပါ ကလေးကို မြှောက်ပေးနေတာပေါ့လေ။ ကိုယ့်ရွာက ကလေးတွေနဲ့ ရန်ဖြစ်တာမဆန်းပေမယ့် သခင်ကြီးသမီးနဲ့ ရန်ဖြစ်တာက လွန်ကို လွန်လွန်းလို့ပြောနေရတာ တော်ရေ့။ ဒီအတိုင်းဆိုရင်တော့ တော့်သားကို ရှေ့တောင် ကြားခေါ်သွားလို့ မဖြစ်တော့ဘူး။ နောက်တစ်ခါ သခင်ကြီးသမီးကို ခံသတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



တော်နဲ့ ကျုပ်ကိုပါ သခင်မကြီးက အလုပထုတ်ပစ်လိမ့်မယ် သိလား"

"နို့ကလေးကို ခေါ်မသွားလို့ ဘယ်မှာ သွားလွှင့်ပစ်ရမှာလဲ"

"ဘုန်းကြီးကျောင်းမှာ သွားအပ်ထားလိုက်မယ်။ ဒီလောက် အကြောမာတဲ့ အကောင်မျိုး ဘုန်းကြီးကြိမ်လုံးနဲ့ ခပ်မြန်မြန်တွေ့မှ တော်ကာကျမယ်"

"သားသားက ဘုန်းကြီးကျောင်းမှာ နေမယ်တဲ့လား"

သူ့အမေက ဆဲဆိုကြိမ်းမောင်းနေသဖြင့် အိမ်ရှေ့ကပြင်တွင် ငူငူကြီးမှိုင်၍ ထိုင်နေသော သားဖြစ်သူကို ကိုဖြူသီးက အကဲစမ်းသလို လှမ်းမေးလိုက်၏။

"ဒါတော့ တော့်သားကိုတော် ရအောင်မေး"

"ဘုန်းကြီးကျောင်းမှာ မင်းအစ်ကိုထွန်းဦးတို့နဲ့ သွားနေမလားသား"

"နေမယ်၊ နေမယ်"

ကျော်ဇောဦးသည် သူ့အမေကို တော်တော်စိတ်ဆိုးနေသည်။ သူ့အမေက သခင်မလေးဆိုသော အဖြူမလေးကိုတော့ အပြစ်မပြောဘဲ သူ့ကိုသာ ရန်လိုသည်၊ ခေါင်းမာသည်၊ အမေးအမြန်း ထူသည်။ လူတကာကလေးတိုင်းနှင့် ရန်ဖြစ်သည်ဟု တဖျစ်တောက်တောက် မြည်တွန်နေသည်မှာ သူ့အား မတရားသဖြင့် နှိပ်ကွပ်ပြောနေသည်ဟု ကျော်ဇောဦးက ထင်နေသည်။ ပြီး သူ့အမေသည် သူ့အား တိုင်းတစ်ပါးသား မျက်နှာဖြူအခံလိပ်၏ သမီးလောက် ချစ်ခင်ကြင်နာခြင်း မရှိဟု ထင်နေသည်။ ထို့ကြောင့် သူ့အမေက 'သားသား ကျောင်းနေမလား'ဟု မေးသောအခါ ဒေါသနှင့် 'နေမယ်၊ နေမယ်'ဟု အော်ပြောလိုက်ခြင်း ဖြစ်သည်။

ကိုဖြူသီးက သူ့သားစိတ်ဆိုးနေသည်ကို ကြည့်၍ အတွင်းကျိတ်ပြုံးလေ၏။

"ဟဲ့ ကြီးလေချဉ်လေ သံပုရာသီးအမျိုး၊ အမေကို ဒီလိုပဲ ဒေါသနဲ့ ပြန်ပြောရသလားဟဲ့"

"ကျွန်တော် ဘယ်မှာ ဒေါသနဲ့ ပြောလို့လဲ"

"အမယ် နင်က ငါ့ကိုပါ အာခံတယ်ပေါ့လေ။ ကဲ နင့်နဲ့ငါ သိကြရောပေါ့ဟာ"

သူ့အမေသည် ထင်းခြောက်တစ်ချောင်းကိုဆွဲ၍ သူ့အားရိုက်ရန် မီးဖိုဆောင်က ထွက်လာသည်။ ကျော်ဇောဦးသည် ရွာလယ်ပိုင်းတွင်ရှိသော သူ့ဦးလေးတော် တစ်ယောက်ဆီသို့ ထွက်ပြေးသွား၏။ ထိုညက ကျော်ဇောဦးသည် သူ့ဦးလေး အိမ်၌ပင်အိပ်၏။ မိုးလင်းသောအခါ သူ့အဖေက ကျောင်းထားပေးမည်ဟု လာခေါ်သဖြင့် ဘုန်းတော်ကြီးကျောင်းသို့ ရောက်သွားသည်။

ဘုန်းတော်ကြီးကျောင်း၌ နေရသည်ကို ကျော်ဇောဦးက ပျော်သည်။ သူ့အစ်ကို ဝမ်းကွဲကိုထွန်းဦးကလည်း ဘုန်းကြီးကျောင်း၌ ကျောင်းသားကြီး ဖြစ်သဖြင့် ကျောင်းသွားကျောင်းပြန် အဖော်ရနေသည်။ ညနေစာထမင်းကိုလည်း အစ်ကိုထွန်းဦးတို့ အိမ်မှာပင်စား၍ ညအိပ်ရန် ဘုန်းကြီးကျောင်းသို့ အစ်ကိုထွန်းဦးနှင့်ပင် အတူပြန်လိုက်သွားတတ်သည်။ အစ်ကိုထွန်းဦး၏ အမေအဖေတို့ကလည်း သူ့အား



သားအရင်းတမျှ ခင်မင်ယုယနေကြသဖြင့် ကျော်ဇောဦးသည် ဦးလေးနှင့် အဒေါ်တို့အိမ်၌ပင် ပျော်နေလေသည်။

သုံးလေးရက် ကြာသောအခါ ကိုဖြူသီးနှင့် မဦးဖြူတို့မှာ သားဖြစ်သူကိုလာခေါ်ကြသည်။ ကျော်ဇောဦးက မလိုက်ဟု ငြင်း၏။ ဦးလေးအဒေါ်တို့ အိမ်၌ပင်နေမည်ဟု ဆိုသည်။ ထိုအခါ ညနေစာထမင်းပင် မိမိအိမ်မှာ လာမစားသော သားဖြစ်သူကို ကြည့်၍ မဦးဖြူက မျက်ရည်ကျသည်။ သူ့အမေ မျက်ရည်ကျသည်ကို မြင်ရသော ကျော်ဇောဦးမှာ အတိုင်းမသိ ဝမ်းသာသွားသည်။ သူ့ကို အနှစ်နှစ်အလလ နှိပ်ကွပ်လာသော သူ့အမေကို ယနေ့မှ ကလဲ့စားချေရသည်ဟု သူက ပျော်နေသည်။

"သား၊ သား ပြန်မလိုက်ချင်ရင်လည်း ဦးဦးတို့၊ ဒေါ်ဒေါ်တို့ အိမ်မှာ မင်းအစ်ကိုထွန်းဦးနဲ့ အတူနေနော်။ မေမေဖေဖေတို့ ရွှေတောင်ကြားသခင်ကြီး ဆီကို ပြောင်းနေကြတော့မယ်။ သားသားဝတ်ဖို့ ပုဆိုးအင်္ကျီသစ်တွေ မကြာမကြာ လာပေးမယ် ဟုတ်လား။ အမေအဖေတို့ ရွှေတောင်ကြားမှာ အလုပ်သွားလုပ်မှ ပိုက်ဆံများများရမယ်။ ပိုက်ဆံရမှ သားသားလိုချင်တယ်ဆိုတဲ့ ဟိုတစ်ခါက သားသားမြင်ဖူးတဲ့ မြင်းကြီးလို မြင်းတစ်ကောင် ဝယ်ပေးမယ်နော်" ဟု မိခင်က သားဖြစ်သူကို မျက်ရည်လေးတစမ်းစမ်းနှင့် ချော့မော့ မှာသွားရှာ၏။ သူ့အဖေကလည်း သူ့သားသည် သူတို့အား စိတ်အနာကြီး နာသွားသည်ကို သိသဖြင့် စိတ်ကောင်းပုံမရ။ ကျော်ဇောဦးကတော့ 'မြင်းကြီးတစ်ကောင် ဝယ်ပေးမယ်' ဟူသော သူ့အမေ၏စကားကို ကြားရသောအခါ ကျေနပ်ဝမ်းသာသွားသည်။

ရွှေတောင်ကြားဆိုသော တောထဲက အိမ်ကြီးဆီကို သူ့အမေအဖေတို့နှင့် အတူ မလိုက်ရသော်လည်း ကျော်ဇောဦးက ဝမ်းမနည်းပါပေ။ နောက်တစ်ခါ ရွှေတောင်ကြားကို လိုက်သွားလျှင် အပြင်ရုပ်ကလေးက ရှုမငြီးစရာလှပ၍ ချစ်စရာကောင်းသလောက် အတွင်းစိတ်က သံကောက်ထက်ပင် ကောက်ကျစ်စဉ်းလဲတတ်သော၊ လူတစ်ဖက်သားကို နှိုင်ထက်စီးနင်း အဝါးဝ အကျောတင်တတ်သော၊ သူ့လက်ထဲက အရုပ်ကလေးတွေကို ကုလားကျွန်လေးတွေအား လုယူခိုင်းရုံမက သူ့ကပါ မရှက်မကြောက် မတရား အတင်းလုပြေးသော အဖြူမလေးနှင့် နောက်တစ်ခါ ထပ်တွေ့ရမည်ကို ကျော်ဇောဦးက လုံးဝ မလိုလားပေ။ နောက်တစ်ခါ သူ့အမေအဖေတို့နှင့် လိုက်သွား၍ အဖြူမလေးနှင့် ထပ်ရန်ဖြစ်ကြလျှင် အဖြူမလေး၏အဖေဟုဆိုသော၊ စိတ်ကောင်းရှိပုံလည်းရသော၊ သူ့အား ဆေးထည့်ပေးသော သူဖြူကြီးကလည်း သူ့အား မုန်းသွားချင် မုန်းသွားပေမည်။ ပြီး အသားနီစပ်စပ်၊ နှာခေါင်းချွန်ချွန်၊ မျက်လုံးပြာပြာ ဆံပင်မှာလည်း ဖြူနီကြောင်ကျားနှင့် ငယ်စဉ်က သူ့အမေပြောပြ၍ ပုံပြင်ထဲ၌သာ ကြားဖူးသော၊ သရဲတစ္ဆေမကြီးနှင့်ပင် တူလိမ့်မည်ဟု သူ့စိတ်ထဲက ထင်နေသော မိန်းမကြီးကလည်း သူ့အမေအဖေတို့ကို အလုပ်ထုတ်ပစ်လေမည်။ သူ့အမေအဖေ အလုပ်မလုပ်ရလျှင် ပိုက်ဆံလည်း ရတော့မည်မဟုတ်။ ပိုက်ဆံမရလျှင် သူ့ကိုဝယ်ပေးမည်ဆိုသော မြင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးနိုင်ကြတော့မည်မဟုတ်ဟု တွေးမိပြီး ကျော်ဇောဦးသည် အစ်ကိုဝမ်းကွဲ အိမ်၌ ညနေစာထမင်းကို လာစားကာ ဘုန်းကြီးကျောင်းမှာ ပျော်နေလေသည်။

* * *

## ၆

"အစ်ကိုထွန်း ဘယ်ကိုသွားကြမှာလဲ"

အစ်ကိုဝမ်းကွဲဖြစ်သူ ကိုထွန်းဦးနှင့် ကျောင်းသားကြီးများဖြစ်ကြသော ကိုသာမောင်၊ ကိုအောင်ကျော်တို့သည် တောက်တိုမယ်ရ ဝန်စည်စလည်များထားသော အခန်းထဲက ထွက်လာကြသည်ကို မြင်ရသဖြင့် ကျော်ဇောဦးက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။ သူတို့၏လက်ထဲတွင် ရေနံဆီပုံး၊ ရေနံဆီပုလင်းနှင့် တံပိုးစသည်တို့ ကိုလည်း တစ်ယောက်တစ်ခုစီ ဆွဲကိုင်လာကြ၏။

"ရွှေတောင်ကြားကို..."

ကိုထွန်းဦးတို့ ကျောင်းသားကြီးများက ရွှေတောင်ကြားကို သွားကြမည် ဆိုသဖြင့် ကျော်ဇောဦးသည် တော်တော်ဝမ်းသာသွား၏။ ရွှေတောင်ကြားကို သူ့အစ်ကိုတို့နှင့် လိုက်သွားလျှင် သခင်ကြီးဆီမှာ အလုပ်လုပ်နေကြသော အမေ အဖေတို့နှင့် တွေ့ရမည်။ သူ ဘုန်းတော်ကြီးကျောင်းသို့ ရောက်နေသည်မှာ တစ်လ နှစ်လရှိသွားပြီ ဖြစ်သော်လည်း အမေအဖေတို့သည် သူ့အား တစ်ခါမျှ လာမတွေ့ကြသေး။ ဘုန်းကြီးကျောင်း၌ သူ့အား လာအပ်သွားစဉ်က မုန့်ဆိုးသစ် အကျီသစ်တွေ မကြာမကြာ လာပေးမည်။ ပြီး အမေအဖေတို့ အလုပ်လုပ်၍ ပိုက်ဆံရလျှင် သူလိုချင်သော မြင်းကြီးတစ်ကောင်ကိုလည်း ဝယ်ပေးမည်ဟုပြော သွားကြသည်။ ဤသည်ကို ကျော်ဇောဦးသည် တစ်နေ့မျှမမေ့။ နေ့ရှိသရွေ့ တစ်နေ့ တစ်ခါနှစ်ခါ နေ့စဉ်သတိရနေသည်။ ယခု သူ့အမေအဖေတို့က သူ့အား တစ်ခါမျှ လာမတွေ့ကြသောအခါ ကျော်ဇောဦးမှာ အမေအဖေတို့ကို လွမ်းလာ သည်။ ပြီးတော့ အမေအဖေတို့သည် ရွှေတောင်ကြားတောထဲက သခင်ကြီး ဆိုသူ၏အိမ်မှာ အလုပ်လုပ်နေကြသဖြင့် သူ့အား မြင်းဝယ်ပေးနိုင်လောက်အောင် ပိုက်ဆံရကြပါမည်လား ဆိုသည်ကိုလည်း သူက သိချင်နေသည်။ ထို့ကြောင့် ကိုထွန်းဦးတို့ ယခု ရွှေတောင်ကြားကို ရေနံဝယ်သွားကြမည်ဆိုသောအခါ 'ကျွန် တော်လည်း လိုက်မယ်'ဟု ကျော်ဇောဦးက ပြောလိုက်၏။

"မင်းလိုက်ချင်ရင် ဘုန်းကြီးကို သွားလျှောက်"

ဘုန်းတော်ကြီး ကျောင်းသားများသည် မိမိသဘောနှင့် အရပ်တစ်ပါးသို့ သွားလိုက ဘုန်းတော်ကြီးကို ပန်ကြားရ၏။ ဘုန်းကြီးကခွင့်ပြုမှ သွားရသည်။

ကျော်ဇောဦးသည် ဘုန်းတော်ကြီးရှေ့သို့လျှောက်သွား၏။ ဘုန်းတော်ကြီး ကို ရှိခိုးကာ ဘုန်းတော်ကြီးရှေ့၌ လက်အုပ်ချီပြီး ဆောင့်ကြောင့်ထိုင်နေရသည်။



ဘုန်းတော်ကြီးသည် ဖတ်နေသောစာအုပ်ဆီမှ မျက်ခွံကိုပင့်၍ ကျော်ဇောဦးထံသို့ လှမ်းကြည့်သည်။

"ဘာလဲ ကျော်ဇောဦး"

"တပည့်တော် ရွှေတောင်ကြားက အမေအဖေဆီကို လိုက်သွားချင်ပါတယ် ဘုရား"

ကျော်ဇောဦးက မဝံ့မရဲ လျှောက်လိုက်၏။

"လိုက်သွား လိုက်သွား"

ကျော်ဇောဦးသည် ဘုန်းတော်ကြီးအား ဦးသုံးကြိမ်ချကာ ရွှေတောင်ကြားသို့ အစ်ကို ကျောင်းသားကြီးများနှင့်အတူ လိုက်လာလေသည်။

သခင်ကြီး၏ အိမ်နားပတ်ဝန်းကျင်တွင် ရေနံဆီလာဝယ်သူတွေနှင့် ရှုပ်ယှက် ခတ်နေကြ၏။ ထိုလူအုပ်ထဲတွင် အမေအဖေတို့ကို တွေ့လိုတွေ့ငြား ကျော်ဇောဦး က ကျီးကန်းတောင်းမှောက် ရှာကြည့်၏။ ပြီးသူ ယခင်တစ်လလောက်က အမေအဖေတို့နှင့် လိုက်လာနေဖူးခဲ့သော အိမ်ခန်းကိုလည်း သွားကြည့်သည်။ သူ့အမေအဖေ တို့ကို မတွေ့ရ။ အိမ်ခန်းတံခါး ပိတ်ထားသည်။ သူ ပြန်လာသော အခါ ကိုထွန်းဦး၊ ကိုသာမောင်၊ ကိုအောင်ကျော်တို့မှာ ရေနံဆီဝယ်ပြီးကြပြီ ဖြစ်သဖြင့် အိမ်ကြီးရှေ့ထင်းရှူးပင်ကြီးအောက်တွင် သူ့ကို ထိုင်စောင့်နေကြသည်။

"ကျော်ဇောဦး၊ ဦးကြီးနဲ့ဒေါ်ကြီးကို တွေ့ခဲ့လား"

ကျော်ဇောဦးက စိတ်ညစ်ညစ်နှင့် ခေါင်းခါပြလိုက်၏။

"ရေနံဆီရောင်းတဲ့နေရာမှာလည်း ဒေါ်ဒေါ်ကို ငါ မတွေ့ခဲ့ပါဘူး။ သခင်မ ကြီးနဲ့ ကုလားမတစ်ယောက်ပဲ တွေ့ခဲ့တယ်"

ကိုထွန်းဦးစကားကို ကြားသောအခါ ကျော်ဇောဦးမှာ ပို၍ စိတ်ညစ်သွား သည်။ သူက သခင်မလေးကို ခေါ်ကြွဲအောင် ခံသတ်ထားသည့် ရန်ငြိုးနှင့် သခင်မကြီးက သူ့အမေအဖေတို့ကို ခြေတွေလက်တွေဖြတ်၍ ဒဏ်ခတ်ကာ အကျဉ်းများချထားလေပြီ လားဟူ၍ စိုးရိမ်စိတ်တစ်ခုသည် ကျော်ဇောဦး၏ရင်ကို ဒိန်းခနဲလာ၍ ဆောင့်သွားသည်။ သူငယ်စဉ်က ပုံပြင်ထဲမှာကြားဖူးသလို အမေ အဖေတို့ကို သခင်မကြီးက အကျဉ်းချထားလျှင် မည်သို့လုပ်ရပါမည်နည်း။ အမေ အဖေတို့ကို တွေ့လိုတွေ့ငြားဟူသော သဘောဖြင့် ရေနံဆီလာဝယ်နေကြသော ဘိုင်းရင်းသားလူအုပ်ထဲကို ကျော်ဇောဦးက ထိုးဖေါက်၍ စိတ်စိတ်ရှာဖွေ ကြည့်မိပြန်၏။ အမေအဖေနှင့်တူသူကိုပင် မတွေ့ရ။ ကျော်ဇောဦးရင်ထဲမှာ စိုးရိမ်ကြောင့်ကြ စိတ်တွေက ပို၍ ပြည့်သိပ်လာကြသည်။

"အစ်ကို အမေအဖေတို့ ဘယ်မှာလဲဆိုတာ သခင်မကြီးကို မေးပေးစမ်းပါ။ ကျွန်တော် အမေအဖေတို့နဲ့ တွေ့ချင်တယ်"

ညီငယ်၏ ညှိုးငယ်နေသော မျက်နှာကိုမြင်ရသောအခါ ကိုထွန်းဦးမှာ ဆော်ခနဲ ထိုင်ရာက ထလာသည်။

"လာ လာ၊ ငါ မေးပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီးတို့ ရေနံဆီရောင်းနေကြသော ဆိုင်အနားသို့ ရောက်သွားကြသည်။ ရေနံဆီလာဝယ်နေကြသော တိုင်းရင်းသားများကို အတော်တိုးဝှေ၍ သွားရ၏။

"မင်း ဒီမှာ ခဏနေဦး၊ ငါ သွားမေးလိုက်မယ်"

ကိုထွန်းဦးသည် သခင်မကြီးရှိရာ ရေနံဆီဆိုင်သို့ ဝင်သွား၏။ ကျော်ဇောဦးက ဆိုင်ဝတွင် မတ်တတ်ရပ်၍ သခင်မကြီးရှိရာကို ငေးကြည့်ကာ ကျန်နေရစ်သည်။ သခင်မကြီးသည် ကုလားထိုင်တစ်လုံးတွင်ထိုင်၍ ပိုက်ဆံရေတွက်နေသည်။ သူနှင့် မလှမ်းမကမ်းရှိ ရေနံဆီပုံးကြီးနားတွင် 'ကတော့' တစ်ခုကိုကိုင်၍ ကုလားမကြီးတစ်ယောက် မတ်တတ်ရပ်နေသည်။ ကုလားမကြီးအသားမှာ မည်းလွန်းသဖြင့် ရေနံဆီပုံးတွေနှင့်ခွဲမရဘဲ မျက်လုံးနှစ်လုံးကသာ တဖျတ်ဖျတ် တလက်လက် တောက်နေသည်ကို လှမ်းမြင်နေရသည်။

ကိုထွန်းဦးသည် သခင်မကြီးရှိရာသို့ မဝံ့မရဲ ချဉ်းကပ်သွားသည်။

"ဟေ့ သူငယ် ဘာလဲကွယ့်"

မယောင်မလည်လုပ်နေသော ကိုထွန်းဦးကို သခင်မကြီးက လှမ်းမေးလိုက်၏။

"ဒီမှာ ကျွန်တော်တို့ ပန်းတောရွာက ဦးဖြူသီးနဲ့ ဒေါ်မှီးဖြူဆိုတာ မရှိပါလား ခင်ဗျာ"

သခင်မကြီးက ကိုထွန်းဦးကို စူးစမ်းသလို ကြည့်၏။

"ဘာကိစ္စရှိလို့လဲကွယ်"

"သူ့သား ကျွန်တော်တို့နဲ့ပါလာတယ်။ သူ့အမေ အဖေတွေကို တွေ့ချင်လို့ ဆိုပြီး ဟိုမှာ စောင့်နေတယ်"

သခင်မကြီးက ကျော်ဇောဦး မတ်တတ်ရပ်၍ စောင့်နေသောဆိုင်ဝကို လှမ်းကဲကြည့်ကာ မှတ်မိသွားဟန်ဖြင့် လှမ်းခေါ်လိုက်သည်။

"လာ လာ၊ ဒီကို"

ကျော်ဇောဦးသည် သခင်မကြီးရှိရာသို့လျှောက်သွား၏။ သခင်မကြီးက သူ့ကို ပြုံးပြဆီးကြိုနေသည်။

"မင်း ဟိုက စောင့်နေနော်၊ ဒီမှာ ရေနံဆီ လာဝယ်တဲ့လူတွေနဲ့ ရှုပ်နေလိမ့်မယ်"

သခင်မကြီးက ပြောသဖြင့် ကိုထွန်းဦးသည် ဆိုင်ထဲမှ ထွက်သွားသည်။

"အစ်ကို ကျွန်တော့်ကိုလည်း စောင့်နေဦးနော်"

သူ့အား မစောင့်ဘဲ ပြန်သွားကြမည် စိုးရိမ်သဖြင့် ကျော်ဇောဦးက လှမ်းပြောလိုက်၏။

"အေး အေး၊ ငါတို့ ဟိုကစောင့်နေမယ်"

သခင်မကြီးသည် ထိုင်ရာမှထလာပြီး ကျော်ဇောဦးကို ဆီးကြိုပွေ့ဖက်ထားသည်။

"မင်း အမေ အဖေတို့နဲ့ သိပ်တွေ့ချင်သလား"



ကျော်ဇောဦးက ခေါင်းညိတ်၏။

"မင်းအဖေက သခင်ကြီးနဲ့ တောထဲကို လိုက်သွားတယ်။ မင်း အမေလည်း ရေနံဆီသွားပို့ရာက ပြန်မလာသေးဘူး"

သခင်မကြီးတို့ ရွှေတောင်ကြားက ရေနံဆီများကို ပျားတဲရွာသို့ နွားလှည်းနှင့် သွားပို့ရ၏။ ပျားတဲရွာတွင် ရေနံဆီတစ်ဆင့်ရောင်းသော ဆိုင်ခွဲရှိသည်။ ပျားတဲရွာက ရောင်းမကုန်သော ရေနံဆီများကို ကျောက်ဖြူမြို့သို့ လှေဖြင့်ပို့ရ၏။ ကျောက်ဖြူမြို့တွင်လည်း သခင်ကြီးတို့မှာ ရေနံဆီဆိုင်ခွဲ ရှိလေသည်။

"မင်းအမေ အဖေတွေပြန်လာရင် မင်းလာသွားတဲ့အကြောင်း သခင်မကြီး ပြောပြလိုက်မယ်။ သူတို့က မိုးချုပ်မှပြန်လာကြမှာ"

အမေအဖေတို့နှင့် တွေ့ရမည်ဟု အားခဲလာသော ကျော်ဇောဦးမှာ သခင်မကြီး၏ စကားကိုကြားရသောအခါ ဟစ်၍ငိုပစ်လိုက်ချင်လောက်အောင် အားငယ်သွားသည်။

"ကလေး ပြန်တော့နော်၊ မင်းအဖေအမေတွေ ပြန်လာရင် သခင်မကြီးပြောပြလိုက်မယ်။ ကလေး ဘုန်းကြီးကျောင်းမှာနေတယ်ဆို ပျော်ရဲ့လား"

"ဟုတ်ကဲ့၊ အမေအဖေတို့နဲ့ ကျွန်တော် သိပ်တွေ့ချင်တယ်"

"မနက်ဖြန် မင်းဆီကို သခင်မကြီး ဆက်ဆက်လွှတ်လိုက်မယ်။ ဒီနေ့တော့ မင်း အမေအဖေတွေက မိုးချုပ်မှပြန်လာကြမှာ"

ကျော်ဇောဦးမှာ သူ့အမေအဖေတို့နှင့် မတွေ့ရဘဲ ဘယ်လိုမှမပြန်ချင်ပေ။ သို့သော် သူ့အမေ အဖေတို့ကို စောင့်နေ၍ မိုးချုပ်သွားလျှင် အစ်ကိုထွန်းဦးတို့ကို ဘုန်းတော်ကြီးက ကြာသည်ဟု ကြိမ်းမှာကိုလည်း စိုးရသေး၏။

"ကျွန်တော် ပြန်တော့မယ်"

"အေး အေး၊ ရော့ ကလေး မုန့်ဝယ်စားဖို့"

သခင်မကြီးက သူ့ ပြန်ခါနီးတွင် ပိုက်ဆံတစ်ပဲ ပေးလိုက်လေသည်။

နေသည် အတော်စောင်းသွားပြီ ဖြစ်၏။

သူ့အမေအဖေတို့နှင့်လည်း မတွေ့ရသော ကျော်ဇောဦးသည် စိတ်ညစ်ညစ်နှင့် သခင်မကြီးတို့ ရေနံရောင်းနေကြသော ဆိုင်ထဲက တစ်လှမ်းချင်းထွက်လာသည်။ အမေအဖေတို့ကို မတွေ့ရသဖြင့် သူ့စိတ်ထဲက ဝမ်းနည်းနေသည်။ မျက်လုံးအစုံမှာလည်း မျက်ရည်များနှင့် ပြည့်လျှံနေ၏။ ဘယ်နေရာကို ကြည့်ကြည့် အရာဝတ္ထုအားလုံးသည် မျက်ရည်များကြောင့် မှုန်ဝါးနေကြသည်။ သူ့စိတ်ထဲ ၌ အမေအဖေတို့၏ အကြောင်းကသာ စိုးမိုးမင်းမူနေကြသည်။

"အို"

ခေါင်းငုံ့၍ လျှောက်လာနေသော ကျော်ဇောဦးသည် တစ်စုံတစ်ယောက်သော ... ဝင်တိုးမိသဖြင့် ဆတ်ခနဲခေါင်းမော့ကြည့်လိုက်၏။ ရုတ်တရက်မို့ ... ... သည်။ မျက်ရည်ကို သုတ်လိုက်သောအခါ 'အဖြူမလေးပါလား' ဟု သူ့စိတ် ... ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူမလေးလက်ထဲက လွတ်ကျသွားသော ခြေထောက်ရှည်ရှည်နှင့် ဖန်ခွက် တစ်ခုသည် ခြေထောက်ကျိုး၍ မြေပြင်တွင် မှောက်လျက်လဲနေ၏။ ပန်းကန်ပြားကွဲနှင့် မုန့်တွေမှာ မြေပြင်၌ပြန့်ကျဲနေကြသည်။ အဖြူမလေးသည် ရေနံဆီရောင်နေသော မိခင်အား နှုတ်လယ်စာ ကော်ဖီနှင့်မုန့်လာပို့ရင်း ကျော်ဇောဦးနှင့် တိုးမိကြပြန်တူသည်။ အဖြူမလေးသည် ကော်ဖီရည်များ စိုရွှဲသွားသော သူမ၏ ဂါဝန်လှလှလေးကို တဖုတ်ဖုတ်ခါ၍ ကျော်ဇောဦးကို မျက်မှောင်ကြုတ်ကြည့်နေသည်။

ကျော်ဇောဦး သိလိုက်လေပြီ။ ဤအဖြူမလေးသည် ယခင်က သူနှင့် ရန်ဖြစ်ဖူးကြသော သူငယ်မပင်။ ကျော်ဇောဦးမှာ မည်သို့ ပြန်ပြောရမည်ကို မသိသဖြင့် ကြောင်၍ပင် ကြည့်နေ၏။

"နင်က လူကို မမြင်ဘူးလား"

အဖြူမလေး၏အသံမှာ ဒေါသနှင့် ဟိန်းထွက်လာသည်။ ဝင်းဝင်းပပကြည်လင်နေသော မျက်နှာမှာ ရတ်ခြည်းနီရဲလာ၏။

ကျော်ဇောဦးက မည်သို့မျှ ပြန်မပြောချေ။ ထိုနေရာ၌ပင် မတ်တတ်ရပ်နေ၏။

"ဟေ့ မေးနေတာကို မကြားဘူးလား။ နင်က ပင်းငယောင် အယောင်ဆောင်နေပြန်ပြီလား"

"မ...မတော်လို့ပါ"

မတတ်သာတော့သဖြင့် ကျော်ဇောဦးက ဤမျှသာ ဆိုလိုက်လေသည်။

"ကဲ...မတော်နဲ့ဦး"

"ဖြန်း...ဖြန်း"

ကျော်ဇောဦး၏ မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်သွား၏။ မျက်လုံးနှစ်ဖက်မှ မျက်ရည်တို့ကလည်း ဒလဟောစီးဆင်းလာသည်။ သူစဉ်းစားလာသော အမေအဖေတို့၏အကြောင်းပင် ဘယ်ဆီသို့လွင့်ပျောက် ထွက်ပြေးသွားကြသည် မသိတော့။

အဖြူမလေးသည် ဝင်းဝင်းတောက်နေသော မျက်လုံးအစုံနှင့် သူ့ကို ခါးထောက် စိုက်ကြည့်နေသည်။ ကျော်ဇောဦးသည် ကိုထွန်းဦးတို့ဘက်သို့လှမ်းကြည့်လိုက်၏။ ကိုထွန်းဦး၊ ကိုသာမောင်၊ ကိုအောင်ကျော်တို့သည် အိမ်ကြီး၏ ခြံစည်းရိုးအစရှိ ဆီးပင်အောက်တွင် ဆီးသီး ကောက်စားနေကြသည်ကို မျက်ရည်အကြားမှ ဝိုးတဝါးမြင်နေ ရ၏။ သူနှင့် အဖြူမလေးတို့ ရပ်နေကြသောနေရာမှာ အိမ်ရှေ့တွင် ဖြစ်သဖြင့် မြင်ကြဟန်မတူ။ သခင်မကြီးတို့ ရေနံဆီရောင်းနေကြသော ရေနံဆီဆိုင်မှာလည်း အိမ်ကြီး၏ တောင်ဘက်ဘေးရှိ ဂိုထောင်နားတွင်ဖြစ်သဖြင့် ရွာနီးချုပ်စပ်တစ်ဝိုက်မှ ရေနံဆီ လာဝယ်သူများ၏ အသံဗလံတို့ကြောင့် သူတို့နှစ်ယောက်၏ အသံကိုမူ ကြားကြပုံမရ။ မည်သို့ လုပ်ရပါမည်နည်း။ သို့သော် ရေနံဆီလာဝယ်ကြသော တိုင်းရင်းသားသုံးလေးယောက်ကတော့ သူတို့နှစ်ယောက်ကို အံ့သြသလို စိုက်ကြည့်နေကြသည်။ ကျော်ဇောဦးမှာ အဖြူမလေး၏



ပါးရိုက်ခြင်းကို ခံထားရသဖြင့် တော်တော်ရှက်သွားသည်။ ထို့ကြောင့်လည်း မျက်ရည်ကိုသုတ်၍ ခေါင်းငုံ့နေ၏။

"ဟော့ကောင် မတော်လို့ပါ ပြောရအောင် နင့် ဒီမျက်လုံးနှစ်လုံးက ကန်းနေလို့လား။ နင် ငါ့ကို သက်သက်ဝင်တိုက်တာ မဟုတ်လားဟင်"

နားရွက်တစ်ဖက်ကို တအားလိမ်ဆွဲလိုက်ပြီး သူ့မျက်လုံးကိုသာ လက်ညှိုးနှင့်ထိုးရန် ချိန်ရွယ်လာသောအခါ ကျော်ဇောဦးမှာ အဖြူမလေးကိုအတိုင်းမသိ ဒေါသထွက်လာသည်။ ဤတစ်ခါ သူမနှင့်ရန်ဖြစ်ကြလျှင် သူ့အမေအဖေတို့ အလုပ်မှ ထုတ် ပယ်ခံရမည်ကို ကျော်ဇောဦးက တွေးမိ၏။ ထို့ကြောင့်လည်း စောစောပိုင်းကသည်းခံ နေသေးသည်။ သို့သော် အဖြူမလေးက မတရား အနိုင်ကျင့်လာသောအခါ သတိဆိုသည်မှာလည်း သူ့ဦးနှောက်ထဲက ချက်ချင်း ပျောက်ကွယ်သွားလေသည်။

သူသည် ဘာကိုမှသတိမရတော့။ ဒေါသစိတ်၊ ရှက်စိတ်တို့နှင့် တစ်ကိုယ်လုံးထူပူလာကာ ခြေတွေလက်တွေမှာလည်း မခံချင်စိတ်နှင့်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာသည်။ ထို့ကြောင့်လည်း သူ့မျက်လုံးနားတွင် ရစ်ဝဲနေသော အဖြူမ လေး၏ လက်တစ်ဖက်ကို 'လူဝါးဝလွန်းတဲ့ကောင်မ သေပေရော့'ဟု လက်ဝါး စောင်းနှင့် တအားရိုက်ချပစ်လိုက်၏။ ဤမျှနှင့် သူကမကျေနပ်သေး။ အတင်းဖက်လုံး၍ သေးသွယ်သော အဖြူမလေး၏ကိုယ်လုံးကို ခါးစောင်းတင်၍ မြေပြင်သို့ ဗိုင်းခနဲ ပစ်ချလိုက်သည်။ အဖြူမလေးဆီမှ 'အင့်'ခနဲ မြည်သွားသော အသံတစ်ခုသည် သူ့စိတ်ကို ဘယ်လိုမှချုပ်တည်း မထားနိုင်ခဲ့။ ကျော်ဇောဦးကို ခံသတ်၍ မနိုင်မှန်းသိသောအဖြူမလေးသည် အော်ငို၍ သူ့အမေရှိရာ ရေနံဆီဆိုင်ဘက်သို့ စွတ်ပြေးသည်။ ကျော်ဇောဦးသည် ဒေါသမပြေသေးသဖြင့် ခြေထောက်ကျိုးနေသော ဖန်ခွက်ကွဲကိုကောက်၍ အဖြူမလေးကို လှမ်းပစ်လိုက်၏။ သခင်မကြီး ရေနံရောင်းနေသော ရေနံဆီဆိုင်ကို ဒိုင်းခနဲ ထိသွားသံကြားလိုက်ရသည်။

ခြံစည်းရိုးနားရှိ ဆီးပင်အောက်မှ ဆီးသီး ကောက်စားနေကြသော ကိုထွန်းဦး၊ ကိုသာမောင်၊ ကိုအောင်ကျော်တို့ကိုပင် သူက အသိမပေးဘဲ မိမိရွာဘက်သို့ ဒုန်းစိုင်းပြေးချလာ၏။ သူထွက်ပြေးသွားသည်ကို ရိပ်ခနဲ မြင်လိုက်သဖြင့် 'ဟေ့... ကျော်ဇောဦး၊ ဘာလဲကွ'ဟု သူ့အစ်ကိုက အော်မေးသည်ကိုပင် ပြန်မပြောနိုင်ခဲ့။ သခင်ကြီး၏အိမ်ဝင်းထဲမှ ဆူညံညံ အသံဗလံများသည် သူ့နောက်တွင် ဝေး၍ဝေး၍ ကျန်ရစ်သည်။ ဘာတွေဖြစ်လိမ့်မည်ကို သူက လုံးဝမစဉ်းစားနိုင်ခဲ့။ သူ့ဒေါသထွက်သည်။ လူဝါးဝ လွန်းသော အဖြူမလေးကို သူက အသေသတ်ချင်နေသည်။ ဒါပဲ သူသိသည်။ သူ့ စိတ်ထဲမှာ ဒါပဲ စွဲငြိလာသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



| ၇ |

ကျော်ဇောဦးသည် ဣန္ဒြေမပျက်ကျောင်းပေါ်သို့တက်လာ၏။ ဘုန်းတော်ကြီးကို ကျောင်းပေါ်၌ စကြ်ာလျှောက်၍ တွေ့ရသည်။

"ဟော့...ကျော်ဇောဦး၊ မင်းအစ်ကိုတို့ကော"

"နောက်က လာနေကြပါတယ် ဘုရား"

ကျော်ဇောဦးသည် သူနှင့်အဖြူမလေးတို့ ရန်ဖြစ်လာကြသည်ကို ဘုန်းတော်ကြီး သိသွားမည်စိုးသဖြင့် လိမ်၍လျှောက်လိုက်သည်။ ကိုထွန်းဦး၊ ကိုသာမောင်၊ ကိုအောင်ကျော်တို့ နောက်က ပါ မပါကို သူမသိ။ သူ ကံကောင်းသွားသည်ဟု ဆိုရမည်။ ဘုန်းတော်ကြီးအား သူက လျှောက်ထားသလိုပင် ကိုထွန်းဦး၊ ကိုသာမောင်၊ ကိုအောင်ကျော်တို့သည် မကြာမီ ရောက်လာကြ၏။

"ဟော့ကောင် ကျော်ဇောဦး...ဟို ဖလောင်းမလေးနဲ့ မင်းနဲ့ရန်ဖြစ်လာကြတယ်ဆို"

ကိုထွန်းဦးက ခရီးရောက်မဆိုက် မေး၏။

ဘုန်းတော်ကြီး သိသွားမှာစိုး၍ ကျော်ဇောဦးက အသာခေါင်းညိတ်ပြလိုက်သည်။

"ဟော့ကောင်ရယ် ဖလောင်းအိမ်နားမှာတော့ မင်းသတင်းတွေ အုတ်အော်သောင်းတင်း ကျန်ရစ်တာပဲကွ။ မင်းကို ဖလောင်းမကြီးနဲ့ ဖလောင်းမလေးက လိုက်ရှာနေကြတယ်"

"ဟာ...ဒီလူ တော်တော်ခွကျတာပဲ"ဟု ကျော်ဇောဦးက ကိုသာမောင်ကို အော်ပစ်လိုက်ချင်သည်။ သို့သော် ဘုန်းတော်ကြီးကပါ စိတ်ဝင်စားသလို နားထောင်နေသဖြင့် သူက မည်သို့မျှမပြောသာ။

"အစတုန်းကတော့ တို့က မင်းလို့မထင်မိဘူး။ နောက် မင်း ထွက်ပြေးသွားတာနဲ့ ဖလောင်းအိမ်ဝင်းထဲက ဆူဆူညံညံ အသံတွေကို ကြားရတော့မှ မင်းမှန်းသိရတာ"

"ဟော့လူ...တော်တော့ဗျာ"

ဤမျှ အလိုက်ကန်းဆိုး မသိတတ်သော ကိုသာမောင်ကို ဘုန်းတော်ကြီး ရှေ့၌ပင် ကျော်ဇောဦးက အော်ပစ်လိုက်၏။

"မင်း...ကံကောင်းသွားတယ် ကိုယ့်ဆရာ။ ဖလောင်းမကြီးက တုတ်တစ်ချောင်းနဲ့မင်းမရှိတော့ဘူးလားလို့ တို့ကိုလာမေးတယ်။ တို့ကပြေးပြီဆိုမှ ဗျစ်တောက်ဗျစ်တောက်နဲ့ ပြန်သွားလေရဲ့။ မင်းအမေ အဖေတွေလာရင် တိုင်ပြောမယ်တဲ့။ တို့လည်း အခြေအနေမဟန်တာနဲ့ လစ်လာခဲ့ရတယ် ဟေးကောင်ရယ်"

ကိုအောင်ကျော်ကပါ ဆက်ပြောနေသောအခါ ကျော်ဇောဦးမှာ ဟစ်၍ငိုပစ်ချင်လောက်အောင် စိတ်ညစ်သွားသည်။

"ဘာဖြစ်လို့လဲကွ"



ဘုန်းတော်ကြီး၏မေးသံကို ကြားရသောအခါ ကျော်ဇောဦးမျက်နှာမှာ သွေးဆုတ်သွားလေပြီ။

"အလကားပါဘုရား၊ ဟိုသခင်မလေးဆိုတဲ့ အဖြူမလေးက လူဝါးဝလွှန်းလို့ တပည့်တော် ရိုက်ပစ်ခဲ့တယ်"

"ကောင်းတယ်၊ ကောင်းတယ်"

မလွှဲမရှောင်သာသဖြင့် ဘုန်းတော်ကြီးအား လျှောက်လိုက်မိသောအခါ ဘုန်းတော်ကြီးမှာ သူ့အား အပြစ်မဆိုရုံတင်မက ဩဘာပင်ပေးနေပြန်၏။

တစ်ရွာတစ်ကျေးသို့ သွားသောအခါ ယဉ်ယဉ်ကျေးကျေး နေရမည်။ သူတစ်ပါးပစ္စည်းကို မခိုးရ။ သူတစ်ပါးအသက်ကို မသတ်ရ။ သူတစ်ပါးကို မတရားမလုပ်ရ။ သခွားသီး၊ သရက်သီး၊ နာနတ်သီးတို့ကိုပင် ပိုင်ရှင်ခွင့်မပြုဘဲ ခူးမစားရ၊ အလှူအတန်း၊ မသာအသုဘရှိ၍ တစ်ရွာတစ်ကျေးသို့ သွားရာတွင် ရွာခံကလေးများနှင့် ရန်မဖြစ်ရ။ လူကြီးသူမတွေကို ရိုသေကိုင်းညွှတ်ရမည်ဟု သူ့အား သွန်သင်ဆုံးမနေ သောဘုန်းတော်ကြီးကပါ 'ကောင်းတယ်၊ ကောင်းတယ်'ဟုပြောသောအခါ ကျော်ဇောဦးမှာ ဘုန်းတော်ကြီး၏မျက်နှာကို မဝံ့မရဲနှင့် ငေးကြည့်၍ အံ့အားသင့်သွားလေ၏။

ကိုထွန်းဦးကတော့ သူနှင့်အဖြူမလေးတို့ ရန်ဖြစ်လာကြောင်း ဘုန်းတော်ကြီးအား လျှောက်ထားနေသည်။

"ဒီဖလောင်းတွေဟာ တို့မြေပေါ်လာပြီး တို့မြေထဲကရတဲ့ မြေဆီမြေနှစ်တွေကိုလည်း ယူသေး၊ တို့လူမျိုးကိုလည်း ပမာမခန့်ပြုသေး။ တောက်၊ ဒင်းတို့တစ်တွေကို တို့မြေပေါ်က တစ်နည်းနည်းနဲ့ နှင်ပစ်ကြဖို့ကောင်းပြီ"

ဘုန်းတော်ကြီး၏ အောင်မြင်ခန့်ညားသော အသံက ကျော်ဇောဦး၏ နားထဲသို့ တိုးဝင်လာပြန်သည်။

"ဘုန်းကြီးတို့ ငယ်ငယ်တုန်းကဆိုရင် ရေနံဆီတွေကို ပိုက်ဆံပေးဝယ်သုံးရတာ မဟုတ်ဘူးကွ။ ရွှေတောင်ကြားတစ်ဝိုက်က ချောင်းငယ် စမ်းငယ်များထဲမှာ ဘယ်အချိန် သွားတူးတူး။ ဒီနားတစ်ဝိုက်ကလူတွေ သုံးမကုန်အောင် ရခဲ့တယ်။ ဒီဖလောင်းတွေလည်း ရွှေတောင်ကြားမှာ ရေနံဆီလာတူးရော ချောင်းထဲက ရေနံဆီတွေဟာ တစ်နှစ် နှစ်နှစ်အတွင်းမှာ ပျောက်သွားတော့တာပါပဲ။ အခုဆိုရင် ဒီဖလောင်းတွေဆီမှာ တို့တွေ ရေနံဝယ်သုံးနေရပြီ"

ဘုန်းကြီးတို့ငယ်ငယ်တုန်းက ရေနံဆီဝယ်မသုံးရဟုဆိုသဖြင့် ကျောင်းသားငယ်များမှာ အံ့သြနေသည်။ သူတို့ထက် ကျော်ဇောဦးက ပို၍အံ့သြနေသည်။ သခင်ကြီး ဆိုသော အင်္ဂလိပ် မျက်နှာဖြူကြီးကို ဘုန်းတော်ကြီးက 'ဖလောင်း' ဟု အဘယ်ကြောင့် ပြောလေသနည်း။ သူတို့ ကျောင်းသားငယ်များ သိရှိထားကြသည်မှာကား သူတို့ငယ်ငယ်တုန်းကပင် 'ရေနံဆီဟော့' ဆိုလျှင် ရွှေတောင်ကြားရှိ သခင်ကြီးဆိုသော အင်္ဂလိပ်မျက်နှာဖြူကြီးဆီမှာသာ ဝယ်ယူသုံးစွဲလာခဲ့ကြသည်။ သူတို့ ရွာနီးချုပ်စပ်တစ်ဝိုက်တွင် ရေနံဆီလုပ်ငန်းကို ကျွမ်းကျင်

www.burmeseclassic.com

www.burmeseclassic.com



နားလည်စွာ လုပ်ကိုင်နိုင်သူဆို၍လည်း ဤရွှေတောင်ကြားက အင်္ဂလိပ်မျက်နှာဖြူ တစ်ယောက်သာရှိသည် မဟုတ်ပါလား။

“နောက်တော့ ဒီဖလောင်းကြီးက ချောင်းငယ်နားမှာရှိတဲ့ ရေနံတောင်နဲ့ အခြား တောတောင်တွေကို သူတို့ဖလောင်းမင်းဆီမှာ အခွန်ဆောင် ပတ်တာနဲ့ပြီး ရေနံမြေတွေကို အကုန် သိမ်းပိုက်ယူထားတယ်။ ဒါတင် မကသေးဘူး၊ သူက ရေနံဆီများများ ရမယ်ထင်တဲ့ တိုင်းရင်းသားပိုင် လယ်တွေကိုပါ အတင်းအဓမ္မ ပိုက်ဆံပေးပြီး ဝယ်တယ်။ ကျော်ဇောဦးအဖေ မောင်ဖြူသီးတို့ လယ်ကိုလည်း ဒီလိုပဲ ဝယ်သွားပြီ။ ခု မောင်ဖြူသီးတို့လင်မယားကိုပါ ကျွန်ပြုထားတာ တွေ့လား။ ရခိုင်လူမျိုးထဲက ကျော်ဇောဦးတို့ အမေအဖေဆိုရင် ပထမဆုံး ကျွန်ဖြစ် ခံရတာပဲ။ ဘယ်လောက် အသည်းနာဖို့ ကောင်းလဲ။ တို့မြေပေါ်ကို စော်စော် ကားကားလာပြီး တို့မြေထဲက မြေဆီမြေနှစ်တွေကိုလည်း တူးယူသေး။ တို့ လူမျိုးတွေကိုလည်း ကျွန်ပြုထားသေး။ ငါဖြင့် ဘုရားပညတ်တော်ကို စောင့်ထိန်း နေရလို့သာ။ နို့မဟုတ်ရင် မင်းသားကြီးဦးရွှေပန်းတို့၊ မြို့သူကြီးဦးအောင်ကျော် ရှိတို့လို ရာဇဝင်တွင်သွားအောင် ဒီဖလောင်းတွေကို ခံချချင်သေး”

ဘုန်းတော်ကြီးက စိတ်ပါလက်ပါ ပြောပြနေသည်ကို ကျောင်းသားအားလုံး ငြိမ်၍ နားထောင်နေကြသည်။

“မင်းတို့ကတော့ ငယ်သေးလို့ ဘာမှသိကြမှာ မဟုတ်ဘူး။ တို့လူမျိုးဟာ ကိုယ့်မင်း ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးနဲ့ နေလာခဲ့ကြတဲ့ လူမျိုးပဲ။ တို့မြောက်ဦး ရွှေမြို့တော်ကြီးကို ဖလောင်းမင်းက တိုက်ခိုက်သိမ်းယူသွားတော့ သူ့ကျွန်မခံ ချင်စိတ်နဲ့ မင်းသားကြီးဦးရွှေပန်းတို့၊ မြို့သူကြီးဦးအောင်ကျော်ရှိတို့ဟာ ဖလောင်း မင်းကိုအတော်ကြာ ခံတိုက်နေကြသေးတယ်။ နောင်အားမမျှလို့ အဖမ်းခံရပြီး ဒက္ကာထောင်မှာ အကျဉ်းချထားတာတောင် အသတ်ခံရခါနီးမှာ လက်ဝါးက သွေးကိုဖောက်ပြီး နံရံမှာ ‘မှာတမ်းစာ’ရေးပစ်ခဲ့ကြသေးတယ်။ ငါ ရွတ်ပြမယ် မင်းတို့ နားထောင်ကြ”

“နောက်သားနောင်လာ၊ နောက်ထပ်ပါသည့်၊ ဆရာသုံးဆက်၊
ရှေ့ကတက်၍၊ အသက်ခန္ဓာ၊ လူတို့မှာကား၊ တစ်ခါတစ်ရံ၊
အဖိုးတန်၏၊ တစ်ရံတစ်ခါ၊ ဆိုတုံပါလည်း၊ သူသာသာလျက်၊
လာနိဗ်စက်က၊ အသက်ခန္ဓာ ဆုံးတတ်ရာ၏၊ ဓမ္မလမ်းမှန်၊ ကျင့်
ကောင်းကြံလျက်၊ ပိုက်ဆံကိုစား၊ လိမ်လည်ထားသော်၊ နောက်
သားတစ်ဖန်၊ သည်းမခံနှင့်၊ နိုင်ငံတကာ၊ ဟူရာရာ၌၊ ပညာနှင့်
ဉာဏ်၊ သင့်ကဖန်၍၊ တာဝန်မပျက်၊ သစ္စာရှက်လျက်၊ အသက်
ကိုလှီး၊ သွေးချောင်းစီးမှ၊ အပြီးကျင့်ခိုင်း၊ နိုင်ငံတိုင်းမို့၊ အစိုးစိုး
နှင့်၊ ကိုယ့်မြို့ကိုယ့်ပြည်၊ ကိုယ့်ဌာနီကို၊ ရမည်မုချ၊ ဤလောက
သည်၊ အောက်ကျမခံချင်သောကြောင့် တဲ့”

ဘုန်းတော်ကြီး၏မျက်နှာမှာ ရွာတော့မည့်မိုးလို ညို့မှိုင်း မည်းမှောင်လာတော့



သည်။ ကျောင်းသားတွေက ဘုန်းတော်ကြီး၏ မျက်နှာကို ငေးကြည့်၍ တိတ်ဆိတ် ငြိမ်သက်နေကြ၏။

‘မင်းသားအမှန်၊ ငါလျှင်ကြံက၊ နိုင်ငံရပ်စည်၊ တိုင်းပြည်အတွက်၊
ကိုယ့်အသက်ကို၊ ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌၊ ခန္ဓာရုပ်ဟောင်း၊
ဘဝပြောင်းလဲ၊ ဖြစ်ကြောင်းသံသရာ၊ သတ္တဝါတို့၊ မှန်စွာမချွတ်၊
သူမသတ်လည်း၊ မလွတ်တစ်ခါ၊ သေအံ့ရာတည်း၊ ကမ္ဘာမကြေ၊
သူတို့တွေလည်း၊ အနေမစိုး၊ ငါပြေထိုးသော်၊ အရိုးတစ်ခါ၊ စွန့်လိမ့်ရာ၌
နောင်လာနောက်သူ၊ ရခိုင်လူတို့၊ အယူမပြောင်း၊ ငါ့လမ်းကြောင်း
ကို၊ ကောင်းကောင်းလိုက်နာ၊ ပြည်ခေညာကို၊ တစ်ခါမုချ၊ ငါတို့ရအံ့
လုံ့လရှေ့သန်၊ လူလျှင်ကြံက၊ နိဗ္ဗာန်မချွတ်၊ လက်ဝါးခတ်သည်၊
စွဲမှတ်ဤခါ သေတမ်းတည်းတဲ့’

“ဒါတွေကို ငါရွတ်ပြနေလို့လည်း မင်းတို့က ငယ်သေးတော့ နားလည် ကြမှာ မဟုတ်ဘူး။ ကဲကဲ မိုးလည်းချုပ်ပြီ၊ ထမင်းစားပြန်ကြတော့”

ကျောင်းသားငယ်များမှာ ညနေစာထမင်းစားရန် ရွာထဲသို့ ဝင်လာကြသည်။ ဘုန်းတော်ကြီး၏စကားကို မည်သူမျှ အလေးအနက်မထားဘဲ တစ်လမ်းလုံး ဆော့လာကြ၏။

* * *

| ၈ |

“အစ်ကို အင်္ဂလိပ်မျက်နှာဖြူတွေကို ဘုန်းကြီးက ဖလောင်းလို့ ဘာလို့ပြော တာလဲ”

အင်္ဂလိပ်မျက်နှာဖြူကြီးကို အရပ်သားတွေက ရိုသေကိုင်းရှိုင်းစွာ ‘သခင် ကြီး’ ဟုခေါ်နေကြသော်လည်း ဘုန်းတော်ကြီးကတော့မူ ‘ဖလောင်း’ဟုသာ ကင်ပွန်းတပ် ပြောဆိုသောအခါတွင်ကား ကျော်ဇောဦးစိတ်ထဲမှာ ‘ဖလောင်း’ ဆိုသည်ကို နားမလည်သဖြင့် ထမင်းစားအပြန်လမ်းတွင် ကိုထွန်းဦးကို မေး ကြည့်ရ၏။

“အင်္ဂလိပ်မျက်နှာဖြူတွေကို တို့ရှေးရခိုင် လူကြီးတွေက ‘ဖလောင်း’လို့ ခေါ်တာ ဒီလိုတဲ့ကွ၊ ဘုန်းကြီးက ပြောပြတာလေ။ ခုမင်းပြင်ရွာအောက် ဖင် ငယ်ထဲမှာ ကျောက်လုံးရှည်ကြီး တစ်လုံးရှိတာ မင်းမြင်ဖူးတယ် မဟုတ်လား”

စိုင်းတရားမင်း လောင်းကျိုးဆိုတာလား အစ်ကို”

“အေး…အေး ဟုတ်တယ်”

စိုင်းတရားမင်းဆိုသည်ကို ငယ်စဉ်က သူ့အမေအဖေတို့ပြောပြသဖြင့် ကျော်ဇောဦးသည် မကြာမကြာ ကြားဖူးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုင်းတရားမင်း ဆိုသည်မှာ အလွန်ရေးကျသော ရခိုင်ဘုရင်တစ်ပါးဖြစ်သည်။ ထိုမင်းသည် တန်ခိုးအာဏာစက် ကြီးမားသလို ရုပ်ဆင်းအင်္ဂါလည်း အလွန်လှပသည် ဆို၏။ ထိုမင်း၏ စီးတော်လှေသည် (၉၉)လံရှည်၏။ ထိုမင်းသည် (၉၉)လံရှည်သော လှေတော်ကိုစီး၍ ပင်လယ်အတိုင်း လှည့်လည်လာရာ တစ်နေရာ၌ ကွမ်းတံတွေးကို အမှတ်မထင် ရေထဲသို့ ထွေးချမိသည်ဆို၏။ ထိုအခါ ကွမ်းတံတွေးသည် မြစ်ထဲရှိ ဘောဂဝတီ နဂါးပြည်၌ နဂါးမတစ်ယောက် ရက်ကန်း ရက်နေသော ပိတ်သားပေါ်တွင် သွားကျသဖြင့် နီရဲသော ကွမ်းတံတွေးကို မြင်ရသောအခါ ယက်ကန်းရက်နေသော နဂါးမက စဉ်းစားမိသည်မှာ 'တံတွေးပင် ဤမျှ လှပနီရဲနေလျှင် ဤလူသားကား မည်မျှ လှပလိမ့်မည်မသိ။ ဤလူသားကို ခင်ပွန်းပြုရသော် ကောင်းလေစွ'ဟု အကြံဖြစ်ပြီး စိုင်းတရားမင်းနောက်သို့ လိုက်လာကာ လှေတော်ကို သုံးပိုင်းကျိုးအောင် အမြီးနှင့်ရိုက်ချိုး၍ စိုင်းတရားမင်းကို ခင်ပွန်းပြုရန် ဘောဂဝတီနဂါးပြည်သို့ ခေါ်ဆောင်ကျဉ်း သွားလေသည် ဟူ၏။

သုံးပိုင်းကျိုးသွားသော စိုင်းတရားမင်း၏ လှေကျိုးမှာ ကျောက်ဖြစ်သွားပြီး ယခု အခါ မင်းပြင်ရွာအောက်တွင် တစ်ပိုင်း၊ အရှေ့ပြည်ဟုခေါ်သော မော်တင်စွန်းတွင်တစ်ပိုင်း၊ အနောက်ပြည်ဟုခေါ်သော ဘင်္ဂလားအဝကျွန်းဘက်တွင် တစ်ပိုင်း ရှိသည်ဟု ရမ်းဗြဲကျွန်းသား၊ အဘိုးအို အမေအိုများက သားငယ်၊ မြေးငယ်များအား ပြောပြတတ်ကြသည်။

ဤသည်ကို ကြားဖူးနေသော ကျော်ဇောဦးသည် ယခုသူ့အစ်ကိုက ပြောပြသောအခါ 'စိုင်းတရားမင်း လောင်းကျိုးဆိုတာလား'ဟု မေးလိုက်ခြင်း ဖြစ်သည်။

စိုင်းတရားမင်း လောင်း* (လှေ)ကျိုးကျောက်ဟု သူတို့ရွာနီးချုပ်စပ် တစ်ဝိုက်က လူများ ယုံကြည်ပြောဆိုနေကြသော ကျောက်လုံးရှည်ကြီးမှာ ကျောက်ဖြူမြို့မှ (၁၅)မိုင်အကွာ မင်းပြင်ရွာအောက်ရှိ ဘင်္ဂလားပင်လယ်အော်ထဲတွင် ယခုထိ ရှိနေသေးသည်။ ကျောက်ဖြူမြို့မှ ရမ်းဗြဲမြို့သို့ ကားနှင့်သွားဖူးသူများ တွေ့ဖူးကြပေလိမ့်မည်။

ထိုကျောက်လုံးရှည်ကြီးကို နောက် ဘုရားသမိုင်းဆရာတို့ကမူ စိုင်းတရားမင်း လောင်း (လှေ) ကျိုးကျောက်ဟု မယူဆကြ။ လောင်းကျိုးကျောက်ဟု ခေါ်လာကြသည်မှာ ဤသို့သာဖြစ်သည်ဟု အောက်ပါအတိုင်း အကိုးအကားပြ၍ ငြင်းချက် ထုတ်ကြသည်။

အနောက်မဇ္ဈိမတွင် ဗုဒ္ဓရှင်တော်ဘုရားပွင့်တော်မူစဉ်၊ ဘုရားရှင်သည် နောက်ပါ ညီတော်အာနန္ဒာကိုခေါ်၍ ရခိုင်ပြည်သို့ ကောင်းကင်ခရီးဖြင့် ဒေသစာရီကြွချီတော်မူလာရာ ဝမ်းဘဲတစ်ဝပ်စာမျှသာရှိသော (ယခုရမ်းဗြဲကျွန်းဖြစ်လာမည့်) ကျွန်းငယ်လေးတစ်ခုပေါ်တွင် ခနိုက်တစ်ခက် တင်နေသည်ကို မြင်ရသဖြင့် ဘုရားရှင်သည် ကောင်းကင်၌ ရပ်တန့်တော်မူပြီး 'ချစ်သားအာနန္ဒာ၊ ဤ ဝမ်းဘဲတစ်ဝပ်စာမျှသာ

* (ရခိုင်ပြည်သူပြည်သားများက 'လေ့' ကို 'လောင်း' ဟု ခေါ်သည်။)



ရှိသော ဤကျွန်းငယ်သည် ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက်၌ ရန်ပြေကျွန်းဟု ဖြစ်ပေါ်၍ ငါဘုရားသာသနာတော်ထွန်းကားလတ္တံ့'ဟု ဗျာဒိတ်စကားမြွက်ကြားတော်မူသည် ဆို၏။

နှစ်ပေါင်းရှည်ကြာသောအခါ 'ရန်ပြေကျွန်း'မှ 'ရမ်းပြည့်ကျွန်း' ယခု ရမ်းဗြဲကျွန်းဟု ဖြစ်ပေါ်လာသည်။

ယခု စိုင်းတရားမင်းလောင်းကျိုးကျောက်ဟု ပြောနေကြသော မင်းပြင်ရွာအောက်ရှိ ကျောက်လုံးကြီး တည်ရှိနေသောနေရာမှာ ယခင်အခါက ရေပြင်အနက်ထဲ၌သာ ရှိနေသေးရာ တောင်စဉ်ကမ်းဟုခေါ်သော ရခိုင်ရိုးမဘက်မှ လောင်း(လှေ)နှင့် ခရီးသွားလာကြသော တိုင်းရင်းသားလူမျိုးများသည် ဒီရေတက်နေချိန်၌ ထိုကျောက်လုံးကို မမြင်ရသဖြင့် ထိုကျောက်လုံးကြီးပေါ်တွင် လောင်း(လှေ)ဝင်ဘိုက်မိ၍ ခဏခဏ လောင်း(လှေ)ကျိုးသည်ကို အစွဲပြု၍ 'လောင်းကျိုးကျောက်' ဟုခေါ်တွင်သည်ဟု ဘုရားသမိုင်းဆရာတို့က ဆိုကြသည်။

"အဲဒီ စိုင်းတရားမင်းဟာ ဘုန်းတန်ခိုးအလွန်ကြီးတော့ (၉၉) လံ ရှည်တဲ့ လှေပေါ်ကို တက်လိုက်တာနဲ့ တစ်ပြိုင်နက် လှေဟာ ရေထဲနစ်နစ်သွားတယ်တဲ့။ နောက်တော့ ပညာရှိအမတ်ကြီးတွေက မင်းတရားကြီး လှေပေါ်ကိုတက်တဲ့အခါ ပုဆိုးစကို လက်ယာပခုံးပေါ်တင်ပြီး တက်ပါလို့ လျှောက်ထားကြတယ်။ ပညာရှိ အမတ်ကြီးတွေ လျှောက်ထားကြသလို ပုဆိုးစကို လက်ယာပခုံးပေါ်တင်ပြီး တက်တော့မှ ဘုန်းနိမ့်သွားပြီး လှေဟာ ရှင်ဘုရင်အစီးခံနိုင်သတဲ့။ အမိပွာယ်က တော့ ဘုန်းရှိတဲ့ဘုရင်ဟာ တို့ သာမန်လူတွေထက် အလေးပိုများတယ် ဆိုပါ တော့။ အဲဒီအကြောင်းကို တို့မြောက်ဦးရွှေမြို့တော်ကို ခေတ္တခဏ အခစားရောက် နေတဲ့ အင်္ဂလိပ်တစ်ယောက်ကို မင်းသားငယ် တစ်ပါးက စကားစပ်မိလို့ ပြောပြ တော့ အင်္ဂလိပ်ကြီးက မယုံဘူးတဲ့။

"နောက်တော့ အငြင်းအခုံဖြစ်ကြပြီး အင်္ဂလိပ်ကြီးက ဘာပြန်ပြောသလဲ ဆိုတော့ 'ကောင်းပြီ၊ သို့ဆိုရင် အသင်မင်းသားဟာ ရှင်ဘုရင်သားမို့ ကျွန်ုပ်ထက် အလေး ပိုများပါ့မလား'လို့ မေးသတဲ့။

မင်းသားငယ်ကလည်း 'ကျုပ်ဟာ ဘုရင့်သား ဘုန်းရှိတဲ့လူမို့ အသင့်ထက် အလေးချိန် ပိုများရမယ်'လို့ ပြန်ပြောသတဲ့။ ဒါလည်း အင်္ဂလိပ်ကြီးက 'မယုံ ဘူး'ပြောတော့ မင်းသားငယ်ကလည်း စိတ်ဆိုးလာပြီး 'ကဲ...သည်လိုဆိုရင် နောက် ခုနစ်ရက် အကြာမှာ အသင်နှင့်ကျုပ် အလေးချိန်ပြိုင်ကြစို့၊ ရှုံးတဲ့လူကို ခေါင်းဖြတ် သတ်စတမ်း'ဆိုပြီး ရက်ချိန်းပေးလိုက်သတဲ့"

"တစ်ရက် နှစ်ရက်ကြာတော့ အင်္ဂလိပ်ကြီးက ဤမင်းသားငယ်ဟာ မဟုတ်တဲ့ ပြောကန်ရာ။ တကယ်လို့ဟုတ်နေရင် ငါ့ကိုခေါင်းဖြတ်သတ်တော့မှာပဲ ဆိုပြီး ပုဏ္ဏားညို၊ ပုဏ္ဏားဖြူတို့ဆီမှာ တံပိုးလက်ဆောင်ထိုးပြီး အကြံဉာဏ် သွားတောင်း သတဲ့။ ထိုအခါ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့က မင်းသားငယ်ရဲ့နံကိုနိမ့်စေတဲ့ ဗေဒ အရင်တစ်ကောင်ကို ဘောင်းဘီအိတ်မှာထည့်ပြီး အလေးချိန်လောင်းကြစို့

www.burmeseclassic.com

www.burmeseclassic.com



အကြံ ပေးလိုက်သတဲ့။

ခုနစ်ရက်စေ့လို့ အလေးချိန်ကြတော့ မင်းသားငယ်နဲ့အင်္ဂလိပ်ကြီးဟာ အလေးချိန်ခြင်း တူမျှနေသတဲ့။ မင်းသားငယ်ကမကျေနပ်တာနဲ့ အင်္ဂလိပ်ကြီးကိုယ်ပေါ်ကို ရှာခိုင်းတော့ ကောက်ကျစ်စဉ်းလဲစွာ ဖားတစ်ကောင်ကို ထည့်လောင်းထားတာတွေ့ရလို့ ပရိသတ်ဗိုလ်ပုံအလယ်မှာ 'ဖားလောင်း'လို့ ကင်ပွန်းတပ်ခေါ်ပြီး [illegible] အရှုတ်ကွဲစေသတဲ့။ အဲဒီကစလို့ အင်္ဂလိပ်မျက်နှာဖြူများကို [illegible] 'ဖလောင်း'လို့ ခေါ်လာကြသတဲ့"

"အင်္ဂလိပ်ကို ခေါင်းဖြတ်ပြီးတော့ မသတ်ဘူးလား"

"[illegible] ခေါင်းဖြတ်တော့ မသတ်ဘူးတဲ့။ အရှုံးအနိုင်မရှိဘဲ သရေပွဲကို ကောက်ကျစ်စဉ်းလဲစွာ ကြံဆောင်နိုင်တဲ့အတွက် အသက်ကို ချမ်းသာပေးလိုက်တယ်တဲ့"

ကိုထွန်းဦးက အကြောင်းစုံပြောပြတော့မှ အင်္ဂလိပ်မျက်နှာဖြူကြီးအား ဘုန်းတော်ကြီးက 'ဖလောင်း'ဟု သုံးနှုန်းပြောဆိုကြောင်း ဇာစ်မြစ်ကို ကျော်ဇောဦး သိရလေသည်။

"ဟော...သားတို့ဟောင် ပြန်လာကြပြီ"

ကိုထွန်းဦးနှင့်ကျော်ဇောဦးတို့ အိမ်သို့ ရောက်လာကြသောအခါ ရွှေတောင်ကြားက ကျော်ဇောဦး၏ အဖေအမေတို့ ရောက်နေကြသည်ကို တွေ့ရသည်။ ကျော်ဇောဦးအတွက် ပုဆိုးအင်္ကျီအသစ်တွေ ပါလာသည်ကိုလည်း တွေ့ရ၏။

"သား...နေ့ခင်းက ရွှေတောင်ကြားကို လိုက်လာပြီး သခင်မလေးနဲ့ ရန်ဖြစ်သွားကြသေးတယ်ဆို"

ကျော်ဇောဦးက ခေါင်းညိတ်ပြ၏။

"ရွှေတောင်ကြားကို သားနောက်မလိုက်လာနဲ့နော်။ အမေတို့သားဆီကို မကြာမကြာ လာမယ်။ နောက်တစ်ခါ သား ရွှေတောင်ကြားကို လိုက်လာလို့ သခင်မလေးနဲ့ ရန်ဖြစ်ကြရင် အမေတို့ကို သခင်မကြီးက အလုပ်ထုတ်ပစ်လိမ့်မယ် ကြားလား"

ဤတစ်ခါတော့ သူ့အမေက သူ့သားအား အပြစ်မဆိုသဖြင့် တစ်လနစ်လအတွင်း စိတ်ပြောင်းသွားသော သူ့အမေကို အကဲခတ်၍ ကျော်ဇောဦးမှာ ငေးကြည့်နေမိသည်။

"ဒီနေ့ ရန်ဖြစ်ကြတာဟာလည်း သခင်မလေးက လွန်လို့ ဖြစ်ကြတယ်ဆိုတာ ရေနံဆီ လာဝယ်သူတွေက ပြောပါတယ်။ သားကို အမေတို့က အပြစ်မဆိုပါဘူး။ သခင်ကြီးကလည်း သခင်မလေးနဲ့ သခင်မကြီးကိုပဲ ဆူတယ်။ သခင်မကြီးက သားကို ပိုက်ဆံတစ်ပဲ ပေးလိုက်သေးတယ်ဆို"

သူ့အမေက ပြောတော့မှ ကျော်ဇောဦးသည် သခင်မကြီးပေးလိုက်သော



ပိုက်ဆံကို သွား၍သတိရသည်။ သူ့အိတ်ထောင်ထဲကို စမ်းကြည့်လိုက်[illegible] သခင်မကြီး ပေးလိုက်သော ပိုက်ဆံတစ်ပဲမှာ ဘယ်နေရာတွင် ကျကျန်ခဲ့သည်မသိ။ သူ့အိတ်ထောင်ထဲ၌ မရှိတော့ပေ။

"ဟုတ်တယ် အမေ၊ သခင်မကြီးက ပေးလိုက်တာတော့ အမှန်ပဲ။ ဒါပေမယ့် အဲဒီပိုက်ဆံတစ်ပဲ ဘယ်မှာ ကျကျန်ခဲ့လဲ မသိတော့ဘူး"

ထိုညက ကျော်ဇောဦးသည် ကျောင်းသို့မပြန်ဘဲ သူ့အမေအဖေတို့နှင့်အတူ မိမိအိမ်၌ သွားအိပ်၏။

နံနက်လင်း၍ သူ့အမေနှင့်အဖေတို့ ရွှေတောင်ကြားသို့ ပြန်သွားကြသောမှ ကျော်ဇောဦးသည် ဘုန်းကြီးကျောင်းသို့ ပြန်လာလေသည်။

* * *

| ၉ |

ကျော်ဇောဦးသည် ရွာခေါင်းကြီးဦးစံထွန်းအား တော်တော်မကျေမနပ် ဖြစ်နေသည်။

သူသည် ဘုန်းကြီးကျောင်းမှ ကျောင်းထွက်လာကတည်းကပင် ရွာခေါင်းကြီး ဦးစံထွန်းအိမ်မှာ လယ်ကူလီသူရင်းငှားအဖြစ် အလုပ် ဝင်လုပ်လာခဲ့ရသည်။ ရွာခေါင်းကြီး ဦးစံထွန်းအိမ်၌ သူလယ်ကူလီ ဝင်လုပ်နေသည်ကို မိဘနှစ်ပါးက လုံးဝသဘော မတူကြ။ မိဘနှစ်ပါး၏သဘောမှာ ရွာခေါင်းကြီး ဦးစံထွန်းအိမ်၌ လယ်ကူလီဝင်လုပ်မည့်အစား မိဘနှစ်ပါးနှင့်အတူ ရေနံတောင်သခင်ကြီးဆီ၌သာ လခစားအလုပ်ကိုဝင်၍ လုပ်စေချင်ကြသည်။ သို့သော် ကျော်ဇောဦးက စိတ်ထဲတွင်တော့ တိုင်းတစ်ပါးသားဆီတွင် ကျွန်မခံလိုဟူသော အကြောင်းပြချက်နှင့် မိဘနှစ်ပါး၏သဘောကို ဆန့်ကျင်ကာ ရွာခေါင်းကြီး ဦးစံထွန်းအိမ်မှာပင် လယ်ကူလီ အလုပ်ကို ဝင်လုပ်လာခဲ့သည်။

ရွာခေါင်းကြီး ဦးစံထွန်းအိမ်၌ ကျော်ဇောဦး လယ်ကူလီဝင်လုပ်လာခဲ့သည်မှာ သည်နှစ်ပါဆိုလျှင် နှစ်နှစ်ပင် ကျော်လာခဲ့ပြီဖြစ်၏။ သူက သွေးရင်းသားရင်းများပမာ ပင်ပန်းဆင်းရဲခံကာ လုပ်ကိုင်ပေးလာခဲ့၏။ လယ်ကူလီ သူရင်းငှားဟုဆိုသော်လည်း လယ်လုပ်ငန်းနှင့် လုံးဝမပတ်သက်သော ထင်းခွေ ရေခပ်ကအစ အိမ်ဖာဟိရအလုပ်များကိုပင် ကျော်ဇောဦးက မခိုမကပ် မငြိုမငြင် လုပ်ကိုင်ပေးခဲ့သည်။ သို့သော်လည်း ဦးစံထွန်းကား ကျော်ဇောဦးကို တစ်ခါမျှ အကောင်း မပြောပေ။ ငယ်ရွယ် သူဖြစ်သဖြင့် လယ်ယာလုပ်ငန်းတွင် စေတနာအရိုးခံအတိုင်း ပြုလုပ်မိ[illegible] တစ်စုံတစ်ရာ မှားယွင်းသွားသည်ကိုပင် ညစ်သည်၊ ကောက်ကျစ်စဉ်းလဲသည်၊ စေတနာမဲ့သည်၊ စိတ်ယုတ်၊ စိတ်ပုပ်ရှိသည်ဟု ဦးစံထွန်းက ကျော်ဇောဦးအား ဆို၍၊ ဆဲ၍၊ ကြိမ်းမောင်း၍မပြီး ဖြစ်ခဲ့ရသည်။ သို့သော်လည်း ကျော်ဇောဦးသည်

www.burmeseclassic.com

www.burmeseclassic.com



သည်းညည်းခံ၏။ ဦးစံထွန်းအား တစ်စုံတစ်ရာ ပြန်မပြောခဲ့။ သူ၏ယုံကြည်ချက်မှာ သူမှိဘနှစ်ပါးလို တိုင်းတစ်ပါးသား အင်္ဂလိပ်မျက်နှာဖြူကြီးဆီတွင် အဆိုအပြောခံ ကျွန်သာသာ လုပ်ကိုင်ပေးနေရသည်နှင့်စာလျှင် မိမိတိုင်းရင်းသားဆီမှာ အဆိုအပြော ခံကာ လုပ်ကိုင်ပေးရသည်က ပို၍မြတ်လှသည်ဟု သူက ယုံကြည်ထားသည်။ ထို့ကြောင့်လည်း ဦးစံထွန်းပြောသမျှ သူက ခေါင်းငုံ၍ခံလာခဲ့ခြင်း ဖြစ်သည်။

ဦးစံထွန်းဆီ၌ ကျော်ဇောဦး နေပူမိုးရွာမရှောင် လယ်ကူလီအလုပ်ကို ပင်ပန်း ဆင်းရဲခံကာ လုပ်ကိုင်နေသည်ကို မြင်ရသောအခါ မိဘနှစ်ပါးတို့မှာ ကျော်ဇော ဦးအား သခင်ကြီးဆီ၌ သက်သောင့်သက်သာနှင့် လခစားအလုပ်ကို အဖေအမေ တို့နှင့်အတူ လာလုပ်ပါရန် ရွှေတောင်ကြားက မိမိရွာသို့အလည်ရောက်လာကြ တိုင်း အကြိမ်ကြိမ်အခါခါ ဖျောင်းဖျပြောဆိုခဲ့ကြသည်။ သို့သော် ငယ်စဉ်က တည်းကပင် ခေါင်းမာတတ်သော ကျော်ဇောဦးသည် မိဘနှစ်ပါး၏စကားကို ငြင်းပယ်ခဲ့၏။ ဦးစံထွန်းက မည်မျှပင် ဆဲဆိုကြိမ်းမောင်း၍ ပင်ပင်ပန်းပန်းခိုင်းစေ တာမှ ကျော်ဇောဦးက မငြင်းဆန်ခဲ့၊ မတွန့်ဆုတ်ခဲ့။ ဦးစံထွန်းခိုင်းသမျှ ကုန်း၍ ရုန်း၍ လုပ်ပေးနေ၏။ နောက်သော် ခေါင်းမာလှသော သားငယ်အား မိဘနှစ်ပါးက လည်း ဘယ်လိုမှ ပြောမရမှန်းသိသောအခါ လျစ်လျူရှုထားလိုက်ရလေသည်။

ယခင်က ဦးစံထွန်းသည် သူ့အား မည်မျှပင်ဆဲရေးတိုင်းထွာ၍ နိုင်းလာ စေကာမူ ကျော်ဇောဦးသည် အတတ်နိုင်ဆုံး သည်းခံ၍ လုပ်ကိုင်ပေးခဲ့သည်။ ယနေ့တော့ ဦးစံထွန်းအား ကျော်ဇောဦးတော်တော် ဒေါသထွက်မိသည်။ ဘာ မဟုတ်သောအကြောင်းကို ရေးကြီးခွင်ကျယ်လုပ်၍ ဆဲဆိုမပြီး ဖြစ်နေသဖြင့်လည်း ပို၍နာကြည်း စိတ်ဆိုးမိသည်။ ဖြစ်ရသည့်အကြောင်းမှာ 'ကုလားပါ' ရွာနားရှိ ဦးစံထွန်းပိုင် လယ်ယာမြေမှ လုပ်ကိုင်၍ရသော စပါးများကို လှည်းနှင့် 'ပန်းတော' ရွာသို့ တိုက်ယူလာရာတွင် တစ်မနက်မှာ သုံးလေးခေါက် အလွန်ဆုံးဖြစ်သော် လည်း ငါးခေါက်မတိုက်ရကောင်းလားဟု ဦးစံထွန်းက ကျော်ဇောဦးအား ဆဲဆို ကြိမ်းမောင်းနေလေသည်။ သို့သော် အစကတော့ ကျော်ဇောဦးသည် 'သူ့အိပ်ရာ ထ နောက်ကျသွားလို့ပါ'ဟု မိမိကိုယ်ကိုသာ အပြစ်ချ၍ တောင်းပန်သည်းခံနေ သေး၏။ နောက်တော့ နားပူလွန်းမက နားပူအောင် ဆဲဆိုလာသောအခါ ကျော်ဇော ဦးမှာ စိတ်တို ဒေါသထွက်လာသည်။ သည်နေ့ 'ကုလားပါ' ရွာနားရှိ ကွင်းပြင်မှ စပါးများကို အပြီးတိုက်ပေးပါမည်ဟု ပြောသော်လည်း အဆိုအဆဲက မရပ်။ ထိုအခါ ဦးစံထွန်းအား အမြင်ကပ်ကပ်နှင့် ထမင်းစားခါနီး ဆေးလက်စပန်းကန် ကိုပင် သည်အတိုင်းပစ်ထားခဲ့၍ 'ကုလားပါ' ရွာနားရှိလယ်ကွင်းပြင်သို့ စပါး တိုက်ရန် ထွက်လာမိသည်။

'ကုလားပါ' ရွာနားရှိ လယ်ကွင်းပြင်မှ လှေ့နယ်ပြီးသား စပါးများ လှည်းနှင့် အပြည့်တင်၍ ကျော်ဇောဦးက တိုက်ယူလာရာ မင်းတဲထောင်နား မင်းလမ်း အတက်တွင် လှည်းစောင်းသွားသဖြင့် စပါးအနည်းငယ် ဖိတ်စင်ကျကျန်ရစ်သည်။ ဤသို့ ဖြစ်ရခြင်းကလည်း အမှန်မှာ လမ်းမကောင်းသည်က တစ်ကြောင်း၊ ပြီး



ဘစ်မနက်လုံး လှည်းဆွဲထားသော နွားနှစ်ကောင်မှာလည်း နေပူရှိန်ကြောင့် ပင်ပန်းနွမ်းနယ်နေကာ မင်းလမ်းသို့အတက်တွင် ထိန်းမရသဖြင့် လှည်းပေါ်က စပါးအနည်းငယ် ဖိတ်စဉ်ကျသွားရခြင်းသာ ဖြစ်လေသည်။ ဤသည်ကိုပင် မင်းပြင်ရွာသူကြီးဆီမှ မြင်းနှင့်ပြန်လာသော ရွာခေါင်းကြီးဦးစံထွန်းက တွေ့သွား သောအခါ ဆွေစဉ်ခုနစ်ဆက်၊ မျိုးစဉ် ခုနစ်ဆက်ပါမကျန် ဆဲဆိုကြိမ်းမောင်း သွားသည်။ တမင်သက်သက် အရွဲ့တိုက်သည်။ ကောက်ကျစ်စဉ်းလဲသည်၊ စိတ် ယုတ် စိတ်ပုပ်ရှိသည်။ ထို့ကြောင့်လည်း ဘိုးစဉ်ဘောင်ဆက်ကပင် သူတစ်ပါး ဆီမှာ ကျွန်ခံလာရသည်ဟု နာနာကြည်းကြည်း ဖိ၍ဆိုလာသည်။ သူ့အား မည်မျှပင် ဆဲဆိုသော်လည်း သည်းခံလာသော ကျော်ဇောဦးသည် ယခု ဦးစံထွန်း က ဘိုးစဉ်ဘောင်ဆက်ပါမကျန် အမျိုးကိုထိခိုက်၍ ပြောလာသောအခါ ကျော်ဇော ဦးမှာ ထောင်းခနဲ ဒေါသထွက်လာပြီး ပြန်ပြောမိ၏။ ထိုအခါ ဦးစံထွန်းကလည်း ရွာခေါင်းကြီး နှစ်လုံးပြူးသေနတ်ပိုင်ရှင်ဟူသော မာန်မာနနှင့် ကျော်ဇောဦးအား အာဏာရှင်ဆန်ဆန် သေနတ်ပြ၍ ခြိမ်းခြောက်ဆဲဆိုသည်။ နောက်တော့ လယ်ကူလီသူရင်ငှားနှင့် လယ်ပိုင်ရှင်ရွာခေါင်းကြီးမို့ ကျော်ဇောဦးကပင် အလျှော့ပေး လိုက်၏။ သို့သော်လည်း ကျော်ဇောဦးစိတ်ထဲတွင် ဦးစံထွန်းကို လုံးဝမကျေနပ် ပေ။ သူ့ကျောပေါ်တွင် လွယ်သိုင်းထားသော နှစ်လုံးပြူးသေနတ်ကို အတင်းလုပြီး သူ့ရင်ဝကို ပစ်ထည့်ချင်စိတ်ပင်ပေါက်သွား၏။ 'ကျားကိုကြောက်၍ ရှင်ကြီးကိုး၊ ရှင်ကြီးက ကျားထက်ဆိုး'ဟူသကဲ့သို့ ရွှေတောင်ကြားရှိ လူမျိုးခြားတိုင်းတစ်ပါး သား အင်္ဂလိပ်မျက်နှာဖြူကြီးဆီတွင် အဆိုအပြောခံ၍ ကျွန်သာသာအလုပ်မျိုးကို မလုပ်ချင်သဖြင့် မိမိတိုင်းရင်းသားလူမျိုးဆီမှာ လယ်ကူလီဝင်လုပ်ခါမှ ပို၍ အဆို အပြော အဆဲအကြိမ်းခံရသောအခါ ကျော်ဇောဦးစိတ်ထဲမှာ လွန်စွာပင်နာကြည်း ခံမိနည်းမိလေသည်။ သို့သော် ယခုအခါ မည်သို့မျှ မတတ်သာသေးသဖြင့် ကုလားပါရွာနားရှိ ဦးစံထွန်းပိုင်လယ်ပြင်သို့ စပါးတိုက်ရန်ကိုသာ လှည်းတစ်စီးနှင့် ထွက်လာမိသည်။

တကျွိကျွိမြည်နေသော လှည်းဝင်ရိုးသံနှင့် ရွှေ့ရွှေ့သွားနေသော နွားလှည်း သည် မင်းလမ်းမပေါ်သို့ တဖြည်းဖြည်း ရောက်လာသည်။ တိုင်းရင်းသားတို့၏ နွားလှည်းများက အခေါက်ခေါက်အခါခါ သွားလာထားကြသဖြင့် လမ်းမ၏ဘေး နှစ်ဖက်ရှိ သစ်ကိုင်းသစ်ခက် ရွက်လက်ရိုးတံတို့မှာ မြေနီမှုန့်တွေပေကျံ၍ သဘာဝ အလှပင် ပျောက်ကွယ်နေကြလေသည်။ လေအဝှေ့တွင် နွားလှည်း၏နောက်မှ မှုန့်တွေကလည်း တထောင်းထောင်းထ၍ ကျန်ရစ်ကြသည်။

စပါးအပြည့်တင်၍ ကုလားပါလယ်ကွင်းပြင်မှ မင်းလမ်းမအတိုင်း စပါးတိုက် လာသော ကျော်ဇောဦး၏နွားလှည်းသည် တောင်နှစ်လုံးကြား လမ်းကျဉ်းကလေး ထဲသို့ ရောက်လာသည်။

"ဟဲ့နွား..."

တအီအီမြည်လာသော လှည်းဝင်ရိုးသံကို ထိုးဖောက်၍ ကျော်ဇောဦး၏

www.burmeseclassic.com

www.burmeseclassic.com



နွားခေါက်သံက ပေါ်လာပြန်သည်။ မိုးတွင်းက တောင်ပြိုနေသဖြင့် မင်းလမ်းမမှာ လှည်းတစ်စီးသွားသာရုံ ကျဉ်းကျဉ်းလေးသာဖြစ်သည်။ တောင်နှစ်လုံးကြားကို အောက်လုပ်၍ ထားသော မင်းလမ်းမပေါ်မှ ရှေ့သို့ လှမ်းမျှော်ကြည့်လိုက်လျှင် သစ်ပင်ငယ်များပင် မပေါက်သေးသော နီကျင့်ကျင့် မြေသားတောင်ပြိုကြီးကို လှမ်းမြင်နေရသည်။ အဝေးဆီတွင် ညို့မှိုင်းစိမ်းစို၍ ပင်ကိုမြရောင်ပြေးနေသော တောင်စွယ်တောင်ချွန်းကြီးများကိုလည်း မြင်နေရ၏။ သူတို့အရပ်သည် တောအထပ်ထပ် တောင်အသွယ်သွယ်တို့ ဝန်းရံကာဆီးနေကြသောအရပ်မို့ မင်းလမ်းဖောက်လုပ်ထားသည်မှာလည်း ဝက်ပါတမျှ အကွေ့အကောက်တွေက ပေါများလှလေသည်။

“ဒီမှာရှင့် ဦးကြီး”

ကျော်ဇော်ဦးသည် နောက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ သူ့စိတ်သည် တခဏအတွင်း လှုပ်ခတ်သွားသည်။ တထောင်းထောင်းထနေသော ဖုန်မှုန့်တွေကြားတွင် မိုးတဝါးမြင်ရသော အသံရှင်မကို ကျော်ဇော်ဦးက အံ့အားသင့်သွား၏။

ကျော်ဇော်ဦး၏ ငယ်ရွယ်နုနယ်သောမျက်နှာကို မြင်ရသောအခါ အသံရှင်မှာ အားတုံ့အားနာ ဖြစ်သွားပုံရသည်။ ကျော်ဇော်ဦးကို သူမသည် နောက်ဘက်က ကြည့်၍ တိုင်းရင်းသားအဘိုးကြီးတစ်ယောက်ဟု အစက ထင်မိပုံရသည်။ ထို့ကြောင့်ပင် ဦးကြီးဟု လှမ်းခေါ်လိုက်သည် မဟုတ်ပါလား။

ကျော်ဇော်ဦးအား သူမက တိုင်းရင်းသား အဘိုးကြီးတစ်ယောက်ဟု ထင်မည်ဆိုကလည်း ထင်စရာပင်။ ကျော်ဇော်ဦး၏ကိုယ်ပေါ်မှာ ဖာရာ၊ ချုပ်ရာတွေ ပေါ့နှင့် ပခုံးအိမ်ကျနေသော အကျႌစုတ်ကို ဝတ်ထား၏။ ပြီး ခေါင်းတွင်လည်း မှဆိုးစုတ် တစ်ထည်ကို ရစ်ပေါင်းထားပြန်သည်။ နောက်က အမှတ်တမဲ့ လှမ်းကြည့်လျှင် မည်သူမဆို ကျော်ဇော်ဦးအား တိုင်းရင်းသား အဘိုးကြီးတစ်ယောက်သို့မဟုတ် လူကြီး တစ်ယောက်ဟု ထင်မည်မှာမုချပင်။ နောက်ပို၍ မိုးတဝါးဖြစ်စေသည်မှာ လှည်းနောက်တွင် လွင့်ပါနေကြသော ဖုန်မှုန့်တွေက ပိတ်ဆို့ကာ ဆီးနေကြသဖြင့် ဖြစ်သည်။

မြင်းပေါ်ကအသံရှင်မကို ကျော်ဇော်ဦးသည် မြင်ကတည်းကပင် သိလိုက်ရပြီးဖြစ်သည်။ သူမလို မျက်နှာဖြူမလေးသည် ဤနယ်တစ်ဝိုက်၌ သူမတစ်ယောက်တည်းသာ ရှိသည်မဟုတ်ပါလား။ နောက်က မြင်းခွာသံကို မကြားမိသည်မှာ တကျွိကျွိမြည်နေသော လှည်းဝင်ရိုးသံကြောင့် ဖြစ်သည်။ သူမကား ကျော်ဇော်ဦးနှင့် နှစ်ကြိမ်တိုင်တိုင်ရန်ဖြစ်ဖူးသော ရွှေတောင်ကြားက သခင်ကြီးသမီး ‘အယ်လီ’ မည်သော မျက်နှာဖြူမလေးတည်း။

အယ်လီကတော့ ကျော်ဇော်ဦးကို လုံးဝရိပ်မိပုံမရ။ နှစ်တွေကလည်း ကြာခဲ့ပြီ မဟုတ်ပါလား။

မကြာမီပင် ကျော်ဇော်ဦးနောက်ကို နွားလှည်း သုံးလေးစီးရောက်လာကြသည်။ လှည်းပေါ်က ကုလားများနှင့် ရေနံဆီပုံးခွံတွေကို မြင်ရသောအားဖြင့်



ရွှေတောင်ကြားက ရေနံဆီတွေကို ပျားတဲရွာသို့သွားပို့ပြီး ပြန်လာကြမှန်း ကျော်ဇော်ဦး သိလိုက်ရသည်။ နွားလှည်းတွေမှာ အသွားတုန်းကလို ပစ္စည်းတစ်စုံတစ်ရာ မပါသဖြင့် ပေါ့ပါးလျင်မြန်နေကြသည်။

“ရှင့်လှည်း ခဏဘေးဖယ်ပေးပါ။ သခင်မတို့ မြန်မြန် သွားပါရစေ။ နေစောင်းနေပြီ”

စပါးအပြည့်တိုက်လာသော ကျော်ဇော်ဦး၏ နွားလှည်းသည် နေးကွေးစွာ ရှေ့က တအိအိသွားနေသဖြင့် အယ်လီက စိတ်မရှည်သလို လှမ်းပြောလိုက်၏။

တောင်ပြိုနေသော လမ်းကျဉ်းအား လွန်လာပြီဖြစ်သဖြင့် ကျော်ဇော်ဦးက လမ်းဖယ်ပေးလိုက်သည်။

မျက်နှာဖြူမလေး အယ်လီသည် သူတို့အိမ်ရှိရာ ရွှေတောင်ကြားဘက်သို့ မြင်းကို အပြင်းစီး၍ ဒုန်းစိုင်းပြေးချသွားသည်။ သူ့နောက်က နွားလှည်းများကိုပင် မစောင့်ခဲ့ပေ။

သူ့အား မြင်းပေါ်က မလုံမလဲနှင့် ဖျတ်ခနဲ၊ ဖျတ်ခနဲ သမင်လည်ပြန် နှစ်ချက် လှည့်ကြည့်သွားသော အယ်လီကိုငေးကြည့်၍ ကျော်ဇော်ဦးမှာ တစ်ယောက်တည်း သဘောကျနေရစ်၏။ သူ့အား ‘ဦးကြီး’ ဟုမှား၍ ခေါ်မိသည်ကို အယ်လီသည် အတော် ရှက်ကိုးရက်ကန်း ဖြစ်သွားပုံရသည်။ ထို့ကြောင့်ပင် မြင်းကို အပြင်းစီး၍ ပြေးသွားသည် မဟုတ်ပါလား။ သို့သော် သူနှင့်ငယ်စဉ်က ရန်ဖြစ်ဖူးသော ကျော်ဇော်ဦးကိုတော့ သူမက လုံးဝ မှတ်မိပုံမရပေ။

ရေနံပို့ရာက ပြန်လာကြသော နွားလှည်းတန်းသည် တဖြည်းဖြည်းဝေး၍ ဘစ်ဆစ်ချိုးလမ်းကလေးတွင် ပျောက်ကွယ်သွားတော့မှ ကျော်ဇော်ဦးသည် သူ၏ စပါးတိုက်လာသောလှည်းကို မင်းလမ်းမပေါ်သို့ မောင်းတင်လိုက်လေသည်။

❖ ❖ ❖

## | ၁၀ |

“အခင်သင့်ဖြစ်ပါပြီ သခင်မလေး”

ထီးတော်မိုး ကုလားမ ရော်ကီနွာက မျက်နှာဖြူမလေးကို အရိုအသေပေး၍ သာပြော၏။

မျက်နှာဖြူမလေးသည် ရေနံဆီပုံးခွံတွေကို နွားလှည်းပေါ်သို့ပြန်၍ ထမ်းတင်နေကြသော ကုလားအလုပ်သမားများဘက်သို့ လှမ်းကြည့်ကာ မေးလိုက်၏။

“အာမရာတို့ အလုပ်တွေကော ပြီးပြီလား”

“ဟုတ်ကဲ့၊ ပြီးပါပြီ သခင်မလေး”

အသက်လေးဆယ်အရွယ်ရှိ ကုလားကြီးတစ်ယောက်က သူတို့အလုပ်တွေ ပြီးပြီဖြစ်ကြောင်း ရိုသေစွာပြန်ပြောသည်။ ဤကုလားသည် ကုလားအလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



ဘော့ထဲ၌ ကုလီခေါင်း လူကြီးဖြစ်သည်။

သူတို့အားလုံးသည် ရွှေတောင်ကြားမှ ပျားတဲရွာရှိဆိုင်ခွဲသို့ ရေနံဆီလာပို့ကြခြင်း ဖြစ်သည်။

"ချီ ဒီနေ့ပါလာတဲ့ ရေနံဆီတစ်ဝက်ကို ညနေကျရင် မြို့ကိုပို့လိုက်နော်။ ကြားလား"

"ဟုတ်ကဲ့၊ သခင်မလေး"

မျက်နှာဖြူမလေးအား ရိုသေလေးစားစွာ ပြန်ပြောသူမှာ ပျားတဲရွာရှိ ရေနံဆီဆိုင်ခွဲကို တာဝန်ခံရောင်းချပေးရသော ကုလားချန္ဒြီဖြစ်သည်။ သူ၏တာဝန်မှာ ပျားတဲရွာနှင့် ရွာနီးချုပ်စပ်တစ်ဝိုက်ရှိ ရွာများမှ ရေနံဆီလာဝယ်ကြသော တိုင်းရင်းသား လူမျိုးများအား ရေနံဆီများကို စနစ်တကျရောင်းချပေးပြီး ပိုလျှံသော ရေနံဆီများကို လှေနှင့် ကျောက်ဖြူမြို့ဆိုင်ခွဲသို့ တစ်ဆင့်ပို့ပေးရလေသည်။

"မြို့ကိုရောက်ရင် ကုန်ခဲ့တဲ့လက ရောင်းရငွေနဲ့ စာရင်းစာအုပ်တွေကိုပါ တောင်းလာခဲ့ကြားလား။ နောက်သုံးလေးရက်ကြာရင် သခင်မ ရေနံပို့ရင်း တစ်ခေါက် လာဦးမယ်"

"ဟုတ်ကဲ့"

"ကဲ...သခင်မပြန်မယ်"

မျက်နှာဖြူမလေးသည် ဆိုင်တာဝန်ခံချန္ဒြီအား မှာကြားလိုသမျှတွေကို မှာကြားပြီး ရေနံဆီဆိုင်ထဲမှ မင်းလမ်းမပေါ်သို့ တစ်လှမ်းချင်း လှမ်းထွက်လာသည်။

ရော်ကီနွာသည် မျက်နှာဖြူမလေးအား နေရောင်မထိုးရအောင် ထီးတော်မိုး၍ မျက်နှာဖြူမလေးနောက်က ကပ်လိုက်လာသည်။

မျက်နှာဖြူမလေးသည် နွားလှည်းပေါ်သို့ လှမ်းတက်လိုက်၏။ နွားလှည်းပေါ်တွင် ကောက်ရိုးထူထူခင်း၍ ကောက်ရိုးပေါ်တွင် မျက်နှာဖြူမလေးထိုင်ရန် မွှိုင်းလုံးကော်ဇောကြီးတစ်ချပ်ကို ဖြန့်ခင်းထားသည်။ မျက်နှာဖြူမလေး ကော်ဇောပေါ်တွင် ထိုင်လိုက်သောအခါ ထီးတော်မိုး ရော်ကီနွာကလည်း မျက်နှာဖြူမလေး အနားမှာ ကျုံ့ကျုံ့လေးထိုင်၍ ထီးမိုးပေးနေသည်။

"ကဲ...အာမရာ လှည်းကိုမောင်းတော့"

မျက်နှာဖြူမလေး စီးနင်းလိုက်ပါလာသော နွားလှည်းသည် တဖြည်းဖြည်း စ၍ထွက်လာသည်။ ထိုလှည်း၏နောက်တွင် ရေနံဆီစည်ပုံးခွံတွေ တင်လာသော နွားလှည်း သုံးလေးစီးကလည်း တအိအိလိုက်ပါလာကြ၏။ နွေလဖြစ်သဖြင့် နွားလှည်း၏ နောက်တွင် ဖုန်မှုန့်တွေက တထောင်းထောင်းထ ကျန်ရစ်သည်။

မျက်နှာဖြူမလေးအယ်လီသည် နွားလှည်းပေါ်က ရှေ့သို့လှမ်းမျှော်ကြည့်လိုက်၏။ တွန့်လိမ်ကောက်ကွေ့နေသော မင်းလမ်းမသည် မြွေငန်းကြီးတစ်ကောင် တွန့်လိမ်နေသည်နှင့်ပင် တူလှသည်။ ဘေးနှစ်ဖက်တွင် မြင့်မားစွာ ချွန်ထွက်နေသော တောင်တန်း တောင်စွယ်တို့မှာ ပြာရော်ခြောက်သွေ့နေကြ၏။ ကောင်းကင်ပြင်တွင်မူ ဖြူလွလွ မိုးတိမ်လိပ်ကလေးတွေက တရိပ်ရိပ်ရွေ့လျား ပြေးလွှားနေ



ကြသည်။ ရစ်ရပ်ခွင်တွင် မင်းလွင်မြူဆိုင်းပြမှိုင်းမှိုင်းနှင့် သင်တိုင်းဝတ်ရဲ့ လွမ်းကာခြုံသို့ပင်တည်း။

ပြာလွင်သော ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်တို့ တရိပ်ရိပ်ပြေးပါနေကြသည်ကို ငေးကြည့်၍ မျက်နှာဖြူမလေးအယ်လီက ဤကျွန်းနှာရလမ်းခရီး အကြောင်းကို တွေးလာမိ၏။

ဤလမ်းဤခရီးမှာ မင်းလမ်းမကြီးဟုဆိုသော်လည်း တောကြိုတောင်ကြားကို ဖောက်လုပ်ထားသောလမ်းမို့ အကွေ့အကောက်အဆင်းအတက်၊ ချိုင့်ခွက် အင်းအိုင်တို့နှင့် မညီမညာ ရှိလှသည်။ တချို့နေရာများတွင် မိုးရေများတိုက်စားထားသဖြင့် မြေသားတွေပြိုကာ ကျောက်လုံးကြီးတွေမှာ လမ်းမပေါ်ကို မိုးနေကြ၏။ မိုးဦးကျ မိုးသည်းထန်စွာရွာပြီဆိုလျှင် ထိုကျောက်တုံးများသည် လမ်းပေါ်သို့ အိကျလာကာ လမ်းပိတ်ခဲ့ရသည့် အခါပေါင်းမှာလည်း မရေမတွက်နိုင်ခဲ့ ထိုသို့ ခတောင်ပြို၍ လမ်းပိတ်ဆို့နေပြီဆိုလျှင် ကုန်းမြင့်သာယာရှိ သူမတို့၏ အိမ်ကြီး ပတ်ဝန်းကျင်တွင် ရေနံဆီပေပါပုံးတွေမှာ တင်းကြမ်းပြည့်ကြပ် နေတတ်သည်။ တစ်ခါတစ်ခါ ထိုလမ်းကို ပြန်မရှင်းနိုင်သဖြင့် ပျားတဲရွာရှိ ရေနံဆီဆိုင်ခွဲနှင့် ကုန်းမြင့်သာယာမှာ တစ်လကိုးသီတင်းရေနံအဆက်ပြတ် နေခဲ့ရသည်လည်း ရှိသည်။ ယင်းအခါမျိုးမှာဆိုလျှင် ပျားတဲရွာရှိ ရေနံဆီတွေကို ဈေးတင်ရောင်းရသဖြင့် ဟန်ကျသလိုလို ရှိလှသော်လည်း ထိုလမ်း ပြန်ရှင်းနိုင်ရေးအတွက် အဖေလုပ်သူမှာ နေပူမိုးရွာမရှောင် ကျောက်ဖြူမြို့ကို ပြေး၍ သက်ဆိုင်ရာအာဏာပိုင်များ၊ လမ်းဝန်ထောက်များကို လမ်းမြန်မြန်ရှင်းပေးရန် ဆော်ဩရ၏။ လာဘ်ထိုးရသည်မှာလည်း မသက်သာလှ။ ထို့ကြောင့် ယခုကဲ့သို့ကုန်းမြင့်သာယာက ရေနံဆီတွေကို ပျားတဲရွာသို့နွားလှည်းနှင့် သွားမပို့ဘဲ သံပိုက်လုံးနှင့် မြေအောက်ကပို့နိုင်ရန်ကို အဖေသည် မိုးဦးမကျခင် အရေးတကြီး စိုင်းပြင်းနေသည်။ တောင်နှစ်လုံးကြားရှိ ကျောက်လုံးကြီးများမိုးထားသော လမ်းကျဉ်းကလေးပေါ်မှာ နွားလှည်းနှင့် အခေါက်ခေါက်အခါခါ သွားလာနေရသည်ကို အယ်လီလွန်စွာ အသည်းတယားယား ဖြစ်မိ၏။ မတော်တဆ ကျောက်လုံးကြီးတွေ ပြိုကျလျှင် အလောင်းကိုပင် ပြန်ရဖို့ မလွယ်ကူလှပေ။ ထို့ကြောင့်လည်း ဤလမ်း၊ ဤခရီးကို သံပိုက်လုံးများ မြန်မြန်သွယ်နိုင်ပါစေဟု အယ်လီဆုတောင်းနေမိသည်။ ဤလမ်းကို သံပိုက်သွယ်နိုင်တော့မှ ယခုလိုနွားလှည်းနှင့် ရေနံဆီလာပို့ရသော ဝဋ်ဒုက္ခမှ ကျွတ်လွတ်ရမည် မဟုတ်ပါလား။

ဆယ်မိုင်သာသာဝေးသော ဤလမ်း ဤခရီးကို ကုလားအလုပ်သမားကြီးများနှင့် စုံချည်တစ်ခါ ဆန်ချည်တစ်လှည့် အယ်လီသွားလာနေခဲ့ရသည်မှာ အခေါက်အခါ မရေမတွက်နိုင်ခဲ့တော့။ ဤတော၊ ဤတောင်၊ ဤနေရာ၊ ဤအေး ဤလမ်း၊ ဤခရီးကိုကြည့်၍ အယ်လီ စိတ်မောခဲ့ရသည်မှာလည်း ကြာပြီ။ ထို့ကြောင့်လည်း တစ်ခါတစ်ခါ ဤလို တောကြိုအုံကြား အရပ်များ၌ မွေးဖွားလာရသည်ကိုပင် အယ်လီသည် ဝမ်းနည်းမဆုံး ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဥသြ...ဥသြ"

ပြာရော်ခြောက်သွေ့နေသော အရှေ့ဘက် တောင်ကမ်းပါးယံထက်မှ တစ်ကောင်တည်းသော ဥသြငှက်၏ လွမ်းတေးဖွဲ့ ကျူးရင့်နေသံသည် အယ်လီ၏နားသို့ တိုးဝင်လာပြန်သည်။ နေ့မနားညမအား တစာစာအော်မြည်၍ အဖော်တို့ရှာနေသော်လည်း ရှေးရင်ကွဲ၍ သေပွဲဝင်ရုံသာ။ ဥသြငယ်၏ အဖော်မှာကား ပေါ်လာလိမ့်မည် မဟုတ်ပါချေ။ သာပေါင်းစုံသော ရက်မြိုင်လယ်တွင် အခြားအခြားသော ငှက်ငယ်တို့မှာ အဖော်အပေါင်း ချစ်သူခင်သူတို့နှင့် ရွှေလည်တွဲ၍နွဲ့ပျော်နိုင်ခဲ့ကြသော်လည်း ဥသြ၏ဘဝနှင့် သူမ၏ဘဝကို နှိုင်းယှဉ်၍ စဉ်းစားလာမိသည်။ ဘောကြီးမျက်မည်းထဲတွင် တစာစာအော်မြည်၍ အဖော်ကို ရှာနေသော ဥသြငှက်ငယ်၏ဘဝနှင့် သူ့ဘဝသည် ဘာမျှ မထူးခြားလှပါတကား။

အယ်လီ လူ့လောကသို့စတင်၍ ဝင်ရောက်လာသည် ဆိုကတည်းကပင် အယ်လီမှာ အဖေ သဟဲ ညီအစ်ကိုမောင်နှမဆို၍ တစ်ယောက်တစ်လေမျှ ပါမလာချေ။ ညီအစ်ကိုမောင်နှမကို မဆိုထားနှင့် မိမိတို့၏ အမျိုးဘာသာတူသူများကိုပင် အမေအဖေကလွဲ၍ ဤအရပ်၊ ဤဒေသ၌ အယ်လီ မမြင်ဖူး။ တစ်ခါတစ်ခါ ကျောက်ဖြူမြို့မှ တောသို့ တက်လာသည်ဆိုသော သစ်တော့ဝန်ထောက်၊ လမ်းဝန်ထောက်နှင့် အရေးပိုင်ဆိုသူ မျက်နှာဖြူ အင်္ဂလိပ်ကြီးများကိုတော့ တစ်ခါတစ်ရံ မြင်ဖူး၏။ အယ်လီလေး ကြီးပြင်းလာရသော ပတ်ဝန်းကျင်မှာ ရေနံအလုပ်သမား ကုလားများနှင့် တိုင်းရင်းသားရခိုင်လူမျိုးများသာ ဖြစ်သည်။ သူ့ကို မွေးဖွားရာဒေသမှာ တောအထပ်ထပ်၊ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဝန်းရံအပ်သော ကုန်းမြင့်သာယာတစ်ခုမှ အိမ်ကြီးတစ်အိမ်သာ ဖြစ်၏။ အိမ်ကြီး၏ ဘေးနှစ်ဖက်နှင့် နောက်ဘက်တောင်စောင်းတို့တွင် အလုပ်သမားများနေသော တန်းလျားများ၊ ရေနံဆီလှောင်သော ဂိုဒေါင်များ၊ ရေနံဆီဆိုင်၊ နွားတင်းကုတ်၊ မြင်းစောင်း စသည်တို့ဖြင့်သာ ဝိုင်းရံလျက်ရှိ၏။ အိမ်ကြီး၏ရှေ့တွင်တော့ စိမ်းလွင်သော မြက်ခင်းပြင်နှင့် ကုန်းမြင့်သာယာမှအောက်သို့ တစ်ပတ်လျှိုလျှောပြေဆင်းသွားသော လှည်းလမ်းကြောင်းကို ထင်းရှူးပင်များ အကြိုအကြားမှ ထင်ထင်ရှားရှား မြင်နေရ၏။ ထိုမှတစ်ဆင့် ရှေ့သို့လှမ်းကြည့်သော် တောင်နှင့်မြောက်ကို တူရူဖောက်လုပ်ထားသော မင်းလမ်းမနှင့် တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ခြုံနွယ်ပိတ်ပေါင်းတို့ကသာ ဟိမဝန္တာတမျှ ကာဆီးညို့မှိုင်းနေကြသည်။

သူမသည် ဤလိုပတ်ဝန်းကျင်၌ မွေးဖွားလာခဲ့ရ၏။

သူမခြောက်နှစ်၊ ခုနစ်နှစ်အရွယ်သို့ရောက်လာသောအခါ လူ့လောကတွင် လူသားအချင်းချင်း လူ့သဘာဝအလျောက် သက်တူရွယ်တူ ကလေးငယ်များနှင့် သူမ ပေါင်းသင်း၍ ဆော့ပြေးကစားချင်လာ၏။ သို့သော် သူမမှာ ဆော့ပြေးကစားစရာ အဖော်အပေါင်းဆို၍ တစ်ယောက်တလေမျှ မရှိခဲ့။ ကုန်းမြင့်သာယာအိမ်ကြီး၏ပတ်ဝန်းကျင်တွင်ရှိကြသော ကုလားအလုပ်သမားများ၏ ကလေးများနှင့်အတူတကွ ရောနှော ကစားနေမည်ဆိုကလည်း သူ့အမေ၊ အဖေတို့ကလုံးဝခွင့်မပြု၊ ကျွန်နှင့်သခင်ဟု ခွဲခြားထားကြသည်။ တစ်ခါတစ်ရံ ရေနံဆီလာဝယ်ကြသော တိုင်းရင်းသားလူမျိုးများတွင် သူမနှင့် သက်တူရွယ်တူ ကလေးငယ်များပါလာတတ်ကြ၏။ ထိုကလေးငယ်များသည် သူ့အမေ၊ အဖေတို့ရေနံဆီဝယ် ပြီး၍ ပြန်သွားနေချိန်တွင် အိမ်ရှေ့ထင်းရှူးပင်ကြီးအောက်၌ ဆော့ကစားနေကြသည်ကို မြင်လျှင် သူမသည် အိမ်ကြီးပေါ်က ပြေးဆင်း၍ သူတို့လေးတွေနှင့်အတူ ပေါင်းသင်းကစားရန်သွားရောက်ဖူး၏။ သို့သော် တိုင်းရင်းသားကလေးများနှင့်လည်း အတူကစားရဟု အဖေအမေတို့က အတင်းအကြပ် ပြည်တော်ဟန့်တားလာကြပြန်သည်။ သူမငယ်စဉ်က တိုင်းရင်းသား ကလေးငယ်တစ်ယောက်နှင့် အရုပ်ချင်းလဲ၍ကစားရန် အိမ်ကြီးပေါ်က ဆင်းအသွား၌ ထိုကလေးငယ်နှင့် ရန်ဖြစ်ကြ၍ ခေါင်းပေါက်ခဲ့ဖူးသည်။ ထိုစဉ်ကဆိုလျှင် မိမိတို့လူမျိုးနှင့် အဆင့်အတန်းချင်း မတူမတန်သော ကလေးငယ်နှင့် အတူသွားကစား၍ ရန်ဖြစ်ရပါမည်လားဟု အမေအဖေတို့က ဆူလိုက်ကြိမ်းလိုက်ကြသည်မှာ နေစရာပင်မရှိလောက်အောင် ဖြစ်ခဲ့ရသည်။ ထို့နောက်တွင်တော့ တိုင်းရင်းသားကလေးများ အိမ်ကြီးရှေ့ ထင်းရှူးပင်အောက်တွင် ဆော့ပြေးကစားနေကြသည်ကို သူမသည် အိမ်ကြီးပေါ်က ချောင်းကြည့်၍သာ အားကျနေခဲ့ရ၏။ ပြီး သူမ၏ မလွတ်လပ်သောဘဝကို တွေးတော နာကျည်း၍ မျက်ရည်ကျခဲ့ရပေါင်းလည်း မနည်းခဲ့။

အမေအဖေတို့မှာ မိုးလင်းလာပြီဆိုသည်နှင့် တစ်ပြိုင်နက် အလုပ်ခွင်သို့သာ တန်းဝင်သွားတတ်ကြ၏။ ညအိပ်ခါနီး တစ်ခါတစ်ခါစာရင်းစာအုပ်တွေနှင့် အလုပ်ရှုပ်နေတတ်ကြသည်။ တစ်ယောက်တည်းသော သမီးဖြစ်သူကိုပင် စကားပြောကြရန် မေ့ထားကြသလိုရှိ၏။ အမေအဖေတို့မှာ အလုပ်ကိုသာ စိတ်စောနေပုံရသည်။ အိပ်စက်အနားယူရာ၌ပင် စိတ်မဖြောင့်ကြဟု အယ်လီက တစ်ခါတစ်ခါ တွေးထင်မိသည်။ ကုန်းမြင့်သာယာရှိ အိမ်ကြီးပေါ်မှာမူ ခြောက်သွေ့နေပြီး အထီးကျန်လှသော သူမတစ်ယောက်တည်း။ အဖော်အပေါင်းဆိုသည်မှာလည်း သက်မဲ့ အရုပ်ကလေးတွေမှ တစ်ပါး အခြားသူ့တွင် မရှိ။ ငြီးငွေ့ဖွယ်ရာနှင့်သာ နှစ်ရှည်လများ နေလာခဲ့ရ၏။

နောက်တော့ ခြောက်သွေ့အထီးကျန်လှသော သူမ၏ဘဝကို အိမ်၌မွေးထားသော ခွေးကလေးကြောင်ကလေးတွေနှင့် ဖြေသိမ့်ခဲ့ရ၏။ ခွေးကလေး ကြောင်ကလေးတွေကို အဖော်လုပ်၍ ဆော့ပြေးကစားနေခဲ့ရ၏။ လုံးဝ အဖော်မရှိတာနှင့်စာလျှင် ခွေးကလေး၊ ကြောင်ကလေးတွေနှင့် ဆော့ပြေးကစားနေသည်က စိတ်အနည်းငယ် သက်သာရာရသည်။ သို့သော် ပျော်လှသည်တော့ မဟုတ်။ တိရစ္ဆာန်နှင့် လူသည် အဘယ်မှာ အတူတကွ ကစားဖော်ကစားဖက် အပေါင်းအသင်းလုပ်၍ ကြာရှည် ရနိုင်ပါမည်နည်း။

ဤသို့ ပျင်းရိငြီးငွေ့ဖွယ်နေလာခဲ့ရာ နှစ်မကြာမီတွင် ကျောက်ဖြူမြို့မှ သူမတို့၏ကုန်းမြင့်သာယာအိမ်ကြီးသို့ အင်္ဂလိပ်ကုလားကပြား မယ်သီလရှင် တစ်ယောက်ရောက်လာပြီး သူမအား စာသင်ပြသည်။ ထိုမယ်သီလရှင် ကုန်းမြင့်သာယာ၌



www.burmeseclassic.com

www.burmeseclassic.com



ငိုင်ဘဲတော့ အဖော်ရသဖြင့် ပျော်သလိုလိုပင်။ ထိုမယ်သီလရှင်သည် တုန်ပြင်းသာသဖြင့် နှစ်နှစ် ကျော်နေသွား၏။ ထိုမယ်သီလရှင် ပြန်သွားသောအခါ သူမ၏ဘဝမှာ နဂိုအတိုင်းပင် ပြန်၍ ခြောက်သွေ့အထီးကျန် နေရစ်ရပြန်သည်။ အမျိုးအရွယ်မှာလည်း ဆယ်ကျော်သက်မို့ ခွေးကလေး၊ ကြောင်ကလေးတွေနှင့် ဆော့ကစားလိုစိတ် မရှိတော့ပေ။ ထိုအခါ မယ်သီလရှင် သင်ပြသွားခဲ့သော စာပေအတတ်ပညာနှင့် စာအုပ်စာတန်းများကို ဖတ်ရှုကာ ပျင်းသောစိတ်ကိုဖြေလာခဲ့ရသည်။ အမေအဖေတို့ မြို့ကမှာဖတ်သော ရုပ်စုံမဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ် စသည်တို့ကို ဖတ်ရသောအခါ ထိုစာအုပ်တွေထဲက ဝတ္ထုဇာတ်လမ်းတွေကိုတွေး၍ ရင်ထဲမှာ တသိမ့်သိမ့် ဖြစ်ခဲ့ရ၏။ ကြည်နူးသည့်အခါ ရှိသလို စိတ်ညစ်သည့်အခါလည်း ရှိခဲ့ရသည်။ သူမတို့၏ အမိနိုင်ငံဟုသိရသော အင်္ဂလန်နိုင်ငံက လန်ဒန်မြို့ဆိုသော မြို့ကြီး၌ မော်တော်ကား၊ ဓာတ်ရထား၊ မီးသင်္ဘော စသည်များနှင့် လူများသွားလာနေကြသည်ကို သတင်းစာထဲမှာ တွေ့ရ၊ မြင်ရ၊ ဖတ်ရှုရသောအခါ အမိနိုင်ငံသို့ရောက်လိုစိတ်၊ မော်တော်ကား၊ ဓာတ်ရထား၊ မီးသင်္ဘောစီးလိုစိတ်တို့သည် သူမ၏ရင်ထဲ၌ အလိုလို ပြည့်သိပ်လာကြသည်။ ထို့ကြောင့်လည်း သူမတို့၏အမိနိုင်ငံဖြစ်သော အင်္ဂလန်နိုင်ငံက လန်ဒန်ဆိုသော မြို့ကြီးအကြောင်းကို အမေအဖေတို့အား ညစဉ်ညတိုင်း မေးမြန်းရသည်မှာလည်း အမော။ သူမ မေးသည်ကို အမေအဖေတို့ကတော့ မပြောချင်၊ မဖြေချင်သလိုပင်။ အေးတိအေးစက်နှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြောင်နေတတ်ကြသည်ကိုလည်း တွေ့ရလေသည်။ ‘ဒက်ဒီနဲ့မာမီတို့ဟာ အမိနိုင်ငံက လန်ဒန်ဆိုတဲ့ မြို့ကြီးကိုတောင် ရောက်မှရောက်ဖူးကြပါရဲ့လား’ဟု သူမသည် အမေအဖေတို့၏ မထုံတက်တေး လုပ်နေတတ်ကြသော ရုပ်သွင်ကိုကြည့်၍ သံသယစိတ် ဝင်ခဲ့ရသည်။ မေးလွန်းမက မေးလျှင်တော့ ဒက်ဒီနှင့်မာမီတို့က တစ်လုံးစ၊ တစ်ခွန်းစကို မပြောချင်ပြောချင်နှင့် ပြောတတ်ကြ၏။ နောက်တော့ သူမကလည်း ဆက်မမေးမိတော့ပေ။

အင်္ဂလန်ဆိုသော အမိနိုင်ငံကြီးတွင် မြို့ကြီးများ၌ မော်တော်ကား၊ ဓာတ်ရထား၊ မီးသင်္ဘောစီး၍ လူများသွားလာနေကြသည်နှင့်စာသော် ဤလို ကုန်းမြင့်သာယာ တောကြီးမျက်မည်းထဲတွင် မြင်းနှင့်နွားလှည်းကိုသာ အသုံးချ၍ သွားလာနေသော သူမ၏ဘဝမှာ မည်မျှ စိတ်ပျက်ငြီးငွေ့ဖွယ်ရာ ကောင်းလိုက်ပါသနည်း။ ပြီးရုပ်စုံမဂ္ဂဇင်းထဲတွင် နွေရာသီအပန်းဖြေခရီး ထွက်ကြသည်ဆိုသည်မှာလည်း ပျော်စရာကြီးပင် နေမည်။ ချစ်သူနှစ်ဦးတို့ ခရီးထွက်ကြရာလမ်းတွင် တစ်ယောက်ကို တစ်ယောက် နောက်ကြ၊ ပြောင်ကြ၊ ကျီစယ်ကြ၊ ကလူကြ၊ စိတ်ကောက်ကြ။ တစ်ယောက်က စိတ်ကောက်နေလျှင် တစ်ယောက်က ချော့မော့ကြနှင့် မည်မျှ ကြည်နူး ပျော်ရွှင်စရာ ကောင်းပါမည်နည်း။ ရုပ်စုံမဂ္ဂဇင်းတွေထဲက သူတို့၏ သာယာစိုပြည်သော ဘဝနှင့်စာသော် ခြောက်သွေ့အထီးကျန်လှသော သူမ၏ဘဝမှာ မိုးနှင့်မြေပမာ ကွာခြားလှပါဘိ။ သူမ၏ လက်ရှိဘဝမှာ ချစ်သူ၊ ခင်သူ၊ ယုယ



ချော့မော့မည့်သူကိုမဆိုထားနှင့် ဤအရပ်၊ ဤဒေသ၌ ရွယ်တူတန်းတူ မိမိတို့၏ လူမျိုး လုလင်ပျို တစ်ယောက်တလေကိုပင် သူမ မမြင်ဖူးပါချေ။ ထို့ကြောင့် သူမ၏ဘဝသည် ဘယ်တော့မှ ချစ်သူခင်သူနှင့် အတူတကွ ရွှေလည်တွဲ၍ ပျော်ရွှင်ချမ်းမြေ့စွာ နေရပါမည်နည်း။ အယ်လီသည် ဤသည်တို့ကိုတွေး၍ ခြောက်သွေ့အထီးကျန်လှသော ကုန်းမြင့်ရိပ်သာအိမ်ကြီးတွင် နှစ်ရှည်လများ ငြီးငွေ့စွာနေလာခဲ့သည်။

သူမမှာ ဆယ့်လေးငါးနှစ်အရွယ်မို့ ဒက်ဒီနှင့်မာမီတို့၏ ရော်ဘာလုပ်ငန်းဘွင် ကူညီလုပ်ပေးရပြန်၏။ တိုင်းရင်းသားလူမျိုးတွေနှင့် လက်ပွန်းတတီး ရင်းနှီးတွေ့ဆုံ အောင် နေရပြန်၏။ ဟိုရွာသည်ရွာကိုလည်း ရောက်ဖူးလာ၏။ ရော်ဘာရှာဖွေသည့် တစ်ရွာတစ်ကျေးသို့လည်း ကုလားအလုပ်သမားတွေနှင့် သွားရောက်ဖို့ လေ့လာ သေး၏။ သူ့ဒက်ဒီနှင့်မာမီတို့ကလည်း ရော်ဘာလုပ်ငန်းတွင် ကျွမ်းကျင်နားလည် လာအောင်ဟူသောသဘောဖြင့် စာရင်းအင်းကအစ သင်ပြပေးကြသည်။ သူမသည် ဤကဲ့သို့ တစ်ရွာတစ်ကျေးသို့ သွားလာ၍ အတွေးသစ်အမြင်သစ်တွေနှင့် လူ့လောကထဲတွင် နေရသည်ကို ပျော်မွေ့လှ၏။ တယောက်တည်း ကုန်းမြင့်သာယာက အိမ်ကြီးမှာ ခြောက်သွေ့အထီးကျန်စွာ နေထွက်ကနေဝင် နေလာရသည်နှင့်စာသော် ယခုလိုသွားလာနေရသည်က ပို၍ ကြည်နူးပျော်ရွှင်စရာ ကောင်းသေးသည် မဟုတ်ပါလား။ ထို့ကြောင့်လည်း ဒက်ဒီ နှင့်မာမီတို့ ခိုင်းစေသမျှကို သူမသည် မငြီးမငြင် လုပ်ကိုင်ပေး၏။ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့၊ သဘာဝ စသည် တို့ကိုလည်း တစ်ဖက်ကတွေ့မြင်ရ၊ လေ့လာရသည်။ သူမသည် တိုင်းရင်းသား လူမျိုးများအပေါ်တွင် သူ့ဒက်ဒီနှင့်မာမီတို့လို နှိပ်ကွပ်လိုသော သဘောကို လုံးဝ မထား။ သူများနိုင်ငံမှာ လာနေလျှင် ထိုနိုင်ငံက တိုင်းရင်းသားများနှင့် ရင်းနှီး ချစ်ခင်စွာ နေတတ်ထိုင်တတ်ရမည်ဟု သူမက ယုံကြည်ထားသည်။ ထိုသို့မနေ တတ်လျှင် ဤအရပ်ဤဒေသ၌ ဒက်ဒီနှင့်မာမီနှစ်ယောက်သာ ရှိကြသဖြင့် သူမ၏ဘဝသည် ပို၍ခြောက်သွေ့ကာ အထီးကျန်ဖြစ်လာရမည်ကို သူမသည် သိလာပါချေ။ ထို့ကြောင့်လည်း သူမသည် တိုင်းရင်းသားလူမျိုးများ၏ကြား ထဲကို ထိုးဖောက်၍ အပေါင်းအသင်းလုပ်သည်။ ရိုသေရမည့်သူကို ရိုသေ၍ လေးစားရမည့်သူကို လေးစားသည်။ ဤသည်ကို သူ့ဒက်ဒီနှင့် မာမီတို့ကတော့ သိပ်မနှစ်သက်ကြ။ ဤနိုင်ငံက လူတွေကို ငါတို့ လေးစားရိုသေစရာ မလိုဟု ဆိုသည်။ သို့သော်လည်း သူမသည် တိုင်းရင်းသားလူမျိုးများကို မထီမဲ့မြင် မပြု။ အကယ်၍ ဒက်ဒီနှင့်မာမီတို့ အသက်အရွယ် ကြီးရင့်၍ သေဆုံးသွားကြသော် တောကြီးမျက်မည်းထဲတွင် မျက်စေ့သူငယ်နှင့် ကျန်နေရမည် ဖြစ်သော သူမမှာ ဤတိုင်းရင်းသား လူမျိုးများကိုပင် အားကိုးအားထား ပြုရမည် မဟုတ်ပါလား။ မိမိလူမျိုး အားကိုးအားရာဆို၍ ဤအရပ် ဤဒေသတွင် တစ်ယောက် တလေမျှပင် မရှိချေ။ ထို့ကြောင့်လည်း သူမသည် တိုင်းရင်းသား လူမျိုးများ သူ့ကို သနားချစ်ခင်လာအောင် ရိုသေရမည့်သူကို ရိုသေ၍ လေးစားရမည့်

www.burmeseclassic.com



သူကို လေးစားကာ ဦးကြီး၊ အဒေါ်၊ အစ်ကို၊ အစ်မ စသည်တို့ကိုပင် တိုင်းရင်းသားလူမျိုး တစ်ယောက်ကဲ့သို့ မိမိကိုယ်မိမိ ကျင့်သုံး နေထိုင်တတ်လာခဲ့သည်။ ယင်းသို့ကြောင့်လည်း သူမအား ယခုအခါ ဘယ်ရွာကို အလည်သွားသွား ရွာခေါင်းကအစ ရွာရှိလူတို့မှာ သူမကိုမြင်သည်နှင့် တစ်ပြိုင်နက် 'သခင်မလေး၊ သခင်မလေး'နှင့် ဝိုင်းဝန်း၍ ရိုသေလေးစားကြသည်။ ချစ်ခင်ကြင်နာကြသည်။ သူတို့ ကုန်းမြင့်သာယာနှင့်နီးသော မင်းပြင်၊ ပန်းတော၊ ကုလားပါ၊ သိုင်းချောင်း စသည့်ရွာများ၌ တိုင်းရင်းသား ရုပ်သေးဇာတ်ပွဲတစ်ခုခုကျင်းပလျှင် ရွာခေါင်းအား သူမ ညနေလာကြည့်မည်ဟု မှာလိုက်ရုံနှင့် နေရာထိုင်ခင်း အဆင်သင့်ပြင်ထားကြသည်။ သူမသည် တိုင်းရင်းသားရုပ်သေးကပွဲများကိုလည်း ကိုဖြူသီးတို့ဇနီးမောင်နှံနှင့် ကုလားအလုပ်သမားများကိုခေါ်ကာ သွားကြည့်ဖူးသည်။ အမှန်မှာ သူမသည်လည်း ဤအရပ် ဤဒေသ၌ပင် မွေးဖွားကြီးပြင်းလာသူမို့ တိုင်းရင်းသူမလေးတစ်ယောက်ဟုဆိုက မှားနိုင်မည်မဟုတ်ပါချေ။

ကောင်းကင်ပြင်တွင် ငွမ်းဖတ်လေးများပမာ တရိပ်ရိပ် မျောပါနေကြသော ဖြူလွလွတိမ်လိပ်များကို ရော်ကိန္နာ၏မိုးထားသော ထီးရိပ်အောက်မှ ငေးကြည့်၍ အယ်လီသည် အတွေးနယ်ချဲ့လာခဲ့မိ၏။

❖ ❖ ❖

|၁၁|

တအိအိမြည်နေသော လှည်းဝင်ရိုးသံနှင့်အတူ တရွေ့ရွေ့သွားနေသော နွားလှည်း သုံးလေးစီးသည် ကွေ့ကွေ့ကောက်ကောက် ဖောက်လုပ်ထားသော နဂါးပတ် မင်းလမ်းမအတိုင်း တောင်ပေါ်သို့ တအိအိတက်လျက်ရှိသည်။

တိရစ္ဆာန်တစ်ကောင်၏ အော်မြည်သံတစ်ခုကို မြောက်တက်တောင်အောက်မှ ခပ်သဲ့သဲ့ ကြားလိုက်ရသဖြင့် အယ်လီသည် နောက်ဘက်သို့ လှည့်ကြည့်လိုက်မိ၏။ မင်းလမ်းမအတိုင်း မောင်းလာနေသော တိုင်းရင်းသားတစ်ယောက်၏ ကျွဲအုပ်ကြားထဲတွင် မြင်းစီးယောက်ျားနှစ်ယောက်ကို လှမ်းမြင်နေရသည်။ သူမသည် ခပ်သဲ့သဲ့ ကြားလိုက်ရသော တောင်အောက်ကအသံမှာ ကျွဲအုပ်ကိုမြင်သဖြင့် အော်မြည်လိုက်သော မြင်းဟီသံ ဖြစ်သည်။ ရွာနီးချုပ်စပ် တစ်ရွာရွာမှ ရွာခေါင်းနှစ်ယောက်သည် ကျောက်ဖြူမြို့ဆီက ပြန်လာကြသည်ဟု ထင်မိလေသည်။ ထိုမြင်းစီးယောက်ျား နှစ်ယောက်သည် မင်းလမ်းမအတိုင်းပင် တောင်ပေါ်သို့ တက်လာနေကြ၏။

တောင်ပေါ်ဆီသို့ တက်လာနေကြသော မြင်းစီးယောက်ျား နှစ်ယောက်သည် အယ်လီ၏ ဒိုးတဝါးမြင်ကွင်းသို့ အရောက်တွင် မြင်းဇက်ကို အရှိန်အနည်းငယ် လျှော့ချလိုက်ကြသည်။ မြင်စတုန်းက ရွာခေါင်းနှစ်ယောက် မြို့ကတက်လာကြ



သည်ဟု ထင်မိသော်လည်း ရှေ့က မြင်းဖြူကြီးစီး၍တက်လာသူမှာ ဥရောပဝတ်စုံအား ကျကျနန ဝတ်ဆင်ထားသည်ကို မြင်ရပြန်သောအခါ မျက်နှာဖြူသစ်တောဝန်ထောက်တစ်ယောက် မြို့ကနေ တောကိုတက်လာသည်ဟု ထင်မိပြန်သည်။ သူ့နောက်တွင် မြင်းစီးယောက်ျား တစ်ယောက်ကတော့ တိုင်းရင်းသားဝတ်စုံနှင့်ဖြစ်သဖြင့် မျက်နှာဖြူအရာရှိ၏ အခိုင်းအစေ ဖြစ်ဟန်တူသည်။ မြင်းပေါ်တွင် အထုပ်အပိုးတွေကိုလည်း မြင်နေရ၏။

အယ်လီသည် ကျောက်ဖြူမြို့မှ တက်လာသည်ထင်သော မျက်နှာဖြူသစ်တောဝန်ထောက်ကို အရိုအသေပေး၍ နှုတ်ဆက်ရန်အတွက် သူမ၏ လက်ကိုင်ပဝါဖြူကို လေထဲတွင်ဝှေ့ရမ်း လှုပ်ပြနေသည်။ ပြီး လှည်းမောင်းနေသော ကုလားအာမရာအားလည်း နွားလှည်းကို ခဏရပ်တန့် ခိုင်းလိုက်၏။ ရှေ့ဆုံးမှသွားနေသော နွားလှည်းရပ်သွားသည်နှင့် တစ်ပြိုင်နက် နောက်ကလှည်းတွေမှာလည်း အလိုလို ရပ်သွားကြသည်။ ကျောက်ဖြူမြို့မှ မျက်နှာဖြူအရာရှိ တစ်ယောက်ယောက်ဆာကို တက်လာပြီဆိုလျှင် ဤဒေသရှိ လူများမှာ ဤသို့ပင် အရိုအသေပြုတတ်ကြလေသည်။ မြင်းစီးယောက်ျား နှစ်ယောက်သည် တောင်ပေါ်သို့ တဖြည်းဖြည်း ဘက်လာကြသည်။ ဖုန်မှုန့်တွေက လှည်းနောက်တွင် ဆိုင်းဆို့အုံ့ပြနေကြသဖြင့် မျက်နှာဖြူအရာရှိ၏ မျက်နှာကိုတော့ ထင်ထင်ရှားရှား မမြင်ရသေး။ ဦးထုပ်ကိုသည်း ခပ်ငိုက်ငိုက်ဆောင်းထားသဖြင့် ပို၍ အကြည့်ရခက်နေသည်။ မြင်ကွင်းမှာ ဒိုးတဝါးဖြစ်နေသည်။ သို့သော် မြို့ကတက်လာသော မျက်နှာဖြူအရာရှိကို အရိုအသေပြုသောအနေနှင့် လှည်းသုံးလေးစီးပေါ်ရှိ ကုလားများနှင့် အယ်လီတို့မှာ သက်တစ်ဖက်ကို မြှောက်ပင့်၍ ပဝါဖြူလေးတွေကို လေထဲတွင် ဝှေ့ယမ်းလှုပ်ခါပြနေကြသည်။

အနီးကပ်မြင်ကွင်းသို့ရောက်၍ ရှေ့မှဥရောပဝတ်စုံနှင့် မြင်းဖြူကြီးစီးလာသူ၏ မျက်နှာကို ထင်ထင်လင်းလင်း မြင်တွေ့ရသောအခါ အယ်လီမှာ အတိုင်းမသိ အံ့အားသင့်သွားသည်။ သူမက မျက်နှာဖြူအရာရှိတစ်ယောက်ယောက်ဟု ထင်နေသူမှာ တိုင်းရင်းသား လုလင်ပျိုတစ်ယောက်သာ ဖြစ်၏။ ထိုသူ၏အသက်အရွယ်မှာလည်း သူနှင့် မတိမ်းမယိမ်းလောက်သာ ရှိလေမည်။ ထိုလုလင်ပျိုသည် မျက်နှာဖြူမလေး အယ်လီက သူ့အား ပဝါဖြူလေးမြှောက်ပြ၍ ဆီးကြိုနှုတ်ဆက်နေသည်ကို အသိအမှတ်ပြုသည့် အနေနှင့် အယ်လီ၏နွားလှည်းနားကို မြင်းနှင့်ချဉ်းကပ်လာသည်။ ပြီး အယ်လီအား တုံ့ပြန်သောအနေနှင့်လည်း ဦးထုပ်ကိုချွတ်၍ လေထဲ၌ ဝှေ့ယမ်းလှုပ်ပြလေသည်။

"ဂွတ်အားဖတာနုံး မစ္စ"

တိုင်းရင်းသားလုလင်ပျိုက ကြည်လင်ရွှင်ပျသော အပြုံးနှင့် သူမကို နှုတ်ဆက် လာသည်။

"ဂွတ် အားဖတာနုံး မစ္စတာ"

အယ်လီကလည်း ပြန်နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုသည် အယ်လီအား ဝံ့ဝံ့စားစားကြည့်၍ ပြုံးပြနေသောအခါ သူမ၏စိတ်ထဲမှာ ဝေဒနာတစ်ခုက ရုတ်ခြည်းလှုပ်ခတ်လာသည်။ ရင်ထဲကလည်း မခုန်စဖူး တအိအိ ခုန်လာ၏။ ကြည်နူးနှစ်သိမ့်မိသောစိတ်၏ လှုပ်ရှားမှုတစ်ခုပင်။

တိုင်းရင်းသားလုလင်ပျိုသည် အယ်လီ၏ နှုတ်ခမ်းကို ကျော်တက်၍မြင်းကို ခပ်သွက်သွက် မောင်းနှင်သွားသည်။ ထိုလုလင်ပျို၏ ပြန်လှည့်အကြည့်နှင့် အယ်လီ၏ အကြည့်တို့ ဆုံစည်းမိကြသောအခါ စိတ်၏ လှုပ်ရှားမှုတစ်ခုသည် လည်း သူမ၏ရင်ခွင်ထဲတွင် လှိုင်းဘောင်ဘင်ခတ်၍ နေရစ်သည်။

ကွေ့ကောက် တွန့်လိမ်နေသော မင်းလမ်းမအတိုင်း မြင်းဖြူကြီးကိုနှင်ကာ တောင်ပေါ် ထက်ဆီသို့ ခပ်သွက်သွက်တက်သွားသော တိုင်းရင်းသားလုလင်ပျို၏ နောက်ကျောကို ငေးကြည့်၍ အယ်လီ့ရင်ထဲမှာကား ရင်ခုန်နေတုန်းပင် ရှိသေး၏။

တစ်ခါမျှ မတွေ့ဖူး၊ မကြုံဖူး၊ မသိကျွမ်းဖူးသော တိုင်းရင်းသား လုလင်ပျိုလေး တစ်ယောက်အား သူမသည် အဘယ်ကြောင့် အလွယ်တကူနှင့် ကြည်ကြည်ဖြူဖြူ နှုတ်ဆက်လိုက်မိသည်ကို ထိုလုလင်ပျို ပျောက်ကွယ်သွားတော့မှ အယ်လီက တွေးမိသည်။ ထိုသို့ တွေးမိတော့မှ ရှက်သလို၊ ရွံ့သလိုလိုနှင့် စိတ်ထဲကလည်း ကြည်နူးသလို၊ ကျောထဲကပဲ ချမ်းလာသလိုလို၊ ရင်ထဲကပဲ တုန်လာသလိုလိုနှင့် ထူးထူးဆန်းဆန်း ဝေဒနာတစ်ခုကို ခံစားမိသည်။

သူမသည် ငယ်စဉ်ကပင် ဤအရပ်၊ ဤဒေသတွင် ကြီးပြင်းလာသူ ဖြစ်သော်လည်း ဤလို ဥရောပဝတ်စုံကို ဝတ်ဆင်လေ့ရှိသော တိုင်းရင်းသားလူမျိုးဆို၍ တစ်ယောက်တလေကိုမျှ အယ်လီ မမြင်ဖူးချေ။ ဤကွန္တာရလမ်းခရီး၌ သူမအား နတ်သိကြားများကပင် လှည့်စား ဖြားယောင်းလေသလား။ ယနေ့ သူမစိတ်ကူး တွေးတောလာသည်မှာလည်း ဘာရယ်ညာရယ်ဟု တိတိကျကျ မဟုတ်။ စိတ်လှုပ်ရှားတိုင်းသာ ဟိုရောက်သည်ရောက် တွေးတောလာခဲ့ခြင်းဖြစ်သည်။ အကယ်၍ သူမအား နတ်သိကြားများက လှည့်စားဖြားယောင်းသည်ဆိုလျှင်လည်း ထိုလုလင်ပျိုအား သူမတစ်ယောက် တည်းသာ မြင်နိုင်ဖို့ ကောင်း၏။ ယခုတော့ အကုန်လုံးက ထိုလုလင်ပျိုအား မြင်လိုက်ကြပုံရသည်။ အယ်လီမှာ ပို၍ပင် မတွေးတတ်အောင် ဖြစ်လာမိ၏။ လုလင်ပျိုသည် သူမ၏ပုံးစာရင် နတ်ယောကျ်ားများ ဖြစ်လေရော့သလား။ ပုံပြင်ထဲကလို ပုံးစာရင် နတ်ယောကျ်ားနှင့်တွေ့လျှင် မည်မျှ ကောင်းလိုက်ပါမည်နည်း။

သူမသည် ဤလမ်း ဤခရီးကို အခေါက်ခေါက် အခါခါလာနေခဲ့သည်မှာ မရေတွက်နိုင် ရှိခဲ့ပါပြီ။ သို့သော် ယနေ့ လျှပ်တစ်ပြက်အတွင်း တွေ့လိုက်ရသော ဥရောပဝတ်စုံနှင့် တိုင်းရင်းသားလုလင်ပျိုကို သူမသည် တစ်ခါမှမတွေ့ဖူး၊ မကြုံဖူး၊ မမြင်ဖူးချေ။ အင်္ဂလိပ်တစ်ယောက်လိုဝတ်၍ အင်္ဂလိပ်စကားကိုလည်း ပီပီသသ ပြောသွားသော လုလင်ပျိုလေးမှာ ဘယ်ရွာ ဘယ်ဒေသကပါလိမ့်။ ယနေ့ မြင်းကလည်း ပါမလာပြန်။ ခါတိုင်းနေ့တွေဆိုလျှင် သူမသည် ရေနံ့ဆီတင်လာသော နွားလှည်းရှေ့က မြင်းနှင့် အမြဲ လိုက်လာလေ့ရှိ၏။ အကယ်၍ ယနေ့၌ မြင်း



သာပါလျှင် သူမသည် ထိုလုလင်ပျို၏နောက်ကို မြင်းနှင့် အပြင်းပြေးလိုက်၍ ဘယ်ရွာ ဘယ်ဒေသကမှန်း မေးစမ်းချင်လှသည်။ သူနှင့် တွေ့စဉ်တုန်းကတော့ ရင်ထဲကတဖိုဖို၊ စိတ်ထဲကတလှုပ်လှုပ်နှင့် တစ်ကိုယ်လုံးရှိ သွေးကြောတွေမှာ လည်း ထုံပူရှိန်းဖိန်းသွားကာ မှုန်ထုံနေမိသဖြင့် 'ဘယ်ရွာ၊ ဘယ်အရပ်ကလဲ'ဟု မေးမြန်းရန်ကိုပင် သတိမရမိတော့ချေ။ ဤသည်တို့ကို ယခုမှ တွေးမိအမှတ်ရ မိသောအခါ သူမမှာ မိမိကိုယ်မိမိ အပြစ်တင်၍မဆုံးနိုင် ဖြစ်မိရပြန်သည်။ ယခု အခါကား တိုင်းရင်းသားလုလင်ပျိုလေးသည် ဘယ်ဆီဘယ်ဒေသသို့ပင် ရောက်သွားလေပြီဆိုသည်ကို သူမ မှန်း၍ပင် မရနိုင်ပါတော့ချေ။ မင်းလမ်းမတစ်လျှောက် တွင် ရွာတွေကလည်း များလှသည်မဟုတ်ပါလား။

"သခင်မသူ့ကိုသိလို့ နှုတ်ဆက်တာလား။ သူက ဘယ်ရွာကလဲ။ သိပ်ချော တာပဲနော်"

ဥရောပဝတ်စုံနှင့် သူမအား နှုတ်ဆက်သွားသော တိုင်းရင်းသား လုလင်ပျို လေးကို သူမတစ်ယောက်တည်းကသာ အံ့သြမိသည်မဟုတ်။ သူမ၏ထိန်းတော်မှူး ကလားမရော်ကီနွာကလည်း အံ့သြနေပုံရသည်။ ထို့ကြောင့် ဤစကားကို မေးလာ သည် မဟုတ်ပါလား။ အမှန်မှာ နွားလှည်းနှင့် ပါလာကြသော လူအားလုံးက ထိုလုလင်ပျိုလေးကို အံ့သြနေတုန်းပင် ဖြစ်လေသည်။

"ငါကလည်း မသိပါဘူးဟယ်။ နင်ကကော သိလို့လား"

"သခင်မလေးတောင် မသိတာ။ ကျွန်မက ဘယ်သိပါ့မလဲ"

"အေးဟယ်၊ ငါကလည်း အမှတ်တမဲ့ဆိုတော့ ကြောင်တောင်တောင် ရှုန်း တမ်းတမ်း ဖြစ်ပြီး နှုတ်ဆက်မိလိုက်တာပဲ"

အယ်လီ၏စကားကို ကြားရသောအခါ ရော်ကီနွာမှာ သူ့သခင်မလေးကို ကြည့်၍ ဟားတိုက်မရယ်မိအောင် မနည်းသတိထားလိုက်ရပေသည်။

ကန္တာရလမ်းခရီးမှာ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ဆိုသလို ရုတ်တရက် တွေ့လိုက်ရသော ထိုတိုင်းရင်းသား လုလင်ပျိုလေးသည် အကယ်၍များ မျက်နှာဖြူ အရာရှိလေး တစ်ယောက်သာဖြစ်ချေက မည်မျှ ကောင်းလိုက်ပါမည်နည်း။ ဤသို့ တွေး၍ အယ်လီ၏စိတ်ထဲမှာ အချစ်၏နတ်ကလေးက ပူးဝင်လာသည်။ သူ့ အကြောင်းကို တွေးမိလျှင် ထမင်းမေ့၊ ဟင်းမေ့နှင့် စိတ်ထဲကလည်း မလုံ့တလုံ နှင့်ရင်ခုန်လိုက်သည်မှာလည်း အမောတကော။

* * *

|၁၂|

ဆန်းစလ၏ တစ်ညတည်း။

သခင်ကြီးသည် အိမ်ရှေ့လှေကားမှ တစ်ထစ်ချင်းနင်း၍ အောက်ဆီသို့ဆင်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူ့ကျောပေါ်တွင် သေနတ်တစ်လက်ကိုလည်း လွယ်သိုင်းထား၏။ ဆန်းစသော်တာ၏ ရောင်ခြည်မျှင်များသည် ထင်းရှူးပင်အကြိုအကြားမှ အိမ်မွေ့မြက်ခင်းပြင်ဆီ ကို ပြိုးပြိုးပြောက်ပြောက် ထိုးကျနေသည်။ ကုန်းမြင့်သာယာ၏ ပတ်ဝန်းကျင်တွင် လရောင်ခြည်က မှုန်ပျပျသာနေ၏။ တပေါင်းနွေဦး ဆောင်းနှောမြူသဖြင့် ထင်းရှူးပင်ပျိုများ၏ တရှုံ့ရှုံ့အော်မြည်နေသံတို့ကလည်း ကုန်းမြင့်သာယာ၏ပတ်ဝန်းကျင်မှာ ညံစီနေသည်။ တစ်ချက်တစ်ချက်တွင် အရှေ့ဘက် တောအစပ်ဆီမှ ဒီးကွက်ငှက်တစ်ကောင်၏ ဟောက်သံကလည်း လေနှင့်အတူ တငြိမ့်ငြိမ့် လွင့်မျောပါလာလျက်ရှိသည်။

သခင်ကြီးသည် ထင်းရှူးပင်တစ်ပင်ကို မှီကာ ရေနံတွင်းများရှိရာ တောင်ကုန်းမြင့်များဆီသို့ ငေးမောကြည့်ရှုနေသည်။ ယှဲ့ယှဲ့ပြပြသာနေသော ငွေလရောင်ဖျော့တော့တော့အောက်တွင် တောင်တန်းမြင့်ကြီးများသည် ညို့မှိုင်းတိတ်ဆိတ်စွာ လဲလျောင်း အိပ်မောကျနေသလိုပင်တည်း။

အနောက်ဘက် တောင်တန်းမြင့်များဆီသို့ တအိအိလျှောကျနေသော ဆန်းသော်တာကိုငေးကြည့်ကာ သခင်ကြီးသည် အဖြေရှာမရသော ပုစ္ဆာတစ်ခုကို သူ့ဦးနှောက်ထဲက တွက်ကိန်းထုတ်လျက်ရှိ၏။ ရေနံတွင်းများ တစ်နေ့တခြား ထူးဆန်းစွာ လျော့နည်းသွားသည်ကို သူက တွေးနေမိသည်။ သဘာဝအလျောက် ရေနံထွက် နည်းသည်ဆိုလျှင်လည်း တဖြည်းဖြည်းသာ နည်းသွားရန် သင့်၏။ ယခုကား ဤသို့မဟုတ်ဘဲ ယခင်တစ်နေ့က ပေပါသုံးလေးလုံးရသော ရေနံတွင်းသည် ဟိုနေ့က ပေပါတစ်လုံးလောက်သာ ရသည်။ ယနေ့ကျပြန်တော့ သုံးလေးလုံး ရပြန်၏။ ပြီးတောနက်ကျသော ကိုဖြူသီးတို့ လယ်တောဘက်မှရေနံတွင်းတွေမှာ ယခင်က သူထင်သည်ထက်ပင် ရေနံဆီတွေ အလျှံပယ် ရခဲ့သော်လည်း ယခုအခါ တစ်ပေပါအထိ ယုတ်လျော့ကျသွားသည်။ ယခင်က ကိုဖြူသီးဆီမှဝယ်သော တောင်ယာတောဘက်မှ ရေနံတွင်းတွေမှာ ရေနံဆီတွေ အလျှံပယ်ရခဲ့သဖြင့် ပျားတဲရွာဆိုင်ခွဲသို့ပင် သံပိုက်နှင့် ရေနံဆီများကို သွယ်ချပေးခဲ့ရသည်။ ထို့ကြောင့် ရောင်း၍ ပိုလျှံနေသောရေနံဆီများကို ဓာတ်ဆီနှင့် ဖယောင်းချက်ရန်ကိုပင် သူကစိတ်ကူးထားလေသည်။ မကြာခင် ဖယောင်းချက်ရန် စက်ရုံလေးတစ်ရုံ တည်ဆောက်ဖို့ကိုလည်း သူ့စိတ်ထဲက ဇယားချပြီးသားဖြစ်၏။ ထိုသို့သော အခြေအနေရောက်ခါမှ ယခုလို ရေနံဆီတွေ တစ်နေ့တခြား လျော့နည်းသွားသည်မှာ တိုင်းရင်းသားလူမျိုးများက ညအခါ၌ ရေနံဆီများကို ခိုးခပ်ကြလေသလားဟု သူက တွေးနေမိသည်။ ယခင်က သူ့အိမ်ကြီး၏ ပတ်ဝန်းကျင်တွင် ရေနံလာဝယ်ကြသော တိုင်းရင်းသားလူမျိုးများမှာ ဥဒဟိုဖြစ်နေခဲ့ကြသော်လည်း ယခုအခါ တဖြည်းဖြည်းပါးရှားသွားကြသည်။ ဤသည်တို့ကို လေ့လာကြည့်ခြင်းအားဖြင့် ရေနံဆီသူခိုးများသည် ညအခါ ရေနံဆီများကိုခိုးခပ်၍ တိတ်တိတ်ပုန်းလျှော့ဈေးနှင့် ရောင်းနေကြကြောင်းထင်ရှားနေလေသည်။ ထို့ကြောင့်ပင် ရေနံလာဝယ်ကြသူတွေမှာ တဖြည်းဖြည်း နည်းပါးသွားကြသည် မဟုတ်ပါလား။



အနောက်ဘက် တောင်တန်းမြင့်ဖျားဆီတွင် ၈–ရက်လသည် မေးတင်စပြုနေလေပြီ။တောရိပ်၊ တောင်ရိပ်တို့ကြောင့် ပတ်ဝန်းကျင်သည် မှိုင်းမှိုင်းမှုန်မှုန် ဖြစ်လာသည်။ ရှည်လျားသော သစ်ပင်ရိပ်ကြီးများက တဖြည်းဖြည်း ထိုးကျလာသဖြင့် ကုန်းမြင့်သာယာ၏ ပတ်ဝန်းကျင်သည် မည်းမှောင်စပြုလာတော့သည်။

၈–ရက်လဝင်လျှင် ညဥ့်သန်းခေါင်အချိန်တည်း။

ရေနံဆီသူခိုးများကို ဖမ်းဆီးမိနိုင်ရန် ညဦးလသာချိန်၌ သခင်ကြီး သွားချောင်းသည်မှာ တစ်လလောက်ပင် ရှိသွားလေပြီ။ သို့သော် ရေနံဆီသူခိုးများကို သက်ပူးလက်ကြပ် ဖမ်းမိရန်ကိုမဆိုထားနှင့် အရိပ်အခြည်ကိုမျှ မတွေ့ရပေ။ ရေနံဆီသူခိုးများသည် လရောင်ကင်းမဲ့သော ညဥ့်သန်းခေါင်ကျော်အချိန်၌သာ ရေနံဆီများကို ခိုးခပ်ကြသည်ဟု ထင်ရသည်။ သခင်ကြီးသည် ယနေ့ည သန်းခေါင်ကျော်အချိန်၌ ရေနံဆီသူခိုးများကို သွားချောင်းရန် သို့မဟုတ် ဖမ်းဆီးရန် တွေးတောလျက်ရှိသည်။

၈–ရက်လသည် မြင့်မားရှည်လျားသော အနောက်ဘက် တောင်တန်းကြီးများဆီသို့ ငုပ်လျှိုးပျောက်ကွယ်စပြုသည်နှင့် တစ်ပြိုင်နက် သခင်ကြီးသည် ကုလားအာမရာနှင့် ကိုဖြူသီးတို့ကိုခေါ်ကာ မြင်းကိုယ်စီနှင့် ရေနံတွင်းများရှိရာ တောင်ကုန်းမြင့် ကလေးများဘက်သို့ ထွက်လာကြသည်။

တောင်တက်လမ်းမှာ ကျဉ်းမြောင်းမတ်စောက်လွန်းသဖြင့် မည်းမှောင်နေသော လမ်းကျဉ်းကလေးကို (၅)ထောင့်ထိုး ဓာတ်မီးနှင့်ထိုးပြ၍ သွားကြရသည်။ ထိပ်တွင် ...ည်း၍ အဝတ်အုပ်ထားသဖြင့် မီးရောင်မှာ ပြပြမှေးမှေးသာ ဖြစ်သည်။ ...င်းလင်းထင်းထင်း ဝင်းဝင်းပပမရှိ။ လမ်းကကြမ်းသဖြင့် ခရီးကသိပ်မတွင်လှ။ မြင်းခွာသံကို ရေနံဆီသူခိုးများ မကြားမိအောင် မြင်းကိုဇက်သတ်၍ တဖြည်းဖြည်း ...င်းသွားရသည်။ အမှောင်ထဲတွင် တစ်ရွေ့ရွေ့သွားနေရသော မြင်းသုံးစီးမှာ ...နေးကွေးလွန်းလှ၏။ တစ်ချက် တစ်ချက်တွင် ညငှက်ငယ်များ၏ အော်မြည်သံနှင့် ...မြဝပ်ငှက်တို့၏ အထိတ်တလန့်ပျံပြေး အော်မြည်သွားကြသံတို့မှာ ချောက်ချားဖွယ်ရာပင် ကောင်းသေး၏။ ပိုးနံ့ကောင်များ၏ တစီစီမြည်သံကလည်း တစ်တောလုံးကို ဖုံးလွှမ်းပဲ့တင်ထပ်နေသည်။

ရေနံတွင်းများရှိရာ တောင်ကုန်းမြင့်ပေါ်သို့ ရောက်လာကြသောအခါ ရေနံတွင်းများသက်စနှင့် ရေနံဆီမရသေးသော ငြမ်းတိုင်များကို ကြယ်ရောင်များအောက်၌ ...ဝါးမြင်နေရသည်။ မြင်းသုံးစီးသည် တောင်ကုန်းမြင့်လေးပေါ် လမ်းကျဉ်းကလေး ...အတိုင်း ရေနံတွင်းများရှိရာ တောအစသို့ တရွေ့ရွေ့လှမ်းလျက် ရှိကြ၏။

"ရှဲ"

တောင်ကုန်းမြင့်လေးတစ်ခု၏ ဆင်ခြေလျှောတောအစရှိ ရေနံတွင်းများဘက် ...မီးရောင်လဲ့လဲ့များကို လှမ်းမြင်နေရသဖြင့် သခင်ကြီးက ကိုဖြူသီးနှင့် အာမရာ ... ရတ်တရက် သတိပေးလိုက်သည်။ မြင်းသုံးစီးသည် တုံ့ခနဲရပ်သွားကြ...သည်။ လူတွေမှာ အသက်ကိုပင် ပြင်းပြင်းမရှူမိကြ။ လေးဖက်လေးတန်က

www.burmeseclassic.com



ထိုပိတ်၍ တစ်ဖက်တွင် အိုးဝိုင်း ကျဲပြားသာသာလောက်သာ အပေါက်တစ်ပေါက် ဖောက်လုပ်ထားသော မီးအုပ်ဆောင်းများနှင့် ရေနံဆီသူခိုးများသည် ရေနံတွင်းထဲမှ ရေနံဆီများကို ရေငင်သလိုငင်၍ ခိုးခပ်နေကြသည် ထင်ရ၏။ တစ်ချက်တစ်ချက် မီးအုပ်ဆောင်း၏ အရောင်လက်လက်ထဲတွင် လူရိပ်လူခြေဟုထင်ရသော မည်းမည်း အရိပ်များကိုလည်း ရိုးတိုးရိပ်တိပ် မြင်နေရ၏။ ရေနံသူခိုးများမှာ တစ်ယောက် နှစ်ယောက် မဟုတ်တဲ့ ဆယ်ယောက်ထက်မနည်း ဖြစ်မည်။ မီးအုပ်ဆောင်းများက လည်း လေးငါးခြောက်လုံး ဖြစ်၏။ မီးအုပ်ဆောင်းတစ်ခုလျှင် သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲ အုပ်ဖွဲ့၍ ခိုးခပ်နေကြဟန်တည်း။ မီးအုပ်ဆောင်းထဲမှမှေးမှေး ပြပြ ထိုးထွက်နေကြသော အလင်းရောင်တို့မှာ မြင်ကွင်း၌ ပြန့်ကျဲနေကြသည်။

သခင်ကြီးနှင့် ကိုဖြူသီး၊ ကုလားအာမရာတို့သည် ရေနံသူခိုးများရှိရာသို့ မြင်းကို ညင်သာစွာစီး၍ ဖြည်းဖြည်းချင်း ချဉ်းကပ်နေကြသည်။

"ခွါ ခွါ"

လမ်းဘေးမှ ခွေးအတစ်ကောင်၏ ရုတ်တရက်အော်မြည် ပြေးသွားသံ ကြောင့် ရှေ့ဆုံးမှသွားနေသော သခင်ကြီး၏ မြင်းသည် လန့်ဖျတ်ကာ အီဟဲ တစ်ချက် မြည်ဟည်းလိုက်သည်။ မြင်းဟီသံကြောင့် မီးအုပ်ဆောင်းမှ မီးရောင်များ သည် ရုတ်ခြည်းချုပ်ငြိမ်းသွားကြ၏။ ကိုက် ၅၀-လောက်သာ ဝေးတော့သဖြင့် သခင်ကြီးသည် မြင်းပေါ်က လက်နှိပ်ဓာတ်မီးနှင့် ရေနံဆီသူခိုးများရှိရာသို့ လှမ်း ထိုးလိုက်၏။ မြင်းကိုလည်း ဒုန်းစိုင်းပြေးချသွားသည်။ လက်နှိပ်ဓာတ်မီးရောင် အောက်တွင် ရေနံသူခိုးများသည် ဖရိုဖရဲနှင့် တောထဲသို့ဝင်ပြေးသွားကြ၏။

"ဒိုင်း"

သခင်ကြီး၏ သေနတ်သံတစ်ချက်သည် တစ်တောလုံးကို ပဲ့တင်ထပ်သွား သည်။ ကိုဖြူသီးနှင့် အာမရာတို့သည်လည်း သခင်ကြီးအနားကို ပြေးရောက် လာကြ၏။

ရေနံဆီသူခိုးများ ပြေးဝင်သွားကြသော တောနက်ထဲသို့ သခင်ကြီးသည် လက်နှိပ်ဓာတ်မီးနှင့် မွှေနှောက်ထိုးကြည့်၏။ သို့သော် ရေနံဆီသူခိုးများကိုကား တစ်ယောက်မျှပင် မတွေ့ရချေ။ သူတို့သည် တောထဲ၌ပင် ကြက်ပျောက် ငှက် ပျောက် ပျောက်သွားကြ၏။ သူတို့အား သခင်ကြီးက မြင်းနှင့်လိုက်ရှာနေမှန်း သိသဖြင့် လက်လွှတ်စပယ် ထွက်ပြေးသွားကြပုံရသည်။

ရေနံဆီသူခိုးများ ပစ်ချထားခဲ့သော မီးအုပ်ဆောင်းနှင့် ရေနံဆီ စည်ပုံး များမှာ ရေနံတွင်းနားတစ်ဝိုက်တွင် ဗျမ်းထိုးမှောက်ခုံ ကျန်နေရစ်သည်။ သူတို့ တွင်းထဲက ရေနံဆီများကိုခိုးခပ်ရာတွင် အသုံးပြုသော လက်ဆွဲပုံးမှာ လူကြီးတစ် ယောက်၏ ပေါင်လုံးခန့်ရှိ လက်မောင်းတစ်ကုတ်လောက်ရှည်သည့် ဝါးလုံးဆစ်ရှည် ကြီးတစ်ခု ဖြစ်လေသည်။ ထိုဝါးလုံးဆစ်ရှည်၏ ဖင်တွင် လျှာကဲ့သို့ တံခါးတစ်ခု တပ်ထား၏။ ထိုဝါးလုံးဆစ်ရှည် ရေနံပုံးကို ရေနံတွင်းထဲသို့ ကြိုးနှင့်သွယ်ချ လိုက်သောအခါ ရေနံဆီနှင့်ပုံးဖင်တို့ထိမိပါက အတွင်းကလျှာတံခါးသည် ပွင့်သွား



ပြီး ရေနံဆီများပုံးထဲသို့ ဒလဟော ဝင်လာတတ်သည်။ ပုံးထဲတွင် ရေနံဆီပြည့်၍ အပေါ်သို့ ဆွဲတင်လိုက်သောအခါ ပုံးထဲက ရေနံဆီအလေးချိန်ကြောင့် ပုံးဖင် က လျှာတံခါးငယ်မှာ အလိုလို ပိတ်သွားတတ်သည်။ ရေနံဆီသူခိုးများ၏ ဉာဏ်များ ပုံကိုကြည့်ကာ သခင်ကြီးမှာ အံ့အားသင့်သွားမိသည်။ ရေနံတွင်းမှာ ကျဉ်းကျဉ်း လေးနှင့် အနက်ကြီးဖြစ်သဖြင့် ရေခပ်သလို လှုပ်ခပ်၍မရပေ။ ထို့ကြောင့် ဝါးလုံးဆစ်ပုံရှည်ကြီး၏ ဖင်က လျှာတံခါးတစ်ခုကို တပ်ထားခြင်း ဖြစ်သည်။

"ကဲမောင်ဖြူသီးနဲ့ အာမရာတို့ ဒါတွေယူလာခဲ့ကြ။ မနက်ဖြန်မှ သူကြီး မင်းကို တိုင်ပြီး ရေနံဆီသူခိုးတွေကို စုံစမ်းဖမ်းဆီးနိုင်းရမယ်"

သခင်ကြီး အမိန့်ပေးသည့်အတိုင်း ကိုဖြူသီးနှင့်အာမရာတို့သည် ကြိုးစား ဘိုးလို့တွဲလောင်းနှင့် ရေနံဆီသူခိုးများပစ်ချထားခဲ့သော ရေနံဆီပုံး၊ မီးအုပ်ဆောင်း ဝါးလုံးဆစ်ပုံးရှည်တို့ကို သိမ်းဆည်းယူလာခဲ့ကြလေသည်။

* * *

| ၁၃ |

သခင်ကြီးသည် မနက်ကပင် အခေါ်လွှတ်ထားသော မင်းပြင်ရွာသူကြီး ဦးကျော်စံအလာကို စောင့်မျှော်လျက်ရှိသည်။ ဦးကျော်စံရောက်လာလျှင် ညက ရေနံဆီသူခိုးများ ရေနံဆီခိုးခပ်ကြသည့်အကြောင်း တိုင်တောရမည်။ ထို့ကြောင့် လည်း ရေနံဆီသူခိုးများထံမှ သိမ်းဆည်းရမိထားသော ရေနံဆီစည်ပုံး၊ မီးအုပ် ဆောင်းနှင့် ရေနံခိုးခပ်သည့် ဝါးလုံးပုံးရှည် စသည်တို့ကို အိမ်ရှေ့ဖိနပ်ချွတ် ကြမ်းခင်းပြင်တွင် အဆင်သင့် စုပုံထားလေသည်။

ဤအရပ် ဤဒေသ၌ မင်းပြင်ရွာသူကြီး ဦးကျော်စံဆိုလျှင် တိုင်းရင်းသား လူမျိုး များမှာ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြလေသည်။ ဤအရပ် ဤဒေသ၌ သူ့ထက် ဩဇာတိက္ကမ ရှိသူဆို၍လည်း တစ်ယောက်မျှမရှိချေ။ ဦးကျော်စံကို ကြည့်သူကမျှ မလွန်ဆန်ရဲကြ။ အစိုးရမင်းများကပင် လွန်ဆန်ခြင်းမပြုဘဲ ဦးကျော် စံအား နယ်စားပယ်စားတမျှ သူကောင်းပြုထားလေသည်။ ဤသည်တို့ကို သိ သော သခင်ကြီးသည် ရေနံဆီလုပ်ငန်းကိုလုပ်ရန် ဤအရပ် ဤဒေသသို့ ရောက် လာစကတည်းကပင် ဦးကျော်စံအား လေးချီသွေး၍ အခွင့်အရေးပေးကာ ပေါင်း သင်းထားသည်။ တိုင်းရင်းသားလူမျိုးထဲက သခင်ကြီး အရေးပေးလေးစားသူ ဟူ၍လည်း ဤရွာအနီးချုပ်စပ်တစ်ဝိုက်တွင် ဦးကျော်စံတစ်ယောက်သာ ရှိသည်။ အစိုးရမင်းများကပင် အရေးထား လေးစားရသော ဦးကျော်စံအား သူကလည်း လေးစားသမှု ပြုရမည်ဆိုသည်ကို သခင်ကြီးသည် ကောင်းစွာ နားလည်ထား၏။ သူ့ရေနံလုပ် ငန်းတွင် အရေးကိစ္စရှိက ဦးကျော်စံအား မည်ကဲ့သို့အသုံးချရမည် ဆိုသည်ကိုလည်း သူကလိမ္မာပါးနပ်စွာ တွေးထားပြီးသားဖြစ်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း သခင်ကြီးသည် ဦးကျော်စံအား အမျိုးမျိုး အခွင့်အရေးတို့ပေး၍ ပေါင်းသင်းလာခဲ့သည်မှာ နှစ်ပေါင်းတစ်ဆယ်ကျော်လာပြီ ဖြစ်သည်။ ယခုအခါဆိုလျှင် ခန့်အောင်က သခင်ကြီးနှင့် မင်းပြင်ရွာသူကြီး ဦးကျော်စံတို့မှာ မိတ်ကောင်းဆွေကောင်း အပေါင်းအသင်းကောင်း ဖြစ်နေကြလေပြီ။ အင်္ဂလိပ်မျက်နှာဖြူများကို ရိုသေ လေးစားရမည်ဟု မင်းပြင်ရွာသူကြီး ဦးကျော်စံက သိရှိထားသလို ဤနယ်တစ်ဝိုက်တွင် အလွန်သြဇာတိက္ကမရှိသော ဦးကျော်စံအား ရင်းနှီးခင်မင်အောင် ပေါင်းသင်းထားရမည် ဆိုသည်ကိုလည်း သခင်ကြီးက နားလည်ထားပြီးဖြစ်သည်။ သခင်ကြီးနှင့် ဦးကျော်စံတို့သည် တစ်ဦးကိုတစ်ဦးလေးစားခင်မင်၍ ပေါင်းသင်းနေထိုင်လာခဲ့ကြသည်မှာလည်း နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပြီ မဟုတ်ပါလား။

အစိုးရမင်းများက ပေးအပ်ထားလေသော အခွင့်အာဏာအရဆိုလျှင်လည်း သူပိုင်ဆိုင်သော ဤနယ်တစ်ဝိုက်တွင် သူခိုးဓားပြများ ထကြွသောင်းကျန်းကြလျှင် မင်းပြင်ရွာသူကြီး ဦးကျော်စံကိုသာ ဦးစွာတိုင်ကြားရ၏။ ဦးကျော်စံကမှ တစ်ဆင့်သက်ဆိုင်ရာ အစိုးရအာဏာပိုင်များဆီသို့ တိုင်ကြားလေမည်ဖြစ်သည်။ ညက ခန့်ဆီသူခိုးတွေ၏ ကိစ္စကိုလည်း ဦးကျော်စံအားသာ တိုင်ကြားရမည် ဆိုသည်ကို သခင်ကြီးက နားလည်ထားပြီးဖြစ်၏။ သူမှာ တိုင်းတစ်ပါးသား ဖြစ်သဖြင့် ဤအမှုကိစ္စပေါ်လေအောင် တိုင်းရင်းသား ရခိုင်လူမျိုးများကြားထဲသို့ မည်မျှပင် တိုးဝင်စုံစမ်းသော်လည်း ဘယ်လိုမှ ခရီးမရောက်နိုင်ဆိုသည်ကို သခင်ကြီးက နားလည်ထားပြီးဖြစ်သည်။ တိုင်းရင်းသား ရခိုင်လူမျိုးများသည် ရေနံတောင်၌ သူ ရေနံတူးဖော်ခြင်းလုပ်ငန်းကို စတင်၍ လုပ်ကိုင်လာကတည်းကပင် ရွှေတောင်ကြားတစ်ဝိုက်ရှိ ချောင်းငယ် စမ်းငယ်များထဲက ရေနံတွေမှာ တစ်နေ့တခြား ယုတ်လျော့သွားပြီး ရေနံများကိုသူ့ဆီ၌ ဝယ်သုံးလာကြရသဖြင့် သူ့အား မနာလိုဝန်တို ဖြစ်နေကြသည် မဟုတ်ပါလား။ ဤအမှု၌ ရေနံဆီသူခိုးများကို စုံစမ်းဖမ်းဆီးပေးနိုင်ရန်မှာ မင်းပြင်ရွာသူကြီး ဦးကျော်စံမှတစ်ပါး တခြားမည်သူကမျှ ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို သခင်ကြီးက တွေးမိထားပြီး ဖြစ်သည်။ ထို့ကြောင့်လည်း သခင်ကြီးသည် မင်းပြင်ရွာသူကြီး ဦးကျော်စံအလာကို မနက်ကတင် မျှော်နေခြင်း ဖြစ်လေသည်။

ဥရောပဝတ်စုံကို ရှိုးကျကျဝတ်ဆင်ထားသော တိုင်းရင်းသားလုလင်ပျိုလေး တစ်ယောက်သည် အိမ်ရှေ့လှေကားမှခပ်သွက်သွက် တက်လာသည်ကို မြင်ရသဖြင့် သခင်ကြီးက အံ့အားသင့်သွားမိသည်။ သူသည် ဤအရပ် ဤဒေသ၌ နေလာခဲ့သည်မှာ နှစ်ပေါင်း(၁၀)နှစ်ကျော်သွားလေပြီ။ ယခုလို တိုင်းရင်းသားထဲက ဥရောပဝတ်စုံကို ရှိုးကျကျနှင့် ဝတ်ဆင်တတ်သူဆို၍ တစ်ယောက်တလေကိုမျှ သူ မမြင်ဖူးချေ။ ထို့ကြောင့်လည်း သခင်ကြီးသည် ဥရောပဝတ်စုံကို ရှိုးကျကျနှင့် ဝတ်ဆင်၍ သူ့အိမ်ပေါ်သို့ တက်လာသော တိုင်းရင်းသားလူပျိုလေးကို အံ့အားသင့်စွာ ကြောင်ကြည့်နေမိသည်။

ထိုလုလင်ပျိုလေးသည် အိမ်ရှေ့ ဖိနပ်ချွတ်ကြမ်းခင်းပြင်တွင် ဖိနပ်ကိုချွတ်



ထားခဲ့ပြီး သခင်ကြီးရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ သခင်ကြီးကတော့ ထိုလုလင်ပျိုလေးအား ကြောင်ကြည့်နေတုန်းပင် ဖြစ်သည်။

"ဂွတ်မောနင်း"

တိုင်းရင်းသားလုလင်ပျိုလေးက မျက်နှာဖြူလူမျိုးတို့၏ ထုံးစံအတိုင်း အင်္ဂလိပ်လို နှုတ်ဆက်လိုက်သောအခါ သခင်ကြီးမှာ ပို၍ အံ့အားသင့်သွားပြန်သည်။ တိုင်းရင်းသားလူမျိုးထဲက အင်္ဂလိပ်လိုပြောတတ်သူကိုပင် သခင်ကြီးသည် တစ်ခါမျှ မတွေ့ဖူးပေ။ သို့သော် ရိုင်းရာကျမည်စိုးသဖြင့် 'ဂွတ်မောနင်း'ဟု ထိုသူငယ်အား ကမန်းကတန်း ပြန်၍ နှုတ်ဆက်လိုက်ရသည်။

ဥရောပဝတ်စုံနှင့်တိုင်းရင်းသား လုလင်ပျိုလေးသည် သခင်ကြီးအား အရိုအသေ ဆးကာ ရှေ့မှရပ်လာ၏။ လုလင်ပျိုလေး၏ ရဲရင့်ဖျတ်လတ်ပုံကို ငေးကြည့်၍ သခင်ကြီးမှာ မတွေးတတ်အောင် ဖြစ်နေသည်။ တခြား တိုင်းရင်းသားလူမျိုးတွေမှာ သူ့ရှေ့ကို ယခုလိုလာရဲဖို့မဆိုထားနှင့် အိမ်ကြီးပေါ်ကိုပင် တက်မကြည့်ရဲကြချေ။

လုလင်ပျိုလေးသည် ကိုယ်ကိုညွတ်၍ သခင်ကြီးအား စာရွက်ခေါက်တစ်ခုကို ရိုရိုသေသေ လှမ်းပေးလာ၏။

"ထိုင်ပါ ထိုင်ပါ"

သခင်ကြီးသည် သူ့ရှေ့က ကုလားထိုင်တစ်လုံးကို လက်ညှိုးညွှန်ပြ၍ ဥရောပဝတ်စုံနှင့် လုလင်ပျိုလေးအား နေရာပေးလိုက်သည်။

သခင်ကြီးသည် လုလင်ပျိုလေးပေးထားသောစာရွက်ကို ဖြန့်ကြည့်၍ ပြုံးနေ၏။

"သြော်...မောင်က သူကြီးမင်းဦးကျော်စံရဲ့သားကိုး"

"ဟုတ်ပါတယ် ခင်ဗျား"

"မောင့်အဖေက မောင့်ကို မြို့ကျောင်းမှာ ထားတယ်ဆိုတာကိုတော့ ခဏခဏ ပြောဖူးပါတယ်။ ဒါပေမယ့် တစ်ခါမှမတွေ့ဖူးမမြင်ဖူးတော့ မောင်လာတုန်းက သခင်ကြီး မတွေးတတ်အောင်တောင် ဖြစ်သွားမိတယ်။ ခုလို တွေ့ရတာတော့ ဝမ်းသာပါတယ်။ မောင့်အဖေနဲ့ သခင်ကြီးနဲ့ဆိုရင် ငယ်ပေါင်းကြီးဖော်တွေလိုပဲ သိပ်ခင်ကြတယ်"

"ဟုတ်ကဲ့"

"ခု မောင့်အဖေ နေမကောင်းလို့ မောင့်ကို လွှတ်လိုက်တယ် ဟုတ်လား။ သြော် ဒါနဲ့ မောင့်နာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော့် ကျောင်းနာမည်ကတော့ ဖရက်ဒီကျော်ဟိုးလို့ ခေါ်ပါတယ်။ မောင်ကျော်ဟိုးလို့လည်း ခေါ်နိုင်ပါတယ်ခင်ဗျား"

သခင်ကြီးသည် မင်းပြင်ရွာသူကြီး၏ သားဖြစ်သူ မောင်ကျော်ဟိုးအား အကဲခတ်သလို စိုက်ကြည့်၍ ခေါင်းညိတ်နေ၏။

"သူကြီးမင်း နေမကောင်းတာ ဘယ်နှစ်ရက်ရှိပြီလဲ"

"ဒက်ဒီ နေမကောင်းတာ သုံးလေးရက်ရှိပါပြီ ခင်ဗျာ"

"ဘာဖြစ်တာလဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရိုးရိုးဖျားတာပါပဲ၊ ခုတော့ နည်းနည်းသက်သာသွားပါပြီ"

"မောင်ကျော်ဟိုး ဆေးလိပ် သောက်တတ်တယ် မဟုတ်လား၊ ရော့ — ဆေးလိပ် သောက်ဦး၊ ကြုံတုန်းကြုံခိုက် အေးအေးဆေးဆေးပေါ့"

သခင်ကြီးသည် စီးကရက်ဘူးကို အဖုံးဖွင့်၍ မောင်ကျော်ဟိုးအား ကမ်းပေး၏။ ပြီး မောင်ကျော်ဟိုးနှုတ်ခမ်းတွင် တပ်ထားသော စီးကရက်ကိုလည်း လေးလေးစားစား မီးညှိပေးသည်။

"မောင်ကျော်ဟိုးအဖေ သူကြီးမင်းကို အခေါ်လွှတ်ရတဲ့ကိစ္စက ဒီလိုကွယ့်"

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျား"

ညက သခင်ကြီးရဲ့ ရေနံတွင်းထဲက ရေနံဆီတွေကို သူခိုးတွေ လာခိုးတယ်။ အဲဒီကိစ္စ သူကြီးမင်းကို တိုင်မလို့ အခေါ်လွှတ်ရတာပါပဲ။ ခု မောင်ကျော်ဟိုးက သူကြီးမင်းကိုယ်စားရောက်လာတော့လည်း မောင်ကျော်ဟိုးကိုပဲ တိုင်လိုက်ရတာ ပေါ့ကွယ်"

"ဟုတ်ကဲ့"

"အမှန်က ရေနံဆီသူခိုးကွေ သောင်းကျန်းနေတာ သုံးလေးလ ရှိသွားပြီကွယ်။ ဒါပေမယ့် သူတို့က ညအခါမှ လာခိုးကြတော့ တစ်ခေါက်မှ မဖမ်းမိဘူး။ အစကဆိုရင် သိတောင် မသိဘူး။ သခင်ကြီး ည ည သွားချောင်းတာလည်း တစ်လလောက်တောင် ရှိသွားပြီ။ မနေ့ညကမှ သွားတွေ့တာ။ လူကိုတော့ မဖမ်းမိလိုက်ဘူး။ သူတို့ရေနံဆီ ခိုးခပ်တဲ့အခါ အသုံးပြုတဲ့ ပစ္စည်းတွေလောက်ပဲ မိလိုက်တယ်။ ဟိုပစ္စည်းတွေဟာ သူတို့ ရေနံဆီခိုးခပ်တဲ့အခါ အသုံးပြုတဲ့ပစ္စည်းတွေပဲ"

သခင်ကြီးသည် ဖိနပ်ချွတ်ကြမ်းခင်းပြင်တွင် စုပုံထားသော စည်ပုံး၊ မီးအိုးဆောင်းနှင့် ဝါးဆစ်လုံးရေနံပုံးများကို လက်ညှိုးညွှန်ပြပြီး ပြောသည်။

မောင်ကျော်ဟိုးသည် သခင်ကြီး လက်ညှိုးညွှန်ပြရာသို့ ဖျတ်ခနဲတချက် လှမ်းကြည့်လိုက်သည်။ သူခိုးများဆီက ရထားလိုက်သည်ဆိုသော ပစ္စည်းများကို ကြမ်းခင်းပြင်တွင် စုပုံထားသည်ကိုတွေ့ရ၏။

"ညက သခင်ကြီး သေနတ်တစ်ချက်တောင် ဖောက်လိုက်သေးတယ်။ မောင်ကျော်ဟိုးတို့ရွာက ကြားသလား မကြားဘူးလားတော့ မသိဘူး"

"ဘယ်အချိန်လောက်ကပါလဲ ခင်ဗျား"

"သန်းခေါင်ကျော် ညဉ့်တစ်ချက်တီးလောက် ရှိမယ်"

"ဟုတ်ကဲ့ အမှတ်တမဲ့ပါပဲ"

"လူတွေ အိပ်ကောင်းတုန်းအချိန်ဆိုတော့ ဘယ်ကြားပါ့မလဲ။သူခိုးတွေက အချိန်ကောင်းမှ လာခိုးကြတာ"

"ဟုတ်ကဲ့"

"ရေနံဆီသူခိုးတွေက တစ်ယောက် နှစ်ယောက်တင် မဟုတ်ဘူး မောင်ကျော်ဟိုးရယ်။ သခင်ကြီးအထင်ပြောရရင် ဆယ်ယောက်မကဘူး ထင်တယ်။ သခင်ကြီး ခြတ်မီးနဲ့လှမ်းထိုးတော့ တောထဲကို ဝင်ပြေးသွားကြတယ်လေ"



"သခင်ကြီးအမိန့်ရှိသလိုဆိုရင် သူခိုးတွေဟာ အုပ်စုနဲ့လုပ်ပြီး ခိုးကြတယ် ထင်ပါရဲ့ ခင်ဗျား"

"ဟုတ်တာပေါ့၊ ပုံပြင်ထဲက အလီဘာဘာနဲ့ ခိုးသားလေးဆယ်လို နေမှာပေါ့" နှစ်ယောက်သား ခပ်သဲ့သဲ့ ရယ်လိုက်ကြသည်။

"သခင်ကြီးအထင်ကို ပြောရရင် ရေနံသူခိုးတွေဟာ ဒီရွာနီးချုပ်စပ်တစ်ဝိုက်ကပဲ ဖြစ်မှာပဲ"

"ဖြစ်နိုင်ပါတယ်ခင်ဗျား"

"အဲဒါ မောင်ကျော်ဟိုး စဉ်းစားကြည့်တော့။ အမှန်က ရေနံသူခိုးတွေဟာ သခင်ကြီးပစ္စည်းတွေကို ခိုးတယ်ဆိုပေမယ့် တစ်နည်းပြောရရင် အစိုးရမင်းများနဲ့ မောင်ကျော်ဟိုးတို့အဖေကို စော်ကားသလိုပါပဲ"

သခင်ကြီးသည် စကားပြောဆိုရာ၌ အလွန်လိမ္မာပါးနပ်သူပီပီ စကားမြားဦးကို သူလိုချင်သော ပစ်မှတ်သို့ မသိမသာ ချိန်ရွယ်လိုက်ပြီတည်း။

ငယ်ရွယ်နုနယ်သေးသော မောင်ကျော်ဟိုးမှာမူ ဤသည်တို့ကို လုံးဝ ရိပ်မိလိုက်ပုံ မရပေ။ ထို့ကြောင့်လည်း သခင်ကြီး ပြောသမျှသာ 'ဟုတ်ပါခင်ဗျား မှန်ပါ၏' ဟူသော သဘောဖြင့် ဦးခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။

"အမှန်က ဒီနယ်တစ်ဝိုက်သာ မောင်ကျော်ဟိုးတို့အဖေ သူကြီးမင်းကို အစိုးရမင်းများက အပိုင်စားပေးထားတဲ့ နယ်လိုပဲ မဟုတ်လား။ တကယ်လို့ အစိုးရမင်းများရဲ့ ဥပဒေကိုဆန့်ကျင်ပြီး သခင်ကြီးပစ္စည်းကို ခိုးချင်ကြတယ်ထား ဦးတော့ မောင်ကျော်ဟိုးအဖေရဲ့ မျက်နှာကို ထောက်ထားဖို့ ကောင်းသေးတယ်။ ဒီနယ်တစ်ဝိုက်မှာ သူခိုးဓားပြထူပြီး ဆူဆူပူပူဖြစ်လာရင် မောင်ကျော်ဟိုးတို့ အဖေမှာပဲ တာဝန်ရှိတယ် မဟုတ်လား။ ခုတော့ သခင်ကြီးရဲ့ ရေနံဆီတွေကို ဘိတ်တိတ်ပုန်း ခိုးယူကြတာဟာ မောင်ကျော်ဟိုးတို့အဖေကို မထီမဲ့မြင်ပြုတာနဲ့ မလေးစားတာနဲ့ အတူတူပါပဲ"

"ဟုတ်ပါတယ်ခင်ဗျား၊ ဟုတ်ပါတယ်။ ဒါဟာ ကျွန်တော့်အဖေရဲ့ အုပ်ချုပ်မှု သြဇာကို ဖီဆန်ပြီး အသရေဖျက်လိုက်တာနဲ့ အတူတူပါပဲ။ အရေးမစိုက်ဘူး မလေးစားဘူးဆိုတဲ့ သဘောပါပဲ"

"ဒါပေါ့ကွယ်၊ ဒီသတင်းကိုသာ အစိုးရမင်းများရဲ့ နားကို ပေါက်သွားရင် မောင်ကျော်ဟိုးတို့ အဖေရဲ့ သိက္ခာကို ဘယ်လောက် ထိခိုက်သွားမလဲဆိုတာ မောင်ကျော်ဟိုးပဲ စဉ်းစားကြည့်တော့"

သခင်ကြီးသည် သူ့ထောင်ချောက် ပိုက်ကွန်ရှိရာဘက်သို့ မောင်ကျော်ဟိုး ဟူသော သားကောင်သည် ဆိုက်ဆိုက်မြိုက်မြိုက် ဦးတည်သွားနေသည်ကို သိသဖြင့် ပါးနပ်လိမ္မာသလို ဖမ်းယူရန်ကိုသာ စဉ်းစားနေပြီ မဟုတ်ပါလား။

"အဲဒါ မောင်ကျော်ဟိုးတို့အဖေ သူကြီးမင်းသိက္ခာမကျအောင်၊ သခင်ကြီးရဲ့ ရေနံဆီတွေကိုလည်း နောက်မခိုးရဲကြရလေအောင် ရေနံသူခိုးတွေကို ဘယ်လို အမ်းဆီးရမလဲဆိုတာ ညက တစ်ညလုံး သခင်ကြီးစဉ်းစားနေတယ်။ သူကြီးခင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုသင်ကြည့်ဦးမှဆိုပြီး မနက်က အခေါ်လွှတ်ရတာပါပဲ။ ဒီနယ် တစ်ဝိုက်မှာ သခင်ကြီးရဲ့ အားကိုးအားထားဆိုလို့လည်း မောင်ကျော်ဟိုးတို့အဖေ တစ်ယောက်ပဲ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ခု သူကြီးမင်းကလည်း နေထိုင်မကောင်း ဖြစ်နေပြန်ဆိုတော့ သခင်ကြီး မစဉ်းစားတတ်လောက်အောင်ပဲ မောင်ကျော်ဟိုးရယ်"

သခင်ကြီးသည် မောင်ကျော်ဟိုး၏ မျက်နှာကို မသိမသာ လှမ်းကြည့်၍ မောင်ကျော်ဟိုးဆီက စကားကို နှိုက်နေပြန်၏။

"ဟာ...အဲ့ကိုတော့ သခင်ကြီးဘာမှ မပူပါနဲ့ခင်ဗျား။ အဖေနေမကောင်း ဖြစ်နေပေမယ့် ရေနံဆီသူခိုးတွေကို ကျွန်တော်အတတ်နိုင်ဆုံး စုံစမ်းဖမ်းဆီးပေးပါ့မယ်။ ဒါဟာ သခင်ကြီး ရေနံဆီတွေကို ခိုးတယ်ဆိုပေမယ့် အဖေရဲ့ အုပ်ချုပ်မှုအာဏာကို စိန်ခေါ်ကားလိုက်တာနဲ့ အတူတူပါပဲ။ အဖေရဲ့တာဝန်ကို ကျွန်တော် ထမ်းဆောင်ပေးပါ့မယ်"

အမှန်မှာ သခင်ကြီးဆီက ရေနံသူခိုးကိစ္စသာ မဟုတ်ပါဘူး။ အခြားရပ်ရေးရွာရေး အမှုအခင်းကိစ္စတွေမှာလည်း အဖေ့ကိုယ်စား ခုအခါဆိုရင် ကျွန်တော်ကိုယ်တိုင်ကပဲ ဆောင်ရွက်ပေးနေရပါတယ်။ အဖေဟာ အသက်အရွယ်ကလည်း အိုမင်းမစွမ်း ဖြစ်လာပြီမို့ အဖေရဲ့တာဝန်တွေကို ကျွန်တော့်ကို အကုန်လွှဲအပ်ဖို့ သက်ဆိုင်ရာ အာဏာပိုင်များဆီမှာလည်း အဖေက စီစဉ်ပြီးသားပါပဲ။ ကျွန်တော့် အနေနဲ့ကလည်း အဖေအသက် ထင်ရှားရှိနေတုန်း ခုလိုရိုင်းပင်းကူညီပြီး အမှုအခင်းတွေမှာ နားလည် လိမ္မာလာအောင် ကြိုတင် လုပ်ကိုင်ပေးနေရတာဟာ ပိုပြီး ကောင်းပါတယ် ခင်ဗျား"

မောင်ကျော်ဟိုးက ဒေါနှင့်မောနှင့် တသီတတန်းကြီး ပြောပြနေသည်ကို သခင်ကြီးမှာ သားကောင်ကို ဖမ်းမိထားပြီးဖြစ်သော မုဆိုးတစ်ယောက်ပမာ တပြုံးပြုံးနှင့် သဘောကျလျက် ရှိသည်။

မောင်ကျော်ဟိုးမှာ လူငယ်ပီပီ သူကြီးမင်းရာထူးကို သူပိုင်ရတော့မည်ဆိုသောအကြောင်းကိုလည်း သခင်ကြီးအားကြွားလို၍ ဇာတ်စုံခင်းပြနေခြင်း ဖြစ်လေသည်။

မောင်ကျော်ဟိုးပြောသည်မှာ အမှန်လည်း ဟုတ်နေ၏။ မင်းပြင်ရွာသူကြီး ဦးကျော်စံမှာ အသက်အရွယ်ကလည်း အိုမင်း ရင့်ရော်လာပြီဖြစ်လေရာ ညဥ့်ရေးညဥ့်တာတွင် ရွာနီးချုပ်စပ်တွင်ရှိ ရွာတစ်ရွာ၌ အမှုအခင်းဖြစ်ပါက သူကြီးမင်းဆိုပြီး မြင်းတစ်စီးနှင့် နေရာတစ်ကာ အချိန်မတော် သွားလာနိုင်ခြင်းလည်း မရှိတော့ပေ။ ထို့ကြောင့်လည်း ကျောက်ဖြူမြို့ကျောင်းတွင်ထားခဲ့သော တစ်ဦးတည်းသောသား မောင်ကျော်ဟိုးအား သူ၏ သူကြီးမင်းအရိုက်အရာကို ဆက်ခံလွှဲပြောင်းပေးရန် အတွက် သက်ဆိုင်ရာအစိုးရမင်းများထံ၌ စီစဉ်ထားပြီးသား ဖြစ်လေမည်။

"အေးကွယ့်၊ မောင်ကျော်ဟိုးလို ခေတ်ပညာတတ်လူငယ်တစ်ယောက်က



အဖေရဲ့အရိုက်အရာကို ဆက်ခံပြီး သခင်ကြီးကု ခုလို အကူအညီပေးမယ်ဆိုတာ သိရတော့ သခင်ကြီး ဝမ်းသာလို့ မဆုံးပါဘူး။ သခင်ကြီးကတော့ ရှင်းရှင်းပြောရရင် ခေတ်ပညာတတ်လည်းဖြစ် လူငယ်တစ်ယောက်လည်းဖြစ်တဲ့ မောင်ကျော်ဟိုးကို သူကြီးမင်း ဦးကျော်စံထက်တောင် အားကိုးရလိမ့်မယ်လို့ ယုံကြည်ပါတယ်ကွယ်။ သူကြီးမင်းခမျာမှာ အသက်အရွယ်ကလည်း ယောက်လာပြီဆိုတော့ မောင်ကျော်ဟိုးလို လျင်မြန်ဖျတ်လတ်မှု မရှိနိုင်တော့ဘူးပေါ့ကွယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ သခင်ကြီးကတော့ မောင်ကျော်ဟိုးကိုပဲ အားကိုးရတော့မှာပဲ။ အားကလည်း တက်တုန်းကလည်း ထက်နေတုန်းဆိုသလို အချိန်အရွယ်ရှိတုန်း မောင်ကျော်ဟိုးကလည်း မင်းအဖေလိုအစိုးရမင်းများရဲ့ သစ္စာတော်ကို ရိုသေပြီး ဒီနယ်တစ်ဝိုက် ငြိမ်းချမ်းသာယာအောင် ကြိုးစားပေါ့ကွယ်။ မင်းအဖေလက် ထက်တုန်းကထက် သူခိုးဓားပြ ခေါ်တွေလာရင် မင်းတာဝန်ပဲ ဖြစ်နေမယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား"

သခင်ကြီးသည် မောင်ကျော်ဟိုးအား သူ့ရေနံလုပ်ငန်းတွင် ရှေ့ဆက်ပြီး မည်သို့ အသုံးချသွားရမည်ဆိုသည်ကို တွက်ကိန်းချထားပြီး ဖြစ်လေသည်။ ထို့ကြောင့်လည်း မောင်ကျော်ဟိုး၏ ဘဝင်အသည်းကို ပို၍အေးသွားအောင် နိုက်သွားအောင် မြှောက်လုံးပင့်လုံးတွေနှင့် မိမိရရဆုပ်ကိုင်လျက် ရှိလေသည်။ ထိုအချိန်၌ပင် သမီးဖြစ်သူ အယ်လီသည် အိမ်ရှေ့လှေကားမှ လှမ်းတက်လာသည်ကို မြင်ရသဖြင့် သခင်ကြီးက ခေါင်းညိတ်ခေါ်လိုက်၏။

အယ်လီ၏ ခြေလှမ်းသည် တုံ့ခနဲရပ်သွား၏။ သူ့ဒက်ဒီနှင့် စကားဖောင်ဖွဲ့နေကြသော ဥရောပဝတ်စုံနှင့် တိုင်းရင်းသားလုလင်ပျိုလေးအား သူမသည် ယုံ ကြည်နိုင်သလို ငေးကြည့်နေမိသည်။

"သြော်...စကားကောင်းနေကြတာနဲ့ မေ့နေလိုက်တာ၊ ဟော့ သမီး၊ ကော်ဖီမှုန့်ယူခဲ့စမ်း၊ မင်းမာမီကိုလည်း တစ်ခါတည်းခေါ် လာခဲ့။ ဒီမှာ မင်းပြင်ရွာသူကြီး ဦးကျော်စံရဲ့သား သူကြီးလေးနဲ့ မိတ်ဆက်ပေးရအောင်"

သူ့ဒက်ဒီက ရှည်ရှည်ဝေးဝေး လှမ်းပြောလိုက်သည်ကို အယ်လီမှာ စုံစုံဆေ့ဆေ့ ပင် မကြားလိုက်မိသလို ဖြစ်သွားမိ၏။ ဥရောပဝတ်စုံနှင့် ဤတိုင်းရင်းသားလုလင်ပျိုလေးအား သူမသည် ဘယ်မှာတွေ့ဖူးပါလိမ့်ဟုတော့ အထူးအထွေစဉ်းစားနေစရာ မလိုပေ။ တစ်နှစ်သောနွေလက သူမသည် ဤလုလင်ပျိုလေးအား ပျားတဲရွာက ရေနံဆီပို့၍အပြန် မင်းတက်တောင်နားတွင် တစ်ခါတွေ့ဖူးခဲ့ပါပြီ။ ထိုစဉ်က တသိမ့်သိမ့်တုန်ခဲ့ရသော သူမ၏ရင်မှာ ယခုအခါ၌လည်း တလှပ်လှပ် ခုန်ရပြန်ပါပြီ။ ဤလုလင်ပျိုလေးကို သူမသည် တစ်နေ့မျှ မမေ့ခဲ့၊ ထို့ကြောင့်လည်း ပျားတဲရွာသို့ ကုလားအလုပ်သမားတွေနှင့် ရေနံသွားပို့ရသော [illegible] မင်းလမ်းတစ်လျှောက်တွင် သူမ၏စိတ်ထဲမှာ ထိုလုလင်ပျိုလေးကို [illegible] အမှတ်ရနေခဲ့ရလေသည်။ ထိုလုလင်ပျိုလေးအား နောက်ထပ် တစ်ခါမျှ မတွေ့ရသော်လည်း သူမ၏ရင်ထဲမှာ အစဉ်မောခဲ့ရ၏။ ထိုလုလင်ပျိုလေးအား သူမသည် အမြဲ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ မြင်လိုလှ၏၊ သိလိုကျွမ်းလိုလှ၏၊ တတ်နိုင်လျှင် ထိုလုလင်ပျိုလေးအား ချစ်သူခင်သူအဖြစ်ပင် သူမ၏နှလုံးသားထဲက တောင့်တနေခဲ့သည်။

သူမသည် လုလင်ပျိုလေး၏ ရုပ်သွင်ကိုပင် အမှတ်ရနေမိသည်။ အသားဖြူဖြူ ငိုနိုင်နိုင်ပါး၊ အရပ်မနိမ့်မမြင့် နွဲ့နှောင်းသောကိုယ်ဟန်နှင့် သူ၏ရုပ်ရည်မှာ အထူးခြားကြီး မဟုတ်သော်လည်း အမှတ်ရလွယ်သော ရုပ်မျိုးပင်။ ဆံပင်ကောက်ကောက်၊ နဖူးမကျယ်မကျဉ်း၊ နှာတံစင်းစင်း၊ မျက်လုံးအိမ် အနည်းငယ်ကျဉ်းသည်ဟုထင်ရသော်လည်း စူးရှတောက်ပြောင်သောမျက်လုံးနှင့် ပါးလွှာပိရိသော နှုတ်ခမ်း ရှိလေသည်. သူမ အနေ့နေ့အရက်ရက်က မြင်လိုတွေ့လိုလှချည်ရဲ့ ဟု ဆုတောင်းခဲ့မျှော်ခဲ့ရသော ထိုလုလင်ပျိုလေးအား ယခုလို မိမိအိမ်ပေါ်၌ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးတွေ့ရပြန်တော့လည်း သူမမှာ သူ့မျက်နှာကိုပင် ရဲရဲမကြည့်ရဲ၊ သူ၏ ဖျတ်ခနဲလှမ်းကြည့်လိုက်သော စူးရှတောက်ပြောင်သည့် မျက်လုံးဝိုင်းဝိုင်းကြီးကို မြင်ရပြန်တော့လည်း ရင်ထဲမှာ ဖိုမိ၏။ တစ်ကိုယ်လုံးမှာလည်း မှိန်ထုံ၍ပင် သွားမိသည်။ အယ်လီ ဘယ်လိုဖြစ်သွားမှန်းကိုပင် သတိမရသလို။ သူ့မျက်လုံးများက အယ်လီကို ဖမ်းညှို့ပြုစားလိုက်လေသည်။

ထို့ကြောင့်ပင် ထင်သည်။ အယ်လီသည် သူ့အဖေ လှမ်းပြောသည်ကိုပင် ဘာမှ မကြားမိလိုက်သဖြင့် 'ဘယ်လို ဒက်ဒီ'ဟု နောက်တစ်ခါ ထပ်မေးရသော အဖြစ်သို့ ရောက်ခဲ့ရလေသည်။ ယနေ့မှ ထူးထူးဆန်းဆန်း နားလေးနေသော သမီးကို အဖေကပင် မယုံသင်္ကာ ဖြစ်သွားလေသလားဟု အယ်လီမှာတွေး၍ မလုံမလဲ ဖြစ်ရသေး၏။

အိမ်ကြီးဘေးက ရေနံဆီဆိုင်တွင် ရေနံရောင်းနေသော သူ့မာမီကို လှမ်းခေါ်ပြီး လင်ပန်းထဲတွင် ကော်ဖီနှင့်မုန့်ကို ထည့်၍ သူ့ရှေ့သို့ လျှောက်လာရသောအခါ သူမ၏ရင်မှာ ပန်းကန်ထဲက ကော်ဖီရည်များလို ဘောင်ဘင်ခတ်လာ၏။ လမ်းတွင် သူ့အမေက 'သမီး ဖိတ်သွားမယ်၊ ကောင်းကောင်းကိုင်လေ'ဟုပင် သတိပေးခံခဲ့ရ၏။ ရင်ထဲမှာ တင်းကျပ်လာသဖြင့် ကော်ဖီနှင့်မုန့်ထည့်လာသော လင်ပန်းကို သူ့ရှေ့ရှိခုံပေါ်တွင် တင်လိုက်ကာ 'ဟင်းခနဲ' သက်မကိုချလိုက်မိ၏။ အယ်လီတို့ အဖြစ်ကဖြင့် ဆန်းပဲဆန်းလိုက်ပါဘိဟု သူ့ကိုယ်သူလည်း အပြစ်တင်မိပြန်လေသည်။

"မောင်ကျော်ဟိုး၊ ဒါ သခင်ကြီးဇနီး မစ္စနာဒီယာ၊ ဒါလင် ဒါက မင်းပြင်ရွာ သူကြီးဦးကျော်စံရဲ့သား မောင်ကျော်ဟိုးလေ။ သူက ကျောက်ဖြူမြို့ ဗိုကျောင်းမှာ နေတာ။ ခုတော့ သူကြီးမင်း အသက်အရွယ်က ထောက်လာပြီမို့ သူ့အဖေရဲ့ အရိုက်အရာကို ဆက်ခံတော့မယ်ဆိုပြီး ဒီကို ရောက်နေတာတဲ့"

အင်္ဂလိပ်ထုံးစံအတိုင်း မာမီနှင့်သူက လက်ဆွဲနှုတ်ဆက်နေကြသည်ကို အယ်လီမှာ ငေးကြည့်၍ရင်ဖိုနေရ၏။ သူ့နာမည်က'မောင်ကျော်ဟိုး'ဆိုပါလား၊မကြာမီ သူ့အလှည့်သို့ ရောက်လာပြန်၏။

"ဒါက သခင်ကြီးရဲ့သမီး မစ္စအယ်လီလို့ခေါ်တယ်၊ သမီး သူ့နာမည်က



မောင်ကျော်ဟိုးတဲ့ မှတ်ထား၊ မင်းပြင်ရွာသူကြီးသားလေ။ နောက်လည်း ဘယ်မှာ တွေ့တွေ့ ခေါ်ကြ၊ ပြောကြ၊ ဟုတ်လား၊ ခုထဲက ရင်းရင်းနှီးနှီးနေကြပေါ့"

သူက လက်ဆွဲနှုတ်ဆက်လိုက်သောအခါ အယ်လီ၏ ရင်ထဲမှာ စိမ့်အေးသွားမိ၏။ သူ့ကို ရှက်နေသလား၊ ရွံ့နေသလား။ ဒါကိုတော့ အယ်လီ မပြောတတ်။ ကြည့်စမ်း၊ အရက်ရက်အလလက တွေ့ချင် မြင်ချင်လှချည်ရဲ့၊ သိကျွမ်းခင်မင်ချစ်ခင်လှချည်ရဲ့ဆိုသူကို ယခု တွေ့ရမြင်ရ သိကျွမ်းရပြန်လေတော့လည်း သူမ၏ တစ်ကိုယ်လုံးမှာ ကတုန်ကယင်နှင့် ပါတကား။ 'တွေ့ရ သိရတာဝမ်းသာပါတယ်ရှင်'ဟူသော စကားကလေးတစ်ခွန်းကိုပင် ပီပီသသပြောမထွက်အောင် ရင်ထဲက တလှပ်လှပ် တခုန်ခုန်နှင့်၊ သူကပင် အာစေး ထည့်ထားလိုက်လေသလား။ မျက်လုံးကြီးညို့ညို့နှင့် မခို့တရို့ ကြည့်နေလိုက်ပုံကများ ဆန်းပဲ ဆန်းလှပါဘိတော့ဟု အယ်လီက တွေးမိသေး၏။

အယ်လီသည် မိမိ၏အဖြစ်ကို ဒက်ဒီနှင့်မာမီတို့ကများ ရိပ်မိသွားလေပြီလားဟု မလုံမလဲနှင့် ခေါင်းငုံ့ထားခဲ့ရ၏။

အမှန်က အယ်လီ ဤသို့ဖြစ်မည်ဆိုကလည်းဖြစ်စရာပင်။ ဤအရပ် ဤအသ၌ အယ်လီနေလာခဲ့သည်မှာ မွေးကတည်းကပင်။ ယခု အသက် ၁၆–နှစ်ကျော်၊ ၁၇–နှစ်ထဲသို့ ဝင်လာပြီးဖြစ်သော်လည်း လိင်မတူသော ပုရိသယောကျ်ားများနှင့် ယခုလို လက်ဆွဲနှုတ်ဆက်ဖူးရန်ကို မဆိုထားနှင့် နီးနီးကပ်ကပ်ပင် တစ်ခါမျှ မနေဖူးခဲ့ပေ။ အမှန်မှာ သူမနေလာခဲ့ရသော တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့်သာ ဝိုင်းရံအပ်သော ဤကုန်းမြင့်သာယာက အိမ်ကြီးထဲမှာ ပင်တိုင်စံမင်းသမီးကလေးတမျှ အထီးဆိုလျှင် ယင်ဖိုမျှမနားဘဲ နေလာခဲ့ရသည် မဟုတ်ပါလား။

သူ ပြန်သွားသောအခါ အယ်လီ၏ရင်ထဲက အသည်းနှလုံးတွေမှာ သူ့နောက်သို့ ငြိတွယ်ပါသွားသလိုပင် ရင်ထဲမှာ ဟာလာဟင်းလင်းပွင့်၍ ကျန်ရစ်ခဲ့ရ၏။ သူက တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ကာ ခါယမ်းသွားသော သူမ၏ ဖော့ယောင်းပမာ ပျော့ပျောင်း နူးညံ့စွာသော လက်ချောင်း သွယ်သွယ်လေးတွေကို သည်း ရှု၍မငြီး၊ နမ်း၍မပြီးဖြစ်ကာ ကျန်ရစ်ခဲ့ရလေပြီတည်း။

❊ • ✳ ❊

| ၁၄ |

ကုန်းမြင့်သာယာသည် လေကလေး တဖြူးဖြူးနှင့် အစဉ်အေးမြလျက် ရှိသည်။ လေတိုးနေသဖြင့် ထင်းရှူးပင်ပျိုများသည် တရှဲရှဲမြည်နေသော တေးသံ ... မတိုးမကျယ် သီဖွဲ့ရင့်ကျူးနေကြ၏။ ထင်းရှူးပင်ဖျားတွင် အသိုက်ဖွဲ့၍ ... ဆွဲနေကြသော စာဘူးတောင်းသိုက်မြိုတို့မှာ လေအရှေ့တွင် ဘယ်ညာ

www.burmeseclassic.com

www.burmeseclassic.com



ဘ်ိမ်းနှင့် လှုပ်လှဲလှုပ်လီ ယိမ်းကနေကြသည်။ ရိပ်မြို့လုပ်ရင်း ငြင်းခုန်နေကြသော စကားလေးတို့၏ ရန်ပွဲမှာ ဖျန်ဖြေမည့်သူမရှိသလို ဆူညံလွန်းလှ၏။ နွေအပူရှိန်ကြောင့် ပြာရော် ခြောက်သွေ့နေကြသော သစ်ပင်ကြီးငယ်တို့မှာ စိမ်းစိုနုပျိုသော ပုရစ်ဖူးတွေနှင့် မိုးဦးကို လည်တဆန့်ဆန့် မျှော်နေကြလေပြီ။ ဆောင်းပြာတန်းကြီးများကို ကျော်လွှား တိုက်ခတ်လာသော လေပြည်လေညင်းထဲတွင် မိုးသက်နံ့ကလေးများသည်လည်း တသင်းသင်းပါလာတတ်ကြပြီး တစ်နေ့လုံး ညမနား ခနအား အော်မြည်လာကြသော ဥသြများ၏ လွမ်းတေးဖွဲ့သံတို့သည်လည်း တဖြည်းဖြည်း ရှဲသွားကြပြီတည်း။

ဘုံဘူးနံ့သင်းအခါတွင် ငွေမြားတံကလေးတွေနှင့် ပမာတူသော မိုးရေမိုးပေါက်တို့သည် ဆောင်လေနှင့်အတူ ရောက်လာကြတော့မည်။ အရှေ့တောင်ထောင့်ဆီမှ ဘန်းဂိုးဂိုး မြင့်တက်လာနေကြသော မိုးသားတိမ်လိပ်များကိုလည်း ကောင်းကင်ပြင်ထဲ အစဉ် လှမ်းမြင်နေရလေပြီတည်း။

ဘဲရှုံးတေးတစ်ပုဒ်ကို မကိုးမကျယ်ညည်းသူနေကြသော ထင်းရှူးပင်များ အကြားအကြားတွင် အယ်လီသည် စမ်းရေအိုင်နားကို ရောက်နေနှင့်သော သမင်မလေးမှာ မြူးကြွပြေးလွှား လှုပ်ရှားနေသည်။ အညို အပြာ အဝါ အရွေ့ရောင်စုံခြယ်သော လိပ်ပြာမောင်မယ်များကို သူမသည် လိုက်ဖမ်းကစားနေ၏။

မင်းပြင်ရွာသူကြီးသား မောင်ကျော်ဟိုး လာနေသည်ကို မြင်နေရသောအခါ အယ်လီသည် မောင်ကျော်ဟိုးကို ပြေးကြိုလိုက်၏။

“အယ်လီ နေကောင်းတယ်နော်”

မောင်ကျော်ဟိုးသည် အယ်လီ၏ မြူးကြွနေသော ရုပ်သွင်ကို မြင်းပေါ်က လှမ်းကြည့်၍ နှုတ်ဆက်လိုက်၏။

“ဟုတ်ကဲ့၊ နေကောင်းပါတယ်”

အယ်လီသည် မောင်ကျော်ဟိုးအား အပြုံးနှင့် ပြန်ပြောလိုက်၏။

သူမအား မောင်ကျော်ဟိုးက ပြုံးပြုံးကြီးနှင့် စိုက်ကြည့်နေသောအခါ သူမမှာ မနေတတ် မထိုင်တတ်သလို ဖြစ်လာပြီး အကျွမ်းတဝင် ရင်းနှီးခင်မင်ခြင်း မရှိကြသေးသော မောင်ကျော်ဟိုးအား ‘လာလေ ကိုကျော်ဟိုး’ ဟု အရဲစွန့်ကာ ဖိတ်မန္တကပြုလိုက်ရ၏။

မောင်ကျော်ဟိုးသည် မြင်းပေါ်ကခုန်ဆင်းလိုက်၏။ လမ်းဘေးရှိ ထင်ရှူးပင်ပျို တစ်ပင်တွင် မြင်းကိုချည်ထားခဲ့ကာ အယ်လီ၏အနားကို လျှောက်လာသည်။

“အယ်လီတို့ ဒက်ဒီရှိသလား၊ ကျွန်တော် ဟို ရေနံသူခိုးတွေကိစ္စ ပြောစရာရှိလို့ လာတာ”

“ဒက်ဒီက အလုပ်သမားတွေနဲ့ ခုလေးတင်ပဲ တောထဲကိုရေနံခပ် ထွက်သွားတယ်။ ဒါပေမယ့် မာမီရှိသားပဲ လာလေ”

နှစ်ယောက်သားသည် ဆင်ခြေလျှောလမ်းအတိုင်း ကုန်းမြင့်သာယာ အိမ်ကြီးဆီသို့ စကားတပြောပြောနှင့် တက်လာကြသည်။



လမ်းမထဲတွင် ပြန့်ကျဲနေကြလေသော သစ်ရွက်ခြောက်များကို တဖြောက်ဖြောက်နင်းကာ အယ်လီသည် မောင်ကျော်ဟိုးအား သူ့အမေရှိရာသို့ ခေါ်လာသည်။ သူ့အမေမှာ ရေနံဆီဆိုင်တွင် ရေနံရောင်းလျက်ရှိ၏။ အိမ်ကြီး၏ ဘတ်လည်တွင် ရေနံလာဝယ်ကြသော တိုင်းရင်းသား တစ်ယောက်စ နှစ်ယောက်စ တို့မှာ မောင်ကျော်ဟိုးနှင့် အယ်လီကို ပြုံးကြည့်၍ တီးတိုးတီးတိုး သယန်းပိုးလုပ်နေကြသည်။ ထိုတိုင်းရင်းသားများသည် ဤအနီးအနားရွာများမှ တိုင်းရင်းသားများ မဟုတ်ကြဘဲ အတော်ဝေးသော ရွာများမှဟု ထင်ရသည်။ သူတို့သည် အယ်လီတို့ဆီက ရေနံများကို လက်ကားဝယ်ယူ၍ တစ်ဆင့် လှည့်လည်ရောင်းချကြသူများ ဖြစ်ဟန်တူသည်။ ထို့ကြောင့်လည်း မောင်ကျော်ဟိုးလို ဥရောပသော်ရုံနှင့် တိုင်းရင်းသားလုလင်ပျိုလေးကို မမြင်ဖူးကြသဖြင့် အထူးအဆန်းသဖွယ် ငေးကြည့်နေကြသည်။

‘သူကလည်း သခင်မျိုးနဲ့တူတယ်’ဟု တစ်ယောက်ကဆိုသောအခါ နောက်တစ်ယောက်က ‘မဟုတ်ပါဘူး၊ ဒီရုပ်က သခင်ရုပ်မှ မဟုတ်တာ’ဟု ဆိုပြန်လေသည်။ ‘မဟုတ်ဘဲ နေရမလား၊ သခင်လိုပြောသွားတာ မှတ်နေတာပဲဟာ။ ဟိုသခင်မလေးရဲ့ ရည်းစားလားမှ မသိတာ’ဟု နောက်တစ်ယောက်က ခပ်တိုးတိုး ပြောပြန်သည်။

ထင်းရှူးပင်ကြီးအောက်တွင် ရေနံလာဝယ်ရင်း နားနေကြသော တိုင်းရင်းသား လူမျိုးတို့၏ အချင်းချင်း ဝေဖန်ပြောဆိုနေကြသံကို ခပ်တိုးတိုးကြားနေရသော အယ်လီမှာ ရင်ထဲက တလှပ်လှပ်ခုန်၍ ခြေလှမ်းပင် မှားချော်လာသည်။ မောင်ကျော်ဟိုးကလည်း ရှက်သဖြင့် မျက်နှာရဲလာ၏။ သို့သော် နှစ်ယောက်စလုံး၏ စိတ်ထဲတွင်တော့ ကြည်နူး မြူးကြွနေကြသည်ပင်။

“ဟော မောင်ကျော်ဟိုးပါလားကွယ့်။ မင်း အသက်ရှည်ဦးမယ်၊ အန်တီတို့က မင်းပေါ်မလာလို့ ခုနကတောင် မင်းအကြောင်းပြောမိကြသေးတယ်။ မင်းအန်ကယ်တော့ ရေနံဆီခပ်ဖို့ အလုပ်သမားတွေနဲ့ တောထဲကို ထွက်သွားလေရဲ့”

ရေနံဆီရောင်းသော ဆိုင်ဝသို့ ရောက်သောအခါ အယ်လီ၏အမေက မောင်ကျော်ဟိုးအား စကားရောဖောရောနှင့် ပျာပျာသလဲ ထွက်ကြိုလာသည်။

ပွေချင်းတစ်ကြိမ်တစ်ခါသာ ကြုံတွေ့ရဖူးသေးသော မျက်နှာဖြူမကြီး တစ်ယောက်က သူ့အား ဤမျှအရေးပေး အလိုလိုက်၍ ရင်းရင်းနှီးနှီး ဆက်ဆံနေသည်ကို တွေ့ရသောအခါ မောင်ကျော်ဟိုးမှာ ခဏတော့ ကြောင်၍ပင် သွားမိသည်။ အခြားတိုင်းရင်းသား ရခိုင်လူမျိုးများနှင့် ပြောဆိုဆက်ဆံရာတွင် သူတို့ကိုယ်သူတို့ ‘သခင်ကြီး၊ သခင်မကြီး’ဟုသာ ပြော၍ ဆက်ဆံလေ့ရှိသော မျက်နှာဖြူမကြီးသည် ယခုအခါ သူ့အား အန်တီ၊ အန်ကယ်ပြော၍ ရင်းရင်းနှီးနှီး ဆက်ဆံနေသည်မှာ အဘယ်ကြောင့်ပါနည်း။ ငယ်ရွယ်သူဖြစ်သော မောင်ကျော်ဟိုးမှာ မျက်နှာဖြူမကြီး၏ လောကဝတ် ပျူငှာလွန်းနေသည်ကို မတွေးတတ်အောင် ဖြစ်နေမိသည်။ သူ့အား မျက်နှာဖြူမကြီးက အဘယ်ကြောင့် ဤမျှ လိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လျော့လျော့ ရှိနေသည်ကို မတွေးတတ်အောင် ရှိသော်လည်း ရိုင်းရာကျမည် စိုးသဖြင့် 'ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်လည်း အန်တီတို့ ရေနံဆီသူခိုးတွေကို လိုက်စုံစမ်းနေရတာနဲ့ တစ်ရက်နှစ်ရက် ကြာသွားပါတယ်ခင်ဗျာ'ဟု ယဉ်ယဉ် ကျေးကျေးပင် မောင်ကျော်ဟိုးက ပြန်ပြောလိုက်ရ၏။ မောင်ကျော်ဟိုးမှာ မြို့တွင် မိုကျောင်းနေဖူးသူ ဖြစ်သဖြင့် မျက်နှာဖြူမကြီးကို ထုခြား တိုင်းရင်းသားများ ခေါ် လေ့ခေါ် ထ ရှိသလို 'သခင်မကြီး'ဟု မခေါ်ဘဲ၊ သူက ရင်းရင်းနှီးနှီးဆက်ဆံ လာသလို ကိုယ့်ဘက်ကလည်း ရင်းရင်းနှီးနှီး ခေါ်ဝေါ်ပြောဆို ဆက်ဆံရမည် ဆိုသည်ကို မောင်ကျော်ဟိုးက ပါးနပ်လိမ္မာပြီးသား သူငယ်တစ်ယောက် ဖြစ် လေသည်။

"ကဲ မောင်ကျော်ဟိုး အိမ်ပေါ်ကို တက်ဦးကွယ်။ ကော်ဖီလေး ဘာလေး သောက်ပြီး စကားအေးအေးဆေးဆေး ပြောကြတာပေါ့။ ဟဲ့ သမီး၊ ကော်ဖီ အဆင်သင့် သွားပြင်နှင့်လေ"

"ဟာ...နေပါစေအန်တီ နေပါစေ၊ ကျွန်တော် ဒီကနေ သိုင်းချောင်းရွာကို သွားဦး စုံစမ်းစရာရှိသေးလို့ပါ"

မောင်ကျော်ဟိုးမှာ မျက်နှာဖြူမကြီး၏ လောကဝတ်ပျူငှာလွန်းပုံကို မိမိ ဘာသာမိမိ မလုံမလဲ ဖြစ်လာမိသဖြင့် ကမန်းကတန်း တားထားလိုက်ရ၏။

အယ်လီကတော့ သူမာမီခိုင်းစေသလို အိမ်ပေါ်ကိုပဲတက်၍ ကော်ဖီသွား ဖျော်ရမလို၊ ဤနေရာမှာပဲဆက်ပြီး ရပ်နေရမလိုနှင့် သူတို့နှစ်ယောက်ကြားတွင် ရှာများနေပုံ ရသည်။

"အေးကွယ့် မင်းအလုပ်ကလည်း အရှုပ်သား၊ ဘယ့်နှယ်လဲ၊ ရေနံသူခိုးတွေ ကိုကော စုံစမ်းပြီးပြီလား"

"ကျွန်တော် စုံစမ်းရသလောက်တော့ ကျွန်တော်တို့မင်းပြင်ရွာက တစ် ယောက် နှစ်ယောက်နဲ့ ပန်းတော(ချောင်း၀) ရွာက တစ်ယောက်နှစ်ယောက်ပဲ သိရသေးတယ်။ အဲဒီလူတွေကို ကျွန်တော် စစ်ဆေးဖို့သွားတော့ သူတို့က ခိုး သွားဟန်လွှဲ ရှောင်နေကြတယ်၊ အတွေ့မခံကြဘူး။ ခု သိုင်းချောင်းရွာကို သွားမှာ ကလည်း အဲဒီကိစ္စပဲ။ သိုင်းချောင်းရွာက ရေနံဆီသူခိုးတွေ ပါမပါ၊ ရွာခေါင်းကို သေသေချာချာ စုံစမ်းခိုင်းရမယ်။ ကျွန်တော်တို့ရဲ့ရွာက လူတွေကိုတော့ ကျွန် တော် ကိုယ်တိုင်ပဲ စုံစမ်းအကဲခတ်ပြီး နောက်တစ်ရက်နှစ်ရက်ကြာရင် လာပြီး အကြောင်းကြားပါ့မယ်။ အန်ကယ့်ကို ကျွန်တော် ရောက်လာတဲ့အကြောင်း အန်တီ အမိန့်ရှိလိုက်ပါခင်ဗျာ"

"ကောင်းပြီ ကျေးဇူးတင်ပါတယ်ကွယ် "

"ဩော် ဒါနဲ့ မင်းခု သိုင်းချောင်းရွာကို သွားမယ်ဆိုတော့ အပြန်မှာလမ်းကြုံ တာပဲကွယ့်။ ညနေ အန်တီတို့ဆီမှာ ထမင်းဝင်စားသွားပါဦး။ မင်း အန်ကယ်နဲ့ လည်း တွေ့ပြီးတော့ အေးအေးဆေးဆေး တိုင်ပင်နိုင်တာပေါ့"

မျက်နှာဖြူမကြီးက တစ်ဆင့် တက်လာပြန်သောအခါ မောင်ကျော်ဟိုးမှာ



ဘယ်လိုမှ မငြင်းသာတော့ပေ။ သိုင်းချောင်းရွာက သူနေသော မင်းပြင်ရွာသို့ အပြန်လမ်းမှာလည်း ဤတစ်လမ်းသာရှိလေသည် မဟုတ်ပါလား။ ထို့ကြောင့် 'ဟုတ်ကဲ့ အန်တီ'ဟု ခေါင်းညိတ်ပြောခဲ့ရတော့သည်။

" မင်း ညနေ သိုင်းချောင်းရွာကအပြန်မှာ ဆက်ဆက်ဝင်ခဲ့နော်။ အန်တီတို့ တစ်အိမ်သားလုံး စောင့်နေကြမှာ သိလား"

မောင်ကျော်ဟိုး သိုင်းချောင်းရွာသို့ ထွက်လာခါနီး၌ပင် အယ်လီက သား အမိသည် ကုန်းမြင့်သာယာ ဆင်ခြေလျှောထိလိုက်ပို့၍ သိုင်းချောင်းရွာက အပြန် ညနေစာ ထမင်းဝင်စားသွားရန်ကို တတွတ်တွတ် မှာလိုက်ကြသေးသည်။

ဤမျက်နှာဖြူမကြီးက သူ့အား အဘယ်ကြောင့် ဤမျှလောက် ပျူငှာနေသည် ကို မောင်ကျော်ဟိုးမှာ တစ်လမ်းလုံးတွေးလာသည်။ နောက်တော့ သူ့အစောင့် အရှိန်အဝါကြောင့်ပင် ဖြစ်ရမည်ဟု လွယ်လွယ်ကူကူ မှတ်ယူလိုက်မိသည်။

မျက်နှာဖြူမကြီးက သူ့အား ဤကဲ့သို့ ပျူပျူငှာငှာဆက်ဆံသည်ကို အမှန် အတိုင်း ဝန်ခံရလျှင် မောင်ကျော်ဟိုးကလည်း တကယ်ပင် လိုလိုချင်ချင် ဖြစ် မိသည်။ တခြားတိုင်းရင်းသား ရခိုင်လူမျိုးများအား အသက်ရှိသောလူဟူ၍ပင် အသိအမှတ်မပြုချင်ကြသော သခင်ကြီးတို့အိမ်သားတွေက သူ့အား ဤကဲ့သို့ပင် လေးစားဖော်ရွေသောအခါ မောင်ကျော်ဟိုးမှာ လူငယ်ပီပီ ဘဝင်ခွေသဘောတွေ့ သွားတော့၏။ သူက ပို၍ပင်ကြည်နူးပြီး ရွှေရင်အေးမိသည်မှာ သူ သိုင်းချောင်း ရွာကို ယွက်လာခါနီးတွင် ပြုံးရွှင်သောမျက်နှာနှင့် လက်ကလေး တယမ်းယမ်း၊ ညသ်တိုင်လေး တခါခါ၊ ဦးခေါင်း လေးတမော့မော့ဖြင့် ကုန်းမြင့်သာယာတွင် နှုတ်ဆက်ကာ ကျန်နေရစ်ရာသော အယ်လီ၏ ချစ်ချင်စရာ ကိုယ်ဟန်သွင်ပြင်ကို သာ တစ်လမ်းလုံး မြင်ယောင်လာမိတော့သည်။

လှတစ်မျက်နှာ ယဉ်တကိုယ်လုံးဆိုသကဲ့သို့ ခြေဖျားမှသည် ဦးခေါင်းဆံပင် အထိ ဆင်စွယ်နှစ်ကဲ့သို့ ဖြူဖွေးနုထွတ်နေသော မျက်နှာဖြူမလေး အယ်လီနှင့် ခင်းတစ်နပ်မျှ လက်ဆုံစားရမည်ဆိုသည်မှာ ရွှေစင်ကျပ် တစ်သိန်းတန်သော ဆုံသာလန် ထီပေါက်သည်ထက်ပင် ကံကောင်းလေစွတကားဟု မောင်ကျော်ဟိုး ထင်လာသည်၊ အမှန်မှာ ဤသူငယ်သည် အစာကိုသာမြင်၍ မြှားချိတ်ကို မမြင်သော ငါးမိုက်ပမာဘည်း။

* * *

|၁၅|

"သီလေး အမေအဖေတို့ ရွှေတောင်ကြားကို သွားကြမလို့ မင်းကိုပြောခိုင်း လိုက်ခဲ့ပါတဲ့။ အစ်ကိုလည်း လိုက်မယ်"

ရွာခေါင်း ဦးစံထွန်းအိမ်တွင် လယ်ကူလီလုပ်နေသော ကျော်အောင်ဦးအား

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဝမ်းကွဲဖြစ်သူ ကိုထွန်းဦးက မခေါ်စဖူးလာခေါ်၏။ ကိုထွန်းဦး မျက်နှာမကောင်းသည်ကို မြင်ရသဖြင့် ကျော်ဇောဦးစိတ်ထဲမှာ စိုးရိမ်ပူပန်သွားမိသည်။ 'တစ်ခုခုတော့ တစ်ခုခုပဲ'ဟု ချက်ချင်းတွက်လိုက်မိ၏။

"ဘာဖြစ်လို့လဲ အစ်ကို"

ကိုထွန်းဦးက ညီဖြစ်သူ၏မျက်နှာကို ညှိုးငယ်စွာ လှမ်းကြည့်လိုက်၏။ သူ့စိတ်ထဲ၌ ပြောသင့်မပြောသင့် စဉ်းစားနေသည်။

"အစ်ကို ဘာဖြစ်လို့လဲဟင်"

မတုန်မလှုပ် ကျောက်ရုပ်လိုဖြစ်နေလေသော ကိုထွန်းဦးအား ကျော်ဇောဦးက ထပ်မေးလိုက်ပြန်၏။

"ဦး ဦးလေး၊ ရေနံတွင်းတူးရာမှာ စက်မောင်းညပ်မိလို့တဲ့"

ကိုထွန်းဦး၏ အသံက တုန်ရင်နေသည်။

"ဗျာ အဖေ့ကို စက်မောင်းညပ်မိလို့"

ကျော်ဇောဦး၏ တစ်ကိုယ်လုံးမှာ ခဏချင်းထုံကျဉ်သွား၏။ သူ၏ဦးနှောက်ကို သောကမိုးကြိုး ပစ်လေပြီတည်း။ တစ်ကိုယ်လုံးတွင် သွားလာလှည့်ပတ်နေသော သွေးကြောများသည်လည်း ရုတ်ခြည်း ရပ်ဆိုင်းသွားကြသည်။

"အစ်ကို သွားမယ်၊ ညီလေး ခုချက်ချင်းလိုက်လာခဲ့နော်..."

စက္ကန့်ပေါင်း မည်မျှ ငိုင်သွားနေမိသည် မသိ။ ကိုထွန်းဦး၏အသံကို ထပ်ကြားရတော့မှ ကျော်ဇောဦးမှာ ပြန်လည်၍ အသက်ဝင်လာသည်။

"အစ်ကို အစ်ကို၊ အခု အဖေ ဘယ်လိုနေသေးလဲဟင် "

ကျော်ဇောဦးက အရူးတစ်ယောက်လို အော်မေးနေသည်ကို ကိုထွန်းဦးက ဘာ မျှပြန်မပြောခဲ့ဘဲ ဦးခေါင်းငိုက်စိုက်ချ၍သာ ထွက်သွားလေသည်။

ကျော်ဇောဦး ရွှေတောင်ကြားက သခင်ကြီးအိမ်နားသို့ ရောက်သွားသောအခါ ချောင်းဝက ဆွေမျိုးတွေမှာ ကုန်းမြင့်သာယာ၌ ဥဒဟို ဖြစ်နေကြလေပြီ။ မင်းပြင်ရွာက ဦးကြီးနှင့် အဒေါ်တို့ကိုလည်း တွေ့ရသည်။

မောမောပန်းပန်းနှင့် ပြေးလိုက်လာရသော ကျော်ဇောဦးမှာ သူ့အဖေ၏ အလောင်းကို မြင်ရသောအခါ ရင်ထဲမှာ ဆို့သွားသည်။

"ကိုဖြူသီးရယ်၊ ရှင် ကျွန်မတို့သားအမိကို ထားပစ်ခဲ့ပြီလားဟင်။ ကျွန်မတို့သားအမိ ဘယ်သူ့ကိုအားကိုးရမှာလဲ"

အမေ၏ အော်ငိုလိုက်သံသည် ကျော်ဇောဦး၏နားထဲမှာ ကမ္ဘာပျက်ပြီလား ထင်လိုက်ရသည်။

ကျော်ဇောဦးကို မြင်သောအခါ မဦးဖြူမှာ သားကိုဖက်၍ အော်ငိုပြန်၏။

"ကိုဖြူသီးရယ်၊ ရှင့်သားလူမိုက်ကို ထကြည့်ပါဦးလား။ အဖေသေပြီဆိုမှ ရွှေတောင်ကြားကို တစ်ခေါက်လာတာလေ"

အဖေ၏ အလောင်းကိုဖက်၍ ဆောက်တည်ရာမရ အော်ဟစ်ငိုနေသော မိခင်၏အဖြစ်ကို မြင်ရသောအခါ ကျော်ဇောဦး၏ရင်ထဲမှာ နေဆယ်စင်း၏အပူရှိန်



အား ဟစ်ပြိုင်တည်း လောင်မြှိုက်ခြင်းကို ခံနေရသလို ပူလောင်နေမိသည်။

ကျော်ဇောဦးသည် အဖေ၏အလောင်းနားတွင် ဒူးတုပ်ထိုင်ချလိုက်၏။ ဆွေမျိုး တွေကလည်း ဝိုင်း၍ငိုနေကြသည်။ ကျော်ဇောဦးသည် အံကိုတင်းတင်းကိုက်၍ သူ့အဖေ၏မျက်နှာကို စိုက်ကြည့်နေသည်။ ချစ်လှစွာသော အဖေ၏ မျက်နှာကို နောက်မြင်ရတော့မည်မဟုတ်။ အဖေ၏မျက်နှာသည် ပကတိအေးချမ်းနေပုံတည်း။

စက်မောင်းညပ်သွားသည်ဆိုသော အဖေ၏ခါးလယ်မှာ အဝတ်ဖြူနှင့်ရစ်ပတ် ချည်နှောင်ထားသည်ကို တွေ့ရသည်။ 'အဖေ ဆုံးပြီ' သူ့စိတ်ထဲက တွယ်လောင်စွာ ရေရွတ်လိုက်၏။ ရင်ထဲမှာဝမ်းနည်းယူကျုံးမရ စိတ်တွေက အလိုလို ပြည့်သိပ်လာကြသည်။ သူ၏ မျက်လုံးနှစ်ဖက်မှ မျက်ရည်တို့သည် ပါးပြင်ပေါ်သို့ အလဟောစီးဆင်းလာကြ၏။ သို့သော် ကျော်ဇောဦးက မိခင်ကဲ့သို့ ဟစ်၍တော့ မငိုမိ။

သခင်ကြီးနှင့် ပန်းတောရွာကလူတွေမှာ အလောင်းစင်ပြင်နေကြသည်။

ကျော်ဇောဦးသည် သူ့အဖေ၏လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားသေး၏။ အဖေ၏ တစ်ကိုယ်လုံးမှာ ရေထွက်အုံ့မှုံးမှုံး အေးစက်နေလေသည်။ သူ့ကိုတစ်ခါမျှ မာန်မဲဆဲဆိုခြင်းပင် မပြုဖူးသော ကျေးဇူးရှင်အဖေကား ဆုံးလေပြီ။ အားကိုးအားထားရာ တောင်ကြီးပြိုလေသည်။ နောင်သောအခါ အဖေဟု ခေါ်ချင်သော်လည်း ခေါ်ရမည် မဟုတ်တော့ချေ။

ကျော်ဇောဦး၏မျက်လုံးထဲမှာ သူ့အဖေ၏အလောင်းသည် မှုန်ဝါး၍လာသည်။ အမေ၏ဟစ်ငိုနေသံကို ကြားရဖန်များလာသောအခါ သူ၏ရှိုက်သံမှာ တဖြည်းဖြည်း ကျယ်လောင်လာသည်။ ရင်ထဲမှာ ဆို့နင့်တင်းကြပ်လာသည်။ ကျော်ဇောဦးသည် ဘာကိုမျှ သတိမရတော့သလို သူ့အဖေ၏ အလောင်းကို တင်းတင်းကြပ်ကြပ်ဖက်၍ မျက်နှာအပ်ကာ တရှုံ့ရှုံ့ငိုပစ်လိုက်လေသည်။

ဦးဖြူသီး၏အလောင်းကို ဖက်ငိုနေကြသော သားအမိနှစ်ယောက်အား အယ်လီသည် ကုန်းမြင့်သာယာအိမ်ကြီးပေါ်က လှမ်းငေးကြည့်နေမိ၏။ အိမ်ကြီး၏ အပ်ယွန်းယွန်းရှိ တဲတန်းလျားရှေ့တွင် တိုင်းရင်းသားလူမျိုးများက သူတို့၏ ဘာသာ အစားထုံးစံအရ ဘုန်းတော်ကြီးများကို ဆွမ်းကျွေးပြီး အသုဘရှုလာကြသော ငှာနီးချုပ်စပ်တစ်ဝိုက်က လူများအား အကျွေးအမွေးဖြင့် ဧည့်ခံနေကြသည်။

အယ်လီသည် မှန်ပြူတင်းပေါက်၌ရပ်ကာ အပြင်သို့ငေးမောနေမိ၏။ မဦးဖြူ၏ အော်ငိုသံကို ကြားရသောအခါ မဦးဖြူ၏ရင်ထဲမှ သောကပရိဒေဝမီးများသည် သူ့ဦးနှောက်ထဲသို့ လွင့်စင်ရောက်လာကြသလို ရင်ထဲမှာအလိုလို တင်းကြပ်လာသည်။ ဦးဖြူသီးလို လူတစ်ယောက် သေဆုံးသွားရသည်မှာ သူတို့သားအမိနှစ်ယောက်အတွက် အဆုံးရှုံးကြီး ဆုံးရှုံးသွားရခြင်းဖြစ်သလို အယ်လီအတွက်လည်း သစ္စာရှိသော ကျွန်ကောင်းတစ်ယောက် ဆုံးရှုံးသွားရခြင်းပင် မဟုတ်ပေလား။

ဦးဖြူသီးမှာ အလွန် စိတ်သဘောထား ဖြူစင်သူဖြစ်သည်။ ရိုးရိုးအေးအေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



စကားနည်းသလောက် အလုပ်အကိုင်လည်းကောင်း၏။ ထို့ကြောင့် အလုပ်သမားများထဲတွင် အယ်လီသည် ဦးဖြူသီးကိုအချစ်ဆုံး၊ အခင်ဆုံး ဖြစ်သည်။ အယ်လီက ခိုင်းစေလျှင် ဦးဖြူသီးသည် ဘာမဆို မငြိုမငြင် လုပ်ကိုင်ပေးခဲ့၏။ အိမ်ရှေ့သရက်ပင်ကြီးခွဆုံတွင် အယ်လီလိုချင်လှပါသည်ဟု ပူဆာသဖြင့် ရွာနီးချုပ်စပ်တစ်ဝိုက်က မရအရရှာ၍ ယူလာစိုက်ပေးထားခဲ့သော သစ်ခွပန်းများမှာ ယခုထိပွင့်နေကြတုန်းပင် ရှိသေးသည်။ ဦးဖြူသီး သေဆုံးသွားသည်မှာ သုံးရက်ရှိသွားပြီဖြစ်သော်လည်း သူ စိုက်ပျိုးခဲ့သော သစ်ခွပန်းများမှာကား သူ့သခင်မရှိတော့ပြီဆိုသည်ကို လုံးဝမသိကြသလို မညှိုးမနွမ်းဘဲ လန်းတုန်းပွင့်တုန်းပင် ရှိကြသေးသည်။ အယ်လီသည် ရွာနီးချုပ်စပ်တစ်ဝိုက်၌ ရုပ်သေးဇာတ်ပွဲဖြစ်လျှင် ဦးဖြူသီးတို့လင်မယားနှင့် ပွဲအတူ သွားကြည့်ကြသည်ကိုလည်း သတိရနေမိ၏။

အယ်လီတို့၏ ရွှေတောင်ကြားက ကုန်းမြင့်သာယာနှင့်နီးသော ရွာနီးချုပ်စပ်တစ်ရွာရွာတွင် ရုပ်သေးဇာတ်ပွဲများဖြစ်လျှင် အယ်လီသည် ဦးဖြူသီးတို့ ဇနီးမောင်နှံ၊ ကုလားအလုပ်သမားတွေနှင့် မကြာမကြာ ပွဲအတူသွားကြည့်ဖူးသည်။ ဇာတ်ပွဲသွားလျှင် အယ်လီသည် ဇာတ်ပွဲထဲ၌ ရောင်းချသော တိုင်းရင်းသားအစားအစာများကို သူ့ဒက်ဒီနှင့် မာမီတို့မသိအောင် ခိုးဝယ်စားရ၏။ တိုင်းရင်းသား အစားအစာများကို သူ့ဒက်ဒီနှင့်မာမီတို့က ရင်ခံမှာစိုး၍၊ ဗိုက်ပြည့်မှာစိုး၍ ဆိုပြီး လုံးဝမစားရပေ။ ပြီး ဇာတ်ပွဲထဲ၌ ရောင်းချသောဈေးသည်များမှာ စုန်းကဝေများလည်း ပါတတ်သည်မို့ ဈေးဝယ်စားရာ၌ ဆေးခပ်ပြုစားမှာ စိုးရသည်ဟုလည်း ဒက်ဒီနှင့်မာမီတို့က ပိတ်ပင်ထားကြသည်။ တိုင်းရင်းသားလူမျိုးများသည် ရေနံတောင်၌ သူတို့ရေနံဆီလုပ်ငန်း လုပ်နေကြသည်ကို လုံးဝမနာလိုကြသဖြင့် စုန်းကဝေမတွေကို ပိုက်ဆံပေးပြီး ပြုစားခိုင်းလျှင် မည်သို့လုပ်မလဲဟု ဆိုသည်။ ဇာတ်ပွဲထဲ၌ ရောင်းချသော တိုင်းရင်းသား အစားအစာတစ်ခုခုကို အယ်လီကြိုက်၍ ဝယ်စားမိလျှင် ကုလားအလုပ်သမားတွေက ဒက်ဒီနှင့်မာမီကို တိုင်တောတတ်ကြသည်။ မျက်နှာလိုမျက်နှာရ ကုန်းချောတတ်ကြသည်။ ထိုအခါ ဒက်ဒီနှင့်မာမီတို့က သူ့ကို ဝိုင်း၍ဆူကြသည်။ နောက်ဝယ်စားလျှင် ပွဲမလွှတ်တော့ဟု ခြိမ်းခြောက်တတ်ကြသည်။ ရေတ်သီးစပ်စပ်နှင့် ရခိုင်မုန့်တီ ရှူးရှူးရှဲရှဲ စားရသည်ကို အယ်လီမှာ လွမ်းစွာနစ်သက်၏။ ထို့ကြောင့် မုန့်တီစားချင်လျှင် ဦးဖြူသီးကို အသာလက်တို့၍ ဈေးတန်းထဲသို့ ခေါ်သွားရ၏။ သူသည် အယ်လီအပေါ် လွန်စွာသစ္စာရှိ၏။ အယ်လီကို လွန်စွာ ချစ်ခင်ကြင်နာ၏။ ထို့ကြောင့်လည်း ကြည့်နေရာက ဈေးတန်းထွက်တော့မည်ဆိုလျှင် အယ်လီသည် ဦးဖြူသီးတစ်ယောက်တည်းကိုသာ ရွေး၍ခေါ်သွားလေ့ရှိ၏။ တကယ်လို့ အယ်လီအား စုန်းကဝေမတွေက ပြုစားချင်ကြသည် ထားဦးတော့ အယ်လီအတွက် ဦးဖြူသီး မုန့်တီလာဝယ်သည်ကို မည်သူမျှ သိကြမည်မဟုတ်ချေ။ ပြီး ဦးဖြူသီးမှာ တိုင်းရင်းသားစစ်စစ် တစ်ယောက်မို့ စုန်းမမုန့်တီသည်နှင့် ရိုးရိုး မုန့်တီသည်များကို ခွဲခြားသိနိုင်လိမ့်မည်ဟု အယ်လီက ထင်ထားလေသည်။ ဦးဖြူသီးသည် သူ့ဘေး



အလွန်ချစ်သဖြင့် သူမ ဒုက္ခရောက်သွားမည့် အစားအစာကိုမူ ဘယ်တော့မှ ဝယ်ကျွေးမည်မဟုတ် ဆိုသည်ကိုလည်း အယ်လီက အကြွင်းမဲ့ယုံကြည်ထားလေသည်။ သူမ ရှစ်နှစ်၊ ကိုးနှစ်သမီးအရွယ်ကပင် ဦးဖြူသီးသည် သူမအား ချစ်ခင်လေးစားလာသူတည်း။ ဤလို အစစအရာရာ၌ အားကိုးရသူ တစ်ယောက် ဆုံးသွားသည်ကို အယ်လီ အဘယ်ကြောင့် ဝမ်းမနည်းဘဲ နေနိုင်ပါမည်နည်း။

အိမ်ရှေ့သရက်ပင်ကြီးခွဆုံတွင် ငွါးငွါးစွင့်စွင့် ပွင့်နေကြသော သစ်ခွပန်းများသည် အယ်လီ၏မြင်ကွင်းထဲ၌ ဝိုးတဝါး မှုန်မှိုင်းသွားပြီး အစဉ်ထာဝရပြုံးရွှင်ကြည်လင်နေတတ်သော ဦးဖြူသီး၏မျက်နှာက ပေါ်လာပြန်သည်။ ယနေ့နောက်တစ်နေ့တွင် အစဉ်ထာဝရ ပြုံးရွှင်နေတတ်သော ဦးဖြူသီး၏မျက်နှာကို အယ်လီ မြင်ရတော့မည် မဟုတ်ပါတကား။

အယ်လီ၏ရင်သည် မုန်တိုင်းထန်နေသော အဏ္ဏဝါပြင်လို မငြိမ်မသက်ဖြစ်လာခဲ့သည်။ စိတ်ထဲမှကြေကွဲ ဝမ်းနည်းလွန်းမက ကြေကွဲ ဝမ်းနည်းလာသောအခါ ရှိုက်သံသဲ့သဲ့တို့မှာလည်း အလိုလို ပေါ်လာကြလေသည်။

ဦးဖြူသီး၏အလောင်းကို တိုင်းရင်းသားလူမျိုးများက သူတို့၏ဘာသာရေး ထုံးစံအရသင်္ဂြိုဟ်ရန် သုသာန်သို့ ယူဆောင်သွားကြသောအခါ အယ်လီ၏ နှလုံးသည်းပွတ်များမှာလည်း ဦးဖြူသီး၏အလောင်းနှင့်အတူ ပါသွားသလားပင် ထင်မှတ်ရသည်။ မဦးဖြူ၏ဆောက်တည်ရာမရ ဟစ်ငိုလိုက်သောအသံကို ကြားရသောအခါမှာတော့ အယ်လီသည် ဘယ်လိုမှစိတ်ကိုမထိန်းနိုင်တော့သဖြင့် အိပ်ရာပေါ်သို့ ကိုယ်ကို ပစ်လှဲချလိုက်ကာ ချုံးပွဲချ အော်ငိုပစ်လိုက်လေသည်။

* * *

| ၁၆ |

"သမီးရေ"

"ရှင် ဒက်ဒီ"

"မဦးဖြူကို သွားခေါ် ချေစမ်း သမီး"

"ဟုတ်ကဲ့ ဒက်ဒီ"

အယ်လီသည် မဦးဖြူအားသွားခေါ် ရန် ကုန်းမြင့်သာယာအိမ်ကြီးပေါ်မှ ဆင်းလာသည်။ မဦးဖြူတို့နေကြသော တဲတန်းလျားမှာ ကုန်းမြင့်သာယာ၏ ဆင်ခြေလျှောတွင် ဖြစ်သည်။

"မဦးဖြူ မဦးဖြူ"

မဦးဖြူ၏သား ကျော်ဇောဦးသည် သူမအား လှမ်းကြည့်နေ၏။

"ဟေး မဦးဖြူ မရှိဘူးလား"

"ဘယ်သူ့ကို မေးနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကို မေးနေရမှာလဲ၊ နင့်ကို မေးနေတာပေါ့"

"နို့ နေစမ်းပါဦး၊ ခင်ဗျားက ကျုပ်အမေကို မဦးဖြူလို့ နာမည်ထုတ်ခေါ်ရ အောင် ခင်ဗျားအသက်က အမေထက် ဘယ်လောက်တောင် ကြီးနေလို့လဲ"

ကျော်ဇောဦးက ခပ်တည်တည် ဆီးမေးလိုက်သဖြင့် အယ်လီမှာ အောင့်သွား သည်။ ပြီး ကျော်ဇောဦးကိုလည်း မျက်မှောင်ကြုတ်ပြီး စိမ်းစိမ်းဝါးဝါး တစ်ချက် စိုက်ကြည့်ပစ်လိုက်၏။

"ငါ့အသက် ဘယ်လောက်ရှိရှိ နင်က ငါ့ကို မေးလားစစ်လား လုပ်နေစရာ မလိုပါဘူး"

အယ်လီက ဒေါသနှင့် ပြန်အော်ပစ်လိုက်၏။

"မေးရတယ်ဗျ၊ မေးရတယ်၊ ကျုပ်တို့ဆီမှာ ကိုယ့်ထက် အသက်ကြီးတဲ့ လူတွေကိုနာမည်ခေါ်ရင် 'ဦး' 'ကို' 'ဒေါ်' တပ်ပြီးခေါ်ရတယ်ဆိုတာ ခင်ဗျား နားမလည်ဘူးလား"

"နာမည်ဆိုတာ ခေါ်ဖို့မှည့်ထားတာ"

"ဩော် နာမည်ဆိုတာ ခေါ်ဖို့မှည့်ထားတာ"

ကျော်ဇောဦးက အယ်လီ၏အသံကိုပြန်၍ ပုံတင်ထပ်သည်။

အယ်လီသည် ကျော်ဇောဦးအား တော်တော်လေးဘုကျသော သတ္တဝါ ပါ လားဟူသော အကြည့်ဖြင့် စိုက်ကြည့်နေ၏။

"မဦးဖြူ ဘယ်သွားလဲလို့ မေးနေတာ မကြားဘူးလား"

"ဟော... ခင်ဗျား လွန်လာပြီ"

ကျော်ဇောဦးသည် အယ်လီအား တော်တော်ဒေါသဖြစ်သွား၏။ သူတို့ဆီမှာ မိမိထက် အသက်အရွယ်ကြီးသူအား 'ဦး' 'ကို' 'ဒေါ်' တပ်၍မခေါ်လျှင် စော်ကားတာနှင့် အတူတူဟု အယူအလေ့အထရှိသည်။ ဤသည်ကို သိလျက်နှင့် အသက် လေးဆယ်ကျော်ပြီဖြစ်သော သူ့အမေအား မိမိနှင့် သက်တူရွယ်တူမျှသာ ရှိသေးသော ဤမျက်နှာဖြူမလေးက ယခု သူ့အမေနာမည်ကို ထုတ်ခေါ်နေ သည်မှာ သူတို့ဆီ၌ အလုပ်သမားကို ကျွန်ဆိုပြီး နှိပ်ကွပ်လိုသောသဘောဖြင့် ခေါ်နေသည်ဟု ကျော်ဇောဦးက ထင်မိလေ၏။ ထို့ကြောင့်လည်း လူဝါးဝလွန်း သည်ဟု သူ့စိတ်ထဲက ထင်နေသော မျက်နှာဖြူမလေးကို ပေါက်ထွက်မတတ် သော မျက်လုံးအစုံဖြင့် မုန်းတီးစွာ စိုက်ကြည့်နေ၏။

"နာမည်ခေါ်တာ ရိုင်းသလား"

အယ်လီ၏အသံက ထွက်ပေါ်လာပြန်သည်။

"ရိုင်းတယ် ရိုင်းတယ်"

ကျော်ဇောဦးက ဒေါသနှင့် အော်ပစ်လိုက်၏။

"နင့်အမေ ဘယ်ကိုသွားလဲ"

"မသိဘူး"

အယ်လီသည် အံကိုကြိတ်၍ ကျော်ဇောဦးအား စိုက်ကြည့်နေ၏။



ကျော်ဇောဦးကလည်း 'ခင်ဗျားဘာလုပ်ချင်လဲ' ဟူသော သဘောဖြင့် သူ့ကို စိမ်းစိမ်းဝါးဝါး ပြန်ကြည့်နေသောအခါ အယ်လီမှာ ပို၍ ဒေါသထွက်လာမိသည်။ သို့သော် ဤသတ္တဝါကို ဘယ်လိုမှ ပြောမရမှန်းသိသဖြင့် သူ့စိတ်ကို အနည်း ငယ် လျှော့လိုက်ဟန်ရှိသည်။

"နင့်အမေလာရင် လွှတ်လိုက်ပါ၊ သခင်ကြီးက ခေါ်တယ်လို့"

အယ်လီသည် ဤမျှသာပြောပြီး ကုန်းမြင့်သာယာသို့ ပြန်တက်လာသည်။

'မသိဘူးတဲ့ တော်တော် လူဝါးဝတဲ့အကောင်' အယ်လီသည် သူ့အား ဘုတောလိုက်သော ကျော်ဇောဦးအား မကျေနပ်တိုင်း ကျော်ဇောဦးအားပြော သိုက်သော စကားများကိုသာ သူမ၏နားထဲမှာ ကြားယောင်လာမိသည်။ 'သူ့ အဖေနဲ့များ တစ်စက်ကလေးမှ မတူတဲ့အကောင်၊ သူ့အဖေရဲ့သွေးမှ ပါပါ လေရဲ့လား' ဟုလည်း ရိုင်းရိုင်းပြပြ တွေးလာမိ၏။ အိမ်ပေါ်ရောက်မှ အထီးကို တိုင်ပြောရမည်။ အမှန်မှာ ကျော်ဇောဦးသည် သူ့အမေ မင်းတဲချောင်းသို့ ရေ ချိုး ဆင်းသွားသည်ကို မသိ၍မဟုတ်၊ သိလျက်နှင့်ပင် သူမအား တမင်သက်သက် ဘုတောလိုက်သည်ကို သိ၍လည်း အယ်လီက ပို၍မကျေမနပ် ဖြစ်လာသည်။

ဤလို ညနေချမ်းအချိန်တွင် မဦးဖြူသည် မင်းတဲချောင်းတွင် ရေသွားချိုး တတ်သည်ကို အယ်လီက သိနေသည်။ မင်းတဲချောင်းဆိုသည်မှာ မင်းတဲတောင်မှ စီးဆင်းလာသော တောင်ကျစမ်းချောင်း ဖြစ်သည်။ ကုန်းမြင့်သာယာနှင့် ကိုက်-၁၀၀ လောက်သာ ဝေး၏။ မင်းတဲချောင်း၏စမ်းရေသည် ဆယ့်နှစ်လပတ်လုံး တသွင် သွင်စီးဆင်းနေတတ်၏။ နွေလဆိုလျှင် ချောင်းနားတစ်ဝိုက်ဆီတွင် သလဲတသွင် သွင်နှင့် နေချင့်စဖွယ် ဖြစ်သည်။ ချောင်း၏ဘေးနှစ်ဖက်တွင် ထင်းရှူးပင်တော တွေကလည်း ထူထပ်လှ၏။ ထင်းရှူးပင်ပေါ်တွင် အသိုက်ဖွဲ့၍ တွဲရရွဲ ဆွဲနေ ကြသော စာဘူးတောင်းသိုက်တွေမှာ လေတိုက်တိုင်း ယိမ်းကနေတတ်သည်။ ငှက်ကလေးများ၏ အော်မြည်နေကြသံနှင့် စမ်းရေစီးသံတို့မှာ သာယာနာပျော်ဖွယ် ကောင်းသည်။ ယခုလို ညနေချမ်းဆိုလျှင် ရေသောက်ဆင်းကြသော ငှက်ကလေး များ၏အသံမှာ တစာစာ ညံနေကြပေရောမည်။ ချောင်းဖျားဘက်တွင် ထူထပ် သော တောတောင်တွေနှင့် တောဇာငှက်ပျောပင်တို့က အလေ့ကျပေါက်လျက် ရှိသည်။ အယ်လီဆယ်နှစ်ကျော် အရွယ်တုန်းကဆိုလျှင် သူ့ဒက်ဒီနှင့် ချောင်းဖျားသို့ အမဲပစ်လိုက်သွားဖူးသည်။ ချောင်းဖျားဘက်တွင် အမဲသွားပစ်လေလျှင် တော ဝက်နှင့်ချေငယ်များကို အများဆုံးရတတ်လေသည်။ ယခု မဦးဖြူ ရေသွားချိုးသော နေရာဆိပ်မှာ ကုန်းမြင့်သာယာနှင့် အနီးဆုံးဖြစ်၏။ မဦးဖြူသာမဟုတ် သူ့ဒက်ဒီနှင့် မာမီတို့ပင် မင်းတဲချောင်းရေဆိပ်သို့ မကြာမကြာ ရေသွားချိုးလေ့ရှိသည်။ ထို့ ကြောင့် မင်းတဲချောင်းထဲ၌ ရေစင်တစ်ခု ဒက်ဒီက ဆောက်ထားသည်။ မိုးတွင်းတွင် ချောင်းရေ အစီးသန်သော်လည်း နွေလရောက်လျှင် ရေဆိပ်နား တစ်ဝိုက်တွင် လွှန်နေချင့်စဖွယ်ဖြစ်သည်။ အယ်လီသည် ပျင်းပျင်းရှိလျှင် ထိုရေဆိပ်သို့သွား၍ ချောင်းဘေး ထင်းရှူးပင်ရိပ်တွင် တစ်ယောက်တည်း လှဲအိပ်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးပင်ပေါ်တွင် အသိုက်ဖွဲ့ရင်း ရန်ဖြစ်နေကြသော စာကလေးတို့၏ ရန်ပွဲကို ကြည့်နေရသည်မှာလည်း အရသာတစ်မျိုးပင်။ သဲပေါ်တွင် လှဲအိပ်နေသော်လည်း ငြိမ့်ထလာသောအခါ သဲတွေမှာ ပုတ်ခါချပစ်ရုံနှင့် လွင့်စင်သွားကြသည်။ အဝတ်အစား မည်မျှကောင်းကောင်း သဲပေါ်တွင် လှဲအိပ်၍ရသည်။ ထင်ခြင်း၊ ပေခြင်းလုံးဝမရှိ။ ချောင်းဘေးက ကျောက်စရစ်ခဲလုံးကလေးတွေနှင့် ချောင်းရေထဲကို တဖွန့်တဖွန့်ပစ်ပေါက် ကစားနေရသည်ကလည်း ပျော်စရာ တစ်မျိုးပင်တည်း။

"မဦးဖြူကို တွေ့ခဲ့လား သမီး"

သူ့အဖေကလှမ်းမေးသဖြင့် အယ်လီ၏အတွေးများသည် လွင့်စင်သွားကြပြန်၏။

"မရှိဘူး ဒက်ဒီ"

"ဘယ်ကို သွားလဲ"

"မဦးဖြူ ဘယ်ကိုသွားလဲလို့မေးတော့ သူ့သားဆိုတဲ့ ဟိုကောင်က သမီးကို ဆော်လွှတ်တယ်။ မဦးဖြူလို့ နာမည်ကိုခေါ်တာ ရိုင်းတယ်လေး ဘာလေးနဲ့ သမီးကို ရန်တွေ့တယ် ဒက်ဒီ။ သူ့သားဆိုတဲ့ ဟိုကောင်က သိဝ်လူဝါးဝတာပဲ"

အယ်လီက ကျော်ဇောဦး ဘုကျကြောင်း သူ့အဖေအား တိုင်ပြောလိုက်၏။

"ဩော် သူကလည်း သူ့အဖေဆုံးသွားတာ တစ်ပတ်ကျော်ကျော်လောက်ပဲ ရှိသေးတော့ စိတ်ညစ်နေလို့ ဖြစ်ပါလိမ့်မယ်ကွယ်။ သမီးက သည်းခံပါနော်"

အယ်လီသည် နှုတ်ခမ်းကို စူပစ်လိုက်၏။ သူတို့ဆီ၌ အခိုင်းအစေခေါ်ထားသူ၏သားက သူ့လိုသခင်မကို မရိုမသေ ဘုဆောက်ပြောရမည်လားဟု အယ်လီ၏စိတ်ထဲမှာ ခံပြင်းနေသည်။

"ကဲ သွား သွား သမီး၊ သမီးမာမီကော အလုပ်မသိမ်းသေးဘူးလား။ နေညိုသွားပြီပဲ"

"ဟုတ်ကဲ့ ဒက်ဒီ၊ မဦးဖြူက ရေဆိပ်ကို ရေသွားချိုးတယ် ထင်တာပဲ။ ပြန်လာရင် ဒက်ဒီခေါ်တယ်၊ လွှတ်လိုက်ပါလို့ မှာခဲ့ပါတယ်။ သမီး မာမီဆီသွားပြီး အလုပ်ကူသိမ်းပေးလိုက်ပါဦးမယ်"

"အေး အေး"

အယ်လီသည် အိမ်ကြီးပေါ်မှ သူ့မာမီရှိရာ ရေနံ့ဆီဆိုင်သို့ ဆင်းလာလေသည်။

အမေကို အလုပ်ကူသိမ်းပြီး၍ အယ်လီ အိမ်ကြီးပေါ်သို့ တက်လာသောအခါ မဦးဖြူကို သူ့အဖေရှေ့မှာ ကျုံ့ကျုံ့လေးထိုင်၍ တွေ့ရသည်။

"ကျွန်မသားက ဒီမှာ အလုပ်မလုပ်ချင်ဘူး။ နောက်တစ်ရက် နှစ်ရက်ကြာရင် ပန်းတောကို ပြန်မယ်လို့ပဲ ပြောပါတယ် သခင်ကြီး"

"သူ့အဖေက မင်္ဂတော်တာဆ စက်မှာထိခိုက်မိပြီး ဆုံးသွားတယ်ဆိုတော့ သူ့အဖေနေရာမှာ လုပ်ရမည်ဆိုတာ တွေးကြောက်နေလို့ ငြင်းနေတာထင်ပါရဲ့။



မဦးဖြူလည်း သိသားပဲ။ အမှန်က မောင်ဖြူသီးစက်မောင်းညပ်မိတာဟာ မောင်ဖြူသီးကိုယ်က ကုလားအလုပ်သမားတွေ လုပ်နေတာ အားမရဖြစ်ပြီး ဝင်လုပ်မိလို့ ဖြစ်ရတာပါ။ သခင်ကြီး သူ့ကိုခိုင်းတာက စက်မောင်းထိန်းပေးဖို့ အလုပ်မှ မဟုတ်ဘဲ။ သူ့အလုပ်က စက်မောင်းရုံပဲ မဟုတ်လား။ ခုတော့ သက်သက် အချောင်ခံသွားရတာ"

သခင်ကြီး ပြောသည်မှာ မှန်ပါ၏။ ဦးဖြူသီးမှာ ရေနံဆီတွင်း တူးရာ၌ စက်ကို မောင်းပေးရုံသာဖြစ်၏။ သူ့အလုပ်မှာ ဘာမျှအန္တရာယ်မရှိပေ။ သို့သော် ဦးဖြူသီးက ကုလားအလုပ်သမားတွေ စက်မောင်းထိန်းနေသည်ကို အားမရ၍ ဝင်လုပ်မိသဖြင့် စက်မောင်းရိုက်မိပြီး သေဆုံးသွားရခြင်းသာ ဖြစ်သည်။

"ကျွန်မလည်း ပြောတာပါပဲ သခင်ကြီး၊ ဒါပေမယ့် ကျွန်မသားက ခေါင်းမာသား"

"ဒါကို သခင်ကြီးသိတယ်လေ၊ ခု သွားခေါ်ပါဦး၊ သခင်ကြီးလည်း ဖျောင်းဖျပြောကြည့်ပါဦးမယ်။ မဦးဖြူကလည်း ပြောပြပေါ့"

"ဟုတ်ကဲ့"

ဦးဖြူသီး သေဆုံးသွားသောနေ့ကပင် သူ့အမေနှင့်အတူ လာနေသော ကျော်ဇောဦးအား သခင်ကြီးက သူ့အဖေနေရာမှာ အလုပ်ဝင်လုပ်ရန် မဦးဖြူအား ပြောခိုင်းသည်ကို ကျော်ဇောဦးက ငြင်းပယ်နေသဖြင့် မဦးဖြူအား သခင်ကြီးက ယခုလို ခေါ်ပြောရခြင်း ဖြစ်သည်။

အမှန်မှာ သခင်ကြီးသည် ဦးဖြူသီးနှင့် မဦးဖြူတို့အား သစ္စာရှိသော ကျွန်ကောင်းတစ်ယောက်မို့ ကြင်နာသနားစိတ်ထားရှိသလို သူ့တို့၏သား ကျော်ဇောဦးအပေါ်၌လည်း ကြင်နာသနားမိသည်။ ထို့ကြောင့်လည်း ကျော်ဇောဦးကို သူ့ဆီ၌ အလုပ်ဝင် လုပ်စေချင်၏။ ပန်းတောရွာက ရွာခေါင်း ဦးစံထွန်းဆီမှာ နွားပူမိုးရွာမရှောင်လယ်ကူလီ ဝင်လုပ်နေရသည်ကို သခင်ကြီးက မလိုလားပေ။ ဘာစိပါးဆီ၌ ကူလီလုပ်ရတာချင်းအတူတူ သူ့ဆီမှာ ဝင်လုပ်နိုင်းတာက ပြီးဆီလျော်သည်ဟု သခင်ကြီးက တွေးမိ၏။ လင်ယောက်ျား မရှိတော့ပြီဖြစ်သော မဦးဖြူအနေကလည်း တစ်ယောက်တည်းသော သားက သူနှင့် အတူတကွရှိနေလျှင် တအားရှိမည် မဟုတ်ပါလား။ ပြီးသခင်ကြီး၏ ရေနံဆီလုပ်ငန်းလည်း တိုင်းရင်းသား တစ်ယောက် နှစ်ယောက် သူ့ဆီ၌ ရှိနေမှသာ အလုပ်မှာ ပို၍ အောင်မြင်ရောက်နိုင်သည်။ တိုင်းရင်းသားလူမျိုးများ၏ စကားနှင့် တိုင်းရင်းသားတို့၏ အလေ့အထ စရိုက်သဘာဝကို မသိသော ကုလားအလုပ်သမားများနှင့် အလုပ်လုပ်ရသည်မှာ အခက်အခဲပေါင်းများစွာ တွေ့ခဲ့ရသည်ကို သခင်ကြီး ကြုံခဲ့ရခြင်းလည်း များလှပေပြီ။ ထို့ကြောင့်လည်း သူ့ဆီ၌ ကျော်ဇောဦး အလုပ်လုပ်လာအောင် စွဲဆောင်ဖြားယောင်း၍ သခင်ကြီးက ဆွယ်တရားဟောနေရခြင်း ဖြစ်လေသည်။

မဦးဖြူသည် သူ့သားအား သခင်ကြီးရှေ့မှောက်သို့ ခေါ်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကလေး နေကောင်းတယ်နော်"

"ဟုတ်ကဲ့၊ နေကောင်းပါတယ် သခင်ကြီး"

"ထိုင် ထိုင် ကလေး၊ ဒီမှာထိုင်"

သခင်ကြီးသည် ကျော်ဇော်ဦးအား သားငယ်တစ်ယောက်ကို ဖခင်လုပ်သူကပြော သကဲ့သို့ပင် ကြင်နာယုယစွာ ပြောနေသည်။ သခင်ကြီးမှာ ရှေးမြင်နောက်မြင် ဖြစ်သဖြင့် ဤသူငယ်အား မည်သို့ ဆက်ဆံရမည် ဆိုသည်ကို သိပြီးသား ဖြစ်လေသည်။

"ကလေး"

"ဘုရား"*

"သခင်ကြီးဆီမှာ ကလေးအမေနဲ့အတူ အလုပ် ဝင်လုပ်နေပါလားကွယ်။ သူတစ်ပါးဆီမှာ လယ်ကူလီ သူရင်းငှားလုပ်ရတယ်ဆိုတာ ပင်ပန်းလွန်းလှပါတယ်"

သခင်ကြီးသည် ကျော်ဇော်ဦးအား အချိုသာဆုံးအသံ၊ အကြင်နာဆုံး အပြုအမူတို့နှင့် နှစ်သိမ့်စွာပြောသည်။

ကျော်ဇော်ဦးက သခင်ကြီး၏စကားကို ရိုသေကျိုးနွံစွာ ခေါင်းငုံ၍ နားထောင်နေ၏။

"ကလေးက အဖေ့အလုပ်မှာ ဝင်လုပ်ရမယ်ဆိုတာနဲ့ တွေးပြီးစိုးရိမ်နေတာနဲ့တူတယ်။ အမှန်က ကလေးအဖေရဲ့အလုပ်ဟာ စက်မောင်းညပ်ဖို့နဲ့ ဘာမှမပတ်သက်ဘူး။ သခင်ကြီး ကလေးအဖေကို ခိုင်းတာက စက်မောင်းရုံပဲ။ ကလေးအဖေက ကုလားတွေလုပ်နေတာ အားမရဖြစ်ပြီး ဝင်လုပ်မိလို့ ခလိုဖြစ်ရတာပါ။ မယုံရင် ကလေးအမေကိုလည်း မေးကြည့်ပါ။ သခင်ကြီး မဟုတ်တာကို မပြောဘူး။ ဘုရားသခင် သိပါတယ်။ ကလေးအဖေ ခလိုဖြစ်ရတာကို သခင်ကြီး နည်းနည်းမှ စိတ်မကောင်းဘူး။ ကလေးအဖေလို လူတစ်ယောက် ဆုံးရှုံးသွားတာ သခင်ကြီးအတွက် အများကြီးထိခိုက်တယ် ကလေး"

ကျော်ဇော်ဦးသည် သခင်ကြီး ပြောပြနေသည်ကို ဦးခေါင်းငုံ့၍ စဉ်းစားနားထောင်နေသည်။ ဤမျက်နှာဖြူကြီးသည် သူ့အပေါ်၌ စိတ်ကောင်းထားသည် ဆိုတာကိုတော့ ကျော်ဇော်ဦးက သိနေ၏။ မဟုတ်တာ မမှန်တာကို သူ့အမေရှေ့မှာ ပြောမည်မဟုတ်။

"ကလေးဆိုတာ ဒီလိုပဲပေါ့မဦးဖြူရယ်၊ အမှန်မှာ သခင်ကြီးသမီးက လွန်တာပါ။ သူ့အရုပ်ကို အတင်းဝင်လုတော့ စိတ်ဆိုးတာပေါ့နော်၊ မဟုတ်ဘူးလား။ ကလေးငယ်စဉ်က သူ့သမီးနှင့်ရန်ဖြစ်ကြ၍ သူ့သမီးကကိုက်ခဲ့သော ကျော်ဇော်ဦး၏ လက်မောင်းကဒဏ်ရာကို ဆေးလာထည့်ပေးရင်း သခင်ကြီးပြောသွားသော စကားများကို ကျော်ဇော်ဦး၏နားထဲမှာ ယနေ့အထိ ကြားယောင်နေမိသေး၏။

* (ရှိုင်တွင် မိမိထက်အသက်ကြီးသူအား ဘုရားထူးသော အလေ့အထရှိသည်။ မိမိနှင့် ရွယ်တူပင်ဖြစ်လင့်ကစား လေးစားရမည့်သူကိုလည်း ဘုရားထူးတတ်သည်။ ဤ အလေ့အထသည် ယခုထက်ထိရှိသေးသည်။)



သခင်ကြီးက ဆက်ပြောနေသော စကားများကို ကျော်ဇော်ဦးမှာ မကြားတစ်ချက် ကြားတစ်ခွန်းနှင့် ငယ်စဉ်က သူ့အား ပိုက်ဆံပေးသွားပုံနှင့် လက်မောင်းက ဒဏ်ရာကို သခင်ကြီး ဆေးလာထည့်ပေးပုံတို့ကိုသာ သူ့စိတ်ထဲမှာ တွေးနေသည်။ သခင်ကြီး၏မျက်နှာကို မော်မကြည့်ဘဲ ကြမ်းခင်းပြင်ကိုသာ ငုံ့ကြည့်နေသော်လည်း မှန်သားကဲ့သို့ လဲ့လဲ့တောက်နေသော ကြမ်းခင်းပြင်တွင် အစဉ်ပြုံးရွှင်နေသော သခင်ကြီး၏မျက်နှာသည် ပေါ်လာပြန်သည်။ ကြည့်နေရင်းက သခင်ကြီး၏မျက်နှာသည် အမှတ်မထင် မှုန်ဝါးသွားပြီး အဆီတဝင်းဝင်းနှင့် သူ့အား ဆဲဆိုမာန်မဲနေသော ရွာခေါင်းကြီးဦးစံထွန်း၏ အမင်္ဂလာမျက်နှာကြီးက ကြမ်းခင်းပြင်တွင် ပေါ်လာပြန်သည်။ ကျော်ဇော်ဦး၏ရင်သည် တဒိတ်ဒိတ် အခုန်မြန်လာ၏။ ဦးစံထွန်းအား အနှစ်နှစ်အလလက နာကြည်းရှုံ့မုန်းလာသော စိတ်တို့သည် ရင်ထဲ၌အလိုလို ပြည့်သိပ်လာကြပြန်သည်။ နောက် သခင်ကြီး၏ ပကာတိဘည်ငြိမ်အေးမြသော အသံက သူ့နားထဲကို တိုးဝင်လာကြပြန်သည်။

"စိတ်ကူးမလွဲပါနဲ့ ကလေးရယ်။ သခင်ကြီးဆီမှာပဲ အလုပ်ဝင်လုပ်နေပါနော်။ ဘကယ်လို့ ကလေးအဖေလုပ်သွားတဲ့ စက်မောင်းအလုပ်ကို ကလေးမလုပ်ချင်ဘူးဆိုရင်လည်း သခင်ကြီးနဲ့အတူ ရေနံတွင်းတွေကို နောက်ကလိုက်ပြီး လှည့်ကြည့်ရုံနဲ့ ကုလားအလုပ်သမားတွေကို သခင်ကြီးပြောသလို ခိုင်းစေရုံလောက်ပါပဲ။ လယ်ကူလီအလုပ်နဲ့စာရင် ကလေးအများကြီး သက်သာမယ်။ ကိုယ့်အမေနဲ့လည်း အတူနေရမယ်။ ကလေးဒီမှာရှိနေတော့ ကလေးအမေလည်း အားရှိတာပေါ့။ သခင်ကြီး ပြောတာမဟုတ်ဘူးလား"

ကျော်ဇော်ဦးအား သူ့ဒက်ဒီက ဖျောင်းဖျပြောပြနေသည်ကို အယ်လီသည် အခန်းထဲက အတိုင်းသား ကြားနေရသည်။

မကြည့်ချင်၊ မြင်ချင်ရက်သားဆိုသလို သူ့အား ဘုဘောက်ပြောလွှတ်သော ကျော်ဇော်ဦးကို သူမသည် လိုက်ကာလေး အသာလှပ်၍ အခန်းထဲက ချောင်းကြည့်မိပြန်သည်။

သူ၏ ညှိုးငယ်နေသောရုပ်သွင်ကို ယခုလိုမြင်ရပြန်တော့လည်း သနားသလိုလိုပင်။ 'အဖေကလည်း မရှိတော့ သူ့ခမျာ အားငယ်ရှာမှာပဲ'ဟုလည်း အယ်လီက တွေးမိပြန်သည်။ ဤလို တောထဲတောင်ထဲမှာ တကယ်လို့ သူ့ဘဝမျိုးသာ မိမိ ရောက်သွားပါက မည်မျှအားငယ် ဝမ်းနည်းမိပါမည်နည်း။ သူ့ဘဝမှာလည်း သူတစ်ပါးဆီ၌ လယ်ကူလီသူရင်းငှား လုပ်နေရသည် ဆိုပါလား။ အယ်လီသည် ညှိုးငယ်ငယ်နှင့် ခေါင်းငုံ့ပြီး အိမ်ကြီးပေါ်က ဆင်းသွားသော ကျော်ဇော်ဦး၏ နောက်ကျောကို ငေးကြည့်ကာ ရင်ထဲမှာ သူ့အတွက် အလိုလိုပူပန်လာမိသည်။ ဒက်ဒီမာမီတို့ဆီမှာ အလုပ်ဝင်မလုပ်ဘဲ သူသည် ပန်းတောရွာသို့ လယ်ကူလီလုပ်ရန် ပြန်သွားလေမလားဟုလည်း တွေးပြီး မအီမသိုင်ဖြစ်နေမိပြန်၏။ သြော် သူ့ဘဝသည် တွယ်ရာမဲ့သော ဘဝပါတကား။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



| ၁၇ |

အယ်လီသည် မှန်ပြူတင်းတံခါးဆီသို့ လျှောက်သွားကာ လိုက်ကာလေးကို အသာလှပ်၍ အပြင်သို့ ငေးကြည့်နေမိသည်။ အပြင်တွင် မိုးကသည်းထန်စွာ ရွာသွန်းနေ၏။ ကောင်းကင်ပြင် တစ်ခွင်လုံးသည် မည်းမှောင်နေ၏။ မိုးချုန်းသံက လည်း ကြောက်မက်ဖွယ်ရာ မြည်ဟည်းနေသည်။ ဘယ်အချိုးနှင့်များ သည်မျှ ရိုင်းစိုင်းနေပါလိမ့် ကိုရွှေမိုးရယ်။

မိုးအဆက်မပြတ် ရွာသွန်းနေသည်မှာ သုံးလေးရက်ပင် ရှိသွားလေပြီ။ မိုးဦးကျစစ်ရဲ့ လေကလည်း ပြင်းထန်စွာ တိုက်ခတ်နေသည်။ မိုးလေရူးသည် တဟိုးဟိုး အော်မြည်လျက် ထင်းရှူးပင်အကြိုအကြားမှ အဆောတလျင် ပြေးသွားနေ ကြသည်။ သတ္တန်းက လေပြင်းမုန်တိုင်းတိုက်သဖြင့် လမ်းဘေးက ထင်းရှူးပင် တစ်ပင်သည် လမ်းမပေါ်သို့ ကန့်လန့်ဖြတ်၍ လဲကျနေသည်။ ထိုထင်းရှူးပင် ပေါ်တွင် အသိုက်ဖွဲ့နေကြသော စာကလေးများမရှိ၍သာ တော်ပါသေး၏ဟု အယ်လီက တွေးမိသေး၏။ အယ်လီငယ်စဉ်က လေပြင်းမုန်တိုင်းကျ၍ ထင်းရှူး ပင်များ လဲပြိုကျပြီဆိုလျှင် ထင်းရှူးပင်ပေါ်မှ စာဘူးတောင်းသိုက်တွေကို သွား ကောက်၍ သူ့အိပ်ခန်းထဲတွင် ဆွဲချိတ်ထားတတ်သည်။ စာဘူးတောင်းအသိုက် များထဲတွင် တစ်ခါတစ်ခါ စာကလေးဥတွေနှင့် အကောင်ပေါက် စာကလေးတွေ ကိုပင် တွေ့ရတတ်လေသည်။

မိုးနှင့်လေတို့မှာ အနည်းငယ် ငြိမ်သွားကြပြီ ဖြစ်သော်လည်း ငွေမြားတံတို့ ရံခါရံခါ သွန်ကျလာတုန်းပင် ဖြစ်သည်။ ကုန်းမြင့်သာယာ၏ ပတ်ဝန်းကျင်မှ သစ်ပင်ပန်းပင်များသည် အအေးဖိနေကြသဖြင့် မြင်ကွင်းမှာ အရုပ်ဆိုးအကြည့် တန်နေသလိုပင် ထင်ရ၏။ အရှေ့အနောက် တောင်မြောက်ဝဲယာ အရပ်လေး မျက်နှာရှိ တောင်တန်းကြီး များမှာ အခိုးအငွေ့ တလူလူနှင့် မိုးရေမိုးပေါက်ထဲတွင် မှုန်ရီဝါးဝါး ဖြစ်နေကြသည်။

သုံးလေးရက်ဆက်၍ သည်းထန်စွာ ရွာသွန်းနေသော မိုးလေတို့ကြောင့် ကုန်းမြင့်သာယာ အိမ်ကြီးနားတစ်ဝိုက်တွင် ရုပ်ရက်ခတ် ရေနံလာဝယ်ကြသည့် တိုင်းရင်းလူမျိုးများမှာလည်း နွေလတုန်းကလို စည်စည်ကားကားမရှိဘဲ ယခု အခါ ပါးရှားနေကြသည်။ တောထဲသို့ ကုလားအလုပ်သမားတွေနှင့် ဒက်ဒီရေနံဆီ သွားမခပ်သည်မှာလည်း သုံးလေးရက်ပင် ရှိသွားလေပြီ။ ရေနံဆီခပ်ရန် မသွား သော်လည်း မိုးထဲလေထဲတွင် သားရေအင်္ကျီရှည်ကြီးကို ဝတ်၍ 'ရေနံတွင်းတွေကို တစ်နေ့တစ်ခေါက်တော့ နေ့စဉ် လျှောက်ကြည့်နေရသည်။ နွေတုန်းကလိုပင် ထကြွသောင်းကျန်းနေကြသော ရေနံသူခိုးများသည် လူအလစ်ကို အမြဲချောင်း နေတတ်ကြ၏။ ပျားတဲရွာနှင့် ရွှေတောင်ကြားကို သံပိုက်မသွယ်မီတုန်းက မြင်းတစ်စီးနှင့် မင်းလမ်းမကြီးကို အမြဲလျှောက်နေရသော ဒက်ဒီမှာ ယခုအခါ၌လည်း



ရေနံတွင်းတွေကို မြင်းတစ်စီးနှင့် တစ်နေ့တစ်ခေါက် အမြဲပင် လျှောက်ကြည့် နေရသည်။

ကုန်းမြင့်သာယာ၏ ဆင်ခြေလျှော အိမ်ရှေ့လမ်းမပေါ်တွင် ကန့်လန့်ဖြတ် လဲကျနေသော ထင်းရှူးပင်ကြီးတစ်ပင်ကို ဓားမကြီးတစ်ချောင်းနှင့် တအက်အက် ခုတ်ဖြတ်ကာ လမ်းရှင်းနေသော ကျော်ဇော်ဦးဆီသို့ အယ်လီက မျက်စိရောက် သွားပြန်သည်။ ခုတ်ဖြတ်ပြီးသော ထင်းရှူးပင်အကိုင်းအခက်များကို လမ်းဘေးသို့ ဆတ်ခနဲဆတ်ခနဲ ကောက်မြှင့်၍ ဆွဲဖယ်လွှဲပစ်နေသည်မှာ ကြောက်ဖို့ပင် ကောင်းလှသည်ဟု အယ်လီက ထင်မှတ်နေမိသည်။ ကုလားအလုပ်သမားတွေသာ ဆိုလျှင် ယခု ကျော်ဇော်ဦး ကောက်မြှင့်၍ လွှင့်ပစ်နေသောထင်းရှူးတုံးကြီးများ မှာ အနည်းဆုံး နှစ်ယောက်သုံးယောက်တော့ ချီမယူကြရမည် ဖြစ်၏။ ဤမျှ အားသန်သော ကျော်ဇော်ဦးကို မြင်ရမှ အယ်လီသည် သူ့ရုပ်သွင်ကို ငေး ကြည့်နေမိပြန်၏။ သူ့ခေါင်းပေါ်တွင် ခမောက်တစ်ခုဆောင်းထားသဖြင့် သူ့ မျက်နှာကို ကောင်းစွာမမြင်ရသော်လည်း နေ့စဉ်တွေ့နေမြင်နေရသဖြင့် ကျော်ဇော် ဦး၏ရုပ်သွင်က အယ်လီ၏မျက်စိထဲမှာ ပကတိ ထင်ဟပ်လာပြန်သည်။ အသား ညိုညို၊ နဖူးကျယ်ကျယ်၊ ရင်အုပ်ကားကား၊ ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသော ကိုယ်နေဟန်ရှိသည်။ သည်ထက် အသေးစိတ်တွေးကြည့် လျှင် နားရွက်ကားကား၊ မေးရိုးခိုင်ခိုင်၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ မျက်လုံး လှလှနှင့် အောက်နှုတ်ခမ်းမှာ အနည်းငယ် လျှော့တွဲတွဲရှိသည် ဟုထင်ရသော် လည်း ပိရိသေသပ်ကာ ဥပဓိရုပ် ကောင်းမွန်လေသည်။ ရုတ်တရက်ကြည့်မိရုံနှင့် သင်းခနဲနေအောင် အမှတ်ရလွယ်သော ရုပ်မျိုးပင်။

အယ်လီသည် ကျော်ဇော်ဦး လုပ်ကိုင်နေသည်ကို ငေးကြည့်၍ သူမ စာအုပ် ထဲ၌သာ ဖတ်ဖူးသော သူရဲကောင်းကြီးတွေနဲ့ ကျော်ဇော်ဦးအား နှိုင်းယှဉ်၍ ကြည့်မိသည်။ ခြင်္သေ့ကြီး၊ ကျားကြီးတွေနဲ့ နပန်းဖက်သတ်နေကြသော ရောမ သူရဲကောင်းကြီးများ ဆိုသည်မှာလည်း ကျော်ဇော်ဦးကဲ့သို့ အားခွန်ဗလ သန်စွမ်း ကြသူများသာ ဖြစ်လိမ့်မည်။ ယခင်က သူ့အား မလေးမစား ပြောမိဆိုမိသည်ကိုပင် တွေးကြည့်ပြီး အယ်လီမှာ ကျောချမ်းလာမိ၏။ မတော်တဆ သူက စိတ်ဆိုး၍ ဘစ်စုံတစ်ခုနှင့် ကိုင်ပေါက်ပစ်လိုက်လျှင် ပွဲချင်းပြီး သေသွားနိုင်သည် မဟုတ် လား။

ကျော်ဇော်ဦးကတော့ အယ်လီ ငေးကြည့်နေသည်ကို လုံးဝမြင်ပုံမရပေ။ သူ့အလုပ်ကိုသာ ဆက်လုပ်နေ၏။

တဖွဲဖွဲ သွန်ကျနေသော မိုးရေထဲတွင် တစ်ပတ်လျှို လမ်းမအတိုင်း မြင်းစီး ယောကျ်ားသည် ကုန်းမြင့်သာယာအိမ်ကြီးဘက်သို့ ဖြည်းညင်းစွာ တက်လာနေ သည်။ ကျော်ဇော်ဦးလမ်းရှင်းနေသော နေရာနားသို့ ရောက်လာသောအခါ မြင်း ကို ဇက်သတ်၍ ရပ်လိုက်သည်။ ကျော်ဇော်ဦးကတော့ လမ်းမပေါ်တွင် ကန့် လန့်ဖြတ်လဲကျနေသော ထင်းရှူးပင်မကြီးကိုသာ တအက်အက် ခုတ်ဖြတ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်တွင် ရောက်နေနှင့်သော မြင်းစီးယောကျ်ားကို မြင်ပုံမရပေ။ ထို့ကြောင့်လည်း လမ်းမဖယ်ပေးဘဲ သူ့အလုပ်ကိုသာ ဆက်လုပ်နေ၏။

မြင်းနှင့် ကုန်းမြင့်သာယာသို့ တက်လာနေသူမှာ မင်းပြင်ရွာသူကြီးအဲသင်ကလေးမောင်ကျော်ဟိုးမှန်း အယ်လီ အတပ်သိလိုက်လေသည်။

ထင်းရှူးပင်ကြီးကို တအက်အက် ခုတ်ဖြတ်နေသော ကျော်ဖောဦးအား မောင်ကျော်ဟိုးသည် မြင်းပေါ်က ကြာပွတ်နှင့် မထိတထိ တစ်ချက်လှမ်းရိုက်၍ 'ဟေ့ လမ်း ဖယ်စမ်း' ဟု အော်ငေါက်လိုက်၏။ မောင်ကျော်ဟိုးသည် သူကြီးရာထူးကို ရကာစမို့ အခြောက်တိုက် ဘဝင်မြင့်နေသူပီပီ လူကို လူမထင်ဘဲ မထီမဲ့မြင်ပြုလိုက်ခြင်းဖြစ်၏။

ကျော်ဖောဦးသည် ဖျတ်ခနဲ နောက်သို့လှမ်းကြည့်လိုက်၏။ မောင်ကျော်ဟိုးအား သူက မည်သို့ပြန်ပြော၍ မောင်ကျော်ဟိုးက မည်သို့ ပြန်ပြောသည်ကိုတော့ အယ်လီက သဲသဲကွဲကွဲ မကြားလိုက်မိ။ ကျော်ဖောဦးသည် မြင်းပေါ်က မောင်ကျော်ဟိုး၏ ခြေထောက်တစ်ဖက်ကို ဆောင့်ဆွဲချလိုက်၏။ အယ်လီရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားသည်။ မောင်ကျော်ဟိုးသည် မြင်းပေါ်က လွင့်စင်ကျသွား၏။ ခွန်အားဗလ အလွန်သန်စွမ်းသော ကျော်ဖောဦးက မောင်ကျော်ဟိုးအား ဓားနှင့်လည်းကောင်း၊ ထင်းရှူးတုံးကြီးနှင့်လည်းကောင်း စိတ်ဆိုး၍ ကောက်ပစ် ခုတ်ထစ်လိုက်လျှင် 'ခက်ရချီရဲ့' ဟု ပူပန်မိပြီး အယ်လီသည် အိမ်ကြီးပေါ်က ပြေးဆင်းလာသည်။ မိုးဖွားလေးတွေ တဖွဲဖွဲသွန်ကျနေသော်လည်း သားရေအင်္ကျီရှည်ကြီး ဝတ်ရန်ကိုပင် သတိမရမိပေ။ သူမသည် ကျော်ဖောဦးနှင့် မောင်ကျော်ဟိုးတို့ ရှိရာသို့သာ ဒုန်းစိုင်းပြေးချလာမိသည်။ သို့သော် အယ်လီ နောက်ကျသွား၏။ ကျော်ဖောဦးနှင့် မောင်ကျော်ဟိုးတို့သည် စကားများ ရန်ဖြစ်ကြပြီး လမ်းမတွင် ထိုးကြိတ်သတ်ပုတ်နေကြသည်။

"ဟေး...ကျော်ဖောဦး၊ နင်လွန်ပြီ"

အယ်လီက ထိတ်ထိတ်ပြာပြာ အော်လိုက်၏။

အယ်လီက ထိတ်ထိတ်ပြာပြာအော်လိုက်သံကို ကြားရသော်လည်း ကျော်ဖောဦးက လုံးဝ အရေးမစိုက်ပေ။ ကျော်ဖောဦး၏ ညာလက်သီးတစ်လုံးသည် မောင်ကျော်ဟိုး၏ မျက်နှာကို စွတ်ဝင်သွားသည်။ မောင်ကျော်ဟိုးမှာ နောက်သို့ ဖင်ထိုင်လျက် လဲကျသွား၏။ အယ်လီသည် သူတို့နှစ်ယောက်၏ ကြားထဲသို့ ပြေးဝင်၍ ဟန့်တားထားလိုက်၏။

"နင်က တို့ဆီလာတဲ့ ဧည့်သည်ကို ဘာ စော်ကားတာလဲ"

"ကျုပ်က စော်ကားတာ မဟုတ်ဘူးဗျ။ ခင်ဗျားတို့ ဧည့်သည်ကိုက ကျုပ်ကို လာစော်ကားလို့ ကျုပ်က ဆုံးမနေရတာ။ ခင်ဗျား ကြားဝင်မရှုပ်ရင် ကောင်းမယ်"

"ဝင်ရှုပ်တော့ကော နင်က ငါ့ကို ဘာလုပ်ချင်လို့လဲ"

ကျော်ဖောဦးက ဘာမျှပြန်မပြောဘဲ မောင်ကျော်ဟိုးဘက်သို့သာ ဒေါသနှင့်



စိုက်ကြည့်နေ၏။ သူ့အလုပရှင်သမီး ဆိုပြန်တော့လည်း အခက်သား မဟုတ်ပါလား။

မောင်ကျော်ဟိုးသည် လဲကျနေရာက ပါးကိုပွတ်၍ လူးလဲထလာသည်။

"ကိုကျော်ဟိုး ဘယ်ကို ထိသွားသေးလဲဟင်"

မောင်ကျော်ဟိုးမှာ အယ်လီ၏ဂရုတစိုက်အမေးကို ရုတ်ခြည်း မဖြေနိုင်သေးဘဲ ပါးကိုသာ လက်နှင့်ပွတ်နေ၏။ ရှက်လည်း တော်တော်ရှက်သွားပုံရသည်။ အစွန်က တိုင်းရင်းသားတစ်ယောက်မှန်း မသိ၍ မောင်ကျော်ဟိုးကလည်း မထီမဲ့မြင် ပြုလိုက်ခြင်းသာ ဖြစ်လေသည်။ တိုင်းရင်းသား လူမျိုးတစ်ယောက်မှန်းသာ သိလျှင်တော့ သူက ကြာပွတ်နှင့်လှမ်းရိုက်၍ လမ်းဖယ်ခိုင်းမည်မဟုတ်။ ယခုတော့ ကျော်ဖောဦးက ခေါင်းပေါ်တွင် ခမောက်ဆောင်းပြီး ကျောနိုင်းထဘီဝတ်နေသဖြင့် ကုလားကျွန်တစ်ယောက်ဟု ထင်၍ မောင်ကျော်ဟိုးက မထီမဲ့မြင်ပြုလိုက်ခြင်းသာ ဖြစ်လေသည်။

"ကိုကျော်ဟိုး တော်တော်နာသွားသလားဟင်"

"ကိတ် ကိတ် ကိစ္စမရှိပါဘူး"

မောင်ကျော်ဟိုးမှာ တစ်ကိုယ်လုံး မွန်ထူနေသဖြင့် ထစ်ထစ်ငေါ့ငေါ့နှင့် အယ်လီအားအရှက်ပြေပြန်ပြောလိုက်၏။ ကျော်ဖောဦးကတော့ လုပ်ဝင့်လွန်းသော မောင်ကျော်ဟိုးအား မကျေမချမ်းနှင့် စိုက်ကြည့်နေလေသည်။

"ဒီကောင်က သိပ်မိုက်ရိုင်းတာ၊ အယ်လီ တောင်းပန်ပါတယ်"

"ဘာ"

ကျော်ဖောဦးက လှမ်းအော်လိုက်သဖြင့် နကိုကပင် ခပ်ကြောက်ကြောက်ဖြစ်နေသော အယ်လီမှာ ဖျတ်ခနဲလန့်သွားပြီး မောင်ကျော်ဟိုး၏ လက်မောင်းတစ်ဖက်ကိုပင် ဆုပ်ကိုင်ထားလိုက်မိသည်။

"လာပါ အယ်လီ၊ ဒီကောင့်ကို ဖက်ပြောနေရင် ပြီးမှာ မဟုတ်ဘူး"

မောင်ကျော်ဟိုးသည် အယ်လီအားလှမ်းပြော၍ သူ့မြင်းဖြူကြီးကိုဆွဲကာ ကုန်းမြင့်သာယာ အိမ်ကြီးဆီသို့ တစ်လှမ်းချင်း လှမ်းတက်လာသည်။ အစွန်က သူ့အများကို သူသိသဖြင့် ရှောင်ဖယ်လာခြင်းသာ ဖြစ်သည်။

"တောက်"

ကျော်ဖောဦး၏ တက်ခေါက်သံကြောင့် အယ်လီသည် နောက်သို့ ဆတ်ခနဲတစ်ချက် လှမ်းကြည့်ပြီး ပမာမခန့်သလို နှုတ်ခမ်းစူပြလိုက်လေ၏။

"ဒီကောင်က ဘယ်ကလဲ အယ်လီ"

ကုန်းမြင့်သာယာ အိမ်ကြီး၏ဧည့်ခန်းတွင် နှစ်ယောက်သား ထိုင်မိကြသောအခါ စောစောက သူနှင့်ရန်ဖြစ်၍ ထိုးကြိတ်သတ်ပုတ်လာကြသော ကျော်ဖောဦးအား ဘယ်ကမှန်း မသိသဖြင့် မောင်ကျော်ဟိုးက မေးလိုက်၏။

"ဟို ပန်းတောရွာက ဦးဖြူသီးသားလေ၊ သူ့အဖေနေရာမှာ အယ်လီတို့ အလုပ် ဝင်လုပ်ခိုင်းထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒြော် ပအိုနွေတုန်းက စက်မောင်းညပ်လို့သေတဲ့ လူကြီးရဲ့သားလား"

"*ဟုတ်တယ်၊ အယ်ဒီက အရေးပေးထားတာနဲ့ ဒီကောင်က သိပ်ယူဝင်နေတာ၊ အယ်လီနဲ့လည်း ခဏခဏ စကားများရတယ်၊ သိပ်မုန်းဖို့ကောင်းတာ*"

အယ်လီက နှုတ်ခမ်းစူမျက်နှာမဲ့၍ ပြော၏။

"အယ်ဒီ တောကို တက်သွားတယ်၊ ရောက်ခါနီးပါပြီ။ မာမီကတော့ ထုံးစံအတိုင်း ဆိုင်မှာပေါ့"

အယ်လီ၏အမေ မျက်နှာဖြူမကြီးမှာ အလွန်ဝဖိုင့်သဖြင့် အသွားအလာ အလွန် နည်းပါးလေသည်။ အယ်လီနှင့်သူ့အဖေက မြင်းတစ်စီးနှင့် တောတိုး တက်၍ ရေနံဆီတွင်းတွေကို စောင့်ရှောက်ကြည့်ရှုခြင်း၊ ပျားတဲရွာနှင့် ကျောက်ဖြူမြို့ ဆိုင်ခွဲသို့သွား၍ ငွေသိမ်းခြင်း၊ အလုပ်အကိုင်ဆောင်ရွက်စရာ ရှိသည်တို့ကို ဆောင်ရွက်ခြင်း လုပ်နေသော်လည်း မြင်းမစီးနိုင်လောက်အောင် ဝဖိုင့်နေသော သူ့အမေကတော့ ဆိုင်ထဲ၌ ရေနံဆီရောင်းသော အလုပ်ကိုသာပင် ဒိုင်ခံ၍ လုပ်နေလေသည်။

"ကဲ မိုးအေးတယ်၊ ကော်ဖီပူပူလေးသောက်လိုက်ပါဦး ကိုကျော်ဟိုးရယ်"

အယ်လီသည် ကြွေကရားထဲမှကော်ဖီရည်ပူပူကို ပန်းကန်ထဲသို့ ငှဲ့ထည့်၍ မောင်ကျော်ဟိုးရှေ့သို့ ရွှေ့ပေးလိုက်သည်။

"မိုးအေးတယ် ကော်ဖီပူပူသောက်လိုက်ပါဦး" ဟု အယ်လီက ပြောသော်လည်း မောင်ကျော်ဟိုး၏ မျက်နှာမှာကား အဆီတွေဝေ့၍ ဖောခွေးတွေယင် ပြန်နေလေသည်။ အယ်လီစကားကြောင့် မောင်ကျော်ဟိုးမှာ သူ့ကိုယ်သူ မလုံမလဲဖြစ်သွားပြီး လေပူတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်၏။

"ကြည့်စမ်း အယ်လီ ခုမှ သေသေချာချာ ကြည့်မိတယ်။ ကိုကျော်ဟိုးရဲ့ မျက်နှာမှာ အညှိအမည်းတွေတောင် စွဲသွားတာပဲ။ နေဦးနော်၊ အယ်လီ ဆေးတို့ပတ် သွားယူလိုက်ဦးမယ်"

"ဟာ နေပါစေ အယ်လီ ကိစ္စမရှိပါဘူး"

မောင်ကျော်ဟိုးက သူ့မျက်နှာတစ်ပြင်လုံးကို လက်နှင့် ပွတ်စမ်းကြည့်ပြီး ရှက်ရှက်နှင့် ကမန်းကတန်း တားလိုက်၏။

"အိုး ဘယ်က ကိစ္စမရှိရမှာလဲ၊ ဆေးတို့ပတ် တို့လိုက်တော့ သက်သာသွားတာပေါ့"

အယ်လီသည် ဆေးတို့ပတ်ကို ယူငင်လာပြီး မောင်ကျော်ဟိုး၏ မျက်နှာတို့ ညင်ညင်သာသာ တို့ပတ်တို့ပေးနေသည်။

"ဒီမှာဗျို့ သခင်ကြီးကရေစိုလာလို့ ခင်ဗျားကို အဝတ်တစ်စုံ လာပေးပါတဲ့"

မောင်ကျော်ဟိုး၏မျက်နှာကို တို့ပတ်ပဝါနှင့် ညင်ညင်သာသာ တို့ပွတ်ပေးနေသော အယ်လီ့အား ကျော်ဖောဦးက တည်တည်ငြိမ်ငြိမ်နှင့် လှမ်းကြည့်ပြီး ပြောလိုက်၏။

ရုတ်တရက်ဖြစ်သဖြင့် အယ်လီမှာ လန့်ဖျပ်၍ပင်သွားမိသည်။ ထို့ကြောင့်



လည်း သူမ၏လက်ထဲက ဆေးတို့ပတ်ကို ကိုင်ရမလိုချရမလိုနှင့် ကျော်ဖောဦးကိုသာ ကြောင်ကြည့်နေမိသည်။ မောင်ကျော်ဟိုးကတော့ ကုလားယူ ထိုးကြွေးသော မခိုးမခန့်မျက်နှာနှင့် ကျော်ဖောဦးအား တစ်ချက်လှမ်းကြည့်ပြီး မျက်နှာမဲ့ပစ်လိုက်၏။

"ခင်ဗျား ကျုပ်ကို ကြောင်ကြည့်မနေနဲ့၊ သခင်ကြီးက မိုးမိသာလို့ မြန်မြန် လာပေးပါတဲ့"

ဘယ်တုန်းကပင် အိမ်ရှေ့လှေကားထိပ်သို့ ရောက်နှင့်နေပြီး သူတို့နှစ်ယောက်အား စိုက်ကြည့်နေသည်မသိသော ကျော်ဖောဦး၏အသံက ပေါ်လာပြန်သည်။

"ကြားတယ် ကြားတယ်"

အယ်လီက ကယောင်ကတမ်းနှင့် လှမ်းအော်လိုက်၏။

"ကြားရင်ပြီးရော၊ ကျုပ်က ခင်ဗျား သတိမေ့နေပြီထား ထင်လို့" ဟု ပြောပြီး ကျော်ဖောဦးသည် အိမ်ရှေ့လှေကားမှ [illegible] ပြေးဆင်းသွား၏။

"ကြည့်စမ်း ကြည့်စမ်း၊ တော်တော် လုဝါးတဲ့[illegible]"ဟု အယ်လီ[illegible] ကျော်ဖောဦးကို ကျိန်ဆဲပစ်လိုက်၏။ သူမအား [illegible] နှင့် ပြောသွားသည် ကိုလည်း မှို၍ပင် ခံပြင်းလိုက်မိသည်။ [illegible] ကြောက်နေရ တော့မလို့ ဟု တွေးပြီး နှုတ်ခမ်းကို [illegible]။

"ကိုကျော်ဟိုး ခဏနေဦးနော်၊ [illegible] လိုက်ဦးမယ်"

မောင်ကျော်ဟိုးက အယ်လီ၏မျက်[illegible]ကြည့်၍ ခေါင်းညိတ် ပြလိုက်၏။

"သူများက ရိုးတိုးရန့်တန့် [illegible] သူကလည်း တစ်မျိုးပဲ" ဟု အယ်လီသည် မောင်ကျော်[illegible] သူ့စိတ်ထဲက ရန်တွေ့ပစ် လိုက်၏။

အယ်လီသည် သူ့အဖေ[illegible]ပေး၍ သူ့အခန်းဖြူနီအတူပင် အိမ်ပေါ်သို့ ပြန်တက်လာ၏။

"မောင်ကျော်ဟိုးပါလား[illegible]နေတာ ကြာပြီလား"

"ခုလေးတင်ပါပဲ အန်ကယ်"

သခင်ကြီးသည် မောင်[illegible]က ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ အယ်လီသည် သူ့အဖေအား [illegible]ခွက် ငှဲ့ပေးလိုက်သည်။

"သူကြီးမင်း နေကောင်းရဲ့လား"

"ဟုတ်ကဲ့ နေကောင်းပါတယ်"

"ဟော မောင်ကျော်ဟိုး၊ မျက်နှာမှာ အညိုအမည်းတွေပါလား"

သခင်ကြီးသည် မောင်ကျော်ဟိုး၏မျက်နှာကို သေသေချာချာ ဖိုက်ကြည့်ပြီး ခဲ့အားသင့်သွားသလို ပြောလိုက်၏။

သခင်ကြီးအား မည်သို့ ပြန်ပြောရမှန်းမသိသော မောင်ကျော်ဟိုးမှာ စိတ် ညှိုးရားတိုင်း မျက်နှာပြင်ကိုသာ လက်နှင့်ပွတ်စမ်းနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကဲ့ ကလေးပေါ့၊ ညကလေတိုက်လို့ လဲကျသွားတဲ့ အိမ်ရှေ့လမ်းမထဲက ထင်းရှူးပင်ကို ခုတ်ဖြတ်လမ်းရှင်းနေရာက ထင်းရှူးကိုင်း တစ်ကိုင်းကို လှမ်းပစ်လိုက်တာ သူ့နောက်ကိုရောက်နေတဲ့ ကိုကျော်ဟိုးမျက်နှာကို ထိသွားတာလေ"

သခင်ကြီးက စုတ်တသပ်သပ်နှင့် မောင်ကျော်ဟိုးမျက်နှာက အညိုအမည်းတို့ စိုက်ကြည့်နေပြန်၏။

သခင်ကြီးအမေးကို မည်သို့ ပြန်ပြောရမည်မသိဘဲ ရှက်ရှက်နှင့် ငြိမ်နေသော မောင်ကျော်ဟိုးမှာ ရုတ်တရက် သူ့အဖေအား တခဲနုပ္ပတ္တိဉာဏ်သုံး၍ လိမ်လည်ပြောလိုက်သော အယ်လီအား ကျေးဇူးတင်၍ မဆုံးသော မျက်လုံးဖြင့် လှမ်းကြည့်လိုက်လေသည်။ လျင်မြန်၍ ဖြတ်ထိုးဉာဏ်ကောင်းသော အယ်လီကို အထင်လည်း ဆော်တော်ကြီးသွားပုံရ၏။

"ဒီကောင်က သိပ်ဆိုးတာ၊ လူကိုလည်း လူထင်တာမဟုတ်ဘူး။ စကားပြောလည်း အားကြီး ဘုဂွကျတာပဲ"

"နောက်ကလာနေတဲ့ မောင်ကျော်ဟိုးကို မမြင်မိလို့ ဖြစ်ပါလိမ့်မယ်သမီးရယ်"

"မြင်ရက်နဲ့လည်း မမြင်ချင်ယောင်ဆောင်ပြီး ဒက်ဒီ့အကောင်က ပစ်ထည့်ချင် ပစ်ထည့်မှာ"

"မဟုတ်သေးပါဘူးကွယ်၊ ကျော်ဇောဦးက စိတ်ကောင်းရှိပါတယ်။ ဒီထင်းရှူးပင်ကိုလည်း သူ့သဘောနဲ့သူ ခုတ်ဖြတ်နေတာပဲ။ ဒက်ဒီတို့က မခိုင်းပေမယ့် သူက အမြင်မတော်ရင် ဘာမဆို ခုတ်ထွင် ရှင်းလင်းပစ်တတ်တယ် မဟုတ်လား။ အလုပ်အကိုင်ဆိုလည်း မရိုမကပ်တတ်ပါဘူး"

သခင်ကြီးပြောသည်မှာ အမှန်ပင်ဖြစ်၏။ ကျော်ဇောဦးသည် သခင်ကြီးဆီ၌ အလုပ်ဝင်လုပ်ပြီ ဆိုကတည်းကပင် ဘာအလုပ်မဆို ကောင်းကောင်းမွန်မွန် စေတနာအပြည့်အဝနှင့် လုပ်ကိုင်ပေး၏။ ကုလားအလုပ်သမားတွေလို ခိုခြင်းကပ်ခြင်းလည်း လုံးဝမရှိပေ။ ကျော်ဇောဦးအား သခင်ကြီးက ခိုင်းစေထားသော အလုပ်တာဝန်မှာ ရေနံတွင်းတူးရာ၌ စက်မောင်းအလုပ်သာ ဖြစ်သော်လည်း ယခုလို မိုးတွင်းကာလ ရေနံကျင်းမတူးရဘဲ နားနေရချိန်များတွင် ကျော်ဇောဦးသည် အလကားမနေဘဲ အိမ်ကြီးနားပတ်ဝန်းကျင်၌ ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းခုတ်ထွင်ပေးခြင်း၊ သခင်ကြီး နောက်ကိုလိုက်၍ ရေနံတွင်းများကို သခင်ကြီး သွားတွေ့ရန်မှ ကင်းလွတ်အောင် ကာကွယ်စောင့်ရှောက်ပေးခြင်း၊ သခင်ကြီး မအားလပ်သောနေ့၊ နေထိုင်မကောင်းသော နေ့များတွင် သခင်ကြီးနေရာ၌ လူစားအဖြစ်ဝင်၍ ကုလားအလုပ်သမားတွေအား သခင်ကြီး ညွှန်ပြလိုက်သည့်အတိုင်း အကွက်ကျကျ ခိုင်းစေတတ်ခြင်း စသည်တို့ကြောင့် သခင်ကြီးက ကျော်ဇောဦးအား နာမည်ကိုပင်မခေါ်ဘဲ 'ကလေး ကလေး'နှင့် မြှောက်စားထား၏။ ရိုးသား၍ အလုပ်အကိုင်ကောင်းသဖြင့် ချစ်ခင်သနားသလို အားလည်းကိုးရ၏။ ထိုသို့ သူ့အဖေတစ်ယောက်လုံးက မြှောက်စားထားသဖြင့် မပြောသာ၍ ကြည့်နေရသော်လည်း သူမအား အမြဲကန့်လန့်တိုက် ဘုဆောက်ပြောတတ်သော ကျော်



ဇောဦးအား အယ်လီကတော့ လုံးဝကြည့်မရ ဖြစ်နေလေသည်။ ထို့ကြောင့်လည်း အကြောင်းဆိုက်ရောက်လာတိုင်း ကျော်ဇောဦး၏ မကောင်းကြောင်းတို့သာ အယ်လီက သူ့အဖေအား တွင်တွင် တိုင်ပြောတတ်လေသည်။

"ဒယ်ဒီ့ကလေးက အလုပ်ကောင်းတာတော့ ဟုတ်ပါရဲ့။ စကားပြော အားကြီးဆိုးတယ်။ လူတွေကိုလည်း ပမာမခန့်သလိုပဲ"

သခင်ကြီးသည် နှုတ်ခမ်းတလန် ပန်းတလန်နှင့် ရန်တွေ့သလို ကျော်ဇောဦး မကောင်းကြောင်း တိုင်ပြောနေသော သမီးဖြစ်သူအား ပြုံးရွှင်စွာ ကြည့်ရင်း တဟဲဟဲ ရယ်သွမ်းသွေးပြီး...

"ဒက်ဒီ့ကလေးက လူတွေကို ပမာမခန့်လုပ်တယ်ဆိုတာ မဟုတ်သေးပါဘူး သမီးရယ်။ ဒက်ဒီကျတော့ ကလေးက ဘယ်လောက် ရိုသေတယ်ဆိုတာ သမီး အမြင်ပဲ မဟုတ်လား။ အေး...တစ်ခုတော့ ရှိတယ်။ သူ့ကို ပမာမခန့်တော့ သွားမလုပ်နဲ့။ သူက ပမာမခန့် ပြန်လုပ်ရမှ ကျေနပ်တဲ့အကောင်။ သူက သူ့ကို မတရားသဖြင့် နှိမ်တယ်ထင်ရင် ဒက်ဒီ့ကိုလည်း ခံမှာမဟုတ်ဘူး။ ကလေးမှာ ဒီလို စိတ်ဓာတ်ရှိတာ ဒက်ဒီတော့ သဘောအကျဆုံးပဲ"

အယ်လီသည် သူ့အဖေစကားကို သဘောမကျလွန်းသဖြင့် မျက်နှာကို မဲ့၍ကာ 'တွေ့လား တွေ့လား၊ ဒီကောင်ကို ဒက်ဒီက ဒီလို မြှောက်ပင့်ပေးနေလို့ လှုပ်ဝေနေတာ ကိုကျော်ဟိုး'ဟူသောသဘောဖြင့် အယ်လီသည် မောင်ကျော်ဟိုးအား သူ့အဖေမမြင်အောင် မျက်စပစ်ပြလိုက်ပြီး စိတ်ကောက်သလို လှုပ်ကာ သူ့အဖေအနားက ထွက်သွားလေသည်။

သမီးနှင့်အဖေတို့ အချေအတင်ပြောနေသည့် ကြားထဲတွင် တစ်ချိန်လုံး ခတ်မဆိတ်သာ နေလာခဲ့သော မောင်ကျော်ဟိုးသည် သခင်ကြီး၏စကားကို ကြားရသော အခါမှာတော့ သူ့အပြစ်နှင့်သူ မလုံမလဲဖြစ်ကာ သခင်ကြီးရှေ့ မနေတတ် မထိုင်တတ် ဖြစ်နေသည်။ ကျော်ဇောဦးအား မြင်းပေါ်က ဆွဲချပြီး ကြာပွတ်နှင့်လှမ်းရိုက်၍ လမ်းဖယ်ခိုင်းသည်ကို သခင်ကြီးသည် သူ့မျက်စိနှင့် ဘတ်အဝ်သေချာ မြင်လိုက်၍များ သူ့ကို တမင် စောင်းပြောနေခြင်းလေလားဟု ထင်၍ မလုံမလဲဖြစ်လာမိသည်။

သမီးနှင့်အဖေတို့ စကားနိုင်လု ပြောနေကြသည့် ကြားထဲတွင် မောင်ကျော်ဟိုးက မနေတတ် မထိုင်တတ် ဖြစ်နေသည်ကို ရိပ်စားမိသွား၍လား မသိ။ သခင်ကြီးသည် ယခုမှ မောင်ကျော်ဟိုးကို စကားစနိုင်တော့၏။

"သမီးကို စကားအနိုင်လု ပြောနေရတာနဲ့ မောင်ကျော်ဟိုးကိုတောင် အားနာစရာ ဖြစ်နေပြီ"

"ကိစ္စမရှိပါဘူး အန်ကယ်"

"အန်ကယ်တို့က ဒီတောဒီတောင်ထဲမှာ အဖော်အပေါင်းဆိုလို့လည်း များများစားစား မရှိတော့၊ ဒီလိုပဲ တစ်ခါတစ်ခါ အချင်းချင်း စကားနိုင်လုပြောပြီး စိတ်ကို ဖြေနေရတာပဲ မောင်ကျော်ဟိုးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဘယ့်နှယ်လဲကွယ့် မောင်ကျော်ဟိုး၊ ရေနံဆီသူခိုးတွေကို ခုထိ အတိအကျ စုံစမ်းလို့ မရသေးဘူးလား"

"စုံစမ်းလို့တော့ ရထားပါပြီ အန်ကယ်၊ ဒီ နယ်တစ်ဝိုက်က လူတွေပါပဲ။ သူတို့က ရွာတိုင်းရွာတိုင်းမှာ သူခိုးဂိုဏ်းတွေဖွဲ့ နေကြတယ်ဆိုတာ သိရတယ်။ ဒီလို သူခိုးဂိုဏ်းတွေ လိုက်ဖွဲ့နေတဲ့ လူကတော့ သိုင်းချောင်းရွာက ဦးအေးထွန်း ဆိုတဲ့လူလို့ သတင်းရတယ်။ အတိအကျတော့ မသိရသေးဘူး"

"ဟယ်"

မောင်ကျော်ဟိုး၏စကားကို ကြားရသောအခါ သခင်ကြီးမှာ လွန်စွာတုန်လှုပ် ချောက်ချား သွားလေသည်။ သူ ထင်သည်ထက်ပင် အခြေအနေ ဆိုးရွားနေပြီ မဟုတ်ပါလား။

"ကျွန်တော် စုံစမ်းဖို့သွားတော့ ရှောင်တိမ်းနေကြတယ်။ သူကြီးအမိန့်နဲ့ ဆင့်ခေါ်တော့လည်း ဘယ်သူမှ ပေါ်မလာကြဘူး။ ဒါနဲ့ဟိုနေ့က ရွာခေါင်းတွေကို ခေါ်ပြီး မယုံသင်္ကာရှိတဲ့ ဒီလူ ဒီလူတွေကို ဖမ်းပို့ပါလို့ အမိန့်ထုတ်လိုက်တော့မှ အဲဒီသူနိုးလို့ ထင်ရတဲ့ လူတွေဟာအကုန်လုံး ထွက်ပြေးနေကြတယ်။ ပြီး သူခိုးတွေ ထဲမှာ ဦးအေးထွန်း တစ်ယောက်ကလွဲပြီး၊ ကျန်တဲ့လူတွေဟာ လူငယ်တွေချည်း ဖြစ်နေပြန်တော့ နည်းနည်း အခက်အခဲတွေ့နေတယ်။ သူခိုးခေါင်းဆောင်လုပ်နေတဲ့ ဦးအေးထွန်းဆိုတာကလည်း သားမယားမရှိလေတော့ လွတ်လွတ်လပ်လပ်မို့ သူ့ကို ဖမ်းမိဖို့က ပိုပြီး မလွယ်သလို ဖြစ်နေပြန်တယ် အန်ကယ်"

"သူခိုးကြီး ဓားပြဖြစ်လာမှာ စိုးရတယ်ကွယ်"

သခင်ကြီးက စိုးရိမ်မကင်းသံနှင့် ပြောလိုက်၏

"သိပ်တော့လည်း မပူပါနဲ့ အန်ကယ်။ ဒီလူတွေကို မကြာခင် အကုန်ဖမ်းမိအောင် ကျွန်တော် အထူးကြိုးစားနေပါတယ်"

သခင်ကြီးမှာ မောင်ကျော်ဟိုး ပြောစကားကိုပင် မကြားသလို ငေးငိုင်စဉ်းစား လျက်ရှိသည်။

အမှန်က သခင်ကြီး စိတ်ကောင်းအောင်သာ ပြောနေရသော်လည်း သူကြီးသစ်ကလေး မောင်ကျော်ဟိုး၏ အတွင်းစိတ်ထဲမှာ ရေနံဆီသူခိုးကိစ္စကို သခင်ကြီးကဲ့သို့ပင် စိုးရိမ်ပူပန်လျက် ရှိနေလေသည်။ သူသည် ရွာနီးချုပ်စပ် တစ်ဝိုက်မှ ရေနံဆီသူခိုးများအား ဖမ်းဆီးမိနိုင်ရန် စုံစမ်းရှာဖွေလာခဲ့သည်မှာ သုံးလေးလ အချိန်ပင် ကုန်သွားပြီဖြစ်၏။ သူကိုယ်တိုင် ရွာတွေကိုလှည့်လည်၍လည်းကောင်း၊ သူကြီးအမိန့်နှင့် ဆင့်ခေါ်၍လည်းကောင်း၊ မယုံသင်္ကာရှိသူများအား ဖမ်းပို့ရမည် ဟု ရွာခေါင်းတွေကို အမိန့်ချ၍လည်းကောင်း အမျိုးမျိုးကြိုးစားခဲ့၏။ သို့သော် ရေနံဆီသူခိုးတွေကိုကား ယနေ့အထိ တစ်ယောက်တလေမျှ မဖမ်းဆီးနိုင် မမိနိုင်သေးချေ။ ဤကဲ့သို့ သူ့နယ်တစ်ဝိုက်၌ သူခိုးဓားပြတွေ နေ့စဉ်နှင့်အမျှ ထကြွသောင်းကျန်းနေကြလျှင် သူကြီးရာထူးရခါစသာ ရှိသေးသော သူ့ဂုဏ်သိက္ခာ



မှာလည်း တစ်နေ့တခြား ကျဆင်းညှိုးနွမ်းလာမည် မဟုတ်ပါလား။ ပြီး အထိုရေ မင်းများက နယ်သူနယ်သားတွေကို သူ့အဖေလို နိုင်နိုင်နင်းနင်း မအုပ်ချုပ်နိုင်ဆိုပြီး သူကြီးရာထူးမှ အချခံရမည်ကိုလည်း မောင်ကျော်ဟိုးမှာ အကြီးအကျယ် တွေးပူ နေရသည်။ ဤသည်တို့ကြောင့်လည်း ရေနံဆီသူခိုးတွေကို အချိန်မီဖမ်းဆီးနိုင် ရန် သူက ကြိုးစားနေခြင်း ဖြစ်လေသည်။ သို့သော် သူကမည်မျှပင် ကြိုးစားနေ သော်လည်း သူ၏ကြိုးစားမှုမှာ ယနေ့ထိ ဘာမှအရာမထင်သေးပေ။ သခင်ကြီး ကိုလည်း သူက မျက်နှာပူလှပြီဖြစ်၏။ အယ်လီနှင့် သူ့အမေတို့ကပင် ယခုအခါ ဤ ရေနံသူခိုးတွေ ကိစ္စကိုသာ တွင်တွင်မေးနေကြလေသဖြင့် အရှက်ရသည်တ လည်း အကြိမ်ကြိမ် ဖြစ်ခဲ့ရလေပြီ။

ရေနံဆီသူခိုးတွေကို ဖမ်းဆီးနိုင်ရန် သူကြိုးစားနေရာ၌ ဤရွာနီးချုပ်စပ် တစ်ဝိုက်ရှိ ရွာသူရွာသားများထံမှ အကူအညီဆို၍လည်း ဘာတစ်ခုမျှမရရှိခဲ့ပေ။ မည်သူ့ကိုမေးမေး မသိဘူးဟူသော အဖြေကိုသာရခဲ့၏။ အမှန်က ဤနယ်တစ် ဝိုက်ရှိ ရွာသူရွာသားတွေမှာ သူခိုးများဆီမှ ရေနံတွေကိုလျှော့ဈေးနှင့် သက်သောင့် သက်သာ ဝယ်သုံးနေကြရသဖြင့် ရေနံဆီသူခိုးများအား နည်းပရိယာယ်အမျိုးမျိုး နှင့် အားပေး ကာကွယ်လျက်ပင်ရှိ နေကြသည်ကိုလည်း မောင်ကျော်ဟိုးအသိ ဖြစ်လေသည်။ ဤ နယ်တစ်ဝိုက်ရှိ ရွာများမှ လူငယ်လူရွယ်တွေမှာ ရေနံဆီခိုး၍ ရလျှင် ပိုက်ဆံအသုံးရ ချောင်လည်နေကြသဖြင့် လူငယ်လူရွယ်အားလုံး ရေနံသူခိုး ချည်းဖြစ်သွားပါက သခင်ကြီးပြောသလို သူခိုးကြီးတော့ ဓားပြဖြစ်လာကြမည် ကိုလည်း မောင်ကျော်ဟိုးမှာ တွေးပူလျက် ရှိလေသည်။

"ရေနံဆီသူခိုးတွေက ခုလည်းဟိုတုန်းကလို ခိုးနေကြတုန်းပဲလား အန်ကယ်"

"ခုဆိုရင် ဟိုတုန်းကထက်တောင် အခြေအနေ ပိုဆိုးလာတယ်ကွယ့်။ ဟိုတုန်း ကဆိုရင် ညမှပဲ ခိုးကြတယ်မဟုတ်လား။ ခုတော့ နေခင်းနေ့လယ်မှာတောင် ခွင့်လစ်ရင် လစ်သလို ခိုးနေကြတာပဲ"

သခင်ကြီးစကားကို ကြားရသောအခါ မောင်ကျော်ဟိုးမှာ ပို၍ စိတ်အိုက် သွားပြန်သည်။

"အဲဒါကြောင့် ဒီလကုန်ရင် တောနက်ထဲကရေနံတွင်းတွေကို သံပိုက်ရှည်ရှည် နဲ့ပြီး ခိုင်ခိုင်ခန့်ခန့် သော့ခလောက်တွေနဲ့ ခတ်ထားမယ်လို့ အန်ကယ် စိတ်ကူးနေ တယ်။ အဲဒါလည်း ခုလောလောဆယ်တော့ မဖြစ်နိုင်သေးဘူး။ ကျောက်ဖြူမြို့ကို သွားပြီး သော့ခလောက် ဝယ်ရမှာနဲ့ သံပိုက်ရှည်ရှည် ချရမှာနဲ့ဆိုရင် တစ်လနှစ်လ လောက် ကြာဦးမယ်။ ဒီကြားထဲမှာတော့ နေ့ရောညရော ရေနံတွင်းတွေကို လှည့်ကြည့်နေရတာပဲ"

"ဟုတ်ကဲ့၊ ကောင်းပါတယ်ခင်ဗျား၊ ကျွန်တော်လည်း အတတ်နိုင်ဆုံး စုံစမ်းပြီး သူခိုးတွေကို ဖမ်းမိဖို့ ကြိုးစားနေတာပါပဲ"

"အေးကွယ့် ကျေးဇူးတင်ပါတယ်။ အန်ကယ်တော့ သူခိုးတွေကြောင့် ခေါင်းရှုပ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော် ပြန်ပါဦးမယ်ခင်ဗျား၊ အန်ကယ်ဆီကိုလာတဲ့ ကိစ္စကတော့ ဒီရေနံဆီသူခိုးတွေ လှုပ်ရှားမှုအခြေအနေကို သိချင်လို့ပါဘဲ”

“အေးအေး၊ မောင်ကျော်ဟိုးရဲ့ အဖေကိုလည်း မကြာမကြာ လာလည်ဖို့ အန်ကယ် မှာလိုက်တယ်လို့နော်”

“ဟုတ်ကဲ့”

အပြင်ဘက်မှာ မိုးဇွေတုန်းပင်ရှိသေးသဖြင့် မောင်ကျော်ဟိုးသည် သားရေအင်္ကျီရှည်ကြီးကို ကောက်ဝတ်ကာ ကုန်းမြင့်သာယာအိမ်ကြီးပေါ်မှ ဆင်းလာလေသည်။

မိုးအစဲတွင် နေရောင်ခြည်သည် ဝင်းဝင်းလက်လက် ထွက်ပြူလာ၏။ မိုးနှောင်းမိုး ပြေးမို့ ခုရွာ ခုစဲပင်။

* * *

| ၁၈ |

မိုးရေဆမ်းသွားသဖြင့် ကုန်းမြင့်သာယာရှိ သစ်ပင်ပန်းပင်များသည် နေရောင်ခြည်အောက်၌ တဖိတ်ဖိတ် တောက်ပနေကြသည်။ မဝေးမနီးမှ ကုန်းမြင့်သာယာကို ဝိုင်းရံခစားနေကြသော တောင်တန်းမြင့်များနှင့် တောကြီးမြိုင်ကြီးတို့မှာ မိုးဦးမိုးနှောင်းကလို ဝိုးတဝါး မှိုင်းမှုန်မနေသဲ ပီပီသသနှင့် စိမ်းမြကြည်လဲ့ကာ မြရောင်ပြေး လျက်ရှိကြသည်။ ကြည်လင်ပြာလဲ့နေသော မိုးကောင်းကင်ပြင်တွင် ငွမ်းဆိုင်ငွမ်းဖတ်ကလေးများ မျှောထားသည်နှင့်ပင် ပမာတူသော မိုးသားတိမ်လိပ်တွေကလည်း တအိအိ မျောပါလျက်ပင်။

ကုန်းမြင့်သာယာ၌ သခင်ကြီးမရှိခိုက်တွင် သူတို့နှစ်ယောက်အား တာဝန်ပေးထားခြင်းခံရသော ကျော်ဇောဦးနှင့် ကုလားအဘိုးကြီး အာမရာတို့သည် ကုလားအလုပ်သမားတွေနှင့် တောထဲသို့ ရေနံဆီခပ်သွားကြရန် အိမ်ကြီးရှေ့တွင် စိုင်းပြင်းလျက်ရှိကြသည်။ သခင်ကြီးမှာ ယခုအခါ ကုန်းမြင့်သာယာ၌ မရှိပေ။ ကုန်ခဲ့သော နွေဦးလောက်ကပင် ထကြွ သောင်းကျန်းနေကြသော ရေနံဆီသူခိုးတို့၏ ရန်ကြောင့် သံပိုက်နှင့် သော့ခလောက်များဝယ်ရန် ယခင်တစ်နေ့ကပင် မြို့ကိုထွက်သွား၏။ သူသည် နောက် တစ်ရက်နှစ်ရက်ကြာမှ ကုန်းမြင့်သာယာသို့ ပြန်ရောက်လာမည် ဖြစ်သည်။

မိုးအစဲတွင် ကုလားအလုပ်သမားများသည် ရေနံဆီစည်ပုံးတွေနှင့် တောထဲကို ရေနံဆီခပ်ထွက်ကြရန် လူစုခွဲနေကြသည်။ ကျော်ဇောဦးနှင့် အာမရာတို့မှာ သခင်ကြီး မှာထားခဲ့သလို ‘ဘယ်ရေနံဆီတွင်းက ဘယ်နေ့ ဆီဘယ်လောက်ရသည်’ ဆိုသည်ကို မှတ်ထားရန်နှင့် တောထဲကခပ်ယူလာသော ရေနံဆီများကို ကုန်းမြင့်သာယာရှိ ရေနံဆီလှောင်သော ဂိုဒေါင်နှင့် ရေနံဆီဆိုင် စသည်တို့တွင် သခင်ကြီးအား စနစ်တကျ ပြော၍ အပ်ကြရမည် ဖြစ်လေသည်။ ဟိုတစ်ခါတုန်းကဆိုလျှင် တောထဲကခပ်ယူလာသော ရေနံဆီများကို ကုလားအလုပ်သမားများသည် ကုန်းမြင့်သာယာအိမ်ကြီးသို့ မရောက်မီ လမ်းခုလတ်ကဖြတ်၍ မှောင်ခိုဝယ်လေ့ရှိသော လူများအား လျှော့ဈေးနှင့် သခင်ကြီးအလစ်တွင် ရောင်းချလေ့ရှိသည်ဟု သခင်ကြီးက သံသယရှိသဖြင့် ယခု ကဲ့သို့ စနစ်တစ်ကျ စီစဉ်ထားခြင်းဖြစ်သည်။



အယ်လီသည် မြင်းဇောင်းထဲမှ အုန်းခွံရောင်မြင်းတစ်ကောင်ကို ကြိုးဖြုတ်ဆွဲယူကာ ကျော်ဇောဦးတို့အုပ်စု ရှိရာသို့ မယောင်မလည်နှင့် ရောက်လာသည်။ သူမ သည် မနေ့ကလည်း ယခုကဲ့သို့ပင် အာမရာတို့အုပ်စုရှိရာသို့ ရောက်လာပြီး အာမရာတို့အုပ်စုနှင့်အတူ ရေနံတွင်းတွေရှိရာ တောထဲသို့ မြင်းစီး၍ လိုက်ပါသွားသည်။ ပြီး အာမရာတို့ ရေနံဆီခပ်သည့် အလုပ်အခြေအနေကိုလည်း လေ့လာကြည့်ရှုမှတ်သားလာ၏။ ယနေ့၌လည်း ကျော်ဇောဦးတို့အုပ်စုနောက်ကို လိုက်ပါ၍ ရေနံဆီတွင်းများ၏ အခြေအနေကို လေ့လာအကဲခပ်ရန် ဖြစ်သည်။ ဤသည်တို့မှာ တစ်ဖက်က အလုပ်သဘောကိုသိရှိ နားလည်ထားအောင် အကဲခပ်သလို တစ်ဖက်မှလည်း တောထဲကခပ်ယူလာသော ရေနံဆီများကို ကုလားအလုပ်သမားများက ခိုးမရောင်းနိုင်အောင် စောင့်ကြပ် ကြည့်ရှုရခြင်းလည်း ဖြစ်ပေသည်။ သို့သော် ယခင်က ထိုကဲ့သို့ ရေနံဆီတွင်းတွေရှိရာ တောနက်ထဲသို့ မလိုက်ဖူး၊ မရောက်ဖူးသော အယ်လီသည် မနေ့က အာမရာတို့အုပ်စု ရေနံဆီခပ်ရန် သွားသောနေရာသို့ မြင်းနှင့်လိုက်သွား၍ ရသည်ထင်မှတ်သဖြင့် ယနေ့လည်း မြင်းကြီးတစ်ကောင်ကိုဆွဲကာ ကျော်ဇောဦးအနားကို ရောက်လာလေသည်။

ယနေ့ ကျော်ဇောဦးတို့အဖွဲ့ ရေနံဆီသွားခပ်ရမည့်နေရာမှာ တောနက်ထဲကျသဖြင့် မြင်းနှင့်သွား၍ မရပေ။ ဤရေနံတွင်းတွေမှာ နွေလတုန်းကမှ တူးဖော်ထားသော ရေနံတွင်း အသစ်တွေမို့ လမ်းဟူ၍လည်း ကျယ်ကျယ်ပြန့်ပြန့် မဖောက်ရသေး။ ယခင်က တစ်ခါမျှမရောက်ဖူး၍ ဤသည်တို့ကို လုံးဝမသိသော အယ်လီသည် မနေ့ကလိုပင်ထင်၍ ရေနံဆီခပ်သွားကြရန် စိုင်းပြင်းနေကြသော ကျော်ဇောဦးတို့ အနားကို မယောင်မလည်နှင့် မြင်းကြီးတစ်ကောင်ကို ဆွဲချကာ ရောက်လာသည်။ သူမသည် ထင်းရှူးပင် တစ်ပင်အောက်မှ ရပ်စောင့်၍ ကျော်ဇောဦးတို့ဘက်ကို ငေးကြည့်နေ၏။

ဤသည်တို့မှာ သခင်ကြီးမရှိခိုက်၌ မိမိတို့ပိုင်ဖြစ်သော ရေနံဆီလုပ်ငန်းတွင် နောင်အခါ ကျွမ်းကျင်နားလည်နေအောင် လေ့လာကြည့်ရှုထားရန် သခင်ကြီးက မှာထားခဲ့သဖြင့် ယခုလို အယ်လီက ကျော်ဇောဦးတို့နောက်ကို လိုက်ပါကြည့်ရှုရန် ရောက်လာရခြင်း ဖြစ်လေသည်။

သခင်ကြီးဆီ၌ ရှိကြသော အလုပ်သမားများမှာ တောထဲသို့ ရေနံဆီခပ်ရန် သွားကြရာ၌ မြောက်ဘက်သို့ တစ်အုပ်စု၊ အရှေ့ဘက် တောနက်ထဲသို့ တစ်အုပ်စု၊ နှစ်စုခွဲ၍ သွားရသည်။ တစ်စုကို ကျော်ဇောဦးက ဦးဆောင်ဦးရွက်ပြု၍ ကျန်တစ်စုကို ကုလားအဘိုးကြီးအာမရာက ဦးဆောင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ကျော်ဇော်ဦး တို့တွေသွားမယ်ကွ။ ဪ ဒါနဲ့ ဟိုကသခင်မလေးက ဒီနေ့မင်းတို့နောက်ကို လိုက်ကြည့်မလို့တဲ့။ မင်းပဲ သေသေချာချာ လိုက်ပြလိုက်ပါကွာ။ ငါတို့သွားမယ်"ဟု ပြောပြီး ကုလားအဘိုးကြီး အာမရာသည် သူဦးဆောင်ရသော အလုပ်သမားအုပ်စုနှင့်အတူ တောထဲသို့ ရေနံဆီခပ်ရန် ထွက်သွားလေတော့သည်။

ကျော်ဇော်ဦးသည် သူနှင့် ပေ ၃၀-လောက်အကွာတွင် မတ်တတ်ရပ်နေသော အယ်လီရှိရာဘက်သို့ လှမ်းကြည့်လိုက်သည်။ သူမသည် ထင်းရှူးပင်တစ်ပင်အောက်၌ နေရိပ်ခိုကာ မြင်းကြီး၏လည်ကုပ်မှ အမွေးရှည်ကြီးများကို ပွတ်သတ်နေသည်။

ကျော်ဇော်ဦးသည် အယ်လီ၏ ကြည်လင်ဝင်းပနေသော မျက်နှာလေးကို မြင်ရသောအခါ ဟိုတစ်နေ့ကအဖြစ်ကို သွား၍သတိရကာ ပြုံးလိုက်မိ၏။

"ဟေ့ ကလေး၊ ဒက်ဒီ မြို့ကိုသွားမယ်။ မှာထားစရာရှိလို့ လာခဲ့ပါတဲ့"ဟု ဟိုနေ့က အယ်လီလာ၍ပြောသည်ကို ကျော်ဇော်ဦးက 'ဘာကလေးလဲ၊ ကျုပ်နာမည် ကလေးမဟုတ်ဘူး၊ ခင်ဗျားကျုပ်ကို ကလေး၊ ကလေးလို့မခေါ်ပါနဲ့၊ ကျုပ်နာမည်က ကျော်ဇော်ဦးဗျ၊ ကျော်ဇော်ဦး၊ သေသေချာချာလည်း မှတ်သွားဦး'ဟု အော်လွှတ်လိုက်သဖြင့် အယ်လီက နှုတ်ခမ်းစူ၍ ပြန်သွားသည်။

အမှန်က သူမသည် ကျော်ဇော်ဦးအား သူ့အဖေကခေါ်သလို 'ကလေး'ဟု လိုက်၍ ခေါ်ခြင်းဖြစ်သည်။ ကျော်ဇော်ဦးနှင့် အယ်လီတို့မှာ သက်တူရွယ်တူမို့ ဤသည်ကိုပင်လျှင် ကျော်ဇော်ဦးကလည်း သူ့အား တမင်နှိမ့်ချလို၍ ခေါ်သည်ဟု ထင်ကာ မကျေမနပ် ဖြစ်မိလေသည်။

တစ်ခါတစ်ခါတွင် မုန်းစရာ၊ အမြင်ကပ်စရာကောင်းသည်ဟု ထင်ရသော်လည်း ယခုလို အခါမျိုးမှာဆိုပြန်တော့ ကြည်လင်ဝင်းပနေသော သူမ၏ မျက်နှာကလေးမှာ အပြစ်ကင်းစင်ကာ ခင်မင်နှစ်သက်စရာပင်ဟု ကျော်ဇော်ဦးက တွေးမိပြန်လေသည်။

ရေနံဆီစည်ပိုးခွံတွေကို ချည်ပိုးနေကြသော ကုလားအလုပ်သမားတွေအား ပြောသလိုလိုနှင့် ကျော်ဇော်ဦးသည် အယ်လီ ကြားလောက်အောင် 'သွားကြတော့မယ်ဗျို့' ဟု လှမ်းပြောလိုက်၏။

ကျော်ဇော်ဦးက သွားကြတော့မည်ဆိုသဖြင့် အယ်လီသည် မြင်းပေါ်ကို ဆတ်ခနဲ ခုန်တက်ကာ ကျော်ဇော်ဦးတို့နောက်ကို ရောက်လာ၏။

ကျော်ဇော်ဦးသည် အယ်လီ၏ တစ်ကိုယ်လုံးကို ခိုး၍ ကြည့်ပစ်လိုက်သည်။ အယ်လီသည် မြင်းစီးသားရေဖိနပ်ရှည်နှင့် ဘောင်းဘီရှည်၊ ကာကီရင့်ရောင်အင်္ကျီတို့ကို ဝတ်ထားသည်။ နေမှာကျဲကျဲတောက်ပူနေသဖြင့် ဦးထုပ်တစ်လုံးကိုလည်း အကျ ဆောင်းထားသေး၏။ ရေဘူးကိုတော့ သူမသည်ပခုံး၌ လွယ်ထားလေသည်။

"ကျွန်တော်တို့ ဒီကနေ့ သွားရမယ့်နေရာက တောနက်ကျတယ်။ လမ်းလည်း



မကောင်းဘူး၊ မြင်းကိုပြန်ထားခဲ့ရင် ကောင်းမယ်။ မြင်းနဲ့ဘယ်လိုမှ သွားလို့မရသေးဘူး။ တတ်နိုင်ရင်တော့ ပေါ့ပေါ့ပါးပါး အဝတ်တွေကိုပဲ ဝတ်လာပါ"

ကျော်ဇော်ဦးသည် အယ်လီ၏မျက်နှာကို လှည့်မကြည့်ဘဲ ရိပ်ဖမ်းသံဖမ်း ပြောရင်းက ကောင်းကင်ကိုလည်း တစ်ချက်မော့ကြည့် လိုက်ပြန်သည်။ ယခု အခါမှာ မိုးနှောင်းကာလဖြစ်သဖြင့် မိုးအစတွင် ကောင်းကင်ပြင်သည် ကြည်လင်ပြာလဲ့နေသော်လည်း မိုးနှောင်းမိုးမှာ မိုးသားတိမ်လိပ်တွေ မထူထပ်ဘဲနှင့်လည်း သည်းသည်းမဲမဲ ရွာချတတ်သော ဤအရပ်ဤဒေသ၏ ရာသီဥတု အခြေအနေကို ကျော်ဇော်ဦးက တွေးနေဟန်ရှိသည်။

အယ်လီသည် သူမ စီးလာသော အုန်းခွံရောင် မြင်းကြီးကို မြင်းဇောင်းထဲ ပြန်ထားခဲ့ပြီး ကျော်ဇော်ဦးတို့ အနားသို့ပြန်လာ၏။

ကျော်ဇော်ဦးက 'မြင်းနှင့် ဘယ်လိုမှ သွားလို့မရသေးဘူး' ဟု ပြောသဖြင့် မြင်းကို ပြန်ထားခဲ့ရသော်လည်း အယ်လီသည် ကျော်ဇော်ဦးအား မကျေမနပ်ဖြစ်နေလေသည်။ မနေ့က အမရာတို့အုပ်စုနှင့် လိုက်ပါသွားသည်မှာ မြင်းပေါ်က တစ်ခါမျှ မဆင်းခဲ့ရဘဲ သက်သောင့်သက်သာနှင့် ရေနံတွင်းရှိရာကို အရောက်သွား၍ရခဲ့သော်လည်း ယနေ့တော့ 'မြင်းနှင့်သွား၍ မရ'ဟု ကျော်ဇော်ဦးက ပြောဆိုခြင်းမှာ သူမကို တမင်သက်သက် ပင်ပန်းပါစေဟူသော စိတ်ဆိုးစိတ်ပုပ်နှင့် ပြောခြင်းလေလားဟု တွေးလာမိသည်။

ကျော်ဇော်ဦးသည် ငယ်စဉ်ကရန်စကြောင့် သူမအား အစဉ်သဖြင့် မလိုမုန်းထားဖြစ်နေသည်ဟု အယ်လီက ယုံကြည်ထားသည်။ အယ်လီကို သူက ဆက်ဆံရာတွင်လည်း လေးလေးစားစား ဘယ်ခါမှ မဆက်ဆံပေ။ ကုန်းမြင့်သာယာရှိ အလုပ်သမားအားလုံးက သူမအား 'သခင်မလေး'ဟု ရိုသေသေမှုဖြင့် ခေါ်ကြသော်လည်း သူကမူ အယ်လီဟုပင် နာမည်အရင်းကို ရင့်ရင့်သီးသီး ခေါ်သည်။ ဤသည်ကို မကျေနပ်သဖြင့် အယ်လီနှင့်သူသည် အရင်းသုံးလေးရက်က စကားများ ရန်ဖြစ်ကြသေး၏။ သူက 'နာမည်ဆိုတာ ခေါ်ဖို့ မှည့်ထားတယ် ဆို ခင်ဗျားပဲ ပြောသွားတာပဲ၊ အယ်လီဆိုတာ ခင်ဗျားနာမည် မဟုတ်လား'ဟု ဒေါ်တော့တော့ ပြန်ပြော၍ သူမကိုရန်တွေ့လွှတ်သည်။ ဤသည်မှာလည်း သူ ကုန်းမြင့်သာယာသို့ ရောက်ခါစတုန်းက သူ့အမေအား အယ်လီက 'မဦးဖြူ'ဟု 'ဒေါ်'မတပ်ဘဲခေါ်မိသည်ကို နာနာကြည်းကြည်းလုပ်ပြီး မှတ်ထားကာ အယ်လီ အားနှင့် အယ်လီကို သူက ထေ့ငေါ့ပြောဆိုလွှတ်သည် မဟုတ်ပါလား။

ခက်နေသည်မှာ 'ငါ့ကို နင်က သခင်မလေးလို့ခေါ်ရမယ်ဟု'လည်း အယ်လီက ပြောင်ပြောင်တင်းတင်း ပြောရမည်ကို အားနာသလို ရှက်သလိုနှင့် ပြောမထွက် ကျော်ဇော်ဦးအား 'သခင်မလေး'ဟု ခေါ်နိုင်းရအောင်ကလည်း ကျော်ဇော်ဦးနှင့် သူမှာ သက်တူရွယ်တူမို့ မရဲမဝံ့၊ 'သခင်မ'ဆိုသည်မှာ လေးစားရာရောက်သည် ဖြစ်သော်လည်း 'လေး' ဆိုသည်မှာ သူ့ထက်ငယ်သည်ဟု အဓိပ္ပာယ်ရနိုင်ပြန် သည်။ ထို့ကြောင့် ကျော်ဇော်ဦးက သူမအား အယ်လီဟု နာမည်ထုတ်၍

www.burmeseclassic.com

www.burmeseclassic.com



ခါ သည်ကို မကျေနပ်သော်လည်း အောင့်အီးပြီး သည်းခံနေရ၏။ ပြီး ဖခင် လုပ်သူတို တိုင်ပြောပြန်တော့လည်း 'နာမည်ခေါ် တာပဲ သမီးရယ် နာစရာမှတ် လို့ မောင်ကျော်ဟိုးကလည်း သမီးကို နာမည်ပဲခေါ် တာပဲ မဟုတ်လား မောင်ကျော်ဟိုးဟာ ကျော်ဇေဦးထက် အသက်ပိုမကြီးပါဘူး'ဟု သူ့ဘက်ထ ပင် ရှေနေလိုက်ပြောသောအခါ သူ့အတွက်နှင့် ဒက်ဒီကိုပင် အယ်လီက စိတ် ကောက်မိသည်။ သူကြီးလေးမောင်ကျော်ဟိုးနှင့် သူ့အား နှိုင်းပြောရအောင် သူက အယ်လီတို့၏ အလုပ်သမား၊ မောင်ကျော်ဟိုးက သူကြီး။ အယ်လီတို့ အကျိုးကို ဆောင်ရွက်ပေးနေသူ။ ဤသည်ကိုလည်း သူ့အဖေက မသိချင်ယောင် ဆောင်ထားသည်ဟု အယ်လီက ထင်နေသည်။

ကျော်ဇေဦးသည် ယခုအခါ ငယ်စဉ်ကရန့်စနှင့် သူမအား အပြစ်မရှိအပြစ် ရှာချင်သဖြင့် သက်သက်မဲ့ ဇီဇာချဲ့ပြောနေသည်ဟု ထင်သောကြောင့် အယ်လီ သည် ကျော်ဇေဦးအား ပို၍မကျေမနပ် ဖြစ်လာသည်။ ထိုကြောင့် နဂိုက ကြည်လင်ဝင်းပနေသော သူမ၏မျက်နှာကို အယ်လီသည် ခပ်တင်းတင်းလုပ်ပြီး 'ကဲ နှမ်က ငါ့ကို ဘာများ သြဇာပေးချင်သေးသလဲ၊ ပြောလေ'ဟူသော သဘောဖြင့် မျက်နှာကို ခပ်တင်းတင်းထားကာ ကျော်ဇေဦးရှေ့မှာ လာရပ်နေလိုက်၏။

ယခင်က ရေနံတွင်းများရှိရာ တောနက်ထဲသို့ ရေနံဆီခပ်ရန် သွားကြသော အလုပ်သမားတွေနှင့် တစ်ခါမျှ လိုက်မလာဖူးသော သူတို့၏ သခင်မကလေး သည် ယခု သခင်ကြီးမရှိခိုက် တောနက်ထဲသို့ လိုက်လာကြည့်ရှုနေသည်မှာ ယနေ့ပါဆိုလျှင် နှစ်ရက်ပင်ရှိတော့မည် ဖြစ်သဖြင့် ကုလားအလုပ်သမားတွေက သူတို့၏ သခင်မလေးအား အတွေးရခက်သော မျက်လုံးနက်နက်များနှင့် ငိုင်း ကြည့်နေကြသည်။ သူတို့၏အသွင်မှာ သခင်ကြီးမရှိခိုက်တွင် သခင်မလေးသည် သူတို့အား အပြစ်တစ်စုံတစ်ရာ ရှာချင်သဖြင့် လိုက်ကြည့်နေခြင်းပေလောဟုလည်း စိုးရိမ်နေကြဟန် ရှိလေသည်။

မြင်းစီး၍သူ့အနားကို ပထမတစ်ခေါက် ရောက်လာတုန်းကလို သူမမျက်နှာ မှာ ကြည်ကြည်လင်လင် မရှိသည်ကို ကျော်ဇေဦးသည် ကောင်းစွာ ရိပ်မိသွား ၏။ အယ်လီကလည်း မြင်းကို ပြန်ထားခဲ့ရသဖြင့် အလိုမကျကြောင်း ပေါ်လွင် အောင် မျက်နှာကို တင်းတင်းထား၍ပင် ရပ်နေ၏။ ထိုအခါ ကျော်ဇေဦးမှာ အယ်လီအား ပြောလိုသော စကားတွေ ကျန်နေသေးသော်လည်း သူမအလိုကျ ဖြစ်မည်စိုးသဖြင့် အလျင်စလို ဖုံးကွယ်ပစ်လိုက်သည်။ တောနက်ထဲကို ရေနံ ခပ်ရန် သွားကြသော အလုပ်သမားတွေနှင့် လိုက်ပါမည်ဆိုသော အယ်လီ တစ်ကိုယ်လုံးကို မသိမသာ အကဲခတ်ကြည့်ရှုကာ ကျော်ဇေဦးသည် သက်ပြင်း တစ်ချက်ကိုလည်း မသိမသာချလိုက်မိ၏။ ပြီး နိုင်လှည့်တွင် အပြစ်မဲ့သောသူ အား ဖိနှိပ်၊ ခြေထောက်ကအစ လိုက်ပြီး အပြစ်ရှာပြောနေသည်၊ သြဇာပေး နေသည်ဟု တစ်လွဲထင်သွားမှာကိုလည်း စိုးမိသွားပုံရသည်။ ထို့ကြောင့် ကျော် ဇေဦးသည် အယ်လီအား ဘာမျှ ထပ်မပြောတော့ဘဲ ရေနံဆီခပ်ရန် သွားကြ



သည်ဟု ကုလားအလုပ်သမားတွေကိုသာ ခေါ်ပြလိုက်လေသည်။

သူတို့ဆီတွင် အလုပ်သမားတစ်ယောက်က သခင်ကိုပြန်၍ သြဇာပေး သင့် ပြောဆိုရမည် ဆိုသောအလုပ်မှာ မလျော်ကန် မသင့်မြတ်လှပေ။

ကုလားအလုပ်သမားတွေနှင့် ကျော်ဇေဦးတို့မှာ နေ့စဉ် သွားနေလာနေကျ လမ်းဖြစ်သဖြင့် ခြေလှမ်းသွက်သွက်နှင့်ပင် ရှေ့ကထွက်သွားကြသည်၊ တော အစသို့ရောက်သောအခါ အယ်လီမှာ သူတို့နှင့်အတော်ဝေး၍ ကျန်ရစ်ခဲ့ တော ထဲ ပေါင်ထဲတွင် သွားကျင့်လာကျင့်မရှိသော အယ်လီကမူ သူတို့ကို မီအောင် မလိုက်နိုင်ပေ။ အယ်လီ နောက်ကကျန်နေရစ်လျှင် ကျော်ဇေဦးက ရပ်စောင့် နေ တတ်သည်။ ကုလားအလုပ်သမားတွေကတော့ တစိုက်စိုက်နှင့် ရေနံတွင်း များ ရှိရာသို့သာ စိတ်စောနေကြဟန် ရှိလေသည်။

ခရီးတစ်ဝက်လောက်ခန့် ရောက်လာ၍ မင်းတဲချောင်းဖျားကို ဖြတ်ကျော် လာသောအခါ အယ်လီမှာ မောဟိုက်စ ပြုလာလေသည်။ မိုးနှောင်းကာလဟု ဆိုရသော်လည်း နေသည် ယနေ့မှ အလွန်ပူပြင်းနေသည်ဟု အယ်လီက ထင် နေမိသည်။ မှန်သည် တော်သလင်းနေ ပူစွန်သေ၊ ကဆုန်ပူပြင်း၊ တော်သလင်းဟု ဆိုခြင်းမှာ ယနေ့လို ပူပြင်းခြင်းကိုပင် ဆိုခြင်းဖြစ်လေမည်။

ကျော်ဇေဦးသည် မင်းတဲချောင်း တစ်ဖက်ကမ်းသို့ အရောက်တွင် ကျောက်တုံးတစ်တုံးပေါ် ထိုင်ချ၍အယ်လီအား စောင့်နေသည်။ အယ်လီမှာ မြင်းစီးဖိနပ်ရှည်ကြီးကို စီးလာမိသဖြင့် ချောင်းဖြတ်ကူးရာတွင် ကျောက်ခဲကျောက် တုံးလေးတွေကို တက်နင်းမိကာ ဒယိမ်းဒယိုင်နှင့် လာနေရသည်။ ဤသည်ကို မြင်နေရသော ကျော်ဇေဦးသည် မြင်းစီးဖိနပ်ရှည်ကို စီးမလာပါနှင့် မပြောမိသည့် အတွက် စိတ်မကောင်းဖြစ်မိလေသည်။

မြင်းစီးဖိနပ်ရှည်ကြီးက သူမအား ဒုက္ခပေးလာတော့မှ အယ်လီသည် ခရီး ထွက်ခါက ကျော်ဇေဦးပြောသော စကားကိုသွား၍ သတိရမိ၏။ သူမ၏ ခြေထောက်နှင့် တစ်ကိုယ်လုံးကို ကျော်ဇေဦးကခြုံ၍ စိုက်ကြည့်နေခြင်းမှာ သူမအား အပြစ်ရှာချင်၍ မဟုတ်ကြောင်း ယခုမှ တွေးမိလေသည်။ ပြီး ကျော် ဇေဦးက သူမအား တစ်စုံတစ်ခု ပြောမလိုလုပ်ပြီးမှ မျက်နှာလွှဲသွားသည်တို့ကို မြင်ယောင်မိသော အခါတွင်တော့ သူမ ခပ်တည်တည် မျက်နှာထားနှင့် မတ်တတ် ရပ်နေမိသည်မှာ သူ၏ ဖြူစင်ရိုးသားသော စေတနာကိုပင် စော်ကားရာ ရောက် သွားလေပလားဟု အယ်လီက တွေးပူနေမိပြန်လေသည်။

ချောင်းရေမှာ ခြေမျက်စေ့သာသာ လောက်သာနက်၏။ စောစောပိုင်းက ရွာသွားသဖြင့် ချောင်းရေသည် နောက်ကျိနေသည်။

"အယ်လီတော့ မြင်းစီးဖိနပ်ရှည်ကို ဝတ်လာမိတာ မှားတာပါပဲ"

ကျော်ဇေဦးထိုင်နေသော ကမ်းစပ်နားကို ရောက်သောအခါ အယ်လီမှာ အပြစ်နှင့်သူ မလုံမလဲဖြစ်ပြီး ကျော်ဇေဦး၏မျက်နှာကို မသိမသာ အကဲခတ် ၍ ညည်းတွား ရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက တောနက်ထဲကို တစ်ခါမှ မလိုက်ဖူးတော့ ဘယ်သိပါ့မလဲ။ ကျွန်တော်လည်း ပြောမလို့ပါပဲ။ နောက်တော့ အို မကျွန်တော်ပြောမိတာ ဝမ်းနည်းမိသွားမှာ စိုးလို့ပါလေ"

အယ်လီသည် ကျော်ဇောဦး၏မျက်နှာကို တစ်ချက် ခိုးကြည့်လိုက်ပြီး နဖူး၌ သီးနေသော ချွေးတွေကို သုတ်နေလေသည်။

ကျော်ဇောဦးသည် ကျောက်တုံးတစ်ခုပေါ်တွင် ဖင်ခုထိုင်နေသော မိုးကာအင်္ကျီကို တဖုတ်ဖုတ်ခါနေရင်းက မတ်တတ်ထရပ်လိုက်သည်။

ဤမျှနေပူပြင်းနေချိန်တွင် မိုးကာအင်္ကျီရှည်ကို ယူဆောင်လာသော ကျော်ဇောဦးအား 'အတွေးချော်လိုက်တာ' ဟူသော သဘောဖြင့် အယ်လီက သရော်ပြုံးပြုံး လိုက်၏။ ကျော်ဇောဦးကိုင်ယူလာသော မိုးကာအင်္ကျီရှည်တစ်ပတ်နွမ်းမှာ သူ့ဖခင် ပေးထားသောအင်္ကျီဖြစ်သဖြင့် ကြွားဝါလိုသော သဘောနှင့်များ နေရာတကာတိုင်းကို ယူဆောင်လာတတ်ခြင်းလားဟုလည်း အယ်လီက တွေးမိ လေ၏။ သို့သော် သူ၏အသွင်မှာကား ကြွားဝါလိုသောဟန် အလျဉ်းမရှိချေ။

"ရေနံတွင်းကို ရောက်ဖို့ နီးပြီလား"

"သိပ်မဝေးတော့ပါဘူး"

'သိပ်မဝေးတော့ပါဘူး' ဟုသာ ပြောလိုက်ရသော်လည်း ကျော်ဇောဦး၏ မျက်နှာမှာ အယ်လီလိုက်ပါလာသဖြင့် စိုးရိမ်ပူပန်နေသော အရိပ်တစ်ခုက အထင်းသားပေါ် လွင်နေ၏။

ဖြူစင်ဝင်းပနေသော အယ်လီ၏နဖူးပြင်တွင် ချွေးသီးချွေးလုံးလေးတွေ သီးနေသည်ကို မြင်ရသောအခါ 'မောသလား၊ နားဦးမလား' ဟု ကျော်ဇောဦးက လှမ်းမေး၏။

"မနားပါဘူး၊ နားနေရင် ရှေ့က တက်သွားကြတဲ့ အလုပ်သမားတွေကို မမီဘဲ နေပါဦးမယ်"

"ကိစ္စမရှိပါဘူး၊ ရေနံတွင်းရောက်ရင် ဆုံမိကြမှာဘဲ"

"ကဲကဲ၊ ခင်ဗျား ရှေ့ကသွား"

"အယ်လီက လမ်းမှ မသိဘဲ"

"မှားစရာ မရှိပါဘူး၊ ဒီ လမ်းကျဉ်းလေးအတိုင်းသာ တက်သွားပါ"

လမ်းဟုဆိုသော်လည်း တောလမ်းမှာ ကျဉ်းကျဉ်းလေးဖြစ်၏။ လူတစ်ယောက် သွားလောက်ရုံသာ ဖြစ်သည်။ မနက်က ရွာသွားသော မိုးရေတို့ကြောင့် လမ်းကျဉ်းလေးမှာ စိုစွတ်၍ချော်နေသည်။ တောင်ပေါ်မှ ရေတွေကလည်း လမ်းကျဉ်း လေးအတိုင်း စီးကျနေသည်။ ရှေ့က ကုလားအလုပ်သမားတွေ သွားထားသဖြင့် ဗွက်တွေကလည်း ခြေသလုံးတစ်ဝက်နီးပါးမျှပင် နစ်နေ၏။ ချောင်းတစ်ဖက် ကမ်းစပ်ကပင် တောလမ်းမှာ အတက်ချည်းဖြစ်သဖြင့် ခြေလှမ်း ၆၀-လောက် လှမ်းမိသောအခါ အယ်လီမှာ ဒူးတွေပေါင်တွေပါ ညောင်း၍ မောဟိုက် သည်။ ဤသို့ ရွှံ့နစ်ဗွက်ထူသော လမ်းကျဉ်းကလေးထဲတွင် နေ့စဉ်လိုလို ရေနံ အထမ်းတွေနှင့် တောင်တက်တောင်ဆင်း သွားလာနေကြသည်ဆိုသော ကျော် ဇောဦးနှင့် ကုလားအလုပ်သမားတွေ အရေးကို တွေးကြည့်မိ၍ အယ်လီမှာ သူတို့အတွက် စိတ်ပင်ပျက်မိသည်။ သူတို့ကို ယခုလို သူ့အကိုက ခိုင်းစေထား ခြင်းမှာ မတရား ခိုင်းစေထားခြင်းနှင့်ပင် တူနေလေပလားဟုလည်း တွေးမိ၏။



တစ်ချက်တစ်ချက်တွင် ဖိနပ်ရှည်ကြီးက ရွှံ့တွင်နစ်နေသဖြင့် စိတ်အတွေး ပါတာ ဖိနပ်ကို အတော်ပင်ဆွဲနှုတ်ယူရ၏။ ခြေလှမ်းရှေ့သို့ လှမ်းမရသဖြင့် မောဟိုက်နေသည့်ကြားထဲ အယ်လီသည် ကျော်ဇောဦးအား ရက်ရက်နှင့် သခင် သည်ပြန် ခိုးကြည့်ရသည်ကလည်း ခဏခဏပင်။ ကျော်ဇောဦးက တော ဘစ်ခုကို တွေးလာသကဲ့သို့ပင် ခေါင်းငုံ့ထားသဖြင့် အယ်လီ လှည့်ကြည့်သည်ကို မြင်ပုံမရပေ။

ခြေတစ်လှမ်းနှင့် တစ်လှမ်းကို မှန်မှန်ဖြစ်အောင် မနည်းကြိုးစား လှမ်းနေရ သော အယ်လီအား ကျော်ဇောဦးသည် စိတ်မသက်မသာဖွာနှင့် ငေးကြည့်ကာ သက်ပြင်းချနေမိသည်။ သူ့မှာ ပေါ့ပေါ့ပါးပါး ပတ္တူအဝတ်ဖိနပ်ကို စီးလာသူလည်း ဖြစ်၊ နေ့စဉ်သွား နေရသည်မှာ ဘာမျှအခက်အခဲ မရှိလှသော်လည်း အယ်လီမှာ ကား ခြေတစ်လှမ်း တစ်လှမ်း ရှေ့သို့ တိုးသွားနိုင်ရန် နောက်ကျောတို့တွင် ချွေးများစို့လာသည်ကို ငေးကြည့်နေ၍ ကျော်ဇောဦးသည် နောက်မှ တစ်လှမ်း နင်းလိုက်ပါလာ၏။

အယ်လီ တစ်ချက်တစ်ချက် နောက်ခြေအလှမ်းတွင် ဖိနပ်ရှည်ကြီးသည် ရွှံ့ထဲတွင်နစ်၍ ကျန်ရှိရစ်သဖြင့် ခြေထောက်ချည်းကျွတ် ပါလာသောအခါ ကျော် ဇောဦးသည် အယ်လီ၏ဖိနပ်ရှည်ကို ညွှန်ထဲကဆွဲနှုတ်၍ ရှေ့သို့ပင် ချပေးရသေး၏။

ရေနံတွင်းများရှိရာ တောနက်ထဲသို့ တမင်တကာလိုက်လာပြီး ကျော်ဇောဦး အား ဖိနပ်ကိုင်ခိုင်းကာ ချီးနှိမ်နေသည်နှင့်ပင် တူလာသောအခါ အယ်လီမှာ ကျော်ဇောဦးအား လွန်စွာပင် သနားအားနာလာမိသည်။ သို့သော် ယခုအခါမှာ တော့ သူမသည် ဘယ်လိုမှ မတတ်နိုင်တော့ပေ။

"ဟိုး...အိုး"

အယ်လီသည် လန့်၍အော်လိုက်မိ၏။ ရှေ့သို့ ခြေတစ်လှမ်း အလှမ်းတွင် နောက်ခြေထောက်သည် ညွှန်ထဲသို့ ဒူးခေါင်းဆစ်အထိ နစ်ဝင်သွားလေသည်။

သည်တခါတော့ အယ်လီ၏ လန့်တော်ပုံကို သဘောကျ၍လားမသိ၊ ကျော်ဇောဦးက ပြုံးလိုက်မိ၏။ သို့သော် သူ့အပြုံးသည် လျှပ်ပြက်သလို ခဏသာ ခိုးလက်သွားပြီး ပျောက်ပြေသွားရသည်။ အယ်လီသည် ညွှန်ထဲသို့ ပစ်လဲကျ သွားတော့မလို ဖြစ်သွားသဖြင့် ကျော်ဇောဦးက ဖေးမ ပွေ့ဖက်ထားလိုက်ရသည်။

"ခင်ဗျား ဒီအတိုင်းသာ သွားနေရင်တော့ အချိန်တွေအလကား ဖြစ်ကုန်တော့ မယ်။ ကဲ ဒီလမ်းက လွန်သွားအောင် ပိုးပေးမယ်။ ဒီက လွန်သွားရင်တော့ နည်းနည်းလျှောက် လမ်းကောင်းသွားပါပြီ"

ကျော်ဇောဦးသည် အယ်လီအား ကလေးငယ်တစ်ယောက်ကို ကောက်ချီ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သလို ပေါ့ပေါ့ပါးပါး လက်မွေ့ထိုး ပွေ့ချီလိုက်ပြီး ဒူးဆစ်နားထိနစ်နေသော ရွံ့ညွန် ဗွက်တောထဲတွင် တပွန်ပွန်နှင့် ရှေ့သို့ ဆက်လျှောက်သွားသည်။ အယ်လီ၏ ဖိနပ်ရှည် နှစ်ဖက်စလုံးသည်ကား ညွန်ထဲ၌ပင် နစ်၍ကျန်ရစ်၏။

သူမသည် ညွန်ထဲတွင်နစ်သွား၍ ကျော်ဇောဦးက အမှတ်မထင်ပြောပြီး ပွေ့ချီ ထားစဉ်က အယ်လီမှာ ရုတ်တရက် လန့်၍ပင်သွားမိသည်။ နောက်တော့ ဤလမ်း၏ အခြေအနေမှာ ကျော်ဇောဦး အကူအညီမပါဘဲ သူ့အနေနှင့် ရှေ့ကို ဘယ်လိုမှ ဆက်လျှောက်၍မရမှန်း သိလာသောအခါ နောက်ထပ်ဘာမျှ ပြန်မပြောတော့ဘဲ ကျော်ဇောဦး၏ ပွေ့ချီ ခေါ်သွားရာသို့သာ အသာတကြည် ပါသွားလေသည်။

"ကဲဒီမှာ ခဏရပ်နေဦး၊ ကျွန်တော် ခင်ဗျားဖိနပ်ကို သွားယူလိုက်ဦးမယ်။ ယော မူးတူးကြီးပါလား၊ ဘာလဲဗျို့ "

ကျော်ဇောဦးသည် အယ်လီအား ပြောရင်း ဗွက်လမ်းထဲတွင် အယ်လီအား သူက ပွေ့ချီထမ်းပိုးလာသည်ကို အံ့သြမဆုံးသော မျက်လုံးအစုံနှင့် ပြုံးကျယ်ကျယ် ငေးကြည့်နေသော ကုလားအလုပ်သမား မူတူးအားလှမ်းမေးလိုက်၏။

"အို ဘာ ဘာမှ မဟုတ်ပါဘူးကွ။ သခင်မလေး အော်သံကြားလို့ ငါက ပြန်လာကြည့်တာပါ"ဟု ပြောပြီး မူတူးက ရှေ့သို့ ပြန်ပြေးသွားလေသည်။

သူမအား ကျော်ဇောဦးက ထမ်းပိုးခေါ်ဆောင်လာသည်ကို မူတူးက မြင်သွားသဖြင့် အယ်လီမှာ ရှက်သွေးဖြာနေသည်။ ကျော်ဇောဦးကတော့ ဘာမျှ မထူးခြားသလိုပင် ညွန်ထဲတွင် နစ်ကျန်ရစ်သော သူမ၏ဖိနပ်ရှည် နှစ်ဖက်ကို ပြေးယူလာပြီး သူမ၏ရှေ့တွင် ချပေးလိုက်၏။

"ကျော်ဇောဦး ပြောသလိုပင် တောင်စောင်းအတိုင်း တက်သွားရသောလမ်းမှာ ရွှံ့ထူဗွက်ပေါက်ခြင်းမရှိဘဲ ဖြောင့်ဖြူးနေသည်။ အတန်ကြာ တက်သွားမိသောအခါ တွင်းနက်ထဲမှ ရေနံဆီများကို ဘုံဘိုင်နှင့်ခပ်ယူနေကြသော ကုလားအလုပ်သမားများကို တွေ့ရ၏။ ရေနံတွင်းတူးရာတွင် မီးစက်ကို အသုံးပြုကြသော်လည်း တွင်းထဲမှ ရေနံဆီများကို ခပ်ယူရာ၌ကား စုပ်စက်မရှိသဖြင့် ဘုံဘိုင်နှင့်သာ ခပ်နေကြရလေသည်။

အယ်လီသည် တောင်ပေါ်က အနောက်ဘက်သို့ လှမ်းကြည့်လိုက်၏။ ဘင်္ဂလားအော် ပင်လယ်ပြင်ကြီးကို လှိုင်းဖွေးဖွေးနှင့် မြင်နေရ၏။ အယ်လီ မတ်တတ်ရပ်နေသော တောင်တန်းမြင့်ကြီးနှင့် ဘင်္ဂလားအော်ပင်လယ်ပြင်တို့မှာ မျဉ်းပြိုင် တည်ရှိနေသကဲ့သို့ ထင်ရ၏။ တောင်ပေါ်အမြင့်သို့ တက်လာလေ မြစ်ချောင်းသည် တောင်တန်းမြင့်ကြီးနှင့်အတူ မြင့်တက်လာလေပင်။ ချောင်းနှင့် ကောင်းကင်တို့မှာ ထက်စပ်ထိတွေ့၍ မိုးအုပ်နေ၏။

ကျော်ဇောဦးတို့ ပန်းတောရွာသည် ဘင်္ဂလားပင်လယ်ပြင်နှင့် နီးသည်ဟု ဆိုသဖြင့် အယ်လီက ပန်းတောရွာ တည်ရှိနေလိမ့်မည်ထင်ရသော နေရာများကို ရှာဖွေ၍ ငေးကြည့်နေမိသည်။ ညို့မှိုင်းနေသော သစ်တောအုပ်ကြီးများက မိုးနေ



သဖြင့် ကျော်ဇောဦးတို့ ပန်းတောရွာကိုမမြင်ရ။ တောင်အောက်တွင်လည်း စိမ်းညို့ မှိုင်းနေသော သစ်တောအုပ်ကြီးများနှင့် မဒေးချောင်းတို့ကို လှမ်းမြင်နေရ၏။ တောင်ကျစမ်းချောင်း၏ အချို့နေရာများတွင် ရေတိုက်စားသဖြင့် ပြိုကျနေသော ချောင်းကမ်းပါးပြိုကြီးမှာ ကြောက်စရာပင် ကောင်းနေသည်။ မတ်စောက်လိုက်သည့်ဖြစ်ခြင်း။

"ကဲ ရှေ့ကိုသွားကြရအောင်၊ ဟိုဘက် တောင်စောင်းမှာလည်း ရေနံခပ်နေကြတဲ့ အလုပ်သမားတွေ ရှိသေးတယ်"

အယ်လီသည် မည်မျှ အတွေးနယ်ချဲ့နေမိသည် မသိချေ။ ကျော်ဇောဦးက လာပြောမှ သူမငေးနေ တွေးနေသည်ကို သတိရမိလေသည်။ ယနေ့မှ ဤနေရာ ဤဒေသသို့ ရောက်ဖူးရသော အယ်လီမှာ သာယာရှုမောဖွယ်ရာကောင်းသော ဆီတောင်၏ သဘာဝအလှတွင် သူ့စိတ်က ယစ်မူးမေ့မောနေဟန် ရှိလေသည်။

"ကျော်ဇောဦးတို့ ပန်းတောရွာဟာ ဟို ပင်လယ်ကမ်းခြေနားမှာဆို၊ ဟုတ်သလား"

ကျော်ဇောဦး၏မျက်နှာကို အပြုံးနှင့်လှမ်းကြည့်၍ အယ်လီကမေး၏။

"ပင်လယ်ကမ်းခြေနဲ့ ကပ်နေတာမဟုတ်ပါဘူး။ တောင်တစ်လုံးခြားနေသေးတယ်"

"ပင်လယ်ကမ်းခြေနဲ့ ကပ်နေရင် သိပ်ပျော်စရာ ကောင်းမှာပဲနော်"

ကျော်ဇောဦးသည် အယ်လီအား အံ့သြနေသလို ဖျတ်ခနဲတစ်ချက် လှမ်းကြည့်လိုက်ပြီး စကားပြန်မပြောခဲ့ဘဲ ကုလားအလုပ်သမားတွေ ရေနံခပ်နေကြသောတောင်ကုန်းတစ်ခုပေါ်သို့သာ တောင်စောင်းအတိုင်း လှမ်းတက်သွားသည်။

မြင်းစီးဖိနပ်ရှည်ကို စီးထားသော အယ်လီကလည်း ခုန်ဆွခုန်ဆွနှင့် မြူးကြူး သွက်လက်စွာ ကျော်ဇောဦး၏နောက်ကို လိုက်ပါလာ၏။

သူ့စိတ်ထဲမှာ 'အလကားတောနက်ထဲ ရေနံတွင်းကြည့်ရအောင် လိုက်လာဘယ်ပြောပြီး၊ ဘာတွေ လျှောက်မေးနေသလဲ မသိဘူး'လို့များ အထင်ရောက်သွားလေပလားဟု တွေးမိပြန်သဖြင့် အယ်လီသည် ကျော်ဇောဦးအား နောက်ထပ် ဘာမျှ မမေးရဲတော့ပေ။

သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက်လည်း တစ်ခါမျှ စကားပြော မတည့်ကြသဖြင့် ကျော်ဇောဦးသည် သူမအား စကားများများ ပြောလိုပုံမရ။ အယ်လီနှင့် သူစကားပြောရာတွင် အများများပါသွား၍ တောထဲတောင်ထဲတွင် ကုန်းမြင်သာယာမှာလို ရန်ဖြစ်နေရမည်ကိုလည်း စိုးရွံ့နေမိပုံရလေသည်။ အယ်လီနှင့် သူမှာ စကားနည်း ရန်စဲနေသည်က ပို၍သင့်လျော်သည် မဟုတ်ပါလား။

တောနက် တောင်တန်းမြင့်များကို ရောက်လာလေ၊ အယ်လီ၏စိတ်ထဲမှာ လှုပ်ရှားလေပင်။ ဤလို တောကြီးတောင်မြင့်တွေထဲမှာ ရေနံတူးလျှင်ရနိုင်သည် ... မြေထဲကိုတွင်းဖောက်၍ သိမြင်တတ်၊ တွေးခေါ်တတ်သော သူ့အကြံဉာဏ် ...လည်း ချီးကျူးမကုန် ဖြစ်မိလေသည်။ တောင်တန်းမြင့်များကို ...ပြည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်မှန်းမသိ ရောက်လာသောအခါ အယ်လီမှာ ချမ်းစိမ့်ရှုပင်လာမိသည်။ ဘက်လားပင်လယ်အော်ထဲမှ လေစိမ်းသည် ခပ်ပြင်းပြင်း တိုက်ခတ်စပြုလာသော နေရောင်ခြည်မှာလည်း တဖြည်းဖြည်း မှေးမှိန်လာသလား ထင်ရသဖြင့် တောင်းကင်ပြင်ကို မော်ကြည့်လိုက်သောအခါ အယ်လီမှာ လန့်ရှုပင် သွားမိသည်။ ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်တွေက ပြည့်သိပ် မည်းမှောင်နေကြလေပြီ။ မိုးသက်လေပြင်းသည်လည်း တဂိုဂိုအော်မြည်၍ တောအလုံးကို ပြောင်းဆန် အောင် တိုက်ခတ်လျက်ရှိလေပြီ။

ရေနံဆီတွင်းများထဲမှ ရေနံဆီများကို တစ်တွင်းပြီးတစ်တွင်းပြီး လျှောက်ခပ် နေကြသော ကုလားအလုပ်သမားများနှင့် ကျော်ဇော်ဦးတို့၏နောက်ကို တကောက် ကောက်လိုက်နေရသော်လည်း အယ်လီစိတ်ထဲမှာ မိုးများရွာလေမလား။ မိုးကာ သားရေအင်္ကျီရှည်လည်း ပါမလာသဖြင့် မိုးရွာရင်တော့ ဒုက္ခပဲဟု တွေးလာသည်။

တောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်တွေက ပြည့်သိပ်မည်းမှောင်လာကြ သလို လေပြင်းသည်လည်း သည်းထန်လာ၏။ သူမ၏ တစ်ကိုယ်လုံးသည် တစိမ့်စိမ့် ချမ်းအေးလာ၍ မိုးသားတိမ်လိပ်တွေကို မြင်ရမှ မိုးကာအင်္ကျီရှည် ယူလာသော ကျော်ဇော်ဦး၏ တွေးခေါ် သိမြင်တတ်ပုံကို အယ်လီစိတ်ထဲက ကျိတ်၍ ချီးကျူးမကုန် ဖြစ်မိလေသည်။

တောနက်ထဲရှိ ရေနံတွင်းများမှ ရေနံဆီများကို ခပ်ယူပြီးကြသောအခါ ကုလားအလုပ်သမားများမှာ ဖြတ်လမ်းတစ်ခုအတိုင်း တောင်အောက်သို့ ရေနံ ဆီ အထမ်းတွေနှင့် ဆင်းသွားကြသည်။

ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်တွေက ပြည့်သိပ်မည်းမှောင်နေသဖြင့် နေလုံးနီနီကို မမြင်ရသော်လည်း အချိန်မှာ ညနေစက်နာရီ လေးချက်တီးလောက် ရှိပြီဟု အယ်လီက ခန့်မှန်းမိသည်။

အယ်လီနှင့် ကျော်ဇော်ဦးတို့သည် ကုလားအလုပ်သမားတွေ ဆင်းသွား ကြသော မတ်စောက်ထိုးကျနေသည့် ဖြတ်လမ်းအတိုင်း တောင်အောက်သို့ ဆင်းလာကြသည်။ ဖြတ်လမ်းမှာ မတ်စောက်လွန်းသဖြင့် မြင်းစီးဖိနပ်ရှည်ကြီး ကို စီးလာမိသောအယ်လီမှာ သတိထား၍ ဆင်းနေရသည်။ တစ်ချက်တစ် ချက်တွင် ရှေ့ကိုလျှောကျသဖြင့် ကျော်ဇော်ဦးကနောက်ကနေ အယ်လီ၏အင်္ကျီ ကို ဖမ်းဆွဲ ဖေးမထိန်းပေးရသည်။

"ဟော...ဟိုမှာ သစ်ခွပန်းတစ်ခက် လှလိုက်တာ"

မတ်စောက်သော လမ်းဘေးရှိ ညံပင်ကြီးတစ်ပင်ထက်တွင် ငွားငွားစွင့်စွင့် ပွင့်နေသော သစ်ခွပန်းတစ်ရုံကိုမြင်သဖြင့် အယ်လီက လှမ်းအော်လိုက်၏။

အယ်လီမှာ ညံပင်ထက်က သစ်ခွပန်းကို အလွန်လိုချင်သဖြင့် မတ်တတ် ရပ်၍ပင် ငေးကြည့်နေသည်။ အယ်လီသည် သစ်ခွပန်းများကို အလွန်ပင် မြတ်နိုးခုံမင်တွယ်တာတတ်၏။ ကုန်းမြင့်သာယာ အိမ်ကြီး၏ပန်းထဲရှိ သစ်ပင်ကြီး ငယ်များ၏ ခွကြားတွင် အယ်လီစိုက်ထားသော သစ်ခွပန်းတွေမှာ မနည်းပေ



မနေ့က အာမရာတို့အုပ်စုနှင့် တောထဲကို ရေနံခပ်လိုက်သွားရာတွင်လည်း အယ်လီသည် သစ်ခွပန်းသုံးလေးမျိုးကို တောထဲက ရလာခဲ့သည်။ ယခုလည်း ညံပင်ထက်မှ ငွားငွားစွင့်စွင့် ပွင့်နေသော သစ်ခွပန်းကို မြင်ရလေသောအခါ ယူ လိုချင်လွန်းသဖြင့် 'မိုးများ ရွာလေမလား'ဟု တွေးပူလာသော စိုးရိမ် ကြောင့်ကြစိတ်သည်ပင် ဘယ်ဆီသို့ လွင့်ပျောက်ထွက်ခွာသွားသည် မသိ။ အယ်လီမှာ ညံပင်ထက်မှ သစ်ခွပန်း၏အလှကိုသာ ငေးကြည့်နေမိသည်။

ကျော်ဇော်ဦးသည် အယ်လီလှမ်းကြည့်နေသော ညံပင်ထက်မှ သစ်ခွပန်းကို တစ်လှည့်၊ အုံ့ဆိုင်းမည်းမှောင်နေသော မိုးကောင်းကင်ကိုတစ်လှည့် ငေးကြည့် ကာ ပင့်သက်ဖြာနေမိ၏။

"အဲဒီ သစ်ခွပန်းလေး လိုချင်လိုက်တာ"

အယ်လီသည် ကျော်ဇော်ဦးကို ပြောသလိုလိုနှင့် ညည်းညူလိုက်၏။

"လိုချင်ရင် နောက်တစ်နေ့မှ ကျွန်တော် ခူးလာပေးမယ်၊ ဒီနေ့တော့ ရှေ့ကို သာ တတ်နိုင်သလောက် မြန်မြန်သွားစမ်းပါဗျာ၊ မိုးရွာလာရင် အားလုံးဒုက္ခ ရောက်ကုန်လိမ့်မယ်"

သစ်ခွပန်း၏ အလှအပတွင် ယစ်မူး မိန်းမောနေမိသော အယ်လီသည် ကျော်ဇော်ဦးက ပြောလာတော့မှ ရာသီဥတု၏အခြေအနေကို သတိရမိတော့ သည်။ 'ခု နီလို့ ခုဝါတယ်၊ ပြာချင်ပြာ၊ မှိုင်းတော့အချို့' ဟုသကဲ့သို့ပင်။ ကုန်းမြင့်သာယာမှ အယ်လီတို့ စထွက်လာကြတုန်းက ကြည်လင်ပြာလဲ့နေသော မိုးကောင်းကင်မှာ ယခုအခါ မိုးသားတိမ်တိုက်တွေနှင့် မည်းမှောင်ညို့မှုတ်၍ နေလေပြီတည်း။

ပြောရင်းဆိုရင်းပင် မိုးသက်လေနှင့်အတူ တောင်ဆက်တောဆီမှ တဝေါဝေါ အော်မြည်ကာ ရွာသွန်းလာသော မိုးသံများကို ကြောက်မက်ဖွယ်ရာ ကြားလာ ရသည်။

သစ်ရွက်များပေါ် သို့ တဖြောင်းဖြောင်း တဖြောက်ဖြောက်နှင့် မိုးသံများ သည် အပြေးရောက်လာတော့သည်။

"ရော့ ဒါကို ဝတ်ထား၊ ခင်ဗျား အေးနေလိမ့်မယ်"

ကျော်ဇော်ဦးသည် ခေါက်ကိုင်ယူလာသော မိုးကာ သားရေအင်္ကျီရှည်ကို ကပျာကရာ လှမ်းပေးလိုက်၏။

အယ်လီက ချက်ချင်း လှမ်းမယူသေးဘဲ 'နင်ကော'ဟူသော သဘောဖြင့် ကြည့်နေသည်ကို ကျော်ဇော်ဦးသည် အတပ်သိသကဲ့သို့ပင် 'ယူလေဗျာ ဒါကိုဝတ်ထား။ ကျွန်တော်က သွားနေလာနေကျမို့ အအေးခံနိုင်ပါတယ်၊ ခင်းက ခဏက် တစ်နာရီလောက်တောင် သွားရဦးမှာ'ဟုပြောပြီး သူ၏ မိုးကာအင်္ကျီ ဘစ်ပတ်နွမ်းကလေးကို အယ်လီ၏ ကိုယ်ပေါ်မှာ အတင်းခြုံပေးနေ၏။ ဘယ်လို မှ ငြင်းမရမှန်း သိသောအခါ အယ်လီမှာ ကျော်ဇော်ဦး၏မိုးကာအင်္ကျီကို ယူပြီး ဝတ်ထားလိုက်ရလေသည်။ ကျော်ဇော်ဦးက သူမအားကြင်နာသော မျက်လုံးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ကြည့်နေသည်ကို မြင်ရသောအခါ သူ့မျက်ရင်ထဲမှာ ဖိုသွားရပြန်သည်။

မိုးသက်လေမှာ ပို၍ပြင်းထန်လာသလို တောင်ထိပ်ပေါ်မှ မိုးရေတွေကလည်း အလယော့ သွန်ကျလာသည်။ မိုးနှောင်းမိုးမှာ ခုရွာ ခုသည်းတည်း။ ပင်လယ် မြှင်နှင်းနှင်း၍ တောတောင်ထူထပ်သော အရပ်ဒေသမို့ မိုးရိပ်မြင်ရုံနှင့် မိုးမှာ သည်းသည်းမဲမဲ ရွာချလာတော့သည်။

မတ်စောက်သော ဖြတ်လမ်းမှ တောင်ကဘုံးလေးတစ်ခု၏ ဆင်ခြေလျှောသို့ ရောက်သောအခါ ရေနံ့အထမ်းတွေနှင့် သူတို့နှစ်ဦးအား ရပ်စောင့်နေကြသော ကုလား အလုပ်သမားများကို တွေ့ရလေသည်။

"ဟေ့ မူတူး၊ မြန်မြန်သွားကြလေဗျာ၊ ဘာလို့ စောင့်နေကြတာလဲ။ ချောင်း ရေ အစီးသန်လာရင် ခင်ဗျားတို့ ရေနံအထမ်းတွေနဲ့ မကူးနိုင်ဖြစ်နေဦးမယ်၊ ကျွန်တော်တို့က အထမ်းပါတဲ့ လူတွေမဟုတ်ဘူး၊ ဖြစ်သလို ကူးလာလို့ရတယ်၊ ခင်ဗျားတို့သာ မြန်မြန်သွားနှင့်ကြ"

ကျော်ဇော်ဦး ပြောစကားကြောင့် ရေနံအထမ်းတွေနှင့် ကုလားအလုပ်သမား တွေမှာ တောင်စောင်းဆင်ခြေလျှောအတိုင်း အပြင်းဆင်းသွားကြလေသည်။

မိုးကား ပို၍ပင် သည်းလာမည်းလာတော့သည်။ .

မိုးသက်လေပြင်းကြောင့် အယ်လီမှာ ချမ်းစပြုလာတော့သည်။ အမှန်မှာ အယ်လီသာ မဟုတ်။ ကျော်ဇော်ဦးလည်း ချမ်းနေပြီဖြစ်သည်ကို အယ်လီ သတိပြုမိ၏။ မိုးကာအဆောင်း လုံးဝမပါသူဟူ၍ သည်အထဲတွင် ကျော်ဇော်ဦး တစ်ယောက်သာ ရှိသည် မဟုတ်ပါလား။ အမှန်ကတော့ ကျော်ဇော်ဦးမှာ မိုးကာအင်္ကျီပါလျက်နှင့် အယ်လီကို ပေးဝတ်ထားရသဖြင့် အသားလွတ် မိုးစို ခံနေရသည်။ ကုလားအလုပ်သမားတွေမှာတော့ ခမောက်တွေကိုယ်စီ ပါလာ ကြသဖြင့် ခေါင်းတစ်လုံးနှင့် ပခုံးနှစ်ဖက်တော့ မိုးလုံနေကြသည်။ သူတို့မှာ ရေနံဆီ အထမ်းတွေနှင့် ပင်ပန်းလာကြသဖြင့် ချမ်းအေးကြပုံ မရပေ။ ချမ်းအေး ၍လည်း ဤအလုပ်က လွတ်ကင်းနိုင်ကြမည် မဟုတ်ချေ။ နေ့စဉ်နှင့် အမျှ သွားလာနေကြသူတွေမို့ အရေထူနေကြပြီ ဖြစ်ဟန်တူလေသည်။

တောင်စောင်းလမ်းချိုးတစ်ခုတွင် ကုလားအလုပ်သမားတွေက ပျောက်ကွယ် သွားကြ၏။ တောင်အောက်သို့ ရောက်လာသောအခါ လမ်းကျဉ်းလေးမှာ မိုးရေ တွေနှင့် ဗွက်တွေညွန်တွေ ထူလွှမ်းနေပြန်သည်။

"နည်းနည်းလောက် မြန်မြန်လျှောက်ပေးနိုင်ရင် ကောင်းမယ်ဗျာ။ မိုးက သိပ်သည်းလာတယ်"

ဗွက်ထဲညွန်ထဲတွင် ဖိနပ်ရှည်ကြီးကို တော်တော်ဆွဲငင်၍ မရဘဲ ဖြစ်နေ သည့်အထဲ ကျော်ဇော်ဦးကပါ နောက်ကနေ မြန်မြန်သွားရန် အမိန့်ပေးသလို ပြောနေပြန်သောအခါ အယ်လီမှာ စိတ်ပင် တိုချင်လာသည်။ သို့သော် ကျော်ဇော ဦးကို သူက ယခုလိုအချိန်အခါမျိုးမှာ ပြန်မပြောရဲ။ ကျော်ဇော်ဦးက သူမ အား မြန်မြန်သွားရန် ပြောခြင်းမှာ တမင်တကာ အပြစ်ရှာချင်၍ ပြောခြင်း



မဟုတ်ဘဲ အန္တရာယ်တစ်ခုခုနှင့် မုချ ရင်ဆိုင်ရတော့မည်ကို အတတ်သိနေသဖြင့် ပြောခြင်းများလားဟု တွေးမိသောအခါ အယ်လီမှာ ကြက်သီးမွေးညင်းများပင် ထသွားမိသည်။ ကျော်ဇော်ဦးထင်လျှင် သိပ်မလွဲနိုင် မဟုတ်ပါလား။ သူက သွားနေလာနေကျမို့ ဤအရပ် ဤဒေသ၏ အခြေအနေများကို စေ့စေ့အောင် သိထားသူ ဖြစ်လေသည်။

ဗွက်လမ်းထဲတွင် ရွှံ့ညွန်တွေနှင့် စေးကပ်ပြီး ခြေထောက်ကို ဒီမှာ မရ ဖြစ်နေ သောအခါ အယ်လီမှာ ဖိနပ်ရှည်ကြီးကို စိတ်ပေါက်ပေါက်နှင့်သည်နှင့် လမ်းဘေးသို့ လွှင့်ပစ်လိုက်၏။

သူက မြန်မြန်သွားရန် ပြောမိသည့်အတွက် စိတ်ဆိုးပြီး အယ်လီသည် ဖိနပ်ရှည်ကြီးကို လွှင့်ပစ်လိုက်သည် ထင်သဖြင့်၊ ကျော်ဇော်ဦးမှာ များစွာ စိတ် မကောင်း ဖြစ်သွားလေသည်။ အယ်လီအား သူက အမိန့်ပေးသလို ပြော လိုက်မိသည့်အတွက်လည်း ဝမ်းနည်းမိ၏။ အယ်လီက သူ၏စေတနာကို မသိတတ် ဤကဲ့သို့ စိတ်လှုပ်ပစ်လိုက်သောအခါ ကျော်ဇော်ဦးမှာ ပို၍ပင် ယူကျုံးမရဖြစ် သွားမိသည်။ သို့သော် သူမအား ထိုသို့ မပြောမိပါကလည်း အချိန်ကြာသွား လျှင် ချောင်းရေတွေ အစီးသန်လာပြီး မင်းတဲချောင်းကို ဖြတ်ကူးမရ ဖြစ် မည်ကို ကျော်ဇော်ဦးစိတ်ထဲက လွန်စွာစိုးရိမ်ပူပန်လျက် ရှိသည်။ အယ်လီကတော့ ဤဒေသ၏ အခြေအနေကို လုံးဝမသိသူမို့ စိတ်တို၍သာနေသည်ဟု ကျော်ဇော ဦးက ထင်နေ၏။ ကုလားအလုပ်သမားတွေ ပြန်သွားကြသော အချိန်နှင့်စာလျှင် ယခုအချိန်သည်ပင် အတန်ငယ် နောက်ကျနေလေပြီ။ ကျော်ဇော်ဦးမှာ ဤသည် ကိုကိုသာ တွေး၍ ပူပန်နေသည်။

လေးလံသော ဖိနပ်ရှည်ကြီးက သူမ၏ခြေထောက်တွင် ပါမလာသောအခါ အယ်လီ၏ခြေလှမ်းမှာ သွက်လက်လျင်မြန်လျက် ရှိသည်။

တောင်စောင်းကိုလွန်၍ မင်းတဲချောင်းနားသို့ ရောက်လာကြသောအခါ ဖိနပ် ပါသော အယ်လီ၏ ခြေထောက်နှစ်ဖက်မှာ ပြဿနာတစ်ခုကို အလိုလို ဖန်တီး ဘပြန်သည်။ လမ်းလျှောက်တတ်စ ကလေးလေးအရွယ်ကပင် ဖိနပ်ခြေနင်းစီး ၍သာ သွားလာနေလေ့ရှိသော အယ်လီမှာ ယခုမှ သူမခြေထောက်၌ ဖိနပ် ခြေနင်းမပါသောအခါ ချွန်ထက်သော ကျောက်စောင်း ကျောက်ချွန်၊ ကျောက်ခဲ ငုံလေးများကို တက်နင်းမိပြီး မခံမရပ်နိုင်အောင် နာကျင်လာတော့သည်။ ရှေ့သို့ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း အယ်လီမှာ စုတ်တသပ်သပ်နှင့် ဒယီးဒယိုင်ဖြစ် လျက်ရှိသည်။

ကျော်ဇော်ဦးသည် အယ်လီ၏ အဖြစ်အပျက်ကို မြင်ရသောအခါ အကြီး အကျယ် စိတ်ရှုပ်သွားသည်။ ဤသူငယ်မသည် သူ့အားသက်သက် ဒုက္ခပေးရန် ... ပါလာသည်နှင့်ပင် တူနေလေပြီတကား။

မိုးမှာ ပို၍သည်းလာသလို လေကလည်း ပို၍ကြမ်းကြမ်းရမ်းရမ်း တိုက်ခတ် ... သည်။ တစ်ချက်တစ်ချက် မိုးကြိုးပစ်ချသံတို့ကလည်း မဟာ...ခြောက်ခြားစ...

www.burmeseclassic.com



သိမ့်သိမ့်တုန်သွားစေ၏။ လေကြမ်းဝှေ့ယမ်း တိုက်ခတ်လိုက်တိုင်း အယ်လီ၏ ကိုယ်လုံးမှာ စိမ့်အေးပြီး ရိုးတွင်းချဉ်ဆီထဲကပင် ခိုက်ခိုက်တုန်လာလေသည်။ ချမ်းအေးလွန်း၍ အသည်းတွေအူတွေပါ တုန်ယင်လာရသည့်အထဲ ဖိနပ်မပါသော ခြေထောက်နှစ်ဖက်ကို ချွန်ထက်သော ကျောက်ခဲကျောက်လုံးတွေက မညှာမတာ စူးရှလာသောအခါ အယ်လီမှာ ထိုင်၍ ငိုပစ်ချင်လောက်အောင်ပင် စိတ်ညစ်လာတော့သည်။

အားကိုးတကြီးနှင့် ကျော်ဇောဦးကို နောက်ပြန်လှည့်ကြည့် လိုက်သောအခါ ကျော်ဇောဦးမှာ လည်လိမ်ခံထားရသော ကြက်ကဲ့သို့ ခေါင်းငုံ့ပြီး အယ်လီ၏ နောက်က ဘဲလှမ်းချင်း လိုက်ပါနေသည်။ သွားရင်းလာရင်းက ခေါင်းကိုသာ တွင်တွင် ကုတ်မွှာလာသည်ကို မြင်ရသောအားဖြင့် ကျော်ဇောဦး၏စိတ်သည် သူမအတွက်နှင့် မည်မျှ ရှုပ်ထွေးနောက်ကျိလာကြောင်း အယ်လီက အတပ်သိလိုက်သည်။ သူမ ပါနေသဖြင့် ခရီးမည်မျှ ကြန့်ကြာ နှောင့်နှေးနေပြီး ဖြစ်သည်ကို ကျော်ဇောဦးက တွေးလာပုံတည်း။

ကျော်ဇောဦး၏ အသွင်အပြင်ကိုမြင်ရသောအခါ အယ်လီမှာပို၍ပင် စိတ်ညစ် သွားပြန်လေသည်။ ကျော်ဇောဦးနှင့်တကွ မိမိပါ ဤကဲ့သို့ ဒုက္ခရောက်ရခြင်းသည် မိမိအပြစ်ချည်းသာဖြစ်သည်ကို အယ်လီက ကောင်းစွာသိ၏။ ထို့ကြောင့်လည်း ကုန်းမြင့်သာယာမှာတုန်းကပင် ကျော်ဇောဦးဆီသို့ ချဉ်းကပ်၍ ယနေ့ မိမိသည် ရေနံတွင်းများရှိရာ တောနက်ထဲကို လိုက်ပါ ကြည့်ရှုမည်ဖြစ်၍ တောထဲ တောင်ထဲတွင် သွားလာလွယ်ကူနိုင်သော အဝတ်အဆင်များကို ညွှန်ကြားပြောပြရန် ကျော်ဇောဦးအား အကူအညီ မတောင်းမိသည့်အပြင် မောက်မာသော မာနတံခွန်ကိုထူ၍ ငါထင်ရာ ဟောတိ ဖြစ်၏ချည်း မှတ်ယူကာ လိုက်လာမိသည့်အတွက် အယ်လီသည် နောင်တကြီးစွာ ရမိလေသည်။

"အယ် အယ်လီ"

တုန်ရင်ချမ်းအေးနေသော ကျော်ဇောဦး၏ ခေါ်သံကြောင့် အယ်လီသည် နောက်သို့ စောင်းငဲ့ကြည့်လိုက်၏။

မိုးရေထဲတွင် တစ်ကိုယ်လုံး ရွှဲရွဲစိုနေသော ကျော်ဇော်ဦးသည် ချမ်းလွန်းသဖြင့် သွားတဂတ်ဂတ် ရိုက်နေ၏။ ဤသည်တို့ကို မြင်ရသောအခါ သူ၏မိုးကာအင်္ကျီကို ယူဝတ်ထားမိလေသော အယ်လီရင်ထဲမှာ ဆို့နှင့်သွားမိလေသည်။ သူ့ကို ဒီလိုဖြစ်ရတာ ငါ့အပြစ်၊ ငါ့ကြောင့်ဟုလည်း မိမိကိုယ်မိမိ ကျိန်ဆဲနေမိလေသည်။ သို့သော် သခင်နှင့်ကျွန်မို့ မိမိအပြစ်ကို မိမိဖွင့်ပြောရန်ကလည်း လိပ်ပြာမသန့် ဖြစ်ရပြန်၏။ အယ်လီ၏ ဘဝအခြေအနေမှာ မိမိအပြစ်ကိုပင် 'ဒါတွေ အားလုံး ငါ့အပြစ်ပါကွယ်၊ ငါ့ကြောင့် ဖြစ်ရတာပါကွယ်'ဟု ဖွင့်ဟပြောဆိုရဲသောဘဝ မဟုတ်ပေ။ သူ့အတွက်ရော မိမိအတွက်ပါ ခံစားနေရသော ဒုက္ခ ဟူသမျှကို ရင်ထဲ၌သာ ကျိတ်မှိတ်မျိုသိပ်ထားရသော ဘဝမဟုတ်ပါလား။

တောလမ်းထဲတွင် ထော့နင်းထော့နင်းနှင့် ဒယီးဒယိုင် ဖြစ်နေရှာသော အယ်



...ိ၏အဖြစ်ကို မမြင်ရက် မကြည့်ရက်လေသောအခါ ကျော်ဇောဦးသည် သူ့ဝတ်ထားသော အဝတ်ဖိနပ် နှစ်ဖက်စလုံးကိုချွတ်၍ အယ်လီရှေ့သို့ ထိုးပေးလာသည်။

ကျော်ဇောဦး၏အင်္ကျီကို ယူဝတ်ထားသည်ပင် လွန်လှပြီဖြစ်နေသော အယ်လီမှာ မိမိအပြစ်နှင့်မိမိ ဒုက္ခခံနေရသည်မို့ ကျော်ဇောဦးက လှမ်းပေးသောဖိနပ်ကို ...က်ချင်း မယူရဲ၊ မကိုင်ရဲသေးဘဲ သူမ၏အပေါ်တွင် စေတနာထားရှာသော ကျော်ဇောဦး၏ မျက်နှာကိုသာ ငေးကြည့်ကာ မျက်ရည်ဝဲနေမိ၏။

မိမိအပေါ်တွင် ဤမျှအထိ သန့်စင်မွန်မြတ်လှသော စေတနာကို ထားရှာသူ၊ အကူအညီပေးနေသူအား သူမက တစ်နေ့လုံး ရိုင်းပြစော်ကားစွာ ပြုမူလာသလို ဆက်ဆံမိသည်တို့ကို တွေးမိသောအခါ အယ်လီမှာ မိမိအမှားအတွက် မျက်ရည်များပင် ဝဲလာမိတော့သည်။ ကျော်ဇောဦးအပေါ်တွင် သနားကြင်နာ ...တ်နှင့် နောင်တတရားစိတ်တို့က လွှမ်းမိုးလာသောအခါ သူမ၏စိတ်မှာ ရှုပ်ထွေးနောက်ကျိလာသည်။ မျက်လုံးတွေကလည်း ပြာနှမ်းမှုန်ဝါးလာ၏။ နောက်တော့ အယ်လီသည် မိမိကိုယ်ကိုပင်မိမိ မထိန်းနိုင်တော့ဘဲ ယိုင်လဲချည့်နဲ့ပြီး မြေပြင်သို့ လဲပြိုကျသွား၏။

"အို့ ဟိုး...အယ်လီ ဘယ်လိုဖြစ်သွားတာလဲ"

ကျော်ဇောဦးသည် အယ်လီ၏ခြေထောက်ကို လှမ်းကိုင်ရင်း အထိတ်တလန့် ...အော်လိုက်သည်။

"ခြေ...ခြေထောက်က နာလိုက်တာ"

အယ်လီမှာ ဤမျှသာ ပြေဆိုနိုင်ရှာသည်။

ကျော်ဇောဦးကတော့ စိုးရိမ်ခြင်းကြီးစွာနှင့် အယ်လီ၏ခြေထောက် တစ်...က်ကို ဆုပ်ကိုင်ထားတုန်းပင် ရှိသေး၏။

အယ်လီသည် မိမိအမှားအတွက် တစ်နေ့လုံး မျိုသိပ်လာခဲ့ရသော ဝမ်းနည်း...ကျုံးမရသည့် စိတ်ဝေဒနာတွေကို ဘယ်လိုမှ ချုပ်တည်း မျိုသိပ်ထား၍မရ...နိုင်သောအခါ ထိုနေရာ၌ပင် ချုံးပွဲချ၍ ငိုပစ်လိုက်သည်။

ဘာမှန်းညာမှန်းမသိဘဲ အယ်လီက တရှုံ့ရှုံ့ငိုနေသောအခါ ကျော်ဇောဦးမှာ ...ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ရပြန်သည်။ အယ်လီအား ချော့မော့ ပြောဆိုရ...အောင်ကလည်း မိမိသည် သူမအား မာန်ခြင်း၊ မဲခြင်း မပြုမိ။ မည်သည့်...အကြောင်းကြောင့် ယခုကဲ့သို့ တရှုံ့ရှုံ့ငိုနေသည်ကိုလည်း မတွေးတတ်သောအခါ ...ကျော်ဇောဦးမှာ အယ်လီ၏မျက်နှာကိုသာ ငေးကြည့်၍ မျက်ရည်ဝဲလျက်ရှိ...မိ။ သခင်မ စိတ်သောကရောက်၍ ငိုနေလျှင် အခိုင်းအစေသာဖြစ်သော ကျွန်...တစ်ယောက်မှာလည်း စိတ်သောက မရောက်ဘဲ မနေနိုင်ပါချေ။ အကြောင်း...ကြောင်းတွေကိုလည်း ထောက်ရသူမဟုတ်ပါလား။

သူမ၏ နုမွတ်ချောမွေ့သော ခြေထောက်နှစ်ဘက်ကို ကျောက်ချွန်း ကျောက်...ဆောင်းတွေက စူးလွန်းသဖြင့် ထိုင်ငိုနေသည်ဟုထင်သော အယ်လီအား ကျော်ဇော...ဦးသည် သူ၏ဖိနပ်နှစ်ဖက်ကိုချွတ်ပြီး အယ်လီ၏ခြေထောက်၌ အမြန်စီးလို တော်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်လေသည်။ ဤသို့ အယ်လီ ထိုင်ငိုနေသဖြင့် အချိန်ကြာလွန်သွားပြီး ချောင်းရေ အစီးသန်လာကာ မဒေးချောင်းကို မကူးနိုင်၊ မဖြတ်နိုင် ဖြစ်မည်ကို လည်း ကျော်ဇော်ဦးမှာ တွေး၍ စိုးရိမ်ပူပန်လျက် ရှိသည်။

သူမ၏ နှမ္မတ်ချောမွေ့သောခြေထောက်၌ ချောင်းချောင်းကြီးကြီး ဖြစ်နေသဖြင့် ကြိုးနှင့် ခိုင်မြဲအောင် စည်းနှောင်ပေးရသေးသည်။

"နေပါ နေပါ၊ ရှိ ရှိပါစေ"

'မဝတ်ပေးပါနဲ့တော့ ကျော်ဇော်ဦးရယ်၊ ဒီလောက် မိုက်တဲ့ကောင်မ ကိုတော့ အပြစ်နဲ့ကိုယ်သာ ခံပရစေလား'ဟု ပြောင်ပစ်လိုက်ချင်လှသော်လည်း ထိုစကား အစဉ်တို့မှာ အပြင်အပသို့ ပွင့်အန်မလာနိုင်ဘဲ လည်ချောင်းထဲ၌သာ တစ်ဆို့ လျက် ရှိကြလေသည်။

"ရှိပါစေ မလုပ်နေနဲ့ ခင်ဗျားလမ်းမလျှောက်နိုင်လို့ အချိန်ကြာရင် ချောင်းရေ တွေ အစီးသန်လာပြီး နှစ်ယောက်စလုံး ဒုက္ခရောက်လိမ့်မယ်၊ အားမနာပါနဲ့ ဝတ်သာဝတ်ပါ။ ကျွန်တော်က ဖိနပ်မပါပေမယ့် သွားနိုင်ပါတယ်"

'ချောင်းရေတွေ အစီးသန်လာပြီး နှစ်ယောက်စလုံး ဒုက္ခရောက်လိမ့်မယ်' ဟူသော ကျော်ဇော်ဦး၏စကားကို ကြားရသောအခါ အယ်လီမှာ ကြောက်ရွံ့ ထိတ်လန့်စိတ်နှင့် ရှိုက်ငိုနေရင်းက မတ်တတ်ထရပ်လိုက်သည်။ သို့သော် မကြာခင်မှာပင် ပြန်၍လဲကျ သွားပြန်၏။ ခြေမျက်စေ့ထဲကလည်း စစ်စစ်စစ်စစ်နှင့် ကိုက်ခဲနာကျင် လာတော့သည်။

"ဟောဗျ ဒုက္ခပါဘဲ၊ ဘယ်လို ဖြစ်ပြန်ပါလိမ့်"

အယ်လီ၏ အပြစ်ကြောင့် ကျော်ဇော်ဦးမှာ စိတ်ရှုပ်သွားရပြန်၏။

အယ်လီသည် အံကိုခဲ၍ မတ်တတ်ပြန်ထကာ ရှေ့သို့ လျှောက်သွားရန် ကြိုးစားပြန်၏။ သို့သော် အကုသိုလ်တို့မည်သည် အပေါင်းအသင်းများနှင့်အတူ စုရုံးရောက်လာ တတ်ကြသည်ဟူသော စကားပုံကဲ့သို့ အယ်လီ၏ခြေထောက် တစ်ဖက်မှာ မြေပြင်နှင့် လုံးဝ မထောက်နိုင်လောက်အောင် အကြောတင်လျက် ရှိသည်။

အယ်လီ၏အဖြစ်ကို ငေးစိုက်ကြည့်ကာ ကျော်ဇော်ဦးသည် သက်ပြင်းကိုသာ တွင်တွင်ချလိုက်၏။ အယ်လီ ရှေ့လျှောက်မသွားနိုင်ဘဲ ဤကဲ့သို့သာ အချိန် ကြာနေလျှင် မင်းတဲချောင်းရေတွေမှာ ဒလဟောစီးဆင်းလာပြီး ယနေ့၌ ချောင်းကို ဖြတ်၍ ကူးနိုင်စရာ အကြောင်းမရှိတော့ပေ။ ဤသည်တို့ကို တွေးမိလေတိုင်း ကျော်ဇော်ဦး၏ ရင်ထဲမှာ ပူပန်လာလေဖြစ်တော့သည်။ ထို့ကြောင့် 'ကဲ ကြာ ရင် ရေစီးသန်လာပြီး ဒုက္ခရောက်ကုန်လိမ့်မယ်။ ခင်ဗျား ကျွန်တော့်ကို သာ ကုန်းပိုးတော့၊ ကျွန်တော် ထမ်းခေါ်မယ်'ဟုကျော်ဇော်ဦးက အယ်လီအား ပြောလိုက်၏။

အယ်လီမှာ မည်သို့မျှ မတတ်သာတော့သဖြင့် ကျော်ဇော်ဦးပြောသလိုပင် ကျော်ဇော်ဦးကိုသာ ကုန်းပိုးလိုက်ရတော့သည်။



တဝေါဝေါအော်မြည်၍ ဝါးလုံးထိုးစီးဆင်းနေသော မင်းတဲချောင်းရေကြီးကြီး နေသောအခါ အယ်လီမှာလန့်၍ပင် သွားမိလေသည်။ ကျော်ဇော်ဦးက အယ်လီ ကို ကုန်းပိုးထမ်းကာ မင်းတဲချောင်းကိုသာ ဖြတ်ကူးလျက်ရှိသည်။

တောသို့ တက်လာခါစတုန်းက ခြေမျက်စေ့ပင် ကောင်းစွာမမြုပ် တတ်သော ချောင်းရေမှာ ယခုအခါ ရင်တစ်စို့လောက်ပင် နက်လေပြီ။ မိုးရွာထဲတွင် ကျော် ဇော်ဦး၏ မိုးကာအင်္ကျီရှည်ကို ယူဝတ်ထားမိသဖြင့် ချမ်းအေးခြင်းအတိမှ အသည်း ယယ် သက်သာသော်လည်း ချောင်းထဲသို့ရောက်၍ တစ်ကိုယ်လုံး ရွဲရွဲစိုသွား သောအခါ အယ်လီမှာ ပို၍အအေးဒဏ်ခံလာရသည်။ ကိုယ်ချင်းထိတွေ့ထားရ သဖြင့် ကျော်ဇော်ဦး၏ကိုယ်ငွေ့နှင့် နွေးထွေးထွေးရှိသည်ဟု ထင်ရသော်လည်း အမှန်ကတော့ အယ်လီ၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်လျက်ပင်။

ဤသို့နှင့်ပင် အယ်လီနှင့်ကျော်ဇော်ဦးတို့မှာ တစ်ယောက်ကိုတစ်ယောက် စကား ပင်မပြောနိုင်ကြဘဲ ရွှေတောင်ကြားက ကုန်းမြင့်သာယာသို့ ရောက်လာ ကြ၏။ အချိန်မှာ မှောင်ရီဖြိုးဖျပင် ရှိနေလေပြီ။

ညနေစောင်းကပင် ရွာသွန်းနေသောမိုးမှာ သည်းတုန်းပင်ရှိသေး၏။ မိုးသား တိမ်လိပ်တွေကလည်း ရှစ်ရပ်ခွင်တိုင်းတွင် မှိုင်းမှိုင်းမှုန်၍ ဝိုင်းအုံ ဆိုင်းကာနေ ကြသဖြင့် ကုန်းမြင့်သာယာ၏ ပတ်ဝန်းကျင်မှာ မိုးမှောင်ကျလျက်ရှိသည်။

တောနက်ထဲ ရေနံဆီစိမ်းရှာသွားရာမှ ကုလားအလုပ်သမားတွေ ကုန်းမြင့် သာယာသို့ ပြန်ရောက်လာကြသည်မှာ နာရီဝက်ကျော်ကျော်ပင် ရှိသွားပြီဖြစ် သော်လည်း သမီးဖြစ်သူအယ်လီနှင့် ကျော်ဇော်ဦးတို့ ယခုထိ ပေါ်မလာကြ သေးသောအခါ သခင်မကြီးမှာ စိုးရိမ်စိတ်ကြီးစွာဖြင့် အိမ်ရှေ့သို့ပင် ထွက်၍ ကြိုနေရှာသည်ကို တွေ့ရ၏။

အယ်လီအား ကျော်ဇော်ဦးက ကုန်းပိုးထမ်းခေါ်လာရသည်ကို မြင်ရသောအခါ သခင်မကြီးမှာ ပို၍အထိတ်တလန့် ဖြစ်သွားလေသည်။

အယ်လီအား ကျော်ဇော်ဦးသည် သူ့အမေရှေ့၌ ညင်သာစွာချပေးလိုက်၏။ အယ်လီမှာ ချမ်းလွန်းသဖြင့် နှုတ်ခမ်းနှစ်လွှာတို့က တဆတ်ဆတ်တုန်ယင်ကာ သူ့အမေကိုပင် ချက်ချင်း စကားမပြောနိုင် ဖြစ်နေသည်။

"ငါ့သမီးလေး၊ ဘယ်လိုဖြစ်လာရတာလဲ ကလေးရယ်"

သူ့သမီးအတွက် စိုးရိမ်လွန်းသဖြင့် သခင်မကြီး၏ အသံကလည်း တုန်ယင် နေသည်။

"ရေနံခပ်ပြီးအပြန်မှာ ခြေတစ်ဖက် အကြောတင်သွားလို့ ကျွန်တော် ထမ်း ခေါ်လာတယ်။ ဘာမှမဖြစ်ပါဘူး၊ နှိပ်ပေးလိုက်ရင် ပျောက်သွားပါလိမ့်မယ်။ မစိုးရိမ်ပါနဲ့ သခင်မကြီး"

"ဟုတ်တယ် မာမီ၊ သမီးခြေထောက်တစ်ဖက် အကြောတင်သွားတာနဲ့ ဘာတယ်၊ အဆစ်ထဲက သိပ်နာတာပဲ"

ကျော်ဇော်ဦး၏စကားကို အယ်လီက ထောက်ခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော သမီးခြေထောက်က ဖိနပ်ဟာလည်း ကလေးဖိနပ်ပဲလား"

သခင်မကြီး၏ မျက်လုံးအစုံက အယ်လီ၏ခြေထောက်ဆီသို့ ရှုးစိုက်ကျရောက်လာပြန်သည်။

"ဟုတ်တယ်မာမီ၊ သမီးတောကို လိုက်သွားတုန်းက မြင်းစီးဖိနပ်ရှည်ကြီး ပါသွားမိတာ တောလမ်းထဲမှာ ရွံ့ညွန်တွေနဲ့ စေးကပ်ပြီး သွားမရ၊ လာမရ ဖြစ်တာနဲ့ အပြန်မှာ လွှင့်ပစ်ခဲ့ရတယ်။ လမ်းသိပ်ဆိုးတာပဲ။ ဒီမိုးကာအင်္ကျီ ကလည်း ကလေး မိုးကာအင်္ကျီပဲ"

အယ်လီသည် သူမ စီးလာသော ကျော်ဇော်ဦး၏ ဖိနပ်ကြိုးတစ်ဖက်ကို ဖြုတ်နေရင်းက သူ့အမေအား အကြောင်းစုံပြောပြနေမိသည်။

"ဟော့ ကလေး၊ ဘာကို ငေးနေတာလဲ၊ သမီး သိပ်ချမ်းနေပြီ။ ဖိနပ်ကြိုး ကူဖြုတ်ပေးလိုက်လေ။ သခင်မ အဝတ်သွားယူလိုက်မယ်"

အယ်လီ ဖိနပ်ကြိုးဖြုတ်နေသည်ကို ငေးကြည့်နေသော ကျော်ဇော်ဦးအား သခင်မကြီးက မာန်သလို ပြောလိုက်ပြီး အယ်လီအတွက် အဝတ်သွားယူရန် အိမ်ပေါ်သို့ ကမန်းကတန်း တက်သွားလေသည်။

"အို...နေပါ၊ နေပါ"

သူ့ခြေထောက်က ဖိနပ်ကြိုးကိုလာကိုင်သော ကျော်ဇော်ဦးအား အယ်လီက မျက်ခွံတစ်ချက်ပင့်ကြည့်ကာ ပျာပျာသလဲ ဟန့်တားလိုသော်လည်း သခင်မကြီး၏ အမိန့်အာဏာကို မလွန်ဆန်ရဲသော ကျော်ဇော်ဦးကတော့ အယ်လီ၏ ခြေထောက်တစ်ဖက်မှ ဖိနပ်ကြိုးကို ဆွဲဖြုတ်ကာ သူ့ဖိနပ်ကို ယူထားလိုက်ရလေသည်။

"ရော့ ကလေး မိုးကာအင်္ကျီ၊ အယ်လီ ကလေးကို သိပ်ကျေးဇူးတင်ပါတယ် နော်၊ ကလေး မိုးကာအင်္ကျီနဲ့ ဖိနပ်သာမပါ..."

"အို...သမီးကလည်း ဘာတွေ လျှောက်ပြောနေတာလဲ။ ဒီအဝတ်တွေကို မြန်မြန် လဲဝတ်ထားစမ်း။ အတော်ကြာ အအေးမိပြီး ဖျားနာနေဦးမယ်"

အယ်လီက ကျော်ဇော်ဦး၏မိုးကာအင်္ကျီကို လှမ်းပေးနေရင်း ကျော်ဇော်ဦးအား ကျေးဇူးတင်စကား ပြောကြားနေစဉ် သခင်မကြီးသည် အိမ်ပေါ်ကပြေးဆင်းလာပြီး အယ်လီအား အနွေးထည်အဝတ်များကို လှမ်းပေးကာ ကျော်ဇော်ဦးအား အယ်လီက ပြောကြားနေသော ကျေးဇူးတင်စကားကိုလည်း ရပ်သိမ်းစေလိုက်သည်။

အယ်လီသည် သူ့အမေကမ်းပေးသော အဝတ်များကို လှမ်းယူပြီး အဝတ်လဲလျက် ရှိသည်။ အယ်လီချွတ်ချလိုက်သော အဝတ်ရေစိုများကို ကုလားမတစ်ယောက်က သိမ်းဆည်းယူသွား၏။

တောထဲမှာတုန်းက သူ့အား 'တစ်နေ့လုံး 'ကျော်ဇော်ဦး၊ ကျော်ဇော်ဦး'ဟုသာ ခေါ်ခေါ်ပြောပြော လုပ်လာသော အယ်လီမှာ ယခု ကုန်းမြင့်သာယာသို့ ရောက်၍ သူ့အမေ ရှေ့မှောက်မှာတော့ သူ့အား 'ကလေး၊ ကလေး'ဟုသာ ခေါ်ခေါ်ပြောပြော ဆက်ဆံနေပြန်သောအခါ၊ အယ်လီဆီက 'ကျေးဇူးတင်ပါတယ် နော်'ဟူသောစကားကို ကြားရ၍ ဝမ်းသာရွှင်ပျနေမိသော ကျော်ဇော်ဦး၏ရင်ထဲမှာ ခဏချင်းလေးလံ ထိုင်းမှိုင်း၍ သွားရပြန်လေသည်။ မိုးသားတိမ်လိပ်များ ပေါ်မှာ သဏ္ဍာန်ရုပ်ဆင်း ခဏချင်းမှာပင် အပြောင်းအလဲ မြန်ဆန်လွန်းလှသော အယ်လီ၏ စိတ်သဘောထားကိုလည်း တွေးတောမရအောင် ဖြစ်သွားမိသည်။ ထို့ကြောင့်လည်း ကျော်ဇော်ဦးသည် အယ်လီ၏ မျက်နှာကိုသာ ငေးကြည့်ကာ တွေဝေနေမိ၏။

"ကဲ...ကလေး၊ အအေးမိနေမယ် ပြန်တော့လေ"

သူမ၏မျက်နှာကိုသာ ငေးကြည့်ကာ မတ်တတ်ရပ်နေသော ကျော်ဇော်ဦးအား အယ်လီက ပြန်နိုင်ပြီဖြစ်ကြောင်း ပြောလိုက်၏။ သခင်မကြီးကတော့ ကျော်ဇော်ဦးအား မည်သို့မျှ မပြောဘဲ ခြေထောက် ထော့နင်းထော့နင်း ဖြစ်နေသော သမီးဖြစ်သူကိုသာ အိမ်ကြီးပေါ်သို့ တွဲခေါ်လာသည်။

အယ်လီသည် သူ့အမေအား စိတ်ထဲက အတော်ပင်မကျေမနပ် ဖြစ်သွားမိ၏။ ကျော်ဇော်ဦးသည် သူမအား တောထဲကပင် ပင်ပင်ပန်းပန်း ထမ်းခေါ်လာရသည့်အတွက် ကျေးဇူးတင်စကားကို သူ့အမေကပင် သူ့အတွက် ကူ၍ပြောပေးစေချင်သည်။ သို့သော် သခင်မကြီးကတော့ ကျော်ဇော်ဦးအား ကျေးဇူးတင်စကား လုံးဝမပြောရုံအပြင် သူ့ သမီးခြေထောက်က ဖိနပ်ကြိုးကိုပင် အမြန်ဖြုတ်ပေးရန် မာန်လိုက်သေး၏။ မိမိအိမ်တွင် ခိုင်းစေထားသော အလုပ်သမားတစ်ယောက်က မိမိ၏သခင်မအား ကုန်းပိုးထမ်းခေါ် လာရခြင်းကို ကျေးဇူးတင်စရာ လုံးဝမလိုဟု ထင်နေပုံရနေလေသည်။

* * *

| ၁၉ |

ကျော်ဇော်ဦး အပြင်းဖျားနေသည်ဟု သိရသောအခါ အယ်လီ၏ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ ကျော်ဇော်ဦး အဖျားအနာရခြင်းမှာ သူ့ ပယောဂကြောင့် ဆိုသည်ကို အယ်လီအတပ်သိသည်။ ထို့ကြောင့်လည်း ကျော်ဇော်ဦးအတွက် စိုးရိမ်ပူပန်ရသော စိတ်သောကတို့သည် သူမ၏ရင်ထဲမှာ ခဏချင်း ပြည့်သိပ်လာ၏။

မနေ့က သူမသည် ကျော်ဇော်ဦး၏ မိုးကာအင်္ကျီကို ယူ၍ခြုံရ၏။ ကျော်ဇော်ဦး ဖိနပ်ကို ယူဝတ်ရ၏။ သူမ၏ ခြေထောက်တစ်ဖက် အကြောတင်သွားသဖြင့် ကျော်ဇော်ဦးက သူမအား ကုန်းမြင့်သာယာအရောက် ကုန်းပိုးထမ်းခေါ် လာရ၏။ မိုးမိ၍ တဆတ်ဆတ် ချမ်းအေး တုန်ယင်နေရသည့်အထဲ သူမ၏ ကိုယ်အလေးချိန်မနည်းနှင့် ခရီးဝေးက ထမ်းပိုးခေါ်ဆောင်လာရသောအခါ ပင်ပန်းမှုအားကြောင့် ကျော်ဇော်ဦးမှာ ယခုအခါ အပြင်းဖျားနာလာပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇော်ဦးအတွက် ပူပန်ရသော စိတ်သောကတို့ကြောင့် အယ်လ်သည် နေမထိထိုင်မသာ ဖြစ်နေလေသည်။ မနေတတ် မထိုင်တတ်သလို စိတ်ပူနေရသည့်အထဲ ကျော်ဇော်ဦးအတွက် ဆေးသွားပေးရမည်ကို တွေးကြည့်၍လည်း ထိတ်လန့်မိပြန်၏။ သူ့အမေသိလျှင်လည်း ကျော်ဇော်ဦးဆီကို ဘယ်လိုမှ သွားခွင့် ဆေးပေးခွင့်ပြုမည် မဟုတ်ချေ။ ထို့ကြောင့် သူ့အမေ၏ အရိပ်အခြည်ကို အယ်လီသည် မကြာခဏနားစွင့် အကဲခတ်ကြည့်နေမိသည်။

နေသာသော်လည်း မနေ့က မိုးသည်းထန်စွာ ရွာသွန်းသွားသဖြင့် ရေနံလာဝယ်လေ့ရှိကြသော တိုင်းရင်းသားများမှာ ယနေ့ ပါးရှားနေကြသည်။ သို့သော် သူ့အမေသည် ရေနံဆီဆိုင်ရှိရာသို့ ဆင်းသွားလိမ့်မည် ဆိုသည်ကိုတော့ အယ်လီက အတတ်သိထားလေသည်။ ထို့ကြောင့် ခန်းဆီးလိုက်ကာလေးကို အသာလေး လှပ်၍ သူ့အမေရှိရာအခန်းဘက်သို့ မကြာခဏ ခိုးကြည့်ရသည်ကလည်း သူ့မှာ အမော။

သူ့အတွက်ကြောင့် ဖျားနာနေသည်ဆိုသော ကျော်ဇော်ဦးအား သူမက ဆေးဝါးများသွား မပေးသည့်တိုင် သတင်းသွားမေးဖို့တော့ ကောင်းသည်ဟု အယ်လီက သဘောပေါက် နားလည်ထားလေသည်။ ခုနေ သူ ဘယ်လိုများ နေပါလိမ့်ဟုလည်း တွေး၏။ ထိုသို့ တွေးမိလျှင် အယ်လီ၏ရင်ထဲတွင် အလိုလို ပူလောင်လာသည်။ ကျော်ဇော်ဦး အပြင်းဖျားနေသည်ဆိုသော သတင်းကို ကြားကတည်းကပင် အယ်လီ၏ရင်ထဲမှာ ပူလောင်မောဟိုက်ခဲ့ရသည်။ ကျော်ဇော်ဦးအတွက် စိုးရိမ်သောက ဖြစ်ခဲ့ရသည်။ ကျော်ဇော်ဦး၏ စိတ်ရင်းသဘောကောင်းပုံ ရိုးသားတည်ကြည်ရှိပုံ၊ သူမ၏အပေါ် ထောက်ထားညှာတာ ကြင်နာတတ်ပုံ စသည်တို့ကို တစိမ့်စိမ့် တွေးမိလေသောအခါ အယ်လီမှာပို၍ ပင်ပန်းမောဟိုက်လာသလိုပင်။ ထို့ကြောင့်လည်း ကျော်ဇော်ဦးအား တွေ့လိုမြင်လို၊ မေးမြန်းလိုသော စိတ်ဇောကြောင့် အယ်လီသည် သူ့အမေ ရေနံဆီဆိုင်သို့ ဆင်းသွားသည်နှင့် တစ်ပြိုင်နက်ပင် အပြင်သို့ပြေးထွက်၍ ကျော်ဇော်ဦးအား တိုက်ကျွေးပေးကာ ရမည်ဖြစ်သော ဆေးဝါးများကို ဆေးဗီရိုထဲတွင် မွှေနှောက်ရှာဖွေမိသည်။

ကျော်ဇော်ဦးအတွက် စိုးရိမ်ပူပန်စိတ်ကြောင့် မနေ့က အကြောမြက်သွားသော သူမ၏ ခြေထောက်တစ်ဘက် ထော့နင်း၊ ထော့နင်း ဖြစ်နေသေးသည်ကိုပင် အယ်လီသည် သတိမရနိုင်ဘဲ ပျာပျာသလဲ ဖြစ်နေ၏။ သူ့ခြေထောက်မှာ ညက တစ်ညလုံး ဆေးလိမ်းနင်းနှိပ်ပေးထားသဖြင့် အတော်အသင့် သက်သာနေသည်။

အိမ်အောက်သို့ ရောက်သောအခါ အယ်လီသည် ပတ်ဝန်းကျင်ကို လှည့်ကာ ကြည့်လိုက်၏။ သူ့အမေကို အိမ်ကြီးပတ်ဝန်းကျင်တွင် မမြင်ရသဖြင့် စိတ်အေးသွားသည်။ သူ့အမေသည် ရေနံရောင်းသောဆိုင်ထဲသို့ ရောက်နှင့်နေပြီ ဖြစ်မည်။ လက်လီလက်ကား ရေနံလာဝယ်ကြသူများ များများလာဝယ်ကြပါစေဟု အယ်လီ ဆုတောင်းနေမိသည်။

မိုးနှောင်းလ၏ လေပြေလေညင်းသည် ယဉ်ယဉ်လေးတိုက်ခတ်နေ၏။ မနေ့က ညို့ညို့မှိုင်း၍ မှောင်မည်းနေသော ကောင်းကင်ပြင်သည် ယနေ့တော့လည်း ကြည်လင် ပြာလဲ့လွန်းလှပါဘိ၏။ မှုန်မှုန်သေ့သေ့ လေရေ့တွင် ကုန်းမြင့်သာယာဝန်းကျင်ရှိ ထင်းရှူးပင်ပျိုများ၏ တနွဲ့နွဲ့နှင့် တသဲ့သဲ့မြည်သံမှာ တုရိယာတစ်ခုကို တီးခတ်နေသော အသံကဲ့သို့ပင် နားဝင်ချိုပါယံ ရှိလှသည်။ ထင်းရှူးပင်အပေါ်ရှိ အသိုက်ထဲမှ ခေါင်းပြူ၍ အပြင်လောက၏ မိုးလေဝသအခြေအနေကို အကဲခတ်ကြည့်ရှုရင်း စကားဖောင်ဖွဲ့နေကြသော စာကလေးများ၏အသံတို့လည်း ငြိမ့်ငြိမ့်ညံနေသည်။ ဝေးလံသော အနောက်ဘက်တောအုပ်မှ ချိုးကူသံနှင့် ဥက်ဆော်တို့၏ တေးပဉ္စင်ကျူးဖွဲ့သံသာသာကိုလည်း ခပ်သဲ့သဲ့ကြားနိုင်နေရ၏။ မိုးနှောင်းကာလမို့ ပဇင်းထိုးငှက်တို့ကတော့ ကုန်းမြင့်သာယာ၏ ပတ်ဝန်းကျင်တွင် အပျော်ဆုံး အမြူးကြွဆုံး ဖြစ်ကြသည်။



အယ်လီသည် ကျော်ဇော်ဦးအားပေးရမည့် အဖျားဖြတ်ဆေး နှစ်လုံးကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကာ အလုပ်သမားများရှိရာ တဲတန်းလျားဘက်သို့ ခပ်သွက်သွက် လှမ်းထွက်လာသည်။ စာကလေးများ၏ စီညံစီညံအသံက 'ဟေ့ သူငယ်မ၊ ဘယ်လဲ'ဟု သူ့ကို ဝိုင်းမေးနေကြသလိုပင်။

မနေ့က မိုးသည်းထန်စွာ ရွာထားသဖြင့် မြေစိုနေသောကြောင့် ကုလား အလုပ်သမားကလေးတွေက အခန်းထဲ၌ပင် အောင်းနေကြပုံရသည်။ အပြင်သို့ ထွက်၍ ကစားနေကြသည်ကို မတွေ့ရ။ သူတို့၏ မိဘအချို့သည် ရေနံဆီခပ်ရန်အတွက် တောနက်ထဲသို့ ရောက်နေကြလိမ့်မည်။ တချို့ကလည်း ရေနံဆီဆိုင်တွင် တာဝန်ကျသူနှင့် ပျားတဲရွာဆိပ်နှင့် ကုန်းမြင့်သာယာကို ဆက်သွယ်ထားသော ရေနံပိုက်ထဲသို့ ရေနံဆီ လောင်းထည့်ပေးနေရသူတွေနှင့် အလုပ်ကိုယ်စီဝင်နေကြသည်။ ထို့ကြောင့်လည်း တန်းလျားထဲတွင် လူကြီးများ ဆိတ်သုဉ်း၍ ကလေးတွေ၏အသံသာ ဆူညံနေသည်။ ကုန်းမြင့်သာယာ၏ ဆင်ခြေလျှော တောင်စောင်းတစ်နေရာတွင် ခြေထောက်နာနေသော မြင်းကြီးတစ်ကောင်ကို ထိန်းကျောင်းနေသော ဆယ့်နှစ်နှစ်အရွယ် ကုလားလုလင်ငယ်လေး တစ်ယောက်သည် ထင်းရှူးပင်တစ်ပင်ကို ကျောမှီ၍ အဝေးသို့ငေးနေသည်။ သူသည် ဘာကိုတွေးနေသည် မသိ။ အယ်လီ့ကိုလည်း မြင်ပုံမရပေ။

နေရောင်မထိုးအောင် အုပ်မိုးထားသော ထင်းရှူးပင်တွေကြောင့် ကုန်းမြင့်သာယာမှ အဆင်းလမ်းသည် ဗွတ်စိုထိုင်းမှိုင်းတုန်းပင် ရှိသေးသည်။ ခြေထောက်နာနေသောအယ်လီမှာ လျှောမကျအောင် အတော်သတိထား၍ လျှောက်လာရသည်။

ကျော်ဇော်ဦးတို့သားအမိနေသော တန်းလျား၏အစွန်းဆုံး အခန်းနားဆီသို့ ရောက်သောအခါ အယ်လီ၏ရင်ထဲမှာ အလိုလို တဒိတ်ဒိတ် ခုန်လာသည်။ သူမသည် ကြီးလေးသော အပြစ်တစ်ခုကို ကျူးလွန်လာသူမဟုတ်ပါဘဲနှင့် မဲ့မဲ့ ဖြစ်နေသည်။ ပတ်ဝန်းကျင် ဘယ်ညာကိုလည်း ခဏခဏ လှည့်ကြည့်နေမိ၏။ တဲတန်းလျားအစွန်နားတွင် မယောင်မလည် လုပ်နေသောအယ်လီကို ကုလား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ခေါင်းပြူ၍ ထွက်ကြည့်သည်။ သူ့မျက်လုံးဝိုင်းဝိုင်းကလေးက 'သခင်မလေး၊ ဘာလာလုပ်သလဲ'ဟု မေးသလိုပင်။ အယ်လီက ရဲရဲတင်းတင်း မျက်လုံးဝင့်၍ ပြန်ကြည့်လိုက်သောအခါ ကုလားကလေးမှာ ခေါင်းပု၍ အိမ်ခန်းထဲသို့ဝင်သွား၏။

ကျော်ဇောဦးအား ဆေးပေးရန်နှင့် သတင်းမေးရန်လာခြင်းမှာ သူမ၏ဂုဏ်သိက္ခာကိုများ ထိခိုက်နေလေမလားဟု အယ်လီသည် လှေကားထိပ်တွင် ခဏလေး တွေဝေနေမိသေး၏။ နောက်တော့ ကျော်ဇောဦး ယခုလိုအပြင်း နာဖျားနေရခြင်းမှာ မိမိကြောင့်သာဖြစ်သည်ဟု တွေးမိသောအခါ အယ်လီ၏ခြေလှမ်းမှာ ကျော်ဇောဦးရှိရာ အခန်းသို့ အလိုလို ရောက်သွားလေသည်။

ကျော်ဇောဦးသည် ဆောင့်ကြောင့်ထိုင်၍ ပန်းကန်တစ်လုံးထဲမှ ရေနွေးပူပူကို တဖူးဖူးမှုတ်သောက်နေ၏။ အပေါ်က စောင်ကြမ်းကြီးနှစ်ထည်ကို လွှမ်းခြုံထားသဖြင့် သူ့မျက်နှာကွက်ကွက်လေးကိုသာ မြင်ရသည်။ သူ့ရှေ့တွင် မည်းတူးနေသော မြေခရားတစ်လုံးရှိ၏။ အယ်လီ၏ ကိုယ်ရိပ်ကျသဖြင့် သူက မျက်ခွံတစ်ချက်ကို မှုတ်ခနဲ ပင့်ကြည့်လိုက်သည်။ အယ်လီကို မြင်သောအခါ အံ့သြသွားပုံရသည်။ သို့သော် သိပ်အဆန်းကြီးမဟုတ်သလိုပင် မျက်လွှာကိုပြန်ချ၍ ပန်းကန်ထဲက ရေနွေးပူပူကိုသာ ဖူးဖူးမှုတ်၍ သောက်နေလေသည်။

သူမအား မြင်သော်လည်း 'လာပါ ထိုင်ပါ'ဟု ကျော်ဇောဦးက မခေါ်မဖိတ်လုပ်နေသောအခါ အယ်လီမှာအခန်းထဲ ဝင်သွားရမှာ တွန့်နေသည်။ 'ဘာလို့ လာပါ ထိုင်ပါလို့ ' မပြောပါလိမ့်ဟုလည်း တွေးနေလိုက်မိ၏။ မနေ့က သူ့ကို တစ်လမ်းလုံး အယ်လီက ညှဉ်းပန်းနှိပ်စက်လာသလို ဖြစ်သွားမိသဖြင့် စိတ်နာ၍ပဲလား၊ သည်လိုတော့ ဖြစ်မည်မဟုတ်။ မလွှဲမရှောင်သာသဖြင့်သာ ကုန်းပိုးထမ်းခေါ် လာရခြင်း ဖြစ်သည်ကို သူက ကောင်းစွာ သဘောပေါက်ပေလိမ့်မည်။ သူသည် သူ့အား မတရားအနိုင်ကျင့်ချင်သူ၊ နှိမ်လိုသူ၊ မထီမဲ့မြင်ပြုတတ်သူများကိုသာ ပြန်၍အရွဲ့တိုက် ကန့်လန့်လုပ်တတ်သူဖြစ်သည်။ တစ်ခါမှ သူတို့ တဲတန်းလျားသို့ မလာဖူးသော မိမိအား မဝံ့မရဲဖြစ်၍ မခေါ်ရဲတာလား၊ သည်လိုလည်း မဖြစ်နိုင်။ သူသည် အယ်လီအား ကြောက်ရွံ့သူမဟုတ်။ သူ့စိတ်ထဲက မှန်ကန်သည်ဟုထင်လျှင် အယ်လီ၏အဖေ သခင်ကြီးကိုပင် ပြန်ပြောတတ်သည်။ သူ့စိတ်အတိုင်း အေးအေးတည်တည်နေခြင်းသာဟု သဘောရသောအခါ ကျော်ဇောဦး၏ အနားကို အယ်လီက လှမ်းတက်လာသည်။ အယ်လီတက်လာသဖြင့် ကျော်ဇောဦးက နေရာရွှေ့ဖယ်ပေး၏။ သို့သော် အယ်လီက ကျော်ဇောဦး ရွှေ့ဖယ်ပေးသော (သပေါ့ဖျာ)တွင် မထိုင်ပဲ ကြမ်းခင်းပြင်မှာပင် ထိုင်ချလိုက်သည်။

"ဖျာပေါ်မှာ ထိုင်ပါလား"

ကျော်ဇောဦးက အယ်လီ၏မျက်နှာကို မကြည့်ဘဲ အေးဆေးစွာ ဆိုသည်။

"နေပါ စေ့ပါ"



အယ်လီကလည်း ဒါပဲ ပြောသည်။

ညက အပြင်းဖျားထားသဖြင့် မို့မောက်နေသော ကျော်ဇောဦး၏ မျက်ခွံနှစ်ဖက်ကို အနီးကပ်မြင်ရသောအခါ အယ်လီ၏ရင်ထဲမှာ ဆို့နစ်သွား၏။ အလိုလို လှိုက်ဖိုလာ၏။ သူ ဒီလိုဖြစ်ရတာ 'ငါ့ကြောင့် ငါ့ကြောင့်'ဟုလည်း မိမိကိုယ်ကို မိမိ အပြစ်တင်မဆုံး ဖြစ်နေမိသည်။

"ခြေထောက် ဘယ့်နှယ်နေသေးလဲ"

"ဟင်"

အယ်လီက လန့်သွား၏။ သူ့အတွေးနှင့်သူမို့ ကျော်ဇောဦး မေးလိုက်သည်ကို အသံအဖြစ်သာ ကြားပြီး နားမလည်လိုက်ပေ။

"ဩော်မနေ့က မြက်သွားတဲ့ခြေထောက် ဘယ့်နှယ်နေသေးလဲလို့ မေးတာပါ"

ကျော်ဇောဦးသည် တဖူးဖူးမှုတ်သောက်နေသော ရေနွေးပန်းကန်ကို ကြမ်းခင်းပြင်သို့ ချလိုက်၏။ မည်းတူးနေသော မြေကရားထဲမှ ညိုစိမ့်စိမ့်အရည်များကို ပန်းကန်ထဲသို့ တစ်ဖန်ငှဲ့ထည့်ရင်းက အယ်လီ၏မျက်နှာကို စိုက်ကြည့်၍မေး၏။

"သက်သာသွားပါပြီ၊ အို ဟိုမှာ ဖိတ်ကုန်ပြီလေ"

အယ်လီက ဖိတ်ကုန်ပြီဆိုမှ ကျော်ဇောဦးသည် ရေနွေးခရားကို ကမန်းကတန်း ပြန်တည့်လိုက်သည်။ သူသည် ရှက်သွားသလိုပင် နှုတ်ခမ်းကို မသိမသာတွန့်၍ပြုံး၏။

အယ်လီက ကျော်ဇောဦး ရှက်သွားမည်စိုးသဖြင့် မျက်လွှာကိုချကာ ပန်းကန်ထဲက ညိုစိမ့်စိမ့်အရည်ကိုသာ စိုက်ကြည့်နေသည်။ အယ်လီ၏ နှာခေါင်းထဲသို့ အနံ့တစ်မျိုးကလည်း တိုးဝင်လာ၏။

"ဒါက ဘာလဲ ဆေးဟား၊ အနံ့က မွှေးသလိုပဲနော်"

"ကွမ်းရွက်ပြုတ်ရည်လေ၊ ဆေးပဲဆိုပါတော့။ အမေ အလုပ်မသွားခင် ပြုတ်ပေးသွားတာလေ"

"ဩော် ဩော် အနံ့ကတော့ မွှေးသား"

"သောက်ချင် သောက်ကြည့်လေရော့"

"ခြေထောက်နာတာ ပျောက်ပလား"

ကျော်ဇောဦးက အသံထွက်အောင်ပင် ရယ်လိုက်မိသည်။

အယ်လီက သူ့ကိုလှောင်သည်ထင်၍ မလုံမလဲ ဖြစ်သွား၏။

"ခြေမြက်တာ မပျောက်ပါဘူး။ ဖျားရင် သောက်တာပါ။ ဒါပေမယ့် ဥပဒ်မဖြစ်ပါဘူး။ သောက်ချင် သောက်ကြည့်လေရော့"

လူမမာမေးရန်နှင့် ဆေးပေးရန်လာသော အယ်လီမှာ ကျော်ဇောဦးအနားသို့ ရောက်သောအခါ ဘယ်ကစပြီး ပြောရမှန်းမသိသလို မွန်ထူပြီး ကျော်ဇောဦး၏ အပြောတွင်သာ သူက နစ်မျောနေမိသည်။

အယ်လီသည် ကျော်ဇောဦးငှဲ့ထည့်ပေးသော ကွမ်းရွက်ပြုတ်ရည် ပန်းကန်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ကောက်ယူကာ ရှပ်ခနဲ တစ်ကျိုက် မော့သောက်လိုက်ပြီး ပါးစပ်ကို မဲ့ရွဲ့ပစ်လိုက်သည်။ သူ့ကိုယ်လုံးလေး ကျစ်ကျစ်ကိုလည်း တွန့်လိမ်ပစ်လိုက်၏။ 'ဟင့်အင်း မသောက်ပါဘူး' ဟု 'ငါဘာလို့ မငြင်းလိုက်မိပါလိမ့်' ဟု သောက်ပြီးမှ သတိရမိသည်။ ကျော်ဇော်ဦးကတော့ အယ်လီ့ကိုကြည့်၍ ပြုံးနေသည်။ ကျော်ဇော်ဦး၏ အပြောအဆို အကြည့်အရှု စသည်တို့တွင် ညှို့ဓါတ်တစ်ခုရှိပါလားလို့ပင်။ သူက "ရော့ သောက်ကြည့်ပါလား" ဆိုရုံနှင့် ငါဘာလို့ သောက်ကြည့်မိပါလိမ့်။ ပန်းကန်ကလည်း ချေးတွေနဲ့၊ ဒါတွေကိုလည်း ငါရွံရမှန်း မသိပါလားဟု အယ်လီမှာ သူ့အမှားကိုသူပြန်ပြီး သတိရ၍ ရှက်အမ်းအမ်း ဖြစ်သွားသည်။

"ဘယ့်နှယ်လဲ သောက်လို့ကောင်းရဲ့လား"

"ဟင့်အင်း၊ မကောင်းဘူး"

"ဆေးဆိုတာ အဖျော်ယမကာတို့၊ ဟင်းချိုတို့လိုတော့ ဘယ်သောက်လို့ကောင်းတယ် ရှိမလဲ။ ဒါပေမယ့် ကြိတ်မှိတ် မျိုချလိုက်ရင် ရောဂါပျောက်တယ်။ အဖျော်ယမကာတို့ကတော့ သောက်ချင်သလောက် သောက်၊ ကောင်းရုံနဲ့ မိုက်ပြည့်ရုံပဲ ရှိမယ်။ ရောဂါ မပျောက်ဘူး"

ကျော်ဇော်ဦးက ဆေးအကြောင်းကို ရှည်ရှည်ဝေးဝေး ပြောတော့မှ သူ့လက်တစ်ဖက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော အဖျားဖြတ်ဆေး နှစ်လုံးကို သွားသတိရမိသည်။

"ဖျားနေတယ်ကြားလို့ လာမေးတာ၊ ခု ဘယ့်နှယ်နေသေးလဲ"

ယခုမှ အယ်လီက သူ လာရခြင်းကိစ္စကို ပြော၏။

"အအေးမိပြီး အကျွမ်းက အဖျားပါ။ နောက်တစ်ရက် နှစ်ရက်ဆိုရင် သက်သာသွားပါလိမ့်မယ်"

"သိပ်ဖျားနေတယ်ကြားလို့ အယ်လီက စိုးရိမ်နေတာ၊ ဆေးလည်း ယူလာခဲ့တယ်ရော့။ ဒါကို သောက်လိုက် ပျောက်သွားမယ်။ ကျော်ဇော်ဦး ပြောသလိုခါးတော့ သိပ်ခါးတာပဲ၊ ဆေးကိုး"

အယ်လီသည် ပင်လယ်ပြာလိုလှပ၍ မိုးကောင်းကင်လို ကြည်လင်နေသော သူမ၏ မျက်လုံးအစုံဖြင့် ကျော်ဇော်ဦး၏မျက်နှာကို ငေးကြည့်ကာ သူ့လက်ထဲက ဆေးနှစ်လုံးကို ကျော်ဇော်ဦး၏လက်ထဲသို့ ထည့်ပေးလိုက်၏။

"ဟေး အေး နေ နေဦးလေ"

အယ်လီပေးသော ဆေးနှစ်လုံးကို ကျော်ဇော်ဦးက တစ်ခါတည်း ပါးစပ်ထဲသို့ ပစ်ထည့်သောက်ချလိုက်မည် လုပ်သဖြင့် အယ်လီက ကမန်းကတန်း ဟန့်တားလိုက်ရ၏။

အယ်လီက အလန့်တကြား ဟန့်တားလိုက်သဖြင့် ကျော်ဇော်ဦးက ခဏတော့ ကြောင်သွားသည်။ ပြီးမှ အယ်လီ၏ စိုးရိမ်မကင်းဖြစ်သွားသော မျက်နှာကို ဘာလဲဟူသော အကြည့်ဖြင့် ငေးကြည့်နေ၏။



"တစ်ခါတည်း နှစ်လုံး မသောက်ရဘူး၊ ခုတစ်လုံး ညနေတစ်လုံး သောက်"

"တခါတည်း သောက်ချလိုက်ရင် မြန်မြန် ပျောက်သွားမလား ထင်လို့"

"ဘယ်ဟုတ်မလဲ၊ တန်ဆေး လွန်ဘေးဆိုတယ် မဟုတ်လား"

အယ်လီ၏အပြောကို ကျော်ဇော်ဦးက သဘောကျသွား၏။ ထို့ကြောင့်ပင် ဘင်သည်။ ကျော်ဇော်ဦး၏မျက်နှာသည် လျှပ်တစ်ပြက်အတွင်း ဝင်းပကြည်လင်လာသည်။

"မနေ့က သိပ်ဒုက္ခရောက်တာပဲနော်။ ကျော်ဇော်ဦးတို့ တစ်မိုင်ခွဲလောက်ဒီလိုပဲ ရေနဲ့သွားခဲ့ကြရသလား"

"ဟုတ်တယ် ဒီလိုပဲ သွားခဲ့ကြရတယ်။ မနေ့က ရေနဲ့သွားခဲ့ကြတဲ့နေရာဟာ တောနက်အကျဆုံးပဲ။ ရေနံသူခိုးတွေ ထတာဟာလည်း အဲဒီမှာပိုဆိုးတယ်။ ရေနံတွင်းတွေက အသစ်ဆိုတော့ လမ်းကမလုပ်ရသေးဘူး။ လမ်းမကောင်းတော့ ပိုပြီး ဒုက္ခရောက်တာပေါ့"

"အယ်လီကတော့ တစ်ခါတည်း လန့်သွားတာပဲ။ မနေ့ကအဖြစ်တွေ ညက အိပ်မက်မြင်လို့ အော်လိုက်တာ အယ်လီအခန်းထဲမှာ မာမီကတောင် လာစောင့်အိပ်ရတယ်။ အိပ်မက်မြင်တာကလည်း ခဏခဏပဲ"

အယ်လီပြောသည်မှာ အမှန်ပင်ဖြစ်ပေသည်။ အယ်လီသည် မနေ့တုန်းက ကျော်ဇော်ဦးနှင့် မင်းတဲချောင်းကိုဖြတ်ကူးကြရာ၌ နှစ်ယောက်စလုံး တစ်ဖက်ကမ်းနားကို ရောက်ခါနီးမှ ချောင်းရေသည် ဝါးလုံးထိုးစီးဆင်းလာပြီး ကျော်ဇော်ဦးသည် ရေထဲနစ်မြုပ် မျောပါသွားသည်ဟု အိပ်မက်မြင်လေသည်။ အယ်လီကတော့ ကျော်ဇော်ဦးနှင့် လက်ချင်းယှက်ထားရမှ ကွဲသွားပြီး တစ်ဖက်ကမ်းနားသို့ ရောက်လာသည်။

ကျော်ဇော်ဦး ချောင်းရေထဲ နစ်မြုပ်မျောပါသွားရသည်မှာ အယ်လီ့ကို ငဲ့ညှာပြီး ကယ်တင်ရင်းက ဖြစ်ရသည်ဟု အိပ်မက်ထဲမှာ စိတ်ကသိနေသည်။ ဤသည်ကို အယ်လီက ကျော်ဇော်ဦးအား တစ်လုံးမကျန် ပြန်၍ ပြောပြသောအခါ ကျော်ဇော်ဦးမှာ ငေးကြည့် နားထောင်နေသည်။

"နောက်တော့ လမ်းကောင်းသွားမှာပါ။ မကြာခင် မြင်းနဲ့သွားလို့ လာလို့ရအောင် လမ်းမြန်မြန်ဖောက်ဖို့ မင်းတဲချောင်းကို သစ်သားတံတား တစ်ခုဆောက်ဖို့ ကျွန်တော် သခင်ကြီးကို အကြံပေးထားပါတယ်။ လမ်းကြမ်းပြီး တောကျလို့သူက မကြာမကြာ သွားမကြည့်နိုင်တော့ ရေနံသူခိုးတွေကလည်း ခိုးချင်တိုင်းခိုးလို့ရနေကြတာပေါ့။ လမ်းပြီးသွားရင်တော့ ညရောနေ့ပါ မြင်းနဲ့သွားကြည့်နိုင်မယ် မဟုတ်လား။ ခုတော့ ရေနံသွားခဲ့ရတဲ့လမ်းဟာ ဘယ်လောက်ကြမ်းတယ်ဆိုတာ မနေ့က အယ်လီအမြင်ပဲ"

အတန်ကြာမှ ကျော်ဇော်ဦးက စဉ်းစဉ်းစားစားပြောသည်။

တောနက်ထဲတွင်ရှိသော သူတို့၏ ရေနံတွင်းများကို သူခိုးခိုးယူ့ကတဲ့နေရာ ကာကွယ်နိုင်အောင် သူ့ဖခင်အား အကြံဉာဏ်ကောင်း ပေးထားသည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇော်ဦးအား အယ်လီမှာ ကျေးဇူးတင်မဆုံး ဖြစ်နေမိပြန်သည်။

လူငယ်ပေမယ့် အကြံပေး၊ ဉာဏ်ပေး၊ တိုင်ပင်ဖော်တိုင်ပင်ဖက် ရလို့လည်း သူ့ကို ဒက်ဒီက အားကိုးအားထားနဲ့ အရေးပေးအလိုလိုက် မြှောက်စားထားတာနေမှာပဲဟု တွေးမိသောအခါ ကျော်ဇော်ဦးအား သူမကပါ အားကိုးယုံကြည်ချင်စိတ်ဖြစ်လာမိသည်။ မနေ့ကသူမပါရင် ဒါတော့ ဒုက္ခလှလှကြီး ရောက်မှာပဲဟုလည်း အဖြစ်အပျက်ကို ပြန်တွေးမိပြီး ကြက်သီးထမိသည်။

ယခင်တုန်းက ကုလားအလုပ်သမားများသည် ရေနံခပ်ပြီး၍တောထဲက အပြန် လမ်းခုလတ်က ခိုးဝယ်လေ့ရှိသော တိုင်းရင်းသားများကို ရေနံခိုးရောင်းချကြသည်ဟု သူ့အဖေက အယ်လီအား မကြာမကြာ ပြောပြဖူးသည်။ ဤသည်တို့ကို တွေးမိသောအခါ အယ်လီမှာ ကျော်ဇော်ဦးအား ရိုးရိုးသားသားနှင့် သနားကြင်နာစရာကောင်းသူအဖြစ် ထင်မြင်လာမိသည်။

“ဟုတ်တယ်၊ ဟုတ်တယ် တောင်စောင်းပေါ်က ကျောက်လုံးကြီးတွေ လမ်းကိုမိုးနေတာ သိပ်ကြောက်စရာ ကောင်းတာပဲ။ မိုးသည်းတုန်း မတော်လို့ မြေပြိုရင် ရေနံသွားခပ်ကြတဲ့လူတွေအားလုံး ဒုက္ခရောက်ကြမှာ။ ဒက်ဒီကို လမ်းဖောက်ဖို့ မြန်မြန်သာပြော အယ်လီလည်း ပြောမယ်။ မနေ့ကလမ်းဟာ သိပ်ကြမ်းတာပဲ။ ဟိုတစ်နေ့က အယ်လီ အာမရာတို့နဲ့ လိုက်သွားခဲ့တဲ့ နေရာတွေကျတော့လည်း လမ်းကကောင်းသား။ အပြန်မှာ အယ်လီ သစ်ခွပန်းတွေတောင် ခူးလာသေးတယ်”

အယ်လီကလည်း ကျော်ဇော်ဦးစကားကို ထောက်ခံသောအနေနှင့် ပြန်ပြောသည်။

“သြော်...သစ်ခွပန်းဆိုလို့ ကျွန်တော် သတိအမြဲရနေပါတယ်။ဟိုနေ့က အယ်လီ လိုချင်တယ်ပြောတဲ့ သစ်ခွပန်းတွေ နေကောင်းတော့မှ ခူးလာပေးဦးမယ်”

ကျော်ဇော်ဦးက ‘သစ်ခွပန်းတွေ ခူးလာပေးဦးမယ်’ ပြောသဖြင့် အယ်လီ၏ရင်ထဲမှာ အတိုင်းမသိ ကြည်နူးသွားသည်။

“အယ်လီ ပြန်ဦးမယ်၊ ညနေကျရင် ဆေးတစ်ပြားသောက်ဖို့ မမေ့နဲ့နော်”

အယ်လီက ကရုဏာအပြည့်ပါသော မျက်လုံးအစုံဖြင့် ကျော်ဇော်ဦး၏ မျက်နှာကို ဝင့်ကြည့်ကာ ပြောသည်။

“ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ သြော် ဒါနဲ့သခင်ကြီး ဘယ်တော့ ပြန် လာမယ်ဆိုတာ ပြောမသွားဘူးလား”

“ကျော်ဇော်ဦးကိုကော ဒက်ဒီက ဘယ်နေ့ပြန်လာမယ်လို့ မပြောခဲ့ဘူးလား”

“ကျွန်တော်ကိုပြောတော့ တစ်ပတ်လောက်တောင် ကြာမယ်လိုလို ပြောတာပဲ”

“ဒီနေ့ညနေ ရောက်လိမ့်မယ်ထင်တယ်၊ ကျော်ဇော်ဦး ဖျားနေတယ်ဆိုတာ ဒက်ဒီရောက်ရင် ပြောလိုက်မယ်”ဟု ပြောပြီးမှ အယ်လီမှာ သူ့အဖေစကားနှစ်ခွ ပြောသွားသည်ကို သတိရမိသည်။ ကျော်ဇော်ဦးဆီမှာ တစ်ပတ်လောက်ကြာ



မည် ပြော၍ သူ့အမေနှင့်သူ့ကိုတော့ နှစ်ရက်တည်းပဲ ကြာမည်ဟု ပြောသွားခြင်းမှာ အယ်လီအဖို့တွက် တွေးမရအောင် ဖြစ်သွားမိသည်။

ခြေထောက်မြက်နေသဖြင့် ထော့နင်းထော့နင်းနှင့် သူ့အခန်းထဲမှ တစ်လှမ်းခြင်း လှမ်းထွက်သွားသော အယ်လီ၏နောက်ကျောကို ငေးကြည့်ကာ ကျော်ဇော်ဦးမှာ အယ်လီ၏အလှအပ၌သာ မိန်းမောနေမိသည်။ အယ်လီက သမင်လည်ပြန် လှည့်ကြည့်၍ ပြုံးပြသွားသည်ကိုတော့ သူကကြောင်ပြီး ပြန်ပြုံးမပြလိုက်မိပေ။ အယ်လီအား ကျေးဇူးတင်စကား ထပ်ဆင့်၍ပြောရန်နှင့် နှုတ်ဆက်ခြင်းကို သူက သတိမရမိ။ ကျွန်နှင့်သခင်ပင်ဖြစ်လင့်ကစား သူ့အပေါ်တွင် အယ်လီ၏ ထားရှိသော မေတ္တာကရုဏာများကိုသာ ကျော်ဇော်ဦးမှာအတွေး နယ်ချဲ့လျက်ရှိသည်။ အယ်လီ၏ရုပ်သွင် ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ဝေဒနာတစ်ခုသည် သူ့ရင်ထဲသို့ တိုးဝင်လာတော့၏။ သူ၏ အသည်းနှလုံးတို့သည် အယ်လီနှင့်အတူ လိုက်ပါသွားသလို ရင်ထဲမှာဟာ၍ ကျန်ရစ်လေသည်။

ကျော်ဇော်ဦးက သူနေကောင်းသွားလျှင် သစ်ခွပန်းတွေ ခူးလာပေးမည်ဟု ပြောသည်ကို အယ်လီမှာ ဝမ်းသာမဆုံးဖြစ်မိသော်လည်း ပြန်ခါနီးတွင် သူမက ပြုံးပြလိုက်သည်ကို မျက်လုံးညိုညိုကြီး အဝိုင်းသားနှင့်ငေးကြည့်ကာ ကျောက်ရုပ်မှာဖြစ် ကျန်ရစ်သော ကျော်ဇော်ဦးအား အယ်လီမှာ မတွေးတတ်အောင် ဖြစ်လာမိသည်။

အမှန်မှာ သခင်နှင့်ကျွန်မို့ သူက ပို၍ ဖော်ရွေပျူငှာသင့်သည် မဟုတ်ပါလား။ ဤအခွင့်အရေးမျိုးကို အယ်လီသည် မည်သည့် အလုပ်သမားကိုမျှ မပေးဖူးပေ။ ကုလားအလုပ်သမား တစ်ယောက်ယောက်ကိုသာ ဤအခွင့်အရေးမျိုးပေးလျှင် ထိုအလုပ်သမားသည် အယ်လီအားကျေးဇူးတင်၍ ဆုံးမည်မဟုတ်။ သူ့အား ယခုလိုဆေးလာပေးရသည်မှာ သူမအနေက မည်မျှ စွန့်စားလာရသည် ကို သူမသိလေယောင် တကား။ ယခုတော့ သူကြည့်နေပုံကြီးက ဆေးလာပေးသူအား ကျေးဇူးမတင်သည့်အပြင် အထင်သေးသော အသွင်နှင့်ပင် ကြည့်နေသလိုလား။ ဤသည်ကိုတော့ အယ်လီမှာ ဝမ်းနည်း၍ ကြေကွဲမဆုံးဖြစ်မိသည်။

ကျော်ဇော်ဦးကိုတွေ့ရ၊ မြင်ရ စကားပြောဆိုရ၊ ဆက်ဆံရတိုင်း နောက်ဆုံးသော စက္ကန့်မှ မိနစ်ပိုင်းအချိန်တွင်တော့ အသိရခက်သော၊ တွေးတော၍မရသော သံသယစိတ်၊ စိုးရိမ်ပူပန်စိတ်၊ ထိတ်လန့်တုန်လှုပ်ရသောစိတ်၊ မကျေနပ်ချင်သလို ဝမ်းနည်းချင်သလို ဖြစ်သောစိတ်စသည့် အလိုမကျသည့် စိတ်တစ်ခုခုကတော့ ဝင်ရောက်ခွဲခွာလာပြီး နောက်ပိုင်းတွင် အယ်လီ၏စိတ်ထဲ၌ အမြဲ တွယ်ငြိလာမိ ဟော ကြည့်လေ ခုလည်း ကျော်ဇော်ဦးအား ဆေးပေးပြီးအပြန်မှာ သူ ကို အထင်သေးသွားပြီလားဟူသော စိုးရိမ်ပူပန်စိတ် တစ်ခုသည် အယ်လီ ငြိတွယ်ကာ ပါလာပြန်ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…အယ်လီ"

"အို၊ ဟာ ကိုကျော်ဟိုး ဘယ်ကလှည့်လာသလဲ"

မြေနီလမ်းကျဉ်းကလေးအတိုင်း ကုန်းမြင့်သာယာအိမ်ကြီးပေါ်သို့ လှမ်းတက်လာနေသော အယ်လီအား သူကြီးလေးမောင်ကျော်ဟိုးက နှုတ်ဆက်လိုက်လေသောအခါ အယ်လီမှာ ဖျတ်ခနဲ လန့်သွားသည်။ သူက ကျော်ဇော်ဦးအကြောင်းကို တွေးလာသူမို့ မောင်ကျော်ဟိုးအား မမြင်မိပေ။ မောင်ကျော်ဟိုးကတော့ ခြေထောက်တစ်ဖက် ထော့နွှင်းထော့နင်းနှင့် အလုပ်သမားတန်းလျားရှိရာ ဆင်ခြေလျှောတောင်စောင်းမှ တစ်လှမ်းချင်း လှမ်းတက်လာသော အယ်လီကို အဝေးမှသွကာပင် မြင်နှင့်ပုံရသည်။

"ဟဲ ဟဲ အယ်လီ လန့်သွားတယ် ထင်တယ်"

"ဟင့်အင်း၊ မလန့်ပါဘူး"

ကျော်ဇော်ဦးဆီက သူမပြန်လာသည်ကို မောင်ကျော်ဟိုး သိသွားသည်ထင်၍ အယ်လီကမှန်ထူပြီး ရက်စိတ်နှင့် ပြောမိပြောရာ စွတ်ပြောလိုက်ခြင်းဖြစ်သည်။

"မလန့်ပါဘူး၊ ထိတ်ခနဲ ဖြစ်သွားတာပါ"ဟု မောင်ကျော်ဟိုးက အရွှင်ဖေါက်၍ ပြောလိုက်သောအခါ အယ်လီမှာ ပို၍ မလုံမလဲဖြစ်သွား၏။ 'ကျော်ဇော်ဦးအား ဆေးသွားပေးသည်ကို သူ သိသွားရင်တော့ မာမီ့ကို ပြောတော့မှာပဲ' ဟူသောအတွေးက သူမကို ပို၍ ထိတ်လန့်စေပြန်သည်။

"ခြေထောက် ဘာဖြစ်လို့လဲ"

"သြော် ခြေထောက်လား၊ ခုနလေးတင် ဟိုတောင်စောင်းနားမှာ ချော်လဲလာလို့ပါ"

"ဟုတ်လား၊ မနေ့က မိုးရွာတော့ လမ်းချောတယ် ထင်ပါရဲ့။ ပြစမ်းကျွန်တော်…"

မောင်ကျော်ဟိုးက အယ်လီ၏ ခြေထောက်သို့ လက်ကိုဆန့်တန်း၍ ခါး[illegible]ညွတ်လိုက်သည်။

"အို နေပါ၊ အရေးမကြီးပါဘူး။ ခုနလေးတင်မို့ပါ၊ တော်ကြာ သက်သာသွားပါလိမ့်မယ်"

"အန်တီက ပြောတော့ မနေ့ကဆို"

မောင်ကျော်ဟိုးသည် အယ်လီ၏မျက်နှာကို ပြုံးဖြီးဖြီးနှင့် စိုက်ကြည့်ရင်းထဆိုလိုက်၏။ သူသည် ရက်သွားပုံရသည်။

"ဟုတ်တယ်လေ၊ အယ်လီက ဘာပြောလို့လဲ"

"ဟောဗျာ၊ အယ်လီက ခုနလေးတင်ဆို"

"မာမီပြောလို့ သိတယ်ပြောပြီး ရှင်ကပြောလို့ ပြောရတာပါ"



"ဟဲ ဟဲ၊ အယ်လီလည်း တယ်နောက်တတ်တာပဲ"

"ရှင်"

"သြော်…အယ်လီလည်း နောက်တတ်သားပဲလို့ ပြောတာပါ"

မောင်ကျော်ဟိုးက အယ်လီအပြောကို သဘောကျ၍ တဟဲဟဲရယ်နေသော်လည်း အယ်လီကတော့ သံသယတစ်ဝက်နှင့်မို့ ဟန်မပျက်ဖြီး၍သာ နေလိုက်သည်။

"ဘယ်က လှည့်လာတာလဲ"

"အယ်လီ့ကို နှုတ်ဆက်ရအောင် တမင်လာတာပါ။ အိမ်ပေါ်ကို တက်မလို့ပါ။ အယ်လီတက်လာတာ မြင်တာနဲ့ ဒီက ရပ်စောင့်နေတာပါ"

"သြော်…ဟုတ်လား"

အယ်လီက အရိုးခံအတိုင်းပြောသည်ကို မောင်ကျော်ဟိုးက သူ့ကို ကြိနောက်နေသည် ထင်သဖြင့် ကိုယ်ကိုနောက်သို့ အနည်းငယ် တွန့်ပစ်လိုက်၏။

"မာမီနဲ့ တွေ့ပြီးပြီလား"

"အန်တီ့ကို ရေနံဆီဆိုင်မှာ ဝင်ပြီး တွေ့ပြီးပါပြီ။ အန်ကယ် မြို့ကို သွားတယ်ဆို"

"ဟုတ်တယ်၊ ဒီညနေ ပြန်ရောက်မယ် ထင်တာပဲ။ လာလေ အိမ်ပေါ်ကို တက်ပါ ဦးလား"

"မတက်တော့ပါဘူး"

"ဘာဖြစ်လို့လဲ၊ ကိစ္စအရေးတကြီး ရှိလို့လား"

"မရှိပါဘူး"

'ကိစ္စ အထူးမရှိ'ဟု ပြောနေသော်လည်း မောင်ကျော်ဟိုးကို ကြည့်ရသည်မှာ ယနေ့ ထူးဆန်းနေသည်ဟု အယ်လီ ထင်နေသည်။ ရေနံသူခိုးတွေကိစ္စများ အရေးတကြီး ဖြစ်နေ၍ ထိတ်လန့်နေသလားဟုလည်း တွေးမိသည်။ မောင်ကျော်ဟိုးကလည်း 'ဒီသူငယ်မ ဒီနေ့စိတ်မှုပြီမိရဲ့လား'ဟူသော သဘောဖြင့် အကဲခတ်ကြည့်လျက်ရှိသည်။

"ကိစ္စ အရေးမကြီးရင် အိမ်ပေါ်ကို တက်ပါဦးလေ။ ဒက်ဒီ မရှိပေမယ့် မာမီနဲ့ တွေ့ရင်လည်း [illegible]းတာပဲ မဟုတ်လား"

"ဟုတ်ကဲ့ အန်တီနဲ့ တွေ့ပြီးပါပြီ"

"မာမီက ဘာပြောလဲ၊ ရေနံသူခိုးတွေကိစ္စ ပြောသေးလား"

"ဟုတ်ကဲ့ မိုးတွင်းကတော့ အခြေအနေသိပ်မဆိုးဘူး ပြောတယ်"

"မိုးတွင်းက မဆိုးပေမယ့် နွေပေါက်လာရင် ရေနံသူခိုးတွေက ထကြွစမြဲပဲ မဟုတ်လား။ ဟိုတလောကတောင် အထက်တောဘက်မှာ တော်တော် အနိုင်ခံနေသေးတယ်လို့ ဒက်ဒီ ညည်းသံကြားလိုက်သေးတယ်"

အမှန်က ရေနံသူခိုးတွေ၏ အခြေအနေသည် မဆိုးမဟုတ်။ ဟိုနှစ်ကနှင့်စာသော် အများကြီး ပိုဆိုးလာ၏။ သို့သော် ရေနံသူခိုး ထကြွသည်ဆိုလျှင်

www.burmeseclassic.com



သူ့တာဝန်လိုလို ဖြစ်နေသဖြင့် အယ်လီရှေ့မှာ သူ့သိက္ခာကျမည်စိုး၍ မောင်ကျော်ဟိုးက ဖုံးဖိလိုက်ခြင်းသာ။

"ပြောပါတယ်၊ တစ်ခါတလေဆိုတော့ သိပ်အရေးမကြီးသေးပါဘူး။ ဒီနှစ် နွေမရောက်ခင် ဆောင်းဦးမှာ ရေနံသူခိုးတွေကို လက်ပူးလက်ကြပ်ဖမ်းမိနိုင်အောင် ကျွန်တော်လည်း ခုကတည်းက ကြိုးစားနေတာပါပဲ။ ဒီနှစ်တော့ စိတ်ချပါ။ မနှစ်ကလို အခြေအနေ မဆိုးရပါဘူး"

ပြောမည့်သာ ပြောရသော်လည်း မောင်ကျော်ဟိုး၏ စိတ်ထဲကတော့ မလုံမလဲ ဖြစ်လျက်ပင်။

"ကျေးဇူးပါပဲ၊ ရှင်ကလည်း တစ်ခါတစ်ခါ ပေါ် မလာဘဲကိုး။ မြို့ကို မသွားခင် တစ်နေ့ကတောင် မင်းပြင်ကလူတွေ ရေနံလာဝယ်လို့ ရှင်တို့သားအဖကို အကို က မေးသေးတယ်"

"ဟုတ်လား၊ ကျွန်တော် မနေ့က လာမလို့ပါဘဲ။ မိုးသိပ်သည်းနေတော့ မလာ ဖြစ်ဘူး"

"အကိုဒီ ဒီနေ့ညနေ ရောက်မယ်ထင်တာပဲ။ မြင်းလည်းပါသားပဲ။ ဒီမှာတင် ညနေစာစားပြီး စောင့်ပါဦးလား"

"ကိစ္စ အရေးတကြီးမရှိလို့ မစောင့်တော့ပါဘူး။ ပြန်ပါဦးမယ်နော်။ နောက် တစ်ရက် နှစ်ရက်လောက်မှ တစ်ခါလှည့်လာဦးမယ်"

အယ်လီက ယဉ်ကျေးသိမ်မွေ့စွာ ခေါင်းညိတ်ပြလိုက်သောအခါ မောင်ကျော်ဟိုးသည် ကုန်းမြင့်သာယာမှ ဆင်းသွားလေသည်။

* * *

| ၂၀ |

ခရစ္စမတ်၏ အကြိုနေ့ည။

လေပြေညှင်းညှင်းတွင် ငွေနှင်းတွေက ဝေ့မျောပါလာနေကြသည်။ စိမ်းလန်းသော ခင်တန်းနှင့် တောအလုံးတို့သည် ပြာနမ်းနမ်း ဖြူလွလွအသွင်ကို ဆောင်လာကြသည်။ မှောင်ရီပြိုးဖျတွင် ကုန်းမြင့်သာယာတစ်ဝိုက်ကို ငွေနှင်းတွေက ရစ်ဝိုင်းလေတော့မည့် အသွင်တည်း။

ကျော်ဇော်ဦးသည် ဥယျာဉ်အစ၌ မြင်းဇက်ကိုသတ်၍ ရပ်လိုက်၏။ ညင်ညင်သာသာ တိုက်ခတ်နေသော လေနုအေးထဲတွင် သွယ်တန်း ယှက်လိမ်ထားသော ရောင်စုံ ပန်းစက္ကူလေးများက တဖျတ်ဖျတ် လှုပ်ခတ်နေကြသည်။

"ဟေး…ကျော်ဇော်ဦး ဒီလာပါဦးဟာ"

အသံလာရာဘက်သို့ ကျော်ဇော်ဦး လှမ်းကဲကြည့်လိုက်၏။ အယ်လီသည် ရောင်စုံစက္ကူမီးပုံးလေးတွေကို ဆွဲကိုင်ကာ ဥယျာဉ်အစက သူ့အားလှမ်းခေါ်နေ၏။ အယ်လီသည် သူ့အားခိုင်းစေရန် ခေါ်ပြီဆိုသည်ကို ကျော်ဇော်ဦး[illegible] သိလိုက်သည်။

"အာမရာတို့လူအုပ်ထဲက တစ်ယောက်ယောက်ကို ခေါ် ခိုင်းဗျာ။ ကျွန်တော် ခုတင်ပဲ မင်းပြင်က ပြန်လာတယ်"

"နင်ကလည်း ဟယ်၊ မြင်းနဲ့သွားတာပဲ မောရတယ်ရှိသေးလား။ လာပြီး ကူစမ်းပါဦးဟာ။ နင့်အတွက်ငါ ခရစ္စမတ်လက်ဆောင် တစ်ခုဝယ်ထားတယ်၊ အဲဒါ နင်ကြိုက် မကြိုက် လာကြည့်ပါဦး"

သူ့အား ထူးထူးဆန်းဆန်း ခရစ္စမတ်လက်ဆောင်တစ်ခု သခင်မလေးက ပေးမည် ဆိုတော့လည်း ကျော်ဇော်ဦးသည် ဝမ်းသာအားရနှင့် အယ်လီ့အနားသို့ ရောက်သွားရပြန်၏။ အလုပ်သမားများထဲတွင် သူတစ်ယောက်ကိုမှ ရွေးပြီး ခရစ္စမတ်လက်ဆောင် ပေးမည်ဆိုသည်ကို မည်သူကဝမ်းမသာဘဲ နေပါမည်နည်း။

"ကဲ နင်က အပေါ် ကိုတက်၊ ငါက မီးညှိပြီး ကမ်းပေးမယ်။ ဒီသစ်ပင်တွေပေါ် မီးထွန်းရအောင်"

"ဟာ ခင်ဗျား မကောင်းဘူးဗျာ၊ ဘယ်မှာလဲ ကျွန်တော့်အတွက် ခရစ္စမတ် လက်ဆောင် ပေးမယ်ဆိုတာ"

"နောက်တော့ ပေးမှာပေါ့ဟာ လုပ်မှာသာလုပ်စမ်းပါ။ အတော်ကြာရင် မိုးချုပ် တော့မယ်။ ခုဆို ဧည့်သည်တွေတောင် လာနေကြပြီးလား မသိဘာ"

"ခင်ဗျား တကယ်ပြောတာနော်"

"တကယ်ပါဟာ၊ နင် ဆောင်းတွင်းဝတ်ဖို့ အနွေးထည်အင်္ကျီ လက်ဆောင် ပေးမလို့ ငါ တစ်နေ့ကပဲ မြို့က ဝယ်လာတာ"

ဆောင်းတွင်းဝတ်ရန် အနွေးထည်အင်္ကျီရမည် ဆိုတော့လည်း ကျော်ဇော်ဦးသည် ချက်ချင်း သစ်ပင်ပေါ် သို့ ရောက်သွား၏။ အယ်လီဝယ်ပေးတဲ့ အင်္ကျီဆိုရင် အဖိုးတန်ဖြစ်မှာပဲဟု ကျော်ဇော်ဦး စိတ်ထဲကတွေး၍ ပျော်နေ၏။

"မင်းပြင်ကို ဘာသွားလုပ်တာလဲ"

အယ်လီသည် ရောင်စုံမီးပုံးလေးတစ်လုံးကို ထွန်းညှိ ကမ်းပေးရင်းကမေး၏။

"သခင်ကြီးက သူကြီးလေးတို့သားအဖကို စောစောလာဖို့ ပြောခိုင်းလို့ သွား ပြောရတာ"

"တွေ့ခဲ့ရဲ့လား"

"ဟုတ်ကဲ့"

"တော်ပါပြီ၊ အဲဒီအကိုင်းမှာ တစ်လုံးချိတ်၊ မဟုတ်ဘူးလေ၊ ဒီဘက်က အကိုင်းမှာ"

မီးထွန်းညှိထားသော ခရစ္စမတ်ရောင်စုံမီးပုံးလေး တစ်လုံးကို တံချူတစ်ချောင်းနှင့် ချိတ်ကမ်းပေးနေရင်း သစ်ပင်ပေါ် ရောက်နေသော ကျော်ဇော်ဦးအား အယ်လီက လှမ်းပြောသည်။

အယ်လီပြောသည့်အတိုင်း ကျော်ဇော်ဦးသည် သစ်ကိုင်းတစ်ခု၌ မီးပုံးလေးကို

www.burmeseclassic.com



ချီတ်လိုက်သည်။

"လိမ့်ကျမယ်နော်၊ ကောင်းကောင်းတက်။ ဒီက အစိမ်းကို ဟော့ဟိုဘက် တိုင်မှာ ချိတ်၊ သိပ်အမြင့်တက်မသွားနဲ့လေ။ မီမှ မမီတော့တာ"

"ခင်ဗျားက ပြောရင် ပါးစပ်နဲ့ပြောလေဗျာ၊ အောက်ကနေပြီး တုတ်နဲ့ တချက်ချက် မရိုက်ပါနဲ့။ ကျုပ် တင်ပါးတွေ တျိန်းလှပြီ"

ကျော်ဖေဦး၏ အပြောကို အယ်လီကသည်းဘာကျသဖြင့် တခစ်ခစ်ရယ် လိုက်သည်။ ကျော်ဖေဦးကလည်း သူ့အား မော်ကြည့်၍နေသော အယ်လီ၏ မျက်နှာကို ပြုံးကြည့်ကာနေ၏။

"နင်က ပြောသလိုမှ မဟုတ်တာ၊ ဟော အမြင့်ကို တက်သွားပြန်ပြီ။ ခါချဉ်ထုပ်တွေနဲ့ တမင်မလုပ်နဲ့ဟာ"

"ပေလုပ်ရပါဘူးဗျာ၊ ခင်ဗျားက လေအောက်သွားနေတာကိုး"

အယ်လီနှင့် ကျော်ဖေဦးတို့သည် တစ်ယောက်ကိုတစ်ယောက် မသိမသာ ရောင်း ပျော်နေကြသည်။ အချိန်မှာ မှောင်ရီဖြိုးဖျပင် ရှိသွားလေပြီ။

အတော်ကလေးကြာသောအခါ ကုန်းမြင့်သာယာအိမ်ကြီး ရှေ့ပန်းခြံထဲက သစ်ပင်များပေါ်မှာ ခရစ္စမတ် ရောင်စုံမီးပုံးလေးတွေက စိန်ထိန်လင်းလာသည်။

နှင်းပုလဲတို့ ရှစ်ဝဲဖြန့်ကြက်ထားသော ဆောင်းပဝါပါးကို လွှမ်းခြုံကာကုန်း မြင့်သာယာကား ပနာတင့်နေလေပြီ။

အိမ်ရှေ့ပန်းခြံထဲတွင် ရောင်စုံမီးပုံးလေးများကို ထွန်းညှိရင်း အယ်လီနှင့် ကျော်ဖေဦးတို့က အလုပ်များနေကြသလို အာမရာနှင့် နောက်အလုပ်သမား သုံးလေးယောက်တို့ကလည်း ပန်းခြံထဲတွင် စားပွဲကုလားထိုင်များကို နေရာတကျ ခင်းကျင်းရင်း အလုပ်များနေကြသည်။

ယနေ့ည ခရစ္စမတ်အကြိုတွင် ကုန်းမြင့်သာယာနှင့်နီးသော ရွာနီးချုပ်စပ် တစ်ဝိုက်မှ ရွာခေါင်းများနှင့် ရပ်ရွာတွင်သြဇာအာဏာရှိသူ လူကြီးလူကောင်းများ ကို သခင်ကြီးက ပင့်ဖိတ်၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည် ဖြစ်သဖြင့် မဦးဖြူနှင့် ကုလားအမျိုးသမီး သုံးလေးယောက်မှာလည်း ချက်ဟဲ့ပြုတ်ဟဲ့နှင့် အလုပ်များလျက် ရှိကြသည်။

သခင်ကြီးနှင့် သခင်မကြီးတို့သည် သူတို့၏ ဧည့်ခံပွဲကို စိတ်တိုင်းကျ လှည့်လည်ကြည့်ရှုလျက် ဟိုကခုံ သည်ရွှေ့၊ သည်ကစားပွဲ ဟိုပြောင်းနှင့် မနေ မနား အားအားရှိတိုင်း ခိုင်းစေနေကြသည်။

ခရစ္စမတ်အကြိုနေ့တွင် ကုန်းမြင့်သာယာနှင့်နီးသော ရွာနီးချုပ်စပ် တစ်ဝိုက် ရှိ ရွာများမှ ရွာခေါင်းများနှင့် သြဇာအာဏာရှိသူ လူကြီးလူကောင်းများကို ယခင်က မဖိတ်ဘဲ ယခုမှ ပင့်ဖိတ်ကျွေးမွေးခြင်းမှာ မိုးနှောင်းကာလကပင် ထ ကြွသောင်းကျန်းနေကြသော ရေနံ့သူခိုးများအား မင်းပြင်ရွာသူကြီးတို့ သားအဖ နှစ်ယောက်နှင့် နှိမ်နင်း၍ မရမှန်းသိသဖြင့် ယခုလို တစ်ဖက်လှည့်ပြီး ရွာခေါင်းတွေ ကိုပါ နှိမ်နင်းခိုင်းရန် ဖြစ်လေသည်။



မင်းပြင်ရွာသူကြီးတို့ သားအဖနှစ်ယောက်သည် မိုးမချုပ်ခင်ကပင် ကုန်းမြင့် သာယာသို့ ရောက်လာကြ၏။ ရွာနီးချုပ်စပ်တစ်ဝိုက်မှ ကုန်းမြင့်သာယာသို့ ရောက်လာကြမည့် ရွာခေါင်းများနှင့် ရပ်ရွာတွင် သြဇာအာဏာရှိသူများကို မည်ကဲ့သို့ ဧည့်ခံရမည်ဆိုသည်ကို သူကြီးတို့သားအဖနှင့် သခင်ကြီး သခင်မ ကြီးတို့က စည်းလားရိုက်ထားကြသည်။

မီးရောင်စုံများ ထွန်းညှိထားသော ကုန်းမြင့်သာယာတစ်ဝိုက်ကို အမှောင်ထု က ဝါးမျိုစပြုလာ၏။ သခင်ကြီးပင့်ဖိတ်ထားသော ရွာခေါင်းများနှင့် လူကြီး လူကောင်းများသည် မြင်းကိုယ်စီ၊ သေနတ်ကိုယ်စီနှင့် ကုန်းမြင့်သာယာသို့ အလျှိုအလျှို ရောက်လာကြသည်။ပိုးဖဲကတ္တီပါများဖြင့် ချုပ်လုပ်ထားသော တိုင်း ရင်းသားဝတ်စုံကို အစွမ်းကုန် ဝတ်ဆင်လာကြသော ရွာခေါင်းများနှင့် ဧည့် ပရိသတ်များ၏အသွင်မှာ လွန်စွာ မြူးကြွလျက်ရှိသည်။ လက်ဆွဲအောက်လင်း ဓာတ်မီး၏ အလင်းရောင်အောက်တွင် သူတို့၏ အဝတ်အဆင်များတို့သည် ဘဖိတ်ဖိတ်တောက်နေကြသည်။ ခါတိုင်းနှစ်တွေမှာ သူတို့အား သခင်ကြီးက ဘခါမျှ ပင့်ဖိတ်ခြင်းမပြုဘဲ ယခုနှစ်မှ သူတို့အား ဘာကြောင့် ကုန်းမြင့်သာ ယာသို့ ပင့်ဖိတ်၍ ကျွေးမွေးဧည့်ခံခြင်း ပြုရသည်ကို သူတို့သည် လုံးဝ မေ့ထား ကြပုံရသည်။ ယခုလို သခင်ကြီးက ပင့်ဖိတ်ခြင်းကိုသာ သူတို့တွေမှာ အတိုင်း မသိ ဂုဏ်ယူဝင့်ကြွား နေကြပုံရလေသည်။

ကုန်းမြင့်သာယာကို ရောက်လာကြသော ရွာခေါင်းနှင့် လူကြီးလူကောင်း များအား သခင်ကြီးသည် ပျူပျူငှာငှာနှင့် လက်ဆွဲနှုတ်ဆက်ကာ တစ်ယောက်ပြီး တစ်ယောက် နေရာထိုင်ခင်းများပေး၍ သူ့သမီး၊ သူ့ဇနီးတို့နှင့်လည်း မိတ်ဆက် ပေး၏။

ခရစ္စမတ်ဧည့်ခံပွဲသို့ ကြွရောက်လာကြသော သူကြီးမင်းနှင့် ရွာခေါင်းလူ ကြီး လူကောင်းများအား သခင်ကြီးက ညနေစာ မစားကြမီ အနောက်နိုင်ငံမှ မှာယူထားသော အရက်များ၊ အကြော်အလှော်များနှင့် အစွမ်းကုန် ဧည့်ခံလျက် ရှိသည်။

သူကြီးလေးမောင်ကျော်ဟိုးနှင့် အယ်လီတို့မှာ လူငယ်များဖြစ်ကြသဖြင့် သူကြီးဝိုင်းတွင် အကြော်အလှော်များ ထပ်ဖြည့်ပေးခြင်း၊ အရက်များငှဲ့ပေးခြင်း၊ တစ်ခါတစ်ခါတွင် သူတို့ပါ လူကြီးတွေနှင့်ရော၍ အရက်တစ်ကြိုက်၊ အမြည်းတစ် ကိုက် စားသောက်ခြင်းဖြင့် ပျော်နေကြသည်။

သူတို့ဆီတွင် အစေအပါးသာဖြစ်သော ကျော်ဖေဦးကတော့ ဧည့်ခံပွဲထဲ သို့ပင် မဝင်ရဘဲ အပြင်ကသာစောင့်နေရသည်။ အရက်ဝိုင်းထဲတွင် အကြော်အ လှော် အစားအသောက်များ ကုန်သွားလျှင်တော့ အယ်လီသည်လည်းကောင်း၊ မောင်ကျော်ဟိုးသည် လည်းကောင်း ပန်းကန်ကိုယူလာပြီး ကျော်ဖေဦးအား ခိုင်းပေးတတ်သည်။ ကျော်ဖေဦးက တစ်ဆင့်ယူ၍ သူ့အမေနှင့် ကုလားအမျိုး သမီးများ ချက်ပြုတ်ကြော်လှော်ထားသော မီးဖိုဆောင်မှာ သွားယူရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းပုလဲတို့က သိပ်သည်း ထူထပ်လာသလို အမှောင်ထုကလည်း ပိန်းပိတ် နက်မှောင်လာသည်။ ထိုအခါ ညသည် ပို၍ နက်ရှိုင်းလာ၏။

မထတမ်း သောက်စားနေကြသော လူကြီးဝိုင်းမှ စကားသံများသည် တ ဖြည်းဖြည်း လေးလံထိုင်းမှိုင်းလာကြသည်။ သူကြီးမင်းနှင့် ရွာခေါင်းတို့သည် သခင်ကြီးတိုက် ကျွေးထားသော အဆိပ်ရည်များ ယစ်မူးလာပြီး ဖြစ်သဖြင့် သခင်ကြီး၏ ရန်သူဖြစ်သော ရေနံသူခိုးများကို ဘယ်နည်းဘယ်ပုံ ဝိုင်းဝန်းဖမ်းဆီး ကြမည်ဟု ကတိဝန်ခံချက်တွေ အထပ်ထပ်ပြု၍ ယစ်ရွှေရည်ခွက်များကို ကိုင် မြှောက်ကာ သခင်ကြီးတို့၏မိသားစု အသက်ရာကျော် ရှည်ပါစေကြောင်းကိုလည်း တညီတညွတ်တည်း ဝိုင်းဝန်းဆုတောင်းလျက် ရှိကြသည်။

သခင်ကြီးတို့မိသားစု အသက်ရာကျော် ရှည်ပါစေကြောင်း အကြိမ်ကြိမ် ဆုတောင်းပြီး အကြိမ်ကြိမ် သောက်ကြပြန်သည်။ သခင်ကြီးမှာ မိမိ၏အကျိုး စီးပွားအတွက် ပါးနပ်လိမ္မာပြီးသားဖြစ်လေရာ သူကြီးမင်းနှင့် ရွာခေါင်းတို့အား အရက်ကိုသာ ဖိတိုက်၍ သူလိုချင်သော ကတိဝန်ခံချက်တွေကို တောင်းခံလျက် ရှိလေသည်။ အရက်ဝိုင်းတွင် မဆင်မခြင်ပြောသော စကားတစ်ခွန်း၊ ကတိတစ် ခုသည် တစ်ခါတစ်ခါတွင် အလွန်အရေးပါ အရာရောက်လှသည် မဟုတ်ပါလား။

လူကြီးတွေမှာ ယစ်ရွှေရည်များ မူးယစ်ပြီး စကားဖောင်ဖွဲ့ နေကြသလို အယ်လီနှင့် မောင်ကျော်ဟိုးတို့မှာလည်း ယစ်မူးစပြုလာကြသည်။ လူကြီးတွေ မှာ ထမင်းစ၍ စားနေကြပြီဖြစ်သော်လည်း မောင်ကျော်ဟိုနှင့် အယ်လီတို့ကတော့ မစားကြသေးပေ။

သူ၏အရှင်သခင်က ‘ဘာလိုတယ်ပော့’ဟု မိန့်ခွန်းခြွေသံကိုသာ ပွဲအပြင်ဘက် မှ ညိုးညိုးငယ်ငယ်နှင့် ဟစ်ချိန်ငုံ့မတ်တတ်ရပ် စောင့်ဆိုင်းနေရသော ကျော်ဇော ဦး၏ ရင်ထဲက ဆာလောင်မွတ်သိပ်ခြင်း ဝေဒနာမှာ အတိုင်းမသိ လှုပ်ခတ်လာ သည်။ သူများတကာတွေ ပျော်မြူးနေကြသော်လည်း သူကမပျော်နိုင်ရှာ။ ယနေ့ သူသည် မနက်ကပင် အားရသည်ဟုမရှိခဲ့။ ဧည့်ခံပွဲအတွက် ကြက်နှင့်အသားဟင်း များ ရှာဝယ်ပေးရ၏။ သူ့အမေနှင့် ကုလားအမျိုးသမီးများ ချက်ပြုတ်ကြော် လှော်ရာတွင်လည်း ကြက်နှင့် အသားဟင်းများကို ခုတ်လှီးဖြတ်ပိုင်းပေးရ၏။ ညနေစောင်းမှာ ကုန်းမြင့်သာယာရှိ ပတ်ဝန်းကျင်နှင့် အတက်အဆင်းလမ်းများ ကို ရှင်းလင်းရသည်။ သည်ကြားထဲ နေဝင်ခါနီး၍ သူကြီးလေးတို့သားအဖ စောစောကြွကြပါရန် မြင်းကို ဒုန်းစိုင်းနှင်ကာ မင်းပြင်သို့တစ်ခေါက် ပြေးလိုက်ရ သေး၏။ မင်းပြင်ရွာက ပြန်အရောက်မှာ အယ်လီအား ကူညီရပြန်သည်။ ဧည့်ခံပွဲ စပြီ ဆိုတော့လည်း သခင်ကြီး တာဝန်ပေးထားသည့်အတိုင်း မီးဖိုဆောင်နှင့် ပွဲခင်းက အစားအသောက်ကို တစ်ချိန်လုံး စောင့်ဆိုင်း၍ တာဝန်ယူရပြန်လေ သည်။ ထို့ကြောင့် ယနေ့ည ရှစ်နာရီထိုးခါနီးပြီ ဖြစ်သော်လည်း ကျော်ဇောဦးက ညနေစာကို မစားရသေးပေ။ သူ့အမေနှင့် ကုလားအမျိုးသား အမျိုးသမီးတို့မှာ ချက်ပြုတ် ကြော်လှော် ပြီးသည်နှင့်တစ်ပိုင်နက် တာဝန်ကင်းသွားပြီ ဖြစ်သော်လည်း



သူ့တာဝန်မှာကား ပွဲမပြီးမချင်း ဖြစ်လေသည်။

အယ်လီနှင့် သူကြီးလေး မောင်ကျော်ဟိုးတို့သည် မျက်နှာချင်းဆိုင်ထိုင်၍ စကားဖောင်ဖွဲ့နေကြ၏။ သူတို့နှစ်ယောက်သည် လူကြီးများလို ထမင်းစား ကြရသေးသော်လည်း ယစ်ရွှေရည်နှင့် အသားကြော်များကို မြိန်ခံသောက်စားရင်း ပျော်နေကြသည်။ ဤသည်တို့ကို မြင်ရသောအခါ ကျော်ဇောဦး၏ ရင်ထဲမှ ပို၍ ဆူပွက် နာကျင်လာရသည်။

မိမိ၏ ဘဝပေးအခြေအနေနှင့် သူကြီးလေးမောင်ကျော်ဟိုး၏ ဘဝပေးအခြေ အနေတို့ကို စဉ်းစားမိပြန်သောအခါ ရင်ထဲမှာ သည်းအူပြတ်မျှခံစားရပြီး မျက် လုံးအိမ်တွင် မျက်ရည်တို့ကလည်း ဝေ့တက်လာကြသည်။ ‘ငါနဲ့ ဘာမှဆိုင် ပါဘူး’ဟု စိတ်ကို ငြိမ်းသတ်သော်လည်း ရင်ထဲ၌ တိုက်ခတ်နေသော မုန်တိုင်းက မငြိမ်မသက်။ ထိုအခါ ပြင်းပြစွာသော လှိုင်းဂယက်တွေကလည်း တဖျတ်ဖျတ်လှုပ် ခတ်လာကြသည်။ လူ တစ်ကိုယ်လုံးမှာ ပင်ပန်းနွမ်းနယ်လာသလို ရင်ထဲမှာလည်း လှိုက်မော၍လာလေသည်။ ထိုအခါ စိတ်ကလည်း နောက်ကျိရှုပ်ထွေးလာ၏။

ဧည့်ခံပွဲတွင် အစားအသောက် အကြော်အလှော်များ တစ်စုံတစ်ခုကုန်နေ၍ အော်ခေါ် တောင်းနေရလျှင် အရှင်သခင်များ ငြိုငြင်ကြမည်ကို စိုးသဖြင့် ကျော်ဇော ဦးသည် ဧည့်ခံပွဲခင်းထဲသို့ လှမ်းကြည့်လိုက်၏။ အယ်လီ၏ ရစ်သွင်သည် သူ့ မျက်လုံးထဲသို့ ဦးစွာ ရောက်လာသည်။ တရှဲရှဲ မြည်နေသော လက်ဆွဲဓာတ်မီး ရောင်အောက်တွင် အယ်လီ၏အလှကား နတ်မိမယ်တမျှပင်။ သည်က မျက်လုံး ကိုစွာသော် အယ်ရွှေမှာက မောင်ကျော်ဟိုး။ သူတို့နှစ်ယောက်သည် တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်ကာ ရယ်လိုက်၊ ပြောလိုက်၊ စားလိုက်၊ သောက် လိုက်နှင့် ပျော်နေကြသည်။

ဧည့်ခံပွဲတစ်ခုလုံး စကားသံများဖြင့် ဆူညံနေသည်။ ယစ်ရွှေရည်မူး၍ စကားဦးစတမ်း လုပြောလာကြသောအခါ အစားအသောက် အကြော်အလှော် တို့မှာ သက်သာရာရလာသည်။ တစ်ပန်းကန့်ရူးခပ်ပေးထားလျှင် တော်တော်နှင့် မကုန်နိုင်ကြ။ ထိုအခါ ကျော်ဦးသည် ဧည့်ခံပွဲခင်းအဝမှ မီးဖိုဆောင်ရှိရာသို့ ရောက်လာသည်။ အချိန်မှာ ညဉ့်နက်လှပြီ။ ညနေစာဆို၍ ကျော်ဇောဦးက ဘာမျှမစားရသေး။ ဧည့်ခံပွဲအပြီးကို စောင့်နေလေလျှင် သန်းခေါင်သန်းလွဲ ဖြစ် ချေမည်။ ထို့ကြောင့် ဧည့်ပရိသတ်များ စကားဖောင်ဖွဲ့၍ အစားအသောက်များ မကုန်မခန်း ဖြစ်နေချိန်တွင် သူက ဆာလောင်မွတ်သိပ်နေသော ဗိုက်ကို အဆာ ခံပြ ဖြည့်ရလေသည်။

“ကျော်ဇောဦး”

အသံနှင့်အတူ အယ်လီ၏ရစ်သွင်က မီးဖိုဆောင်ဝသို့ ရောက်လာသည်။ သူ့လက်ထဲတွင် တစ်ဝက်တစ်ပျက်ကုန်နေသော အသားကြော်ပန်းကန် ပါလာသည်။ သည်း ပါလာသည်။

မိုးပေါ် ကလဝန်းသည် ရုတ်တရက်ပြုတ်ကျပြီး အခန်းတံခါးတွင် လာရိုက်

www.burmeseclassic.com

www.burmeseclassic.com



နေသလို သူ့အပေါ်က မိုးနေသောအယ်လီ၏မျက်နှာကို ကျော်ဇောဦးက မော့ကြည့်လိုက်၏။ အယ်လီ၏လက်ထဲက ပန်းကန်ကိုယူရန် လက်လှမ်းလိုက်သောအခါ အယ်လီက ရှောင်ရှားပစ်လိုက်သည်။ ထိုအခါ ကျော်ဇောဦးသည် ထမင်းကိုသာ အိနြေ္ဒရရ ဆက်စားနေ၏။

"လူ့အလစ်ကို နင်က ဒီမှာလာ ပွဲတော်ထိုင်နေတာကိုး"

လူ့အလစ်ဟုဆိုခြင်းမှာ ခိုးစားသည် ဟုအဓိပ္ပာယ်ရသဖြင့် ကျော်ဇောဦးက မျက်နှာ တစ်ချက်ပျက်သွားသည်။

"ညနေစာအတွက် ကျွန်တော် ဘာမှမစားရသေးလို့ပါဗျာ"

သူက အောက်ကျို့ခံပြော၏။

"ဘယ်သူကကော စားရသေးလို့လဲ"

အယ်လီ၏ တင်းမာသော အသံအဆုံးတွင် သူကြီးလေးမောင်ကျော်ဟိုးက ပေါ် လာပြန်၏။

မောင်ကျော်ဟိုး၏ မျက်နှာကိုမြင်ရသောအခါ ကျော်ဇောဦးမှာ အတိုင်းမသိ ရှက်သွားလေသည်။ မောင်ကျော်ဟိုးနှင့် သူမှာ လူမျိုးချင်း၊ အသက်အရွယ်ချင်း တူညီကြသော်လည်း ကျွန်နှင့်သူကြီးဟူသော လူ့အသိုင်းအဝိုင်း၏ စည်းတားခြားနားမှုတွေကြောင့် သူ့မှာ ဧည့်ခံပွဲထဲသို့ပင် မဝင်ရဘဲ ပွဲအပြင်အစပ်ကသာ နေရသည်။ တစ်နေ့လုံး ဘာမှမစားရသေးသဖြင့် မနေနိုင်လောက်အောင် ဗိုက်ထဲကဆာလာ၍ အဆာပြေ ထမင်းတစ်ပန်းကန် စားသည်ကိုပင် လူနှင့်သူနှင့်တူအောင် မစားရပါလားဟုတွေးပြီး မိမိဘဝ၏ အောက်တန်းကျပုံကို ကျော်ဇောဦးက ဝမ်းနည်းနေသည်။

ပန်းကန်ထဲတွင် အရိုးအရင်းလေးတွေကို ထမင်းနှင့်အတူပုံကာ ဆောင့်ကြောင့် ထိုင်စားနေသော ကျော်ဇောဦးအား သူကြီးလေး မောင်ကျော်ဟိုးသည် လှောင်ပြောင်လိုသော အကြည့်ဖြင့် စိုက်ကြည့်ပြီး ပြုံးဖြီးဖြီးလုပ်နေ၏။

ကျော်ဇောဦးမှာ အတိုင်းမသိ ရှက်သွားသည်။ သို့သော် သူက အိနြေ္ဒကို ချက်ချင်းဆယ်သည်။ သူ့အမူအရာပျက်နေလျှင် နောက်ပြောင်လိုသော တစ်ဖက်သားက ပို၍လှောင်ပြောင်ချင်လေမည် မဟုတ်ပါလား။ ပြီး အယ်လီကလည်း မရိုးမသား ထင်သွားလေမည်ကို အစိုးရိမ်ကြီးမိသည်။ ထို့ကြောင့် ကျော်ဇောဦးသည် အယ်လီအား မည်သို့မျှ ပြန်မပြောတော့ဘဲ ထမင်းကိုသာဆက်၍ စားနေလေသည်။

ယစ်ရှေ့ရည်မူးယစ်၍ အဆိပ်တက်နေသော အယ်လီသည် ကျော်ဇောဦး၏ မျက်နှာကိုစိုက်ကြည့်ကာ ထောင်းခနဲ ဒေါသထွက်သွား၏။ ကျော်ဇောဦးသည် သူ့ဗီဇအတိုင်း မည်သူ့ကိုမျှ ဂရုမစိုက်သည့်နှယ် ထမင်းကိုသာ ကုန်းစားနေသည်မှာ မောင်ကျော်ဟိုးရှေ့၌ သူမအား တမင်သက်သက် အရွဲ့တိုက်ပြနေသည်ဟုထင်သည်။ မိုက်မိုက်ရိုင်းရိုင်း ပြုမူတတ်သော သူ့အမူအကျင့်ကို နှစ်ယောက်တည်းဆိုလျှင် အယ်လီသည် အတတ်နိုင်ဆုံး အလျှော့ပေး သည်းညည်းခံနိုင်



သော်လည်း ယခုလို မောင်ကျော်ဟိုးရှေ့မှာတော့ သူက သည်းညည်းခံနိုင်သော မိမိ ခိုင်းစေထားသော အစေအပါးတစ်ယောက်ကပင် မိမိ သခင်အား လူရှေ့သူရှေ့မှာ ဤသို့ ပမာမခန့်လုပ်နေလျှင် သူစိမ်းတစ်ရံစာဖြစ်သော မောင်ကျော်ဟိုးက သူမအား မည်သို့အထင် ရောက်သွားလေမည်နည်း။ ထို့ကြောင့်လည်း အယ်လီသည် မချုပ်တည်းနိုင်သောဒေါသဖြင့် 'ကဲမေးနေတာကို ပြောလေ နင် တစ်ယောက်တည်း အသက်ရှိတာ မဟုတ်ဘူး၊ အကုန် အသက်ရှိကြသည်။ ငါတို့တောင် ညနေစာ စားဖို့ဆုံးတာမဟုတ်ဘဲနဲ့ နင်က'

သူ့တို့စားပြီး၍ ကျန်မှစားရမည်ဟု သဘောရသော အယ်လီ၏စကားကို ကြားရသောအခါ ကျော်ဇောဦး၏ဒေါသမှာ တားမရအောင် ဖြစ်လာရပြန်သည်။

"ခင်ဗျားတို့က ညနေစာရယ်လို့ ပွဲခင်းထဲမှာ သီးသန့်မစားရသေးဘူး"

"ဘာပြောတယ် ဘာပြောတယ်၊ ပွဲခင်းထဲမှာ မစားသေးပေမယ့် နင်က တို့ကို ချောင်ကြိုချောင်ကြားမှာ ခိုးစားတယ်လို့ ဆိုချင်တာပေါ့ ဟုတ်လား"

ကျော်ဇောဦး၏ စကားမဆုံးမီပင် အယ်လီ၏အသံက ဒေါသနှင့် ပေါက်ကွဲလာပြန်သည်။

"မ မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားတို့ဧည့်ခံပွဲပဲ ခင်ဗျားတို့ ခိုးစားစရာ မလိုပါဘူး"

ကျော်ဇောဦးသည် ဒေါသကို အတတ်နိုင်ဆုံး ပြန်၍ထိန်းချုပ်၏။ သို့သော် ရှက် စိတ်၊ ဝမ်းနည်းစိတ်၊ မခံချင်စိတ်၊ မကျေနပ်စိတ်တို့ကြောင့် အသံမှာတုန်ယင်နေသည်။ ကျွန်နှင့်သခင် ဖြစ်နေသည်မို့ သူကသာ အလျှော့ပေးရမည် ဆိုသည်ကိုလည်း သူက သတိရမိလိုက်သည်။

"ဟုတ်တယ်၊ တို့က ခိုးစားဖို့မလိုဘူး၊ နင်ကသာ ခိုးစားနေတာ"

"ဗျာ ကျုပ်က ဘာဖြစ်တယ်"

"နင်က တို့ဧည့်ခံပွဲမှာ ထမင်းတွေဟင်းတွေကို ခိုးစားနေတာ"

အယ်လီက ကျော်ဇောဦးအား ရှုးရှူးရှဲးဝါးကြည့်၍ အော်ပစ်လိုက်လေ၏။

ကျော်ဇောဦးသည် အံကို တင်းတင်းကြိတ်ထားသည်။ သူ့မျက်လုံးအစုံမှ မျက်ရည်တို့က ချက်ချင်း ဝေ့တက်လာကြသည်။ မိမိနှင့် သက်တူရွယ်တူဖြစ်သော မောင်ကျော်ဟိုးအား ရှက်လိုက်သည်မှာလည်း မျက်လုံးတွေပင် ပြာလာမိ၏။ သူ့တစ်ကိုယ်လုံးမှာလည်း ရှက်ဒေါသနှင့်မွှန်ထူကာ နတ်ကျသလို တဆတ်ဆတ် တုန်ရင်လာသည်။ တတ်နိုင်လျှင် သူသည် ဤနေရာက ချက်ချင်း ထွက်ပြေးသွားမိမည်မှာ မုချပင်။ ယခုအပေါက်ဝတွင် အယ်လီနှင့်မောင်ကျော်ဟိုးတို့က ပိတ်ဆို့၍ ရပ်နေကြသောအခါ ကျော်ဇောဦး၏ခေါက်မှာ အလိုလိုကျိုးကျပြီး မျက်နှာကိုသာ ငုံ့ဝှက်ထားလိုက်ရလေသည်။ သို့သော် သူ့နားထဲကို သံရည်ပူနှင့် လောင်းထည့်နေသည်ထက် အခံရခက်လှသော အယ်လီ၏စကားသံတို့မှာ အမျှင်မပြတ်သေး

"အစတုန်းကတော့ နင်ဟာ ဒီလောက် အစားမက်လိမ့်မယ်လို့ မထင်မိဘူး ဒီ လောက်တောင် မနေနိုင်။ မထိုင်နိုင်ဖြစ်နေရင်လည်း တောင်းစားပြောပါလား

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဧည့်သည်တွေရှေ့ကျမှ အိမ်ဖြေမရ ငမ်းငမ်းတက်နေတယ်”

“ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်ဗျာ၊ ကျုပ်က အစားမက်ပါတယ်”

ရင်ထဲမှာ ဆို့နင့်လာသဖြင့် သူက ညှိမှုသာ ပြောနိုင်သည်။ သူ့စကားမှာ တောင်း ပန်တိုးလျှိုးသော စကားဖြစ်သော်လည်း မကျေနပ်မှု ဒေါသစိတ်တို့ ကြောင့် အသံမှာပြတ်၍ တင်းမာနေသည်။ ဤသည်ကိုပင် အယ်လီကလည်း မောင်ကျော်ဟိုးရှေ့၌ သူ့အား ပမာမခန့် ပြန်ပြောရမည်လားဟု ယမ်းပုံမီးကျ ဖြစ်လာသည်။

“ကဲ ဒီလောက် အစားမက်ရင် စားစမ်း။ ရော့ စားလေ၊ စား စား နင် သေ အောင်စား”

အယ်လီသည် ဆောင့်ကြီးအောင့်ကြီးနှင့် သူကိုင်ယူလာသော ပန်းကန်ထဲက ဟင်းနှင့်ဟင်းအိုးထဲက ဟင်းများကို ပန်းကန်နှင့်ကျုံးခပ်ကာ ကျော်ဇော်ဦး၏ ထမင်းပန်းကန်ထဲသို့ သုံးလေးပန်းကန် သွန်ထည့်ပေးလိုက်သည်။

အယ်လီနှင့် ကျော်ဇော်ဦးတို့ အဆင်မပြေဖြစ်နေကြသည်ကို မြင်သောအခါ မောင်ကျော်ဟိုးမှာ ဟင်းတစ်ပန်းကန်ကို ကိုယ်တိုင်ခူးခပ်ကာ ဧည့်ခံပွဲထဲသို့ ထွက်သွားလေသည်။

“ဒီမှာ အယ်လီ၊ ခင်ဗျားကျုပ်ကို ပြောချင်သလိုပြော၊ လုပ်ချင်သလိုလုပ်ပါ။ ခင်ဗျားက ကျုပ်ကို တစ်နည်းမဟုတ် တစ်နည်းနဲ့ နေရာတကာတိုင်းလိုက်ပြီး ညှဉ်းပန်းနှိပ်စက်နေတယ်။ ဒီနေ့လည်း ကြည့်၊ ကျုပ် နားရ၊ အားရတယ်ကို မရှိဘူး။ ခင်ဗျားတို့ ဧည့်ခံပွဲကို လာကြတဲ့လူတွေ စားသောက်ဖို့ကြက်ငှက် ရှာဝယ်ပေးရတယ်။ ချက်ပြုတ်ဖို့ ခုတ်ထစ်လှီး ဖြတ်ပေးရတယ်။ ကုန်းမြင့် သာယာကို တစ်နေ့လုံး ရှင်းရတယ်။ အတက်အဆင်းလမ်းတွေကို ပြုပြင်ရတယ်။ မိုးချုပ်ခါနီးမှာ သူကြီးလေးတို့သားအဖ စောစောကြွဖို့ မင်းပြင်ရွာကို ပြေးပြီးပြော ရသေးတယ်။ အဲဒီက ပြန်လာတော့ ခင်ဗျားကို မီးကူထွန်းပေးရတယ်။ ဧည့်ခံပွဲ စပြီဆိုတော့လည်း တစ်ချိန်လုံးမက်တပ်ရပ်ပြီး စောင့်နေရတယ်။ ဘယ်မှာလဲနား ချိန်၊ အားချိန်ဆိုတာ ရှိသေးလို့လား။ ခင်ဗျားတို့က ညနေစာရယ်လို့ သီးသန့်မစား ကြသေးပေမယ့် ဟိုခွက်က အသားတစ်တုံး၊ ဒီခွက်က အသားတစ်တုံးနဲ့ တစ်ချိန် လုံး ကောက်စားနေကြတာ။ ကျုပ်ဗိုက်ထဲမှာ ဘယ်လောက် ဆာနေလိမ့်မယ်ဆို တာ ခင်ဗျားမတွေးဘူး၊ ကိုယ်ချင်းစာစိတ်မရှိဘူး။ မနေနိုင်လွန်းလို့ အရိုးအရင်းလေး တွေနဲ့ အဆာပြေစားမိတာကို ခင်ဗျားကခိုးစားတယ်လို့ ကျုပ်ကိုနာနာကြည်း ကြည်းပြောတယ်။ သူကြီးလေးရှေ့မှို့ ခင်ဗျားက ကျုပ်ကိုကြိမ်းလားမောင်းလား လုပ်တယ်။ ဒီမှာ ကျုပ်စားရတာကိုကြည့်စမ်း။ ခင်ဗျားမွေးထားတဲ့ အိမ်ကြီးပေါ်က ခွေးဖြူမလေးစားတာလောက် ကောင်းရဲ့လား။ ကျုပ်ဘဝဟာ ခွေးလောက်မှ မကောင်းတဲ့ဘဝ။ ခွေးထက် နိမ့်ကျတဲ့ဘဝဗျ။ ခွေးထက် နိမ့်ကျတဲ့ ဘဝ”

သူ၏ မျက်နှာအောက်ရှိ ထမင်းပန်းကန်ပေါ်သို့ မျက်ရည်ဒလဟော သွန်ချ ကာ ဝမ်းနည်းလွန်းသဖြင့် တက်မတတ်၊ ရှိုက်မတတ်ဖြစ်နေသော သူ့အသွင်



သူ့စကား၊ သူ့အပြောအဆို စသည်တို့ကို ကြားရ၊ မြင်ရပြီဆိုတော့လည်း အယ်လီ ရင်ထဲမှာ ဆို့နင့်သွားရပြန်သည်။ သူ မဆင်မခြင် ပြောမိသည့်အတွက်လည်း နောင်တရမိ၏။ ဝမ်းနည်းယူကျုံးမရ ဖြစ်မိ၏။

“နင့်ကို ငါက မစားနဲ့လို့ ပြောတာမှမဟုတ်တာ။ ဧည့်ခံပွဲလည်း ပြီးခါနီး နေပြီပဲ ဟာ။ ခဏလေးစောင့်လိုက်တော့ ဘာဖြစ်လဲ။ ခုတော့ နင်က...”

“တော် တော် ခင်ဗျားတော်တော့၊ ခုတော့ ကျုပ်က အိမ်မငမ်းငမ်းတက်ပြီး ခိုးစားတယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ဟုတ်တယ် အယ်လီ ဟုတ်တယ်။ ကျုပ်က ဒီလို အစားအစာမျိုးကို တစ်ခါမှ မြင်ဖူးစားဖူးတာမှ မဟုတ်ဘူး။ မမြင်ဖူး မစားဖူးတော့လည်း အိမ်ဖြေမဆည်နိုင်ဘူးပေါ့။ ငမ်းငမ်းတက်ဖြစ် တယ်ပေါ့။ ခိုးစားရတယ်ပေါ့”

နာကြည်း ဝမ်းနည်းစိတ်တို့နှင့် ရှုံးရှုံးရှဲရှဲပြောနေသော ကျော်ဇော်ဦး၏ မျက်နှာကိုစေ့စေ့ကြည့်ကာ အယ်လီမှာ ဟီးချ၍ပင် ငိုချင်လာသည်။ ကျော်ဇော်ဦး မျက်ရည်ကျသည်ကို မြင်ရပြီဆိုတော့လည်း သူမ၏ရင်ထဲက မချို။ မောင်ကျော်ဟိုး ရှေ့မှာ ပြောမိပြောရာပြောကာ လုပ်မိလုပ်ရာလုပ်မိသည်ကို သူမက ယခုမှ တွေး မိသည်။ ပြောတုန်းကတော့ သူသည် ဤမျှ နာကြည်းသွားလိမ့်မည် ရှက်သွား လိမ့်မည်ဆိုသည်ကို သူမ သတိမထားမိ။ ယစ်ရှေ့ရည်လေးမူးမူးနှင့် ထင်ရာကိုသာ ထွက်ပြောမိ။ လုပ်မိခဲ့သည် မဟုတ်ပါလား။ ဤသည်တို့ကို ယခုမှတွေးမိပြီး သူ့ပြောမိသမျှအတွက် ယူကျုံးမရဖြစ်ရပြီး မျက်လုံးအိမ်ထဲမှာလည်း မျက်ရည်တို့ က ဝေ့တက်လာရပြီ။ တောင်းပန်ရမည် ဆိုသည်ကလည်း မိမိ၏အခိုင်အမာ သာ ဖြစ်သည်မို့ ခက်နေသည်။ နာကြည်း ဝမ်းနည်းလွန်းသူ၏ စကားကလည်း ယခုထိ အမျှင်မပြတ်ပါသေး။

“ပြောပါ အယ်လီပြောပါ၊ ခင်ဗျားတို့မှာ ပြောနိုင်ဆိုနိုင်တဲ့ အခွင့်အရေးရှိ တယ်၊ အာဏာပါဝါ ရှိပါတယ်။ ကျုပ်မှာသာ ဘာအခွင့်အရေးမှ မရှိဘူး။ ရွာမှာ နေခဲ့တုန်းကလည်း သူများအိမ်မှာ စာရင်းငှားလုပ်ပြီး သူများအပြောအဆို အကြိမ်းအမောင်းကို ခံရတယ်။ ဒီရောက်တော့လည်း အိုး၊ ကျုပ်ဘဝကံကိုက...”

ငိုသံပါကြီးနှင့် အမျှင်မပြတ်ပြောနေရာမှ ဆို့နင့်တိမ်ဝင်သွားသော အသံနှင့် အတူ ကျော်ဇော်ဦးသည် ချက်ချင်းပင် မီးဖိုဆောင်ထဲမှ ထွက်ပြေးသွားသည်။ ထိုအခါ ချုံးပွဲချ ငိုလိုက်ရသူကတော့ အယ်လီပင်တည်း။

သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဘဝပေးအခြေ အနေချင်း တူညီကြသဖြင့် ဤကဲ့သို့သော မတော်တဆ ကြေကွဲ ဝမ်းနည်းဖွယ်ရာများသည် တစ်ခါခါတွင် မျှော်လင့်မထားဘဲနှင့်လည်း ဖြစ်ပေါ် လာတတ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



| ၂၁ |

အယ်လီသည် ဖွန်းနှင့်ခက်ရင်းကို ဖန်ပြာခွက်ထဲသို့ စိုက်ထည့်လိုက်၏။

"တော်ပြီလား သမီး"

"ဟုတ်ကဲ့ ဒက်ဒီ၊ တော်ပါပြီ"

"နည်းလှချည်လား၊ စားမကောင်းလို့လား"

ညနေစာကို မြိန်ရေရှက်ရေလွေးနေသော သခင်ကြီးက သမီးဖြစ်သူအား မျက်ခွံ တစ်ချက်ပင့်ကြည့်၍ မေးလိုက်၏။ သခင်မကြီးကတော့ တစ်စုံတစ်ရာ ပြောတော့မလို ပြုံးရဲ့ရဲ့လုပ်နေသည်။

"ကောင်းပါတယ် ဒက်ဒီ"

အယ်လီက ရိုသေကျိုးနွံစွာ ဖြန်ဖြေသည်။

"အိုးဒါလင်ကလည်း ကိုယ့်သမီးအကြောင်း ကိုယ်သိသားနဲ့၊ မေးပဲ မေးနေရသေး၊ ဒီနေ့ည မင်းပြင်ရွာဘုရားပွဲ စပြီလေ"

မိခင်လုပ်သူ၏ ကြားဝင်ပြောစကားကြောင့် အယ်လီမှာ ရှက်ရွံ့ဖြစ်သွားသည်။

အမှန်မှာ သခင်မကြီး ပြောမည်ဆိုကလည်း ပြောစရာပင်။

ယနေ့ည။

မင်းပြင်ရွာ ဘုရားပွဲတော်စပြီဆိုသည်ကို သူကြီးလေး မောင်ကျော်ဟိုးသည် မနက်ကပင် လာပြောသွား၏။ ထို့ကြောင့် ပွဲမက်သောအယ်လီသည် မနက်ကပင် ၎င်ကိုသွင်ပုံကြွမတတ် ပျော်မြူးနေသည်။ ဤအရပ် ဤဒေသတွင် ပျော်စရာ ရွှင်စရာ ပွဲလမ်းသဘင်ဆို၍လည်း မြင်ရတွေ့ရခဲလှ၏။ ထို့ကြောင့်ပင် ဤအရပ် ဤဒေသက လူများသည် ဤမင်းပြင်ရွာ ဘုရားပွဲတော်ကိုသာ မျှော်လင့်စောင့်စား နေကြရသည် မဟုတ်ပါလား။

တစ်နှစ်တလေ ရွာနီးချုပ်စပ်ရှိ တစ်ရွာရွာတွင် ဘုန်းကြီးပျံ၊ မယ်တော်ပုံ ကြည့်ချင်ပွဲ စသည့် ပွဲတစ်ခုခုရှိ၍ ပွဲကြည့်ရသည် ဆိုသော်လည်း အိမ်ခြေ ၁၀၀-ပင် မပြည့်သော ရွာသိမ်ရွာငယ်လေးတွေမို့ ဤပွဲတော်ကဲ့သို့ မစည်ကား မသိုက်မြိုက်။ လူဆိုးလူမိုက် အမှုသမား၊ အရမ်းသမားတွေကလည်း ပေါ်ပေါ်တိုးနှင့် ပွဲလာကြည့်သူတွေမှာ ကျီးလန့်စာစားသည့်ပမာသာ။ လုံခြုံရေး၊ အုပ်ချုပ်ရေးဆို သည်မှာလည်း ရွာခေါင်းတွေနှင့်သာ ပြီးသည်မို့ စိတ်မချရ။ ဟိုရွာ ဟိုနယ်က လူမိုက်တွေလာ၍ ပွဲကိုနှောင့်ယှက်လိုက်၊ ရွာခံနယ်ခံလူတွေနှင့် ရန်ဖြစ်လိုက်နှင့် ပွဲမှာ ဝရုန်းသုန်းကား အုန်းအုန်းကျွက်ကျွက်ညံ၍ ပြီးသည်က များလှသည်။

မင်းပြင်ရွာမှာကား သူကြီးမင်းရုံးစိုက်ရာ အိမ်ခြေယာခြေကလည်း လေးငါးရာ ရှိသော ရွာကြီးဖြစ်သဖြင့် ဘယ်ရွာက လူမိုက်မှလာ၍ မစော်ကားရဲကြ။ ထို့ ကြောင့် ရွာနီးချုပ်မှ ပွဲလာကြည့်သူများကလည်း ငြိမ်ငြိမ်သက်သက် အေးအေးလူလူ စိတ်ချလက်ချ ကြည့်ရဲကြသည်။



မင်းပြင်ရွာဘုရားပွဲတော် နီးပြီဆိုလျှင် ရွာနီးချုပ်စပ်တစ်ဝိုက်ရှိ တိုင်းရင်းသား လူမျိုးများမှာ ရက်သတ္တတစ်ပတ်လောက်ကပင် ကြိုတင်၍ ပွဲတော်ရောက်ရှိရေး သောက်ရန် ငါးပိ ငါးခြောက် အဆင်သင့်၊ ထုပြီး၊ ထောင်းပြီး ဆန်စပါးအဆင် သင့်။ ပွဲတော်သို့ ကြွလာကြသော သံဃာများအား ဆွမ်း၊ ကွမ်း၊ လက်ဖက် လှူဒါန်းရန်အဆင်သင့် ဖြစ်နေတတ်ကြသည်။ သူတို့သည် ညဥ့်ရုပ်သေးပွဲကြည့် ၍ နေ့လယ်တွင် ကျင်ပွဲ* ကြည့်ကြမည် ဖြစ်သည်။ မင်းပြင်ရွာ ဘုရားပွဲခေါ် သုံးရက်သည် သူတို့အတွက် မူးမိအောင်ရူးအောင် ပျော်ကြသော ပွဲတော်ကြီး လေသည်။

မင်းပြင်ရွာဘုရားပွဲတော် နီးပြီဆိုလျှင် အုန်းအုန်းကျွက်ကျွက်နှင့် ရွာနီးချုပ်စပ် တစ်ဝိုက်ရှိ တိုင်းရင်းသားလူမျိုးများက ဘုရားပွဲတော်ကို စောင့်မျှော် ကြိုဆိုနေ ကြသလို ပွဲမက်သော မျက်နှာဖြူမလေး အယ်လီကလည်း နားစွင့်ရပြန်သည်။ ထို့ကြောင့် ပွဲတော်ဟူဆိုလျှင် အယ်လီသည်ငယ်စဉ်ကပင် ဘယ်တော့မှ လက်လွှတ်မခံခဲ့ပေ။ ပွဲသုံးညကလျှင် သုံးညစလုံး မိုးအလင်းကြည့်၏။ သို့မှ သာ သူကျေနပ်သည်။ ဤသည်မှာ သူ့ဝသီ၊ သူ့ဗီဇပင်။

အယ်လီ ပွဲကြိုက်တတ်သည်မှာ ယခုမှမဟုတ်၊ သူ ငယ်စဉ်ကပင် ဖြစ်၏။ အယ်လီ ၇-နှစ်၊ ၈-နှစ်အရွယ်မှာ ပွဲတော်ဖြစ်၍ မသွားရလျှင် ညနေစာကိုပင် ကျွေး၍မစားဘဲ တအီအီ ငိုနေတတ်သည်။ ပွဲလိုက်ပြပါမည် ဆိုလျှင်တော့ သူ့ အသွင်သည် ၎င်ကိုသွင်ပုံကြွမတတ်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများနှင့် ရောရောနှောနှော မနေချင်ကြသလို ရုပ်သေးပွဲကိုလည်း အရသာခံ၍ မကြည့် တတ်သေးသော သခင်ကြီး၊ သခင်မကြီးတို့မှာ သမီးအတွက်ကြောင့် ပွဲတော်သို့ ရောက်လာကြစမြဲ ဖြစ်သည်။ ဆီးနှင်းပေါက်တို့ မိုးလောက်ထန်သည်း ရွာသွန်းကဲ ၍ ချမ်းအေးလှသောဆောင်းညဥ့် သမီးငယ်အား တစ်ယောက်တစ်လှည့် လက်ဆွဲ ကာ ကြိတ်ကြိတ်တိုး စည်ကားနေသော တိုင်းရင်းသားလူမျိုးများကို တိုးဝှေ့တိမ်း ရှောင်ရင်း သွားလာနေရသည်ကို သူတို့မှာ ရှက်သလို ရွံ့သလိုဖြစ်မိသော်လည်း သမီးဖြစ်သူမှာကား ပျော်မဆုံးရွှင်မဆုံး ဖြစ်နေသည်။ ပွဲဈေးတန်းကို လှည့် ပတ်လျှောက်ပြီးပြီဆိုလျှင်လည်း တိုင်းရင်းသားများ၏ လက်လုပ်မုန့် အမျိုးမျိုးကို တစ်ခုပြီးတစ်ခု တောင်းစားတတ်သည်။ ကြာတော့ သခင်ကြီးတို့ ဇနီးမောင်နှံမှာ သူတို့အား တရိုတသေ ပွဲလိုက်ပြသော သူကြီးမင်း ဦးကျော်စံကိုပင် အားနာလာ သည်။ ထို့ကြောင့် သမီးကို ဖျောင်းဖျသောအခါ မင်းပြင်ရွာသူကြီး ဦးကျော်စံက 'ကလေးဆိုတော့လည်း ဒီလိုပဲပေါ့ သခင်ကြီးရယ်၊ ကျွန်တော်တို့ အရပ်ဒေသမှာ ပွဲပြင်ကနွှားဆိုတာကလည်း တစ်နှစ်နေမှ တစ်ခါ ဖြစ်လေတော့ သူ့ခမျာလည်း ကြည့်ချင်မပေါ့' ဟုဖျောင်းဖျပြောတတ်သည်။ မင်းပြင်ရွာဘုရားပွဲတော်ကို သခင် ကြီးတို့ သားမိသားဖသုံးယောက်နှင့် ကုလားအလုပ်သမားတွေ တစ်အုပ်ကြီး

*(ကျင်ပွဲဆိုသည်မှာ ရှိုင်းပြည်နယ်၌ နပန်းသတ်သော အားကစား ပွဲတစ်မျိုးဖြစ်သည်။)

www.burmeseclassic.com



ရောက်လာကြပြီဆိုလျှင် ဓာတ်စင်ရှေ့ရှိ ကောင်းပေ့ဆိုသည့် နေရာထိုင်ခင်းများကို သူကြီးမင်းဦးကျော်စံက လိုလေသေးမရှိ စီစဉ်ပေးလေသည်။

သခင်ကြီးနှင့်သခင်မကြီးတို့မှာ ညဦးပိုင်းခဏသာ ပွဲဈေးတန်းသို့ လျှောက်ပြီးလျှင် ပြန်ချင်ကြသော်လည်း သမီးဖြစ်သူကား ပွဲမပြီးမချင်း၊ မိုးမလင်းမချင်း ဆွဲခေါ်၍မရ ဖြစ်ရသည်။ ပွဲပြီး၍ မိုးစင်စင်လင်းမှ သူက ပြန်မည်။ ပွဲပြီးသည်ကို မသိတတ်သေးသော ငယ်ရွယ်စဉ်ကဆိုလျှင် ပွဲပြီးသွားပြီဖြစ်ကြောင်း မနည်းချော့မော့ ဖျောင်းဖျ၍ ခေါ်ယူရသည်။ ခေါ်မရ၍ ပွဲထဲမှာ ကြိမ်းလား၊ မောင်းလား၊ ရိုက်လား၊ နှက်လား လုပ်ပြန်လျှင်လည်း မိမိတို့ဇနီးမောင်နှံအား တိုင်းရင်းသား လူမျိုးများက အထင်အမြင်သေးသွားကြမည်ကို စိုးရိမ်ပူပန်ရသော သခင်ကြီးတို့ ဇနီးမောင်နှံမှာ သမီးအတွက်နှင့် မိုးမလင်းမချင်း မပြန်ဖြစ်ကြ။ စိတ်မရှည်သော အမေလုပ်သူကတော့ တစ်ခါတစ်ခါတွင် ခေါင်းကို ခေါက်လားကြောကိုဆွလား လုပ်တတ်သည်။ ထိုအခါ တစ်နေရာရာသို့ ထွက်ပြေးပြီး တိုင်းရင်းသား လူမျိုးတွေကြားထဲမှာ သွားပုန်းနေတတ်သဖြင့် ပို၍အရှက်ဆိုး အကျည်းတန် ဖြစ်ရပြန်သည်။ သူတို့မျက်နှာဖြူများအား ရိုသေ ကိုင်းရှိုင်းကြသော တိုင်းရင်းသား၊ တိုင်းရင်းသူတွေကတော့ 'သခင်ကြီး၊ သခင်ကြီး' ဟု ဓာတ်ကို ပတ်ချာလှည့်ခေါ်ပြီး အယ်လီအား လာအပ်ကြသည်။ သူတို့၏ပါးစပ်များ... အယ်လီအား 'သခင်မလေး သခင်မလေး'ဆိုသော စကားတွေနှင့်လည်း ဖျောင်းဖျ ချော့မော့တတ်ကြသေးသည်။

'နှင်းတွေ သိပ်ကျတယ် သမီးရယ်၊ နှာစေးချောင်းဆိုးဖြစ်နေပါ့မယ်။ ပြန်ကြစို့နော်' ဟု အမေ အဖေ လုပ်သူတွေက ပြောသည်ကိုပင် သူက အလေးမမူ။ 'မိုးလင်းမှ ပြန်မယ်' ဆိုသောစကားကို တွင်တွင်သာပြော၍ ငြင်းနေတတ်သည်။ တစ်ခါတစ်ခါ စိတ်မရှည်တော့လည်း သခင်ကြီးနှင့် သခင်မကြီးတို့မှာ သမီးဖြစ်သူအား ကုလားအလုပ် သမားတွေနှင့်ပင် ပစ်ထားခဲ့ကြသည်။ ဤသည်ကိုလည်း သူကမမှု၊ မည်သူနှင့်ဖြစ်ဖြစ် ပွဲကြည့်ကျန်ရစ် ရပြီဆိုလျှင် သူကကျေနပ်သည်။ ကုန်းမြင့်သာယာမှ ကုလားအလုပ်သမားများ ရုပ်သေးပွဲကို မက်မောမောမော ဖြစ်လာကြသည်ကပင် သူ့သမီး၏ ပယောဂမကင်းဟု သခင်မကြီးက အထင်ရောက်နေသည်။ ကုလားအလုပ်သမားများ ဘုရားပွဲ သွားကြည့်ကြပြီဆိုလျှင် သုံးရက်သုံးည အလုပ်ပျက်ရသည် မဟုတ်ပါလား။ အတင်းအကြပ်ခိုင်းတော့လည်း အိပ်ရေးပျက်ထားကြသူတွေမို့ ခိုင်း၍မကောင်းဘဲ အလုပ်မတွင်ဖြစ်ရသည်။

မင်းပြင်ရွာနှင့် ကုန်းမြင့်သာယာမှာ နွားလှည်း၊ မြင်းလှည်းတို့နှင့် အတော်ဝေးဝေးသွားရသဖြင့် အယ်လီသည် တစ်ခါတစ်ခါ လှည်းပေါ်၌ပင်အိပ်ပျော်ပါလာတတ်သည်။ ကုန်းမြင့်သာယာသို့ရောက်၍ သူ့အား တစ်စုံတစ်ယောက်က အိမ်ကြီးပေါ် ပွေ့တင်သည်ကိုပင် သူက သတိမရ။ ပွဲမက်သလို အအိပ်လည်းမက်သော သူငယ်မပင်။ ညနေစောင်းပြီ ဆိုပြန်လျှင်တော့ ထမင်းမစားခင်



ပွဲသွားဖို့ အလုပြင်နှင့် နေပြီဖြစ်၏။ တစ်ခါတစ်ခါ ပွဲတော်ရက်ကုန်ဆုံးသွားပြီ ပွဲပြီးသွားပြီ ဆိုသည်ကိုပင် သူကမသိ။ ဤမျှထိ ပွဲကြိုက်သော ကလေးတည်း။

ကိုဖြူသီးတို့ဇနီးမောင်နှံ ကုန်းမြင့်သာယာသို့ ရောက်လာကြသောအခါမှာတော့ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဆိုသလို အယ်လီအတွက် ပွဲသွားကြည့်ရန် အလိုလိုအဖော်ရပြီးသား ဖြစ်သွားသည်။ 'ပွဲတော်ပေါ့' ဆိုလျှင် ကိုဖြူသီးတို့ ဇနီးမောင်နှံက လှည်းအဆင်သင့်ဖြစ်နှင့်ပြီ။ ကိုဖြူသီးတို့ ဇနီးမောင်နှံနှင့်တွဲခါမှ အယ်လီသည် ပို၍ ပွဲရူးရူးလာသည်ဟု သခင်ကြီးနှင့် သခင်မကြီးတို့က မှတ်ချက်ချသည်။ ပွဲတော်က လှည်းနှင့်ပြန်လာကြပြီဆိုလျှင် ဇိုးဖြူက သီချင်းဆို၍ လက်ခုပ်တီးပေးသည်။

အယ်လီက လှည်းပေါ်၌ပင် ကပြီး ပြန်လာကြ၏။ ဓာတ်ထဲက အချိုးအသော၊ အငို၊ အဆိုတွေနှင့် ကွေးနေအောင်ကပြီး ပွဲတော်မှပြန်လာသော သမီးငယ်ကို သခင်ကြီးနှင့် သခင်မကြီးတို့မှာ တစ်ခါတစ်ခါတော့လည်း ငိုအားထက်ရယ်အား သန်ကြရတော့သည်။ ၁၁–နှစ်၊ ၁၂–နှစ်ထိ ဤသို့ ပွဲရူးရူးနေသော သမီးငယ်ကိုသခင်ကြီးနှင့် သခင်မကြီးတို့မှာ ဤအနီးအနားရှိ ရွာများအထဲမှ တိုင်းရင်းသားများ မြင်သွားပါက သူတို့၏ဂုဏ်သိက္ခာကို ထိခိုက်မည်စိုးသဖြင့် အမျိုးမျိုး ချော့မော့ဖျောင်းဖျ၍လည်းကောင်း၊ ခြောက်လှန့်၍လည်းကောင်း ဟန့်တား ပိတ်ပင်ခဲ့ကြရလေသည်။

ဤကဲ့သို့ ငယ်စဉ်ကပင် မင်းသမီးရူး ရူး၍ ပွဲကြိုက်တတ်သော သမီးငယ်သည် ယခု အပျိုကြီးဖားဖားအရွယ်သို့ ရောက်လာတော့လည်း ပွဲဟေ့ဆိုလျှင် အိပ်မွေ့ရာ ဖြစ်တုန်းပင်။ ယနေ့လည်း ညနေ ပွဲသွားကြည့်ရမှာမို့ ထမင်းကိုပင် ဖြောင့်ဖြောင့် မစားနိုင်ဘဲ ယောက်ယက်ခတ်နေသည်ဟု သခင်မကြီးက ဆိုလိုခြင်းပင်။

"ကဲ သမီး ပွဲသွားမယ်ဆိုရင် ပြင်နှင့်လေ။ ဒက်ဒီတို့တော့ မနက်ပြန်ခဲ့လိုက်မယ်နော်"

အလိုက်သိတတ်သော ဖခင်၏ စကားအဆုံးမှာ အယ်လီသည် ထမင်းစားခန်းထဲမှ ထွက်လာသည်။

မြင်းလှည်းပေါ်တွင် ရော်ကီနွှာက မွှေ့အိုးနှင့်ဂုံကော်ဇောတို့ကို အဆင်သင့်ခင်းထားသည်။ ဤသည်တို့ကိုတော့ ရော်ကီနွှာအား အထူးမှာစရာမလို။ 'ညနေ ပွဲသွားမယ်'ဟု ပြောလိုက်ရုံနှင့် ရော်ကီနွှာက စီစဉ်ပြီးပြီ။ နှစ်တိုင်း သွားနေကြမို့ သခင်မ၏အထာကို သိနေသူဖြစ်သည်။ မြင်းလှည်းမောင်းရန် အတွက်မူ ကိုဖြူသီး ဆုံးသွားပြီဖြစ်သဖြင့် ကျော်ဇော်ဦးကို ရော်ကီနွှာက ခေါ်ခိုင်းသည်။ သခင်မလေး အမိန့်ဆိုလျှင် အကုန်အဆင်သင့် ဖြစ်စေရသည်။

မဦးဖြူ၊ ကျော်ဇော်ဦးနှင့် ရော်ကီနွှာတို့သည် မြင်းလှည်းနားတွင် မတ်တတ်ရပ်၍ သခင်မအလာကို စောင့်မျှော်နေကြသည်။ နောက် နွားလှည်းနှစ်စီးပေါ်တွင် ပွဲတော် လိုက်ကြမည့်အလုပ်သမား အခြွေအရံများကလည်း ပြည့်နှက်နေကြသည်။

အယ်လီ လျှောက်လာသည်ကို မြင်သဖြင့် ကျော်ဇော်ဦးသည် မျက်လွှာကို

www.burmeseclassic.com

www.burmeseclassic.com



ချထားလိုက်၏။

တစ်ဘက်တွင် အနွေးဝတ်ရုံကို လက်ကန်တော့ထိုးတင်၍ ကြွကြွ[...] တစ်လှမ်းချင်းလှမ်းလာသော အယ်လီ၏ ရုပ်သွင်မှာ ခါတိုင်းနေ့တွေထက် လှ[...] ကျော့ရှင်းနေသည်ဟု ကျော်ဇောဦးက တွေးနေ၏။ ဖျတ်ခနဲတစ်ချက်သာ လှမ်း ကြည့်မိလိုက်သော်လည်း အယ်လီ၏ယမင်းရုပ်သွင်ကား ကျော်ဇောဦး၏ မျက်စိ ထဲတွင် စွဲထင်နေသည်။ ကော်လာတပ် သင်တိုင်းအပြာနုက်ပေါ်တွင် အဖြူပြောက် ထောင့်အစင်း အနားရစ်တွေနှင့်ထင်းနေ၏။ အမှတ်တမဲ့ကြည့်လိုက်လျှင် နုထ[...] မှောင်ပြာလွှင်သော မိုးကောင်းကင်တွင် ငွေကြယ်ကလေးများ တလက်လက် တောက်ပ ဝင်းလက်နေကြသလို ဖြန့်ကြဲထားသော ပုလဲလုံးလေးများကလည်း အရောင်တလက်လက် ထွက်နေကြ၏။ ခါးဆစ်တွင် တပ်ဆင်ထားသော ခေါင်း လောင်းလေးများနှင့် ပန်းပွားဖြူဖွာရရာတို့မှာ ဆောင်းလေအသွဲ့တွင် နွဲ့၍ကနေ ကြသည်။ တဒင်္ဂအတွင်းမှာပင် အယ်လီ၏ရုပ်သွင်သည် သူ့အား ဖမ်းစားလိုက် သလိုပင်တည်း။

ဇော်ကိန္နာသည် အယ်လီအားဆီးကြို၍ လက်ကန်တော့ထိုး တင်လာသော အယ်လီ၏ လက်ထဲမှဝတ်ရုံကို လှမ်းယူလိုက်သည်။

အယ်လီက ခရစ္စမတ်လက်ဆောင်ပေးထားသော ကုတ်အင်္ကျီအပြာကို ဝတ် ဆင်လာမိသူ ကျော်ဇောဦးမှာတော့ အယ်လီကိုမြင်သောအခါ ရှက်သွားမိသည်။ အယ်လီနှင့်သူသည် ခရစ္စမတ် ညနေခင်းပွဲနေ့တုန်းကပင် တစ်ယောက်နှင့်တစ်ယောက် စိတ်ခုနေကြသဖြင့် စကားမပြောဖြစ်ကြ။ ထိုရက်အတွင်းတွင် အလုပ်အကိုင်နှင့် ပတ်သက်သော စကားကိုပင် မဆိုမိကြ။ ထို့ကြောင့်လည်း ကျော်ဇောဦး က ရှက်ရွံ့နေခြင်း ဖြစ်သည်။ ယခု သူဝတ်ဆင်လာမိသော အနွေးထည်အင်္ကျီမှာ သူ့အမေဆီမှတစ်ဆင့် အယ်လီက ပေးလိုက်သည်ဟု သိရသည်။ အင်္ကျီလာပေး သောနေ့က အယ်လီ၏ အမှာစကားကိုလည်း သူ့အမေဆီက တစ်ဆင့်ကြား ခဲ့ရ၏။ 'ညနေကျရင် မင်းတဲ ချောင်းရေဆိပ်မှာ စောင့်နေမယ်၊ ပြောစရာရှိလို့' ဆိုသော အယ်လီ၏အမှာစကား။ သို့သော် ထိုနေ့က အယ်လီနှင့်မတွေ့ဖြစ် ပြန်။ သခင်ကြီးက မြို့ကိုသွားရန် ခေါ်လေသဖြင့် မြင်းနှင့်မြို့ကို လိုက်သွားရသည်။ ဤသည်ကိုပင် 'မှာထားတာတောင် မလာ၊ သိပ်မာနကြီးတာဘဲ' ဟု အယ်လီ စိတ်ထဲက ထင်နေလေပြီလားဟု တွေးမိသောအခါ ကျော်ဇောဦး၏ ရင်ထဲမှာ ဝေဒနာတစ်ခုက တင်းကြပ်လာမိသည်။ ထို့ကြောင့်လည်း အယ်လီ၏ လှပရုပ်သွင် ကို မငေးမကြည့်ရဲဘဲ ဦးခေါင်းကိုငုံ့ထားမိ၏။ မျက်စေ့အစုံတို့မှာ မြေပြင်ကိုသာ မြင်နေရသော်လည်း အယ်လီ၏ လှပရုပ်သွင်သည် မြေပြင်ထဲက ပေါ်ထွက်လာပြီး သူ့အား စကားဆိုလာပြန်သည်။

"နေညိုနေပြီ တက်လေ၊ ကျော်ဇောဦး သွားကြမယ်"

အယ်လီက ဘာမှမဖြစ်သလို ပြောသော်လည်း သူ့စိတ်ထဲက မလုံသေး

"သခင်ကြီးတို့ကော မလိုက်ဘူးလား"



"အင်္ကဲ့တို့က မနက်ဖြန်မှလိုက်မယ်တဲ့"

အယ်လီနှင့် ပွဲတော်သို့ တစ်ခါမျှ မလိုက်ဖူးသေးသော ကျော်ဇောဦးမှာ အယ်လီ တစ်စုံတစ်ခုကို အလိုမကျဖြစ်သွားမည်ကို စိုး၍ ပူနေရသည်။

နေလုံးနီနီကြီးမှာ အနောက်ဖက် တောင်စွယ်တွင် ကွယ်သွားလုလု မေးတင်၍ ရှိနေလေပြီမို့ ရှည်လျားရှုပ်ထွေးသော ထင်းရှူးပင်ရိပ်များသည် ကုန်းမြင့်သာယာ ကို ယှက်ဖြာမိုးအုပ်၍ ကျန်ရစ်လေသည်။

ပွဲတော်လာကြသော အယ်လီတို့လူအုပ်ကို သူကြီးလေး မောင်ကျော်ဟိုးတ ဆင့်လာကြိုနေ၏။ မောင်ဇော်ကျော်ဟိုးက အရေးတစိုက် လာကြိုနေသည်ကို တွေ့ရ သောအခါ အယ်လီ၏ ရွှင်ပျ မြူးပျော်လာသော ရုပ်သွင်မှာ ပို၍ လန်းဆန်းသွား သည်ဟု ကျော်ဇောဦးက မှတ်ချက်ချသည်။

အချိန်မှာ မှောင်ရီဖြိုးဖျ ချုပ်ညဝေရီစဖြစ်သဖြင့် ပွဲခင်းအစ ဈေးဆိုင်များမှ မီးခွက်ကလေးများသည် မှိတ်တုတ်မှိတ်တုတ်နှင့် လင်းနေကြသည်။

ရွာနီးချုပ်စပ်တစ်ဝိုက်မှ ရွှေပွဲလာပရိသတ်များသည် အလျှိုအလျှို နေရာယူရင်း များပန်းခပ်မျှ စည်ကားနေ၏။ ဥဒဟိုဖြစ်နေကြသော လူအုပ်ရှေ့တွင် သူကြီးလေး မောင်ကျော်ဟိုးက နေရာချထားပေးသည်။ နေရာအတည်အကျ ဖြစ်သွားသောအခါ ဆိုးဖြူသည် အယ်လီအားခွင့်ပန်ကာ မင်းပြင်ရွာထဲသို့ ဝင်သွား၏။ ဆွေနီးမျိုးစပ် အသိမိတ်ဆွေများနှင့် သက်ကြီးရွယ်အိုများကို နှုတ်ဆက်ရန်ဖြစ်သည်။ 'လူလေး အမေ နှစ်ပါးသွားထွက်မှ ပြန်ခဲ့မယ်' ဟု ကျော်ဇောဦးကို မှာသွားသည်။

အယ်လီ ပွဲကြည့်ရန်အတွက် မှိအုံးနှင့်မှိုင်းလုံးကော်ဇောတို့ကို ခင်းပေးပြီး ကြသောအခါ ကုလားအမျိုးသမီး၊ အမျိုးသားများနှင့် ကျော်ဇောဦးတို့မှာ အယ်လီ နောက်၌ ဖျာကြမ်းခင်း၍ ထိုင်နေကြသည်။

"ပွဲဈေး လျှောက်ကြရအောင် အယ်လီ"

မောင်ကျော်ဟိုး၏ စကားမဆုံးခင်ပင် အယ်လီက မတ်တပ်ထရပ်လိုက် သည်။ အိန္ဒြေမရဖြစ်နေသော အယ်လီကို ကျော်ဇောဦးက မျက်စောင်းတစ်ချက် ထိုးပစ်လိုက်၏။ ကျော်ဇောဦး၏ အကြည့်ကြောင့် အယ်လီသည် မလုံမလဲဖြစ် သွားပေသည်။ ကျော်ဇောဦးက အမြင်တစ်မျိုးနှင့် အထင်သေးသွားမည်ကို သူက ထင်မိသွားသည်။

"နင်လည်း လိုက်ခဲ့ပါလား ကျော်ဇောဦး"

"ခင်ဗျားတို့ပဲ သွားကြပါ"

ကျော်ဇောဦးက ငေါ့သလိုပြောလိုက်သောအခါ အယ်လီမှာ ပို၍ မလုံမလဲ ဖြစ်သွားပြန်၏။ ထို့ကြောင့်လည်း ကျော်ဇောဦးကို အရခေါ်နေပြန်သည်။

"နင်ကလည်းဟယ် လိုက်ခဲ့စမ်းပါဆိုနေမှ"

အယ်လီက လိုလိုချင်ချင်ခေါ်နေသဖြင့် ကျော်ဇောဦးကထ၍ လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်ကခေါ်လျှင် ကျွန်က လိုက်ရစမြဲ မဟုတ်ပါလား။ ကျော်ဇော်ဦးပါလာသည်ကို သူကြီးလေးကတော့ လိုလားပုံမရပေ။ သို့သော် အယ်လီကခေါ်လာသူမို့ သူက မတားသာ။

"ကျော်ဇော်ဦး"

"ခင်ဗျာ"

"မင်း သေနတ်ပစ်တတ်ရဲ့လား၊ ငါ့သေနတ်လွယ်ယူကွာ"

"ကျုပ်က သေနတ်ကို မြင်တောင်မမြင်ဖူးတာ။ ဘယ့်ပစ်တတ်ပါ့မလဲ။ သူကြီးလေးသေနတ် သူကြီးလေးပဲ လွယ်ယူပါဗျာ။ ပွဲထဲရောက်လို့ သေနတ်က စိတ်ဆိုးပြီး ထပေါက်နေရင် ကျုပ်အပြစ် ဖြစ်နေပါဦးမယ်"

သူကြီးလေးက ကျော်ဇော်ဦး၏အပြောကို သဘောကျသဖြင့် ဟက်ဟက်ပက်ပက် ရယ်နေသည်။ အယ်လီကတော့ သူကြီးလေးကို ငေါ့ပြန်ပြီဟု မျက်စောင်းတစ်ချက် ခဲလိုက်၏။ ပြီးမှ ပြုံးနေသည်။

သူကြီးလေးက သေနတ်လွယ်၍ သူတို့နောက်ကို လိုက်ခိုင်းသည်မှာ သူ့အား သက်သက်နှိမ်လို၍ ပြောသည်ကို ကျော်ဇော်ဦးက ရိပ်မိ၍ ပြောလိုက်ခြင်းဖြစ်၏။

အယ်လီနှင့် သူကြီးလေး မောင်ကျော်ဟိုးတို့သည် ရယ်လားမောလားစကားတပြောပြောနှင့် ဘေးချင်းယှဉ်ကာ ပွဲခင်းထဲ၌ လျှောက်သွားနေကြသည်။ သူတို့နောက်ကို တကောက်ကောက် လိုက်ပါနေရသော ကျော်ဇော်ဦးကတော့ ကြာလျှင် ရှက်၍ပင်လာမိသည်။ သူတို့နှစ်ယောက်သည် ကျော်ဇော်ဦးအား လုံးဝစကား မပြောကြပေ။

အယ်လီပေးထားသော ခရစ္စမတ်လက်ဆောင် ကုတ်အင်္ကျီနှင့် သခင်ကြီး ဝယ်ပေးထားသော သက္ကလတ်ဘောင်းဘီ၊ သားရေဖြောင်ဖိနပ် စသည်တို့ကို ရှိုးကျကျ ဝတ်ဆင်ထားသဖြင့် ကျော်ဇော်ဦး၏ အသွင်အပြင် အဝတ်အဆင်တို့မှာ သူကြီးလေး မောင်ကျော်ဟိုးကို မပလွှားနိုင်သော်လည်း အဆင့်အတန်းကား မနိမ့်ကျလှချေ။ သို့သော် သူကြီးလေးနှင့် သခင်မလေးအယ်လီတို့လို ဂုဏ်ဒြပ်မြင့်လှန်းနေသူတွေ နောက်ကို တကောက်ကောက် လိုက်နေရသည်မှာ ရှေးတုန်းက မင်းသမီး မင်းသားများ တိုင်းခန်းလှည့်လည်ရာ၌ သက်တော်စောင့် အပါးတော်အခြွေ လိုက်နေရသကဲ့သို့ ရှိသဖြင့် ကျော်ဇော်ဦးက ရှက်နေမိခြင်းဖြစ်သည်။ သူကြီးလေးက သူ့အား သေနတ်လွယ်ခိုင်းသည်မှာလည်း ဤသဘောပင် မဟုတ်ပါလား။ သေနတ်လွယ်၍သာ လိုက်လာရပါက မည်မျှရှက်ဖို့ ကောင်းလိုက်ပါမည်နည်း။ အယ်လီက အတင်းအကြပ် လိုက်ခဲ့ရမည်ဟု ခေါ်ခြင်းမှာလည်း သူကြီးလေးနှင့်သူက တစ်ကျိပ်တည်း တစ်ဉာဏ်တည်းပင် ဖြစ်နေလေသလားဟု တွေးမိသောအခါ ကျော်ဇော်ဦးမှာ ထွက်ပြေးချင်စိတ်ပင် ပေါက်လာမိသည်။ ဤသည်တို့ကို လုံးဝ မတွေးမိသော အယ်လီကတော့ သူကြီးလေးနှင့်ယှဉ်၍သာ လျှောက်နေ၏။ ခါတိုင်းနှစ်တွေမှာ အစေအပါး အဖော်များနှင့်သာ ပွဲဈေးတန်းလျှောက်လေ့ရှိသော ရွှေတောင်ကြား ကုန်းမြင့်သာယာက မျက်နှာဖြူမလေးအား တိုင်းရင်းသား



ရှုပွဲလာများက အံ့ဩသလို ဝိုင်းကြည့်နေကြသည်။ သူမ၏နောက်တွင် လူလင်ပျိုလေးနှစ်ယောက် လိုက်ပါလာသဖြင့် သူမအား တိုင်းရင်းသားများက ဝိုင်းရန်ကြည့်နေကြသည်ကို အယ်လီကတော့ လုံးဝ ဂရုမပြုမိပေ။

လေးကောင့်ဂျင်ဝိုင်းတွင် အယ်လီနှင့် သူကြီးလေးတို့က မတ်တတ်ရပ်လိုက်ကြသောအခါ သူတို့နောက်က တကောက်ကောက် လိုက်ပါလာရသော ကျော်ဇော်ဦးကလည်း သူတို့၏အရိပ်အခြည်ကို ကြည့်၍ မတ်တတ်ရပ်လိုက်ပြန်၏။

ပွဲကြိုက်တတ်သလို လောင်းကစားလည်း ဝါသနာပါသော အယ်လီသည် ဂျင်ဝိုင်းမရှာသောအခါ ပွဲခင်းက ဖဲဝိုင်းမှာ ရပ်လာပြန်သည်။ တောသူတောင်သားပွဲ၌ ဖဲဝိုင်းနှင့် လေးကောင်ဂျင်ဝိုင်းတွေ ရှုပ်ယှက်ခတ်မျှ စည်ကားနေသည်။ ပွဲမထွက်သေးသဖြင့် ကာလသားများနှင့် လောင်းကစား ဝါသနာအိုးများမှာ ဖဲဝိုင်းနှင့် ဂျင်ဝိုင်းတို့သာ အုံနေကြသည်။

သူကြီးလေးနှင့် ယှဉ်တွဲ၍ သွားနေသဖြင့် အယ်လီ၏ရုပ်သွင်မှာ အတိုင်းမသိမြူးကြွနေသည်ကို ကျော်ဇော်ဦးက အမြဲ အကဲခတ်လာသည်။ အလိုက်သိတတ်သော သူကြီးလေးက နှစ်ဦးစပ်တူ လက်သည်လုပ်ရန် အယ်လီကို အဖော်စပ်၏။ အယ်လီက 'စမ်းလိုက်'ဟု ဆိုသောအခါ သူကြီးလေးနှင့် အယ်လီတို့သည် ဖဲဝိုင်း၌ လက်သည်လုပ်ရန် ဘေးချင်းယှဉ်၍ ထိုင်လိုက်ကြသည်။ ဝါရင့်ဖဲသမားများသည် အယ်လီနှင့် သူကြီးလေးတို့ကို အဖဲဖမ်းချင်နေသဖြင့် နေရာဖယ်ပေးကြ၏။ အယ်လီနှင့် သူကြီးလေးတို့၏နောက်မှ ကြောင်တောင်တောင် ယောင်နနနှင့် မတ်တတ်ရပ်နေရှာသော ကျော်ဇော်ဦးအားလည်း ဖဲသမားများက 'ဟိုဆရာလေးကော ထိုင်လေဗျာ'ဟု ဖိတ်ခေါ်နေကြသည်။ သူတို့အထင်မှာ သူကြီးလေး၊ သခင်မလေးတို့နှင့် အတူပါလာသူမို့ ဂုဏ်ရည်တူ လူလင်ပျိုလေးတစ်ယောက်ဟု ထင်နေကြသည်။ ကုန်းမြင့်သာယာမှ သခင်ကြီးတို့၏ အစေအပါးဟု ကျော်ဇော်ဦးကို မည်သူကမျှ မထင်ကြပေ။ ကျော်ဇော်ဦး၏ အဝတ်အဆင်ကိုမြင်ရုံနှင့် ဖဲသမားများက ဝိုင်းရွှေ့၍ပေးကြသည်။ ဝင်မထိုင်လိုက်လျှင် ဖဲသမားများက အထင်သေးသွားမည်စိုးသဖြင့် ကျော်ဇော်ဦးသည် သူကြီးလေးနှင့် သူ့သခင်မလေးတို့၏အနားမှာ ဝင်ထိုင်လိုက် ရသည်။

ဖဲကစားရန် အိမ်ညှိကြသောအခါ ဖဲသမားတစ်ယောက်က 'တစ်အိမ်လိုတယ် ဒီက ဆရာလေး ဝင်ဗျာ'ဟု ပြောသဖြင့် ကျော်ဇော်ဦးက တစ်အိမ်ဝင်လိုက်၏။

"မင်း မပါနဲ့ကွာ"

သူကြီးလေးက ကျော်ဇော်ဦးကို သံပြတ်နှင့်ဟန့်တားသည်။

"ကျုပ်ပိုက်ဆံနဲ့ ကျုပ်ပါတာ ဘာဖြစ်လဲ ပါတယ်ဗျာ"

ကျော်ဇော်ဦးသည် ကုပ်အင်္ကျီထဲက ပိုက်ဆံကိုနှိုက်ရင်း သူကြီးလေးအား ဘုတောလိုက်၏။

"တို့က စပ်တူ လက်သည်လုပ်မလို့ဟ"

"လုပ် လုပ်ပေါ့ဗျ၊ ခင်ဗျားတို့ စပ်တူလုပ်တာနဲ့ ကျုပ်နဲ့ဘာဆိုင်တာမှတ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကျူဝ်လည်း တစ်အိမ်ပါတယ်"

သူကြီးလေး၏မျက်နှာမှာ ချက်ချင်းနီရဲသွားသည်။ သို့သော် သူက ကျော်ဇော်ဦးအား ဘာမျှ ပြန်မပြောတော့ဘဲ အယ်လီ၏မျက်နှာကိုသာ ဖျက်ခနဲ တစ်ချက်လှမ်း ကြည့်လိုက်၏။ သူကြီးလေးက သူ့အား ဘာကြောင့်ကြည့်သည်ကို အယ်လီက အတပ်သိလိုက်၏။ ထိုအခါ အယ်လီ၏ ညိုပြာပြာမျက်လုံးအစုံက ကျော်ဇော်ဦး၏မျက်နှာပေါ်သို့ စူးစူးစိုက်စိုက်ကျလာသည်။ 'သခင်တွေ လောင်းကစားနေရာမှာ နင့်လိုကျွန်က ပါရမည်လား'ဟု သူ့မျက်လုံးများ ပြောနေသကဲ့သို့ပင်။

"နင့်ကိုပြောလိုက်ရင် ခွတ်တရွတ်ချည်းပဲ၊ သွား မပါရဘူး"

အယ်လီ၏ တင်းမာပြတ်သားလွန်းသော အသံကြောင့် ကျော်ဇော်ဦးမှာ အတိုင်းမသိ ရှက်သွားသည်။ ထိုအခါမှ တိုင်းရင်းသား ဖဲသမားတွေကလည်း ကျော်ဇော်ဦးသည် ရွှေတောင်ကြား ကုန်းမြင့်သာယာက သခင်ကြီးတို့၏ အလုပ်သမားမှန်း သိသွားပြီး အထင်သေးသည့် မျက်လုံးများနှင့် တိုင်းရင်းသားတွေက သူ့အား ဝိုင်းကြည့်နေကြပြီလားဟု ကျော်ဇော်ဦးမှာ ခေါင်းပင်မဖော်ရဲတော့ပေ။ သူကြီးလေး၏ မဆီမဆိုင် ဝါးလုံးကွဲရယ်လိုက်သံမှာ 'ကဲ မှတ်ကရော၊ မင်း ဘာတတ်နိုင်သေး သလဲ'ဟု သူ့နားနားကို ကပ်၍ အော်ပြောနေသလားပင် ထင်မိသည်။ ထိုင်ရမလို၊ ထရမလိုဖြစ်နေသော သူ့အား ပြုံး၍ကြည့်နေကြသော တိုင်းရင်းသားများ၏ မျက်နှာမှ သူသည် ချက်ချင်း ခွာလိုက်သည်။ အယ်လီက နင်လွှတ်ပြီဆိုတော့လည်း ကျော်ဇော်ဦးမှာ သွားရမြဲသာ မဟုတ်ပါလား။

မိမိဘဝ၏ နိမ့်ကျလွန်းပုံကို တွေးကြည့်ကာ ကျော်ဇော်ဦးမှာ ဝမ်းနည်းယူကျုံးမရ ဖြစ်လာသည်။ ဝမ်းနည်း နာကြည်းလာသော မခံချင်စိတ်ကို ရင်ထဲ၌ အောင့်အည်း မျိုသိပ်ထားရသဖြင့် မျက်လုံးအစုံတွင် မျက်ရည်များဝဲနေသည်။ မခံချိမခံသာ ဖြစ်လာလွန်းသောအခါ သူ၏ မျက်ရည်တွေမှာ ဆောင်းညငွေနှင်းတွေနှင့်ရော၍ မြေပြင်သို့ ကြွေကျရသည်။ ယောကျ်ားရင့်မကြီး တစ်ယောက်ပင် ဖြစ်သင့်ကစား သူ့မျက်ရည်များသည် မြေခရ၏။ သူ့ရင်ထဲမှာ မုန်တိုင်းထန်ရ၏။ သူ့စိတ်ထဲမှာ ဗလောင်ဆူရ၏။ ရင်ထဲက ရိုက်ခတ်လာသော နာကြည်းစိတ်နှင့် သူသည် ပွဲအပြင်သို့ထွက်လာသည်။ ရိုးတွင်းချဉ်ဆီထဲကပင် စိမ့်နေအောင် ချမ်းလှသော ဆောင်းည၌ သူက ဇောချွေးတွေ ပြန်နေလေသည်။ ရှက်မိပြီဆိုတော့လည်း လူမြင်သမျှကို ရှက်နေရလေသည်တကား။

ညဉ့်မှာ တဖြည်းဖြည်း နက်ရှိုင်းလာသလို အအေးဓာတ်ကလည်း လွန်ကဲလာသည်။ မှုန်ဝါးသော ငွေနှင်းထည် ခြုံလွှာပါးကလည်း ရွှေ့ပြလာ ဧည့်ပရိသတ်များကို လွှမ်းထားနှင့်လေပြီ။ တိုင်းရင်းသားလူမျိုးများမှာ စောင်ကြမ်းကြီးတွေကို ခေါင်းကပင် လွှမ်းခြုံထားကြသဖြင့် မိန်းမ၊ ယောကျ်ားပင် ခွဲခြားမရ ဖြစ်လာလေသည်။ လူရွှတ် လူနောက်အချို့ကတော့ ကြံချောင်းရှည်များကို ကောက်ရိုးနှင့် ရစ်ပတ်ကာ 'သားသားလေး ချမ်းမှာစိုးလို့' ဆိုပြီး ပွဲကိုလှည့်ကာ ရွှတ်နောက်နေကြသည်။



ပွဲစ၍ ထွက်က နေပြီးဖြစ်သော်လည်း သူကြီးလေးနှင့် အယ်လီတို့ကတော့ ဝိုင်းမှ မခွာနိုင်ကြသေး။ အယ်လီနှင့် သူကြီးလေးတို့ ဘေးချင်းယှဉ်၊ နှစ်ခြင်းထိကာ လောင်းကစားနေကြသည်ကို မြင်သောအခါ ကျော်ဇော်ဦး၏ရင်မှာ ပူလောင်လာပြန်သည်။ သူကြီးလေးကို မနာလိုတာလား။ အယ်လီကို စိတ်ခုနေတာလား။ မိမိဘဝ နိမ့်ကျပုံကိုတွေးပြီး နာကြည်း ဝမ်းနည်းနေတာလားဟု ခွဲခြားမရတိုင်း သူ့ရင်ထဲမှာ မုန်တိုင်းကျ နေသော အဏ္ဏဝါပြင်ကဲ့သို့ ယောက်ရက်ခတ်နေသည်၊ ဝိုင်ဝိုင်နိုင်နိုင်နှင့် နင်လွှတ်လိုက်သော အယ်လီ၏ ပြတ်သားမာကြောသည့် အမိန့်သံကို ယခုထိ သူ့နားထဲမှာ ကြားနေရသေး၏။ ယုတ်ညံ့သူဟူသော အနေနှင့် ဘဲအတူ ကစားသည်ကိုပင် ဟန့်တားလေသည်တကား။

မင်းပြင်ရွာ ဘုရားပွဲတော်သို့ ကုန်းမြင့်သာယာမှ ထွက်လာကြတုန်းက သခင်မလေး အယ်လီကလည်း ဖော်ဖော်ရွေရွေမို့ သူ့စိတ်မှာ အတိုင်းမသိအောင် မြူးရွှင်လာသည်။ သို့သော် မင်းပြင်ရွာသို့ရောက်၍ သူကြီးလေးနှင့် တွေ့ရသော အခါမှာမူကား အေးမြရွှင်မြူးလာသော သူ့စိတ်သည် အလိုလို ခုန်ပေါက်ထွက်ပြေး သွားကြသည်။ ချမ်းအေးကြည်မြခြင်း၊ ပျော်ရွှင်မြူးကြွခြင်းအစား ပူလောင်ပြင်းပြခြင်း၊ နာကြည်းဝမ်းနည်းခြင်းတို့က အလဲအလှယ်နေရာယူကာ နှိပ်စက်လာကြသည်။ ထိုအခါ ပွဲတော်ရောက်လျှင် မိမိတို့ရွာမှ အပျိုလူပျိုများ အုပ်ဖွဲ့ပွဲကြည့်နေကြသော နေရာကိုသွားပြီး နှုတ်ဆက်သတင်းမေးရန် အပျိုမလေးများကို ဆိကပါးရိကပါး စကားပြောရန်ကိုပင် သူက သတိမရတော့။ နာကြည်းသော စိတ်သောကတို့သည် ဝိုင်းအုံ၍ နှိပ်စက်နေကြလေပြီတည်း။*

ကျော်ဇော်ဦးသည် ပွဲအစတွင် ဖရောင်းချနေသော အရက်ဆိုင်သို့ ရောက်သွားပြန်သည်။ အရက်ဆိုင်ကို တွေ့ပြီဆိုတော့လည်း နာကြည်းစိတ်နှင့် အရက်ကိုသာ အရူးအမူး မိသောက်သည်။ အရက်အလွန်အကျွံမူးတော့မှ သူသည် ပွဲထဲသို့ ဝင်လာ၏။ ပွဲထိုင်ကြည့်ရန် ဖြန့်ခင်းထားသော ကော်ဇောပေါ်တွင် အယ်လီကို မတွေ့ရသောအခါ ကျော်ဇော်ဦး၏ရင်မှာ ပို၍ ပူလောင်လာပြန်သည်။ အယ်လီသည် သူကြီးလေး မောင်ကျော်ဟိုးနှင့် လောင်းကစား၍ ကောင်းကုန်းပင် ရှိလေမည်ဟု တွေးမိသောအခါ သူ့ရင်ထဲမှာ တလှပ်လှပ်ခုန်လာသည်။ အရက် အလွန်အကျွံ

---

*(သူတို့ဆီ၌ ပွဲတော်တစ်ခုခုရှိ၍ ပွဲကြည့်သွားကြတော့မည်ဆိုလျှင် အပျိုလူပျိုများသည် စုစည်းအုပ်ဖွဲ့၍ သွားကြလေ့ရှိ၏။ အပျိုလူပျိုများဝိုင်းထဲကို အိမ်ထောင်သည်များနှင့် ကလေးများ သည် လုံးဝမဝင်ရပေ။ ဘယ်ရွာ၌ ဘယ်ဘုရားပွဲရှိ၍ သွားကြတော့မည် ဆိုကတည်းကပင် နံ့စပ်ရာ၊ နီးစပ်ရာ အပျိုလူပျိုများမှာ စုစည်းပြီးသားဖြစ်၏။ သမီးရည်းစား၊ ချစ်သူများသည် ပွဲထဲ၌ စောင်ကြမ်းကြီးတစ်ထည်ကို နှစ်ယောက်ခြုံကာ ဘေးချင်းယှဉ်ပြီး ချစ်တင်းနှောနိုင်ကြသည်။ ဆောင်းည၌ ပွဲလာကြည့်ကြသူ အကုန်လုံးတို့မှာ စောင်ကြမ်းကြီးတွေကို ခေါင်းကပင် လွှမ်းခြုံထားကြသဖြင့် ယောကျ်ား၊ မိန်းမ ခွဲခြားရန်ပင် ခက်လှ၏။ ဤသည်ကပင် သမီးရည်းစား ချစ်သူစုံတွဲများကို ဆောင်းညက လွတ်လွတ်လပ်လပ် ချစ်တင်းနှောနိုင်ရန် ဖန်တီးပေးနေသကဲ့သို့ ရှိချေသည်။ ဤသည်မှာ သူတို့ဆီ၌ ရိုးရာဓလေ့ ဖြစ်လေသည်။)

www.burmeseclassic.com

www.burmeseclassic.com



မူးလာသောအခါ သူ့တစ်ကိုယ်လုံးမှာ ချက်ချင်း ပင်ပန်းနွမ်းလျလာသည်။ ယင်းသို့ကြောင့်ပင် ကျော်ဇော်ဦးသည် အယ်လီပွဲထိုင်ကြည့်ရန် ခင်းထားသော မှိုင်းလုံးဘော်ဇောပေါ်သို့ သူ့ကိုယ်ကို ပစ်ချလိုက်သည်။ သခင်ထိုင်ရန် ခင်းထားသော နေရာတွင် ကျွန်ကဝင်ထိုင်၍ လဲလျောင်း၍ အိပ်စက်နေ၍ ပတ်ဝန်းကျင်ကိုလည်း သူက လုံးဝသတိမပြုမိ။ သူ့စိတ်ထဲမှာ ပွဲခင်း တစ်ပြင်လုံးနှင့် သက်ရှိသက်မဲ့ အရာဝတ္ထုများသည် အားလုံး ချာချာလည်နေကြသည်။

"အာကို သခင်မလေးလာရင် ဆူလိမ့်မယ်နော်"

မိုအုံးပေါ်မှပြီး ညောင်းညာလျှင် ခြေဆန့်ရန် အသင့်ဖြန့်ခင်းထားသော အယ်လီ၏ မှိုင်းလုံးကော်ဇောပေါ်သို့ သူ့ကိုယ်တစ်ပိုင်းကို ပစ်တင်ထားလိုက်သောအခါ ကုလားမလေး ဓော်ကိန္နာက ကျော်ဇော်ဦးကို သတိပေးလာသည်။ ကျော်ဇော်ဦးသည် စိတ်ပေါက်ပေါက်ရှိသည်နှင့် ကုလားမလေး ဓော်ကိန္နာအား ခြေထောက်နှင့် လှမ်းကန်ပစ်လိုက်၏။ ကျော်ဇော်ဦး အရက်မူးလာသည်ကို ရိပ်မိသွားသဖြင့် ကုလားမလေး ဓော်ကိန္နာက ဘာမျှ ပြန်မပြောရဲတော့ပေ။

ရွှေတောင်ကြား ကုန်းမြင့်သာယာမှ ပွဲကြည့်ရန်လိုက်လာကြသော အလုပ်သမား ကုလားအမျိုးသမီး၊ အမျိုးသားများမှာ အယ်လီ၏မှိုအုံးနောက်တွင် ထိုင်၍ ပွဲကြည့် နေကြသည်။

အယ်လီနှင့် သူကြီးလေးတို့ ပွဲကြည့်ရန် ရောက်လာကြသောအချိန်မှာ သန်းခေါင် ကျော်နေလေပြီ။

"အာကို သခင်မလေးတို့ လာနေပြီ"

အယ်လီနှင့် သူကြီးလေးတို့ ပွဲကြည့်ရန် ဝင်လာကြသည်ကို မြင်သဖြင့် ကုလားမလေးဓော်ကိန္နာက ကျော်ဇော်ဦးကို လှုပ်နှိုးသည်။ သို့သော် ကျော်ဇော်ဦးက တုတ်တုတ်မျှ မလှုပ်။ ဓော်ကိန္နာ၏အသံကို ကြားသော်လည်း တမင်ပေကပ်ကာ အိပ်ပျော်ယောင် ဆောင်နေသည်။

သူ့နေရာပေါ်တွင် ကိုယ်တစ်ပိုင်းတင်၍ အိပ်ပျော်နေသော ကျော်ဇော်ဦးကို တွေ့ရသောအခါ အယ်လီနှင့်သူကြီးလေးတို့မှာ အံ့သြသွားကြသည်။ ကုလားအလုပ်သမားတွေကတော့ အယ်လီ၏အသွင်ကိုသာ မသိမသာ အကဲခတ်ကြည့်နေကြလေ၏။ သူတို့၏ စိတ်ထဲမှာ သခင်မလေးသည် ကျော်ဇော်ဦးအား ခြေထောက်နှင့် ကန်၍များ နှိုးလေမလား။ အော်ငေါက်၍ ကြိမ်းမောင်း၍များ နှိုးလေမလားဟု စိုးရိမ်နေကြပုံရ လေသည်။

"ကျော်ဇော်ဦး"

အယ်လီသည် သူ၏မှိုအုံးပေါ် တင်ထားသော ကျော်ဇော်ဦး၏ လက်တစ်ဖက်ကို ခပ်ဆတ်ဆတ်ကလေး တစ်ချက်ရိုက်ပြီးနှိုးသည်။ သို့သော် ကျော်ဇော်ဦးကတော့ တုတ်တုတ်မျှပင် မလှုပ်သေး။

"ဟဲ့ ကျော်ဇော်ဦး"

အိပ်ပျော်နေသည် ထင်သော ကျော်ဇော်ဦးကို အယ်လီက ဒုတိယအကြိမ်



ရိုက်၍နှိုးပြန်၏။ ပထမရိုက်ချက်ထက် ဒုတိယရိုက်ချက်က ပြင်းသဖြင့် ကျော်ဇော်ဦးသည် လန့်သွားသလို ဖျတ်ခနဲ ထထိုင်လိုက်သည်။

"ဘာလဲ"

သူ့မှာ ဘာမျှအပြစ်မရှိသလို အယ်လီကို ရူးစူးဝါးဝါးကြည့်ပြီး ကျော်ဇော်ဦးက အော်ပစ်လိုက်၏။

သူကြီးလေးကတော့ အယ်လီနှင့် ကျော်ဇော်ဦးတို့၏ ပြောဆိုဆက်ဆံကြပုံမှာ ကျွန်နှင့်သခင်ဆက်ဆံပုံမျိုး မဟုတ်သဖြင့် အံ့သြနေသည်။ ကျော်ဇော်ဦးက သူ့အား နေရာဖယ်မပေးသေးသဖြင့် မတ်တတ်ရပ်နေရ၏။

ကျော်ဇော်ဦး၏အသံနှင့်အတူ ချက်အရက်နံ့ကလည်း အယ်လီ၏နှာခေါင်းထဲသို့ ရုတ်ခြည်းတိုးဝင်လာသည်။ အယ်လီ၏အသံမှာ ချက်ချင်း နူးညံ့သွား၏။

"နင်တို့စားဖို့ ငါ မုန့်တွေဝယ်လာတယ်၊ ထလေ"

အယ်လီက ကုလားအလုပ်သမားများနှင့် ကျော်ဇော်ဦးကိုပေးရန် လက်ဆောင်မုန့်များကိုလည်း တကယ်ဝယ်လာခဲ့သဖြင့် သူ့အပြောမှာ သဘောကျစရာပင် ဖြစ်သွားသည်။ အမှန်ကတော့ သူ့နေရာမှာ ကျော်ဇော်ဦးက တက်အိပ်နေ၍ သူကြီးလေးထိုင်ရန် နေရာမရှိသဖြင့် သူက ကျော်ဇော်ဦးကို ရိုက်နှိုးခြင်းသာ ဖြစ်လေသည်။

ကျော်ဇော်ဦးသည် ထိုင်နေရာက အယ်လီနှင့် သူကြီးလေးကို မော့ကြည့်ကာ နေရာဖယ်ပေးလိုက်သည်။ ပြီး သူ့ခြေလှမ်းက ပွဲအပြင်သို့ထွက်ရန် လှမ်းလိုက်၏။

"နင် ဘယ်လဲ ကျော်ဇော်ဦး"

သူ့အပါးမှ ခွာစပြုသော ကျော်ဇော်ဦးအား အယ်လီက လှမ်းမေးသည်။

"အပြင်ကို"

"နင် မုန့်မစားတော့ဘူးလား"

ကျော်ဇော်ဦးက ဘာမျှပြန်မပြော။ ပွဲအပြင်ကိုသာ လှမ်းသွားနေ၏။

"နင် အရက်တွေ ထပ်မသောက်လာနဲ့နော်"

ယခုပင် တော်တော်မူးနေသော ကျော်ဇော်ဦးအား အယ်လီက စိုးရိမ်စိတ်နှင့် လှမ်းပြောလိုက်၏။ သို့သော် ကျော်ဇော်ဦးက အယ်လီ၏စကားကို လုံးဝမကြားသလို လူအုပ်ထဲသို့ တိုးဝင်သွားသည်။

သခင်တစ်ယောက်၏စကားကိုပင် နည်းနည်းလေးမှအရေးမထား လေးစားခြင်းမရှိသော ကျော်ဇော်ဦးနှင့် အယ်လီတို့ကို တလှည့်စီငေးကြည့်ကာ သူကြီးလေးမှာ တွေဝေနေလေသည်။

ကျော်ဇော်ဦး လာနေသည်ကို သူ့အမေနှင့် အယ်လီက လှမ်းကြည့်နေကြသည်။ တစ်ညလုံး ပျောက်နေသောသားအား အမေလုပ်သူက ဘယ်မှာသွားနေပါလိမ့်ဟု တွေးကြည့်နေသလို၊ သူပြောသည်ကို လုံးဝအရေးမစိုက်သလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်သွားပြီး ပွဲခင်းထဲ သို့ပြန်ဝင်လာသော ကျော်ဇော်ဦးအား အယ်လီကလည်း ဝမ်းနည်းစိတ်နှင့် လှမ်းကြည့်နေသည်။

အချိန်မှာ မိုးလင်းခါနီးပြီဖြစ်၏။ ရှာနီးချုပ်စင်တစ်ဝိုက်မှ ပွဲကိုလာ၍ကြည့်ကြသူများသည် မိမိတို့ရွာသို့ ပြန်ကြရန် အဖော်များကို အော်ခေါ်နေကြသဖြင့် ပွဲခင်းတစ်ပြင်လုံးမှာ ညံနေသည်။ ပွဲကနေသော နောက်ပိုင်းမင်းသမီး၏ ငိုခြင်း သံကိုပင် သဲသဲကွဲကွဲမကြားရတော့။ ပွဲကလည်း ပြီးခါနီးပြီမို့ လူတွေမှာ ယောင်ယက်ခတ်နေကြသည်။ ယင်းအချိန်မျိုးတွင် ပွဲသည် ရုတ်ရုတ်သဲသဲ ဖြစ်တတ်၏။ သူကြီးလေး မောင်ကျော်ဟိုးသည် ပွဲကို ကြပ်မတ်စောင့်ကြည့်ရန် အပြင်ထွက်နေရသဖြင့် ကျော်ဇော်ဦးသည် အယ်လီ့အနား၌ သူကြီးလေးကို မတွေ့ရ။

"သား တစ်ညလုံး ဘယ်ပျောက်နေလဲ"

"ပန်းတောက သူ့ရည်းစားဆီ သွားနေမှာပေါ့"

အမေက မေးသည်ကို ကျော်ဇော်ဦးက အဖြေမပေးခင် အယ်လီကဝင်ပြော၏။

"မဟုတ်ပါဘူး"

"ဟော နင့်အပြင်ဝတ် ကုတ်အင်္ကျီကော"

မဦးဖြူက မေးတော့မှ အယ်လီကလည်း ကျော်ဇော်ဦး၏ တစ်ကိုယ်လုံးကို ကြည့်မိသည်။ ရေစွမတ် လက်ဆောင်ပေးထားသော အနွေးထည် ကုတ်အင်္ကျီမှာ ကျော်ဇော်ဦးကိုယ်ပေါ်၌ ပါမလာတော့။

"ဟဲ့ နင့်အင်္ကျီကောလို့"

"ညက ဖဲရှုံးလို့ ပေါင်ထားခဲ့ရတယ်အမေ"

ညက အရက်လွန်စွာသောက်ထားသော ကျော်ဇော်ဦးသည် အမူးမပြေသေးသဖြင့် သူ့အမေအား ရဲရဲဝံ့ဝံ့ပင် ပြောလိုက်၏။

သူက အမြတ်တနိုး လက်ဆောင်ပေးထားသောအင်္ကျီကိုမှ ဖဲပေါင်ရိုက်သည် ဆိုသော ကျော်ဇော်ဦး၏စကားကို ကြားရသောအခါ အယ်လီမှာအတိုင်းမသိ ဝမ်းနည်းသွားသည်။ 'လုပ်မှ လုပ်ရက်ပလေ' ဟုလည်း ကျော်ဇော်ဦးကိုစိတ်နာသွားမိ၏။

"လူမိုက်၊ ဘယ်လောက်နဲ့ ပေါင်ထားခဲ့လဲ"

"တစ်ဆယ်"

"ကြည့်စမ်း၊ ငါဝယ်ပေးတုန်းက အဲဒီအင်္ကျီ သုံးဆယ်တောင် ပေးရတာ နင်နဲ့ အကောင်းနဲ့ကို မတန်ပါဘူး"

အယ်လီ၏ ကြားဝင်ပြောသံမှာ ဆို့နင့်သွားသည်။

"ရော့ သွားရွေး"

အယ်လီက စိတ်နာနာနှင့် ငွေတစ်ဆယ်ကို ကျော်ဇော်ဦး လက်ထဲသို့ ပစ်ထည့်လိုက်သည်။

"နေပါ နေပါ သခင်မလေး၊ ဒီက ပေးလိုက်ပါ့မယ်"

သူ့အမေက အတင်းဝင်ပြီးတော့ ငွေတစ်ဆယ်ပေးသော်လည်း ကျော်ဇော်ဦးသည် အယ်လီဆီကငွေကို ယူထားနှင့်ပြီး ဖြစ်သည်။



အယ်လီမှာ ကျော်ဇော်ဦးကို ရှုံ့ရှုံ့စိုက်စိုက်ကြည့်ပြီး မျက်ရည်ဝဲနေ၏။ ကျော်ဇော်ဦးကလည်း အယ်လီ၏မျက်နှာကို စိုက်ကြည့်ကာ ငေးနေသည်။ သူတို့နှစ်ယောက်၏ အကြည့်သည် တစ်ယောက်ကိုတစ်ယောက် တောင်းပန်ခွင့်လွှတ်ကြသော အကြည့်မျိုးပင်။ တစ်ဦးတွင်အပြစ်ရှိသလို ကျန်တစ်ဦးမှာလည်း အပြစ်ရှိသည်ကို သူတို့၏မျက်လုံးအကြည့်တွေက ဝန်ခံနေကြ၏။

"ပွဲပြီးတော့မယ်၊ မြန်မြန် သွားရွေးလေ"

သူ့အမေက အော်လိုက်တော့မှ ကျော်ဇော်ဦးသည် အယ်လီ၏မျက်နှာမှ သူ့မျက်လုံးကို ခွာလိုက်သည်။

"တော်တော်မိုက်တဲ့ကောင်၊ နောက် ဖဲရိုက်တယ်ကြားရင် နင်နဲ့ငါနဲ့အတွေ့ပဲ"

"ညကလည်း အရက်တွေမူးပြီး တစ်ညလုံး ထင်ရာတွေလျှောက် လုပ်နေတယ်။ ပြောတော့လည်း "

အယ်လီက သူ့အမေအားတိုင်သလို ပြောလိုက်သည်ကို ကျော်ဇော်ဦးက အလိုမကျဟန်ဖြင့် မျက်ခွံတစ်ချက် ပင့်ကြည့်လိုက်၏။ ကျော်ဇော်ဦး၏အကြည့်ကြောင့် အယ်လီ၏စကားက ချက်ချင်းရပ်သွားသည်။

ကျော်ဇော်ဦးအတွက်ဆိုလျှင် အယ်လီ၏စိတ်မှာ အမြဲလိုလို စိုးရိမ်ပူပန်ခဲ့ရသည်။ ညက သူ့အား ပမာမခန့်ပြု၍ ထွက်သွားတုန်းကလည်း အရက်များသောက်ပြီး ပွဲထဲမှာမူး ရမ်းနေလေမလား၊ အရက်အမူးလွန်ပြီး လူတောထဲမှာ လဲပြို၍များ နေလေမလား၊ ပွဲလာကြည့်သူတွေနှင့် ရန်ဖြစ်၍များ နေလေမလား၊ ပြီး ပန်းတောရွာက အပျိုမလေးတွေဆီကိုများ သွားလေမလား၊ ပန်းတောရွာမှာ ရည်းစားများ ရှိလေသလား စသည့် စသည့် စိုးရိမ်ပူပန်မှု သောကတို့သည် သူမ၏ရင်ထဲ၌ တစ်ညလုံး ပြည့်သိပ်နေခဲ့ရ၏။ သူကြီးလေးမောင်ကျော်ဟိုး အနား၌ ရှိနေ၍သာ သူ့အား အရေးမစိုက်သလို အိနြေ္ဒဆယ်နေရသော်လည်း သူ့စိတ်ထဲမှာ ဝမ်းနည်းလေးမှ မဖြောင့်ခဲ့ပေ။ သန်းခေါင်ကျော်မှာ သူ့အမေရောက်လာပြီး သူ့သား ဘယ်သွားသလဲဟု မေးပြန်သောအခါ အယ်လီ၏စိတ်မှာ ပို၍ လှုပ်ရှားခဲ့သည်။ သူ အရက်မူးရမ်းပြီး ပွဲထဲတွင် တစ်ခုခုများဖြစ်လာပါက သူ့အပြစ်များ ဖြစ်လေမလားဟုလည်း တွေး၍ပူရသေး၏။ မိုးလင်း ပွဲပြီးခါနီး၍ သူပြန်လာသည်ကို မြင်မှ စိတ်အေးရတော့သည်။ သို့သော် သူ့အနားကိုရောက်လာ၍ သူက အမြတ်တနိုးဝယ်ပေးထားသော ကုတ်အင်္ကျီကိုပေါင်ပြီး ဖဲရှုံးလာသည်ဟု ဆိုသောအခါ သူမ၏ရင်ထဲမှာ လုပ်ရက်ပလေဟု နာကြည်းရပြန်၏။ သူ့အတွက်နှင့် သူမစိုးရိမ်ပူပန်ရသည်မှာ များလှပေပြီ။ သို့သော် သူမ၏စိတ်သည် ကျော်ဇော်ဦးအပေါ်၌ သံယောဇဉ်မှုထိ တိမ်းညွတ်နေလေပြီ ဆိုသည်ကိုတော့ အယ်လီသည် ယခုအချိန်အထိ သတိ မတွေးမိသေးပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



| ၂၂ |

"ဒီလူတွေ သူများပစ္စည်းကို မတော်မတရား ဘာလို့ ခိုးချင်ကြတာလဲ" ဟူသော အတွေးကို ကျော်ဇောဦးသည် ကုန်းမြင့်သာယာသို့ ရောက်စတုန်းက တွေးခဲ့သည်။ ယခုလည်း တွေးတုန်းပင်။ ရေနံသူခိုးတွေကိစ္စကို သူက တစ်လမ်းလုံး တွေးလာသည်။

မိုးတွင်းက အလုပ်သမားတွေနှင့် မိုးထဲလေထဲတွင် ရေနံသွားခပ်ရသည်မှာ အလွန် ပင်ပန်းလှသည်။ လမ်းကြမ်းသဖြင့် ရေနံသွားခပ်ရသူတွေမှာ မသက်သာလှ။ နွေပေါက်၍ လမ်းကိုပြုပြင်ပြီး မင်းတဲချောင်းကို သစ်သားတံတားတစ်ခု ဆောက်လုပ်လိုက်လျှင် ဤအခက်အခဲများအားလုံး ပြေလည်လိမ့်မည်။ လမ်းလည်းပြောင့်ဖြူး သွားလိမ့်မည်ဟု မိုးတွင်းက ကျော်ဇောဦးတွေးခဲ့သည်။ ယခု လမ်းကောင်းသွားပါပြီ။ မင်းတဲချောင်းကိုဖြတ်သော သစ်သားတံတားလည်း အခိုင်အခံ့ဖြစ်သွားပါပြီ။ ရေနံတွင်းများရှိရာ တောနက်ထဲကို မြင်းနှင့်ပင် သွားနိုင်ပြီဖြစ်၏။ သို့သော် ဤလမ်းကား မဖြောင့်ဖြူးသေး။ လူလစ်လျှင်လစ်သလို ခိုးယူနေကြသော ရေနံသူခိုးများကြောင့် ဤလမ်းကား ဆူးငြောင့်ခလုတ်တွေနှင့် ပြည့်သိပ်ရောပွမ်း နေတုန်းပင်တည်း။

မိုးနှောင်းတုန်းက ရေနံတွင်းများကို သံပိုက်ချ၍ သော့ခတ်ထားလျှင် ရေနံသူခိုးများ အနှောင့်အယှက်ရန်မှ ကင်းဝေးလိမ့်မည်ဟု သူကထင်ခဲ့သည်။ ယခု ရေနံတွင်းတိုင်းတွင် သံပိုက်နှင့်၊ သော့ခလောက်တွေက အခိုင်အခံ့ရှိနေ၏။ သို့သော် ထိုသော့ခလောက်နှင့် သံပိုက်များကို ရိုက်ချိုးဖျက်ဆီး၍ ရေနံသူခိုးများကား ခိုးကြ၊ သောင်းကျန်းကြတုန်းပင် ဖြစ်လေသည်။ နေမြင့်လေ အရှုးရင့်လေဆိုသလိုပင် နွေလရောက်မှ ရေနံသူခိုးတွေက ပို၍ပင် ဆိုးလာကြ၏။ တွင်းထဲမှ ရေနံဆီများကို အချိန်မရွေး ခိုးယူနေကြသည့်အပြင် ရေနံတွင်းထဲကို သံတောင့်၊ သံချောင်း ကျောက်တုံးကျောက်ခဲများ ပစ်ချ၍လည်း ဖျက်လိုဖျက်ဆီး လုပ်လာကြသည်။ ထို့ကြောင့် တောနက်ထဲရှိ ရေနံတွင်းများကို လှည့်လည်ကြည့်ရှုရန် ကျော်ဇောဦးသည် ကုန်းမြင့်သာယာမှ ထွက်လာခြင်းဖြစ်သည်။

နွေလဖြစ်သဖြင့် ထိုစုံခွင်၌ ရွက်ကျန်ရွက်ဟောင်း ကျကြွေပြောင်း၍ တပေါင်း နွေဦး လေရူးဝေ့ဝိုက် တိုက်ခတ်ခိုက်တွင် ရွက်သစ်ဖူးဝေ၍ ရွက်ဟောင်းတွေက ကြွေကျနေသည်။ သစ်ရွက်ခြောက်ရှိ ဣန္ဒနီတို့ မြေဆီခသောင်း လတာပေါင်းပင်တည်း။

မျှော်လေရာဝယ် တိမ်ပြာထပ်ထပ် ရံကာပတ်နှင့် ရှစ်ရပ်လုံးစုံတို့တွင် မြူနှင်းတွေကလည်း မှုံနေကြ၏။ ဥသြမြည်သံနှင့် သစ်တောက်ငှက်တို့၏ သစ်ခေါက်ခွာသံမှာလည်း တောလုံးညံနေလေသည်။

ကျော်ဇောဦးသည် သူ စီးလာသောမြင်းကို တောင်စောင်းတစ်ခုတွင် ချည်ထားခဲ့ပြီး တောင်ပေါ်ထက်ရှိ ရေနံတွင်းများရှိရာသို့ တစ်ခေါက်ပြန်ကွေ့၍ တက်လာခဲ့၏။ လမ်းချိုးတစ်ခုအကွေ့ရှိ ရေနံတွင်းတစ်တွင်းသို့အရောက်မှာ ရေနံသူခိုး နှစ်



ယောက်နှင့် ပက်ပင်းတိုးမိကြသည်။

တောင်စွယ်တွင် နေက မေးတင်နေပြီ။ အစောင့်အရှောက်များလည်း ပြန်ကြပြီအထင်နှင့် ရေနံသူခိုးနှစ်ယောက်သည် တွင်းထဲကရေနံကို စိမ်ပြေနပြေ ခပ်ယူနေကြသည်။ ကျော်ဇောဦးကို မြင်သောအခါ အနားတွင် အသင့်ချထားသော ဓားရှည်ကို ပြိုင်တူကိုင်၍ ထလိုက်ကြသည်။

အန္တရာယ်နှင့်တွေ့ပြီဟူသော အသိကြောင့် ကျော်ဇောဦးကလည်း အသင့်လွယ်သလာသော ဓားအိမ်မှဓားရှည်ကို 'ရွှမ်'ခနဲ အသံမြည်သွားအောင် ဆွဲထုတ်လိုက်သည်။

နှစ်ယောက်နှင့် တစ်ယောက်ဖြစ်နေသဖြင့် ရေနံသူခိုးတွေက ကျော်ဇောဦးကို အတင်းဝင်ခုတ်သည်။ ရေနံသူခိုးနှစ်ယောက်၏ အခုတ်အထိုးကို ကျော်ဇောဦးမှာ သိုင်းကွက်နင်း၍ ခုခံကာကွယ်နေရ၏။ အင်အားချင်းမမျှသော်လည်း ကျော်ဇောဦးက အရှုံးမပေးပေ။ ရေနံတွင်း တံခွန်တိုင်များကို လှည့်ပတ်၍ ခုခံကာကွယ်သည်။ ဓားထိုး ဓားနှုတ် အခုတ်အဖြတ် အလှည့်အပတ်တွင် ကျွမ်းကျင်လွန်းသော ရေနံသူခိုးတစ်ယောက်၏ ဓားဦးသည် ကျော်ဇောဦး၏ လက်မောင်းရင်းကို ပွတ်ထိသွားသည်။ ထိပွတ်မိလိုက်စဉ်က လေခတ်သွားခြင်းသာဟု ထင်လိုက်သော်လည်း ကျော်ဇောဦး၏ လက်မောင်းရင်းမှ သွေးစိမ်းရှင်ရှင်များမှာ ခဏချင်း စီးကျလာသည်။ သွေးကို မြင်ရသောအခါ ကျော်ဇောဦးမှာ ဒေါသနှင့်ရှေ့သို့ တစ်လှမ်းတိုးလိုက်၏။ ခေါင်းပေါ်က မိုးလာသော ရေနံသူခိုးတစ်ယောက်၏ဓားကို သူက ဓားနှောင့်နှင့် တအားလွှဲခတ်လိုက်သည်။ ဓားချင်းထိခတ်သွားသော အသံနှင့်အတူ ရေနံသူခိုး တစ်ယောက်၏ဓားက သူ့ခြေရင်းသို့ လွင့်ကျလာလေ၏။ ဤတစ်ခါတော့ ကျော်ဇောဦးက လက်မနှေးပေ။ လွင့်ကျလာသောဓားကို ဖျတ်ခနဲ ကောက်ယူလိုက်လေ၏။

ဓားနှစ်လက်ရသွားသော ကျော်ဇောဦးမှာ တအားတက်လာသည်။ ဒေါသကလည်း ဖြစ်နေပြီမို့ ဓားမရှိသူ ရေနံသူခိုးကို အမိအရဝင်ပိုင်းသည်။ သို့သော် ထိုလူက သိုင်းကွက်နင်းပြီး ရေနံတံပိုးတစ်ခုနှင့် ခုခံကာကွယ်နေပြန်သည်။ လက်မောင်းရင်းကို ဓားတစ်ချက်ထိ ထားသဖြင့် ကျော်ဇောဦး၏ခုတ်ဓားမှာ အားမရှိတော့ပေ။ ထို့ကြောင့် ကျော်ဇောဦးက နောက်သို့ဆုတ်ရ၏။ အခွင့်အရေးကို မြင်သောအခါ ဓားနှစ်လက်နှင့် ဆုတ်ပြေးနေသော ကျော်ဇောဦးအား ရေနံသူခိုးနှစ်ယောက်က ဖိ၍ တိုက်ခိုက်ကြသည်။ အစက သူ့ကိုမြင်လျှင် ရေနံသူခိုးတွေမှာ ထွက်ပြေးကြလိမ့်မည်အထင်နှင့် ဖိလိုက်မိသော ကျော်ဇောဦးမှာ ယခုမှ သူ့အမှားကို သူတွေးမိလာသည်။ ရဲရင့်ဖျတ်လတ်လွန်းသော ရေနံသူခိုးနှစ်ယောက်ကို ခံရင်း သူ့မှာ ဇောချွေးတွေ ပြန်လာသည်။

ဓားနှစ်လက်နှင့် နောက်ဆုတ်၊ နောက်ဆုတ် ခုခံကာကွယ်ရင်း ကျော်ဇောဦးသည် တောင်စောင်းတစ်ခုသို့ ရောက်လာသည်။ သူ့နောက်တွင် ဖေးရှူးဆင်ကြီး တစ်ပင်နှစ်ပင်တို့က ခံနေသဖြင့် လှည့်ပတ်ပြေး၍ ကာကွယ်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အသေအလဲ ခုခံကာကွယ်နေသော ကျော်ဇော်ဦး၏ဓားနှင့် ရေနံသူခိုးနှစ်ယောက်၏ ဓားချင်းထိပွတ်သံတို့မှာ တောလုံးညံနေသည်။

"ဟဲ့ကောင် ရပ်လိုက်"

အောင်မြင်ခန့်ညားသော အသံနှင့်အတူ သူ့နောက်ကျောကို တစ်စုံတစ်ယောက် သောသူက ဓားဦးနှင့်ထောက်၍ အမိန့်ပေးလာ၏။ ကျော်ဇော်ဦးမှာ ချက်ချင်း ရပ်လိုက်ရသည်။ သူ့ကိုမဲ၍ လိုက်လာကြသော ရေနံသူခိုးနှစ်ယောက်ကလည်း မတ်တတ်ရပ်၍ ကျော်ဇော်ဦးကို စိမ်းစိမ်းဝါးဝါး ကြည့်နေကြသည်။

"ကျွန်တော်တို့ကို လိုက်ပြီးတော့ အနှောင့်အယှက်ပေးနေတာ ဒီကောင်ပဲ ဦးလေး၊ ဖလောင်း ကျွန်ယုံတော်လေ"

ရှေ့မှ သောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်းနှင့်လူက ပြော၏။

"ဟေ့ကောင် မင်းဓား ချလိုက်"

နောက်ကလူက အမိန့်ပေးသည်။

ကျော်ဇော်ဦးသည် ဓားနှစ်လက်ကို မြေပြင်သို့ ပစ်ချလိုက်၏။

ရှေ့တွင်ရပ်နေသော ရေနံသူခိုးနှစ်ယောက်က ဓားကိုကောက်ယူလိုက်ကြသည်။

ကျော်ဇော်ဦးသည် သူ့ကျောကို နောက်ကနေ ဓားနှင့်ထောက်၍ အမိန့်ပေးနေသောလူအား ခေါင်းငဲ့၍ကြည့်လိုက်၏။ နှုတ်ခမ်းမွေးကျင်စွယ်နှင့် အသက်လေးဆယ်အရွယ်ရှိ လူကြီးတစ်ယောက်က သူ့အား မဲ့ပြုံးပြုံး၍ ကြည့်နေ၏။ သူ့အသွင်မှာ အောင်နိုင်သော စစ်သူကြီးတစ်ယောက်၏ အသွင်ကို ဆောင်နေလေသည်။

"ဩော် မောင်ဖြူသီးသားဆိုတာ မင်းလား"

ကျော်ဇော်ဦးက ဘာမျှပြန်မပြော၊ ထိုလူကြီးကိုသာ ငေးကြည့်နေ၏။

"ဟဲ့ကောင် မေးနေတာ မင်းနားက မကြားဘူးလား"

ရှေ့တွင်ရပ်နေသူက ကျော်ဇော်ဦး၏နားထင်ကို ဖြန်းခနဲ တချက်ရိုက်လိုက်၏။

"ဟဲ့ မလုပ်နဲ့"

နောက်တစ်ချက် ရိုက်ရန်အရွယ်တွင် လူကြီးက တား၏။

"မောင်ဖြူသီးသား ကျော်ဇော်ဦးဆိုတာ မင်းပဲ မဟုတ်လား"

နောက်မှ လူကြီးသည် ကျော်ဇော်ဦးရှေ့သို့ လှမ်းလာပြီး မေး၏။

"ဟုတ်တယ် ဟုတ်တယ်"

ကျော်ဇော်ဦးက ခေါသနှင့် အော်ပစ်လိုက်၏။

"ဟဲ့ကောင် မေးနေတာ ကောင်းကောင်းပြော၊ မင်း ပါးကွဲချင်ပြန်ပလား"

"မင်းတို့ အသာနေစမ်း၊ ငါ မေးပါ့မယ်"

ကျော်ဇော်ဦး၏ ရှေ့သို့ ရောက်နေသော လူကြီးက အေးဆေးတည်ငြိမ်စွာ ဆို သည်။

"ဦးလေး မေးပါရစေဦးကွ ငါ့တူရာ၊ တို့မြေထဲက ရေနံဆီတွေကို မင်းတာ ဖလောင်းကြီးကို ဘာလို့ ခိုးခိုးပေးနေရတာလဲ"

"ဗျာ"



ကျော်ဇော်ဦးက ကြောင်သွား၏။

ထိုလူကြီးက ကျော်ဇော်ဦးကို မဲ့ပြုံးပြုံး၍ ကြည့်နေတုန်းပင်။

"တို့မြေထဲက ရေနံဆီတွေကို ဖလောင်းကျွန်ကုလားတွေနဲ့ မင်းက ဘာလို့ လာခိုးရတာလဲလို့ မေးတာကွ"

ထိုလူကြီး၏စကားကို ကျော်ဇော်ဦးမှာ တော်တော်နားရှုပ်သွား၏။ သူ့ကို 'လူ လူ ဟစ်တယ်' ဟူသောစကားကို ယခင်က စကားပုံအဖြစ်သာ ကြားဖူးသည်။ ယခုတော့ ရေနံသူခိုးများသည် တကယ်ပင် လူ လူ ဟစ်နေပါပြီတကား။

"ဘယ်သူက သူခိုးလဲ"

ကျော်ဇော်ဦးက ဒေါသနှင့်အော်လိုက်၏။

"မင်းက သူခိုးကျွန်၊ သူခိုးလေး။ ဟိုရေနံတောင်က ဖလောင်းကြီးက သူခိုးကြီး"

ရှေ့တွင် မတ်တတ်ရပ်နေသောလူကြီးက ကျော်ဇော်ဦးနှင့် သခင်ကြီးတို့ကို ရေနံသူခိုးတစ်တွေဟု စွပ်စွဲလိုက်၏။

ကျော်ဇော်ဦး၏ လက်မောင်းအိုးမှ သွေးများစီးကျနေသည်ကို မြင်သောအခါ ထိုလူကြီးက လက်ကိုင်ပဝါတစ်ထည်နှင့် စည်းပေးသည်။

"ခင်ဗျားတို့သာ ရေနံသူခိုးတွေ"

"ဘာကွ တို့က ရေနံသူခိုးဟုတ်လား"

သူတို့၏မျက်နှာမှာ ချက်ချင်း တင်းမာလာကြသည်။

"ဟုတ်တယ် ဟုတ်တယ်၊ ခင်ဗျားတို့က ရေနံသူခိုးတွေ"

"တို့က ရေနံသူခိုးတွေဖြစ်ရအောင် ဒီမြေတွေဟာ ဘယ်လူ့မြေမို့လဲကွ ပြောစမ်း"

"ဘယ်လူ့ မြေရမလဲ၊ သခင်ကြီးမြေတွေ"

"ထွီ ဘာသခင်ကြီးလဲ၊ ဖလောင်းလို့ပြောစမ်းပါကွ။ ဒီမြေတွေဟာ ဖလောင်းမြေတွေလား"

ထိုလူကြီး၏အသံက ချက်ချင်းမာကျောလာသည်။

"ဟုတ်တယ်"

"မင်းတို့ဖလောင်းက တို့ဆီမှာ မြေလာပိုင်ရအောင် ဖလောင်းက ရှိုင်လား"

"မဟုတ်ဘူး အင်္ဂလိပ်"

"အေး ကောင်းပြီ၊ အင်္ဂလိပ်တစ်ယောက်က ဒီမှာ ဘယ်လိုလုပ်ပြီး မြေလာပိုင်တယ်ဆိုတာ ငါ့ကို ပြောပြစမ်းပါဦးကွ"

"ဒါတော့ ကျုပ် ဘယ်သိမလဲ"

လူကြီးက ကျော်ဇော်ဦးကို သနားစရာကောင်းသော သတ္တဝါလေးပါလားဟူသောအကြည့်ဖြင့် စိုက်ကြည့်နေ၏။

"ဒီလိုဆို မင်းက မသိတဲ့ တို့မြေက ရေနံဆီတွေကို ဘာလို့ ဖလောင်းကို ခိုးခိုး ပေးနေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ခါးချင်းယှဉ်ခုတ်ထားသော ရေနံ့သူခိုးတစ်ယောက်က ကြားဝင်ပြောသည်။

"ငါမေးပါ့မယ်၊ မင်းတို့ အသာနေကြစမ်း"

လူကြီးက ဟန့်တားပြန်၏။

"ဦးလေးပြောမယ်ကွာ၊ ကျော်ဇောဦးရာ။ မင်းတို့က ငယ်သေးတော့ ဘယ်သိမလဲ။ ဒီရေနံတွင်းတွေရှိတဲ့ ရေနံမြေတွေဟာ အစက ဘယ်လူ့မြေ ထင်သလဲ"

"ဒါတော့ ကျွန်တော် မသိဘူး"

လူကြီးက ယဉ်ယဉ်ကျေးကျေး ပြောသဖြင့် ကျော်ဇောဦးကလည်း အသံကို တိုး၍ပြောလိုက်၏။

"အေး မသိရင် ဦးလေးပြောမယ် မှတ်ထား၊ ဒီရေနံမြေတွေဟာ အစတာ ဒီကောင့် အမေအဖေတွေရဲ့ မြေပဲ။ အဲဒါ မင်းတို့ဖလောင်းကြီးက ရေနံရမယ်ဆိုတာသိလို့ မင်းပြင်ရှာသူကြီးနဲ့ပေါင်းပြီး ဒီမြေတွေကို အတင်းအဓမ္မဝယ်ယူပြီး ခုမှ သူ့မြေ လုပ်ထားတာ"

လူကြီးသည် သူ့နောက်မှရပ်နေသူကို လက်ညှိုးထိုးပြ၍ပြော၏။ သူတို့မြေဟု လက်ညှိုးထိုးပြခြင်းခံရသော ရေနံသူခိုး၏ မျက်နှာမှာ ဒေါသနှင့်ချင်းချင်းနီနေသည်။ ပြီး သူ့မျက်လုံးအိမ်ထဲမှ ရစ်ဝဲနေကြသော မျက်ရည်များမှာ ဝမ်းနည်းခြင်း ကြေကွဲခြင်း၊ နာကြည်းခြင်းအသွင်ကို ဆောင်နေ၏။

"ဟိုဘက် တောနက်ထဲက ရေနံမြေတွေကော မင်းက ဘယ်လူ့မြေ ထင်သေးသလဲ"

"သခင်ကြီးမြေတွေပဲ နေမှာပေါ့"

"ထို့ အဲဒါ မင်းတို့မြေကွ၊ မင်းတို့မြေ၊ မင်းအဖေ မောင်ဖြူသီးမြေ"

လူကြီးသည် အံကိုတင်းတင်း ကြိတ်ထားသည့်ပြင် လက်သီးကိုလည်းကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ သူ့ရင်ထဲမှာ မည်မျှခံပြင်းနေသည်ကို သူ့မျက်နှာ၌လာ၍ ထင်ဟပ်နေ၏။

ကျော်ဇောဦးမှာ နားရှိ၍သာ ကြားရသော်လည်း ထိုလူကြီး၏ စကားကိုကားလုံးဝ မယုံကြည်မိပေ။ ယခုဆိုလျှင် ရေနံအများဆုံးရနေသော တောနက်ထဲမှ ရေနံမြေများကိုလည်း ထိုလူကြီးက မင်းတို့မြေဟု လိမ်လည်၍ ပြောနေပြန်ပြီဟုသာ ထင်မိ၏။ ကြောက်သဖြင့် ပြန်မပြောရဲသော်လည်း စိတ်ထဲကကား ထိုလူကြီး၏ စကားကို လုံးဝ မယုံကြည်မိပေ။

"မင်းတို့ မြေတွေကိုတောင်မှ ဖလောင်းကြီးက သူကြီးစုတ်ဦးကျော်စံနဲ့ ပေါင်းပြီး အတင်းအဓမ္မ ဝယ်တယ်၊ မင်းတို့အမေ အဖေနဲ့ မင်းတို့ကိုပါ ကျွန်လုပ်တယ်၊ မင်းအဖေ သေရတာကော ဘာကြောင့် သေရတာယ်ဆိုတာ မင်းသိရဲ့လား"

အဖေ့အကြောင်းသို့ ရောက်လာသဖြင့် ကျော်ဇောဦး၏ ရင်မှာတလှပ်လှပ် ဖြစ်လာသည်။ အဖေ၏ အလောင်းကိုလည်း သူ့မျက်စိထဲမှာ မြင်လာမိ၏။ ထိုအခါ ကျော်ဇောဦးမှာ မျက်ရည်ဝဲလာရပြန်သည်။



"ရေနံတွင်းတူးရင်း စက်မောင်းညပ် သေတယ်ပြောတာပဲ"

သူ့အသံက ဆို့နင့်လာသည်။

"အဲဒါ ဖလောင်းကြီးက ဥာဏ်ဆင်ပြီးသတ်တာကွ။ စက်မောင်းညပ်တာယ်ဆိုတာ မင်းယုံသလား။ မင်းအဖေရှိနေရင် ဒီမြေတွေကိစ္စက တစ်နေ့မဟုတ်တစ်နေ့ မင်းတို့ သိသွားမှာစိုးလို့ပဲ။ ကဲ မင်းစဉ်းစားကြည့်စမ်း၊ ဖလောင်းကြီးက မင်းတို့မြေတွေကို ယူတယ်။ မင်းတို့ကို ကျွန်ပြုတယ်။ ကုလားအလုပ်သမားတွေကို ဥာဏ်ဆင်ပြီး မင်းအဖေကို သတ်ခိုင်းတယ်။ နောက် မင်းတို့ကိုလည်း သတ်ဦးမယ်။ ခုလည်း တို့နဲ့မင်းကို တိုက်ခိုင်းပြီး ဥာဏ်ဆင်သတ်နေတာပဲ။ ဒီနေ့ ငါသာ နည်းနည်းအရောက် နောက်ကျသွားရင် မင်းအသက် ခုထိရှင်နေဦးမယ် ထင်သလား။ မင်းစဉ်းစားကြည့်လေ။ ကိုယ့်မြေထဲကရေနံကို ကိုယ်ကတူးပေးပြီးတော့ တိုင်းတစ်ပါးသား ဖလောင်းကို သက်သက်အချောင်ပေး ဆက်သနေရတာဟာ ဘယ်လောက်ထိ ဝမ်းနည်းစရာ ကောင်းသလဲ"

သူ့အဖေအား သခင်ကြီးက မြေကိစ္စနှင့်ပတ်သက်၍ ဥာဏ်ဆင်ပြီး ကုလားအလုပ်သမားတွေကို သတ်ခိုင်းသည်ဟု ဆိုသောအခါ ကျော်ဇောဦးမှာ လွန်စွာမှ ပင် တုန်လှုပ် ချောက်ချားသွားမိသည်။ ယင်းသမို့ကြောင့်လည်း ထိုလူကြီးပြောသည်ကိုသာ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ စဉ်းစား၍ သူကငိုင်နေမိ၏။

"ကဲ မိုးချုပ်နေပြီ၊ မင်းပြန်တော့။ ဒီနေ့ကစပြီး ဖလောင်းဆီမှာလဲ မင်းမနေနဲ့တော့။ မင်းအမေကိုခေါ်ပြီး ပန်းတောကိုပြန်ကြတော့ ကြားလား၊ ဖလောင်းကြီးဆီမှာ မင်းဆက်နေရင်တော့ တစ်နေ့နေ့မင်းကိုပါ ဖလောင်းကြီးက ဥာဏ်ဆင်ပြီး သတ်ပစ်လိမ့်မယ် ဆိုတာသာ မှတ်ထားပေတော့"

ကျော်ဇောဦးသည် ရေနံသူခိုးလူကြီး၏ ပြောစကားကို တစ်လမ်းလုံး တွေးလာသည်။

သူငယ်စဉ်က သူတို့အိမ်သို့ သခင်ကြီးနှင့် သူကြီးဦးကျော်စံတို့ လာကြသည်။ သူက မြင်းတစ်ကောင်ပေါ်သို့ တက်စီးကြည့်၍ သူ့အမေဆီ၌ပင် အဆူအပူ အကြိမ်းအမောင်း ခံခဲ့ရသေးသည်။ သူ့အား သခင်ကြီးက ခေါင်းကိုပွတ်သပ်ပြီး ပိုက်ဆံပေးသွားသည်။ နောက်များ မကြာမီ သူ့အမေအဖေတို့ ရွှေတောင်ကြားဟုခေါ်သော ကုန်းမြင့်သာယာသို့ ပြောင်းသွားကြသည်။ သခင်ကြီးဆီမှာ အလုပ်လုပ်ကြသည်။ သူ ဘုန်းကြီးကျောင်းမှာ နေစဉ်ကလည်း သခင်ကြီး၏မြေများသည် သူတို့မြေများဟု ဘုန်းတော်ကြီးက ပြောဖူးသည်။ ဤသို့ငယ်စဉ်က အဖြစ်အပျက်များကို တရေးရေး တွေးမြင်မိလာသောအခါ ရေနံသူခိုးလူကြီး ပြောသွားသော စကားတွေမှာ တကယ်ပင်ဟုတ်နေလေပြီလားဟု တွေးပြီး ကျော်ဇောဦးမှာ ကျော့ချမ်းလာမိသည်။ သံသယစိတ်များသည် သူ့ရင်ထဲ၌ ချက်ချင်းရှုပ်ထွေးလာကြသည်။ သူက မတရားသဖြင့် ဝယ်ယူသိမ်းပိုက်ထားသော ရေနံမြေများကိစ္စနှင့် ပတ်သက်၍ သခင်ကြီးသည် သူ့အဖေအား သတ်ပစ်သည်ဆိုသော အကြောင်းကို တွေးမိသောအခါ သူ့ရင်ထဲမှာ တမြေ့မြေ့ နာလာလေသည်။ သခင်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေအား ဤမျှထိပင် ရက်စက်ပါမည်လားဟုလည်း တွေးပြန်သည်။ ဘာပဲဖြစ်ဖြစ် သူ့အဖေသေရသည့် ကိစ္စကိုတော့ သူက အတိအကျစုံစမ်းရမည်ဟု ဆုံးဖြတ်လာသည်။ ပြီး ယခု ရေနံဆီတွေ အများဆုံးရနေသော တောနက်ထဲက ရေနံမြေများမှာ သူတို့ပိုင်မြေ ဟုတ်မဟုတ် သူ့အမေကိုမေးမည်။ ထိုမြေများသည် တကယ်ပင် သူတို့ ပိုင်မြေများသာဆိုပါက မည်မျှ နမြောစရာ ကောင်းလိုက်ပါသနည်း။ ဤမြေများမှာ အဖိုးမဖြတ်နိုင်သော ရတနာ ရွှေမြေများပါတကား

✤ ✤ ✤

## | ၂၉ |

သာလိုက်သည့်လ။

တောအလုံးသည် ဖွေးဖွေးဖြူနေ၏။ သည်ဘက်က ခင်တန်းကိုကျော်၍ အရှေ့ဘက်ကိုမျှော်ချေက ညှိမှိုင်းစွာ ရပ်တည်နေကြသော တောင်တန်းမြင့်ကြီးများကို လှမ်းမြင်နေရသည်။ ထိုတောင်တန်းကြီးများသည် သောကကင်းဝေးစွာ လဲလျောင်းအိပ် မောကျနေသကဲ့သို့ ပင်တည်း။

အကာလ ညအချိန်တွင် ခိုးလေ့ခိုးထရှိသော ရေနံသူခိုးများကို စောင့်ရှောက်ကြည့်ရှုရန် မြင်းတစ်စီးစီးတစ်လက်နှင့် ကျော်ဇောဦး ထွက်သွားသည်မှာ ည ခုနစ်နာရီလောက်ကပင် ဖြစ်သည်။ ယခုအခါ ရေနံသူခိုးများသည် နေ့ရောညပါ ထကြွသောင်း ကျန်းနေကြသဖြင့် တောနက်ထဲရှိ ရေနံတွင်းများကို သခင်ကြီး၏ ခိုင်းစေချက်အရ ကျော်ဇောဦးနှင့် ကုလားအလုပ်သမားတွေ နေ့ရောညပါ အလှည့်အလည်နှင့် စောင့်ရှောက် ကြည့်ရှုနေကြရလေသည်။

လရောင်ဖွေးဖွေးအောက်တွင် သောကကင်းဝေးစွာ ရပ်တည်နေကြသော တောင်တန်းမြင့်ကြီးများကို လှမ်းကြည့်၍ အယ်လီ၏ရင်ထဲက လှိုက်မောလာ၏။ သူမသည် ကျော်ဇောဦးအား မသင်္ကာစိတ်နှင့် ကျော်ဇောဦး၏နောက်ကို ခိုးလိုက်လာသည်။ ကျော်ဇောဦးသည် ရေနံတွင်းများကို စောင့်ရှောက်ကြည့်ရှုနေသလို ဟန်ဆောင်ပြီး ရေနံသူခိုးတွေနှင့်ပေါင်းကာ လက်ထောက်ချ အခါပေးလုပ်နေသော စေစားမှုစား ရေနံသူခိုးပဲဟု အယ်လီက အတပ်ထင်ထားသည်။ ထို့ကြောင့်လည်း ယနေ့ ကျော်ဇောဦး ထွက်သွား၍မကြာမီပင် အယ်လီသည် ကုလားအာမရာ ကိုခေါ်ကာ ကျော်ဇောဦး၏နောက်ကို ခိုးလိုက်ခြင်းဖြစ်သည်။ ဤသည်တို့ကို လုံးဝမသိသော ကုလားအာမရာကတော့ ညကြီးမင်းကြီးအချိန်တွင် မြင်းတစ်စီးနှင့် တောနက်ထဲသို့ တစ်ခါမျှမထွက်ဖူးသော သခင်မလေးအား အလွန်အမင်းအံ့သြလာသည်။ သခင်မလေးက လိုက်ခဲ့ဆို၍သာ လိုက်လာရသော်လည်း သူ့စိတ်ထဲက တော့ မဖြောင့်နိုင်ပေ။ အကြောင်းထူးတော့ တစ်ခုခုရှိရမည်ဟု တွေးလာသည်။



သို့သော် မည်သည့်အကြောင်းကြောင့် သခင်မလေး ထွက်လာရသည်တို့မှု သူက မတွေးတတ်ပြန်။ ယနေ့ညဦးပိုင်း၌ တောနက်ထဲမှ ရေနံတွင်းများကို ကြည့်ရှုစောင့်ရှောက်ရန် ကျော်ဇောဦးအလှည့် တာဝန်ကျနေသည် ဆိုခြင်းကိုလည်း သူက မတွေးမိ။ သူတွေးမိသည်မှာ အကြောင်းတစ်စုံတစ်ခုတော့ ထူးရမည်ဟူသာ ဖြစ်လေသည်။

အသက်နှင့်ပင် လဲကောင်းလဲရမည်ဖြစ်သော တိုက်ပွဲကြီးတစ်ခုကို မနွှဲနိုင်ရတော့မည်ဟူသော အတွေးကြောင့် အယ်လီ၏ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာသည်။ ကျော်ဇောဦးအပေါ်၌ သူမ သံသယဝင်နေသည်မှာ ယခုမှမဟုတ်။ ယခင်တစ်လ ကျော်လောက်ကပင် ဖြစ်သည်။ သို့သော် ထိုအကြောင်းအရာနှင့် ပတ်သတ်၍ သူမသည် သူ့အဖေကိုပင် ဖွင့်ဟတိုင်ပင်ခြင်း မပြုခဲ့။ ကျော်ဇောဦး၏ အသွားအလာ အနေအထိုင်တို့ကိုသာ ကြိတ်၍ အကဲခတ်ကြည့်ရှုနေခဲ့သည်။ ကျော်ဇောဦးက သူ့အမေအား ငို၍ ရှိုက်၍မေးမြန်းသော စကားနှင့်ပတ်သက်၍တော့ သူ့အဖေတို့ အယ်လီက ရိပ်မိသံဖမ်း မေးဖူးသည်။ သို့သော် သူ့အဖေဆီက ကျေနပ်လောက်သောအဖြေကို သူမ မရရှိခဲ့ပေ။ မတိမကျသော အဖြေတွေနှင့်သာ ရင်ထဲမှာ အစဉ်တွေဝေခဲ့ရ၏။ 'ဒီကိစ္စ သမီးသိဖို့ မလိုဘူးထင်တယ်' ဟူသော မရေမရာ စကားမှာ သူ့အဖေ၏ မရိုးသားသော လှို့ဝှက် သော့ချက်ပင်ဟု ယုံကြည်ခဲ့သည်။ ထို့ကြောင့်လည်း အယ်လီသည် ယခုကဲ့သို့ သူ့အထင်၊ သူ့အတွေး၊ သူ့အယူအဆ တွေကို လက်တွေ့အကောင်အထည်ဖော်ရန် ကျော်ဇောဦး၏နောက်သို့ တိတ်တဆိတ် လိုက်လာရခြင်းပင်တည်း။

အကယ်၍သာ ကျော်ဇောဦးသည် သူမ ထင်ခဲ့သည့်အတိုင်း အတွင်းလူ ရေနံသူခိုးမှန်ပါက ကျော်ဇောဦးကို မည်သို့လုပ်ရပါမည်နည်း။ ရေနံသူခိုးများက ကျော်ဇောဦးကို ပြောသည်ဆိုသောစကား မှန်ချေက သူမသည် ကျော်ဇောဦးတို့ဘက်ကပင် ရပ်တည် ရလေမည်လား။ ယခုကဲ့သို့ ရေနံသူခိုးတွေနှင့်ပေါင်းကာ သူမတို့ပိုင်ပစ္စည်းကို ဖျက်လိုဖျက်ဆီးလုပ်နေသော ကျော်ဇောဦးကို သိလျက်နှင့် သျစ်လျူရှု၍ ထားနိုင်ပါမလား။ သူ့အဖေ၏အိမ်များထဲတွင် သိလျက်နှင့် သူကပါ ဝင်ပါနေရသည်မှာ တရားရာကျပါမည်လား။ နောင်အခါတွင် ကျော်ဇောဦးသည် သူမတို့ပိုင်ပစ္စည်းကို ဖျက်လိုဖျက်ဆီး လုပ်ရုံတွင်သာမက နာကြည်းစိတ်နှင့် သူတို့၏ မိသားစုအသက်ကိုပင် ရန်ရှာလာပါက မည်သို့လုပ်ရပါမည်နည်း။ ဤအတွေးတွေကို တွေးမိစဉ်းစားမိပြီဆိုလျှင် အယ်လီမှာ အိပ်မပျော် စားမရပင် ဖြစ်ခဲ့သည်။ မှိုင်တွေငေးမောနေခဲ့ရသော ရက်တွေကလည်း တစ်လဟူသော အချိန်ကိုပင် ကျော်လွန်လာခဲ့ပါပြီတည်း။

ရှုပ်ထွေးမှုလိုလှသော ဤရေနံမြေကိစ္စနှင့် ပတ်သက်သည့် ကျော်ဇောဦး၏ စကားကို ကြားရသောညကဆိုလျှင် ရင်တွေတုန်၍ မိုးစင်စင်လင်းသည်အထိ အယ်လီ အိပ်မပျော်နိုင်ခဲ့။ ကျော်ဇောဦး၏ ငိုရှိုက်တစ်ဝက် ဒေါသတစ်ဝက်သော စကားကို ယနေ့အထိ ကြားယောင်နေမိသလို ထိုညကလည်း တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညကို တွေးမိပြီဆိုလျှင် အယ်လီရင်ထဲမှာ ယခုထိ တုန်လှုပ်ချောက်ချားတုန်းပင်။ ထိုညသည် အယ်လီတို့နေထိုင်ရာဖြစ်သော၊ သာယာတင့်မောဖွယ်လည်း ကောင်းသော တည်ငြိမ်း ချမ်းအေးသည်လည်းမှန်သော ဘုမ်ိနက်သန့်ဟုလည်း ဆိုနိုင်သော ဘုန်းမြင့်သာယာကို ဂျွမ်းထိုးမှောက်ခုန် ဖြစ်သွားအောင် ကိုင်လှုပ်လိုက်သော ညပါတည်း။

သစ်ပင်ကြီးငယ်တို့၏ အရိပ်အာဝါသကြောင့် ကုန်းမြင့်သာယာသည် မည်းမှောင်နေ၏။ လမိုက်ညတုည်း။

မင်းလှင်ခ,သော နွေလတပေါင်းဟု ဆိုရသော်လည်း ဆောင်း၏အငွေ့အသက်ကား မပျောက်သေး၊ မကုန်သေး။ နှင်းကြွင်းနှင်းကျန်တွေကလည်း ကုန်းမြင့်သာယာ တစ်ဝိုက်ကို ဝေ့တုန်း ဝိုက်တုန်း သိုင်းခြုံတုန်းပင်တည်း။

ညစာစားပြီးကတည်းက ဈော်ကိန္နာတို့တန်းလျားကို ရောက်နေသော အယ်လီသည် မိုးချုပ်သွားပြီဖြစ်သဖြင့် မိမိအိမ်ဘက်သို့ တက်လာမိသည်။ သူမသည် ဖျင်းပူင်းရှိုက ညစောင်းညနေတွင် ဈော်ကိန္နာတို့ တန်းလျားသို့လာ၍ ဤသို့ပင် အပျင်းပြေ စကားစမြည် ပြောနေတတ်သည်။

"တောနက်ထဲက ရေနံမြေတွေဟာ အစတုန်းက ကျွန်တော်တို့ ပိုင်မြေဆိုတာ ဟုတ်သလား အမေ"

ဈော်ကိန္နာတို့တန်းလျားကို ကျော်လွန်လာ၍ ကျော်ဇောဦးတို့ သားအမိနှင့်ကုလား အလုပ်သမားများနေသော တန်းလျားတစ်ခုအရောက်မှာ ထိုစကားကို ကြားလိုက်ရသဖြင့် အယ်လီ၏ခြေလှမ်း တုံ့ခနဲ ရပ်သွားရသည်။ ကျော်ဇောဦး၏ ထူးထူးခြားခြား အမေးစကားသံကြောင့် အယ်လီသည် တန်းလျားအစရှိ ထင်းရှူးပင်ကြီး တစ်ပင်ကိုကွယ်ကာ ကျော်ဇောဦး၏အသံကို နားစွင့်နေပြန်သည်။

"သားကို ဘယ်သူက ပြောလို့လဲ"

"ကျွန်တော့်ကို ဓားနဲ့ဝိုင်းခုတ်ကြတဲ့ ရေနံသူခိုးတွေက ပြောပြကြတာ"

သူ့အမေမှာ မည်သို့နေမည်ကို မသိသော်လည်း အယ်လီ့ရင်ထဲမှာ ဒိန်းခနဲ မြည်သွားသည်။ ရေနံသူခိုးတွေကပြောလိုက်သည့် ဆိုစကားကို ကျော်ဇောဦးသည် သူ့အမေအား ဘာကြောင့် မေးနေရပါလိမ့်။

အရင်တစ်နေ့က သူသည် ရေနံသူခိုးတွေနှင့် ဓားချင်းယှဉ်ပြိုင် ခုတ်လာသည်။ သူ့လက်မောင်းမှာ ဒဏ်ရာရလာသည်ဆိုသဖြင့် အယ်လီနှင့် သူ့အဖေတို့က ကမန်းကတန်း ပြေးကြည့်ရသည်။ လိုအပ်သော ဆေးဝါးများကို ပေးရသည်။ ရေနံသူခိုးတွေ ဝိုင်းခုတ်လို့ လက်မှာ ဒဏ်ရာရလာသည်ဆိုစက အယ်လီ့ရင်ထဲမှာ သူ့အတွက် အတိုင်းမသိ ပူပန်ခဲ့ရသည်။ ဒဏ်ရာမှာ ဓားဦးနှင့် ရပ်မှန်သွားခြင်းဖြစ်၍ သိပ်မများလှပေ။ ထိုနေ့က အယ်လီတို့သားအဖကို ပကတိရင့်ကျက်သော အိန္ဒြေနှင့် သူစိုက်ကြည့်နေပုံမှာ ကျောချမ်းစရာ တစ်မျိုးပင်ဟု အယ်လီက ထင်မိသည်။ ဤကဲ့သို့သော၊ မာကျောသော သူ့မျက်နှာမျိုးကို တစ်နှစ်တာအတွင်း အယ်လီ တစ်ခါမျှ မမြင်ဖူးပေ။ ကျော်ဇောဦးသည် သူ့အား ဓားနှင့်ဝိုင်းခုတ်ကြသော



ရေနံသူခိုးများကို မကျေနပ်၍ စူးစူးရဲရဲတွေးနေခြင်းဟု အယ်လီက အထင်ရောက်ယူသည်။ နောင် တောနက်ထဲသို့ သွားသည့်အခါ သတိ ဝီရိယ ရှင်းသွားရန်ကို အယ်လီနှင့်သူ့အဖေတို့က တတွတ်တွတ် မှာထားခဲ့ကြသေးသည်။

"ကျွန်တော်မေးတာ ဟုတ်တယ်မဟုတ်လား အမေ"

သူ့အမေ၏ဖြေသံကို မကြားရ။ သို့သော် သူ့အမေသည် ထူးထူးခြားခြား မေးလာသော သားသည်ကို စူးစူးစိုက်စိုက်ကြည့်၍ ခေါင်းတဆတ်ဆတ် ညိတ်နေလိမ့်မည်ဟု အယ်လီက တွေးနေသည်။

ရေနံမြေတွေမှာ အားလုံးမိမိတို့၏ အဖေပိုင်မြေတွေသာဟု အစကထင်ခဲ့သော်လည်း ယခု ကျော်ဇောဦးက တောနက်ထဲရှိမြေတွေမှာ ယခင်က သူတို့ပိုင်မြေတွေဆိုလေသောအခါ အယ်လီမှာ ထိုစကားကို စိတ်ဝင်စားမိသည်။ ထို့ကြောင့်လည်း ကျော်ဇောဦးနှင့် သူ့အမေ ပြောနေကြသည်တို့ကို အယ်လီက ပုန်း၍ နားထောင်နေခြင်းဖြစ်၏။

"အစက ကျွန်တော်တို့ တောင်ယာတွေဟာ ခုတော့ သခင်ကြီးမြေ ဘာကြောင့် ဖြစ်နေရတာလဲ အမေ"

ကျော်ဇောဦး၏ အသံက ပေါ်လာပြန်သည်။

"အမေတို့က သခင်ကြီးကို ရောင်းလိုက်လို့ပေါ့"

မဦးဖြူက ပေါ့ပေါ့ဆဆ ဖြေသည်။

"ဗျာ သခင်ကြီးကို အမေတို့က ရောင်းလိုက်တယ် ဟုတ်လား"

ကျော်ဇောဦး၏ အသံမှာ အနည်းငယ်ကျယ်လာသည်။ ချက်ချင်း ဆို့နင့်သွားသလို သူ့အသံကပြတ်၍ ရပ်သွား၏။

"ဟုတ်တယ်လေ၊ ဒါကို ဘာဖြစ်လို့ ထပ်တလဲလဲ မေးရတာလဲ သားရယ်"

"မေးရတယ်အမေ၊ မေးရတယ်။ အမေက ကျွန်တော့်ကိုလိမ်နေတာကိုး"

"ဘာရယ်၊ ကျော်ဇောဦး"

"ကျွန်တော့်ကို မညာနဲ့အမေ၊ ကျွန်တော် အကုန်သိပြီးပါပြီ။ ဒီမြေတွေကို အမေတို့မရောင်းချင်ပေမယ့် မင်းပြင်ရွာသူကြီးနဲ့ သခင်ကြီးတို့က အတင်းအဓမ္မ ခြိမ်းခြောက်ပြီး ရောင်းနိုင်းလို့ ရောင်းလိုက်ရတယ် မဟုတ်လား။ တရားသဖြင့် အရောင်းအဝယ် လုပ်တယ်ဆိုရင် ကျွန်တော် ဘာမှမပြောလိုဘူး။ ခုဟာက အာဏာနဲ့ ကျွန်တော်တို့မြေတွေကို ဓားပြတိုက်ယူကြတာ၊ လုယူကြတာအမေ ...ယူကြတာ"

"အမယ်လေး၊ သခင်ကြီးကြားရင် စိတ်ဆိုးနေပါဦးမယ် သားရယ်။ ဒီအကြောင်းတွေကို ဘာလို့ပြောနေရတာလဲ"

သူ့အမေက ထိတ်ထိတ်ပျာပျာနှင့် ပြောသည်။

"ဘာ ဒီအကြောင်းတွေကို ဘာလို့ပြောနေရတာလဲ ဟုတ်လား၊ ဒီ...အမေဟာ အိမ်မှာနေပြီး ဘာသိလဲ။ အဖေသေတာကောဟင်၊ ဘာကြောင့် သေရတယ်ဆိုတာ အမေသိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇောဦး၏အသံမှာ ဒေါသနှင့် ပို၍ပင် ကျယ်လာသည်။ တန်းလျားအစရှိ ထင်းရှူးပင်အောက်မှ ပုန်း၍ နားထောင်နေသူ အယ်လီကပင် လန့်ဖျတ်သွားမိသည်။

"တိုးတိုးပြောပါ သားရယ်၊ အမေ တောင်းပန်ပါတယ်။ သားတို့အဖေဟာ စက်မောင်းညပ်လို့သေ"

"မဟုတ်ဘူး မဟုတ်ဘူး၊ အဖေသေတာဟာ ဒီရေနံမြေကိစ္စနဲ့ တမင်အသတ်ခံရတာ။ ဒီမြေတွေကိစ္စကို ကျွန်တော်တို့ နောက်ပေါက်လူငယ်တွေ သိမှာစိုးလို့ သခင်ကြီးက ကုလားအလုပ်သမားတွေကို သတ်ခိုင်းတာ။ အဖေ့ကိုသတ်တာ သခင်ကြီးဗျ၊ သခင်..."

ကျော်ဇောဦး၏ အသံက ချက်ချင်းရပ်သွားသည်။ ကျော်ဇောဦး၏ ပါးစပ်ကို သူ့အမေက လှမ်းပိတ်လိုက်ပုံရသည်။ နောက် မသဲမကွဲသောရှိုက်သံနှင့် စကားသံတို့မှာ လုံးထွေး၍ သွားလေသည်။

တန်းလျားအစရှိ ထင်းရှူးပင်ရိပ်မှ အယ်လီ၏တစ်ကိုယ်လုံးသည် ရေခွက်အံ့မှုမှု အေးစက်လာသည်။ ကုန်းမြင့်သာယာရှိ အိမ်ကြီးနှင့် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးသည် ပတ်ချာလည်၍ ဗွမ်းထိုးမှောက်ခုန် ဖြစ်သွားကြပြီလားဟု ထင်လိုက်ရသည်။ သူတစ်ပါးမြေကို အတင်းအဓမ္မဝယ်ယူပြီး မြေရှင်ကိုလည်း နည်းလမ်းအမျိုးမျိုးနှင့် ညှဉ်းပန်း သတ်ဖြတ်လိုက်သည်ဆိုသူမှာ လူပင်ဟုတ်ပါသေးရဲ့လား။ သူ့အဖေဆိုတာ ဟုတ်သေးရဲ့သေးလား။ လူသားတစ်ယောက်သည် ဤအထိ ရက်စက်ရဲပါ့မလား။ အဖေသည် ဤမျှရက်စက်ပါ့မလား။ မိုက်မဲပါ့မလား။ ကျော်ဇောဦးစကားသာ မှန်ပါချေက အဖေသည် တကယ်ပင် ကြောက်စရာကောင်းသော လူသတ်သမားပါကလား။ မိမိအကျိုးစီးပွားအတွက် သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ပြီး မြေကိုယူရသည်မှာ ကျော်ဇောဦးကပြောသလို လုယူခြင်း။ ဓားပြတိုက်ယူခြင်းပါတကား။ ဤသည်တို့ကိုတွေးမိပြီး အယ်လီသည် ဤမသန့်စင်သော ဒက်ဒီ၊ မာမီတို့ပိုင် ကုန်းမြင့်သာယာမြေပေါ်က ထွက်ပြေးချင်လောက်အောင် စိတ်ထိခိုက်လာမိသည်။

ရေနံသူခိုးတွေကိစ္စနှင့် ပတ်သက်၍ ကျော်ဇောဦးအပေါ်၌ အယ်လီသည် ယခင်က လုံးဝသံသယမရှိခဲ့ပေ၊ ထို့ကြောင့်လည်း သူကြီးလေးမောင်ကျော်ဟိုးက 'ရေနံအမျှားဆုံးရနေတဲ့ ရေနံတွင်းတွေချည်းရွေးပြီး အခိုးခံရတယ်ဆိုတာ မရိုးတော့ဘူးထင်တယ် အယ်လီ။ မဟုတ်ခဲ့မှလွဲရော ကျွန်တော့်အထင်ကို ပြောရရင်တော့ အယ်လီတို့ အလုပ်သမားတွေထဲက လက်သောက်ချပေးတဲ့ အတွင်းလူတစ်ယောက်ယောက် ပါနေပြီထင်တယ်။ ဒါကြောင့်မို့သာ ဘယ်နေရာမှာ ဘယ်ရေနံတွင်းက ရေနံများများရတယ်ဆိုတာ သိတာပေါ့။ နို့မို့ရင် ဒီသူခိုးတွေ ဘယ်လိုလုပ်သိနိုင်လဲ' ဟု ကုန်းမြင့်သာယာသို့ လာတိုင်းပြောတတ်သော သူကြီးလေး၏စကားကို အမှတ်ရမိသည်။

ယခုတော့ ရှင်းပါပြီ။ ကျော်ဇောဦးသည် သူတို့ပိုင်မြေတွေကို သခင်ကြီးက အတင်းအဓမ္မ ခြိမ်းခြောက်ကာ ဝယ်ယူထားသည်။ အဖေ့ကို ဥာဏ်ဆင်ပြီး

www.burmeseclassic.com



ကုလားအလုပ်သမားတွေကို သတ်ခိုင်းသည်ဟူသော စိတ်ငြိုးနှင့် ရေနံသူခိုးတွေကို လက်သောက်ချ အခါပေး လုပ်နေလေပြီ မဟုတ်ပါလား။

ယနေ့ညနေ၌တော့ အယ်လီ၏ရင်ထဲက သံသယကို ရှင်းရအံ့၊ ကျော်ဇောဦးသည် အယ်လီထင်သလို ရေနံသူခိုးတွေကို လက်သောက်ချ အခါပေးလုပ်နေသည်ကို လက်ပူးလက်ကြပ် ဖမ်းမိပါက နောင်ကို ဤသို့မလုပ်ရန် ကျော်ဇောဦးကို သတိပေးရမည်။ ဒက်ဒီ၏ အမှားများအားလုံးမှာ ယခုအခါ ပြုပြင်၍ မရနိုင်တော့ပြီဖြစ်၍ သူ့အား ကျေနပ်လောက်အောင် အယ်လီက တောင်းပန်ရတော့မည်။ နောင်သူ့ ဤပြဿနာများ အားလုံးကို မေ့ပစ်လိုက်ကြပြီး ကျော်ဇောဦးတို့ သားအမိကိုလည်း ဆိုက်သင့်ရာ ထိုက်သင့်ကြောင်း ချီးမြှင့်မြှောက်စားထားပါမည်ဟု အယ်လီက တတိပြုရမည်။ ဤသည်တို့ကို ဒက်ဒီမသိအောင် ကုလားအာမရာကိုလည်း နှုတ်ပိတ်ရမည်။ အမိအဘတို့ လက်ထက်တော်အခါကပင် မှားယွင်းစွာပြုမူမိသော အရိပ်မည်းကြီးတစ်ခုသည် သားစဉ်မြေးဆက် နွယ်ယှက်၍လိုက်လာရန် မသင့်ကြောင်း ကျော်ဇောဦးကိုဖျောင်းဖျ၍ ပြောရမည်။ ယခုလည်း ဒက်ဒီက ကျော်ဇောဦး အပေါ်၌ မည်မျှအလိုလိုက် အရေးပေး မြှောက်စားထားသည်ကို သူ့အသိပင် မဟုတ်ပါလား။ ကျော်ဇောဦးကို သူမက ဖျောင်းဖျ ပြောလျှင် မှုချနားလိမ့်မည်ဟု သူမ ယုံကြည်သည်။

အကယ်၍ သူမပြောသည်ကို ကျော်ဇောဦးကလက်မခံဘဲ ပြန်လှန်၍ ရန်သတ္တုပြုလျှင်တော့ ယနေ့ ညမှာ ကြေကွဲဝမ်းနည်းဖွယ်ရာများကို မုချ ရင်ဆိုင်ရတော့မှာပါလား ဟူသောအတွေးကြောင့် အယ်လီ၏ရင်ထဲမှာ တမြေ့မြေ့ခွေးလာသည်။

ကျော်ဇောဦး၏နေရာတွင် မိမိသာ ရောက်ရှိနေပါက ဒက်ဒီ၏ မိုက်မိုက်မဲမဲ မှားယွင်းမှုကို မည်သို့ ခွင့်လွှတ်ရပါမည်နည်း။ ကျော်ဇောဦး၏ဘဝ၌ မိမိကိုယ်တိုင် ဝင်၍လည်း အယ်လီက တွေးကြည့်သည်။ ထိုအခါ ရင်ထဲမှာ တဆတ်ဆတ် နာကျင်လာသလိုပင်။ ကျော်ဇောဦးကို ဖျောင်းဖျပြောဆို၍ မရလျှင် မည်သို့လုပ်ရပါမည်နည်း။ ဒက်ဒီ၏ မှားယွင်းစွာ ပြုမူမိမှုကြောင့် ကျော်ဇောဦးသည် သူတို့မိသားစုအပေါ်၌ မည်မျှ နာကြည်းနေလိမ့်မည်ကို တစိမ့်စိမ့် တွေးကြည့်သောအခါ အယ်လီ၏ မျက်ဝန်းထဲမှာ မျက်ရည်များပင် ဝိုင်းလာမိသည်။ ဤအမှားများကို ပြုပြင်၍ပင် ရနိုင်ပါဦးမလားဟူသော စိုးရိမ်ပူပန်စိတ်တို့သည်လည်း သူမ၏ရင်ထဲ၌ တည့်သိပ်လာကြသည်။

တောနက်ပိုင်းဖြစ်သော ရေနံတွင်းများရှိရာ တောင်စောင်းနားကို အယ်လီနှင့် အာမရာတို့က ရောက်လာကြပြီးဖြစ်သော်လည်း ကျော်ဇောဦး၏ အရိပ်အခြည်ကိုကား ယခုထိ လုံးဝမမြင်ရသေးပေ။

ရွှန်းရွှန်းမြမြ သာနေသော လရောင်ထဲတွင် တိတ်တဆိတ်စွာ လှဲလျောင်းနေကြသော တောင်တန်းမြင့်ကြီးများကို လှမ်းမြင်နေရသည်မှာ စိတ်အေးမြဖွယ်ကောင်းသို့သော် ဤတော၊ ဤတောင်၊ ဤနေရာ၊ ဤဒေသရှိ၊ ဤလူတွေ ဖြစ်နေကြသော အရေးအခင်းများကိုကား သူတို့သည် လုံးဝ မသိကြယောင်တကား။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ကျော်ဇောဦးက ရေနံသူခိုးတွေနှင့် ပေါင်းပြီး သူမနှင့် အာမရာတို့၏ အသက်ကို ရန်ရှာလာပါက ကျော်ဇောဦးအား သေနတ်နှင့်ပစ်သတ်ရမည့် အရေးကို တွေးမိသောအခါ အယ်လီ၏ရင်ထဲမှာ တမြေ့မြေ့နာကျင်လာသည်။ 'ငါ သူ့နောက်ကို လိုက်လာမိတာ မှားလေပလား'ဟုလည်း တွေး၏။ ဤကိစ္စကို သူ့အဖေအား လုံးဝ မတိုင်ပင်ခဲ့၊ အသိမပေးခဲ့။ ယခု သူ့နောက်ကို ခိုးလိုက်လာသည်မှာ မိမိ သဘောနှင့် မိမိသာဖြစ်၍ ကျော်ဇောဦးသည်လည်းကောင်း၊ အာမရာသည် လည်းကောင်း ဤတိုက်ပွဲမှာ တစ်စုံတစ်ခု ဖြစ်သွားပါလျှင်ကား အဖေသည် အပြစ်တင်ခံရခြင်းမှ လွတ်ပါ့မလား။ ကျော်ဇောဦး ရေနံသူခိုးတွေနှင့် ပေါင်းနေသည်ကို အဖေကသိနှင့်ပြီး ဖြစ်သော်လည်း မိမိတို့ဘက်သို့ ကျော်ဇောဦး သံသယကင်းစွာပါလာရန် အဖေ့တွင် နည်းလမ်းများရှိထား၍ အချိန်စောင့်နေတာလား။ ကျော်ဇောဦးအား အင်္ဂလိပ်သည် ယခင်ကထက် အရေးပေးမြှောက်စားလာသည်မှာ ဤ သဘောပင်လား။ ဤသည်တို့ကို အယ်လီမှာ အထပ်ထပ်အခါခါတွေး၍ ရင်ထဲမှာ လှိုက်မောလာ၏။

လရောင်ဖွေးဖွေးထဲတွင် ထိုးထိုးထောင်ထောင်နှင့် ထီးထီးရပ်တည်နေကြသော ရေနံတွင်းတံခွန်တိုင်များကို မြင်နေရသည်မှာ မုန်တိုင်းကျတော့မည့် အသွင်အပြင် အရိပ်လက္ခဏာများလေလားဟု တွေး၍ အယ်လီမှာ ထိတ်လန့်ချင်လာ၏။ ဆောင်းသီမြင့်ခေါင်၊ ရှိမြောင်တောနက်ဖျားမှ ပန်းထိမ်ငှက်၏ တစ်ချက်တစ်ချက် မြည်နေသံမှာ သူမ၏နားထဲ၌ တိုက်ပွဲခေါ်သံဟုထင်၍ ချောက်ချားလာသည်။ တက်ကြက်ခြောက်ကောင်၏ အဆက်မပြတ်မြည်နေသံကတော့'တိုက်ပွဲ စတော့မယ် တိုက်ပွဲစတော့မယ်' ဟု အော်ပြောနေသကဲ့သို့ပင်။

မှန်မှန်သွက်သွက် စီးနင်းလာသော မြင်းဇက်ကို အယ်လီက ချက်ချင်းဆွဲရပ်ပစ် လိုက်၏။ တစ်ဖက်တောင်စောင်းမှ တောင်ပေါ်ထက်သို့ ပြေးတက်လာသော မြင်းခွာသံတစ်ခုသည် အယ်လီ၏နားထဲမှာ ဆူညံသွားသည်။ ရင်ထဲမှာလည်း ဒိန်းခနဲ မြည်ဟီး၍ ဆောင့်လာ၏။ သူ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါနေသော အာမရာမှာ မည်သို့နေမည်ကို မသိသော်လည်း သူမ၏ခေါင်းကတော့ ရုတ်ခြည်း ပုတ်လုံးလောက်ကြီး သွားသည်။ တိုက်ပွဲအတွက် လက်နက်နှင့် ခွန်အားဗလတို့ကို အကွက်ကျကျသုံးရန် မည်မျှ ကြိုတင်ပြင်ဆင်လာသည်ကို ဆိုစေကာမူ တိုက်ပွဲနှင့် တကယ်ရင်ဆိုင်ရတော့ မည်ဆိုတော့လည်း မိန်းမသားမို့ အယ်လီ၏ တစ်ကိုယ်လုံးမှာ ကြက်သီးများပင် တဖြန်းဖြန်း ထသွားမိသည်။

မြင်းခွာသံက နီးသည်ထက် နီးလာလေပြီ။

အယ်လီသည် လေကဲ့သို့လျင်မြန်ခြင်းဖြင့် မြင်းပေါ်က ခုန်ဆင်းလိုက်သည်။ တောင်စောင်း လမ်းကျဉ်းဘေးရှိ ထင်းရှူးပင်များကြားထဲသို့ မြင်းကို ဆွဲသွင်း ထားလိုက်၏။ ထူထပ်သိပ်သည်းသော ရွက်အုပ်မိုးသစ်ပင်တို့ကြောင့် အမှောင်ရိပ်က မြင်းနှင့်လူကို ချက်ချင်းဝါးမျိုထားလိုက်၏။ အာမရာနှင့် အယ်လီတို့သည် အသက် ကိုပင် ပြင်းပြင်းမရှူရဲကြဘဲ အမှောင်ရိပ်ထဲတွင် ကျောက်ရုပ်ကဲ့သို့ မတ်တတ်ရပ်နေ



ကြသည်။ မြင်းနှစ်ကောင်ကလည်း အရှင်သခင်များနည်းတူ နားရွက်ပင် မခတ် ကြပေ။

"အာမရာ၊ ဓားကို အသင့်ပြင်ထား"

အမှောင်ထဲ၌ အယ်လီက လေသံတိုးတိုးနှင့် ပြော၏။

အိမ်မှဆွဲချွတ်လိုက်သော အာမရာ၏ဓားရှည်သည် ရွှင်ခနဲ မြည်သံနှင့်အတူ အမှောင်ထဲမှာပင် တလက်လက် လှုပ်ခတ်သွားသည်။

အယ်လီသည် ပြောင်းရှည်သေနတ်ကို ရှေ့သို့ အသင့်ချိန်ရွယ် ထားလိုက်၏။

ရေနံတွင်းများရှိရာ တောင်ကုန်းပေါ်သို့ ပြေးတက်လာနေသော မြင်းခွာသံမှာ ဖြည်းဖြည်း ကျယ်လောင်လာသည်။ အယ်လီ၏ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေ၏။

ကျော်ဇောဦး၏ ရုပ်သွင်ကို လရောင်ထဲမှာ ပီပီပြင်ပြင် မြင်နေရ၏။ ထင်းရှူးပင် များ၏ အရိပ်ထဲတွင် ဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်နှင့် ကျော်ဇောဦးသည် တောင်ကုန်းမြင့်ပေါ်၌ လျှောက်နေ၏။ သူ့နောက်တွင် စည်ပိုင်း ဘုံဘိုင်များကို ထမ်းပိုး၍ ရေနံသူခိုးများ ဧကန္တပါလာကြလိမ့်မည်အထင်နှင့် သူမ ဗျူးစိုက်ကြည့် နေသည်။ ထင်းရှူးပင်များ အကြိုအကြားမှ ယိုဖိတ်ထိုးကျနေသော လရောင်ငွေခြည် ပြောက်များထဲတွင် ရေနံတွင်း တံခွန်တိုင်များကိုလည်း လှမ်းမြင်နေရ၏။

ကျော်ဇောဦးသည် တောင်ကုန်းခင်တန်းပေါ်ရှိ ရေနံတွင်းများကို မြင်းနှင့် လှည့်လည် ကြည့်ရှုနေသည်။ မြင်းကိုရပ်၍ တောင်စောင်းရှိ ရေနံတွင်းများကိုလည်း မျှော်ကြည့်သေး၏။ စိတ်ချရပြီဟုထင်တော့မှ သူသည် မြင်းကို ဖြည်းညင်းစွာစီး၍ တောင်စောင်း လမ်းကျဉ်းကလေးအတိုင်း ဆင်းလာသည်။ သို့သော် သူ့မျက်လုံး အစုံမှာ သိန်းငှက်တစ်ကောင်၏ မျက်လုံးကဲ့သို့ ဝဲ့ကာ၊ ငိုက်ကာ၊ လှည့်ကာ၊ ပတ်ကာနှင့် တဖျတ်ဖျတ် လှုပ်ခတ်လာသည်။ မသင်္ကာသော နေရာများကိုလည်း စူးစူးရဲရဲစိုက် ကြည့်နေလိုက်သေး၏။ သူ့အကြည့်မှာ စူးရှ၍ အကြည့်ခံရသူမှာ ချောက်ချားစရာပင်တည်း။

ဤနေရာသို့သာ ကျော်ဇောဦးရောက်လာပါက ဘယ်လိုမှရှောင်တိမ်း၍ မရနိုင် တော့မှန်း အယ်လီက အသာပ်သိလိုက်သည်။ ထင်းရှူးပင်ရိပ်တွင် ခိုနေသော မြင်းနှစ်ကောင်နှင့် လူနှစ်ယောက်ကို သူ့မျက်လုံးက မုချထွင်းဖောက်၍ မြင် တော့မည်ပင်။ လမ်းမှာ ကျဉ်းကျဉ်းလေးဖြစ်သဖြင့် မည်သို့မျှ မရှောင်သာတော့ပေ။

"ကျော်ဇောဦး"

ကျော်ဇောဦးသည် မြင်းပေါ်က လွှားခနဲခုန်ချလိုက်သည်။ သူ့ခြေထောက်အစုံ က မြေပြင်သို့ မချသေး။ သူ့လက်ထဲရှိ ဓားရှည်က လရောင်ထဲမှာ ဝင်းလက်သွား သည်။ သူသည် မြင်းကြီးကို အကာအကွယ်ပြုရင်း အမှောင်ထဲသို့ စူးစူးရဲရဲ ကြည့်နေသည်။ ရုတ်တရက်မို့ သူကလည်း လန့်သွားသည်။

"ကျော်ဇောဦး လန့်သွားသလား"

"ဩော်... အယ်လီ"

အယ်လီ၏အသံကို ကျော်ဇောဦးက ချက်ချင်း ကျက်မိလိုက်၏။ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ယောက်မှာ ပေအစိတ်ငှလောက်ပင် မဝေးတော့ပြီမို့ လရောင် ပြိုးပြိုး ပြောက်ပြောက်ထဲတွင် အမှောင်ထဲကလူကို ဝိုးတဝါး မြင်သွားပြီဖြစ်သည်။

အယ်လီနှင့်အာမရာတို့သည် အမှောင်ရိပ်ထဲမှ မြင်းကိုယ်စီနှင့် ထွက်လာကြသည်။

"သြော်... အာမရာလည်း ပါလာသကိုး"

ညကြီးမင်းကြီးတွင် တောနက်ထဲသို့ တစ်ခါမျှ မလာဖူးသော အယ်လီအား ကျော်ဇောဦးက အံ့သြနေသည်။ စကားအဖြစ်သာ အာမရာကို လှမ်းပြောနေသော်လည်း သူ့မျက်လုံး၏ ရူးရူးရဲရဲအကြည့်သည် အယ်လီဆီက မခွာသေး။

"အယ်လီက အလကား ဒုက္ခရှာလို့ဗျာ၊ ကျွန်တော်..."

"နင့်ကို စိတ်မချလို့ တို့လိုက်လာတာ"

လရောင်ထဲ၌ မြင်နေရသော ကျော်ဇောဦး၏ မျက်နှာမှာ ပရွှန်းနေသော လဝန်းနှင့်ပြိုင်၍ ဝင်းလက်သွားသည်။

ဟိုတလောက ရေနံသူခိုးတွေနှင့် စားချင်းယှဉ်ခုတ်ထားကြသဖြင့် အယ်လီသည် သူ့အတွက်စိုးရိမ်ပြီး တောနက်ထဲသို့ သက်စွန့်ဆံဖျား လိုက်လာသလားဟု ကျော်ဇောဦးက ယူဆလိုက်သည်။ သူမည်မျှ ဝမ်းသာ ကြည်နူးသွားသည်ကို သူ့မျက်နှာက သက်သေခံနေ၏။ သူ တစ်စုံတစ်ခု ဖြစ်သွားမှာကို အယ်လီသည် မည်မျှ တွေးပူလိုက်ပါသနည်းဟူသော သူ၏အထင်။

အမှန်က 'နင့်ကိုစိတ်မချလို့ တို့လိုက်လာတာ' ဟူသော အယ်လီ၏စကားမှာ 'နင်က ရေနံသူခိုးတွေနဲ့ပေါင်းပြီး ရေနံသူခိုးတွေကို လက်ထောက်ချနေလို့ တို့လိုက်လာရတာ' ဟုသာဖြစ်သည်။ သို့သော် အဓိပ္ပာယ်နှစ်မျိုးကို တစ်ပြိုင်တည်း ဆောင်နိုင်သော အယ်လီ၏စကားကြောင့် ယနေ့ည၌ ကျော်ဇောဦးမှာ ဝမ်းသာရသည်။ ကြည်နူးရသည်။ ရွှန်းရွှန်းပပသာနေသော လမင်းကြီးကိုမော့ကြည့်၍ သူက အိပ်၍ မရနိုင်လောက်အောင်ပင် ဝမ်းသာကြည်နူးနေဦးမည်။

"ဘယ့်နှယ်လဲ ဒီနေ့ အခြေအနေ"

အယ်လီက မေးသည်။

"ကောင်းပါတယ်"

"ကောင်းမှာပေါ့၊ နင်က ရောက်နှင့်ပြီးမှကိုး"

"ဟုတ်တယ်၊ ဒီဘက်မှာ အခြေအနေတွေဆိုးနေလို့ ကျွန်တော် မိုးချုပ်စကတည်းက ရောက်နေတာ"

"နင့်ကိစ္စက ပြီးပြီလား"

"ဗျာ"

လရောင်ထဲ၌ အယ်လီ၏မျက်နှာကို တဝကြီးစိုက်ကြည့်နေသူက အံ့သြသွားသည်။

"သြော် အခြေအနေ စိတ်ချရပလားလို့ မေးတာ"

"ဒီနေ့ညတော့ စိတ်ချရပြီထင်တယ်"



လဝန်းမှာ မွန်းတည့် မတ်နေပြီ။

နက်ရှိုင်းသော ညမှာ သက်ကြီးခေါင်းချအချိန်တည်း။

ကျော်ဇောဦး၊ အယ်လီနှင့် အာမရာတို့သည် တောနက်ထဲမှ ကုန်းမြင့်သာယာသို့ အတူတကွ ပြန်လာကြသည်။

❋ ❋ ❋

[ ၂၄ ]

နေညိုညချမ်းတွင် လမ်းကလေးအတိုင်း ကုန်းမြင့်သာယာမှ ကျော်ဇောဦး ဆင်းလာသည်။ မင်းတဲချောင်းရေဆိပ်သို့ သွားရာလမ်းမှာ တစ်ယောက်ဖက်လောက် ကြီးသော ထင်းရှူးပင်များနှင့် ပြည့်ညှပ်နေသည်။ လမ်းကလေးပေါ်မှ အုပ်မိုး ယှက်လိမ်နေကြသော အကိုင်း အခက် ရွက်လက်ရိုးတံဖျားတွင် စာဘူးတောင်းများက အသိုက်ဖွဲ့နေကြ၏။ လေအဝှေ့တွင် စာဘူးတောင်းသိုက်ကလေးတွေမှာ ယိမ်းနွဲ့ကခုန်နေကြသည်။ နွေနှောင်းကာလမို့ ထင်းရှူးတော တစ်ခုလုံးသည် ပြာရော်ခြောက်သွေ့နေ၏။

"ဂူ...ဂူး"

မင်းတဲချောင်းကမ်းစပ်မှ အဆက်မပြတ်သော အသံတစ်ခုက လေနှင့်အတူ ကျော်ဇောဦးနားကို လာခတ်သည်။ ငှက်သံလား၊ လူသံလားပင် ခွဲခြားမရသဖြင့် ကျော်ဇောဦးက နားစွင့်နေသည်။ သူ့မျက်လုံးအစုံကလည်း အသံလာရာဆီသို့ ရောက်သွားသည်။ ထိုအခါ ကျော်ဇောဦး၏ ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွား၏။ တစ်ကိုယ်လုံး လှည့်လည်သွားလာနေကြသော သွေးကြောများပင် တအင်အတွင်း ရပ်တန့် သွားသလား ထင်လိုက်ရသည်။

ထင်းရှူးပင်များကြားမှ မြင်တွေ့နေရသော မြင်ကွင်းကြောင့် ကျော်ဇောဦး၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။ သန်မာထွားကြိုင်းသော ယောကျ်ားကြီး နှစ်ယောက်က အယ်လီအား အတင်းအကြပ် ချုပ်ကိုင်ဝိုင်းဖမ်းနေကြသည်။ တစ်ယောက်က အယ်လီ၏ပါးစပ်ကို အဝတ်နှင့် အတင်းပိတ်ဆို့၍ ကျန်တစ်ယောက်က ကမ်းစပ်သို့ အတင်းဆွဲခေါ်နေသည်။ အယ်လီသည် ကြောက်အားလန့်အားနှင့် အသံကုန် အော်ဟစ်နေ၏။ ခွန်အားရှိလောက် ရုန်းကန်နေ၏။ သို့သော် သူမ၏အော်သံက မသဲမကွဲ။ ရုန်းကန် ကြိုးစားမှုကလည်း အချည်းအနှီး။ ယက်ကန်ယက်ကန်နှင့် လူဆိုးတွေ ဆွဲခေါ်ရာသို့သာ တရွေ့ရွေ့ပါနေသည်။ မလွတ်နိုင်သော်လည်း အယ်လီသည်ကား ရုန်းကန်ဆဲ၊ အော်ဟစ်နေဆဲ။

အယ်လီ၏ တစ်ကိုယ်လုံးမှာ ရေတွေနှင့်ထိုရွှဲနေသည်။ ဤသည်ကို မြင်ရခြင်းဖြင့် သူမရေချိုးနေစဉ် လူဆိုးနှစ်ယောက်က အတင်းလာဖမ်းကြမှန်း ကျော်ဇောဦး အတပ်သိသည်။ ကျော်ဇောဦး တစ်ကိုယ်လုံးမှာ ချက်ချင်းမွှန်ထူသွား၏။ အယ်လီ

www.burmeseclassic.com



အတွက် စိုးရိမ်စိတ်က သူ့တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသည်။ ကြောက်ရ၊ လန့်မှန်းလည်း သူက သတိမရ။ လူဆိုးနှစ်ယောက်ကျောပေါ်က ငှက်ကြီးတောင်ဓားရှည်ကိုလည်း သူ့မျက်စေ့ထဲမှာ မမြင်မိ။ စိတ်နှင့်အတူ လူကလည်း လေကဲ့သို့ လျင်မြန်နေသည်။ ထင်းရှူးပင်ကြီးတစ်ပင်မှ တစ်ပင်သို့ ပြေးကူးသည်၊ ပုန်းထင်သည်။ နီးကပ်လာသောအခါ အယ်လီအား ဆွဲခေါ် နေကြသော လူဆိုးနှစ်ယောက်၏အပေါ်သို့ အပေါ်စီးက ခုန်ချလိုက်သည်။ သူ၏လျင်မြန်ဖျတ်လတ်မှုမှာ ကျားနာ တစ်ကောင်ကဲ့သို့ ရဲရင့်လွန်းလှသည်။

ရုတ်တရက် အလစ်မို့ လူဆိုးနှစ်ယောက်မှာ လန့်ဖျတ်သွားသည်။ သူတို့လက်ထဲမှ အယ်လီက လွတ်ထွက်သွား၏။ ပါးစပ်တွင် စည်းထားသော အဝတ်သည်လည်း လျော့ပြေလွင့်စဉ်သွားသည်။

"အယ်လီ ပြေး...ပြေး "

လူဆိုးနှစ်ယောက်ကို ခံသတ်ရင်း ကျော်ဇော်ဦးက အယ်လီအား အော်၍ သတိပေးသည်။ အယ်လီ၏ အော်ဟစ်ပြေးလွှားသံကို ကြားရသော်လည်း သူမှာ အယ်လီအား လှည့်မကြည့်အားချေ။ လူဆိုးနှစ်ယောက်၏ ပြင်းထန်လှသော လက်သီးများမှာ သူ၏မျက်နှာ၊ ကျောပြင်၊ ရင်၊ ဗိုက်၊ ဘေး၊ ခါး၊ မေးစေ့၊ ဦးခေါင်း၊ နားထင်များသို့သာ တရစပ်ပစ်ကျလာသည်။ အယ်လီကို သူကယ်လိုက်စဉ်က လူဆိုးတွေလက်ထဲမှ အယ်လီ လွတ်မြောက်ထွက်ပြေးသွားလျှင် သူကလည်း ထွက်ပြေးမည်ဟု ကြံစည်ခဲ့သော်လည်း ယခုတော့ ကျော်ဇော်ဦးမှာ ပြေးလွတ်ရန် လမ်းမရှိတော့ပေ။

တစ်ယောက်က သူ့ကို အတင်းချုပ်ကိုင်ပေး၏။ ကျန်တစ်ယောက်က 'ခွေးသားဖလောင်းကျွန်ယုံကြီး၊ သေဖို့သာပြင်တော့'ဟု ဆဲဆိုကြိမ်းမောင်းကာ သူ၏မျက်နှာနှင့် ရင်အုံ၊ ဝမ်းဗိုက်တို့ကို လက်သီးနှင့်တရစပ် တအားထိုးကြိတ်သည်။ ပြင်းထန်လွန်းသော လက်သီးဒဏ်ကို မခံနိုင်တော့သဖြင့် ကျော်ဇော်ဦးမှာ သတိပင် လွတ်ချင်လာသည်။ အတတ်နိုင်ဆုံး ရုန်းကန်သည်။ သို့သော် နှစ်ယောက်နှင့် တစ်ယောက်မို့ သူ၏ရုန်းကန် လှုပ်ရှားမှု၊ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားမှုတို့မှာ အချည်းနှီးသာ ဖြစ်ရလေသည်။

"လွှတ်လိုက်ကွ၊ ကိစ္စတုံးပစ်လိုက်မယ်"

သူ့ရှော ထိုးကြိတ်နေသူ၊ ယခင်တစ်ခါက ရေနံတွင်းတောနက်ထဲတွင် သူနှင့် ဓားချင်းယှဉ်ခုတ်ဖူးသူက လွယ်လာသော ငှက်ကြီးတောင်ဓားရှည်ကို အိမ်ထဲမှ ဆွဲထုတ်သည်။ အသေခုတ်သတ်တော့မှာမို့ ကျော်ဇော်ဦးကို ချုပ်ကိုင်ပေး နေသူအား လွှတ်ရန်ပြောသည်။

ချုပ်ကိုင်ပေးသူ၏လက်မှ ကျော်ဇော်ဦးသည် မြေပြင်သို့ အရုပ်ကြိုးပြတ် ပုံကျသွားသည်။ သူ့ရှေ့ လေထဲမှာမူ ဓားတစ်လက်က ဝင်းလက်လာ၏။ ဓားရောင်မှာ လျှပ်ပြက်လိုက်သလို မျက်စေ့ကြိမ်းမတတ်ပင်တည်း။

"ဟော့... ပေါက်ဆိန် မခုတ်နဲ့ဦး၊ ရပ်"



အဝေးမှ လှမ်းအော်လာသော အသံတစ်ခုကို ကျော်ဇော်ဦး၏ နားထဲမှာ ခပ်သဲ့သဲ့ ကြားလိုက်ရသည်။ ဤအသံကို မကြာမကြာ ကြားဖူးသည်၊ နားယဉ်သည်၊ ရင်းနှီးလှသည်၊ အကျွမ်းဝင်ဖူးသည်ဟု ထင်မိသော်လည်း မည်သူမည်ဝါ၏ အသံဟု စိတ်အသိတရားဖြင့် ခွဲခြားရန် အချိန်မရ။ ထင်းရှူးပင်များအားလုံးနှင့် မြေပြင်တစ်ခုလုံးသည် သွက်သွက်ခါလည်ပတ်နေသည်ဟု ထင်မိသည်။ ကုဋေကုဋာသော ကြယ်ကြွေကြယ်ပွင့်တွေမှာ သူ့မျက်စေ့ထဲ၌ လှည့်လည်ပြေး လွှားကြ၊ ပျံတက်ကြနှင့် ရှုပ်ယှက်ခတ်နေကြသည်။ ကျော်ဇော်ဦး ဘာဆိုဘာမျှ သတိ မရတော့ပေ။

"ဒက်...ဒက်ဒီ၊ ဒက်ဒီ"

တောနက်ထဲရေနံခပ်ရာမှ ပြန်ရောက်ခါစသော ရှိသေးသော သခင်ကြီးနှင့် ကုလားအလုပ်သမားတွေမှာ တစ်ကိုယ်လုံးရေစိုရွှဲနှင့် ကုန်းမြင့်သာယာသို့ ထပ်ပြေးလာသော အယ်လီကို ပြူးကြည့်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်ဖြစ်သွားကြသည်။

"သမီး...ဘာလဲ၊ ဘာလဲ"

သခင်ကြီးက အထိတ်တလန့် မေးလိုက်သည်။

"ကျော်...ကျော်ဇော်ဦးကို လူဆိုးတွေ ဝိုင်းသတ်နေကြပြီ၊ လုပ်ပါဦး ဒက်ဒီရယ်...လုပ်ပါဦး၊ ကယ်ကြပါဦး"

အယ်လီမှာ စိုးရိမ်ကြောင့်ကြမှုတွေနှင့် အမောဆို့ကာ ထစ်အ,နေသည်။

"ဘယ်မလဲဟင်၊ ဘယ်မလဲ"

"မင်းတဲချောင်း ရေဆိပ်နားမှာ"

သခင်ကြီး၏ မျက်နှာမှာ ချက်ချင်း သွေးဆုတ်သွားသည်။

"ဟဲ့ ...အာမရာ၊ ဘာငေးနေလဲ၊ မြန်မြန်လိုက်ကြလေ"

သခင်ကြီး၏ စကားမဆုံးခင်ပင် ကုလားအလုပ်သမားတွေမှာ ရရာလက်နက်ကို ဆွဲကိုင်၍ ကုန်းမြင့်သာယာမှ ပြေးဆင်းကြသည်။

"ဒိုင်း"

သခင်ကြီးသည် ပြောင်းရှည်သေနတ်ကို မိုးပေါ်သို့ထောင်၍ တစ်ချက်ပစ်ဖောက်လိုက်ပြီး ကုလားအလုပ်သမားတွေနှင့်အတူ မင်းတဲချောင်း ရေဆိပ်သို့ ပြေးလိုက်သည်။

သခင်ကြီး၏ သေနတ်သံကြောင့် ကုန်းမြင့်သာယာ တစ်ခုလုံးသည် ချက်ချင်း ယောက်ယက်ခတ်သွား၏။

သခင်မကြီးနှင့် ကျော်ဇော်ဦး၏အမေက ရေနံဆီဆိုင်မှ ပြေးထွက်လာကြသည်။ နေဝင်ခါနီးမှ ရေနံလာဝယ်မိသော တိုင်းရင်းသား သုံးလေးယောက်မှာ ဘာမသိသာ မသိနှင့် ကြောင်နေကြသည်။

အယ်လီသည် လူရပ်နှင့်အတူ မင်းတဲချောင်း ရေဆိပ်သို့ ပြန်လိုက်သွားသည်။ သခင်မကြီးနှင့် ကျော်ဇော်ဦး၏ အမေကလည်း ပြေးလိုက်လာကြသည်။ ကုန်းမြင့်သာယာရှိ လူများမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ သခင်မကြီးမှာ လွန်စွာ ခပ်ပြေးနိုင်သူ ဖြစ်သဖြင့် လူအုပ်နှင့်ဝေးကျန်ရစ်သည်။ သို့သော်လည်း သူမသည်

www.burmeseclassic.com

www.burmeseclassic.com



အလဲလဲအပြိုပြို ဂါဝန်ကြီးတမမနှင့် လူအုပ်နောက်က ပြေးလိုက်လာသည်။ မင်းသားချောင်းမှာ ကုန်းမြင့်သာယာ၏ တောင်စောင်း ဆင်ခြေလျှောအောက်တွင် ဖြစ်သည်။ နီးနီးလေးဖြစ်သော်လည်း သူမသည် ထင်းရှူးတော တောင်စောင်းကို တစ်ယောက်တည်း ကျန်ရစ်ရမှာကို တွေးကြောက်၍ ကုလားအမျိုးသမီးအချို့ကို သူမအား မစောင့်ရကောင်းလားဟု အရေးထဲ အော်ဟစ်ဆဲဆိုနေ၏။

"အ...အမယ်လေး၊ ကျွန်မသားလေး အသက်မှရှိပါသေးရဲ့လား။ လုပ်ကြပါဦး သခင်ကြီးရယ်"

လူဆိုးတွေက အားရအောင် ထိုးကြိတ်ပစ်ထားခဲ့သဖြင့် သလဲပြင်ပေါ်တွင် မှောက်လျက်လဲနေသော ကျော်ဇော်ဦးကို မြင်ရသောအခါ မဦးဖြူမှာရင်ဘတ်ထု၍ အော်ငိုနေသည်။ အရှုံးမီးဝိုင်းပမာ ဆောက်တည်ရာမရ ဖြစ်နေသောမိခင်မှာ သားကိုဖက်၍ ကျုံကျုံပါအောင်ငိုသည်။ တက်မတတ်၊ ဆို့မတတ်၊ ရှိုက်၍ သားကို ပွေ့ဖက်ထားသည်။

သတိမေ့နေသော ကျော်ဇော်ဦးနှင့် ဆောက်တည်ရာမရ ဖြစ်နေသော မဦးဖြူကို ကြည့်ကာ အယ်လီ့ရင်ထဲမှာ ဆို့နင့်သွားသည်။

ကျော်ဇော်ဦး၏ ပါးစပ်နှင့် နှာခေါင်းနှစ်ဖက်မှ သွေးစိမ်းတွေပင် စီးကျနေသည်။ မျက်နှာတစ်ပြင်လုံးမှာလည်း အညိုအမည်း၊ ထိုးရာ၊ ကြိတ်ရာတွေနှင့် သွေးခြေ၍ ရောင်ကိုင်းနေသည်။ မျက်လုံးနှစ်ဖက် စေ့ပိတ်နေ၏။

"ကလေးရယ်၊ ကလေး"

မြေပြင်သလဲပေါ်၌ ကိုယ်တစ်ခြမ်းစောင်း လဲနေသော ကျော်ဇော်ဦးကို ညင်သာ စွာကိုင်လှုပ်၍ သခင်ကြီးကခေါ်ကြည့်သည်။ ကျော်ဇော်ဦးကား လုံးဝ သတိမရတော့။

သခင်ကြီးသည် ကျော်ဇော်ဦးအား ညင်သာစွာ ပွေ့ချီ၍ ကုန်းမြင့်သာယာ အိမ်ကြီးပေါ်သို့ ထမ်းခေါ်လာသည်။

"လူလေးရယ်၊ လူလေး။ သား...သား"

ငိုက်ကျနေသော ကျော်ဇော်ဦး၏ခေါင်းကို တစ်လမ်းလုံး ဖေးမ၍ မဦးဖြူမှာ ပျာလောင်ခတ်လာသည်။ သားအတွက် စိုးရိမ်စိတ်ကြောင့် သူမ၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

အယ်လီသည် အိမ်ကြီးပေါ်သို့ ရှေ့ဆုံးမှ ပြေးတက်၍ ကျော်ဇော်ဦးအတွက် နေရာခင်းသည်။

ကျော်ဇော်ဦးကို သခင်ကြီးက အိပ်ရာပေါ်သို့ ညင်သာစွာချသိပ်၏။ ကျော်ဇော်ဦးကား လုံးဝသတိမရသေး။

ရှုဆေး၊ လိမ်းဆေးများနှင့် ရေနွေး၊ အဝတ်များကို အယ်လီနှင့် သခင်မကြီးတို့က ကျော်ဇော်ဦးအနားမှာ လာချသည်။ သူတို့သားအမိ သားအဖတွေမှာ ကျော်ဇော်ဦးအတွက် ပျာလောင်ခတ်နေကြသည်။ ကုလားအမျိုးသမီး၊ အချို့သား၊ ကလေးသူငယ်များကလည်း ကျော်ဇော်ဦးအနားမှာ ဝိုင်းနေကြ၏။ ယခင်က အိမ်ကြီးပေါ်သို့ တစ်ခါမျှ မတက်ဖူးကြသော ကုလားမများပင် ယခုတော့ အိမ်ကြီးပေါ်သို့ ရောက်နှင့်နေ၏။



သခင်ကြီးသည်ကျောပေါ်မှ သေနတ်ကိုပင် ဖြုတ်ရန်သတိမရ။ ကျော်ဇော်ဦး၏ မျက်နှာကိုသာ တယုတယနှင့် ရေနွေးပတ်တိုက်၊ ဆေးလိမ်းနှင့် အလုပ်ရှုပ်နေသည်။

မဦးဖြူမှာ သခင်ကြီးပေးသော ရှူဆေးဗူးစကို ကျော်ဇော်ဦး၏ နှာဖူးဝတွင် ထိမတတ် ကိုင်ပေး၍ ရင်တမမနှင့် ဘုရားတ နေသည်။

သခင်မကြီးက သခင်ကြီးကို ကူညီ၍ လုပ်ကိုင်ပေးနေသလို အယ်လီကလည်း လွှဲယပ်တစ်ခုကို ညင်ညင်သာသာဖြင့် လွှဲခတ်၍ 'ကျော်ဇော်ဦး မြန်မြန်သတိရအောင် ကယ်မတော်မူပါ ဘုရားသခင်' ဟု စိတ်ထဲက တတွတ်တွတ် ဆုတောင်းနေသည်။

အချိန်မှာ မှောင်စပြုလေပြီ။ သို့သော် ညနေစာ ထမင်းစားကြရန်နှင့် ကိစ္စမှု အထုပ်အကိုင် ဟူသမျှကို အကုန် သူတို့က ယနေ့ညအဖို့ မေ့နေကြသည်။

'ကျော်ဇော်ဦး၏ သတိသည် အမှောင်ထဲ၌ ပျောက်ကွယ်မသွားပါစေနဲ့'ဟု အကုန်လုံးသော သူတို့၏စိတ်ထဲက ဆုတောင်းနေကြသည်။ သူတို့၏မျက်နှာတွေမှာ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ စိုးရိမ်ပူပန်ခြင်းစသော သောကတို့နှင့် ဒေါသစက် ၍မှာ ကြောနေကြသည်။ လူများသော်လည်း စကားသံတို့မှာ လုံးဝ တိတ်ဆိတ်နေကြသည်။

"နောက်ကို ဆုတ်နေကြ၊ ပူအိုက်ရတဲ့အထဲ၊ လူအုပ်ဝိုင်းထားရင် ပိုဆိုးနေလိမ့်မယ်"

သခင်ကြီးသည် နီရဲနေသော သူ့မျက်နှာပေါ်က ချွေးစီးချွေးပေါက်တွေကို လက်နှင့်သပ်ချရင်း ကျော်ဇော်ဦးအနားမှာ ဝိုင်းနေကြသော လူအုပ်ကို နောက်ဆုတ်နေရန် ပြောလိုက်၏။

"ရော်ကိန္ဒာ၊ မီးသွားထွန်းလေ၊ မှောင်နေပြီ"

သခင်မကြီးက ပြောတော့မှ မှောင်နေပြီဆိုသည်ကို အကုန်လုံးသော သူတို့သည် သတိပြုမိကြသည်။ သူတို့သည် ကျော်ဇော်ဦးအတွက် စိုးရိမ်စိတ် ပြင်းပြနေသဖြင့် အားလုံးကို မေ့နေကြသည်။

"ဟင်"

ကျော်ဇော်ဦးသည် သက်ပြင်းတစ်ချက်ကို မှုတ်ညှစ်၍ မှုတ်ထုတ်လိုက်၏။

"ဟော...သတိရလာပြီ"

ကျော်ဇော်ဦး၏ မျက်နှာကို စိုးရိမ်ကြောင့်ကြကြီးစွာနှင့် ဝိုင်းကြည့်နေကြသော သူတို့၏မျက်နှာမှာ ချက်ချင်းဝင်းလဲ့လာသည်။ မျက်နှာပေါ်က ချွေးစီး၊ ချွေးပေါက်များကို သုတ်ပစ်ရန် ယခုမှ သတိရကြသည်။ သို့သော် စိုးရိမ်သောကအရိပ်များက သူတို့၏မျက်နှာပေါ်မှ လုံးလုံးလျားလျား လွင့်ပျောက်၍ မသွားကြသေး။

"သား...သား၊ လူလေး"

မဦးဖြူက သား၏မေးဖျားကို ပွတ်၍ ညင်ညင်သာသာ ခေါ်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

အသက်ရှူသံနှင့်အတူ ကျော်ဇော်ဦး၏ မျက်နှာသည် အနည်းငယ် လှုပ်ရှားလာသည်။ သခင်ကြီးက ညင်သာစွာဖေးမ၍ မျက်နှာကို တည့်ပေးလိုက်၏။ အယ်လီက လွှဲယပ်ကို ခပ်ပြင်းပြင်း ခပ်ပေးသည်။

"အယ်...အယ်လီ"

"သမီးရှိတယ် ကလေး"

"အယ်လီ ဘာမှ မဖြစ်ပါဘူးနော်"

မျက်လုံးကို ဖွင့်မကြည့်သေးဘဲ ကျော်ဇော်ဦးသည် အယ်လီကိုသာ ဦးစွာမေးလာ၏။ သူ့ရင်ထဲမှာ အယ်အတွက် မည်မျှ စိုးရိမ်ပူပန်နေသည်ကို ဖွင့်အံလိုက်ခြင်းပင်။

"သမီး ဘာမှ မဖြစ်ပါဘူး၊ ကလေး သတိရပြီနော်"

ကျော်ဇော်ဦး၏ ညှိုမည်းရောင်ကိုင်းနေသော မျက်နှာပြင်ကို စိုက်ကြည့်၍ အယ်လီက မျက်ရည်ဝဲလာ၏။ တတ်နိုင်လျှင် သူ့အမေရှိ အော်ဟစ်ပစ်လို၍ ငိုလိုက်ချင်၏။ ရင်ထဲ၌ တင်းကြပ်ပြည့်သိပ်နေသော ဝေဒနာကို ဖွင့်အံချင်သည်။ သို့သော် ပတ်ဝန်းကျင် အသိုင်းအဝိုင်း ဂုဏ်ဒြပ် အဆင့်အတန်း စသည်တို့က သူမ၏ သောကပရိ ဒေဝမီးတွေကို အတွင်း၌သာ လှိုက်၍ လောင်မြိုက်စေသည်သာ။

အယ်လီသည် အံကိုတင်းတင်းကြိတ်၍ ယပ်ကို ပြင်းပြင်းခပ်သည်။ သူမက သည်ထက်တော့ မတတ်သာ။ မျက်ရည်ဝဲရုံအပြင် ငိုဖို့ပင် သူမမှာ အခွင့်အရေးမရှိပေ။

"အမေ"

"သား လူလေး၊ လူလေး သတိရပြီနော်။ အမေဝမ်းသာလိုက်တာ သားရယ်"

မဦးဖြူမှာ ဝမ်းသာလွန်း၍ မျက်ရည်လည်ရွဲနှင့် အသံလည်း တုန်နေ၏။

"အယ်လီ ဘာမှ မဖြစ်ပါဘူးနော်၊ အမေ"

"အယ်လီ ဘာမှ မဖြစ်ပါဘူးသားရယ်"

ကျော်ဇော်ဦးသည် ညည်းရင်း တစ်ဖက်သို့မျက်နှာလှည့်သွားသည်။ သူ့လက်က သူ့အမေ၏လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

"သား ဘယ်လိုနေလဲဟင်"

"ရေ...ရေ ရေသောက်ချင်တယ်"

ကျော်ဇော်ဦး၏ ပါးစပ်ထဲသို့ ဇွမ်းဖတ်ထဲကရေကို မဦးဖြူက ညှစ်ချပေးသည်။

"သား ဘယ့်နှယ်နေသေးလဲ ဟင်၊ ဘယ်နေရာက နာလဲ"

ကျော်ဇော်ဦးမှာ သူ့အမေ၏ စကားကို ရုတ်ခြည်းမဖြေနိုင်သေးဘဲ မျက်နှာကို ရှုံ့မဲ့ပစ်လိုက်၏။

"မမေးပါနဲ့ဦး၊ စကားပြောရင် မောနေလိမ့်မယ်။ ခဏ မှေးနေပါစေ"



သခင်ကြီးသည် ယခုမှ သူ့ကျောပေါ်က သေနတ်ကို ဖြုတ်နိုင်သည်။

ကျော်ဇော်ဦး သတိရပြီ၊ စိတ်ချရပြီဆိုတော့မှ လူအားလုံးမှာတော့ အသက်ဝင်လှုပ်ရှားလာကြသည်။

"အယ်လီ ရေချိုးနေတုန်း လူဆိုးနှစ်ယောက်က ထင်းခြောက် တစ်ယောက်တစ်စည်းထမ်းပြီး အနားကိုမယောင်မလည်နဲ့ ရောက်လာကြတယ်။ သခင်ကြီးနဲ့သခင်မကြီးတို့ နေထိုင်ကောင်းကြပါရဲ့လား သခင်မလေးလို့လဲ မေးသေးတယ်။ အယ်လီက မာမီတို့၊ ဒက်ဒီတို့နဲ့ ခင်ကြတဲ့ တိုင်းရင်းသားအသိ ထင်းခွေသမားတွေထင်တာ၊ အနားကိုရောက်တော့မှ အယ်ပါးစပ်ကို အဝတ်နဲ့အုပ်ပြီး ဝိုင်းဖမ်းကြတယ်။ ကျော်ဇော်ဦး ရေချိုးဆင်းလာတာနဲ့ကြုံပြီး လူဆိုးတွေကို သူကအတင်းဝင် ထိုးကြိတ်တော့မှ အယ်လီက လွတ်ထွက်ပြေးရတာ။ လူဆိုးနှစ်ယောက်ကတော့ ကျော်ဇော်ဦးကို မဲပြီး 'ထိုးကြိတ်ကြတယ်။ ကျော်ဇော်ဦး လာကယ်လို့သာပေါ့။ နို့မို့ရင် လူဆိုးတွေက ခုလောက်ဆို အယ်လီကို သတ်ပစ်ကြပြီးနေမှာ"

ညနေက အဖြစ်အပျက်ကို အယ်လီက ပြောပြ၏။

"တောက် သိပ်အတင့်ရဲလာကြတဲ့ သူခိုးတွေ။ ရေနံခိုးလို့ အားမရကြသေးဘူး။ လူကိုပါ ရန်ရှာလာတယ်"

နဂိုကပင် နီနေသော သခင်ကြီး၏မျက်နှာမှာ ဒေါသဖြစ်လာသောအခါ ပို၍ ရဲရဲနီလာသည်။

ကျော်ဇော်ဦးအတွက် စိုးရိမ်ပူပန်စိတ်နှင့် ထမင်းမေ့၊ ဟင်းမေ့ ဖြစ်နေကြသော လူတွေမှာ ယခုမှ လှုပ်လှုပ်ရှားရှား ပြောနိုင်ဆိုနိုင် ဖြစ်လာကြသည်။

"ဟော သမီးက ခုထိ အဝတ်မလဲသေးဘူး။ ကြည့်စမ်း၊ အအေးပတ်ပြီး ဘစ်ခုခုတော့ ဖြစ်တော့မှာပဲ။ သွား သွား၊ အဝတ်မြန်မြန် သွားလဲ"

သူ့အဖေက ပြောတော့မှ အယ်လီသည် အဝတ်လဲရန် သတိရ၏။ သူမသည် ဘစ်ညနေလုံး ရေစိုအဝတ်နှင့်ပင် ကျော်ဇော်ဦး သတိပြန်ရရေးအတွက် သူ့အမေကို ကူညီပြီး လုပ်ကိုင်ပေးနေခဲ့သည်။ ချမ်းသည်၊ အေးသည်၊ တစ်ကိုယ်လုံး ရေစိုနေသည်ကိုပင် သူကသတိမထား။ 'ကျော်ဇော်ဦး၊ မြန်မြန် သတိရလာအောင် ကယ်မတော်မူပါ အဘဘုရား သခင်'ဟု စိတ်ထဲက တတွတ်တွတ်ဆုတောင်း၍ ကျော်ဇော်ဦးအနားမှ သုံးသမခွာဘဲ နေလာခဲ့သည်။ ကျော်ဇော်ဦးအတွက် သူမ၏ စိုးရိမ်ပူပန်စိတ်သည် သူ့များတကာထက် ပိုလိမ့်မည် ထင်သည်။ ကျော်ဇော်ဦး ယခုကဲ့သို့ ဖြစ်ရခြင်းမှာလည်း သူမအတွက်ကြောင့် သူမကို လူဆိုးတွေလက်မှ ကယ်တင်လိုက်သောကြောင့် မဟုတ်ပါလား။

အဖြစ်သည်းလွန်းနေသော အယ်လီကို သူ့အမေကတော့ မျက်စောင်းဘဲခဲ့ဖြစ်နေ၏။ သခင်မကြီး၏သဘောမှာ ကျွန်တစ်ယောက်အတွက် ဤမျှ မပူပင်သင့်တည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



| ၂၄ |

"ဒိုင်း"
"ဒိုင်း"
"ဒိုင်း"
"ဒိုင်း"
"ဒိုင်း"
"ဒိုင်း"

ဆက်တိုက်ထွက်ပေါ်လာသော သေနတ်သံ ခြောက်ချက်နှင့်အတူ ထင်းရှူးပင်ပေါ်မှ စာသူငှက်ကလေးသိုက် ငါးခုသည် ယိမ်းက လှုပ်ရှားသွားကြသည်။

"အယ်လီ သိပ်တော်တာပဲ၊ ကျွန်တော်ပစ်တုန်းက သုံးချက်ပဲထိတာ"

ကျော်ဇောဦးအပြောကို အယ်လီက သဘောကျ၍ ပြုံးနေ၏။

အယ်လီနှင့် ကျော်ဇောဦးတို့သည် သေနတ်တစ်ယောက်တစ်လက်နှင့် မင်းတဲချောင်းနား ထင်းရှူးတောထဲတွင် သေနတ်ပစ် လေ့ကျင့်နေကြ၏။

ရေနံသူခိုးများ၏ အထိုးအကြိတ်ကို ကျော်ဇောဦး ခံလိုက်ရပြီး တစ်ပတ်အကြာမှာပင် ကျော်ဇောဦးနှင့် အယ်လီတို့ကို သခင်ကြီးက သေနတ်ပစ် လေ့ကျင့်ခိုင်းထားသည်။ ပြောင်းရှည်သေနတ်ကို နဂိုကပင် ပစ်တတ်သော အယ်လီအား ခြောက်လုံးပြူးပစ် လေ့ကျင့်ခိုင်းသလို သေနတ် လုံးဝမပစ်တတ်သော ကျော်ဇောဦးကိုတော့ ပြောင်းရှည်ရော၊ ခြောက်လုံးပြူးပါ ပစ်တတ်အောင် လေ့ကျင့်စေသည်။ ယခု အယ်လီနှင့် ကျော်ဇောဦးတို့ လေ့ကျင့်ပစ်ခတ်နေကြသော သေနတ်နှစ်လက်မှာ သခင်ကြီးမြို့က နောက်ထပ်ယူလာသော သေနတ်ဖြစ်သည်။ ယခုအခါ ကုန်းမြင့်သာယာ၌ ပြောင်းရှည် သေနတ်နှစ်လက်နှင့် ခြောက်လုံးပြူးတစ်လက် ရှိနေ၏။

ယခင်က ရေနံသူခိုးများကို မြင်းတစ်စီး၊ ဓားတစ်လက်နှင့် သွားလာ စောင့်ရှောက်ခဲ့ရသော ကုန်းမြင့်သာယာမှ သခင်ကြီး၏ အလုပ်သမားတွေမှာ ယခုအခါတွင် မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့်ပင် စောင့်ရှောက်နေရပြီဖြစ်၏။ သို့သော်လည်း ရေနံသူခိုးတွေကမူကား ယုတ်လျော့သွားခြင်းမရှိ၊ ထကြွမြဲ၊ သောင်းကျန်းမြဲပင် ဖြစ်သည်။ ဤအခြေအနေကို မြင်၍လည်း သခင်ကြီးက အယ်လီနှင့် ကျော်ဇောဦးတို့ကို သေနတ်ပစ် လေ့ကျင့်ခိုင်းထားခြင်း ဖြစ်လေသည်။

ယခင်က ကျော်ဇောဦးအပေါ်၌ သခင်ကြီးသည်များစွာ စိတ်မချသေးသော်လည်း ယခုအခါ၌ကား လုံးဝပင် ယုံကြည်စိတ်ချသွားပြီ ဖြစ်သည်။ သူတို့မိသားစုအပေါ်၌ ကျရောက်မည့် ဘေးဥပါဒ်အန္တရာယ်ဟူသမျှကို ကျော်ဇောဦးသည် အသက်နှင့်လဲ၍ ကာကွယ်ခဲ့သည် မဟုတ်ပါလား။

နေ့ခင်းနေ့လယ် အလုပ်အားလပ်ချိန်တိုင်းတွင် အမြဲမြဲလိုလို သေနတ်ပစ် လေ့ကျင့်နေကြသဖြင့် အယ်လီနှင့် ကျော်ဇောဦးတို့မှာ ယခုအခါ အတော်ပင်



လက်ဖြောင့်နေကြပြီ ဖြစ်သည်။ သူတို့နှစ်ယောက်သည် ကုန်းမြင့်သာယာ ဆုတ်ခြေလျှောအောက်ရှိ မင်းတဲချောင်းနား ထင်းရှူးတောတွင် နေ့စဉ်လိုလို သေနတ်ပစ် လေ့ကျင့်ကြသည်။ ယခင်က စာကလေးများအော်သံနှင့် ညံနေသော ထင်းရှူးတောမှာ ယခုအခါ သေနတ်သံတွေနှင့်ညံနေပြီး အမြဲလိုလို သေနတ်သံကြားနေရသဖြင့် ငှက်ကလေးများသည် မင်းတဲချောင်းနားသို့ မသီရဲကြတော့။ ငှက်ကလေးများသာမဟုတ်။ ရေနံသူခိုးများသည်လည်း ယခုအခါ ကုန်းမြင့်သာယာနှင့် မင်းတဲချောင်းနား တစ်ဝိုက်ကို လာရဲကြတော့မည် မဟုတ်ပေ။

ကုန်းမြင့်သာယာနှင့် မင်းတဲချောင်းနားတစ်ဝိုက်ကို မလာရဲကြသော ရေနံသူခိုးများမှာ တောနက်ထဲရှိ ရေနံတွင်းများကိုသာ အငြိုးနှင့် သဲသဲမဲမဲ ဖျက်ဆီးနေကြ၏။ တောနက်ထဲရှိ ရေနံတွင်းများသို့ ရေနံခပ်ရန်လာသော သခင်ကြီး၏ အလုပ်သမားများကို ဒူးလေး၊ ဝါးပြောင်းစသည်တို့နှင့် ချောင်းမြောင်းပုန်းကွယ်ကာ ပစ်ခတ်လာကြသဖြင့် ယခုအခါ ရေနံခပ်သွားလျှင် သေနတ်တစ်လက်နှင့် သခင်ကြီးသည်လည်းကောင်း၊ ကျော်ဇောဦးသည်လည်းကောင်း၊ အာမရာသည်လည်းကောင်း၊ အယ်လီသည်လည်းကောင်း တစ်ယောက်ယောက်က အမြဲလိုလိုလိုက်ပါ၍ စောင့်ရှောက်နေရလေသည်။ ရေနံမြေတိုက်ပွဲမှာ တစ်နေ့ထက်တစ်နေ့ ပြင်းထန်လာ၏။ ဤအခြေအနေကို မြင်သဖြင့်လည်း သခင်ကြီးသည် နောက်ထပ် သေနတ်နှစ်လက်ဝယ်ယူပြီး ကျော်ဇောဦးနှင့် အယ်လီတို့ကို သေနတ်ပစ် လေ့ကျင့်ခိုင်းထားခြင်း ဖြစ်လေသည်။

ကုန်းမြင့်သာယာရှိ အလုပ်သမားများထဲမှ ကျော်ဇောဦး တစ်ယောက်တည်းကိုသာ ရွေးပြီး အထူးတလည် လက်ဖြောင့်အောင်ဟု သေနတ်ပစ် လေ့ကျင့်စေခြင်းမှာ သခင်ကြီးစိတ်ထဲ၌ မည်ကဲ့သို့ ရည်ရွယ်ချက်ရှိသည်ကို မည်သူ တစ်ဦးတစ်ယောက်ကမျှ မတွေးမိကြပေ။ သခင်ကြီး၏ စိတ်ထဲမှာကား တွက်ကိန်းဖယားတွေနှင့် အကွက်ချပြီးသား ဖြစ်လေမည်။ ရေနံသူခိုးများ၏ ဥာဉ်၊ အလေ့အထ၊ အပြုအမူ၊ စရိုက်သဘာဝ စသည်တို့ကိုသိသော အချင်းချင်း နှိမ်နင်းခိုင်းမှ ဖြစ်မည်ဟူသော ရည်ရွယ်ချက်။ ဤသည်တို့ကိုတော့ မည်သူကမျှ သတိမပြုမိကြ၊ မတွေးမိကြ။ ကျော်ဇောဦးမှာ ရေနံသူခိုးတွေဆီ၌ အများဆုံး အထိုး၊ အကြိတ်၊ အရိုက်အပုတ်သာမက ဓားနှင့်ပင် အခုတ်ခံထားရသူမို့ သခင်ကြီးက သူ့၏ အသက်အန္တရာယ်အတွက် စိုးရိမ်ပြီး ယခုလို အထူးတလည် သေနတ်ပစ် လေ့ကျင့်စေခြင်းသာ ဖြစ်လေမည်ဟု ရိုးရိုးသားသား ထင်ထားကြလေသည်။

သူတို့တွေးမည်ဆိုကလည်း တွေးစရာပင်၊ ကျော်ဇောဦးကိုယ်တိုင်က သူ့အား သခင်ကြီးသည် အဘယ်ကြောင့် အထူးတလည်ရွေးပြီး လက်ဖြောင့်အောင် သေနတ်ပစ် လေ့ကျင့်ခိုင်းထားသည်ကို ယနေ့အထိ မတွေးမိသေး၊ သတိမပြုမိသေး။ သူ့မှာ အယ်လီနှင့်တွဲဖက်၍ အလုပ်အားလပ်ချိန်တိုင်း မင်းတဲချောင်းနား ထင်းရှူးတောထဲတွင် သေနတ်ပစ် လေ့ကျင့်နေရသည်ကိုပင် ဧရာမဆုလာဘ်ကြီးတစ်ခုဟု ထင်နေသည်။ လူငယ်ပီပီ ဂုဏ်ယူဝင့်ကြွားနေသည်။ အယ်လီနှင့်လည်း ဤကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



လက်ပွန်းတတီး သွားလာနေထိုင်ရပါက သူသည် မိမိတို့၏ပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေသော ကာလအခြေအနေ၊ အရေးအခင်း၊ မိမိ၏လက်ရှိ နေထိုင်ရာဒေသ၊ မိမိတို့၏ တိုင်းရေးပြည်ရေး ပြဿနာတို့ကို ဘာဆိုဘာမျှ သူက သတိမရတော့။ အယ်လီအပေါ်၌ သူ၏မသိစိတ်က တိမ်းညွတ်ပြီး အယ်လီ၏ လွှမ်းမိုးမှုကို ခံယူနေရပြီဆိုတာလည်း ယခုအထိ သူက မတွေးမိသေး။ အယ်လီ့အတွက်နှင့် သေလုမျောပါး အထိုးအကြိတ်ခံထားရသဖြင့် အညိုအမည်းတွေပင် ကောင်းစွာ မပျောက်တတ်သေးသော မျက်နှာက ဒဏ်ရာဒဏ်ချက်ကိုလည်း သူကမမှုတော့။ အယ်လီ၏မျက်နှာကို မြင်နေရလျှင် သူတို့မိသားစုအပေါ်သို့ ကျရောက်ရသည့် ဘေးဥပါဒ်အန္တရာယ်တို့သည် သူ့အပေါ်သို့ချည်း နေ့စဉ်လိုလို ကျရောက်နေသော်လည်း ဆိုတာလည်း သူမသိ။ အယ်လီ့ဘဝနှင့် သူ့ဘဝမှာ ဘယ်လိုမှ နှိုင်းယှဉ်၍မရ။ ပစ္စည်းရှင်နှင့် ပစ္စည်းမဲ့၊ ခိုင်းစေသော လူတန်းစားနှင့် အခိုင်းစေခံ လူတန်းစား၊ အာဏာရှိနှင့် အာဏာမဲ့၊ နောက်ဆုံး စရိုက်သဘာဝ၊ စိတ်နေစိတ်ထား ဟန်ပန် ရုပ်သွင်ကအစ ဘယ်လိုမှ မတူညီကြ။ ရခိုင်လူမျိုးနှင့် အင်္ဂလိပ်လူမျိုးဟူသော ဘာသာရေး၊ လူမျိုးရေး စသည်တို့ကိုပင် သူကမေ့ထားလေသည်။ ယခု ကြည့် ပါ အယ်လီ့ကို ပြောလိုက်သော သူ့စကားက မည်မျှ တက်ကြွနေပါသနည်း။

"ကဲ...ခြောက်လုံးပြူးတစ်လှည့် ကျွန်တော့်ပေးဦး၊ ဒီတစ်ခါတော့ အယ်လီလို ကျွန်တော် ဆက်တိုက်ပစ်ပြမယ်"

"ခြောက်ချက်စလုံး ထိရမယ်နော်၊ မထိရင်တော့ ကျည်ခ လျော်ပေးရမယ်"

အယ်လီက ကျော်ဇောဦးအား ခြောက်လုံးပြူး လှမ်းပေးရင်း အပြုံးနှင့်ပြောသည်။ အယ်လီ၏ ကလေးဆန်လွန်းသော ကန္တကလျ ဟန်ပန်ကိုကြည့်ကာ ကျော်ဇောဦး ရင်ထဲမှာ အတိုင်းမသိ အေးမြသွားသည်။

အမှန်က ကျော်ဇောဦးသာ မဟုတ်ချေ။ အယ်လီသည်လည်း ကျော်ဇောဦးနှင့် ဤသို့ လက်ပွန်းတတီး သွားလာနေရသည်ကို အလွန်ပျော်မွေ့သည်။ ကျော်ဇောဦး နှင့်သာ ဤသို့အတူတကွ သွားလာနေထိုင်ရပါက သူမသည် မိမိဘဝကိုပင် မိမိ သတိမရ။ ကျွန်နှင့်သခင်ပါလားဟူသော အတွေးမျိုးကို တစ်ခါမျှမတွေး။ ကျော်ဇော ဦးအား သူမ ဆက်ဆံနေသည်မှာ လူမျိုးတူ၊ ဂုဏ်ရည်တူ လုလင်ပျိုလေး တစ်ယောက်ကို ဆက်ဆံနေသကဲ့သို့ပင် ရှိလာလေသည်။

"ကဲ ဟိုထင်းရှူးပင်ပေါ်က အသိုက်တွေကို..."

ကုန်းမြင့်သာယာ အဆင်းလမ်းမှ လူနှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာကြသံကို ကြားသဖြင့် အယ်လီက စကားရပ်၍ လှမ်းကြည့်လိုက်သည်။

"ဟော...ဟိုမှာ အာမရာနဲ့ သူကြီးလေးတို့ပါလား အယ်လီ"

ထင်းရှူးတောအောက်ခြေကို ရှင်းထားသဖြင့် မင်းတဲချောင်းနားသို့ စကားတပြောပြောနှင့် လျှောက်လာနေကြသော အာမရာနှင့် သူကြီးလေးတို့ကို ခပ်လှမ်း လှမ်းကပင် မြင်နေရသည်။

"အယ်လီ နေကောင်းတယ်နော်"



သူတို့နှစ်ယောက်အနားကို ရောက်လာသောအခါ သူကြီးလေးက အယ်လီ့အား အပြုံးဖြင့် နှုတ်ဆက်၏။

"ဟုတ်ကဲ့...ဘယ်တုန်းက ရောက်လဲ"

"ခုလေးတင်ပဲ"

သူကြီးလေးက အယ်လီနှင့်ကျော်ဇောဦးတို့ကို မသိမသာ အကဲခတ်ကြည့်ရင်း ဆိုသည်။

"ကလေး၊ မနေ့က သခင်ကြီး စိုက်ထွင်းထားခဲ့တဲ့ အထက်တော ဘောင် ဆောင်း လမ်းဘေးကကျောက်တွေကို မိုင်းနဲ့ သွားခွဲလိုက်ကြပါတဲ့ကွ။ ဒီတာ သူ ကြီးလေးတို့ အဖေနဲ့ တိုင်ပင်စရာရှိလို့ သခင်ကြီး မသွားအားတော့ဘူးတဲ့"

"အဘိုးကြီးကော မလိုက်ဘူးလား"

"ငါလည်း လိုက်မှာပေါ့ဟ"

"ကဲ့ ဒီလိုဆို သွားကြမယ်၊ အယ်လီကော လိုက်ဦးမလား"

"လိုက်မယ်၊ မိုင်းခွဲရတာ ပျော်စရာကြီးပဲ၊ ကိုကျော်ဟိုးလည်း အားရင်လိုက်ခဲ့ ပါလား"

အယ်လီက သူကြီးလေးကိုပါ အဖော်အဖြစ် စပ်စုလိုက်သည်။

"သိပ်များ ကြာနေမလား"

"မကြာပါဘူး၊ မြင်းနဲ့သွားမှာပဲ၊ ခဏလေးဆို ရောက်သွားမှာ"

"ကောင်းသားပဲ"

သူကြီးလေးက စိတ်မပါသလို အေးတိအေးစက်နှင့် ဆိုသည်။

ထိုနေ့က သူတို့လေးယောက်သည် မှောင်စပြုမှ ကုန်းမြင့်သာယာသို့ ပြန် ရောက်လာကြသည်။ အထက်တောထဲတွင် တစ်နာရီလောက် ကြာခဲ့ကြသည်။

* * *

| ၂၆ |

ကျော်ဇောဦးသည် ထင်းရှူးတောထဲ၌ထိုင်ကာ အယ်လီအလာကို စောင့်နေ သည်။ အယ်လီလာလျှင် သေနတ်ပါလာမည်။ ထိုအခါ ထင်းရှူးတောထဲမှာ သေနတ်ပစ် လေ့ကျင့်ကြမည်။ ဤသည်တို့မှာ အယ်လီနှင့်သူတို့၏ နေ့စဉ်လုပ်နေ ကျ အလုပ်ဖြစ်သည်။ အယ်လီကလည်း တော်တော်နှင့် ပေါ်မလာသောအခါ သူသည် သလဲပြင်ပေါ်မှာ စိတ်ကူးပေါက်ရာတွေကို ရေးခြစ်နေမိသည်။ အယ်လီနှင့် ပတ်သက်၍ သူ့ရင်ထဲမှာ ဖြစ်ပေါ်နေသော ဝေဒနာတစ်ရပ်ကြောင့် ကျော်ဇောဦး သည် သူတို့အရပ်၌လုလင်ပျိုများ သီဆိုလေ့ရှိသော (ဇမ်း)ခေါ် ကဗျာတစ်မျိုးကို ရေးခြစ်နေမိခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်လီနှင့်ပတ်သက်၍ သူ့စိတ်ထဲမှာ မဝံ့မရဲမတင်မကျနှင့် ဝေခွဲမရဖြစ်နေသည်။ အယ်လီကို သူက အသည်းနှင့်အောင် ချစ်နေသော်လည်း ချစ်ရေးမဆိုရဲ။ ထိုဝေဒနာများက သူ့ကို နှိပ်စက်လာခဲ့သည်မှာ ကာလကြာပြီဖြစ်သည်။ ထို့ကြောင့်လည်း အယ်လီကို ချစ်ရေးဆိုရန်အကြောင်းကို တွေးမိပြီဆိုလျှင် သူ့ရင်မှာ အမြဲ ပူလောင်ရသည်။ လှိမ်းရ၊ ဆွေးရ၊ ဝမ်းနည်းကြေကွဲရသည်။ တစ်ခါတစ်ရံ သည်အကြောင်းကို တွေးမိပြီဆိုက သူ့မှာဘာဆိုတာမျှ သတိမရတော့ဘဲ ငေးငေး ငေးငိုင် နေခဲ့ရသည်ကလည်း ရှိသည်။ ယခုလည်း အယ်လီ သူ့အနားကိုရောက်လာပြီဆိုသည်ကိုပင် သူကသတိမရ၊ စိတ်ထဲမှာ ပူဆွေးနေရသည့်အကြောင်းများကိုသာ သလဲပြင်ပေါ်တွင် ရေးခြစ်နေမိလေသည်။

"ကျော်ဇောဦး ဘာတွေ တွေးနေတာလဲ၊ အယ်လီလာတာတောင် မမြင်ဘူး။ ဟော စာတွေလည်း ရေးထားပါလား။ ဘာစာတွေလဲ ဟင်"

"ကျွန်တော် ရောက်နေတာကြာပြီ၊ အယ်လီပေါ်မလာလို့ ပျင်းပျင်းရှိတာနဲ့ လျှောက်ခြစ်နေတာပါ"

ကျော်ဇောဦးက မလုံမလဲနှင့် ဆိုသည်။

အယ်လီက ကျော်ဇောဦး ရေးထားသောစာကို စူးစူးစိုက်စိုက်ကြည့်၍ အသံထွက်အောင် ဖတ်လိုက်၏။

"အယ်ကပင်၊ သူ့ကိုမြင်ကေ ချစ်ခင်လှရေ၊

ပုလဲဖြူကို၊ အူ အသည်းမှာ စွဲမိရေ"

ပုလဲဖြူဆိုသည်မှာ သူ့ကိုများ ဆိုလေသလားဟူသော အယ်လီ၏ စူးစူးစိုက်စိုက် အကြည့်ကြောင့် ကျော်ဇောဦးမှာ ခေါင်းငုံ့သွား၏။ ပြီး တိုင်းရင်းသားစာတတ်သော အယ်လီ့ကို သူကအံ့သြမိသည်။ သူ့ရင်ထဲ၌ ရှိသည်တို့ကို အယ်လီများ သိသွားလေပြီလားဟု မလုံမလဲ ဖြစ်ရသည်။

"စိတ်ကလဲကြင်၊ ဝမ်းကခင်ကေ၊ ရင်မှာ မချမ်း၊

ဂုဏ်မြင့်သူ့ကို၊ တဲ့ချကမ်းကေ၊ မလှမ်းဝံ့ပါတဲ့"

"ဘယ်က ဂုဏ်မြင့်သူ့ကိုများ ချစ်နေရတာလဲ ကျော်ဇောဦးရယ်၊ နင့်ချစ်သူက ဘာလဲ၊ ရွာခေါင်းသမီး၊ လယ်ပိုင်ရှင်ကြီး သမီးလား။ ဘယ်ရွာကလဲ ဟင်"

အယ်လီက သူ့မျက်နှာကို ရွှန်းရွှန်းဝေနေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်၍ မေးလာသောအခါ ကျော်ဇောဦး၏ ရင်ထဲမှာ တနင့်နင့် ဖိုလိုက်လာသည်။ သူ့စိတ်ထဲမှာ 'ဘယ်ရွာက ရွာခေါင်းသမီး၊ လယ်ပိုင်သမီးမှ မဟုတ်ပါဘူး။ ကျွန်တော်ချစ်နေသူက အယ်လီပါ 'ဟု ပြောလိုက်ချင်သော်လည်း သူ့စကားများမှာ အပြင်သို့ ပွင့်အံမလာဘဲ လည်ချောင်းထဲ၌သာ တစ်ဆို့နေကြသည်။ ထို့ကြောင့်လည်း သူက အယ်လီ၏ ဝင်းပကြည်လင်လှသော မျက်နှာကို မော့ကြည့်ကာ မျက်ရည်ဝဲလာမိ၏။

---

* ကေ = လျှင်  ရေ = တယ်



"ကဲ ကျော်ဇောဦး၊ နင့်ချစ်သူ ဘယ်ရွာကလဲဆိုတာ ငါ့ကို ပြောစမ်းပါဟယ်။ ငါ သိချင်လွန်းလို့ပါ"

အယ်လီက ကျော်ဇောဦး၏မျက်နှာကို ကြေကွဲဝမ်းနည်းလာသော အကြည့်ဖြင့် ငေးကြည့်၍ မေးနေပြန်၏။

"ကျွန်တော့်မှာ ဘယ်ရွာမှာမှ ချစ်သူမရှိပါဘူးဗျာ၊ သူများတွေဆိုကြတာကြားလို့ ရေးမိရေးရာ ရေးမိတာပါ"

ကျော်ဇောဦးက ဖုံးကွယ်သည်။ အယ်လီ၏မျက်နှာမှာ အလိုမကျမှုများဖြင့် နွမ်းလျ သွား၏။

"ကျွန့်ရှင်လုံးဆူ၊ အုံ့ပုန်းပူကို၊ လူမသိပါ၊

ရက်တွေကြာကေ၊ လွမ်းနာကျ၊ သီ (သေ) ရလိမ့်မည်"

ဤအခါကျတော့ အယ်လီ၏အသံမှာ ဆို့နင့်လာသည်။

"ဟုတ်တာပေါ့၊ အုံ့ပုန်းပူဆိုတာ ဘယ်လူသိမလဲလေ။ ဖွင့်ပြောမှပေါ့ ကျော်ဇောဦးရယ်၊ ရက်တွေကြာရင် လွမ်းနာကျပြီး သေရမယ်ဆိုတော့ မကောင်းဘူးလား"

အယ်လီ၏ မျက်ရည်ဝဲနေသော မျက်လုံးအစုံက ကျော်ဇောဦး၏ မျက်နှာမှ မခွာသေး။

"နင့်ချစ်သူဟာ ဂုဏ်မြင့်သူ၊ ပစ္စည်းဥစ္စာကြွယ်ဝသူမို့ နင်က ဖွင့်မပြောရဲရင် အဖေတို့ မာမီတို့ကို ပြောခိုင်းပါလား ဟင်၊ နင့်အတွက်ဆိုရင် အဖေတို့ မာမီတို့တ ပြောပေးကြမှာပါ။ ဟို ကုလားအာမရာ အတွက်တောင် ဟိုတစ်ပတ်က မိန်းကလေးတစ်ယောက် သွားတောင်းကြ သေးတာပဲဟာ"

အယ်လီပြောသည်မှာ အမှန်ပင်ဖြစ်၏။ မကြာမီကမှ ကုလားအဘိုးကြီးအာမရာအတွက် အမျိုးသမီးတစ်ယောက်ကို သူ့အဖေသခင်ကြီးက လူကြီးစုံရာနှင့် တောင်းလာသည်။ ယင်းအမျိုးသမီးမှာ မုဆိုးမ၊ မိမဲ့ဖမဲ့ ဖြစ်သည့်အပြင် ဆွေမျိုးညာတိဆို၍လည်း အားကိုးအားထား မရှိလေသဖြင့် ကုလားအဘိုးကြီးကိုပင် ရွတ်မိတ်၍ လင်လုပ်လိုက်ရ၏။ 'ကုလားအဘိုးကြီး အာမရာနှင့်ယူလျှင် ရွှေဝတ်ရမည်၊ ငွေဝတ်ရမည်။ အလုပ်မလုပ်ဘဲ အေးအေးချမ်းချမ်း ဒူးနန့်စားနေရမည်' ဟူသော သူကြီးဦးကျော်စံနှင့် သခင်ကြီးတို့၏ တိုက်တွန်းပြောဆိုချက်လည်း ပါလေသည်။ ဤသည်တို့ကြောင့်လည်း ကုလားအဘိုးကြီး အာမရာနှင့်မကြိုင်သာဖြူတို့မှာ လင်မယားဖြစ်သွားကြ၏။

"ငါပြောတာ ဘယ့်နှယ်လဲဟင်၊ ကျော်ဇောဦး။ ဒက်ဒီကို နင် မပြောရဲရင် ငါ ပြောပေးရမလား"

"အို ဗျာ၊ အယ်လီကလည်း ကျွန်တော့်မှာ ချစ်သူမရှိပါဘူး ဆိုနေ"

ကျော်ဇောဦး၏ စကားအဆုံးမှာ အယ်လီက ပင်ပန်းနွမ်းလျသော သက်ပြင်းတစ်ချက်ကို မသက်မသာချလိုက်၏။ ကျော်ဇောဦး မည်သို့မျှ ဖွင့်ပြောမည် မဟုတ် ဆိုသည်ကို သူမက အတတ်သိ၏။

"ရော့ သေနတ်"

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၌ ရိုက်ခတ်နေသော ဝမ်းနည်းကြေကွဲ စိတ်တို့ကြောင့် အယ်လီ၏ အသံမှာ တုန်ရင်နေသည်။ မျက်နှာကလည်း ညှိုးနွမ်းနေ၏။ အတွေးကိုယ်စီနှင့်မို့ တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ဖြစ်ကြ။

"ကျွန်တော်တို့ တိုင်းရင်းသားစာကို အယ်လီဖတ်တတ်တာ ကျွန်တော်တော့ တော်တော်အံ့သြတာပဲ"

အယ်လီကလှမ်းပေးသော ပြောင်းရှည်သေနတ်ကိုယူရင်း ကျော်ဇောဦးက စကားလမ်းကြောင်းကို လွှဲလိုက်သည်။ အယ်လီ မျက်နှာညှိုးငယ်နေလျှင် သူ့မှာ အလိုလို မနေတတ်၊ မထိုင်တတ် ဖြစ်နေရသူ မဟုတ်ပါလား။

"တိုင်းရင်းသားစာ ဖတ်တတ်အောင် အယ်လီကိုဘယ်သူက သင်ပေးတာလဲဟင်"

ညှို့မှိုင်းနေသော တောင်တန်းကြီးများကို ငေးကြည့်၍ နှုတ်ဆိတ်နေသော အယ်လီအား ကျော်ဇောဦးက ထပ်မေး၏။

"အယ်လီတို့က ဒီမှာပဲ အခြေတကျ အိုးအောင်မင်းအောင် နေသွားရမယ့်လူ မဟုတ်လား။ ဒီက တိုင်းရင်းသားစာတတ်မှ တိုင်းရင်းသားတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ပိုပြီးအဆင်ပြေမယ်ဆိုပြီး ဒက်ဒီက သင်ပေးထားတာ။ ဒက်ဒီကတော့ ထေင်ဆရာ တစ်ယောက်ဆီမှာ ပိုက်ဆံပေးပြီး သင်ရတယ်တဲ့"

"သြော် သြော်"

သခင်ကြီး၏ ရှေ့ရေး၊ နောက်ရေး မြော်မြင်တတ်ပုံကို ကျော်ဇောဦးက တွေးနေ၏။

"ငယ်ငယ်တုန်းကဆိုရင် အယ်လီ သီချင်းတွေသိပ်ရတာ။ ပွဲသွားကြည့်ရင် ဇာတ်ထဲက သီချင်းတွေအကုန် အလွတ်ရအောင် တန့်ရေးပြီး ကျက်တာဘဲ။ ဇာတ်ပွဲက အပြန်မှာ သီချင်းအော်ဆိုတာ အယ်လီ သိပ်ပျော်တယ်။ ခုနက ကျော်ဇောဦးရေးတဲ့ 'ဓမ်း'တွေလည်း ကျော်ဇောဦးအမေဆီမှာ သင်သေးတယ်။ မသိတဲ့စာတွေလည်း မေးတယ်။ အဲဒီလိုနဲ့ အယ်လီ တိုင်းရင်းသားစာ ကျကျေ ညက်ညက် တတ်လာတာ။ ခုတော့ မာမီဆုလွန်းလို့ သီချင်းတွေလည်း မေ့ကုန်ပါပြီ"

"သခင်မကြီးက တိုင်းရင်းသား သီချင်းဆိုတာ မကြိုက်ဘူးထင်တယ်"

"မကြိုက်ဘူး၊ မကြိုက်ဘူး၊ အဲဒါကြောင့် မာမီတစ်ယောက် တိုင်းရင်းသားစာ မတတ်တာပေါ့။ တိုင်းရင်းသားစာနဲ့ သီချင်းတွေဆိုရင် သူက သိပ်အထင်သေးတာ။ ဒက်ဒီက ပြောပေမယ့် မရဘူး။ အယ်လီကတော့ ပျင်းပျင်းရှိ သီချင်းပဲ ဟစ်ဆိုတာပဲ။ အဲဒါ နားကြားပြင်းကပ်တယ်ဆိုပြီး ဇာတ်စက်တစ်လုံး အယ်လီဖို့ သီးသန့် ဝယ်ပေး ထားတာလေ။ အဲဒီဇာတ်ပြားထဲက သီချင်းတွေကို ကျက်ပြီးဆိုပါတဲ့"

"အယ်လီဓာတ်စက်ဖွင့်တိုင်း ကျွန်တော်လည်း ဂရုတစိုက် နားထောင်ပါတယ်"

"ဟင် ကျော်ဇောဦးက နားလည်လို့လား"



ဤတစ်ခါတွင်တော့ အံ့သြသံနှင့် မေးသူကမူ အယ်လီပင်။

"နားမလည်ပေမယ့် အယ်လီတို့ အင်္ဂလိပ်သီချင်းတွေလည်း နားထောင်ကောင်းသားပဲ"

"ကျော်ဇောဦး အင်္ဂလိပ်စာ မတတ်ချင်ဘူးလား"

"အို မေးမှ မေးရက်တယ်၊ အယ်လီရယ်။ တတ်ချင်တာပေါ့"

"တတ်ချင်ရင် အယ်လီ သင်ပေးမယ်လေ"

"သခင်မကြီးနဲ့ သခင်ကြီးတို့က ကြိုက်ပါ့မလား"

"မာမီနဲ့ ဒက်ဒီတို့ မသိပါဘူး"

ထိုနေ့မှစ၍ ကျော်ဇောဦးအား အယ်လီက အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို ထင်းရှူးတောထဲမှာ သေနတ်ပစ်လေ့ကျင့်ကြရင်း တစ်လုံးစ၊ နှစ်လုံးဆောင် ပေးသည်။ သလဲဘော်ငွေပြင်တွင် အယ်လီရေးဆိုရှုတ်ပြသော အင်္ဂလိပ်စာကို ကျော်ဇောဦးကလည်း ဂရုတစိုက် သင်ယူမှတ်သားသည်။ ရက်ကြာသောအခါ တစ်ယောက်နှင့် တစ်ယောက်မှာ ပို၍ရင်းရင်းနှီးနှီး၊ ရဲရဲတင်းတင်း ပြောရဲဆိုရဲ ဖြစ်လာကြသည်။ တစ်ခါတစ်ခါတွင် ငယ်စဉ်က အယ်လီနှင့်သူ ရန်ဖြစ်ကြသည့် အကြောင်းများကို ပြန်ပြော၍လည်း တစ်ယောက်နှင့်တစ်ယောက် ဆောင်းယန်ကြ၊ ခွင့်လွှတ် ကျေနပ် စကားဆိုကြ၊ ရယ်ကြ၊ မောကြနှင့် ထင်းရှူးတောထဲမှာ ပျော်နေတတ်ကြသည်။

ဤသို့ အယ်လီနှင့် နေ့စဉ်နေ့တိုင်း နေရဖန်များလေသောအခါ ကျော်ဇောဦးမှာ 'ငါဟာ အယ်လီတို့ဆီမှာ အခိုင်းအစေပါလား၊ အယ်လို့ဘဝနဲ့ ငါ့ဘဝဟာ ကြေးနှင့်ရွှေစင်လို ဘယ်လိုမှနှိုင်းယှဉ်၍ မရနိုင်ပါလား'ဆိုတာကို သူက မေ့ပြုလာသည်။ အယ်လီကို သူက ဆက်ဆံပြောဆိုနေသည်မှာ ဂုဏ်ရည်တူ အမျိုးမတော် လေးတစ်ယောက်ကို ဆက်ဆံသကဲ့သို့ပင် ဆက်ဆံလာမိသည်။ သို့သော် ယနေ့အထိ 'အယ်လီကို ကျွန်တော်တော့ ချစ်နေမိပြီဗျာ' ဟု သူကမပြောဝံ့သေး။

တစ်နေ့ပြောမည်ဟုတော့ အားခဲထားသည်။ အယ်လီကလည်း သူ့အချစ်ကို လက်ခံလိမ့်မည်ဟု တထစ်ချ ယုံကြည်နေမိသည်။ နောက်ဆုံး ကျော်ဇောဦး၏ စိတ်သည် မည်မျှ တက်ကြွလာသနည်းဟူမူ သခင်ကြီးက အယ်လီနှင့်သူ့ကို သဘောတူရမည်။ ထို့ကြောင့်လည်း သခင်ကြီးက သူ့အား မြှောက်စားထားသည်ဟု အတွေးတွေးလာသည်။ စိတ်ကြီးဝင်လာသည်။ မိမိဘဝကိုမိမိက မေ့နေရသည် အထိ ကျော်ဇောဦးမှာ အောက်ခြေလွှတ်လာလေသည်။

ကျော်ဇောဦးအပေါ်၌ အယ်လီ၏ ပြောဆို ဆက်ဆံမှုတွေကလည်း သူငယ်ချင်းမက၊ သမီးရည်းစားလည်း မကျဆိုသလို အညှာအခရာတွေကပါ ဆော ပြွမ်း လာသောအခါ ကျော်ဇောဦးမှာ ပို၍ စိတ်ကြီးဝင်လျက် ရှိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



[ ၂၇ ]

"ကျော်ဇော်ဦးကို အယ်လီမေးမယ် မေးမယ်နဲ့ သတိမေ့နေတာ ဒီနေ့တော့ သတိရလို့ မေးရဦးမယ်"

သေနတ်ပစ်လေ့ကျင့်ပြီး၍ ထင်းရှူးရိပ်တွင် နှစ်ယောက်သား ထိုင်လိုက်သော အခါ အယ်လီက ကျော်ဇော်ဦး၏မျက်နှာကို မသိမသာ အကဲခတ်ကြည့်ရင်း ထူးထူးဆန်းဆန်း စကားဆိုလာသည်။

"ဘာများလဲ အယ်လီရယ်"

"ဩော်... ခု ရေနံတွေ အများဆုံးရနေတဲ့တောနက်ထဲက ရေနံမြေတွေဟာ ဟိုတုန်းက ကျော်ဇော်ဦးတို့ အမေအဖေတွေပိုင်တဲ့မြေဆိုတာ ပြောမလို့ပါ"

"ဟုတ်-ဘယ်လေ ကျွန်တော်လည်း သိသားပဲ။ အဲဒါ ဘာဖြစ်လို့ လဲ"

"ဒီမြေကိုစွန့် ပတ်သက်လို့ ကျော်ဇော်ဦးစိတ်ထဲမှာ ဘယ်လိုနေ...ဒီ"

"အို ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှမနေပါဘူးဗျာ"

"ဟုတ်ရဲ့လား၊ အယ်လီကြားတော့ ဒီမြေတွေကို ဒက်ဒီဝယ်ယူတာ၊ မတရားသဖြင့် အတင်းအဓမ္မ ဝယ်ယူတယ်လို့ ကျော်ဇော်ဦးက ပြောတယ်ဆို"

အယ်လီ့ရှေ့မှာ ကျော်ဇော်ဦးမှာ မျက်နှာမထားတတ်အောင် ဖြစ်နေ၏။

"အယ်လီကို ဘယ်သူက ပြောလဲ"

"အို ဒါတော့ ကျော်ဇော်ဦးသိဖို့ မလိုပါဘူး"

"ဟုတ်တယ်အယ်လီ၊ ဟိုတုန်းကတော့ ဒီမြေတွေကိစ္စနဲ့ ပတ်သက်ပြီး သခင်ကြီးနဲ့ သူကြီးလေးတို့အဖေကို ကျွန်တော် မကျေနပ်တာ အမှန်ပဲ။ အဲဒါလည်း အကြောင်း ရှိပါတယ်။ ဟိုတစ်ခါ ရေနံသူခိုးတွေဆီမှာ ကျွန်တော် အချုပ်ခံရပါလား"

"တောနက်ထဲမှာ အချုပ်ခံရတာ ပြောတာလား"

"ဟုတ်တယ်၊ အဲဒီတုန်းက ရေနံသူခိုးတွေက ကျွန်တော့်ကို လုပ်ကြံပြီး ပြော လိုက်ကြတာကိုး"

"ဘယ်လို ပြောလိုက်ကြလို့လဲ"

"ဒီမြေတွေဟာ မင်းတို့ ဘိုးဘွားပိုင်မြေ။ အဲဒါ ရေနံများများရမယ်ဆိုတာသိလို့ သခင်ကြီးက သူကြီးလေးတို့အဖေကို ပြောခိုင်းပြီး အတင်းအဓမ္မ ဝယ်ယူတာတဲ့"

"ဟုတ်ကော မဟုတ်ဘူးလား"

အယ်လီက ကျော်ဇော်ဦး၏ သဘောထားကို အကုန်အစင် သိချင်နေသဖြင့် အစ်မေးနေ၏။

"အမေ့ကို ကျွန်တော်မေးပြီးပါပြီ။ အတင်းအဓမ္မဝယ်ယူတယ်ဆိုတာ မဟုတ်ပါဘူး။ တန်ရာတန်ကြေး ပေးပါတယ်တဲ့။ ပြီးတော့ လယ်မဲ့ယာမဲ့ဖြစ်သွားတဲ့ အမေ အဖေတို့ကိုလည်း သခင်ကြီးကအလုပ်ပေး မြှောက်စားပါမယ်ဆိုတဲ့ ကတိထားတယ် ပြောတယ်။ ခု ကျွန်တော်တို့ သားအမိကို သခင်ကြီးက မြှောက်စားထားသလိုပေါ့"

ယခင်က ကုလားအလုပ်သမားများနှင့် အလုပ်သမားတန်းလျားတွင် အတူထား ရာမှ ယခုအခါ ကျော်ဇော်ဦးတို့ သားအမိနှစ်ယောက်ကို အိမ်ကလေးတစ်လုံး သခင်ကြီးက သီးသန့် ဆောက်လုပ်ပေးထားသည်ကို ကျော်ဇော်ဦးစိတ်ထဲမှာ သူတို့သားအမိအား သခင်ကြီးက အထူးတလည် မြှောက်စားထားသည်ဟု ထင်နေပုံ ရလေသည်။

"မလိုတဲ့လူတွေကတော့ ပြောကြမှာပေါ့ အယ်လီ။ ဒီတင် ဘယ်ကမလဲ အဖေသေတာကိုတောင် သခင်ကြီးသတ်ပစ်ပါတယ်လို့ ပြောကြသေးတာပဲဟာ"

"ဟယ် ကျော်ဇော်ဦးတို့အဖေ စက်မောင်းညပ်လို့ သေတာကိုတောင် ဒက်ဒီ သတ်ပစ်တယ်လို့ ပြောကြတယ်"

အယ်လီက အလွန်အမင်း အံ့သြသွားသလို မျက်လုံးပြူး၍ ကျော်ဇော်ဦး၏ မျက်နှာကို ငေးကြည့်နေသည်။

"ဟုတ်တယ် အယ်လီ၊ ဒါပေမယ့် ကျွန်တော် မယုံကြည်ပါဘူး။ ကျွန်တော်တို့ မိသားစုအပေါ်မှာ သခင်ကြီးထားတဲ့ စေတနာကို ကျွန်တော် နားလည်ပါတယ်။ လေးလည်း လေးစားပါတယ်။ တကယ်လို့ ဒီမြေတွေကို ခုကျွန်တော်တို့ ပိုင်ဆိုင်နေ ဘယ်ဆိုပါတော့။ တောင်ယာခုတ်ကြရုံကအပြင် ကျွန်တော်တို့က ဘာလုပ်တတ်တာ မှတ်လို့။ ခုတော့ သခင်ကြီးက ရေနံရမယ်ဆိုတာသိလို့ ရေနံတူးတယ်။ ကျွန်တော်တို့ သားအမိတွေကိုလည်း သက်သောင့်သက်သာ အလုပ်ပေးထားတယ်။ ဒါဟာ နှစ်ဦးနှစ်ဖက်ကောင်းကျိုးအတွက် လုပ်တာပဲ မဟုတ်လား"

ကျော်ဇော်ဦးက အယ်လီ၏မျက်နှာကို ဖူးဖူးစိုက်စိုက်ကြည့်၍ ပြောနေသော် အယ်လီကတော့ ခပ်မဆိတ်သာ ငြိမ်နားထောင်နေသည်။

"တကယ်လို့ ဒီမြေတွေကို ကျွန်တော်တို့ ပိုင်နေပြီထားဦး။ တောင်ယာလုပ်စားရတာ မိုးရွာမရှောင်၊ နေပူမရှောင်နဲ့ ဘယ်လောက် ပင်ပန်းတယ်မှတ်လဲ။ ဒီမြေကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်က အားလုံး ကျေနပ်ပြီးသားဆိုတာ ယုံပါ အယ်လီ"

ကျော်ဇော်ဦး၏စကားကို ကြားရသောအခါ အယ်လီ၏မျက်နှာမှာ တိမ်စင်သနှယ် ဝင်းပသွားလေသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျော်ဇော်ဦး မကျေမနပ်ဖြစ်နေမှာစိုးလို့ မေးမိတာပါ။ ကျော်ဇော်ဦးကသာ အယ်လီတို့အပေါ်မှာ သစ္စာရှိရှိတာဝန်သိသိ အမှုထမ်းနေမယ်ဆိုရင် နောက်ကိုဒက်ဒီက ကျော်ဇော်ဦးကို ဒီထက်တောင် မြှောက်စားဦးမယ်ဆိုတာ ယုံပါ"

အမျိုးမျိုးသော အဓိပ္ပာယ်ကို တစ်ပြိုင်နက်တည်းဆောင်နိုင်သော အယ်လီ၏ အပြုံး၊ အပြောကြောင့် ကျော်ဇော်ဦး၏မနေမှာ အတိုင်းမသိ မြူးကြွသွားသည်။ 'ဒက်ဒီက ကျော်ဇော်ဦးကို ဒီထက်တောင် မြှောက်စားဦးမယ်ဆိုတာ ယုံပါ' ဟူသော အယ်လီ၏စကားမှာ သူနှင့်အယ်လီတို့ကိုများ သခင်ကြီးက လက်ထပ်

www.burmeseclassic.com



ပေးသည်ဟု ကြံရွယ်ထားသည်ကို သိ၍ အယ်လီက ပြောလေသလားဟု တွေးပြီး ကျော်ဇော်ဦး ရင်ထဲမှာ ဘုရားပွဲလှည့်နေ၏။

"ကျေနပ်ပါတယ်အယ်လီ၊ နောက်ဆုံး ကုန်ကုန်ပြောမယ်ဗျာ၊ ဟာကယ်လို့ ဟိုတုန်းက သခင်ကြီးနဲ့ သူကြီးဦးကျော်စံတို့က ကျွန်တော်တို့မြေတွေကို အတင်းအဓမ္မ ပိုက်ဆံတစ်ပြားမှမပေးဘဲ သိမ်းယူကြ တယ်ပဲထားဦး။ ဒီအချိန်မှာ သခင်ကြီးက ကျွန်တော်တို့ သားမိ သားဖတွေကို ခုလိုမြှောက်စားထားတယ်ဆိုရင် ကျေနပ်ပါတယ်။ နှစ်ဦးနှစ်ဖက် အကျိုးရှိတာပဲဟာ မဟုတ်ဘူးလား"

"ခုလိုသိရတာ ဝမ်းသာပါတယ်၊ ဟော ဟိုမှာ သူကြီးလေးပါလား"

အယ်လီ၏စကားမဆုံးမီပင် ကုန်းမြင့်သာယာမှ လေကလေး တချွန်ချွန်နှင့် ဆင်း၍လာသော သူကြီးလေးကို လှမ်းမြင်ရသဖြင့် အယ်လီက ပြောလိုက်၏။

"ကျွန်တော်တို့ သူကြီးလေးကို ပုန်းပြီးနောက်ရအောင်"

ကျော်ဇော်ဦးစကားကို အယ်လီကလည်း လက်ခံ၏။

သူကြီးလေး မောင်ကျော်ဟိုးကတော့ သူတို့နှစ်ယောက်ကို လုံးဝ မြင်ပုံမရ။ သည်အချိန်မှာ အယ်လီနှင့်ကျော်ဇော်ဦးတို့ သေနတ်ပစ်လေ့ကျင့်ရင်း ဤနေရာ၌ ရှိမည်ဆိုသည်ကို သူက အတတ်သိသဖြင့် ကုန်းမြင့်သာယာမှ မင်းတဲချောင်းနား ထင်းရှူးတောထဲသို့ ဆင်းလာခြင်းဖြစ်သည်။ လေချွန်၍ သူ့ခေါင်းပေါ်က သိုင်းကြိုး ရှည်နှင့် သက္ကလတ်ဦးထုပ်ကို လေထဲမှာဝှေ့ယမ်းလာသည်။

အယ်လီနှင့် ကျော်ဇော်ဦးတို့နှစ်ယောက်သား ပူးပူးကပ်ကပ် ပုန်းနေကြသော လမ်းဘေးက ထင်းရှူးပင်ကြီးနားကို သူကြီးလေး ရောက်လာသောအခါ ကျော်ဇော်ဦးသည် အယ်လီလက်ထဲက ခြောက်လုံးပြူးကိုယူ၍ သူကြီးလေး ဝှေ့ယမ်းလှုပ်လာသော လေထဲမှဦးထုပ်ကို ချိန်ရွယ်ပြီး ဒိုင်းခနဲ တစ်ချက် ပစ်ထည့်လိုက်သည်။

"အမယ်လေးဗျ"

သူကြီးလေးက လန့်အော်ပြီး သူ့ကိုယ်ကိုလည်း မြေပြင်သို့ ဝပ်ချလိုက်သည်။

သည်နေရာ၌ အယ်လီတစ်ခါ အဖမ်းခံလိုက်ရသည်ကို သတိရပြီး ယခုလည်း အယ်လီနှင့် ကျော်ဇော်ဦးတို့အား ရေနံသူခိုးများက ဖမ်းသွားကြပြီး သူ့ကို သေနတ်နှင့် လှမ်းပစ်သည်ဟု ထင်သွားပုံရသည်။ ထို့ကြောင့်လည်း သူမှာ အကြီးအကျယ် လန့်သွားခြင်း ဖြစ်၏။

အယ်လီနှင့် ကျော်ဇော်ဦးတို့သည် သူကြီးလေးရှေ့သို့ ပြိုင်တူ ပြေးထွက်လိုက်ကြ၏။

သူကြီးလေးသည် မြေပြင်မှ လူးလဲထလာသည်။

ကျော်ဇော်ဦး၏လက်ထဲမှာ ခြောက်လုံးပြူးကို သူကြီးလေးက ဒေါသနှင့် စူးစူးစိုက်စိုက်ကြည့်လိုက်၏။ ကျော်ဇော်ဦး၏ သရော်ပြုံးကို မြင်ရသောအခါ သူ့မျက်နှာ ချက်ချင်းနီရဲသွားသည်။

"မင်း မင်း တော်တော်လူဝါးဝ"

သူ့ကိုယ်ပေါ်မှ ဖုန်တွေကို လက်နှင့်ပုတ်ခါချရင်း သူကြီးလေးက ကျော်ဇော်ဦး



ကို ကြိမ်းလိုက်၏။ ပြီး သူ့လက်ထဲမှ လွင့်စဉ်သွားသော ဦးထုပ်ကိုလည်း လှမ်းကောက်သည်။ ဦးထုပ်၌ ပေါက်သွားသည်ကို တွေ့ရသောအခါ သူကြီးလေးမှာ ပို၍ ဒေါသ ထွက်လာသည်။ ကျော်ဇော်ဦး ဤမျှ လက်ဖြောင့်နေသည်ကိုတော့ သူက တော်တော် အံ့ဩနေပုံရ၏။ သို့သော် အယ်လီရှေ့မို့ သူက ဒေါသနှင့် ဦးထုပ်ကို အဝေးသို့ လွှင့်ပစ်လိုက်သည်။

"ဟဲ့ကောင် မင်းက ငါ့ကို ဘာစော်ကားတာလဲ ဟင်"

ကျော်ဇော်ဦး၏ ရင်ဘတ်မှ အင်္ကျီစကို သူကြီးလေးက တင်းတင်းဆုပ်ကိုင်၍ မေး၏။

သူကြီးလေး၏ ဒေါသကိုမြင်ရသောအခါ အပြုံးဖြင့် ဝေဆာနေသော အယ်လီ၏ မျက်နှာမှာ ချက်ချင်းတည်ငြိမ်လာသည်။

"ကျွန်တော် သူကြီးလေးကို မစော်ကားရပါလား ခင်ဗျား"

"ဘာ မစော်ကားရမှာလဲ၊ မင်းသေနတ်နဲ့ လှမ်းပစ်လို့ ဟိုမှာ ငါ့ဦးထုပ်ပေါက် သွားပြီ တွေ့လား"

သူကြီးလေးမှာ ပို၍ရှူးရှူးရှဲရှဲဖြစ်လာပြီး ကျော်ဇော်ဦး၏ ရင်ဘတ်မှ အင်္ကျီစကို ကိုင်လှုပ်ခါမေးနေသည်။

"ဟောဗျာ၊ အဲဒါ အယ်လီပစ်တာပါ သူကြီးလေးရယ်။ ကျွန်တော်က သူကြီးလေးကို ပြစ်မှားဝံ့ပါ့မလားဗျာ"

"ပြစ်မှားဝံ့ပါ့မလား" ဟုဆိုသော်လည်း ပြုံးဖြီးဖြီးမျက်နှာထားနှင့် ကျော်ဇော်ဦး၏ ငေါ့တော့တော့အပြောကို သူကြီးလေးက ပို၍ မခံချိမခံသာ ဖြစ်နေ၏။ အယ်လီပစ်တာ ဘယ်လိုမှမဖြစ်နိုင်ဆိုတာ သူက သိသည်။ ခြောက်လုံးပြူးက ကျော်ဇော်ဦး လက်ထဲမှာ မဟုတ်ပါလား။

"ကိုကျော်ဟိုးကလည်းလေ၊ အယ်လီတို့က ခင်လို့နောက်တာပဲဟာ၊ ဒေါသ ချုပ်ပါ။ ကဲပါရှင်၊ အယ်လီက နောက်မိတာ တောင်းပန်ပါတယ်"

အယ်လီက ရန်ဖြစ်နေကြမှာစိုး၍ ကြားဝင်ကာ ဖြန်ဖြေလိုက်၏။

"အယ်လီကိုမကျေနပ်လို့ မဟုတ်ပါဘူး။ ဒီကောင်က တစ်နေ့ထက်တစ်နေ့ လူဝါးကို ဝလာတယ်"

"မဝပါဘူး သူကြီးလေးရယ်။ ကျွန်တော်မျိုးက သူကြီးလေးကို အမြဲလေးစားတဲ့လူ"

"တော်ကွ၊ တော်"

ကျော်ဇော်ဦးကိုသာ ခြေဆုံးခေါင်းဆုံး စိုက်ကြည့်၍ ဒေါသဖြစ်နေသော သူကြီးလေးက ထပ်အော်လိုက်၏။

"ကိုကျော်ဟိုး ဘယ်ကလှည့်လာလဲ"

ကျော်ဇော်ဦးဘက်မှနေ သူ့ဘက်သို့ မျက်နှာလှည့်လာသော သူကြီးလေးအား အယ်လီက စကားလမ်းကြောင်းလွှဲ၍ မေးလိုက်၏။

"သိုင်းချောင်းရွာမှာ ရေနံသူခိုးတွေ သွားစုံစမ်းရင်း လှည့်ဝင်လာတယ်

www.burmeseclassic.com

www.burmeseclassic.com



အယ်လီ နေကောင်းတယ်နော်"

"အယ်လီ နေကောင်းတယ်နော်" ဟု မေးနေသော်လည်း သူ့မျက်နှာက ဒေါသက မပြေချင်သေး။

"ဟုတ်ကဲ့၊ နေကောင်းပါတယ်"

"သူကြီးလေးခင်ဗျား၊ ခင်ဗျားကျောပေါ်က သေနတ်ကို စမ်းပစ်ကြည့်ရအောင် ဗျာ။ ဆောင်းတွင်းတုန်းက ခင်ဗျား ကျွန်တော့်ကို သေနတ်ထမ်းခိုင်းတာ မှတ်မိ သေးလား။ အဲဒီတုန်းက ကျွန်တော် သေနတ် မပစ်တတ်သေးဘူး။ ခုမှ သူ ကြီးလေး သေနတ် စမ်းပစ်ကြည့်ရအောင်"

ကျော်ဇော်ဦးသည် ပြောပြောဆိုဆိုနှင့် သူကြီးလေးကျောပေါ်က သေနတ်ကို လှမ်းဆွဲထား၏။ သူကြီးလေးသည် ကျော်ဇော်ဦးကို မျက်မှောင်တစ်ချက် ကြုတ် ကြည့်ပြီး ကျော်ဇော်ဦးလက်ကို ပုတ်ချလိုက်သည်။ သူ့စိတ်ထဲမှာ 'ရာရာစ လူဝါးဝလို့ 'ဟု ကျော်ဇော်ဦးကို ကျိန်ဆဲနေသည်။

သူကြီးလေး ကျိန်ဆဲမည်ဆိုကလည်း ကျိန်ဆဲစရာပင်။ ဟိုတုန်းက သူ့မျက်နှာ ကိုပင် မော့မကြည့်ရဲသော အယ်လီတို့ဆီက အလုပ်သမား ကျော်ဇော်ဦးသည် ယခုအခါ သူ့လိုလူကိုပင် ရွယ်တူတန်းတူ၊ ဂုဏ်ရည်တူလို သဘောမျိုးထား၍ နောက်လား ပြောင်လား လုပ်လာသောအခါ သူကြီးလေးမှာ မခံချိမခံသာ ဖြစ် ရသည်။ အယ်လီကို အားနာ၍သာ သည်းညည်းခံနေရသော်လည်း ကျော်ဇော်ဦး ကို သူ့စိတ်ထဲက လုံးဝ မကျေနပ်ပေ။ အယ်လီသာ အနီးအနားမှာ မရှိပါက ကျော်ဇော်ဦးအား နှစ်နှစ်နာနာပြော၍ ရိုက်ပုတ်မိမည်မှာ အမှန်ပင်။ ခုတော့ 'ခွေးကိုရိုက်ချင်လျှင် ခွေးရှင် မျက်နှာကြည့်' ဟူသကဲ့သို့ ကျွန်ကျော်ဇော်ဦးအား ဆိုချင်၊ ပြောချင်၊ ရိုက်ပုတ်ချင်သော်လည်း အယ်လီ၏မျက်နှာက ရှေ့ကကာဆီး နေသဖြင့် သူ့မှာ ဒေါသကို မနည်းချုပ်တည်း ထားရလေသည်။ သို့သော် ကျော်ဇော်ဦး၏ သရော်သလို၊ ပြောင်သလို၊ နောက်သလို မထီလေးစား အပြုအမူ များကား ယခုအထိ မရပ်သေးပေ။

"တောက် ဟဲ့ကောင်၊ မင်းဒီနေ့ ဘယ်လိုဖြစ်နေတာလဲ။ ငါတယ် လုပ်လိုက်ရ သေတော့မှာပဲ"

သူ့ကျောပေါ်က သေနတ်ကို အတင်းလာဆွဲနေသော ကျော်ဇော်ဦး၏ လက် ကို သူကြီးလေးက ခပ်နာနာ တစ်ချက်ရိုက်ပစ်လိုက်၏။ ဒါလည်း ကျော်ဇော်ဦး မျက်နှာက အပိုးမသေသေး။ အယ်လီတို့မိသားစုက မြှောက်စားထားသဖြင့် သွေးနထင် ရောက်နေသည်။ သူ့ဘဝကို သူမေ့နေသည်။ တစ်ခါတစ်ခါ သူ့ကိုယ်သူ သူ ကြီးလေးထက်ပင် မျိုးဂုဏ်မြင့်သော အင်္ဂလိပ်မျက်နှာဖြူ တစ်ယောက်ဟုပင် အထင်ရောက်လေသလား မသိ။ ဟိုအခါတုန်းက မျက်နှာကိုပင် မော့မကြည့်ရဲ သော သူကြီးလေးအား သူက ယခုအခါ နောက်လားပြောင်လား လုပ်နေသည်မှာ သူငယ်ချင်း အပေါင်းအသင်း တစ်ယောက်လောက်ပင် လေးစားမှုမရှိတော့။

ဤသည်တို့ကြောင့်လည်း 'အယ်လီနှင့်ကျော်ဇော်ဦးတို့သည် သမီးရည်းစား



များ ဖြစ်နေလေပြီလား' ဟူသော သံသယစိတ်နှင့် သူကြီးလေးက အယ်လီ၏ မျက်နှာကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်၏။ 'အယ်လီ၏အချစ်ကို ပိုင်နိုင် နိုင်နင်း ရထားမိ၍သာ အယ်လီအားကိုးနှင့် သူ့အား ကျော်ဇော်ဦးက မထီလေး စား ပြုရဲတာလား'ဟု သူကြီးလေးက ချက်ချင်းတွေးလိုက်၏။

"နင်ကလဲဟယ် မလုပ်ပါနဲ့ဆိုနေ ကိုကျော်ဟိုး စိတ်ဆိုးသွားပြီ"

သူကြီးလေး၏ မယုံသင်္ကာအကြည့်ကို ရိပ်မိသွား၍လား မသိ။ ယခုမှ ကျော်ဇော်ဦးကို အယ်လီက ကမန်းကတန်း ဟန့်တားသည်။ ပြီး တစ်ဆက်တည်း နှာပင်။

"ကိုကျော်ဟိုး တစ်နေ့ကပဲ ဒက်ဒီမြို့ကိုသွားလို့ ခတ်ပြားအသစ်တွေ ပါ လာတယ်။ နားထောင်သွားပါဦး"ဟု လိုလိုချင်ချင် ပြောသည်။

"ရော့ အယ်လီ၊ သေနတ်ယူသွားတော့"

သုံးယောက်သား ကုန်းမြင့်သာယာသို့ တက်လာကြရာ မိမိတို့ အိမ်နားကို ရောက်လာသဖြင့် ကျော်ဇော်ဦးက သူကိုင်ဆောင်လာသော သေနတ်ကို အယ်လီ အား လှမ်းပေးလိုက်၏။

သခင်ကြီးက သူ့ကို သေနတ်ပစ်လေ့ကျင့်ရန် ခိုင်းထားသော်လည်း ကျော် ဇော်ဦးမှာ သေနတ်ကို အမြဲကိုင်ဆောင်နေရသူကား မဟုတ်ပေ။ ရော်နှသူနိုးတွေ စောင့်ရှောက်ရန် တောနက်ထဲသို့ သွားတော့မည်ဆိုလျှင် အိမ်ကြီးပေါ်က သခင် ကြီး၏ခေါင်းရင်းမှာ ချိတ်ထားသော သေနတ်ကို တက်ယူရသည်။ တောနက် ထဲက ပြန်ရောက်လာပြီဆိုလျှင် သူကိုင်ဆောင်လာသောသေနတ်ကို အိမ်ပေါ်၌ ပြန်ထားရသည်။ သေနတ်ပစ် လေ့ကျင့်ရန်ကိုတော့ အယ်လီယူဆောင်လာသည် က များသည်။

အယ်လီအား ရဲရဲတင်းတင်း သေနတ်လှမ်းပေးနေသော ကျော်ဇော်ဦးကို သူကြီးလေးက မျက်မှောင်တစ်ချက် ကြုတ်ကြည့်၍ အကဲခတ်နေ၏။ သူ့ကို ပြောင်မိ၊ နောက်မိကြသည့်အတွက် ကျော်ဇော်ဦးနှင့်အယ်လီတို့က တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ အဓိပ္ပာယ်ပါပါ ပြုံးပြကြသည်ကိုပင် သူကြီး လေး၏ စိတ်ထဲမှာ သင်္ကာရှင်းမကောင်းတော့ပေ။

သူကြီးလေး မောင်ကျော်ဟိုးသည် အယ်လီနှင့် ကျော်ဇော်ဦးတို့အား တလမ်း လုံးပင် အကဲခတ်လာခဲ့သည်။ ယနေ့၌ သူ့ရင်ထဲမှာ အလိုလို ပူလောင်ပြင်းပြ သော ဝေဒနာတစ်ခုကို ခံစားနေရ၏။ ဤသည်တို့မှာ မထီလေးစားလုပ်သွား သော ကျော်ဇော်ဦးအား ဒေါသထွက်တာလား၊ မကျေနပ်တာလား၊ မနာလို ဝန်တို ဖြစ်နေတာလား၊ တစ်စုံတစ်ခုအတွက် သူကပဲ ကြေကွဲဝမ်းနည်းနေတာ လား။ ဘာကြောင့်ရယ်ဟု အတိအကျ ဝေခွဲဆုံးဖြတ်၍ မရသော်လည်း သူ့ စိတ်ထဲက တစ်စုံတစ်ခုကို အလိုမကျ ဖြစ်နေတာကတော့ အမှန်ပင်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



| ၂၈ |

ကောင်းကင် တစ်ခွင်တစ်ပြင်လုံးတွင် မိုးရိပ်မိုးသားတို့ဖြင့် ပြည့်သိပ်ညို့မှောင်နေသည်။ ရက်မကြာမီ မိုးရွာတော့မည်။ မိုးသည်းလာပြီဆိုလျှင် တောနက်ထဲရှိ ရေနံတွင်းများသို့ သွားရာလမ်းမှာ ပြိုတတ်သည်။ ထိုအခါ လမ်းပေါ်မှ မိုးနေသော ကျောက်လုံး၊ ကျောက်တုံးကြီးများသည် လမ်းကို ပိတ်ဆို့လာကြတော့မည်။ ထို့ကြောင့်လည်း ကျော်ဇော်ဦးသည် လမ်းဘေးမှကျောက်လုံးကြီးများကို မိုင်း ခွဲ ဖြိုခွင်းရန် လွန်ရှည်တစ်လက်နှင့် ကျောက်သားတို့ကို ဖောက်နေ၏။

"ဟဲ့ကောင်..."

အသံနှင့်အတူ ကုန်း၍ လွန်ဖောက်နေသော သူ့တင်ပါးကို တစ်စုံတစ်ယောက်က နောက်ကနေ ခြေဖျားဖြင့် ပုတ်ခတ်လိုက်သည်။ ကျော်ဇော်ဦးမှာ ဖျတ်ခနဲ လန့်သွားသဖြင့် ဆတ်ခနဲ လှမ်းကြည့်လိုက်၏။ သူ့ရင်ထဲမှာ ဒိန်းခနဲ မြည်ဟီးသွားသည်။ ချက်ချင်းပင် စိတ်ထဲ၌ အံ့သြခြင်း၊ တုန်လှုပ်ချောက်ချားခြင်းတို့ဖြင့် တစ်ကိုယ်လုံး မွန်ထူလာသည်။ ထို့ကြောင့် နောက်ပြန်လှည့်ကြည့်မိသော သူ့မျက်နှာကိုပင် သူက ပြန်မတည့်ရဲဘဲ အကြောဆွဲနေသူ တစ်ယောက်လို အသံပေး ပုတ်ခတ်လာသူ၏မျက်နှာကိုသာ အံ့သြခြင်းကြီးစွာဖြင့် မော့်ကြည့်နေမိသည်။ အသံပြုသူ၏မျက်နှာမှာ အေးစက်မာကြောနေသည်။

"ကို...ကိုအောင်ကျော်၊ ကိုထွန်းဦး"

ဘယ်ကဘယ်လို ရောက်လာကြမှန်းမသိသော ကိုအောင်ကျော်နှင့် ကိုထွန်းဦးကို သူက နှုတ်ဆက်သလို ရေရွတ်သည်။ ပြီး ကျော်ဇော်ဦးက မတ်တတ်ရပ်ရန် ဟန်ပြင်သည်။

"ဟဲ့ကောင်...မင်း မထနဲ့"

ကိုအောင်ကျော်က သူ့နောက်ကျောကို ဓားဦးနှင့်ထောက်ထား၏။ ကိုထွန်းဦးကတော့ ဘာမျှ ဝင်မပြော။ ကျော်ဇော်ဦး၏မျက်နှာကိုသာ စူးစူးစိုက်စိုက်ငေးကြည့်နေသည်။

အတန်ကြာ တိတ်ဆိတ်နေကြ၏။

ကိုအောင်ကျော်နှင့် ကိုထွန်းဦးတို့က ဘာမပြော ညာမပြောနှင့် သူ့မျက်နှာကိုသာ စူးစူးစိုက်စိုက် ကြည့်နေကြသောအခါ ကျော်ဇော်ဦးမှာ ထရမလို ထိုင်ရမလိုနှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာမိ၏။

"ဟဲဟဲ...ဘာလဲ၊ မင်းက ဒီသေနတ်နဲ့ တို့ကိုပစ်မယ်ပေါ့လေ ဟုတ်လား"

ယောင်ယောင်မှားမှားနှင့် သူ့လက်တစ်ဖက်က သေနတ်ပေါ်သို့ ရောက်သွားသည်ကို မြင်ရသဖြင့် ကိုအောင်ကျော်က မရယ်ချင့်ရယ်ချင်နှင့် ဖျစ်ညှစ်ရယ်ပြီး ခနဲ့သောစကားကို ဆိုလာသည်။

ကိုအောင်ကျော်၏မျက်နှာမှာ ချက်ချင်း တင်းမာလာပြန်သည်။ ကိုထွန်းဦး၏



မျက်နှာကတော့ ရုတ်ခြည်း ညှိုးကျသွားသည်။ ခွင့်မလွှတ် နိုင်လောက်အောင် နာကျည်းနေသော ညီငယ်တစ်ယောက်ကို ပြောဆို ဆုံးမ၍မရသဖြင့် ခေါင်းမွှာစိတ်ပျက်နေသော အစ်ကိုတစ်ယောက်၏ မျက်နှာမျိုး။

"ကဲ...ပစ်လေကွာ"

ကိုအောင်ကျော်က အံကိုတင်းတင်းကြိတ်၍ သူ့ရှေ့သို့ လှည့်လာ၏။

"မ...မ မဟုတ်ပါဘူး၊ အစ်ကို"

ကိုယ်လက်တို့ကိုပင် အနည်းငယ် မလှုပ်ရှားဝံ့ဘဲ ငိုင်နေသော ကျော်ဇော်ဦးက မရဲတရဲနှင့် ငတောင်းပန်စကားဆို၏။

ရေနံသူခိုးများမှာ တခြားရွာကလူများသာဟု ယခင်က ထင်မိခဲ့သော်လည်း ယခုအခါ မိမိတို့ပန်းတောရွာမှ ကိုအောင်ကျော်နှင့် အစ်ကိုတစ်ဝမ်းကွဲဖြစ်သူ ကိုထွန်းဦးတို့ကပါ ရေနံသူခိုးတွေ ဖြစ်နေကြသည်ကို တွေ့ရသောအခါ ကျော်ဇော်ဦး၏စိတ်မှာ အလိုလို နောက်ကျိလာသည်။

"မိုက်ရိုင်းလိုက်တဲ့ ခွေးတိရစ္ဆာန်၊ မင်းကိုယ်မင်း ဘာကောင်လဲဆိုတာ တွေးမိသေးရဲ့လား ဟင်။ ငါဟာ ရခိုင်လူမျိုးတစ်ယောက်ပါလား ဆိုတာကော မင်းသတိရသေးရဲ့လား"

ကိုအောင်ကျော်၏အသံမှာ ဒေါသနှင့် ဟိန်းထွက်လာသည်။ ကျော်ဇော်ဦးမှာ ထိတ်ထိတ်လန့်လန့်နှင့် ကိုအောင်ကျော်၏ မျက်နှာကို မဝံ့မရဲ တစ်ချက်မော့ကြည့်လိုက်၏။ ကိုအောင်ကျော်၏မျက်နှာမှာ ပြိုတော့မည့်မိုးနှယ် ညှို့မည်းလာလေသည်။ နဂိုကပင် စကားနည်း၍ ခပ်အေးအေးနေတတ်သော ကိုထွန်းဦးကတော့ ခုထိ ဘာမျှ ဝင်မပြောဘဲ စိတ်ရှုပ်သလိုသာ ငိုင်နေသည်။

"ကြည့်စမ်း၊ တို့ကိုတောင် ခုတော့ မင်းက ပစ်မယ်၊ ခတ်မယ်ပေါ့ဟုတ်လား။ မင်းအသက်ကို တို့ကယ်လာတာ ဘယ်နှစ်ခါရှိပြီလဲဆိုတာ မင်းတွေးမိရဲ့လား ဟင်။ ခုလည်း မင်းကို ဒူးလေးတွေ၊ ဝါးပြောင်းတွေ ဘယ်လောက် ဝိုင်းထားတယ်ဆိုတာ မင်းသိရဲ့လား"

ကိုအောင်ကျော်၏ စကားကိုကြားရသောအခါ ကျော်ဇော်ဦးမှာ ကြက်သီးဘဖြန်းဖြန်းထလာသည်။ မလုံမလဲသောစိတ်နှင့် သူ့ဘေးနားရှိ တောတောင်ချုံနွယ်များဆီသို့လည်း မျက်စိအစုံက ရောက်သွားမိ၏။ ဤတောင် ဤချုံနွယ်များဆီမှ သူ့ကိုယ်ကို ဒူးလေး၊ ဝါးပြောင်းတွေနှင့် ရေနံသူခိုးများက ဝိုင်းထားကြပြီဆိုသောအခါ သူ့တစ်ကိုယ်လုံးမှာ အကြောက်လွန်၍ ဇောချွေးများပင် ပြန်လာသည်။ ပြေးစရာဆို၍လည်း သူ့အတွက် လမ်းမမြင်တော့ပြီ။

ကိုအောင်ကျော်က သူ့ကို စူးစူးစိုက်စိုက် ကြည့်နေ၏။ ကျော်ဇော်ဦးမှာ ကိုအောင်ကျော်၏ မျက်နှာကိုပင် မော့၍မကြည့်ဝံ့တော့ဘဲ ကျောက်ရုပ်ပမာသာ ငိုင်နေမိသည်။ သို့သော် အယ်လီကို ရေနံသူခိုးနှစ်ယောက် ဝိုင်းဖမ်းခုန်းဘသွားအား ရေနံသူခိုး တစ်ယောက်က ဓားနှင့်အသေခုတ်ရန် ချိန်ရွယ်လိုက်စဉ်မှာပင် အလောသုံးဆယ်နှင့် အမောတကော ပြေးလိုက်လာပြီး 'ဟဲ့ ပေါက်ဆိန်း

www.burmeseclassic.com

www.burmeseclassic.com



မခုတ်နဲ့ရုပ်'ဟု အော်ပြောလိုက်သော အသံတစ်ခုကတော့ သူ့နားထဲမှာ ယခုတိုင် ပဲ့တင်ထပ်နေဆဲပင်။

"မင်း စဉ်းစားကြည့်စမ်း ကျော်ဇော်ဦး။ မင်းတို့ရေနံတောင်က ဖလောင်းဟာ မင်းတို့မြေကို အတင်းအဓမ္မ သိမ်းယူတယ်။ မြေပေါ်က အဆီအသွေးကို ထုတ်ယူတယ်။ မင်းတို့သားအမိ သားအဖတွေကို ကျွန်ပြုတယ်။ သူတို့ရဲ့အသက်အိုးအိမ်စည်းစိမ်တွေ အတွက် မင်းတို့ အသက်ကိုစတေးပြီး ခုခံကာကွယ်ခိုင်းတယ်။ နောက်ဆုံး သူတို့စည်းစိမ်ဥစ္စာကို ထိခိုက်လာမယ်ထင်လို့ မင်းအဖေကို သတ်ပစ်တယ်။ နောက်တစ်နေ့မှာ မင်းကိုလည်း တစ်နည်းနည်းနဲ့ သတ်ပစ်မှာပဲ။ ခု မင်းကို တို့နဲ့ တိုက်ခိုက်ခိုင်းထားတာဟာ ဥာဏ်ဆင်ပြီး သတ်နေတာပဲ မှတ်ပါ။ တို့ကသာ ကိုယ့်အမျိုးသားချင်း၊ ကျောင်းနေဖက် သူငယ်ချင်းချင်း၊ အမျိုးသားချင်း၊ တစ်ရွာတည်းနေ တစ်ရေတည်း သောက်နေကြတဲ့ လူ့ရယ်လို့မညှာရင် မင်းသေတာ ဘယ်နှစ်ခါရှိပြီလဲဆိုတာ မင်း စဉ်းစားမိရဲ့လား"

အစက ညီငယ်တစ်ယောက်ကို ဆုံးမနေသလို လေသံအေးအေးနှင့် တစ်လုံးချင်း ပြောပြနေသော ကိုအောင်ကျော်၏ စကားသံမှာ တဖြည်းဖြည်း တင်းမာလာသည်။ ကိုယ်လုံးကိုယ်ထည်က ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းနှစ်လွှာက ထူအမ်းအမ်း၊ လျော့တွဲတွဲ၊ မေးရိုးကကားကား၊ အသားက နက်ကြုတ်ကြုတ်နှင့် လူမိုက်ရုပ်ပေါက်နေသော သူ့ရုပ်သွင်မှာ ဒေါသနှင့် မေးကြောကြီးများပင် ထောင်ထ၍ လာသောအခါ ကျော်ဇော်ဦးမှာ အကြည့်တန် အရုပ်ဆိုးလွန်းသော သူ့မျက်နှာကို မော့၍ပင် မကြည့်ဝံ့တော့ဘဲ ခေါင်းငုံ့၍သာ နေမိ၏။ သူပြောသမျှကိုသာ ခေါင်းငုံ့၍ နားထောင်နေရ၏။ ဘာမျှ ပြန်မပြောဝံ့။

"ဒါတွေကို ဘာမှမသိဘဲ မင်းတစ်ယောက် မိုက်မိုက်မဲမဲ သူတို့ဘက်ပါနေလို့ တို့ရဲ့ ရေနံမြေတိုက်ပွဲတွေဟာ ခုထိ ရှည်ကြာနေရတယ်။ နို့မဟုတ်ရင် ဖလောင်းမလေးကို ဖမ်းမိတဲ့နေ့ကပဲ တိုက်ပွဲပြီးလို့ ခုလောက်ဆိုရင် တို့ရှာနီးချုပ်စပ်က လူတွေဟာ ကိုယ့်လယ်ကိုယ် လုပ်ပြီး ကိုယ့်မြေကရတဲ့ရေနံ ကိုယ်တွင်းလို့ အေးအေးချမ်းချမ်း နေကြရပြီ။

"ခုတော့ မင်းတစ်ယောက် မိုက်မဲနေမှုကြောင့် ကိုယ့်မြေကထွက်တဲ့ ကိုယ့်ရေနံကိုတောင် တိုင်းတစ်ပါးသား ဖလောင်းဆီမှာ ဝယ်သုံးနေကြရတုန်းပဲ။ ဟိုတုန်းက တို့ဆီမှာ ရေနံဆိုတာ ဘယ်သူမှ ဝယ်မသုံးကြရဘူး။ ဒါတင် မကသေးဘူး၊ ခုဆို ရွှေတောင်ကြားနဲ့နီးတဲ့ တောတောင်တစ်ဝိုက်မှာ ဘယ်သူမှ တောင်ယာမခုတ်ရတော့ဘူး။ ဒီတော ဒီတောင်တွေဟာ သူပိုင်မြေပါလို့ မင်းတို့ဖလောင်းကြီးက ဟန့်တားလာလို့ တောင်ယာကိုပဲ အားကိုးအားထားပြုပြီး ဘိုးစဉ်ဘောင်ဆက်က လုပ်ကိုင်စားသောက်လာကြတဲ့ တို့လူမျိုးအချို့ဟာ ခုတော့ ငတ်ကုန်ကြပြီ။

"ဒါနဲ့တင် ဘယ်ကဦးမလဲ၊ ရှာနီးချုပ်စပ်က တိုင်းရင်းသား လယ်မြေတွေကိုလည်း မင်းတို့ ဖလောင်းကြီးက မင်းတို့အဖေတွေ အဖေတွေဆီမှာ ဟိုတုန်းက ဝယ်ခဲ့သလို သူကြီးနဲ့ပေါင်းပြီး အတင်းအကြပ် လိုက်ဝယ်နေတယ်ဆိုတာ မင်းလည်းအသိပဲ။ ကြောက်လို့ လယ်မြေယာမြေတွေ ရောင်းလိုက်ရတဲ့ လူတွေဟာ ခု ဘယ်လို လုပ်ကိုင်စားသောက်နေကြရတယ် ဆိုတာကော မင်းသိရဲ့လား။ ဖလောင်းကြီးတင် မကသေးဘူး၊ ခုဆို ဖလောင်းဆီက ကုလားကျွန်တွေပါ လယ်မြေယာမြေ ဝယ်လာကြတယ်။ ငတ်ပြတ်လို့ စားစရာမရှိ ဖြစ်နေကြတဲ့ ရှာနီးချုပ်စပ်က ရခိုင်မတွေဟာ ကုလားကျွန်တွေဆီမှာ ကုလားမယား ဖြစ်နေကြရပြီဆိုတာကော မင်းသိရဲ့လား ဟင်။ လူမိုက်၊ မင်းသိရဲ့လား"

ဆို့နင့်တိမ်ဝင်သွားသော ကိုအောင်ကျော်၏ အသံကြောင့် ကျော်ဇော်ဦးမှာ လန့်ဖျတ်သွားပြန်သည်။ ကိုအောင်ကျော်၏မျက်နှာကို မဝံ့မရဲနှင့် တစ်ချက်မော့ကြည့်လိုက်သောအခါ ကိုအောင်ကျော်၏ မျက်လုံးအိမ်မှ မျက်ရည်တို့မှာ ဒလဟော စီးကျနေသည်။ ခဏတော့ ကျော်ဇော်ဦး၏ရင်သည်ပင် ဟင်းလင်းပွင့်သွားသလို ခံစားလိုက်ရ၏။ ကိုအောင်ကျော်သာမဟုတ် သူ့အနားတွင် တစ်ချိန်လုံး မတ်တတ်ရပ် ငိုင်နေသော သူ့အစ်ကို ကိုထွန်းဦး၏ မျက်လုံးအိမ်မှာလဲ မျက်ရည်တွေက ဝဲနေကြသည်။ ထိုအခါ မဆီမဆိုင်နှင့် ကျော်ဇော်ဦး၏ မျက်လုံးအစုံမှာလည်း မျက်ရည်တွေက ဝဲလာ၏။

ကျော်ဇော်ဦး၏ အမြင်အာရုံတွင် ကိုအောင်ကျော်၊ ကိုထွန်းဦးတို့က မှုန်ဝါးလာ ကြလေသည်။ ကိုအောင်ကျော်၊ ကိုထွန်းဦးတို့ကို သူက ရေနံသူခိုးတွေဟု မထင်တော့ မမြင်တော့ချေ။ ၁၃-နှစ်၊ ၁၄-နှစ်သားအရွယ် ဆံပင်ယောင်ထုံးလေးတွေမှာ ပန်းရောင်ချည်တွေ စည်း၍ ကျောင်းသားကြီးများအဖြစ်သာ ထင်ဟာလာသည်။ ထိုစဉ်က သူ့မှာ ရှစ်နှစ်၊ ကိုးနှစ်သားအရွယ်သာ ရှိဦးမည်။

"ပဏာမ်ိခါနေတော၊ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌
ဘုရားဆုကိုပန်သည့်မှ၊ ပထာယ။ ရှိ၍ သမတ္တိံသပါရမီယော။ အမျှ
သုံးဆယ်သော ပါရမီတို့ကိုလည်းကောင်း။ ပဉ္စမဟာ အရိစ္စာဂေ။ ငါးပါး
သောစွန့်ခြင်းကြီး တို့ကိုလည်းကောင်း။ လောကတ္ထ စရိယံ။ လောက
သုံးပါး၏ အကျိုးစီးပွားအလို့ငှာ လည်းကောင်း။ ဉာတတ္ထ စရိယံ။
ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားအလို့ငှာ လည်းကောင်း။ ဗုဒ္ဓတ္ထ
စရိယံ။ ဘုရားဖြစ်ခြင်းအကျိုး အလို့ငှာလည်းကောင်း"

ထိုစဉ်က ကိုအောင်ကျော်နှင့် ကိုထွန်းဦးတို့ ရွတ်ဆိုနေကြသော စာတွေကို ပြန်လည်၍ ကြားယောင်လာသည်။

သို့သော် ကျောင်းသားကြီးများမဟုတ်၍ ထိုစာများကို သူက အလွတ်မရသေး။ ထိုစဉ်က ပျော်ရွှင်စရာ၊ စိတ်ချမ်းသာစရာကောင်းသော ကျောင်းတော်၏ အရိပ်အာဝါသမှာ စာအံသံများအစား ပူလောင်ပြင်းပြလွန်းလှသော နားမချမ်းသာ ဒွယ်ရာအသံတွေကသာ ပဲ့တင်ထပ်နေပါလေပြီ။ သို့သော် သူက အတွေးအာရုံတွင် နစ်မျောနေသည်မသိ။ ဒေါသနှင့် ညိုမည်းနေသော ကိုအောင်ကျော်၏ မျက်နှာကိုသာ ငေးကြည့်ကာ သတိမရှိသူပမာ ကြောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲကွ ဒါပဲ၊ တိုင်းပြည်ကို သိမ်းတယ်။ တိုင်းပြည်ပေါ်က မြေဆီမြေသြဇာကို ထုတ်ယူတယ်။ တိုင်းသူပြည်သားတွေကို ကျွန်လုပ်တယ်။ ခု မင်းတို့ ငါတို့တိုင်းပြည်ဆိုတာ ရှိသေးရဲ့လား။ ထီးကျိုးစည်ပေါက်၊ ပြည်ပျောက်သွားပြီ။ လူတွေလည်း ကျွန်မျိုးဖြစ်ကုန်ပြီ။ နောက်ဆိုရင် ရခိုင်လူမျိုးဆိုတာကော ရှိဦးမတဲ့လား။ အမျိုးပါ ပျောက်မယ်ကွ အမျိုးပါပျောက်မယ်၊ အားလုံး ကျွန်ဖြစ်ကုန်မယ်"

ကိုအောင်ကျော်၏ မျက်နှာမှာ ညှိုးရာမှ မည်းလာ၏။

"မင်းကို ငါ နောက်ဆုံးပြောခဲ့မယ်။ ဒီမှာ ကျော်ဇောဦး၊ မင်းတို့သားအမိတွေ ဖလောင်းဆီမှာ ဆက်ပြီး ကျွန်ခံချင်သေးသပဆိုရင် ခံကြပါ။ မင်းအဖေတော့ ကျွန်ခံရင်းသေသွားပြီ။ တို့ရှာနီးချုပ်စပ်က လူတွေ ကျွန်ဖြစ်အောင်တော့ မင်း လိုက်ပြီး မကူညီနေပါနဲ့။ တို့ ရေနံမြေတိုက်ပွဲမှာ မင်းလိုက်ပြီး မနှောင့်ယှက်ပါနဲ့။ တို့ကတော့ တို့မြေကို တို့ရအောင် တစ်မျိုးသားလုံး ကျွန်မဖြစ်အောင်၊ ကိုယ့်လူမျိုး မပျောက်ပျက်အောင် ကာကွယ်စောင့်ရှောက်ရလိမ့်မယ်ကွ။ အမြဲ တိုက်ပွဲဝင်နေရလိမ့်မယ်။ အေး ငါတို့ ဒီလောက် သတိပေးထားခဲ့ရက်နဲ့ မင်းက ဖလောင်းကြီး ဖလောင်းမကြီးနဲ့ ဖလောင်းမလေးမျက်နှာကိုကြည့်ပြီး တို့ကို နှောင့်ယှက်နေမယ်ဆိုရင်တော့ မင်းထိုက်နဲ့မင်းကံပဲ"

ကိုအောင်ကျော်က ကျော်ဇောဦး၏မျက်နှာကို တင်းတင်းမာမာ စိုက်ကြည့်၍ပြော၏။

"မင်းစိတ်ထဲမှာ ဘယ်လိုရှိတယ်။ မင်း ဘာလုပ်နေတယ်ဆိုတာ တို့အကုန်သိတယ်။ မင်းက ဟိုဖလောင်းမလေးကို တစ်ဖက်သတ်ကြိုက်နေလို့ သူတို့ဘက်က ကာကွယ်ပြီး တို့တွေကို လိုက်တိုက်နေတာ မဟုတ်လား။ ဒီမှာ ကျော်ဇောဦး။ မင်းဟာ တို့နဲ့တိုက်ရင်းခိုက်ရင်း သေရင်သာ သေသွားမယ်။ ဖလောင်းမလေးကို မရနိုင်တာတော့ အမှန်ပဲ။ သူတို့က ကျွန်လို့ သဘောထားတဲ့ မင်းလိုအကောင်နဲ့များ သူ့သမီးကို သဘောတူမယ်ဆိုတာ မင်းမို့ စိတ်ကူးယဉ်တတ်ပလေတယ်။ သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်အတွက် မင်းကို အားရအောင် ခိုင်းပြီး၊ နောက်တော့ မင်းအဖေကို သတ်ပစ်သလို မင်းကိုလည်း သတ်ပစ်ကြဦးမှာပဲ။

ဒီမှာ ကျော်ဇောဦး၊ မင်းလိုအကောင်မျိုးကို မဆိုထားနဲ့။ သူကြီးလေး ငကျော်ဟိုး လိုလူမျိုးနဲ့တောင် သူ့သမီးကို သဘောမတူနိုင်ဘူးဆိုတာ မင်း ယုံပါ။ ခုတော့ သူတို့က မင်းကို အလိုလိုက်မယ်၊ မြှောက်စားမယ်။ နောက်ဆုံး သူတို့အသက်အိုးအိမ် စည်းစိမ်အတွက် သူ့သမီးနဲ့ ပေးစားမလောက် ကောင်းပြောလိမ့်မယ်ကွ။ ဒါပေမယ့် မယုံနဲ့ ကျော်ဇောဦး၊ မင်းမယုံနဲ့။ တော ထိပ် ကြာပေါက်၊ အနောက် နေထွက်သာ ဖြစ်ချင်ဖြစ်မယ်။ ဖလောင်းမလေး မင်း မရမှာတော့ အမှန်ပဲကွ။ ဒါ တို့က ကြိုတင်ပြောရက်နဲ့ မင်းက ဖလောင်းမလေး ညှို့ဓာတ်မိပြီး တို့ကိုလိုက်တိုက်နေမယ်၊ တစ်မျိုးသားလုံးကို သစ္စာဖောက်မယ်ဆိုရင်တော့ မင်းမိုက်ပြစ်နဲ့ မင်းပဲ။ ခု တို့ဟာ တိုင်းပြည်ကို စွန့်လွှတ်လိုက်ရပြီ။ တို့လူမျိုးအားလုံး ကျွန်ဖြစ်နေရပြီ။ ဒါပေမယ့် တို့မြေကိုတော့ တို့စွန့်လွှတ်နိုင်ကြသေးဘူး။ မြေ မြေ၊ တို့မြေအတွက် တို့တိုက်ရခိုက်ရမယ်။ ဒါ ဒါ တို့ပိုင်တဲ့မြေဆိုတာ အသက်စွန့်ပြီး တို့က ပြရလိမ့်မယ် ကျော်ဇောဦး"

ဆို့နင့်အက်ကွဲစွာ တိမ်ဝင်သွားသော စကားသံများနှင့်အတူ ကိုအောင်ကျော်သည် မျက်ရည်ကို သုတ်နေ၏။

သူ တောက်ခေါက်သံက နားကွဲမတတ်။ နောက် အံကိုကြိတ်သည်။ ပြီး ကျော်ဇောဦးကို မျက်မှောင်ကြုတ်၍ ကြည့်သည်။ နောက် ဓားရှည်ကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ပြီး ကျော်ဇောဦး အနားမှခွာတော့သည်။

"ညီ...ညီ့ကို ကိုကိုနောက်ဆုံးမှာခဲ့မယ်။ ဖလောင်းကြီး၊ ဖလောင်းမကြီးနဲ့ ဖလောင်းမလေးတို့ မျက်နှာကိုသာ ကြည့်နေမလား။ အစ်ကိုတို့နဲ့တကွ ရှာနီးချုပ်စပ်က ကိုယ့်ရခိုင်လူမျိုးတွေရဲ့ ငတ်ပြတ်ဆင်းရဲနေကြတဲ့ ဘဝရဲကြီးကိုပဲ ပြန်လှည့်ကြည့်မလားဆိုတာ ညီညီ အမြန်ဆုံး စဉ်းစားပါ။ ဆုံးဖြတ်ပါ။ ကိုကို ပြောချင်တာက ဒါပါပဲ။ ကဲ နေလည်းအတော်စောင်းသွားပြီ ညီညီပြန်တော့"

တောထဲမှပြန်လာသော ကျော်ဇောဦး၏စိတ်မှာ ရှုပ်ထွေး နောက်ကျိလာသည်။ မျက်နှာမှာလည်း ရှာတော့မည့်မိုးနှယ် မှိုင်းညို့နေသည်။ မြင်းကို ခပ်ပြင်းပြင်းနှင် လာသော်လည်း သူ့သတိမှာ သူ့ကိုယ်နှင့်အတူ ပါမလာဘဲ လေကဲ့သို့ လွင့်ပါးနေသည်။

ရေနံသူခိုးများက သူ့အသက်ကို သတ်ရန်ကြံစည်ခဲ့ကြသည်မှာ သုံးလေးခါ ရှိချေပြီ။ သို့သော် သူကား မသေသေး၊ အစက သူ ကံကောင်း၍ သက်ရှင်ကျန်ရစ်သော်၍ဟု ထင်ခဲ့သည်။ ယနေ့မှ ရေနံသူခိုးတွေထဲမှာ သူ့အစ်ကို ကိုထွန်းဦး၊ ကိုအောင်ကျော်တို့နှင့် ကျောင်းနေဘက်သူငယ်ချင်းတွေ ပါနေ၍ဆိုတာ သိရသည်။ ထိုအခါ သူ့စိတ်မှာ တစ်လမ်းလုံး တုန်လှုပ်ချောက်ချားလာသည်။ သခင်ကြီးဆီက ထွက်သွားပြီး ဦးစံထွန်းဆီမှာပဲ သူရင်းငှား ပြန်လုပ်နေရလျှင် ကောင်းလေ မလားဟု တွေးလာမိသည်။ ယခုသခင်ကြီးပိုင် ရေနံမြေတွေမှာ အစက သူတို့ပိုင်မြေ၊ ရှာနီးချုပ်စပ်ကလူများ၏ မြေဆိုတာတော့ သူသိထားတာ ကြာပြီဖြစ်သည်။ ဤမြေတွေအတွက် အစ်ကိုတို့က တိုက်ပွဲ ဝင်နေကြသည်။ အသက်စွန့်ပြီး 'ဒါ တို့ပိုင်တဲ့မြေ' ဆိုတာ ပြရလိမ့်မည်ဟု ဆိုသွားသည်။ ငတ်ပြတ်၍ စားစရာမရှိလောက်အောင် ဆင်းရဲမွဲတေနေကြပြီး ဘဝဆင်းရဲခြင်းဒဏ်ကို မခံနိုင်ကြတော့သည်မှာ သခင်ကြီးကြောင့်ဟုပင် ဆိုသည်။ သခင်ကြီးပိုင် တောတောင်တွေထဲမှာ တောင်ယာခုတ်စားကြဟု ခွင့်ပေးလိုက်လျှင် သူတို့ ကျေနပ်ကြမလား။ ရေနံသူခိုး မလုပ်ကြ တော့ဘူးတဲ့လား။ သူပုန် မထကြတော့ဘူးတဲ့လား။

"ဤတော၊ ဤတောင်၊ ဤလယ်ယာမြေများကို သခင်ကြီး ဝယ်ယူသည်။ ငွေ တန်ရာတန်ကြေးပေးပြီး ဝယ်တာပဲ။ မတရားဘူးပြောတာ မှန်နိုင်ပါ့မလား။ ဤမြေတွေကို သူတို့ပိုင်ထားကြလို့ကော တောင်ယာခုတ်ကြမှာကော သူတို့ ဘာလုပ်တတ်ကြမှာလဲ။ ခု သခင်ကြီးက မြေကြီးထဲရှိ ရေနံဆီတွေကို တူးယူပြီး

www.burmeseclassic.com



ရောင်းစားနေတာ အပြစ်ရှိသလား။ ရခိုင်တွေ ဘယ်သူမှမသိ။ မလုပ်တတ်လို့ သခင်ကြီးက လာလုပ်နေတာပဲဟာ။ ရှာနီးချုပ်စပ်ရှိ လူတွေဆီက လယ်ယာမြေတွေကို သခင်ကြီးဝယ်ယူပြီး လယ်မဲ့၊ ယာမဲ့ဖြစ်သွားတဲ့ လူတွေကိုလည်း သခင်ကြီးက သူ့ဆီမှာ အလုပ်လာလုပ်ကြပါလို့ ခေါ်သားပဲ။ ရခိုင်တွေကိုက မာန တစ်ခွဲသားနဲ့၊ တိုင်းတစ်ပါးဆီမှာ ကျွန်မခံဆိုပြီး အငတ်ခံနေကြတာ။ သူများ ကောင်းစားတာကို မနာလိုလို့ ဖျက်လိုဖျက်ဆီးလုပ်နေကြတာ။ သူပုန်ထနေကြတာ။ ဒါကိုတော့ တရားတယ်ထင်တယ်။ ဘုရားတရားတော်နဲ့ ဘယ်လောက် ဆန့်ကျင်နေတယ်ဆိုတာကော သူတို့သိကြသေးရဲ့လား။ သခင်ကြီးဆီမှာ ကောင်းရာ ကောင်းကြောင်း ဝင်ပြီး လုပ်ကိုင်စားသောက်နေတဲ့ ငါ့ကိုပါ သူတို့ ရန်ရှာလာကြတယ်။ ဦးစံထွန်းဆီမှာ ငါ သူရင်းငှားလုပ်နေတုန်းက ဘယ်လောက် ပင်ပန်းတယ်ဆိုတာ သူတို့သိကြလို့လား။ တိုင်းတစ်ပါးသားဆီမှာ ကျွန်မခံဘူး ဆိုပြီး ငါလုပ်နေခဲ့တာ။ ကိုယ့်အမျိုးသားအချင်းချင်းက ငါ့ကို ဘယ်လောက် နှိမ်တယ်ဆိုတာ သူတို့ မသိကြဘူး။ သခင်ကြီးဆီမှာ နေတော့လည်း အခက်၊ မနေတော့လည်း အခက်နဲ့ ငါ့အတွက် အခက်ချည်းပါလား”

ကျော်ဇောဦးသည် တစ်လမ်းလုံးတွေးပြီး စိတ်ရှုပ်လာသည်။ ထို့ကြောင့် ကုန်းမြင့်သာယာ တောင်ခြေအောက်ရှိ မင်းတဲချောင်းနားသို့ ရောက်လာသည့် တိုင်အောင် သူ သခင်ကြီးဆီမှ ထွက်သွားရေး၊ မထွက်သွားရေး ဆုံးဖြတ်မရသေးဘဲ ငေး၍၊ တွေး၍သာလာသည်။

မြင်းကြီးက ချောင်းရေကို တဖျတ်ဖျတ် ကူးသံကြားမှ သူ့သတိက ပြန်ဝင်လာသည်။ ဤနေရာသို့ ရောက်လာပြီဆိုတော့လည်း သူ့စိတ်ထဲမှာ အယ်လီကို ဦးစွာ သတိရမိပြန်သည်။ ခါတိုင်း သူတောနက်ထဲက ပြန်လာလျှင် ဤနေရာမှာ အယ်လီကို တွေ့ရစမြဲ။ ယနေ့ နေစောင်းသွားပြီးဖြစ်သဖြင့် အယ်လီ ကုန်းမြင့်သာယာသို့ ပြန်တက်သွားပြီးနေပြီဟု သူက တွေးသည်။

ဟိုအကြောင်း၊ ဒီအကြောင်းတွေးပြီး စိတ်ရှုပ်လာသဖြင့် သူမှာ သတိလွတ်နေသော်လည်း နေ့စဉ်သွားလာနေကျ မြင်းကြီးကတော့ ဇက်မလှည့်ရဘဲ လမ်းသိနေ၏။ ချောင်းရေစပ်ထဲမှ သဲသောင်ပေါ်သို့ မြင်းကြီးလှမ်းတက်လိုက်သောအခါ ကျော်ဇောဦးမှာ အံ့ဩသွားသည်။ သူသည် မြင်းပေါ်က ခုန်ချလိုက်ပြီး သဲသောင်ပြင်ပေါ်တွင် တစ်စုံတစ်ယောက်က ရေးထားခဲ့သော စာကို တိုးတိုးသာသာ ဖတ်ကြည့်မိ၏။

“*နှိမ်(နေ)လဲ လုလင်၊ သစ်ဖျားတင်ကော၊ နှိမ် (နေ) ဝင်စကို၊ မောင်မလာကော၊ မေသာတစ၊ စိတ်ပူဆာကော၊ ဗျာရထောင်း ကြောင်းကျနိမ်ရေ။

“ထမင်းမဝင်၊ ဟင်းမဝင်ကော၊ ရီ(ရေ)ပင် မသောက်၊ မေချစ်ညီမှာ ကိုယ်လက်ဝါး ကော၊ ဖားယောင် ခြောက်လို့။

“ပန်းသာမပန်၊ ဆီသာမထည့်၊ ကျောက်ပျည်ယေပြင်မှာ၊ သနပ်ယေခါးကို စောင်းမကြည့်နိုင်။



“ကြော့စူးကိုဖျင်၊ နံ့စူးကိုနုတ်၊ တချောင်းနိုကော၊ လိဗ္ဗိုချင်ကော [illegible] မှာ၊ ရွှေမျက်တောင်ကို၊ အသာယေမိုတ်ကော၊ မအိပ်ယေနိုင်ပါး

မတွိယေရနှ၊ မမြင်ယေရမှာ၊ ကားရုပ်ပုံကို၊ ဆယ်စုံချွေသော [illegible] ထံထံလေ၊ တူပြန်ခကော၊ မေတ္တာဝေကော၊ ယင်က ချိုက်(ချစ်)တို့ ကြိုတ်ပေပါ။”

စာဆုံးသွားသည်နှင့်တစ်ပြိုင်နက် ကျော်ဇောဦး၏မျက်နှာမှာ ချွေးစေ့ချင်းသီလာသည်။ သူတောနက်ထဲ ရောက်နေတုန်းက အယ်လီသည် ဤနေရာ[illegible] သူ့အလာကို မျှော်နေရှာမည်။ နေလုံးသစ်ဖျားတင်၍ နေဝင်စအချိန်ကျမှ ဤစာကို သဲသောင်ပြင်မှာ ရေးထားခဲ့ပြီး အယ်လီ ကုန်းမြင့်သာယာသို့ ပြန်သွား[illegible] ဖြစ်ရမည်။

တောနက်ထဲရောက်နေသော သူ့အတွက် အယ်လီက မည်မျှ စိုးရိမ်ပူပန်ကြောင်း သူ့စာက သက်သေခံနေ၏။ သူ့အတွက်နှင့် ထမင်းကိုပင် ဖြောင့်ဖြောင့်စားနိုင်မည် မဟုတ်ဆိုသော အယ်လီ၏ ပူပုံပန်းမျက်နှာလေးကို တရေးရေး မြင်မိသောအခါ ကိုအောင်ကျော်နှင့်ကိုထွန်းဦးတို့ ပြောကြားလိုက်သော စကားကိုမှာလည်း ကျော်ဇောဦး စိတ်ထဲက ချက်ချင်း လွင့်စဉ်ပျောက်ကွယ်သွားကြလေသည်။ ထို့ကြောင့်လည်း ယခုအခါ ကျော်ဇောဦးမှာ အယ်လီတို့ မိသားစု စီးပွားဥစ္စာ ချမ်းသာကြီးပွားရေးတို့ကိုသာ ကူညီလုပ်ကိုင်ပေးရန် တွေးလေတော့သည်။

မနက်ဖြန်ဆိုလျှင် ရေနံတွင်းများရှိသော တောနက် ပတ်ဝန်းကျင်၌ ရှာနီးချုပ်စပ်ကလူများ မည်သူမဆို တောင်ယာခုတ်လိုက ခုတ်နိုင်ကြောင်း ခွင့်ပေးရန် သခင်ကြီးအား သူက အကြံဉာဏ်ပေးရမည်။ ထိုတောင်ယာမှရသော အသီးအနှံများကို ထိုက်သင့်သလို အခွန်ဆက်စေမည်။ ထိုအခါ တောရှင်းသွား၍ ရေနံသူခိုးများသည်လည်း ယခုလို ရဲရဲတင်းတင်း လာရောက် နှောင့်ယှက်နိုင်ကြတော့မည်မဟုတ်။ ဝေးဝေးက ဒူးလေး၊ ဝါးပြောင်းတို့ဖြင့်လည်း လှမ်းပစ်နိုင်ကြတော့မည်မဟုတ်။ သခင်ကြီး၏ စေတနာကိုလည်း တိုင်းရင်းသားတွေက ယုံယုံကြည်ကြည် ရှိလာကြမည်။ ထိုအခါ မတရားသဖြင့် ထကြွသောင်းကျန်းနေကြသော ရေနံသူခိုးများမှာ အလိုလို ပျောက်ကွယ်သွားကြလိမ့်မည်။ အကယ်၍ ပျောက်မပျက်ဘဲ ရှိဦးတော့ တောရှင်းနေလျှင် အဝေးကပင် လှမ်းမြင်နိုင်သည်။ သေနတ်နှင့်လှမ်းပစ်ပါက ရေနံသူခိုးများသည် နောက်ထပ် ထွက်ရဲကြတော့မည် မဟုတ်။ နောက်ထပ် ထွက်လာလျှင်လည်း သူ့လက်သည် မည်မျှ ဖြောင့်မှန်ကြောင်း ရေနံသူခိုးများ သိစေရမည်ဟု စိတ်ထဲက ကြုံးဝါးလိုက်သည်။

| | | |
|---|---|---|
| * နှိမ် = နေ။ | ကော = လျှင်၊ ပြီး၊ လို့။ | ရီ = ရေ။ |
| ယောင် = လို့။ | သာ = လဲ။ | ယေ = [illegible] |
| နှ = နဲ့၊ နှင့်။ | လိဗ္ဗို = ဆက်စပ်ပြုလုပ်သည်။ | မတွိ = မတွေ့ |
| ချိုက် = ချစ်။ | | |

www.burmeseclassic.com

www.burmeseclassic.com



အယ်လီအကြောင်းတွေးမိပြီး အယ်လီ၏ ဝင်းပပမျက်နှာကသာ သူ့အမြင်အာရုံမှာ ထင်ဟပ်လာပြီဆိုလျှင်တော့ သူ့စိတ်ထဲမှာ မိမိတို့လူမျိုး၊ မိမိတို့၏တိုင်းပြည်၊ မိမိတို့ရွာနီးချုပ်စပ်မှ ရခိုင်လူမျိုးများ၏ နေထိုင်စားသောက်နေကြရသည့်ဘဝဆင်းရဲကြီး။ ကျောင်းနေဖက် သူငယ်ချင်းများနှင့်အစ်ကိုများပါ ရေနံသူ များဖြစ်နေကြရသည့် အခြေခံအကြောင်းရင်း စသည်စသည်တို့မှာ သူ့စိတ်ထဲ အလိုလို ချုပ်ငြိမ်းပြီးသား ဖြစ်သွားလေသည်။

သူ့စိတ်ထဲမှာ အမြဲ စွဲငြိနေမည့် အကြောင်းကတော့ အယ်လီတို့မိသား စီးပွားဥစ္စာ ချမ်းသာကြွယ်ဝရေး၊ ဤအရပ်၊ ဤဒေသ၌ ဘေးမသီရန်မခ အရှည်သဖြင့် နေသွားနိုင်ရေး၊ ပြီး အယ်လီနှင့်သူ ဇနီးမောင်နှံ ရာသက်ပန် ရေး။ ဤသည်တို့ကိုသာ ကျော်ဇော်ဦးမှာ ပုံကြီးချဲ့၍ တွေးနေမိလေသတည်း

* * *

| ၂၉ |

ငြိမ့်ညောင်းသာယာသော အနောက်တိုင်း တေးဂီတသံက ကုန်းမြင့်သာ အိမ်ကြီးကို ဖုံးလွှမ်းနေသည်။

ကျော်ဇော်ဦးသည် လှေကားထိပ်တွင်ရပ်၍ တွေဝေနေ၏။ သူ့ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။ အယ်လီ၏အိပ်ခန်းထဲမှ တေးဂီတသံကလည်း သူ့ ဆွဲခေါ် နေသလိုပင်။

ခြေကိုမွနှင်း၍ သူက အယ်လီ၏အိပ်ခန်းနားကို တစ်လှမ်းချင်း လျှောက်သွား ၏။ အယ်လီ၏အိပ်ခန်းနှင့် နီးလာလေ၊ သူ၏ရင်မှာ အခုန် မြန်လာလေ ရင်ထဲကသာ တဒိတ်ဒိတ်ခုန်နေသည် မဟုတ်ဘဲ သူ၏ တစ်ကိုယ်လုံးမှာလည်း နှတ်ကျသလို တဆတ် ဆတ်တုန်ရင်နေသည်။ သူသည် မဝံ့မရဲနှင့် ပိုးခန်းဆီး အသာလှပ်ကြည့်လိုက်၏။

အယ်လီသည် ခုတင်ပေါ်၌ ပက်လက်လဲလျောင်းနေသည်။ သူမ၏စိတ်အ သည် ငြိမ့်ညောင်းသာယာသော တေးဂီတ၏ ဆွဲခေါ်ရာသို့ လွင့်မျော သလိုပင်။

တိမ်စင်သောည မိုးဆုံးပနယ် အေးမြကြည်လင်နေသော အယ်လီ၏မျက် ဝင်းပပကို ကျော်ဇော်ဦးက မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ တ အိပ်ခန်းထဲသို့ ဝင်မလာဖူးသော ကျော်ဇော်ဦးအား အယ်လီကလည်း အံ့ သွားသလို ပြန်၍ ငေးငေးလေး ကြည့်နေ၏။ သို့သော် သူမ၏မျက်နှာပေါ် ကျော်ဇော်ဦးအား မလိုလားသော အရိပ်အယောင်ကား လုံးဝမရှိ။ နက်မှော ပြနေသော မျက်ခုံးအောက်မှ ကော့ရရော့ မျက်တောင်များကို တဖျတ်ဖျ လှုပ်ခတ်လိုက်သောအခါ ကျော်ဇော်ဦး၏စိတ်မှာ ပရမ်းပတာ၊ ဖရိုဖရဲ ဖြစ်



သည်။ ပင်လယ်ပြာလိုလှပ၍ မိုးကောင်းကင်လို ကြည်လင်ပြာလဲ့နေသော အယ်လီ ၏ စူးစူးစိုက်စိုက် မျက်လုံးအကြည့်က ကျော်ဇော်ဦး၏စိတ်ကို ဆောက်တည် ရာမရအောင် လှုပ်ခါစေသည်။ ကျော်ဇော်ဦး၏ရင်မှာ ပို၍ အခုန်မြန်လာသည်။ အယ်လီ၏ ခုတင်ဘေးနားရှိ ခုံပေါ်မှ တဝီဝီလည်ပတ်နေသော ဓာတ်စက် ဓာတ်ပြားပမာ သူ၏စိတ်မှာလည်း ရပ်နားခြင်းမရှိဘဲ သတိကင်းလွတ်လာသည်။ အယ်လီ၏ကိုယ်ပေါ်မှ မွှေးပျံ့သင်းကြိုင်လာသော ရနံ့နှင့်အတူ လှုတ်ယိုင်သ လုံးသည် အယ်လီ၏ ခုတင်ပေါ်သို့ လေကဲ့သို့ ရောက်သွား၏။

"အယ်...အယ်လီ"

ကျော်ဇော်ဦးသည် အယ်လီ၏ နူးညံ့ပျော့ပျောင်းနေသော လက်ချောင်းသာ လေးများကို ညင်ညင်သာသာ ဆုပ်နယ်ကာ တိုးတိုးတိုးညင်သာသော အသံဖြင့် ခေါ်မိ၏။

အယ်လီက မထူး၊ ကျော်ဇော်ဦး၏မျက်နှာကိုသာ မျက်တောင်လေး ရှည် ခတ် ပုတ်ခတ်လှုပ်၍ ငေးကြည့်နေ၏။

ကျော်ဇော်ဦးသည် အယ်လီ၏ ကျစ်လစ်ဖွံ့ဖြိုးသော ကိုယ်လုံးကိုခါးမှ ဖွေ ယူလိုက်၏။ တစ်ယောက်၏ရင်ခုန်သံကို တစ်ယောက်က ကြားနေရသည်အထိ ဖက်ထားမိသည်။ ပြီးမှ အယ်လီ၏ ပါးလွှာနုထွေးသော နီရဲရဲနှုတ်ခမ်းအစုံကို သူက နမ်းသည်။ အယ်လီမှာ လုံးဝလှုပ်ရှားခြင်းမပြုဘဲ မျက်လုံးအစုံကသာ ဖြည်းဖြည်းချင်း မှေးကျသွားသည်။ မျက်တောင်ကလေးများ စင်းကျသွားသော အခါ သတိဆိုသည်မှာလည်း သူမ၏ ကိုယ်ပေါ်မှ လွင့်စဉ် ထွက်ပြေးသွားလေ တော့သည်။

အယ်လီ၏ ခုတင်ဘေးနားရှိခုံပေါ်မှ ဓာတ်ပြားနှင့် အပ်သွားထိသံကသာ တရှဲရှဲမြည်နေသော်လည်း တေးဂီတသံကား ဆိတ်ငြိမ်နေလေသည်။

"ကြည့်ကြစမ်းပါဦး၊ ကျုပ်သမီးတော့ ချွေးဖြစ်ပါပြီ"

ခက်ထန်မာကြောသော အသံနှင့်အတူ သူ့ကုတ်အင်္ကျီစကို သခင်မကြီးက ကိုင်လှုပ်လိုက်တော့မှ ကျော်ဇော်ဦးက သတိပြန်ဝင်လာသည်။

ကျော်ဇော်ဦးသည် သခင်မကြီး၏ မျက်နှာကို မဝံ့မရဲနှင့် တစ်ချက် မော့ ကြည့်လိုက်၏။ သခင်မကြီး၏ မျက်လုံးအစုံမှာ ဒေါသဖြင့် လျှမ်းလျှမ်းတောက် နေ၏။ မျက်နှာတစ်ပြင်လုံးသည်လည်း ရဲရဲနီနေ၏။

"ထမင်းဝလို့ ငါ့သမီးကို တက်စော်ကားတယ်ပေါ့လေ။ ကဲ...စော် ကားဦးဟဲ့ စော်ကားဦး"

သခင်မကြီး၏ လက်ဝါးစောင်းသည် ကျော်ဇော်ဦး၏ ပါးပြင်ပေါ်သို့ မသွာ မတာ တဖြောင်းဖြောင်းကျလာသည်။ ကျော်ဇော်ဦး၏ တစ်ကိုယ်လုံးမှာ မှိန်ထုသွားသည်။ မျက်လုံးအစုံကလည်း မီးဝင်းဝင်း တောက်သွား၏။ ဘာတို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောရမည် ဆိုတာကိုလည်း သူက သတိမရ။

"အိုး မာ မာမီရယ်၊ ကျော်ဇော..."

"အမျိုးဖျက်မ။ နင်က နင့်လင်ဘက် က နာတယ်ပေါ့လေ၊ ကဲ နာဦးဟာ"

သခင်မကြီး၏လက်သည် အယ်လီ၏မျက်နှာသို့ တဖြန်းဖြန်း ကျလာပြန်သည်။ အယ်လီသည် ခုတင်ပေါ်သို့ ပစ်လဲကျသွား၏။ ထိုအခါ သခင်မကြီး၏ လက်ဝါးသည် ကျော်ဇောဦး၏ ပါးပြင်ပေါ်သို့ တဖန် ကျလာပြန်သည်။

ပထမသော် ကျော်ဇောဦးက မတ်တတ်ရပ်ပြီး သူ့မျက်နှာကို သူ့လက်ဝါးနှင့် အုပ်ကာတားမိသည်။ ဘယ်လိုမှ ကာကွယ်၍မရတော့ဘဲ သူ့မျက်လုံးတွေကာ ပြာဝေလာသောအခါ သတိဆိုသည်မှာလည်း သူ့ကိုယ်မှ ထွက်ပြေးလွင့်စင် သွားသည်။

ကျော်ဇောဦး၏ လက်တစ်ဖက်က လေထဲသို့ မြောက်တက်သွား၏။ သခင်မကြီးမှာ အယ်လီ၏ ကုတင်ပေါ်သို့ ပစ်ကျသွားသည်။

"ဟင်း ဒင်းက ငါ့ကိုပါ ခံလုပ်တယ်ပေါ့လေ"

သခင်မကြီးသည် အံကိုတင်းတင်းကြိတ်၍ ဒေါသနှင့် အိပ်ရာပေါ်မှ လူးလဲထလာသည်။ သူ့လက်ထဲတွင် အယ်လီ၏ ကော်ဇောအောက်မှ ခြောက်လုံးပြူးက အသင့် ပါလာသည်။

"မှား မှားကုန်ပါ့မယ် မာမီရယ်"

တုန်ရင် ကြောက်လွှန်းသော အသံနှင့်အတူ အယ်လီက သူ့အမေ၏လက်ကို အတင်းဖမ်းဆွဲထားသည်။

"ကျွန်ကိုမှ လင်လုပ်တဲ့ကောင်မ၊ ဖယ်စမ်း၊ ဖယ်စမ်း၊ နင်တို့ နှစ်ယောက် စလုံးကို သတ်ရမှ ငါကျေနပ်မဟဲ့"

သူ့လက်ထဲမှသေနတ်ကို အတင်းဆွဲလုနေသော သမီးအား သခင်မကြီးသည် ကုတင်ပေါ်က ကန်ချလိုက်သည်။

ကျော်ဇောဦးသည် နောက်ဖေးကြောင်လိမ် လှေကားဆီသို့ ပြေးသွား၏။

"ဒိုင်း"

"ဒိုင်း"

ကျော်ဇောဦးသည် လှေကားတစ်ဝက်မှ ခုန်ချ၍ ကုန်းမြင့်သာယာမှ ပျောက်ကွယ်သွားသည်။

အိမ်ကြီးပေါ်မှ သေနတ်သံနှစ်ချက်ကြောင့် ကုလားအလုပ်သမားများသည် ရုတ် ရုတ်သဲသဲနှင့် အိမ်ကြီးပေါ်သို့ ပြေးတက်လာကြ၏။ ထိုအထဲတွင် ရေနံဆီဆိုင်မှ ကျော်ဇောဦးအမေလည်း ပါလာသည်။

"ဘယ်လိုဖြစ်တာလဲ သခင်မကြီး"

ကုလားအလုပ်သမားတစ်ယောက်က မဝံ့မရဲမေး၏။

"ဘယ်လိုဖြစ်ရမှာလဲ ဟိုကျွန်စုတ်ကျော်ဇောဦးက ကျုပ်သမီးကို စော်ကား သွားတယ်"



အငွေ့ပင်မပြယ်သေးသော ခြောက်လုံးပြူးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရင်း သခင်မကြီးက ပြောသည်။ သခင်မကြီး၏ တစ်ကိုယ်လုံးမှာ ဒေါသနှင့် ဘဆတ်ဆတ်တုန်နေ၏။

"ကျွန်မလည်း ဘာဆိုဘာမျှ မသိရပါလားသခင်မကြီးရယ်"

မဦးဖြူက ထိတ်ထိတ်ပြာပြာနှင့်ဆိုသည်။

"ဒီကျွန်စုတ်က ကျုပ်သမီးကို စော်ကားဖို့ကြံနေတာ ကြာ..."

"ဒါလင် ဘာလဲဟင်၊ ဘာလဲ။ ဘာဖြစ်နေကြတာလဲ"

ပျားတဲရွာရှိ ရေနံဆီဆိုင်သို့ ရေနံလွှတ်ပေးရသော ပိုက်လုံးကို ကုန်းမြင့်သာယာအောက်၌ သွားရောက်ပြုပြင်နေကြသော ကုလားအာမရာနှင့် သခင်ကြီးဘိုမှာ ရေးကြီးသုတ်ပျာနှင့် အိမ်ကြီးပေါ်သို့ ပြေးတက်လာကြသည်။

သခင်ကြီးကိုမြင်ရသောအခါ သခင်မကြီး၏မျက်နှာမှာ ပို၍ နီရဲလာသည်။

"ဘာဖြစ်ရမှာလဲ၊ တော် မြှောက်စားတဲ့ တော့်အလိမ္မာတုံး ကျော်ဇောဦးပေါ့"

"ကလေး ဘာလုပ်လို့လဲ"

"တော့်သမီးကို... "

"ဟယ်"

အာမေဍိတ်သံနှင့်အတူ သခင်ကြီး၏မျက်နှာမှာ ရုတ်ခြည်းညှိုးကျသွားသည်၊ သမီးဖြစ်သူကိုလည်း စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်၏။ အယ်လီသည် ခေါင်းအုံနှင့် မျက်နှာကိုကာကာ တရှုပ်ရှုပ် ငိုနေလေသည်။

"မြှောက်စားလွန်းတော့ ခု ကိုယ့်သမီးကို စော်ကားသွားပြီ မဟုတ်လားဟယ် ဒါဟာ ရှင့်ကြောင့်၊ သိရဲ့လား ရှင့်ကြောင့်၊ ရှင့်ကြောင့်။ ကျုပ် အစကတည်းက ပြောတယ်"

သခင်မကြီး၏အသံမှာ ဒေါသနှင့်မြင့်တက်လာသည်။

'မိမိတို့၏ အစေအပါးအလုပ်သမားများရှေ့တွင် ပြောသင့်သောစကား မပြောသင့်သောစကား' ဟူပင် သတိမထားနိုင်တော့ဘဲ ရှူးရှူးနှင့် အရှက်မဲ့စွာ အော်ဟစ် ပြောဆိုနေသော ဇနီးသည်ကို သခင်ကြီးက ခက်ထန်စွာ တစ်ချက်လှမ်းကြည့်လိုက်၏။

'အမှန်မှာ မိမိတို့၏ ဂုဏ်သိက္ခာနှင့် ပတ်ဝန်းကျင် အခြေအနေတို့ကိုသာ လေ့လာ သုံးသပ်တတ်သော မိခင်ကောင်းတစ်ယောက်ဆိုပါက သမီးဖြစ်သူနှင့် ကျော်ဇောဦးတို့ အတူတကွ အိပ်နေကြသည်ကို ဖမ်းတွေ့ဦးတော့ မသိမမြင်ချင်ယောင်ဆောင်ပြီး ရှောင်ရှားကာ နောက်မှ သမီးဖြစ်သူကို တိုးတိုးတိတ်တိတ် ဆုံးမသွန်သင်ပြီး ကျော်ဇောဦးကိုလည်း တစ်နည်းနည်းနှင့် အပြစ်ပေးဆုံးမသင့်သည် မဟုတ်ပါလား။ ယခုတော့ မိမိတို့ကို ရိုသေကိုင်းရှိုင်းကြရသော အစေအပါး သူတန်းစားကျွန်များရှေ့၌ပင် ယခုလို အော်ကြီးဟစ်ကျယ်ပြောနေသည်မှာ မိမိတို့ ဂုဏ်သိက္ခာကို မိမိတို့ ချိုးနှိမ်နေသည်နှင့်ပင်တူသည် ဆိုတာကိုလည်း ဤမိန်းမသည် သတိမရ' ဟု သခင်ကြီးက ဒေါသထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဤမိန်းမသည် မည်သည့်ကိစ္စမဆို ဆင်ခြင်စဉ်းစားခြင်း လုံးဝမရှိ။ ရှုံးရှုံးနှဲ့နှဲ့နှင့် အမြဲ အော်ကြီးဟစ်ကျယ် လုပ်တတ်လေသည်။ မာန်မာနကြီးမားသည်။ မိမိတို့သည် သူတစ်ပါးတိုင်းပြည်၌ လာနေကြပြီး တိုင်းရင်းသားများကို မည်သို့မည်ပုံ ချဉ်းကပ်ဆက်ဆံရမည်ကိုလည်း နားလည်သူမဟုတ်။ အမျိုးဂုဏ်၊ ပစ္စည်းဂုဏ်နှင့် မောက်မာဖို့လောက်သာ သိသည်။ ယခုလည်းကြည့်ပါဦး။ သူ့ကို ပြောနေဆိုနေသည်မှာ လင်သားတစ်ယောက်ကို ပြောသကဲ့သို့မဟုတ်ဘဲ အစေခံကျေးကျွန်များကို ဆဲဆိုကြိမ်းမောင်း မာန်မဲနေသကဲ့သို့ပင် ပါတကား'ဟု တွေးပြီး သခင်ကြီးသည် ကုလားအလုပ်သမားများကို ကြည့်၍ပင် ရှက်လာမိသည်။

ဤမိန်းမ မလိမ္မာမှု၊ ဆင်ခြင်စဉ်းစားဉာဏ် ကင်းမဲ့မှု၊ ရှေ့ရေးနောက်ရေးကို မတွေးတတ် မမြင်တတ်မှုကြောင့် နောင်တွင် မည်ကဲ့သို့သော အခက်အခဲတွေနှင့် ရင်ဆိုင်ရလေဦးမည်မသိဟူသော စိုးရိမ်ကြောင့်ကြစိတ်ကြောင့် သခင်ကြီးမှာ သူ့မိန်းမ တဗျစ်တောက်တောက် မြည်တွန်နေသည်ကိုပင် သတိမရဘဲ ခဏတာ ငိုင်နေမိ၏။

ကျော်ဇောဦးမှာ ကုန်းမြင့်သာယာ၌ စိတ်အချရဆုံး အလုပ်သမားတစ်ယောက်ဖြစ်သည်။ မိမိတို့၏အသက်အိုးအိမ် စည်းစိမ်များကို အကြိမ်ကြိမ်အခါခါ အသက်စွန့်၍ ကာကွယ်ခဲ့သည်ဆိုတာလည်း ဤမိန်းမသည် လုံးဝထည့်မတွက်တတ်။ ယခု ဤမိန်းမ၏ ရိုင်းရိုင်းပျပျ ရိုက်ပုတ်ထောင်းထုမှုကြောင့် ကျော်ဇောဦးသည် ကုန်းမြင့်သာယာမှ ထွက်ပြေးသွားလေပြီ။ ကျော်ဇောဦး၏ ခက်ထန်သော စိတ်ဓာတ်ကို သိထားသော သခင်ကြီးမှာ တွေးရင်း တုန်လှုပ်လာသည်။ သူကသာ ရှည်ရှည်ဝေးဝေး ရှေ့ရေးနောက်ရေး တွေး၍ ပူပန်စိုးရိမ်နေသော်လည်း မိန်းမလုပ်သူ၏စကားမှာ သူ့ကိုချည်း အပြစ်ဖို့၍ အရက်တကွဲ အကျိုးနည်းပြောနေသည်မှာ ကြာသော် နားကြားပြင်းပင်ကပ်လာ၏။ ထို့ကြောင့် သခင်ကြီးသည် အလုပ်သမားအားလုံးကို အိမ်ကြီးပေါ်မှနှင်ချလိုက်သည်။ သူတို့ရှိနေလျှင် ဇနီးသည်၏ မဆင်မခြင် အော်ဟစ်ကြိမ်းမောင်းနေမှုကြောင့် သူ့မှာပို၍ အရှက်ရလေမည်မဟုတ်ပါလား။

"ဒါလင်ကလည်းကွယ် တိုးတိုးပြောပါ။ ကိုယ့်အစေအပါးတွေ ရှေ့မှာ ဒီလို အော်ကြီးဟစ်ကျယ်လုပ်နေတော့ ကိုယ်တို့ဂုဏ်သိက္ခာပဲ ထိခိုက်ပေမပေါ့"

ယခုထိ သခင်ကြီးက အေးဆေးတည်ငြိမ်နေတုန်းပင်။

"ဘာပြောတယ်၊ ဂုဏ်သိက္ခာဟုတ်လား။ ခုတော့ တယ်သိတတ်နေပါလား။ အစကတည်းက ကျုပ်အတန်တန်တားရက်နဲ့ ကလေး ကလေးနဲ့မြှောက်စားလိုက်တာ ခုမှ ရှင်ကကျုပ်ကို ဂုဏ်တွေဒြပ်တွေ လာမပြောနဲ့။ ရှင့်ကလေးက သမီးကို စော်ကားရုံ တင်မက ဘူး။ ကျုပ် ကျုပ်ကိုပါ လက်သီးနဲ့ထိုးသွားသေးတယ်သိလား။ ကျုပ် မကျေဘူး။ ကျုပ် တစ်သက်မကျေဘူး"

"ဒါ...ဒါ မင်းအသုံးမကျလို့ကွ သိလား။ မင်းအသုံးမကျလို့"

သခင်ကြီးကလည်း ဒေါသထွက်လာသည်။



"သမီးအပြစ်ပါ အက်ဒီရယ်၊ အားလုံး သမီးအပြစ်ပါ"

သူ့အတွက်နှင့် မိဘနှစ်ပါးက ရိုက်မောင်းပုတ်မောင်း ရန်ဖြစ်လာကြသောအခါ အယ်လီမှာလည်း မနေသာတော့။

"တော်...ခွေးသမီး၊ ခွေးထက်မိုက်တဲ့သမီး။ ကျုပ်ကိုပဲ အပြစ်တင်၊ ကျုပ်အစက တော့်ကို ပြောတယ်မဟုတ်လား..."

"တော် တော်၊ မင်းပါးစပ်ပိတ်ထားလိုက်စမ်း။ တကယ်လို့ လိမ္မာပါးနပ်တဲ့ မိခင်ကောင်းတစ်ယောက်ဆိုရင် ကိုယ့်သမီးနဲ့ ကျူးကျူးလွန်လွန်ဖြစ်မိနေပြီပဲဟာ။ သိမမြင်ချင်ယောင်ဆောင်ပြီး ရှောင်ထွက်သွားပါလား၊ နောက် ကိုယ့်သမီးကိုယ်ဆုံးမ၊ ကျွန်ဆိုတာက ကိုယ်လုပ်ချင်သလို ရတာပဲဟာ၊ ခုတော့ အရှက်ရှိ အစဉ်းစား အဆင်ခြင်မရှိဘဲ အော်ကြီးဟစ်..."

"ဘာ ဘာပြောတယ်၊ ကျုပ်သမီးကို...မြင်နေရက်နဲ့ ကျုပ်က ရှောင်ပေးရမယ်ဟုတ်လား"

"ဟုတ်တယ် ရှောင်ပေးရမယ်၊ ကာလဒေသဆိုတာ နားလည်ရတယ်တွေသိလား။ ခုတော့ တစ်ခါတည်း သေနတ်နဲ့ပစ်"

"ရှင်တို့ကသာ ရှောင်ပေး၊ ကျုပ်ကတော့ မရှောင်ပေးနိုင်ဘူး။ ကျုပ်တို့အမျိုးမှာ ကျွန်သွေး အပါမခံနိုင်ဘူး။ ရှင်တို့ သမီးနဲ့အဖေသာ ကျွန်နဲ့ အမျိုးတော်ပြီး ကျွန်နဲ့ လက်ဆက်ကြ"

"ကျွန်မကလို့ သမီးသဘောတူရင် အိမ်မှာမွေးထားတဲ့ ခွေးနဲ့ပဲယူယူ မင်းဘာမှမပြောနဲ့"

"ဒီအမိုက်မကြောင့် ဒီလိုဖြစ်ရတာ။ ကောင်မ၊ မိုက်ဦးဟ မိုက်ဟ"

"ဟုတ်ပါတယ် မာမီရယ်၊ သမီးကို သေအောင်သတ်လိုက်ပါ"

သမီးဖြစ်သူကိုသာ မဲပြီး တအုံးအုံးထုရိုက်နေသော သခင်မကြီးကို သခင်ကြီးက ဆွဲဖယ်တွန်းထုတ်လိုက်၏။

"တော် မင်း ငါ့သမီးကို လက်ဖျားနဲ့ မထိနဲ့။ ကိုယ်အသုံးမကျတာတော့ ကိုယ်"

သခင်ကြီး၏ ဒေါသနှင့် အော်လိုက်သောစကားက ချက်ချင်းရပ်သွားသည်။

သူကြီးလေးမောင်ကျော်ဟိုးသည် မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနှင့် အိမ်ကြီးပေါ်သို့ ပြေးတက်လာသည်။

မောင်ကျော်ဟိုးကို မြင်ရသောအခါ သခင်ကြီး၏၊ သခင်မကြီးတို့မှာ ချက်ချင်း ဟန်ဆောင်လိုက်ကြသည်။ အယ်လီက ထောင့်တစ်ခုမှာကွယ်၍ မျက်ရည်သုတ်နေသည်။

"ဘာလဲကွယ့် မောင်ကျော်ဟိုး"

သခင်ကြီးက တည်တည်ငြိမ်ငြိမ်ပင် မေးသည်။

"ကျော်...ကျော်ဇောဦး"

မောင်ကျော်ဟိုးမှာ အပြေးလာရသူ ဖြစ်သဖြင့် အမောဆို့နေသည်။ သခင်

www.burmeseclassic.com

www.burmeseclassic.com



ကြီး အမေးကို ရုတ်တရက်မဖြေနိုင်သေးဘဲ 'ဟောဟဲ ဟောဟဲ' ဖြစ်နေ၏။

မောင်ကျော်ဟိုး၏ တစ်ကိုယ်လုံးမှာ ဖုန်တွေနှင့်ပေလူးနေသည်။ မျက်နှာဘစ်ပြင်လုံးမှာလည်း အညိုအမည်းတွေနှင့် ယောင်ကိုင်းနေ၏။ သူကြီးလေးတို့ သခင်ကြီးတို့ တစ်အိမ်သားလုံးက အလန့်တကြားနှင့် စူးစူးစိုက်စိုက်ကြည့်နေကြသည်။ တစ်စုံတစ်ခု ဖြစ်လာပြီဆိုသည်ကို သူတို့က အတတ်တွေးထားကြပြီး ဖြစ်၏။

"ကျော်ဇော်ဦး ဘယ်လိုဖြစ်သွားတာလဲ အန်ကယ်"

သူ့အမေးစကားကို မဖြေကြားသေးဘဲ သူ့ကိုသာ သူကြီးလေးက ပြန်မေးလာသောအခါ သခင်ကြီးမှာ ဆဏတော့ ကြောင်သွား၏။ မည်သို့ပြောရမည်နည်းဟုလည်း စဉ်းစားပုံရသည်။ ပြီးမှ...

"အန်ကယ့်ကို အရင်က မောင်ကျော်ဟိုးတို့သားအဖ သတိပေးဖူးသလိုပဲ ရေနံမြေကိစ္စနဲ့ပတ်သက်ပြီး မကျေမနပ်စိတ် ပေါက်လာလို့ထင်ပါရဲ့၊ အိမ်ပေါ်က သေနတ်ကို တက်လုတယ်တဲ့။ သမီးကခြောက်လုံးပြူးနဲ့ ပစ်လွှတ်လို့ ခုထွက်ပြေးသွားပြီ။ အဲဒီအချိန်မှာ အန်ကယ်လည်း ရေနံပိုက်ကိုသွားဖာနေတော့ ဟုတ်မဟုတ် အကဲခတ်ဖို့ မရလိုက် ဘူးပေါ့ကွယ်"

သခင်ကြီးက စဉ်းစဉ်းစားစား ပြောသည်။

"ဟုတ်ပြီလားအန်ကယ်၊ ဟုတ်ပြီလား။ ဒီကောင် တစ်နေ့ဒီလိုပဲ လုပ်လာလိမ့် မယ်ဆိုတာ ကျွန်တော်အထင်သား။ အန်ကယ်တို့ တောနက်ပိုင်းကမြေတွေဟာ သူတို့ပိုင်တဲ့မြေ၊ ဒီရေနံမြေတွေကို အတင်းအဓမ္မ ဝယ်ယူကြတယ်ဆိုပြီး အန်ကယ့်ကိုရော၊အဖေ့ကိုပါ ဒီကောင်က အမြဲအငြိုးထားနေတာ။ ဟိုတုန်းကတော့ အကွက် မလည်သေးလို့ ဟန်ဆောင်ပြီး အတွင်းကြိတ်ကြိတ်ကြဲနေတယ်ဆိုတာ အန်ကယ့်ကို ကျွန်တော်ပြောသားပဲ။ အန်ကယ်တို့ကဒီကောင့်ကို ဘယ်လောက်ပဲ မြှောက်စားထားထား ဒီကောင့်မှာ ဒီစိတ်ဟာ ဘယ်တော့မှမပျောက်ဘူး။ အဲဒါကြောင့် ကျွန်တော် ပြောတယ်မဟုတ်လား။ ရေနံများများရတဲ့ ရေနံတွင်းတွေချည်း ရွေးပြီး အခိုးခံရတာဟာ အတွင်းလူ တစ်ယောက်ယောက် ပါနေလို့ပဲလို့။ ရေနံသူခိုးတွေကို လက်ထောက်ချတာလဲ ဒီကောင်ပဲ။ အန်ကယ်တို့အန်တီတို့က မြှောက်စားထားလို့သာ ကျွန်တော်က ကြည့်နေရတာ။ နို့မို့ရင် ဒီကောင့်ကို ကျွန်တော် ထောင်ထဲ ပို့လိုက်တာကြာပြီ။ ခုတော့ ဒီကောင်က ကျွန်တော့်ကို ထောင်ထဲပို့သွားတယ်"

"ဟင် မောင်ကျော်ဟိုးကို ထောင်ထဲပို့သွားတယ်"

"ဟုတ်တယ် အန်ကယ် ဟုတ်တယ်။ ဒီကောင် ကျွန်တော့်ကို ထောင်ထဲပို့ထားခဲ့ပြီ"

"ကျော်ဇော်ဦး ဘယ်လို လုပ်သွားလို့လဲ"

"ကျွန်တော့်ဆီကသေနတ်ကို လုပြေးသွားတယ်"

"ဟယ်"



မောင်ကျော်ဟိုး၏စကားကို ကြားရသောအခါ သခင်ကြီးတို့၏ မိသားစု မျက်နှာမှာ ရုတ်ခြည်းညိုးကျသွားကြသည်။

'ဒါဟာ မင်းကြောင့်' ဟူသောသဘောဖြင့် သခင်မကြီး၏မျက်နှာကို သခင်ကြီးက ခက်ထန်စွာ တစ်ချက်လှမ်းကြည့်လိုက်၏။ ဘယ်လိုမှ မငြင်းသာသော သခင်မကြီး၏မျက်နှာမှာ ချက်ချင်း သွေးဆုတ်လာသည်။

"ဘယ်လိုလုပ်ပြီး လုသွားတာလဲကွယ်၊ ပြောစမ်းပါဦး"

သခင်ကြီးမှာ ထိတ်ထိတ်ပြာပြာ ဖြစ်လာသည်။

"ကျွန်တော် အိမ်နောက်ဘက် မြင်းဇောင်းမှာ မြင်းစာကျွေးနေတယ်။ သူဟာ ထိတ်ထိတ်ပျာပျာနဲ့ ပြေးလာပြီး 'သူကြီးလေး သူကြီးလေး' ဆိုပြီး အရေးတကြီးနဲ့ အိမ်ရှေ့က ခေါ်နေလို့ ကျွန်တော်က အိမ်ရှေ့ပြေးထွက်လာပြီး 'ဘာလဲတွေ' လို့မေးတော့ သူကြီးလေးတို့အဖေ မရှိဘူးလားတဲ့"

"သူကြီးမင်းကတော့ မရှိဘူးလား"

"အဖေဟာ နေ့ခင်းနေ့လယ်ဆိုရင် ကျောင်းကိုသွားနေကျပဲ"

"ကျွန်တော်က မရှိဘူးကွလို့ပြောတော့၊ ဒီလိုဆို သူကြီးလေး အမြန်လိုက် ခဲ့ပါတဲ့။ အဖေ့ကိုသွားခေါ် ပါရစေ ဆိုတာတောင် သူက အသိုင်းကြီးမို့ မသန်မစွမ်းနဲ့ မခေါ် ပါနဲ့တော့တဲ့"

သူကြီးလေး၏အပြောကို သခင်ကြီးတို့မိသားစုမှာ ကျောက်ရုပ်ဝမာ ငြိမ်၍ နားထောင်နေကြသည်။ သူတို့သည် အသက်ရှူရမှာကိုပင် မေ့နေကြပြီလားထင်ရ၏။

"သူကြီးလေး သေနတ်သံနှစ်ချက်ကို မကြားမိဘူးလားတဲ့။ ကျွန်တော်က ကြားလို့ ကြားတယ် ပြောတာပေါ့။ အဲဒါ သခင်ကြီးအိမ်ကို ရေနံသူခိုးတွေ ဝင်စီးလို့ သခင်ကြီးက သေနတ်နဲ့ပစ်တာ တစ်လောင်းတော့ ကျသွားပြီတဲ့။ ခပ်တည်တည်နဲ့ ပြောတာ၊ ဖမ်းမိထားတဲ့ ရေနံသူခိုးအချို့ကို သူကြီးလေးလက်ကို အပ်မလို့ သခင်ကြီးက သူကြီးလေးကို ခု လိုက်လာခဲ့ပါဆိုတော့။ ကျွန်တော်လည်း သေနတ်ကိုဆွဲပြီး မြင်းနဲ့လိုက်လာတာပဲ"

"ကျွန်တော်က သူ့ကိုပါ မြင်းပေါ် တင်ခေါ် လာတယ်။ ပိဿနိုး လယ်ကွင်းပြင် အစပ်ကိုရောက်တော့ ကျွန်တော့်ကို မြင်းပေါ် ကကန်ချ ထိုးကြိတ်ပြီး သေနတ်နဲ့ မြင်းကို လုပြေးတာပဲ။ ကျွန်တော်လည်း အမှတ်တမဲ့ဆိုတော့ အလစ်မို့ ခံလိုက် ရတယ်"

သူကြီးလေးမောင်ကျော်ဟိုး၏ စကားကိုကြားရသောအခါ သခင်ကြီးမှာ အတိုင်းမသိ တုန်လှုပ်သွားသည်။ သူထင်သလို ရေနံသူခိုးတွေနှင့် ကျော်ဇော်ဦး သွားမပေါင်းပါစေနဲ့ဟုလည်း ရင်တမမနှင့် ဘုရားတမိလိုက်သည်။ ပြီး ဇနီးသည်၏မျက်နှာနှင့် သမီးဖြစ်သူ၏မျက်နှာကို နက်ရှိုင်းစွာ တစ်ချက်လှမ်းကြည့်လိုက်၏။

"ခု ကျော်ဇော်ဦး ဘယ်ကို ပြေးတယ်ထင်သလဲ"

"ကျွန်တော်သတိရလို့ ထကြည့်တော့ ပန်းတောရွာဘက်ကို ပြေးသွားတာ

www.burmeseclassic.com

www.burmeseclassic.com



လယ် ကွင်းအစမှာ ဖုန်တွေထပြီး ကျန်ရစ်တယ်။ သူ့ရွာ သူ ပြေးမှာပေါ့”

“ကဲ အချိန်မီ လိုက်ကြမှ ဖြစ်မယ်”

“ဟာ ဒီကောင့်နောက်ကိုလိုက်ဖို့ ကျွန်တော်တော့ မရဲတော့ဘူးအန်ကယ်။ ကျွန်တော်တို့ လိုက်လာတာကိုသိရင် ဒီကောင်က သေနတ်နဲ့ချောင်းပစ်မှာ ကျိန်းသေပဲ။ ကျွန်တော့်ဆီကသေနတ်ကို လုပြေးသွားပါတယ်ဆိုတာသာ မြို့မှာသွားတိုင်ရင် ကောင်းမယ်ထင်တယ်”

အကြောက်လွန်နေသော သူကြီးလေး၏မျက်နှာမှာ အေးစက်လာသည်။

“ဒီလောက်လည်း စိုးရိမ်မပိုပါနဲ့လေကွယ်”

“ဟာ မဟုတ်လို့ မဖြစ်ဘူးနော် အန်ကယ်၊ ဒီကောင့်က ကျွန်တော်တို့သားအဖနဲ့ အန်ကယ်ကို ငြိုးနေတာကြာပြီ။ တွေ့ရင်တော့ သတ်မှာ ကျိန်းသေတယ်”

“သတ်ရင် တစ်ခါတည်းသတ်သွားမှာပေါ့။ ခုဟာက သေနတ်လိုချင်လို့ လုပြေးတာပဲ ဖြစ်မှာပါ”

သခင်ကြီးက ပြောသည်ကို မောင်ကျော်ဟိုးစဉ်းစား၏။ ကျော်ဇော်ဦးသည် သူ့အား မေ့မြောနေအောင် ထိုးကြိတ်ထားခဲ့ခြင်းမှာ သေအောင် သတ်မသွားချင်၍သာ ဖြစ်လေမည်။ သို့သော်လည်း ကျော်ဇော်ဦး၏ နောက်ကိုလိုက်ရန်မှာ သူ့အနေနှင့် အလွန်ဝန်လေးနေမိ၏။ ကျော်ဇော်ဦးသည် သေနတ်ပစ် လက်ဖြောင့်သည်ကို တွေး၍ သူကကြောက်ရွံ့နေ၏။

“ကျွန်တော့် သဘောကတော့ မြို့ကိုပဲသွားပြီး တိုင်ချင်တယ် အန်ကယ်”

“နေပါဦးလေ၊ ဒီကိစ္စဟာ အလောသုံးဆယ် လုပ်ဖို့ကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး။ အန်ကယ် စဉ်းစားပါဦးမယ်”

စကားကိုခဏရပ်၍ သခင်ကြီးမှာ တွေဝေနေသည်။

“မြို့ကိုသွားတိုင်တယ်ဆိုရင် ဒီကောင်ဟာ တောထဲထွက်ပြေးပြီး ရေနံသူခိုးတွေနဲ့ သွားပေါင်းတော့မှာပဲ။ ရေနံသူခိုးတွေနဲ့သာ သွားပြီး ပေါင်းမိကြရင်တော့ သူပုန်ဖြစ်ပြီး သူခိုးကြီးတော့ ဓားပြဆို မဟုတ်လား၊ ဓားပြကြီးတော့ သူပုန်ပဲ။ အဲ သူပုန်ဆိုတော့ မောင်ကျော်ဟိုးတို့ သားအဖရော၊ ကျုပ်ကိုရော၊ အို အစိုးရတွေဆိုရင် အကုန်သက်တော့မှာပဲ။ အဲဒါကြောင့် ဒီကိစ္စ စဉ်းစားလုပ်မှဖြစ်မယ်”

‘သူပုန် သူပုန်’ သခင်ကြီးပြောလိုက်သော သူပုန်ဆိုသည့်စကားမှာ မောင်ကျော်ဟိုး၏နားထဲတွင် ပဲ့တင်ထပ်သွား၏။ သူပုန်ဆိုသော စကားကိုကြားလိုက်ရုံနှင့် သူ့ တစ်ကိုယ်လုံးမှာ ကြက်သီးတဖြန်းဖြန်း ထလာမိသည်။

“ကဲ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ခု သူ့အမေကိုခေါ်ပြီး ပန်းတောရွာကို လိုက်သွားကြမယ်။ ဒီကောင့်ကို မတွေ့ရင်လည်း ပန်းတောရွာမှာ မဦးဖြူကို ထားပစ်ခဲ့ပြီး မောင်ကျော်ဟိုးဆီက သေနတ်လုပြေးတဲ့ကိစ္စရော၊ အန်ကယ့်အိမ်မှာ ဖြစ်တဲ့ကိစ္စပါ အစိုးရကို မတိုင်ပါဘူး၊ အန်ကယ့်ဆီကိုသာ အမြန်လာဖို့ အန်ကယ်က အားလုံးကို ခွင့်လွှတ်တယ်၊ နောက် ဒီလိုမမိုက်ရင် ပြီးတာပဲလို့ သူ့အမေနဲ့ သူကိုတွေ့ခိုင်းပြီး ပြောခိုင်းလိုက်ရင် ပိုပြီး ကောင်းမယ်ထင်တယ်။



အန်ကယ်က ပြောခိုင်းတယ်ဆိုရင် ကျော်ဇော်ဦးက ယုံကြည်စိတ်ချပြီး ပြန်လာချင်လာမှာ။ ဒီကောင် အန်ကယ်တို့လက်ထဲကို ရောက်ရင် ပြီးတာပဲ မဟုတ်လား”

“ကျွန်တော်တော့ သိပ်မထင်ဘူး အန်ကယ်၊ ဒီကောင်က တစ္ဆတ်ထိုးသေးနော်။ လုပ်မိပြီဆိုရင် ပြန်ကြည့်တတ်တာ မဟုတ်ဘူး”

“ကဲ ဒီလိုဆိုရင် မောင်ကျော်ဟိုးကတော့ ဘယ်လိုလုပ်ချင်လဲ ပြောပါလေ”

“လောလောဆယ်တော့ ကျွန်တော်ကလည်း ခေါင်းရှုပ်နေပြီ အန်ကယ်။ ဘယ်လိုလုပ်ရမှန်းကို မသိတော့ဘူး။ အစိုးရဆီ သွားတိုင်မှာကလွဲလို့ ကျွန်တော် ဘယ်လိုမှ မကြံတတ်တော့ဘူး။ ဒီကိစ္စ အဖေကလည်း လုံးဝသိသေးတာ မဟုတ်ဘူး ခင်ဗျား”

ပြောရင်းဆိုရင်း စိတ်ရှုပ်လာသလို သူကြီးလေးမှာ ခေါင်းကိုသာ တွင်တွင်ကုပ်ဖွ နေလေသည်။

“အဲဒါကြောင့်ပြောတာပေါ့၊ ရလို့ရငြားပေါ့ကွယ်။ မရတော့လည်း သူကြီးနဲ့ တိုင်ပင်ပြီး တစ်မျိုးတစ်မည် ကြံကြသေးတာပေါ့ ဟုတ်လား”

ဤတစ်ခါတော့ သခင်ကြီးအပြောကို သူက သဘောတူ၏။

သခင်ကြီးသည် မဦးဖြူကိုခေါ်ကာ သူ၏အကြံကို တစ်ပတ်လှည့်၍ ပြောပြသည်။

“ကျွန်မသားလေးကို ဘာအပြစ်မှမလုပ်ဘဲ သခင်ကြီးနဲ့ သူကြီးလေးတို့ကသာ ခွင့်လွှတ်ကြမယ်ဆိုရင် ကျွန်မလည်း အတတ်နိုင်ဆုံး နားချပြောပေးပါ့မယ်။ ဒီသတင်း အစိုးရမင်းများနားကိုသာ မပေါက်ကြားပါစေနဲ့။ ကျွန်မသားလေး မတော်တဆ လူဆိုးဖြစ်သွားမှာ ကျွန်မလည်းစိုးရိမ်ပါတယ် သခင်ကြီး”

“ကောင်းပြီ၊ ခင်ဗျားသား ဘာမှ မဖြစ်စေရဘူး။ သူပြန်လာအောင် ပြောဖို့သာ ခင်ဗျား တာဝန်ယူပါ၊ လူဆိုတာ တစ်ခါမိုက် မိုက်စမြဲပေါ့အဒေါ်ရယ်”

ကျော်ဇော်ဦး ပြန်လာပါက ဘာမှမဖြစ်ရစေဟု သူကြီးလေးကပါ တာဝန်ယူပြောသည်။

အယ်လီနှင့်ကျော်ဇော်ဦးတို့ ဖြစ်ကြသည့်ကိစ္စကို သူကြီးလေးနှင့်တကွ မည်သူမျှ မသိရအောင် အလုပ်သမားတွေအား နှုတ်ပိတ်ထားရန် သခင်ကြီးကစနိုးသည်ကို မှာထားခဲ့သည်။

သခင်ကြီးသည် မောင်ကျော်ဟိုးနှင့် ကုလားအဘိုးကြီး အာမရာတို့အား သေနတ် တစ်ယောက်တစ်လက်နှင့် မြင်းတစ်ယောက်တစ်ကောင် ယူစေကာ ကုန်းမြင့်သာယာမှ ပန်းတောရွာရှိရာ ဘက်သို့ အပြင်းထွက်လာကြသည်။ မဦးဖြူကိုတော့ သူ့မြင်းပေါ် ၌ပင် တင်ခေါ် လာ၏။

ကုန်းမြင့်သာယာနှင့် ပန်းတောရွာကြားရှိ လယ်ကွင်းပြင်ကြီး ဘက်သို့ ရောက်လာကြသောအခါ ပန်းတောရွာဘက်မှ အပြင်းခုန်းစိုင်းပြေးလာသော မြင်းစီးယောက်ျား တစ်ယောက်ကို ဝေးဝေးကပင် လှမ်းမြင်ရသဖြင့် ရပ်၍ ခေး ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ ကျော်ဇောဦးလာပြီ၊ ကျွန်တော်တို့ကိုမြင်ရင် သေနတ်နဲ့လှမ်းပြီး ပစ်တော့မှာပဲ။ ဒီကောင်က လက်သိပ်ဖြောင့်တာနော် အန်ကယ်'ဟု ပြောပြီး သူကြီးလေးမောင်ကျော်ဟိုးသည် ရှေ့တောင်ကြား ကုန်းမြင့်သာယာဘက်သို့ မြင်းတို ဦးလှည့်ကာ ထိတ်ထိတ်ပျာပျာ ထွက်ပြေးရန် ဟန်ပြင်လိုက်သည်။

"ဒီလောက်လည်း ကြောက်မနေပါနဲ့လေကွယ်၊ တို့လည်း ပါသားပဲ"

သခင်ကြီးသည် ပြောပြောဆိုဆိုနှင့် မောင်ကျော်ဟိုး၏မြင်းကို ထွက်မပြေး နိုင်အောင် သူ့မြင်းနှင့် ဘေးချင်းပူးကပ် ဆီးတားထားသည်။

"ဒီကောင် လက်သိပ်ဖြောင့်တာကို အန်ကယ် မသိဘူးနော်။ ကျွန်တော်တို့ ကို မြင်ရင် ကျိန်းသေပစ်တော့မှာဘဲ။ ကျွန်တော် အချောင် အသေမခံနိုင်ဘူးဗျ"

သူကြီးလေးမှာ ပြေးပေါက်ကိုသာ တွင်တွင်ရှာနေသည်။ ကွင်းပြင်ကျယ် ကြီးမို့ ပုန်းကွယ်ရန် နေရာကလည်း မရှိ။

ဖုန်တထောင်းထောင်းနှင့် ဒိုင်းစိုင်းပြေးချလာသော မြင်းစီးယောက်ျားမှာ တဖြည်းဖြည်းနှင့် နီးသည်ထက် နီးကပ်လာ၏။

"ဟဲ့ နေစမ်းပါအုံးဟ၊ ဒီလောက်တောင် သေဖို့ကြောက်ရသလားကွ။ ဒီမှာ သူ့အမေ တစ်ယောက်လုံး ပါသားပဲဟာ"

သခင်ကြီးက စိတ်မရှည်တော့သဖြင့် မောင်ကျော်ဟိုးအား ခပ်ထန်ထန် ပြောလိုက်၏။ ထိုအချိန်မှာပင် ကွင်းလယ်သို့ရောက်လာသော မြင်းစီးယောက်ျား ကို သဲသဲကွဲကွဲ မြင်လာရသည်။

"ဟိုမှာ ဟိုမှာတွေ့လား၊ ခုပြေးလာတာ ကျော်ဇောဦးမဟုတ်ဘူး။ မောင် ကျော်ဟိုးဆီက ကျော်ဇောဦး လုယူသွားခဲ့တဲ့မြင်းဟာ မောင်ကျော်ဟိုး ခါတိုင်းစီး နေကျ မြင်းဖြူကြီးပဲ မဟုတ်လား၊ ခုဟာက မြင်းညိုကြီးပဲ။ ပြီးတော့ သူ့ဆီမှာ သေနတ်လည်း မပါပါဘူး"

ကျော်ဇောဦးကို ကြောက်လွန်းသဖြင့် ခြေမကိုင်မိ၊ လက်မကိုင်မိ ဆောက် တည်ရာမရ ဖြစ်နေသော သူကြီးလေး မောင်ကျော်ဟိုးမှာ သခင်ကြီးကပြောတော့ မှ မြင်းစီးယောက်ျားကို လှမ်းကြည့်လိုက်၏။ ထိုအချိန်၌ပင် မြင်းစီးယောက်ျားက သူတို့အနားကို ရောက်လာ၏။

'ရွာခေါင်းဦးစံထွန်းပဲ'ဟု ပြောပြီး သူကြီးလေးသည် သူ၏ မျက်နှာပေါ်မှ ချွေးသီးချွေးပေါက်တွေကို သပ်ချလိုက်သည်။

"ပန်းတောရွာကို ကျော်ဇောဦး မရောက်ဘူးလား ရွာခေါင်း"

"ရောက်ပါပြီလား သခင်ကြီး၊ ခု ကျော်ဇောဦး ကျွန်တော့်ဆီက နှစ်လုံးပြူး သေနတ်ကို လုယူသွားပြီဗျ"

"ဟေ"

သခင်ကြီးနှင့် သူကြီးလေးတို့မျက်နှာမှာ ချက်ချင်း သွေးဆုတ်သွားကြသည်။ သားအတွက် စိုးရိမ်စိတ်ကြောင့် မဦးဖြူ၏မျက်နှာကလည်း ဖြူဖပ်ဖြူရော် ဖြစ်သွား၏။



"ကျော်ဇောဦး ဘယ်လိုဖြစ်လာတာလ သခင်ကြီး"

"ဘယ်လိုဖြစ်ရမလဲဗျ၊ ရေနံသူခိုးတွေနဲ့ သွားပေါင်းပြီး သူပုန်ထမယ်ဆိုတဲ့ အကြံနဲ့ သခင်ကြီးတို့အိမ်ပေါ်က သေနတ်ကို တက်လုတယ်။ သခင်ကြီးတို့ဆီက သေနတ်ကို လုလို့မရတော့ ကျုပ်ဆီက သေနတ်ကိုလုပြီး ထွက်ပြေးသွားတယ်။ ခု ခင်ဗျားဆီက သေနတ်ကိုလည်း ဒီကောင် လုပြေးသွားပြန်ပြီပေါ့ ဟုတ်လား"

သူကြီးလေးက ကြားဝင်ပြောသည်။

ဤတစ်ခါတော့ သခင်ကြီးမှာ ဘာမျှ ပြန်မပြောနိုင်တော့ဘဲ ငိုင်၍သာနေ တော့သည်။ သူ၏ မျက်နှာမှာ နှစ်ပေါင်းများစွာ အိုမင်း ရင့်ရော်သွားလေသည်။

"သြော်... ဒါ့ကြောင့် ဒီကောင့်ဆီမှာ သေနတ်တစ်လက်ပါလာတာကိုး။ သူ လာတုန်းက သခင်ကြီးသေနတ်နဲ့ကြွားရအောင် ရွာကိုအလည်လာတယ်လို့ ကျုပ်က ထင်တာ။ ဘာမပြောညာမပြောနဲ့ အိမ်ပေါ်ကိုတန်းတက်သွားပြီး ကျုပ်ခေါင်းရင်းမှာ ချိတ်ထားတဲ့ ကျုပ်နှစ်လုံးပြူးနဲ့ ကျည်ကပ်တွေပါ ဖြုတ်ချလာတော့မှ ကျုပ်က 'ဘာလဲကွ'လို့ မေးမိတယ်။ သူက ကျုပ်အိမ်မှာလည်း နေသွားတဲ့ကောင်ဆိုတော့ ကျုပ်ကို နောက်တာလားတောင် ထင်မိတာ၊ ကျုပ်ရင်ဝကို သေနတ်နဲ့ တည့်တည့် ချိန်ထားပြီး ဒီကောင်က ဘာပြောသွားတယ် မှတ်လဲ။ 'ခင်ဗျားတို့ကို ကျုပ် မသတ်ချင်သေးဘူး၊ ကိုယ့်ထမင်း ကိုယ်စားပြီး ကျွန်မခံနေကြဦး'တဲ့ဗျာ"

"ကျွန်မသားလေးတော့ ရေတိမ်နစ်ပါပြီ ဦးစံထွန်းရယ်။ ကယ်နိုင်ရင် တယ် ကြပါဦး"

ရွာခေါင်းဦးစံထွန်း၏ စကားအဆုံးမှာ မဦးဖြူက ချုံးပွဲချငိုလိုက်သည်။ သခင် ကြီးမှာတော့ ကြီးစွာသော စိုးရိမ်ပူပန်စိတ်တွေနှင့် စကားပင် မပြောနိုင်တော့ဘဲ ငိုင်၍သာ နေတော့သည်။

သူကြီးလေး၏မျက်နှာမှာ ချက်ချင်းလိုလိုပင် သွေးဆုတ်သွားပြီး ကျောက်ရုပ် ပမာ အေးစက်မာကြောသွားသည်။

ကျော်ဇောဦးကို ဘယ်လိုမှ မျှော်လင့်ချက်မရှိတော့ဘူးဆိုသည်ကို သူတို့ အားလုံး သိလိုက်ကြပြီ ဖြစ်သည်။ သူတို့၏ တည်ငြိမ်အေးချမ်းသော လောက သည် ကျော်ဇောဦးကြောင့်ပင် တုန်လှုပ်ချောက်ချား ဖြစ်သွားရချေပြီတကား။

* * *

| ၃၀ |

"တောက် တောက် တောက်"

အယ်လီသည် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးလာ၏။ သူ့ခေါင်းရင်း ထုံးတို ဘစ်စုံတစ်ယောက်က လာခေါက်နေသည်အထင်နှင့် ကိုယ်ကို အနည်းငယ်ကြွ၍ နားစွင့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက်တဲ့"

"တောက်တဲ့"

"တောက်တဲ့"

သူ့ခေါင်းရင်းဘက်ရှိ ထင်းရှူးပင်ကြီးတစ်ပင်ထက်မှ တောက်တဲ့တစ်ကောင်၏ အော်မြည်နေသံကို အဆက်မပြတ်ကြားရတော့မှ သူ့အထင် လွဲသွားရကြောင်း သတိပြုမိ၏။

ကြည့်စမ်း၊ အိပ်မက်ဆိုသည်မှာ အမြင်အာရုံ၊ အကြားအာရုံ၊ စိတ်အာရုံတို့ကို အ ကြောင်းခံ၍ မြင်မက်တတ်ပါကလားဆိုတာ ခုမှ သူမက သတိရသည်။ အမှန်က သူ သည် အိပ်မက်မှလန့်နိုး လာရခြင်းပင်။ တောက်တဲ့အော်မြည်ရန် တဒေါက်ဒေါက် အစ်နေသံကို စက္ကန့်ပိုင်းအတွင်း ကြားလိုက်ရရုံနှင့် မြင်မက်သည့် အိပ်မက်ဆိုသည်က ရှည်လျားလွန်းလှသည်။ မျက်တောင့်တစ်ခတ်၊ လျှပ်တစ်ပြက် အတွင်း စိတ္တုပ္ပါဒ်များ ပြောင်းလဲသွားကြသည်မှာ ကုဋေကုဋာပင်။

ကျော်ဇောဦးအကြောင်းကို မအိပ်မီ တွေးမိပြီဆိုလျှင် ကျော်ဇောဦးသည် အိပ်မက်ထဲ၌ ညတိုင်းလိုလိုပင် ရောက်လာတတ်သည်။ သူလာလျှင် သူကြီးလေးဆီက လုပြေးသွားသော မြင်းဖြူကြီးကိုစီးပြီး ပြတင်းတံခါးမှ ကျော်တက်လာတတ်သည်။ အယ်လီက ကြောင်ကြည့်နေလျှင် သူသည် မင့်မရဲနှင့် အယ်လီ၏ ခုတင်မှာ လာထိုင်တတ်သည်။ အယ်လီ၏လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်နယ်သည်။ ပြီး ပါးကိုနမ်းသည်။ နှုတ်ခမ်းကို နမ်းသည်။ အသက်ရှူကြပ်အောင် ပွေ့ဖက်ထားတတ်သည်။ သူတောထဲသို့ ပြန်သွားသောလမ်းမှာ ဖြောင့်ဖြူး၍ လရောင်ထဲ၌ သူ့ကို တမျှော်တခေါ် မြင်နေရသည်။ သူပြန်သွားသည်ကို ငေးကြည့်၍ မျက်ရည်ဝဲရသည်။ ရင်ထဲမှာ တလှပ်လှပ် ခံစားရသည်။

အမှန်က အိပ်မက်ဆိုသည်မှာ နေလာနှင်းပျောက်ပင်၊ အိပ်ပျော်တုန်းသာ အိပ်မက်ထဲ၌ တကယ့်ဖြစ်ရပ်လို ကြည်နူးခံစားနေရသော်လည်း ဖျတ်ခနဲ လန့်နိုးလာသည်နှင့် ဘာမျှအကောင်အထည် ရှာမရတော့။ထိုအခါ အိပ်မက်အကြောင်းကို တွေးပြီး လွမ်းရ၊ ဆွေးရ၊ တမ်းတရနှင့် စိတ်ထဲကသာ ပင်ပန်းရသည်။ ယနေ့ တောက်တဲ့ တစ်ကောင်၏အစ်သံကို သောတအာရုံတွင် ကြားလိုက်ရရုံနှင့် ကျော်ဇောဦးလာသည်ဟု စိတ်အာရုံမှာ ထင်ဟပ်သည်။ သို့သော် တံခါး အမြဲ ဖွင့်ထားလျက်နှင့် သူက တံခါးခေါက်နေသည်။ ထိုအခါ စက္ကန့်ပိုင်းမျှလောက်သော အချိန်ကိုပင် တစ်ဘဝတစ်ကမ္ဘာဟု ထင်မှတ်နေသော စိတ်အာရုံမှာ လန့်ဖျတ်သွားသည်။ အိပ်မက်ထဲမှာ သူမ၏စိတ်က မနစ်မျောလိုက်ရသည်ကိုလည်း သူမ က မကျေမနပ် ဖြစ်မိသည်။ အိပ်မက်မှန်းသိသော်လည်း သူမသည် ရှည်လျားသော အိပ်မက်များကိုသာ မနိုးတမ်းမက်၍ အိပ်မက်ထဲ၌ မေ့မျောနေချင်သည်။ အိပ်မက် ထဲမှာတွေ့ရသော စိတ်ချမ်းသာမှု တဒင်္ဂ၊ ခဏ၊ လျှပ်တစ်ပြက်တို့သည် သူမ အတွက် ဘုရားပေးလာသော ဆုလာဒ်ကြီးပင်တည်း။

ခုတော့ အိပ်မက်မှ လန့်နိုးလာသည်နှင့် တစ်ပြိုင်နက် လွမ်းရ ဆွေးရ



တမ်းတရပြီး အိပ်မက်ထဲကလို ကျော်ဇောဦးတကယ်များ ရောက်လာလေမလား ဟူသော အတွေးနှင့် တံခါးဖွင့်၍ အိပ်ခဲ့ရသည့် ညများလည်း မနည်းတော့။ မိုးတွင်းမှာတော့ လေပြင်းမုန်တိုင်းတိုက်ခတ်၍ တံခါးတွေကို အလုံပိတ်အိပ်ရသည်။ ထိုအခါ ကျော်ဇောဦးက လာ၍တံခါးခေါက်သည်။ နောက်ဖေးတံခါးကို တဂျိုက်ဂျိုက် တွန်းနေသည်အထင်နှင့် တံခါးဖွင့်ကြည့်ရသည်လည်း အကြိမ်ကြိမ်၊ အမှန်က လေတိုးခြင်းသာ။ တစ်ခါတစ်ခါတွင် ကျော်ဇောဦး အိမ်ပေါ်က ဆင်းပြေးသွားသံကို ကြားရသဖြင့် ဝတ်ရုံနက်ကို ကမန်းကတန်းခြုံ ခြောက်လုံးပြူးခါးချိတ်နှင့် ထင်းရှူး တောထဲမှာ ကျော်ဇောဦးကို လိုက်ရှာမိသည်။ သို့သော် ရဲရဲတင်းတင်းတော့ မဟုတ်။ ညစဉ်ညတိုင်း ရေနံ့သူခိုးများ သွားချောင်းကြသော အဖေ့ရဲ့ကုလားအာမ ရာတို့ တောထဲကအပြန်တွင် ဆုံမိမှာကိုလည်း စိုးရသည်။ မင့်မရဲနှင့် ဟိုအပင်ခြေ ကပ်၊ သည်အပင်ကွယ်ပုန်း၊ ဟိုမှောင်ရိပ်ထဲပြေးဝင်။ သည်ခြုံတွင် နိုးနားနှင့် တစ်ယောက်တည်း သူခိုးလိုက်သလို လုံးလည် ချာလည်လိုက်နေတတ်သည်။ သို့သော်လည်း ကျော်ဇောဦး၏ အရိပ်အခြည်ကိုမျှ မတွေ့ရ။ ရင်ထဲမှာ ဟာင်းလင်း ဖွင့်၍ မောမောပန်းပန်းနှင့် အိမ်ပေါ်သို့သာ ပြန်တက်လာရသည်။ စိတ်ထဲက တော့ ကျော်ဇောဦးသည် အိမ်နောက်ဖေး ထင်းရှူးတောထဲမှာ ရောက်နေလိမ့် မည်ဆိုသောအတွေးကို တစ်စေ့ကလေးမှ မလျှော့ချင်။ စိတ်၏ လှည့်စားနေခြင်း ပါလား ဆိုတာလည်း လုံးဝသတိမရ။ ကျော်ဇောဦး တစ်နေ့တော့ လာလိမ့်မည် ဟူသော အတွေးနှင့် လသာလျှင် အမြဲတံခါးဖွင့်အိပ်သည်။ သူမ တံခါးဖွင့်အိပ်နေ သည်ကို တစ်နေ့က အဖေကြီးတွေ့သွား၍ တံခါးပိတ်ပြီးမှအိပ်ဖို့ သတိပေး သည်။ 'ခဏလေး မေးနေရင်း အိပ်ပျော်သွားလို့ပါ ဒက်ဒီ' ဟူသောစကားနှင့် လိမ်ပြောခဲ့ရသည်။ သို့သော် ယနေ့လည်း သူမ တံခါးဖွင့်၍ အိပ်မိပြန်ပြီ။ ခု ကြည့်စမ်း၊ ထင်းရှူးပင်ထိပ်များမှာ တွဲရရွဲ ဆွဲချိတ်နေသော လမင်း၏အလင်း ရောင် ဖြိုးဖြိုးဖျဖျက သူမခုတင်ပေါ် လာကျနေသည်။ အမှန်က ယခုလို တိတ် ဆိတ်သော သန်းခေါင်ကျော်ကာလ၌ ရွှန်းလဲ့ကြည်မြသော လရောင်ကို မြင်နေရ ကြည့်နေရ၊ ရှုမောနေရသည်မှာ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာပင်။

အိပ်မပျော်တော့ဘူးဆိုတာ အယ်လီသိသည်။ ပြတင်းတံခါး ဘောင်ကိုမှီကာ အဝေးသို့ မတ်တတ်ရပ် ငေးမောနေမိ၏။ မိုးနှင်းများဖြင့် စိုစွတ်နေသော သစ်ရွက် စိမ်းလဲ့လဲ့များသည် လရောင်ထဲ၌ တလက်လက် တောက်ပနေကြသည်။ အဝေးသို့ လှမ်းမျှော်လျှင် တောင်တန်း၊ တောင်မြင့်ကြီးများ၏ ချိုင့်ဝှမ်းရှိရာအရပ်တို့၌ မြူနှင်းတို့က ဝပ်နေကြသည်။ တောင်၏အောက်ခြေကိုပင် ကောင်းစွာမမြင်ရ သည်လို တောကြီး တောင်ကြီးကြားထဲမှာ နေရသည်ကိုက လွမ်းဖွယ်၊ ဆွေးဖွယ် ပင်ပန်းနွမ်းလျဖွယ် ပါတကား။

ဘာလိုလိုနှင့် ကျော်ဇောဦး ကုန်းမြင့်သာယာမှ ထွက်ပြေးသွားသည်မှာ ခြောက်လကျော်သွားပြီ။ သူ ထွက်ပြေးသွားသောနေ့က သူကြီးလေးဆီက သနပ်နှင့်ပန်းတော၊ ကုလားပါ။ ဂေါ်ရှုရွာများမှ ရွာခေါင်းတွေဆီက သနပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း လုယူသွားသေးသည်။ အခြေအနေ ဆိုးရွားလာတော့မည်ကို သိသဖြင့် သူကြီးလေးတို့ သားအဖနှင့် ဒက်ဒီတို့က ရွာခေါင်းတွေကို သေနတ်ပြန်လျှောက်ထားစေပြီး ကျော်ဇောဦး သူပုန်ဖြစ်သွားပြီဆိုတာလည်း အစိုးရဆီမှာ တိုင်ထားလိုက်သည်။ ကျော်ဇောဦးကို အစိုးရက သူပုန်အဖြစ် ဆုငွေတစ်ထောင် ထုတ်ထားသည်။ ကျော်ဇောဦး တောထဲရောက်သွားပြီး တစ်လလောက်အထိ ဘာသံမှ မကြားရဘဲ ကိုယ်ရောင်ဖျောက်နေသေး၏။ ကျော်ဇောဦး ထွက်ပြေးသွားသောနေ့ကပင် တောနက်ထဲရှိ ရေနံတွင်းများမှ ရေနံများကို ခိုးယူဖျက်ဆီးနေကြသော ရေနံသူခိုးများပင် ငြိမ်ကျသွားသည်။ ထိုအခါ သူကြီးလေးတို့ သားအဖနှင့် အကုန်လုံးသော လူတို့မှာ မစဉ်းစားတတ်အောင် ဖြစ်ခဲ့ရသေးသည်။

လဆန်းပိုင်းရောက်၍ ပျားတဲရွာရှိရေနံဆီဆိုင်ကို အယ်လီ စာရင်းသွားစစ်တော့မှ ကျော်ဇောဦး၏ပြဿနာက အစပေါ်လာသည်။ ကုန်းမြင့်သာယာမှ ပိုက်နှင့်သွယ်ချပေးသော ရေနံတန်ဖိုးနှင့် ပျားတဲရွာရှိ ရေနံဆီဆိုင်မှ ရေနံရောင်းရငွေတန်ဖိုးက ငါးရာကျော်ကွာနေသည်။ ဤသည်အထိ ကျော်ဇောဦးလက်ရာဆိုသည်ကို အယ်လီက လုံးဝမတွေးသေး။ ရေနံများကိုခိုးရောင်းပြီး ငွေနာနိုင်သည်အထင်နှင့် ဆိုင်တာဝန်ခံလုပ်သူ ကုလားချစ္စြိုကိုသာ အယ်လီကမဲ၍ဆူသည်။ ကုလားချစ္စြိုကလည်း ထိတ်ထိတ်ပျာပျာနှင့် ပိုက်မှလာသော ရေနံများမှာ ဤရွေ့ဤမျှသာဖြစ်ကြောင်း အတိအကျ စာရင်းပြ၍ဆိုသည်။ ထိုအခါ ငွေငါးရာကျော်ဖိုး ရေနံဆီများမှာ ကုန်းမြင့်သာယာနှင့်ပျားတဲရွာကြားရှိ သံပိုက်ထဲ၌ပင် ပျောက်ချင်းမလှ ပျောက်ရသည်။ ဤကိစ္စ အဖေ့ကို ပြောသောအခါ ရေနံပိုက် ခိုးဖောက်ခံရပြီဆိုတာ အဖေက အတတ်ပြောသည်။ မိမိတို့အပေါ်တွင် သစ္စာရှိသောဆိုင်က ကုလားချစ္စြိုအား ကြိမ်းလား၊ မောင်းလားလုပ်သည့် ကိစ္စနှင့်ပတ်သက်၍ ထိုနေ့က အယ်လီ အဆူအဆဲခံရသေးသည်။ သမီးနှင့်အဖေတို့ နှစ်ယောက်စလုံး မြင်းကိုယ်စီ။ သေနတ်ကိုယ်စီနှင့် တစ်ရက်၊ နှစ်ရက် ရေနံပိုက်ကို လိုက်စစ်ကြတော့မှ ပန်းတောရွာအလွန် တောင်ကျချောင်းငယ်တစ်ခုကို ဖြတ်သွယ်ထားသော နေရာ၌ ရေနံပိုက်ကိုဖောက်ပြီး ခိုးယူနေကြသော ရေနံသူခိုးများနှင့် ပက်ပင်းသွားတွေ့လေသည်။ မြင်းခွာသံကြားသည်နှင့် ကြက်ပျောက်၊ ငှက်ပျောက် ထွက်ပြေးသွားကြသည်မို့ လူကို မမိလိုက်။ ရေနံဆီစည်များကိုသာ ရလိုက်၏။

တောနက်ထဲရှိ ရေနံတွင်းများမှ ရေနံဆီများကို ခိုးခပ်ရသည်နှင့် စာသော် ဤရေနံပိုက်ကို ခိုးဖောက်ယူရသည်က ပို၍ လွယ်လွယ်ကူကူ ရနိုင်ကြောင်း သိသူမှာ ကျော်ဇောဦးသာ ဖြစ်မည်ဆိုသည်ကို အယ်လီတို့ သိလိုက်ရသည်။ ကျော်ဇောဦးမှာ မိမိတို့ဆီ၌ အလုပ်လုပ်သွားသူမို့ ရေနံပိုက် ဘယ်နေရာ၌ရှိသည်ကို သူက အတတ်သိထားသည် မဟုတ်ပါလား။

ဤသည်ကစ၍ ကျော်ဇောဦး၏ အရေးအခင်းက အစပြုသည်။

တောနက်ထဲရှိ ရေနံတွင်းများကို လူလဲနှင့် စောင့်ရှောက်နေရသလို ရေနံပိုက်ကိုလည်း စောင့်ရသည်။ ထိုအခါ အယ်လီတို့မှာ အားရနားရသည်ဟု မရှိတော့



သည်လောက် ကြပ်ကြပ်မတ်မတ် စောင့်နေသည့်ကြားထဲတွင်ပင် ငါးရက်တစ်ခါ ခြောက်ရက်တစ်ခါ ရေနံပိုက် အဖောက်ခံရခြင်း၊ ရေနံတွင်းများထဲက ရေနံများ ခိုးခပ်ခံရခြင်း၊ အဖျက်အဆီးခံရခြင်းတို့ဖြင့် လုံးလည်ချာလည် လိုက်နေသည်။ အများဆုံးကတော့ ရေနံဆီပိုက်ကို အဖောက်ခံရခြင်းပင်။ ထို့ကြောင့် ယခုအခါ ရေနံပိုက်အများဆုံး အဖောက်ခံရသောနေရာ၌ ပုလိပ်အဖွဲ့တစ်ဖွဲ့ပင် အစောင့်ချထားရသည်။ သို့သော် ထိုနေရာတစ်ပိုက်မှာ တောတောင် ထူထပ်လွန်းသဖြင့် ဟိုနေရာ၌အစောင့်ရှိလျှင် သည်နေရာကခိုးဖောက်၏။ သည်နေရာသို့ အစောင့်ရွှေ့ရောက်လာလျှင် နောက်တစ်နေရာမှာ ခိုးဖောက် ကြပြန်သည်။ ဤသို့ဖြင့် ပုလိပ်အဖွဲ့မှာလည်း စိတ်ပျက်၍ပင်နေကြသည်။ အမှန်ကတော့ ကျော်ဇောဦး၏ သတင်းကို ကြားရသဖြင့် အလိုလို တုန်လှုပ်ချောက်ချားသွားပြီး နိုင်နိုင်နင်းနင်း မစောင့်ရဲကြတာကလည်း ပါကောင်းပါမည်။ သူတို့မှာ ကြေးစားအစိုးရပုလိပ်များသာဖြစ်၍ သူတစ်ပါး၏ အကျိုးစီးပွားအတွက် အသက်သေမခံနိုင် ဟူသောသဘောဖြင့် ပေါ့ပေါ့ဆဆ ဝတ်ကျေတမ်းကျေ နေကြခြင်းသာ ဖြစ်လေသည်။

အယ်လီတို့မှာတော့ မိမိစီးပွားရေးမို့ ဟိုပြေးတိုင်ရ။ သည်ပြေးပြောရနှင့် အားအားနားနား နေရသည်ပင် မရှိတော့။ ရေနံသူခိုးတွေကိစ္စနှင့် သူပုန်မို့ ကျော်ဇောဦးကိစ္စ စုံစမ်းရန်ဆိုပြီး ကုန်းမြင့်သာယာသို့ အင်္ဂလိပ် အစိုးရောက်က လူကြီး တစ်ယောက်ယောက် ရောက်လာပြီဆိုလျှင် ရာထူးဌာနနှင့်အလိုက် ဟိုပါးစပ်ခွဲ့ရ၊ သည်ပါးစပ်ထည့်ရနှင့် ငွေကုန်ကြေးကျလည်း များလှပြီ။ ရေနံသူခိုးတွေ ထကြွသောင်းကျန်းသည်ကတော့ ယုတ်လျော့မသွား။ ခုတစ်လော တိုးတိုးလာတွေပင် မကြာမကြာ ဖြစ်လာပြီး အခြေအနေမှာ ပို၍သာ ဆိုးလာတော့သည်။

အင်္ဂလိပ်အစိုးရောက်မှ အရာရှိအရာခံများသည် အယ်လီတို့ဆီကငွေကို နည်းအမျိုးမျိုးနှင့် ညှစ်ယူနေကြသည့်အပြင် အချို့အရာရှိ အရာခံများသည် ယခုအခါ အယ်လီကိုပင် ရိသဲ့သဲ့လုပ်လာကြသည်။ ယခုလည်း ရေနံပိုက်မှာ အစောင့်အကြပ်အဖြစ် ရောက်နေသောပုလိပ်အဖွဲ့၏ အကြီးအကဲဖြစ်သူ အင်္ဂလိပ် ကုလားကပြား ရစ်ချတ်ဆိုသူကပင် တစ်နေ့ညနေက ကုန်းမြင့်သာယာသို့ ရောက်လာပြီး 'အယ်လီဟာ သိပ်ချစ်စရာကောင်းတာဘဲ' ဆိုပြီး ရိသဲ့သဲ့လုပ်သွားသည်။ လာမည့် တနင်္ဂနွေနေ့မှာ ကပွဲ လုပ်ရအောင်ဟုလည်း ဒက်ဒီနှင့် မာမီတို့ကိုပြောသွားသေး၏။ တော်တော် မျက်နှာပြောင်တိုက်ရဲသည့် လူတွေပင်။ ကမ္ဘာမီးလောင်ရာမှာ ဆီမီးခွက်ထတောက်နေသည်ကလည်း တစ်မျောင်။ သည်ကြားထဲ နောက်တစ်ယောက်က ရှိသေး၏။ သူကြီးလေး မောင်ကျော်ဟိုး။ သူ ကုန်းမြင့်သာယာသို့ ရောက်လာပြီဆိုလျှင် "ဘယ်က လှည့်လာလဲ"ဟု မမေးလိုက်နှင့်။ မေးလိုက်သည်နှင့် တစ်ပြိုင်နက် ရေနံသူခိုးတွေ သွားစုံစမ်းရင်း ဘယ်ရွာက လှည့်လာတယ်ဆိုတာ ဟိတ်တစ်လုံး၊ ဟန်တစ်လုံးနှင့် အတည်ပေါက်ပြောတော့သည်။ သူလည်း ရေနံသူခိုး စုံစမ်းသည်ဆိုသော အခွင့်အရေးကိုယူ၍ အယ်လီကို ပိုးပန်းနေသည်ဆိုတာ အယ်လီအသိပင်။ သူ သွားစုံစမ်းလိုက်တာ ရေနံသူခိုး

www.burmeseclassic.com

www.burmeseclassic.com



တွေ ငြိမ်သွားသလား။ ပို၍ပင် ဆိုးလာသေးသည်။ ဘယ်သူ့ ဘာပဲပြောပြော ကိုယ့်စီးပွားရေးအတွက် ကိုယ်လုံးပန်းရသည်က အယ်လီတို့သာ။ ခုဆို မနေ့ကပဲ ဘင်္ဂလားက ကုလားဆယ့်ငါးယောက် ရေနံ့သူခိုးတွေကိစ္စ စိတ်မချရလို့ အစေခေါ် လာပြန်ပြီ။

ဤအရေးအခင်းများကို တွေးမိပြီဆိုလျှင် အယ်လီသည် ဘယ်တော့မှ အိပ်ပျော်သည် မရှိ။ ဟောကြည့်လေ။ ခုလည်း မိုးစင်စင် လင်းချေပြီတည်း။

* * *

| ၃၁|

ရာသီမှာ ပြာရီဆိတ်ငြိမ်သော သမယ။ မိုးအနှောင်း ဆောင်းအစတည်း။
တန်ဆောင်မုန်းဆိုတော့လည်း သည်အရပ်။ သည်ဒေသကို နှင်းပုလဲတို့ရစ်ဝေ ပြုချေပြီ။

နံနက်ခင်း၏ လေပြင်လေညင်းထဲတွင်မူ ပန်းရနံ့တွေက သင်းပျံ့နေသည်။ မွှေးကြိုင်ပျံ့သင်းသော ပန်းရနံ့တို့ကို ရှူရှိုက်မိသော်လည်း အယ်လီ၏စိတ်က မလန်း။ ညကကျော်ဇော်ဦး ကုန်းမြင့်သာယာမှ ထွက်ပြေးသွားသည့်အကြောင်း တွေးပြီး မိုးလင်းခဲ့ရသည်မို့ ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်နေသည်။ ထို့ကြောင့်လည်း သည်မနက်မှာ တောနက်ထဲသို့ ရေနံခပ်ရန်သွားကြမည့် အလုပ်သမားများနှင့် သူမ မလိုက်တော့ကြောင်း အာမရာအား ပြောရန် ကုန်းမြင့်သာယာမှ ဆင်းလာသည်။

လမ်းကလေးအတိုင်း ဆင်းလာရာ ကျော်ဇော်ဦးနေသွားသော အိမ်ကိုမြင်နေရပြန်သောအခါ သူမရင်ထဲမှာ တလှပ်လှပ် ဖြစ်လာပြန်သည်။ အိမ်လေးကို ငေးကြည့်၍ ကျော်ဇော်ဦးအကြောင်းကို ထပ်တွေးနေပြန်၏။ မြောက်လေတိုက်ခတ်နေသည်မို့ ပြတင်းတံခါးရွက် တစ်ချပ်က တဖျတ်ဖျတ် လှုပ်ခတ်နေသည်။ လေထဲတွင် လှုပ်ခတ်နေသော တံခါးရွက်ကိုကြည့်၍ အယ်လီ၏စိတ်ထဲက အတွေးတစ်ခုပေါ် လာပြန်၏။ ညက အိမ်ပေါ်ကို ကျော်ဇော်ဦးများ ရောက်လာလေသလားဟူသော သံသယစိတ်။

ဟိုတစ်နေ့မနက်ကပင် မဦးဖြူသည် ပန်းတောရွာ ကထိန်ပွဲနှင့် ဆွမ်းတော်ကြီးလောင်းပွဲသို့ ထွက်သွားသည်။ ပန်းတောရွာမှာ နှစ်ညအိပ်မည်ဟု ပြောသွားသည်။ သို့ပါလျက် ပြတင်းတံခါးတစ်ချပ်က လေထဲ၌ တဖျတ်ဖျတ် လှုပ်ခတ်နေသည်မှာ ထူးဆန်းနေသည်။ အယ်လီသည် အိမ်နားသို့ရောက်သွား၏။ အိမ်ရှေ့တံခါးမကြီးမှာ သော့ခလောက် ခတ်ထားသဖြင့် အိမ်ထဲသို့ဝင်ရန် ခက်နေပြန်သည်။ ကျော်ဇော်ဦး အိမ်ထဲမှာများ ရှိလေမလားဟူသော အတွေးစိတ်က လှုံ့ဆော်လာသောအခါ အယ်လီ၏ကိုယ်မှာ လေကဲ့သို့ ပေါ့ပါးနေသည်။ သူမသည်



ပြတင်းတံခါးမှ အိမ်ထဲသို့ ကျော်ဝင်လိုက်၏။ ပြီး ပြတင်းတံခါးကို ပြန်စေ့လျက် မင်းတုပ်ချသည်။

ရင်ထဲမှာ တဒိတ်ဒိတ် ခုန်နေသည်။ ခြေကိုမှုန်း၍ အိမ်ငယ်ထဲ၌ ကျော်ဇော်ဦးကို သူမက လှျောက်၍ရှာနေသည်။ ကျော်ဇော်ဦးကိုကား အရိပ်အယောင်မျှမမြင်ရ။ မဦးဖြူအိပ်ရာဟုထင်ရသော ခေါင်းရင်းသေတ္တာထက်မှ စာရွက်ခေါက်တစ်ခုကိုတွေ့ရသောအခါ အယ်လီ၏ရင်ထဲမှာ ဒိန်းခနဲ မြည်ဟီးသွားသည်။

အယ်လီသည် တုန်ရင်နေသောလက်ဖြင့် စာခေါက်ကို ဖြေကြည့်လိုက်၏။

သို့

အမေ။

ညက ကျွန်တော်လာသွားတယ်။ အမေကသာ ကျွန်တော့်ကို မမြင်ဖူး မတွေ့ရပေမယ့် ကုန်းမြင့်သာယာက အမေ ရွာကိုရောက်လာတာ မနှစ်ကတည်းက ကျွန်တော် သိပါတယ်။ အမေ့ကိုလည်း ကျွန်တော် မြင်သွားရတယ်။ ပွဲထဲမှာ အမေနဲ့လာတွေ့ဖို့ ကျွန်တော် သုံးလေးခါ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် အမေ့ပတ်ဝန်းကျင်မှာ အစိုးရာဘက်က လူတွေနဲ့ မင်းပြင်ရွာက သူကြီးလေးတို့ သားအဖက အစောင့်ချထားတဲ့ လူတွေဟာ အမေ့ကို အမြဲအကဲခတ်ပြီး အမေ့နောက်ကို လိုက်နေကြလို့ ကျွန်တော် မတွေ့ခဲ့ရပါဘူး။ ဦးဦး၊ ဒေါ်ဒေါ် တို့နဲ့ ပွဲခင်းထဲမှာ အမေ လျှောက်သွားနေတာ ကျွန်တော်မြင်သားပဲ။ အမေပွဲကြည့်ပြီး ကိုထွန်းဦးတို့အိမ်ကို ပြန်လာတာတောင် အမေ့နောက်မှာ အစိုးရဘက်ကလူတွေနဲ့ သူကြီးလေးတို့တပါလာသေးတယ်။ သူတို့က ရစ်ဖျက်ထားကြလို့ အမေက သူတို့ကို မှတ်မိချင်မှ မှတ်မိမယ်။ အမေပွဲထဲက ရွာအဝင်မှာ 'အဒေါ်ကြီး၊ မီးတစ်တို့လောက် ခင်ဗျာ' လို့ အမေ့ဆီမှာ ဆေးလိပ်မီး တို့သွားတဲ့လူဟာ အစိုးရဘက်က သူလျှိုတစ်ယောက်ပဲ အမေ။ အမေ့သား သူပုန်မို့ ကျော်ဇော်ဦးကို ဖမ်းဖို့လိုက်နေတဲ့ လူတစ်ယောက်ပဲ။ အဲဒါကြောင့် အမေ့ကို ကျွန်တော် မတွေ့ခဲ့ရတာ။ အမေ အပြောအဆို ဆင်ခြင်ပါအမေ။ ကျွန်တော့်အတွက်နဲ့ အမေ ဘေးဖြစ်မှာစိုးလို့ မနက်ဖြန် ကုန်းမြင့်သာယာကို အမေပြန်လာရင် တွေ့ပါစေဆိုပြီး ဒီစာကို ကျွန်တော် ညတွင်းချင်း လာထားခဲ့ပါတယ်။

အယ်လီမှာ ကျော်ဇော်ဦး၏စာကိုဖတ်၍ သက်ပြင်းချမိသည်။

အမေနဲ့ကျွန်တော် သိပ်တွေ့ချင်တာပဲ အမေရယ်။ အကျိုးအကြောင်းလည်း ပြောပြချင်ပါတယ်။ ညက အမေပွဲ ကြည့်သေးသလား မဟုတ်လား။ တွေ့လားအမေ။ ညကဇာတ်ထဲမှာ ပေါက္ကံရာဇဝင်ကို ထပြသွားတာလေ။ ကွမ်းဇော်တို့ မမေသိုက်တို့ဇာတ်ပေါ့။ ကျွန်တော် သိပ်ဝမ်းနည်းတယ် အမေ။ အမေ့မျက်နှာကိုကြည့်ပြီး ကျွန်တော် မွှတ်ချည်

www.burmeseclassic.com

www.burmeseclassic.com



ကျခဲ့ရပါသေးတယ်။ ကွမ်းဆိုရင် ဖမ်း၊ ဖော်ဆိုရင် အသေသတ်၊ လမ်းတကာ အရပ်ရပ်မှာ ဝရမ်းစာများ ကပ်လို့ပါလားဆိုတာ ကွမ်းဖော်မင်းသား ပြောငိုနေတာ မြင်ရတော့ ကျွန်တော့်မှာ ရင်ဆို့ရတယ် အမေ။ သူပုန်ကျော်ဇောဦးကို ဖမ်းပေးနိုင်သူရှိပါက အသေရရ၊ အရှင်ရရ ဆုတော်ငွေတစ်ထောင်ဆိုတာ လမ်းတကာအရပ်ရပ်မှာ ခုတော့ ဝရမ်းစာများ ကပ်ထားကြပြီ အမေ၊ ညနေက ကျွန်တော် မြစ်နားကိုသွားတယ်။ ကျွန်တော်တို့ ရွာထွက်ဝ နတ်မော်တောင်က ခရေပင်ကြီးမှာ သူပုန်ဗိုလ် ကျော်ဇောဦးကို ဖမ်းနိုင်သူရှိပါက အသေရရ၊ အရှင်ရရ ဆုတော်ငွေ တစ်ထောင်ဆိုတာ တွေ့လို့ ကျွန်တော် ဆုတ်လွှင့်ပစ်ခဲ့သေးတယ်။

ပေါ်တ္တာရာဇဝင်ဇာတ်ထဲက ကွမ်းဖော်မင်းသားလေး အဖြစ်နဲ့ ကျွန်တော့်အဖြစ် ကျွန်တော့်ဘဝဟာ တစ်ဝက်တစ်ပိုင်းတူနေကြတာမို့ ညက ကျွန်တော် ရင်နာခဲ့ရသေးတယ် အမေ။ ဒါပေမယ့် ကွမ်းဖော်ကို ပုပ္ပစောရပ်ာမင်းက သူပုန်လို့ ဝရမ်းထုတ် ကြော်ငြာထားပေမယ့် နောက်တော့ ကွမ်းဖော်ဟာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်အမွေကိုယ်ရလို့ ကိုယ်ချစ်တဲ့ မမေသိုက်နဲ့ တူယှဉ်တွဲပြီး နန်းသိမ်းပွဲခံရတယ်ဆို မဟုတ်လားအံမေ။ ကျွန်တော့်အဖြစ် ကျွန်တော့်ဘဝကတော့ ကိုယ့်အမွေကိုယ်ရဖို့ မပြောနဲ့ ကိုယ့်အသက်၊ ကိုယ့်အမွေ၊ ကိုယ့်မြေပါ ဆုံးရမယ့် အဖြစ်ပါလားအမေ။

ကျွန်တော်ဟာ မြစ်ကို အလျားလိုက် ကူးနေရတဲ့လူလို ဖြစ်နေပါပြီ အမေ။ ခရီးပန်းတိုင်ဆိုတာလည်း ဝေးပြီထင်ပါရဲ့။ ကမ်းကိုကပ်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်သေရမယ်။ ကြိုးစင်တက်ရမယ်ဆိုတာ ကျွန်တော်သိပါတယ် အမေ။ ကျွန်တော် ကုန်းမြင့်သာယာက ထွက်ပြေးသွားတုန်းက သခင်ကြီးနဲ့ သူကြီးလေးတို့ သားအဖက ကျွန်တော်လက်နက်ချ ပြန်ဝင်ရင် အပြစ်အားလုံး ခွင့်လွှတ်ပါမယ်ဆိုပြီး ပြောခိုင်းဖို့ အမေ့ကိုသူဟို့က ရွာမှာ တစ်ပတ်လာထားကြသေးတယ် မဟုတ်လား။ ကျွန်တော် အားလုံးသိပါတယ် အမေ။ တကယ်လို့ ကျွန်တော်လက်နက်ချ ပြန်ဝင်လာပြီဆိုပါတော့ သခင်ကြီးကတော့ ခွင့်လွှတ်ကောင်း ခွင့်လွှတ်မယ်။ ဒါပေမယ့် သူကြီးလေးတို့ သားအဖက ကျွန်တော့်ကို ခွင့်လွှတ်ကြမယ်ဆိုတာ အမေကော ယုံသလားဟင်၊ မယုံနဲ့ အမေ၊ မယုံနဲ့။ သူတို့လက်ထဲရောက်ရင် သူတို့လက်ချပ်ထဲကရေပဲ။ ကျွန်တော့်ကို သေနတ်လုပြေးတဲ့အမှုနဲ့ ကြိုးစင်တင်ကြမှာ အမှန်ပဲ။ သူများဆီမှာ ကျွန်ခံနေရတဲ့ ကျွန်တစ်ယောက်ပေမယ့် ဒီလောက်တော့ ကျွန်တော် အသိဉာဏ် မမဲ့သေးပါဘူး အမေ။ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်း အစွပ်ခံရလောက်အောင် ကျွန်တော် မမိုက်ဝံ့သေးဘူး။

စဉ်းစားကြည့်ပါ အမေ၊ ကျွန်တော်တို့ကို မမွေးခင်တုန်းကဆိုရင် ရခိုင်လူမျိုးဆိုတာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ ကိုယ့်မင်း၊ ကိုယ့်ချွင်း



နေလာခဲ့ရတဲ့လူတွေပါ။ ကျွန် မဟုတ်ပါဘူး။ ခုတော့ ထီးကျိုးနည်းပါတ် ပြည်ပျောက်လို့ လူတွေလဲကျွန်သပေါက် ဖြစ်ကုန်ပါပြီ။ နောက်ဆိုရင် ရခိုင်လူမျိုးဆိုတာလည်း ရှိမှာမဟုတ်တော့ဘူး။ ကျွန်တော် ကုန်းမြင့်သာယာက ထွက်လာပြီး နောက်ပိုင်းမှာ ရခိုင်မတွေဟာ ကုလားမယားဖြစ်သွားကြတာ ဘယ်နှစ်ယောက်ရှိသွားပြီဆိုတာ အမေအသိပဲ မဟုတ်လား။ ဒါတွေကို ကျွန်တော်က ရေးထားခဲ့တော့ အမေက ထင်ကောင်းထင်မယ်။ ကျွန်တော် တို့ဟာ မင်းလုပ်ချင်လို သူပုန်ထနေကြတယ်လို့၊ မဟုတ်ဘူး အမေ။ မဟုတ်ဘူး။ ကျွန်တော့်ကိုလည်း သူတို့ကသာ သူပုန်ဗိုလ် ကျော်ဇောဦးလို့ တံဆိပ်တပ်ထားကြပေမယ့်လည်း အမှန်ကတော့ ကျွန်တော်ဟာ ဗိုမဟုတ်ပါဘူး အမေ။ တောထဲမှာဆိုရင် ကျွန်တော်ဟာ အသက်အရွယ် အငယ်ဆုံး လူတစ်ယောက်ပါ အမေ။ ဗိုတို့၊ တပ်သားတို့၊ ဗိုကြီးတို့၊ ဗိုမှူးတို့ဆိုတာ ကျွန်တော်တို့မှာ မရှိပါဘူးအမေ။ ဦးလေး၊ အစ်ကို၊ ညီ အားလုံးဒီလိုပဲ ဆက်ဆံကြတယ်။ ကျွန်တော်တို့မှာ မင်းလုပ်ချင်လို့၊ ဗိုလုပ်ချင်လို့ဆိုတာ မရှိပါဘူး အမေ။ ကိုယ့်မြေကိုယ် ထွန်ယက်စိုက်ပျိုးပြီး အေးအေးချမ်းချမ်း လုပ်ကိုင် စားသောက်နေကြရင် ကျေနပ်ကြတဲ့လူတွေပါ အမေ၊

ခုတော့ တိုင်းတစ်ပါးသားတွေက ကျွန်တော်တို့တိုင်းပြည်ကို သိမ်းယူတယ်။ ကျွန်တော်တို့ တိုင်းပြည်ပေါ်က မြေဆီ မြေနှစ်ကို ထုတ်ယူတယ်။ ကျွန်တော်တို့တွေကို ကျွန်ပြုတယ်။ ကျွန်တော်တို့လူမျိုးပါ ပျောက်သွားအောင် ကျွန်တော်တို့မြေပေါ်ကရတဲ့ ရွှေနဲ့၊ ငွေနဲ့လှည့်စားပြီး ရခိုင်အမျိုးသမီးတွေကို ကုလားတွေနဲ့ ပေးစားတယ်။ ဂုဏ်နဲ့၊ အာဏာနဲ့ ခြိမ်းခြောက်တယ်။ အဲဒါကြောင့် အမျိုးပျောက်မှာစိုးကြောက်လို့ ကျွန်တော်တို့က သူပုန်ထကြရတာပါ အမေ။

ကျွန်တော် ကုန်းမြင့်သာယာကနေ ထွက်ပြေးလာရပြီး သူပုန်ဖြစ်သွားရတဲ့ အကြောင်းကိုတော့ အမေသိပြီးပြီပေါ့။ သူတို့ဟာ လူလူချင်း ဆိုတာ မမြင်ကြဘူးအမေ။ ကျွန်တော်တို့ကို ကျွန်လို့မြင်ကြတယ်။ သူတို့ သမီးနဲ့မတူဘူး၊ မတန်ဘူးပေါ့။ အဲဒီနေ့က ဖလောင်းမကြီးပြောတာ ကျွန်တော် အသည်းခိုက်အောင် နာတယ်အမေ။ နားနဲ့မနာ ဖဝါးနဲ့နာပါ။ ကျွန်က ကျွန်လို မနေဘူး၊ ထမင်းဝလို့ အိုး တော်ပါတော့အမေ။ ဒီအကြောင်းတွေကို ထပ်ပြောရရင် အမေရော ကျွန်တော်ပါ ရင်နာလို့ဆုံးကြမှာ မဟုတ်ဘူး။ ဒီလို လူကိုလူလို့ အသိအမှတ် မပြုကြတဲ့နေရာမှာ အမေဆက်ပြီး မနေပါနဲ့တော့။ ကိုယ့်ရွာ ကိုယ်ပြန်ပြီး မုန့်တီလုပ်ပြီး ရောင်းစားနေရင်လည်း ထမင်းတစ်လုပ်တော့ စားရမှာပဲအမေ၊ ငတ်မသေပါဘူး။ သူတို့အသ ကျွန်တော်တို့သားအမိကို မြှောက်စားထားကြတာဟာလည်း သူတို့အသက် အိုးအိမ် စည်းစိမ်ဥစ္စာတွေကို ကာကွယ်ပေးဖို့လောက်ပါ အမေ။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အသက်အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာအတွက် ကျွန်တော်တို့က အသေခံ ကာကွယ်ပေးရမယ့် လူတန်းစားပေါ့၊ ကျွန်ဆိုတဲ့ လူတန်းစားလေ။ သူတို့က အသက်အိုးအိမ် စည်းစိမ်ဥစ္စာတွေအတွက် အသက်စွန့်ပြီး ကျွန်တော် ဘယ်လို အကာအကွယ် ပေးခဲ့တယ်ဆိုတာ အမေအသိပဲမဟုတ်လား။ သူတို့အသက်အိုးအိမ်စည်းစိမ်တွေကို အကာအကွယ်မပေးနိုင်တဲ့ တစ်နေ့မှာတော့ ကျွန်တော်တို့ကို ပစ်ပယ်လိုက်ကြမှာ အမှန်ပါ အမေ။ အဲဒါကြောင့် အမေ ကိုယ့်ရွာသာ ကိုယ်ပြန်ပါတော့ အမေ၊ သူတို့ မပစ်ပယ်ကြချိန် ကိုယ်က အလိုက်သိစွာ ပြန်တာက ကောင်းတယ်။

ကျွန်တော်တို့ အယ်လီတို့ဘဝကို ကျွန်တော်တို့ အယ်လီတို့လိုသာ သဘောပေါက်နားလည် လက်ခံထားကြမယ်ဆိုရင် ဒီအဖြစ်ဆိုးမျိုးနဲ့ ရင်ဆိုင်ကြရမှာမဟုတ်ဘူး အမေ။ အမှန်က အယ်လီဟာ သူတို့သမီး၊ သူတို့လူမျိုး သူတို့နဲ့ အသားအရောင်၊ အသွေးချင်း တူတယ်ဆိုပေမယ့် စိတ်ဓာတ်ကတော့ သူတို့နဲ့ လုံးဝမတူပါဘူးအမေ။ အယ်လီရဲ့စိတ်ဓာတ်ဟာ ကျွန်တော်တို့အမေတို့ စိတ်ဓာတ်လိုပဲ လူကိုလူလို့မြင်တယ်။ သန့်စင်မွန်မြတ်တယ်။ တရားရှိတယ်ပေါ့ အမေ။ အဲဒါကြောင့် အယ်လီဟာ သူတို့သမီး၊ သူတို့လူမျိုးဆိုပေမယ့် အမှန်က ကျွန်တော်တို့ရဲ့ ဘက်တော်သား တစ်ယောက်ပါအမေ သူ့အမေ၊ အဖေတွေကျတော့ ကျွန်တော်တို့ကို လူလို့မှ မမြင်ကြတာကလား။ သူတို့ဟာ ကြက်သား၊ ဝက်သားဟင်းတွေကို စားနေကြလို့သာ တော်သေးတာပေါ့အမေ။ တကယ်လို့ လူသားကိုသာ စားကြစတမ်းဆိုရင် ကျွန်တော်တို့ အမေတို့အသားကို ဦးဆုံးသတ်ဖြတ်ပြီး လီးထစ်စားကြမှာ အမှန်ပဲ။ ကျွန်တော်တို့ကို လူလို့မှ မမြင်ကြတာ။

အမေ ကုန်းမြင့်သာယာမှာ ရှိနေတုန်း အယ်လီကိုတော့ အတတ်နိုင်ဆုံး ကူညီပေးပါအမေ၊ ခုဆိုရင် သူ့အမေ၊ အဖေတွေနဲ့ ကျွန်တော်တို့ကြားထဲမှာ သူ့ခမျာ ဘယ်လောက် စိတ်ဒုက္ခရောက်နေရမယ် ဆိုတာကို တွေးမိရင် ကျွန်တော့်ရင်ထဲမှာ မချိဘူးအမေ။ တကယ်လို့ ကျွန်တော် ကုန်းမြင့်သာယာကို ပြန်လာလို့ သူ့အမေ၊ သူ့အဖေတွေက ကျွန်တော့်လည်ပင်းကို ကြိုးကွင်းစွပ်ကြမယ်ဆိုတာတောင် အယ်လီ စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော် ပြန်လာရဲပါတယ် အမေ။ အယ်လီ့အပေါ် မှာ ကျွန်တော်ထားရှိတဲ့မေတ္တာတရားဟာ အဲဒီလောက် ကြီးမားပါတယ် အမေ။

ခုဆိုရင် ဆောင်းဝင်လာပြီ။ တောထဲမှာ သိပ်အေးတော့မှာပဲ အမေ ဒါကြောင့် ကျွန်တော်အဝတ်တွေ ယူသွားတယ်။ ကျွန်တော့်ကို မနှစ်က အယ်လီ လက်ဆောင်ပေးထားတဲ့ ကုတ်အင်္ကျီလည်း ကျွန်တော်ယူသွားတယ်။ ချစ်သူမျက်နှာကို မမြင်ရပေမယ့် ကိုယ့်ချစ်သူက အမြတ်တနိုးပေးထားတဲ့ လက်ဆောင်ပစ္စည်းလေးကို ကြည့်ပြီး ကျွန်တော့်ဘဝမှာ ဖြေသိမ့်နေ



ရပါတော့မယ် အမေ။ ကျွန်တော် အမေနဲ့တွေ့ရအောင်၊ အမေ့ကို ကန်တော့ရအောင် တစ်ခါတော့ လာတွေ့ပါဦးမယ်။ ဒါပေမယ့် သူပုန်ဆိုတာ တိုက်ပွဲ ယာကို အစိုးရတာမဟုတ်ဘူး အမေ။ ဒီစာကိုလာပေးပြီး အပြန်မှာလည်း အဖမ်းခံချင်ခံရမှာမို့ အမေ့ကိုများ နောက်ထပ် လာတွေ့နိုင်ပါဦးမလားလို့ စိတ်ထဲမှာတွေးမိပြီး ကျွန်တော် စိတ်မကောင်းပါဘူးအမေ။ တကယ်လို့ အမေ့ကို ကျွန်တော်မတွေ့ခဲ့ရဘဲ အဖမ်းခံရပြီး သေသွားတယ်ဆိုရင်လဲ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ အမေ့ကိုပြစ်မှားမိသမျှ သားအတိုက်အခံတို့ ခွင့်လွှတ်လိုက်ပါလို့ ကျွန်တော် စာနဲ့ပဲ ကန်တော့ခဲ့ပါတယ် အမေ၊ အပြစ်ဟူ သမျှ ခွင့်လွှတ်လိုက်ပါ။ အသက်မသေသေးရင် အမေ့ကို ကျွန်တော် တစ်ခါလာတွေ့ပါဦးမယ်။

ကျွန်တော့်အတွက် အမေ ဘာမှမပူနဲ့နော်။ ကျွန်တော့်ကို သေပြီသား လူတစ်ယောက်လို မေ့ပျောက်ထားလိုက်ပါ အမေ။ ခုတော့ ကျွန်တော်တို့ အားလုံး နေကောင်းကြပါတယ်၊ ဒေါ်ဒေါ် တို့ ဦးဦးတို့ကိုလည်း ပြောလိုက်ပါ။

အမေစိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ အသက်ရာကျော် ရှည်ပါစေလို့ ဆုတောင်းလျက်…

ကျော်ဇောဦး

တဆုံးသွားသောအခါ အယ်လီ၏မျက်ရည်တွေမှာ ကြမ်းခင်းတစ်ပြင်လုံးတွင် အိုင်ထွန်းနေလေပြီ။ သူမ၏ရင်သည် ဟာင်းလောင်းပွင့် နေလေပြီ။

ညက ပန်းတောရွာက ကထိန်ပွဲ ဆွမ်းတော်ကြီးလောင်းမှာ ပေါက္ကုရာဇဝင်ကို ရုပ်သေးဇာတ် ကပြသွားသည်ဟု ကျော်ဇောဦးစာထဲမှာ ရေးထားသည်။ ထိုဇာတ်ကပြတာကို အယ်လီလည်း ကြည့်ဖူးသည်။ 'ပေါက္ကုံ၊ နောက်ရန် ထလိမ့်မည်။ ကွမ်းဇော်၊ ထွန်းပေါ် လိမ့်မည်။ ကွမ်းခြံကြားက ငှားရယ်။ နင့်အမွေသိမ်းပါတော့လား' ဆိုသောဇာတ်သမားတို့၏ ဆိုစကားကို အယ်လီနားထဲမှာ ယခုတိုင်ကြား ယောင်မိသေးသည်။ မနှစ်က မင်းပြင်ဘုရားပွဲတော်မှာပင် ထိုဇာတ်ကို ပြသွားသေးသဖြင့် ပို၍ အမှတ်ရနေသည်။ မိမိတို့ပိုင်မြေမှာ ယခင်က ကျော်ဇောဦးတို့အမေ၊ အဖေပိုင် မြေတွေလည်းပါသည်မို့ ပေါက္ကုရာဇဝင်ထဲကို ကျော်ဇောဦးသည် သူ့အမွေတွေကို သူတကယ်ပင် ပြန်သိမ်းလေမလား။ ခုတော့ သူပုန်ထနေပြီ။ ထိုသို့ဆိုလေလျှင် အယ်လီမှာ ကွမ်းဇော်၏ချစ်သူ မမေသိုက်ဖြစ်ရမည် မဟုတ်လား။ အယ်လီ မမေသိုက်ဖြစ်ပါက မမေသိုက်ငိုသလိုပင် 'အမေ့အိမ်မှာ ငှက်ပျောပင် ရာဇမတ်တွေနဲ့ … … …တစ်သောင်းတန်၊ ဒေါင်းအလံတွေကလည်း စိုက်လို့ပါလား' ဟူသောငိုချင်းကို ဟစ်ဆို၍ နောက်ထပ်ငိုရလေဦးမည် ဘာလေလား။ အမှန်ကတော့ ယခုလည်း အယ်လီမှာ ငိုနေရခြင်းသာ။ သည်ထက်သာ ငိုနေရလျှင်လည်း သေဖို့သာ ရှိပါတော့မည်။ ပုပ္ပစောရပ်ာမင်းကို မဆုံးမိ၍ ခ

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နိုင်ကြောင်း ငြင်းပယ်မိ၍ ခြေနှင့်လက်ကို ကြိုးတုတ်ကာ သုသာန်တစ သချိုင်းဝ၌ မမေသိုက်ကို ကားစင်တင်ပြီး ဓားခုတ်သတ်ရန် ပုပ္ပစောရပ်မင်းက အမိန့်ပေးသည်တို့ကို တွေးမိ၊ မြင်မိ၍လည်း ရင်ထဲမှာ တနုံ့နုံ့ဖြစ်လာသည်။

ယခုသော ကျော်ဇော်ဦး လာခေါ်ပါက သူမသည် အမေအဖေတို့ကို ပစ်၍ ကျော်ဇော်ဦးနောက်ကို လိုက်မိသည်မှာ အမှန်ပင်။ သူမ၏စိတ်မှာ ဆောက်တည်ရာမရ ဖြစ်နေချေပြီ။

အယ်လီသည် ကျော်ဇော်ဦး၏စာကို အခေါက်ခေါက်အခါခါ ဖတ်သည်။ ဤစာကို မဦးဖြူသာတွေ့သွားပါက ကုန်းမြင့်သာယာမှ ချက်ချင်းထွက်သွားလိမ့်မည်။ ထိုအခါ ကုန်းမြင့်သာယာသို့ ကျော်ဇော်ဦးလည်း လာတော့မည်မဟုတ်ပေ။ ကျော်ဇော်ဦး ကုန်းမြင့်သာယာသို့မလာလျှင် သူမမှာ ကျော်ဇော်ဦးနှင့် ဘယ်လို တွေ့နိုင်ပါဦးမည်နည်း။

အမှန်က ကျော်ဇော်ဦးနှင့်သူမသည် တစ်နေ့တစ်ရက်။ တစ်နံနက်လောက်ပဲ ဖြစ်ဖြစ် တွေ့ချင်နေသည်။ အကြောင်းချင်းရာကို ပြောပြ၍ ချစ်သူ၏ရင်ခွင်ထဲမှာ ခဏတာမျှတော့ မှေးစက်ချင်ပါသေး၏။ 'ခုတော့ မယ့်ချစ်သူ၊ သူ့ပုန်ဗိုလ်ကြီးကို ဘယ်လိုလုပ်ပြီးများ တွေ့ရပါဦးမလဲ မောင်ရယ်' ဟု စိတ်ထဲက တတွတ်တွတ် ရေရွတ်ကာ ထပ်ပြီး ငိုရပြန်လေပြီ။

ကျော်ဇော်ဦး သူ့အမေထံသို့ ပေးထားခဲ့သောစာကို အယ်လီ ကျစ်ကျစ်ပါအောင် ဆုပ်၍ ဝှက်ယူလာခဲ့သည်။

❀ ❀ ❀

## | ၃၂ |

သာလေညှင်းညှင်းတွင် ငွေနှင်းများ ဝိုင်းပါလေသောဆောင်း။

နေခြည်ရုတ်၍ မိုးချုပ်ခါစသာ ရှိသေးသည်။ နှင်းပုလဲတွေက ကုန်းမြင့်သာယာထဲမှာ ဝိုင်းဖွဲ့အုံ့ဆိုင်းနေကြလေပြီ။ သန်းခေါင်သန်းလွဲအချိန် ရောက်လာက မိုးသီး မိုးပေါက်ပမာ သွန်ကျလာပေဦးမည်။

ပိန်းပိတ်အောင် မှောင်နေသော နှင်းထုထဲတွင် ခရစ္စမတ်ရောင်စုံ မီးပုံလေးတွေက မှေးတော့အားနည်းစွာနှင့် ခပ်ယဲ့ယဲ့ လင်းနေကြသည်။ မီးပုံးရောင်စုံလေးတွေကို ကြည့်ရသည်မှာ ဆိုးရွားသော ရာသီဥတုဒဏ်ကြောင့် အားငယ်နေကြသလိုပင်။

မိုးပြိုသည်တမျှ သိပ်သိပ်သည်းသည်း အုံ့ဖွဲ့လာကြသော နှင်းမှုန်များနှင့်အတူ တိုင်းရင်းသား၊ တိုင်းရင်းသူ၊ ယောက်ျား၊ မိန်းမ၊ ကလေးသူငယ်များကလည်း ရှေ့တောင်ကြား ကုန်းမြင့်သာယာသို့ တဖွဲဖွဲ ရောက်လာကြသည်။ ချမ်းအေးလှန်းသော ရာသီဥတုဒဏ်ကြောင့် စောင်ကြမ်းကြီးများကို ခေါင်း၌ လွှမ်းခြုံလာကြသည်မှာ မိန်းမ ယောက်ျား ခွဲခြားမရလောက်အောင်ပင် ရှိသည်။ သူတို့ကို



ကြည့်ရမြင်ရသည်မှာ ပျော်ပွဲ ရွှင်ပွဲလာကြသူတွေနှင့် မတူဘဲ မသာအသုဘသို့လာကြသူများ လိုပင် အေးစက်စက်ဖြစ်နေကြသည်။ သို့သော် ခဏတာမျှ အခနေတတ်ဘိုင်း တေးဂီတသံနှင့် မဏ္ဍာပ်ထဲမှ ဘိတ်ခေါ် ကြိုဆိုနေကြသံတို့ကတော့ မြိုင်မြိုင်ကြွကြွပင်။

သည်နှစ်ခရစ္စမတ်နေ့မှာ မနှစ်ကထက်ပင် စည်စည်ကားကား ရှိလှသည်။ မှန်က ဆိုလျှင် သူကြီး၊ ရွာခေါင်းနှင့် ရပ်ရွာတွင် ဂုဏ်သရေရှိလူကြီး လူဟောင်းသွေးတို့ လောက်သာ ဘိတ်မန္တကပြု၍ ခရစ္စမတ်နေ့ကျင်းပခဲ့၏။ ယခုနှစ်မှာတော့ ကုန်းမြင့်သာယာနှင့်နီးသော ရွာနီးချုပ်စပ်တကိုက်မှ မိန်းမ၊ ယောက်ျား၊ ကလေးသူငယ်များ ပါမကျန် ရွာလုံးကျွတ်ကို ဘိတ်မန္တကပြုသည်။ လာသမျှလူများကို ရှိနိုင်မှုတိုင်ကြွင်း ညွှန်ခံကျွေးမွေးသည်။ ညဉ့်လည်း ရုပ်သေးဇာတ် ကပြပေဦးမည်။ ရုပ်သေးဇာတ်ဆိုလျှင် တိုင်းရင်းသား တိုင်းရင်းသူများကလည်း မက်မက်မောမောရှိ ကြသဖြင့် သခင်ကြီး၏ ခရစ္စမတ်ညွှန်ခံပွဲမှာ ဤမျှ လူစည်းကားနေခြင်းဖြစ်၏။ သူတို့သည် ကုန်းမြင့်သာယာရှိ သခင်ကြီးကျွေးသော မုန့်တီကိုအဝစားပြီး ညဉ့် ပွဲကြည့်ကြဦးမည် ဖြစ်လေသည်။ ထို့ကြောင့်လည်း သူကြီး၊ ရွာခေါင်းနှင့် ရပ်ရွာမှ ဂုဏ်သရေရှိ လူကြီးလူကောင်းများ ကလေး တွဲလီတွဲလောင်းနှင့် သားသည်အမေများ၊ ဖျာကြမ်းကြီးတွေ ထမ်းပိုး၍ ဝေးဝေးလံလံကပင် ပွဲလာကြည့်ကြသူများ၊ ကာလသား၊ ကာလသမီးများ၊ ပွဲတကာလှည့်ပြီး ဈေးရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသော လောင်းကစားသမားများ...စသည် စသည်တို့နှင့် ကုန်းမြင့်သာယာ သည် ပျားပန်းခပ်မျှ စည်ကားနေလေသည်။

ခရစ္စမတ်ပွဲကို နှစ်တိုင်းနှင့်မတူ တစ်မူထူးခြား၍ ယခုလို စည်စည်ကားကား ကျင်းပပြုလုပ်ရခြင်းမှာ တစ်နေ့ထက် တစ်နေ့ ကြောက်ဖွယ်လိလိ သောင်းကျန်းလာကြသော ရေနံ့သူပုန်များ ယုတ်လျော့သွားအောင်ဟူသော သဘောပင်ဖြစ်သည်။ ခရစ္စမတ်ပွဲမှာ သူကြီး၊ ရွာခေါင်းကအစ ရပ်ရွာ၌ ဂုဏ်သရေရှိ လူကြီးလူကောင်းများ အလယ်၊ သာမန်အရပ်သူ အရပ်သားများအဆုံး အားလုံးတို့ကို ဖိတ်ခေါ်ခြင်းပြု၍ ယခုလို ကျင်းပရခြင်းမှာ ရေနံ့သူပုန်တွေ ဖြစ်သွားကြသော လူငယ်လူရွယ်များအား ပြန်လည်နှိပ်ကွပ်နိုင်ရေး၊ အားမပေးကြရေးနှင့် ရေနံ့သူပုန်မဖြစ်ကြသေးသော လူငယ်၊ လူရွယ်များကိုလည်း နောင်တွင် ရေနံ့သူပုန်များ ဖြစ်မလာကြလေအောင် နည်းအမျိုးမျိုးဖြင့် မိမိတို့၏သားမြေးများကို တားဆီးပေးကြရန်အတွက် ဤခရစ္စမတ် ပွဲ၌ သူကြီးမင်းနှင့် သခင်ကြီးတို့က တိုင်းရင်းသားများကို တောင်းပန်စကား ပြောကြားလို၍ ဖြစ်လေသည်။

သို့သော် သာမန် အရပ်သူ အရပ်သားများကတော့ ဤသည်တို့ကို ယခုထိ သိကောင်းမှ သိကြပေမည်။ သူတို့ကို သခင်ကြီးက စေတနာရှိ၍ သူတို့ရွာနီးချုပ်စပ်မှ လူများကို အဆင့်အတန်းမခွဲခြားဘဲ တစ်သွေးတည်း၊ တစ်သားတည်း သဘောထား၍ ခင်မင်လေးစား၍ဟုသာ ထင်နေကြပုံရလေသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားများမှာ သခင်ကြီးကျွေးသော မုန့်တီကိုစား၍ သခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပြသော ရုပ်သေးဇာတ်ကို မိုးလင်းသည်အထိ ကြည့်ကြရန် ချမ်းသည်၊ အေးသည်ကို သတိမရဘဲ တက်တက်ကြွကြွနှင့် တဖွဲဖွဲ ရောက်လာကြသည် မဟုတ်ပါလား။

“ဗျို့ ဒီမှာ ဟင်းရည်ထပ်လိုက်ပါတဲ့၊ အယ်လီ”

သူကြီးလေးက ဟင်းရည်အလိုက် ထည့်ပေးရန် အော်ပြောသဖြင့် အယ်လီသည် ဟင်းရည်ဆွဲပုံးကို ဆွဲမ၍ ဖျာကြမ်းများပေါ်တွင် စီတန်းစားသောက်နေကြသော တိုင်းရင်းသားများအနားကို အပြေးကလေးနှင့် ရောက်လာခဲ့သည်။

ဟင်းရည်ကပူ၊ လူတွေက ညပ်ပိတ်၍ အိုက်စပ်စပ်ကြီး ဖြစ်နေသော အယ်လီသည် စားသောက်နေကြသော တိုင်းရင်းသားများကို ဟင်းရည် အလိုက်ထည့်ပေးရင်း စိတ်ထဲမှာလှိုက်မောရ၍ပင် လာမိ၏။

ပြောင်ပြောင်လတ်လတ်နှင့် တိုင်းရင်းသူ တစ်ယောက်ကဲ့သို့ ထမီ အင်္ကျီကို ဝတ်ထားရသည်မှာ ဖိုးရိုးဖားရားနှင့် မလုံမလဲ ဖြစ်စရာပင်။ အနားသို့ရောက်လာတိုင်း လူကြီးလူငယ်မကျန် သူမကို ဝိုင်းဝန်းကြည့်နေကြမှာလည်း ခြေလှမ်းများပင် မှားစရာ။ ဖိုသီဖတ်သီနှင့် တိုင်းရင်းသား အမျိုးသမီးဝတ်စုံကို မဝတ်ကတတ်ဝတ် ဝတ်ထားရသည်မှာ ဟိုကလည်း ပေါ်နေသလို၊ သည်ကပဲ လွှတ်နေသလိုနှင့် စိတ်ထဲမှာ အမြဲ တစ်ခုခု လိုနေသလားဟု အယ်လီက ထင်နေမိသည်။ ပြီး ဟင်းရည်ပုံးကို ဆွဲရသည်ကတဖက်မို့ ထမီစကိုနင်းမိ၍ လဲမကျအောင်လည်း အတော်သတိထားရ၏။ သည်ကြားထဲ ဟိုက ‘လာထည့်ပါဦး’၊ သည်က ‘လာထည့်ပါဦး’နှင့် မပြတ်ရအောင် အော်ခေါ်နေကြသည်မှာ မုန့်တီဟင်းရည်ကြောင့်၍ မဟုတ်ဘဲ သူမ တိုင်းရင်းသူဝတ်စုံနှင့် ကိုးရိုးကားရားဖြစ်နေသည်ကို နီးနီးကပ်ကပ် ကြည့်ချင်မြင်ချင်ကြ၍ ဆိုတာ အယ်လီက သဘောပေါက်လာသည်။

“ဗျိုး ဒီဘက်က ဟင်းရည်”

ကြည့်ပါလား၊ ခေါ်ပြန်ချေပြီ။ သူတို့အနားကို အပြေးရောက် သွားတော့လည်း မည်သူကမှ ‘ဟင်းရည် ထည့်ပါဦး’ဟု မပြော၊ ကာလသားဝိုင်းက ပိုဆိုးသည်မို့ အယ်လီမှာ စိတ်ပင်တိုလာမိသည်။ အမှန်က ဟင်းရည် လိုက်ထည့်ပေးနေရသူမှာ အယ်လီတယောက်တည်း မဟုတ်။ မကြည်သာဖြူ၊ မစံလှနု၊ မစိန်ညို၊ မအောင်သာ၊ မတင်ဦးတို့ပါဆိုလျှင် အားလုံး ခြောက်ယောက်ဖြစ်သည်။ သူတို့တွေ အားလုံးလိုလိုမှာ ကုလားမယားတွေ ချည်းပင်။ သူတို့ကိုတော့ မခေါ်ကြဘဲ အယ်လီကိုမှ ‘ဒီကဗျို့၊ ဟိုကဗျို့’နှင့် ကာလသားဝိုင်းတွေက ခေါ်နေကြခြင်းမှာ သူမကို တမင်စချင်၊ နောက်ချင်ကြ၍ဆိုတာ အယ်လီသိသည်။ ထို့ကြောင့် အယ်လီသည် မုန့်တီဟင်းရည်ပုံးကို မကြည်သာဖြူအားပေး၍ မုန့်လုပ်ပေးနေကြသည့် ရွာခေါင်း၏ ဇနီးနှင့်သားသမီးများ ရှိရာသို့ ခဏတဖြုတ် ထွက်လာမိသည်။

စိတ်ထဲက အိုက်နေသည်မို့ ချမ်းရ၊ အေးမြန်းပင် မသိ။ မလုပ်တတ် မကိုင်တတ်မို့ စိတ်ရှုပ်နေ၏။ ဒယ်ဒီက ခိုင်း၍သာ လုပ်နေရသော်လည်း စိတ်ထဲက လုံးဝမပါ။



မုန့်လိုက်ပွဲပြင်ပေးနေကြသော ရွာခေါင်းများ၏ဇနီးနှင့် သားသမီးများကြား ထဲမှာ ညှိုးညှိုးငယ်ငယ်နှင့် မုန့်ပွဲပြင်၍ ကျော်ဇောဦးတို့အမေကို တွေ့ရသောအခါ အယ်လီ၏ရင်ထဲမှာ အလိုလို ဝမ်းနည်းလာပြန်သည်။ ကျော်ဇောဦးတို့အမေ ကုန်းမြင့်သာယာမှ မိမိရွာသို့ အပြီးပြန်သွားသည်မှာ တစ်လကျော်သော်ရှိ သေး၏။ သည်နေ့ ခရစ္စမတ်ပွဲလုပ်မှာမို့ မုန့်တီဟင်းရည် ချက်ပေးရန် အသိ က မှာလိုက်သဖြင့် မနေ့ကပင် သူမသည် ကုန်းမြင့်သာယာသို့ ရောက်နေရှာ သည်။ သူမ ပန်းတောရွာသို့ အပြီးပြောင်းတော့မည် ဆိုသောနေ့က အသိ မာမီနှင့် အယ်လီတို့ကပါ ဝိုင်း၍ တားကြသေး၏။ သို့သော် တားမရ။ သား တစ်ယောက်လုံး သူပုန်ထပြီး အယ်လီတို့ပစ္စည်းကို ဖျက်လိုဖျက်ဆီး လုပ်နေပြီ။ သူမ ကုန်းမြင့်သာယာ၌ နေရသည်မှာ မည်မျှမျက်နှာပူသည်၊ စိတ်ကျဉ်းကြပ် သည် ဆိုတာကို အားလုံး သိကြသောကြောင့်လည်း စိတ်ချမ်းသာသလို နေရန် ခွင့်ပြုလိုက်ရ၏။

ထိုနေ့က အယ်လီ ငိုခဲ့ရသေးသည်။ ငယ်စဉ်ကပင် သူမလက်ပေါ်၌ ကြီး ပြင်းလာခဲ့ရသော အယ်လီမှာ သူမ ပန်းတောရွာသို့ အပြီးအပိုင် ပြောင်းသွား တော့မည်ဆိုသောအခါ စိတ်ကိုဖြေဆည်၍ မရခဲ့။ ဒက်ဒီနှင့်မာမီတို့ကပါ ချောင်း ဖျချော့မော့ကြသော်လည်း မျက်ရည်တို့က မစဲခဲ့။ အမှန်ကတော့ ခိုင်ဖြူသည် လည်း အယ်လီအပေါ်၌ သံယောဇဉ် မပြတ်နိုင်ရှာပေ။ ထို့ကြောင့်လည်း စားသောက်စရာ အသီးအနှံတစ်ခုခုဖြင့် ကုန်းမြင့်သာယာသို့ တစ်ပတ်တစ်ခါတော့ အလည်လာတတ်သည်။ သို့သော် သူ့သားသူပုန်ဗိုကြီး အကြောင်းကိုတော့ လုံးဝ မပြော။ သူမ စိတ်မကောင်းဖြစ်မည်စိုး၍ အယ်လီတို့ အိမ်သားတွေကလည်း မမေးကြ။ ခုလည်း ကြည့်စမ်း။ မှာလိုက်သည်နှင့် တစ်ပြိုင်နက် သူ့ခမျာ ရောက်လာ၍ လုပ်ကိုင်ပေးနေ ရှာသည်။

မဦးဖြူကိုကြည့်၍ အယ်လီ၏ရင်ထဲမှာ အလွမ်း၊ အဆွေးတွေက ပြည့်သိပ် လာကြပြန်၏။ သူပုန်ဗိုကြီး၏အမေဖြစ်သူ ရင်ထဲမှာ မည်မျှဆွေးမြေ့ ကြေကွဲနေမည်ကို အယ်လီက အတတ်သိသည်။ အယ်လီကို မျက်ခွံတစ်ချက် ပင့်ကြည့်ပြီး ပြုံးပြနေ သော်လည်း သူမ၏မျက်လုံးအိမ်မှာ မျက်ရည်တွေက ဝဲနေကြသည်။ အမှန်ကတော့ ပြန်လည်ပြုံးပြသော အယ်လီ၏ အပြုံးပေါ်၌လည်း မျက်ရည်ဥတွေက ရွှဲစိုဝဲလည် ၍သာ နေချေသည်။

မနှစ်ကဆိုလျှင် ခရစ္စမတ်ပွဲအတွက် ကုလားအမျိုးသမီးတွေနှင့် ရောပြီး ချက်ဟဲ့၊ ပြုတ်ဟဲ့ဆိုသည်မှာ ကုန်းမြင့်သာယာ၌ သူ့အသံချည်းသာ၊ သူ့လက် သူ့ခြေချည်းသာ။ အနားမှာ သားတစ်ယောက်လုံးက ရှိနေသေးသည်မို့ မိခင်မှာ မည်မျှအားတက်နေမည် မသိ၊ အချက်အပြုတ်မှာ သူ့လက်ရာတွေချည်း ဖြစ်သလို ခရစ္စမတ်သွေးခဲပွဲ၏ အဆင်အပြင်တို့မှာလည်း သူ့သား၏လက်ရာများချည်း မဟုတ် လား။ တစ်နေကုန်တစ်နေခန်း ပင်ပန်းကြီးစွာလုပ်ပြီး သူကြီးလေးတို့သားအဖတို့ ခေါတောကြွရန် သွားပြောပြီး အပြန်မှာပင် အယ်လီက မီးပုံးရောင်စုံလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကုလွှန်းပေးပါပြီးဆို၍ သူ့ခမှာ ကုလုပ်ပေးရှာသေးသည်။ ချိချိသာသာခေါ်ခိုင်းလျှင်ဘာမဆို မငြိုမငြင်လုပ်ပေးတတ်သူ ဖြစ်သည့်အလျောက် အယ်လီက ခရမ်းမတ်လက်ဆောင်တစ်ခု ပေးမည်ပြော၍ သဘောကျ ဝမ်းသာနေလိုက်သည့် သူ့အသွင်ကိုအယ်လီမှာ ယခုထိ မြင်မိသေး၏။ အယ်လီက သူ့တင်ပါးကို ဝါးခြမ်းပြားနှင့်ရိုက်ပြီး စ,သဖြင့် ခါချဉ်ထုပ်နှင့်ပင် သူက ခါချ၍ ကိုးစယ်သေးသည်။ ဤသည်မှာမနှစ်ကအဖြစ်။ သည်နှစ်မှာတော့ သူ့အသွင်ကိုမမြင်ရပြီ။ တစ်နှစ်ဟူသော အချိန်ကာလအတွင်းမှာ သာယာချမ်းမြေ့ဖွယ် ကောင်းသောကုန်းမြင့်သာယာ၏ အပြောင်းအလဲ အဖြစ်အပျက်တို့ကား မြန်ဆန်လွန်းလှသည်တကား။ ဤသည်တို့ကို သွားလေသူ ကျော်ဇောဦး၏အဖေအား မြင်စေချင်လုပါဘိ။

စိတ်ထဲက အတိုင်းမသိ လှုပ်ရှားလာသောအခါ အယ်လီမှာ မှန့်တီကျွေးနေသော မဏ္ဍပ်ထဲသို့ ပြန်ပြေးလာပြန်သည်။ သူမပင် စိတ်မှာ ဆောက်တည်မရဖြစ်နေ၏။

တိုင်းရင်းသားတွေကလည်း တသုတ်ပြီးတသုတ်နှင့် စားလို့သောက်လို့ မပြီးကြသေး။ 'ဖေထီး၊ ဖေထီး' နှင့် ဓာတ်စင်မှ ပတ်မတီးသံကိုပင် ကြားနေရပြီ။ နှင်းပုလဲတွေကလည်း မှန့်တီကျွေးသော မဏ္ဍပ်ထဲမှာပင် အုံ့ဖွဲ့မည်းပိတ်နေကြပြီ။ သေနတ်ကြီးတကားကားကို ကျောပေါ်ကမချတမ်း လွယ်ထားသော သူကြီးလေးနှင့် ရွာခေါင်းတွေမှာလည်း မှန့်တီလိုက်ပွဲတွေ ထည့်ပေးရလွန်း၍ မောနေကြပြီနှင့် တူ၏။ သူတို့လက်မှာ မှန့်တီဖတ်တွေကပ်၍ ဖရိုဖရဲ ဖြစ်နေကြသည်မှာအကြည့်ရ အမြင်ရ ဆိုးလိုက်သည်ဖြစ်ခြင်း၊ ဒက်ဒီ၊ မာမိနှင့် သူကြီးမင်းဦးကျော်စံ၊ ရေနံပိုက် လာစောင့်ပေးနေသော ပုလိပ်အဖွဲ့၏ အကြီးအကဲဖြစ်သူမစ္စတာရစ်ချတ်တို့ကတော့ 'သုံးဆောင်ကြပါခင်ဗျာ၊ အားမနာကြပါနဲ့၊ ဒီက ထည့်ပါ့မယ်။ ဟိုက ယူပါဦး' နှင့် လောကဝတ် ပျူငှာနေကြသည်မှာ နားကြားပြင်းပင်ကပ်စရာကောင်းနေသည်။

မိမိ၏စီးပွားရေး ထိခိုက်ပျက်ပြားလာသောအခါ ဟိုတုန်းက လူဟုပင် မထင်ခဲ့သော ဆင်းရဲနွမ်းပါးလွန်းကြသည့် တိုင်းရင်းသားများကိုပင် ဒက်ဒီက မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို မရုက်နိုင်၊ မကြောက်နိုင် ခယဝယ ပြောဆိုဆက်ဆံနေရသည်မှာ အမှန်ကတော့ သနားစရာပင်။ သို့သော် အပေါ်က မည်းနက်နက်အကျီကို အကျဉ်ဝတ်၍ သံတွဲလုံချည် နီရဲရဲ ကွက်တုန်းပုဆိုးကို ခါးပုံစချ၍ မလုမပ ဝတ်ဆင်ထားသော အဖေ၏အသွင်မှာ အရုပ်ဆိုးလွန်းလှသည်ဟု အယ်လီမျက်စိထဲမှာ မြင်နေသည်။ ကြည့်လေ၊ သည်ကြားထဲ လက်လေးလုံးလောက်ရှိသော သားရေခါးပတ်ကြီးကလည်း ပတ်ထားလိုက်သေး၏။ ထိုသို့မလုပ်ထားပါကလည်း ခါးပုံစ ပြုတ်ချမည်မှာ အမှန်ပင်။ အဖေ ဤသို့ တိုင်းရင်းသားဝတ်စုံကို ဟန်ကျပန်ကျဝတ်၍ လာသမျှလူတွေကို ဖော်ဖော်ရွေရွေဆက်ဆံပြီး ဧည့်ခံပြောဆို နေနိုင်လောက်အောင် သူကြီးမင်း ဦးကျော်စံက တစ်ညနေလုံးပြင်ဆင်ပေးထားနေရသည်မှာ အယ်လီအသိပင် မဟုတ်ပါလား။



မနှမ်းသော်လည်း ပင့်သက်ရှူရနေရသည့် အမေလုပ်သူ၏ [illegible] တစ်မျိုးသနားစရာပင်။ တိုင်းရင်းသားထဲမှာ မိန်းမငယ် အချို့ [illegible] ဝတ်လေ့ဝတ်ထရှိသော ငှက်ပျောညွန့်ရောင် စိမ်းလဲ့လဲ့ပိုးထမီနှင့် [illegible] ပဒုမ္မာအဖြူ၊ အသားက နီရဲရဲနှင့် ဘယ်လိုမှ ကြည့်မကောင်း [illegible] သော တိုင်းရင်းသားများ၏ ကိုယ်နှုတ်အမူအရာ၊ အပြောအဆို [illegible] အနေအထိုင်၊ အသွားအလာ၊ အဝတ်အဆင်၊ ရိုးရာယဉ်ကျေးမှု [illegible] တစ်ခုမျှ အထင်ကြီးစရာမရှိ၊ ကျွန်လူတန်းစားများသာဟု တစ်သက်လုံး [illegible] အမြင်သေးနှင့် လူမျိုးဂုဏ် ပစ္စည်းဂုဏ် မောက်လာသော နေဝင်အင်ပါယာ [illegible] အင်္ဂလိပ်မကြီးမှာလည်း ယခုအခါ တိုင်းရင်းသူအမျိုးသမီးဝတ်စုံနှင့် [illegible] မာနဆိုသည်မှာလည်း ဘယ်ဆီသို့ လွင့်ပျောက် ထွက်ပြေးသွားကြသည် [illegible]

ယနေ့အဖို့ သူမ မြင်နေရ၊ ကြည့်နေရ၊ ရှုမောနေရသည့် အရာဝတ္ထုအားလုံးမှာ အကြည့်တန် အရုပ်ဆိုးလွန်းလှသည်ဟုချည်း အယ်လီ၏စိတ်ထဲက ထင်မြင်နေ၏။ သူမဝတ်ဆင်ထားရသည်မှာ ပို၍ပင် အကျည်းတန် အရုပ်ဆိုးဦးမည်ဟု သူ့စိတ်ထဲမှာ စွဲနေသည်။

ဟိုနှစ်တွေတုန်းက ပွဲသွားရမည်ဆိုလျှင် ပျော်လိုက်သည့် သူမ၏ မြူးကြွသောစိတ်မှာ ညနေစာကိုပင် ဖြောင့်ဖြောင့် မစားနိုင်ခဲ့ရသည့် အဖြစ်။ သည်နှစ်မှာတော့ မိမိတို့အိမ်ရှေ့၌ ကပြမည့် ရုပ်သေးပွဲကိုပင် ကြည့်လို၊ မြင်လို ရှုလိုသောစိတ် မရှိတော့။ သည်ထက် စိတ်ညစ်စရာ ကောင်းသည်က ရှိသေး၏။ ရုပ်သေးပွဲတွင် မိ ဓာတ်စက်ထဲကတီးလုံးနှင့် သူမသည် မစ္စတာရစ်ချတ်၊ သူကြီးလေးတို့နှင့်တွဲ၍ အနောက်တိုင်းအကပြင့် ရွှေပွဲလာများကို ကပြအသုံးတော် ခံရဦးမည်ဆိုသောဒက်ဒီက ချမှတ်လိုက်သည့်အမိန့်။ ငယ်စဉ်ကဆိုလျှင် ပွဲတော်ကအပြန် လှည်းပေါ်၌ပင် သီချင်းအော်ဟစ်ဆို၍ ကခုန်လာခဲ့ဖူးသည့် သူငယ်မ၊ သည်ကနေ့ကျမှ မိမိတို့၏ ရိုးရာအကကိုပင် မကလို၊ မကြည့်လိုဆိုသော သူမ၏စိတ်။

အယ်လီ၏အဖြစ်မှာ အမှန်ကတော့ အဆန်းမဟုတ်ပေ။ သည်ကနေ့ ပြုလုပ်နေကြသော အရာဝတ္ထုအားလုံးမှာ သူမ၏စိတ်၌ အကျည်းတန် အရုပ်ဆိုးလွန်းသည့် အဆင်အပြင် မွမ်းမံချယ်သမှုချည်းဟု မြင်နေ ထင်နေခြင်းကြောင့်ပင်။

ဟုတ်သည်၊ မှန်သည်၊ တကယ်ပင် အကြည့်တန် အရုပ်ဆိုးလွန်းလှသည်။

ကြင်သူနှင့်ဝေးနေရသော ယခုလို အချိန်အခါကာလမှာ အလှအပကို သူမဘယ်လိုလုပ်ပြီးများ ကြည့်ရ၊ မြင်ရ၊ ရှုမောရပါမည်နည်း။ ကြင်နာသူနှင့်ဝေးသောအခါ အလှအပဆိုသည်မှာ ဘာဆိုဘာမျှ မရှိတော့ပါချေ။ အလှအပဆိုသည်မှာ ကြင်နာမြတ်နိုးရသော ရုပ်ဒြပ်တခုပင် မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



| ၃၃ |

"ဦးကြီး၊ ဒီဘက်ကို ကြွပါလားခင်ဗျား"

သူကြီးလေးက ဖော်ဖော်ရွေရွေကြိုဆိုသံကို ကြားရမှ ကျော်ဇောဦးမှာ သက်မချမိသည်။ သူသည် မုန့်တီကျွေးနေသော မဏ္ဍပ်ထဲမှာ မယောင်မလည် လုပ်နေမိသည် မဟုတ်လား။ 'ငါလုပ်လာတာ ဟုတ်မှ ဟုတ်ရဲ့လား' ဟု စိုးရိမ်မိသည့်စိတ်ကြောင့် ရင်ထဲမှာ တဒိတ်ဒိတ်နှင့် ခဏတော့ ကြောင်နေမိသေး၏။ ယခု သူကြီးလေးက တိုင်းရင်းသားအဘိုးကြီး တယောက်အထင်နှင့် ခေါ်ပြောတော့မှ သူကိုယ်သူ စိတ်ချမိ၏။ မဏ္ဍပ်ထဲ ဝင်လာစကတော့ ခေါင်းပေါ်က ဆောင်ကြမ်းကြီးတစ်ထည် လွှမ်းခြုံလာသည်ကိုပင် သူစိတ်ထဲမှာ လုံသည်ဟုမထင်မိ။ စိုးရိမ်စိတ်တွေနှင့် ရင်ထိတ်လိုက်ရသည့်ဖြစ်ခြင်း။

ချမ်းချမ်းအေးအေးနှင့် မဏ္ဍပ်ထဲမှာ မုန့်တီစားနေကြသော တိုင်းရင်းသား၊ တိုင်းရင်းသူများကို ကျော်ဇောဦးက ဖျက်ခနဲတစ်ချက် လှမ်းကြည့်ပစ်လိုက်၏။ ပြီးမှ လွတ်နေသော မုန့်တီပွဲ တစ်ပန်းကန်ရှေ့မှာ သူက ဝင်ထိုင်လိုက်လေသည်။ သူကြီးလေးကမူ အဘိုးကြီးတစ်ယောက်အထင်နှင့် လေးလေးစားစားပင် ဟင်းရည်ထည့်ပေးသဖြင့် သူက ပြုံးမိသေး၏။ သို့သော် သူ့အပြုံးမှာ ကြာရှည်မခံ။ မဏ္ဍပ်ထဲသို့ လျှပ်စီးလက်သည့်နှယ် ရုတ်တရက် ဝင်ရောက်လာပြီး ဘစ်ယောင့်မှာရပ်ကာ တိုင်းရင်းသား၊ တိုင်းရင်းသူများ ပျော်ပျော်ရွှင်ရွှင် စားသောက်နေကြသည်ကို ငေးကြည့်နေသော အယ်လီ၏ ဝင်းပပမျက်နှာကို မြင်ရသောအခါ သူ့ရင်ထဲမှာ မရိုးတင်ကဲ ဖြစ်လာပြန်သည်။ သည်လို ခရစ္စမတ်ပွဲမှာပင် မနှစ်က သူကိုယ်တိုင် အယ်လီအား မီးပုံးလေးတွေ ထွန်းညှိပေးခဲ့ဖူးသည်ကို တွေး၍ ဝမ်းနည်းကြေကွဲမိသည်။ တစ်နှစ် ဟူသောအချိန်ကာလအတွင်းမှာ အခြေအနေတို့သည် ပြောင်းလဲ မြန်ဆန် လွန်းလှသည်တကား။ မနှစ်တုန်းက ကုန်းမြင့်သာယာသို့ လာကြသူများအား သူက ဧည့်ခံကြိုဆို၍ အကျွေးအမွေး လုပ်ပေးရသူ၊ သည်နှစ်မှာတော့ သူက ဂုန်းလျှိုးကွယ်လျှိုးနှင့် မုန့်တီလာစားနေရသူ။

သူ၏ရင်မှာ တဒိတ်ဒိတ်ခုန်နေသဖြင့် တိုင်းရင်းသားဝတ်စုံနှင့် ကပိုကယို တစ်မျိုးလှနေသော အယ်လီ၏ရုပ်သွင်ကိုပင် ဘဝကြီးကြည့်ဖို့ အချိန်မရ။ သူ့စိတ်မှာ သူလုပ်ရမည့် အလုပ်ကိစ္စအတွက် စိတ်စော၍ ဇောချွေးများပင် ပြန်ချင်နေသည်။ သည်ကြားထဲ သခင်ကြီး၊ သခင်မကြီးနှင့် သူကြီးဦးကျော်စံတို့က သူ့အနားကို ရောက် လာကြပြီး 'စားပါ၊ သောက်ပါ' ဟု ပျူပျူငှာငှာ ပြောနေကြသောအခါ သူ့စိတ်မှာ ပို၍လှုပ်ရှားလာရပြန်သည်။

ပုးကပ်ညပ်ပိတ်နေသော လူအုပ်ကြားထဲတွင် မုန့်တီကို ဟန်နှင့်ပန်နှင့် စားရင်း ကျော်ဇောဦးသည် အခြေအနေကို လေ့လာအကဲခတ်နေသည်။ သူကြီးလေးနှင့်တကွ ရွာခေါင်းများ၏ကျောပေါ်မှာ သေနတ်ကိုယ်စီ လွယ်ထားကြသည်ကို သူမြင်ရ၏။ ပုလိပ်အဖွဲ့၏ အကြီးအကဲဖြစ်သူ မစ္စတာရစ်ချက်၏ ခါးတွင်တော့



ခြောက်လုံးပြူး တစ်လက်ကို အခန့်သားချိတ်ဆွဲထားသည်။ တိုင်းရင်းသားဝတ်စုံကို မလှမပ ဝတ်ထားကြသော သခင်ကြီး သခင်မကြီးတို့၏ ကိုယ်ပေါ်မှာတော့ လက်နက်ဆို၍ ဘာမျှ မမြင်ရပေ။ သခင်ကြီး၏ အိပ်ရာဘေးနားတွင် ချောင်းရှည်သေနတ်များ ချိတ်ထားလိမ့်မည်ကို သူက စိတ်ထဲက တွေးမိ၏။ ယခင်က သူတောနက်ထဲသို့ ရေနံသူခိုးစောင့်ရန် သွားတော့မည်ဆိုလျှင် သခင်ကြီး အိပ်ရာနားမှာပင် ပြောင်းရှည်သေနတ်ကို ဖြုတ်ယူရသည် မဟုတ်ပါလား။

အကျွေးအမွေးပြီးလျှင် သူတို့အိမ်ပေါ်သို့ ပြန်တက်ကြလိမ့်ဦးမည်။ ထို့ကြောင့် သူလုပ်ရမည့် အလုပ်တွေကို သူတို့ အိမ်ကြီးပေါ်သို့မတက်မီ အပြီး လုပ်ထားရမည်ဆိုသည်ကို သူက ချက်ချင်းသတိရလိုက်သည်။ ထို့ကြောင့် သူသည် မုန့်တီနှစ်ပန်းကန် ကုန်သွားသောအခါ မတ်တတ်ထရပ်လိုက်၏။ သူကြီးလေးက 'ထည့်ပါဦး ဦးကြီး'ဟု ပြောလာသည်ကို လက်ကာပြလိုက်၏။ တော်ပြီဆိုသောသဘော။

သူသည် အကျွေးအမွေးလုပ်နေသော မဏ္ဍပ်ထဲမှာ ထွက်လာသည်။ သို့သော် အယ်လီ၏မျက်နှာကိုတော့ ကြည့်ဖြစ်အောင် တစ်ချက်တော့ လှမ်းကြည့်ခဲ့သေး၏။ အိမ်ကြီး၏ပတ်ဝန်းကျင်တွင် မုန့်တီစားပြီး၍ မဏ္ဍပ်ထဲမှ ပြန်ထွက်လာကြသော တိုင်းရင်းသား၊ တိုင်းရင်းသူတွေနှင့် ရှုပ်ယှက်ခတ်နေကြသည်။ ပွဲခင်းရှေ့မှာ နေရာယူရန် ဖျာခင်းနေကြသော ကလေး လူကြီးတွေနှင့် ရုတ်ရုတ်သဲသဲ ရှုပ်နေ၏။ လောင်းကစားနေသူများကလည်း အော်ကြီးဟစ်ကျယ်နှင့် ဝိုင်းပြည့်လေအောင် ဆွယ်နေကြသည်။ ခေါင်းရွက် ဗျတ်ထိုးဈေးသည်များ၏ 'လာပါ၊ ယူပါ' အော်ဟစ်သံတွေကတော့ အကျယ်လောင်ဆုံးပင်။

ထူထပ် ပိန်းပိတ်နေသော နှင်းမှုံကြားထဲတွင် မည်းမည်းကြီး တည်ရှိနေသော ကုန်းမြင့်သာယာ အိမ်ကြီးမှာ မကောင်းဆိုးဝါးတစ်ကောင် မတ်တတ်ရပ်နေသကဲ့သို့ပင် တိတ်ဆိတ်နေသည်။ အိမ်ရှေ့လှေကားဝမှ မီးပုံးအနီကြီးနှစ်လုံး ထွန်းညှိထားသည်မှာ ရန်းမကြီးတစ်ယောက်၏ မျက်လုံးကဲ့သို့ပင် ရဲရဲနီနေသည်။ တံခါးပေါက်ကြီးကလည်း ပါးစပ်ဖြဲနေသော သရဲတစ်ကောင်၏ အသွင်ပမာပင်။ ကျော်ဇောဦးသည် အိမ်ကြီးပေါ်သို့ ဘက်ရမှာကိုပင် ထိတ်လန့်တုန်လှုပ်နေမိ၏။

ဤအိမ်ကြီးကို ကြည့်၍ မြင်ရသည်မှာ သူ ကုန်းမြင့်သာယာ၌ ရှိစဉ်က အယ်လီ ခဏခဏပြောဖူးသော သူတို့ အနောက်နိုင်ငံများမှ ကြောက်မက်ဖွယ်ရာ ရဲတိုက်ကြီးများနှင့်ပင် တူနေလေသလားဟု စိတ်ထဲကတွေးကာ ကြက်သီးမွေးညင်းများပင် ထလာမိ၏။ အိမ်ကြီး၏ ဘေးပတ်လည်ရှိ ပြတင်းတံခါးများကို ဖွင့်လှစ်၍ မီးပုံးရောင်စုံလေးတွေ ထွန်းညှိထားသည်ကတော့ သူ့အတွက် အားရှိစရာပင်။ သို့သော် နှင်းမြူမှုန်များ ပိန်းပိတ်နေသဖြင့် မီးပုံးလေးတွေမှာ အားနည်း ဖျော့တော့နေကြသည်။ ဇာတ်စင်မှ ပတ်မတီးသံကိုပင် သူ့နားထဲမှာ အိမ်ကြီးပေါ်က ကြည်နေတာလားဟု ထင်ယောင်ထင်မှား ဖြစ်မိသည်။ ဆနေ့က ဇာတ်စင်မှ ပတ်မတီးသံသည် အိမ်ကြီးကိုလာ၍ ရိုက်ခတ်ကာ ပဲ့တင်ထပ်နေခြင်းသာ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေဦးသည် မှောင်ရိပ်ခို၍ တဖြည်းဖြည်း အိမ်ကြီးနားကို ချဉ်းကပ်လာသည်။ တိုင်းရင်းသား တစ်ယောက်စ၊ နှစ်ယောက်စကို အိမ်ကြီး၏နောက်ဘက် ထင်းရှူးတောထဲမှာ အပေါ့အပါးသွား၍ တွေ့ရလေ၏။ ကျော်ဇေဦးသည် နောက်ဖေး ကြောင်လိမ်လှေကားအတိုင်း အိမ်ကြီး၏အပေါ်သို့ တက်လာမိသည်။ ပြတင်းတံခါးတွင် ဆွဲချိတ်ထားသော မီးပုံးလေးတွေ၏ အလင်းရောင်ကြောင့် အိမ်ကြီးမှာ သူထင်သလို ကြောက်စရာ မကောင်းပေ။ မည်းမှောင်၍ မနေဘဲ ခပ်ယဲ့ယဲ့ လင်းနေ၏။ သို့သော် ချောင်ကြို ချောင်ကြားမကျန် အုံ့ဖွဲ့နေကြသော နှင်းမှုန်တွေကတော့ ပြတင်းတံခါးမှ မြောက်လေနှင့်အတူ အိမ်ကြီးပေါ်၌ ဆောက်တည်ရာမရ ပြေးလွှားနေကြသည်။ ပြတင်းတံခါးများကို အကုန်ဖွင့်ထားသော်လည်း အိမ်ကြီးပေါ်၌ လူရိပ် လူခြေည်ကိုကား မတွေ့ရပေ။ သခင်ကြီးတို့ အိမ်သားအားလုံးသည် မဏ္ဍပ်ထဲသို့ ရောက်လာကြသော တိုင်းရင်းသူ၊ တိုင်းရင်းသားများကိုသာမဲ၍ ဧည့်ခံနေကြကြောင်း ကျော်ဇေဦး သတိပြုမိ၏။ ယနေ့၌ ကုန်းမြင့်သာယာသည် တံခါးမရှိ ဓားမရှိ[illegible]ချေ၏။

ပြတင်းတံခါးအားလုံးကို ဖွင့်ပြီး မီးပုံးရောင်စုံလေးတွေ ထွန်းညှိ ထားသဖြင့် အိမ်ကြီးပေါ်၌ မတ်တတ်ရပ်၍ သွားနေလျှင် အိမ်ရှေ့မဏ္ဍပ်ထဲက လှမ်းမြင်နိုင်သည်မို့ ကျော်ဇေဦးသည် ကုန်း၍ သခင်ကြီးအိပ်ရာသို့ အမြန်သွားသည်။ သူထင်သလိုပင် သခင်ကြီး၏ အိပ်ရာဘေးနားမှာ ပြောင်းရှည်သေနတ်နှစ်လက် ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ သူသည် ပြောင်းရှည်သေနတ် နှစ်လက်နှင့်ကျည်ကပ်များကို ဖြုတ်ယူပြီး သူ့ကိုယ်ပေါ်က စောင်ကြမ်းကြီးထဲမှာ ဝှက်ကွယ်လွယ်သိုင်းထားလိုက်သည်။ ပြီး သခင်ကြီး၏ ခေါင်းအုံးအောက်မှ ခြောက်လုံးပြူးနှင့် ကျည်ဆန်များကို ယူပြန်သည်။ သခင်မကြီး၏ ခေါင်းအုံးအောက်ကတော့ ခြောက်လုံးပြူး တစ်လက်သာ ရခဲ့၏။ ကျည်ကပ်များကို ရှာမတွေ့။ မိုင်းခွဲသောစနက်တန်နှင့် ယမ်းကပ်ဗူးများကို ဗီရိုပေါ်မှာ တွေ့လေသဖြင့် ယူခဲ့ရပြန်၏။ နောက်အယ်လီ၏ အိပ်ခန်းသို့ သူရောက်လာသည်။

အခန်းထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် သင်းပျံ့ကြိုင်လှိုင်နေသော မွှေးရနံ့တို့က သူ့ကို ဆီးကြိုနေကြသည်။ ကျော်ဇေဦး၏ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်လာပြန်၏။ အယ်လီ၏ ခေါင်းအုံးအောက်ဆီမှ ခြောက်လုံးပြူးကို ကုန်း၍ အသာဆွဲထုတ်လိုက်သောအခါ အယ်လီ၏အိပ်ရာပေါ်မှ အယ်လီ၏ ကိုယ်သင်းနံ့တို့မှာ သူ၏ နှာခေါင်းထဲမှသည် အသည်းနှလုံးထဲသို့ပင် စိမ့်ဝင်သွားကြသလား ထင်လိုက်ရ၏။ ရင်ထဲကလည်း တလှိုက်လှိုက်၊ တဖိုဖိုနှင့်၊ ခြောက်လုံးပြူးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားသော လက်ချောင်းများကပင် အလိုလိုလျော့ပြေ၍ ကတုန်ကရင် ဖြစ်လာလေသည်။ သူသည် အယ်လီ၏ခြောက်လုံးပြူးကို မယူရက်သဖြင့် မွေ့ရာပေါ် ထက်၌ပင် ပစ်ချထားခဲ့၏။ အယ်လီ၏ ကိုယ်သင်းနံ့သင်းနေသော ခေါင်းအုံးတစ်လုံးကို အယ်လီအမှတ်ဖြင့် တင်းတင်းကြပ်ကြပ် ပွေ့ဖက်ကာ တရှိုက်ရှိုက်နမ်းနေလိုက်မိသည်။ အယ်လီ၏အိပ်ခန်းထဲမှ ထွက်လာ



သောအခါ ကိုယ်သင်းနံ့တို့ဖြင့် မွှေးထုံနေသော နေ့စဉ်သုတ်နေကြ အယ်လီ၏ မျက်နှာသုတ်ပဝါဖြူကို သူက အမှတ်တရ ဆွဲချလာခဲ့သည်။ ချမ်းအေးသော ဆောင်းညများ၌ အစဉ်ထာဝရ ခေါင်းပေါင်းတဘက်အဖြစ် ထားရှိရန်ဟူသော နှစ်လုံးသား၏ စေ့ဆော်စိတ်။

မင်းပြင်ရွာသူကြီး ဦးကျော်စံနှင့်သခင်ကြီးတို့က ဓာတ်စင်ပေါ် တက်၍ တိုင်းရင်းသားများအား မည်ကဲ့သို့ ဆွယ်တရားဟောသွား ကြသည်ကိုတော့ သူက မကြားလိုက်ရ၊ သူမြင်နေ ကြည့်နေ ကြားနေရသည်မှာ ဓာတ်စက်ထဲမှ အနောက်တိုင်း တေးဂီတအသံနှင့် ပုလိပ်အဖွဲ့၏အကြီးအကဲဖြစ်သူ မစ္စတာရစ်ချတ်က အယ်လီ၏ လက်တစ်ဖက်ကို ဆွဲ၍ ကပွဲဆင်ယင်ကျင်းပရန် ဟန်ပြင်နေခြင်းသာ။

ဓာတ်စက်ထဲမှ တေးဂီတသံနှင့်အတူ အယ်လီ၏လက်ကိုသွားဆွဲရန် မစ္စတာရစ်ချတ်က ခုန်ဆွ ခုန်ဆွ မြူးကာ၍အသွားမှာ ကျော်ဇေဦး၏ ဒေါသသည် ထိန်းမနိုင် ချုပ်မရဖြစ်လာသည်။ အစက သူ ရည်ရွယ်လာသည်မှာ ကုန်းမြင့်သာယာ အိမ်ကြီးပေါ်မှ သေနတ်နှင့် ယမ်းကပ်ကျည်ဆံများကို ယူ၍ တောထဲသို့ ပြန်ရုံသာ။ သို့သော် ယခုအခါမှာတော့ အယ်လီနှင့် မစ္စတာရစ်ချတ်တို့ ဖက်လဲတငင် က,ကြတော့မည်ဆိုသည့် အသွင်ကို မြင်ရရုံနှင့် သူ့သတိမှာ ဘယ်ဆီသို့ လွင့်ပျောက် ထွက်ပြေးသွားကြသည် မသိတော့။ ထို့ကြောင့် ကျော်ဇေဦးသည် ခါးကြားထဲမှ ခြောက်လုံးပြူးကို ဆွဲထုတ်၍ မစ္စတာရစ်ချတ်ကို ပစ်သတ်ရန် ချိန်ရွယ်လိုက်သည်။ သို့သော် အယ်လီနှင့် မစ္စတာရစ်ချတ်တို့မှာ ငိုင်းကြီးပတ်ဝတ် ဒူဝေဝေ ဖြစ်နေကြသဖြင့် ပစ်ကွင်းမမိ။ ထို့ပြင် သူ့မှာ ပွဲခင်းအစပ်သို့ ရောက်နေရသူမို့ အလှမ်းကလည်း ဝေးလှသည်။ မတော်တဆ အယ်လီကို ထိမှန်သွားမည်ကိုလည်း သူက စိုးရိမ်မိသည် မဟုတ်ပါလား။

“ဒိုင်း၊ ဒိုင်း၊ ဒိုင်း”

ကျော်ဇေဦးသည် သေနတ်ကို မိုးပေါ်သို့ ထောင်ဖောက်ကာ လူအုပ်ထဲ၌ ကိုယ်ရောင် ဖျောက်လိုက်သည်။

ပွဲကြည့်လာကြသော တိုင်းရင်းသား၊ တိုင်းရင်းသားများမှာ ပြေးကြ လွှားကြ၊ အော်ကြ၊ ဟစ်ကြ၊ ငိုကြ၊ ယိုကြနှင့် ရုတ်ရုတ်သဲသဲ ပွဲပျက်ရလေပြီတည်း။

* * *

## | ၃၄ |

တောနက်ထဲမှ အပြန်လမ်းသည် မှောင်လွန်းလှ၏။ အချိန်မှာလည်း အမှောင် ကြီးစိုးသော သန်းခေါင်ယံကာလ။ သည်ကြားထဲ နှင်းမှုန်တွေကလည်း ပိန်းပိတ်နေပြန်သေး၏။ လက်နှိပ်ဓာတ်မီး၏ အလင်းရောင်ကား နှင်းမှောင်ထုကို တွန်းဖောက်နိုင်စွမ်း မရှိ။ ရှေ့တစ်ကိုက်၊ နှစ်ကိုက်ပင် လင်းလင်းထင်ထင်

www.burmeseclassic.com

www.burmeseclassic.com



မမြင်ရ။ လမ်းဘေး နှစ်ဖက်တွင် လူတစ်ရပ်၊ နှစ်ရပ်ခန့်မြင့်သော ကျောက်ချွန် ကျောက်တုံးကြီးတွေကလည်း ချမ်းချမ်းအေးအေးနှင့် နှင်းတောထဲတွင် ထီးထီးရပ် နေကြ၏။ လမ်းမှာ အမြဲပြုပြင်ထားသဖြင့် အတော်အသင့်ကောင်းသည်ဟု ဆိုနိုင် သော်လည်း မိုးသို့ထောင်တက်နေကြသော ထင်းရှူးပင်ကြီးများ၏အရိပ်ကြောင့် ပို၍ပင် မှောင်နေသလား ထင်ရ၏။ ညသန်းခေါင်ယံတွင် တောတောင်ထူထပ်သော ဤအမှောင်လမ်းကို ဖြတ်၍ မြင်းကိုယ်စီနှင့် သွားလာနေကြရသည်မှာ အမှန်ပင် တုန်လှုပ်ချောက်ချားဖွယ်ရာသာ။ သို့သော် မိမိတို့၏ စီးပွားရေးကြောင့် သခင် ကြီးတို့ သမီးနှင့်အဖေမှာ မြင်းကိုယ်စီ၊ သေနတ်ကိုယ်စီနှင့်ပင် ဤအမှောင်လမ်းကို နေ့စဉ် ဖြတ်သန်းသွားလာ နေကြရသည်မှာ ကာလ ကြာချေပြီတည်း။

သခင်ကြီးတို့ သမီးနှင့်အဖေသည် မြင်းကိုယ်စီ၊ သေနတ်ကိုယ်စီနှင့် မင်းတဲ ချောင်းနားသို့ ရောက်လာကြသည်။ ချမ်းအေးလွန်းသဖြင့် ချောင်းရေထဲသို့ ဆင်းရ မှာ တွန့်ဆုတ် တွန့်ဆုတ်လုပ်နေသော မြင်းကြီးကို အယ်လီက နှင်တံနှင့်တစ်ချက် တို့လိုက်၏။ မြင်းသည် ချောင်းရေကို တဖျတ်ဖျတ် ကူးပြေးသွားသည်။ သခင် ကြီး၏ မြင်းကလည်း နောက်ကလိုက်လာသည်။

မင်းတဲချောင်းကို ဖြတ်ကူးထားသော တံတားကို ယခင်သုံးလေးရက်က ရေနံသူပုန်များ မီးရှို့သွားကြသဖြင့် ယခုလို ချောင်းရေထဲက ဖြတ်ကူးသွားရခြင်း ဖြစ်သည်။ မြင်းပေါ်က လူတွေမှာ ရေစိုမခံရသဖြင့် ရာသီဥတုဒဏ်ကို မေ့ထားနိုင် ကြသော်လည်း ခြေတွေ၊ လက်တွေ ရေစိုခံရသော မြင်းတွေမှာ ဤဆောင်း ဆောင်းည၏ ချောင်းရေကို အလွန်ထိတ်လန့်နေကြပုံ ရလေသည်။

သခင်ကြီးနှင့် အယ်လီတို့သည် ကုန်းမြင့်သာယာသို့ တက်လာကြ၏။ လမ်း ကို အုပ်မိုးနေကြသော ထင်းရှူးပင်များပေါ်မှ နှင်းရည်ပေါက်များသည် မိုးရေခံ သားရေအင်္ကျီပေါ်သို့ တဖျောက်ဖျောက် ခုန်ဆင်းနေကြသည်။ လေတိုးသဖြင့် တရှဲရှဲမြည်နေကြသော အသံတို့မှာ အအေးမိနေသည့် ည၏ မင်္ဂလာမဲ့သော ညည်းညူသံသဖွယ်ပင်။ ကုလား အလုပ်သမားများ၏ တန်းလျားရှေ့မှာ မီးဖို ကြီးတစ်ဖိုက မီးတောက်ငြိမ်း၍ ရဲရဲနီနေ၏။ ညဦးပိုင်းက ကုလားအလုပ်သမား များ၏ အိမ်သူအိမ်သားများ မီးလှုံသွားကြသော မီးဖိုပင်။ ဤဒေသ၌ငွေကြေး ချမ်းသာ၍ မည်မျှ အနွေးထည်ကောင်းကောင်း ဝယ်ဝတ်နိုင်သူဖြစ်ပါစေ ဆောင်းညဆိုလျှင် ညဦးပိုင်းကတော့ မီးလှုံကြရစမြဲပင်။

သခင်ကြီးသည် အလယ်တန်းလျားရှိ ကုလားအလုပ်သမား သုံးယောက်ကို ရေနံတွင်းများ သွားစောင့်ကြရန် အော်နှိုးနေသည်။

"မာမီ မာမီ"

"သမီး"

"ဟုတ်ကဲ့"

အယ်လီကို သခင်မကြီးက တံခါးဖွင့်ပေး၏။

"သမီး အဖေကော"



"နောက်မှာ"

သခင်မကြီးသည် တောနက်ထဲမှ ပြန်လာကြသော ခင်ပွန်းသည်နှင့် သမီးတို့ အတွက် ပေါင်မုန့်နှင့် ကော်ဖီကို မီးဖိုနား၌ပင် အသင့် ပြင်ဆင်ထား၏။ ဤသည်မှာ သူမ၏ နေ့စဉ်အလုပ်ဖြစ်သည်။ သခင်မကြီးမှာ ဝလွန်းသဖြင့် တောနက်ထဲရှိ ရေနံတွင်းများကို မြင်းစီးပြီး မသွားနိုင်သော်လည်း သမီးနှင့်ခင်ပွန်းသည်တို့ တောနက် ထဲက ပြန်အလာကိုမူကား နောက်ဖေးမှာ မီးလှုံရင်း၊ အစားအသောက် ပြင်ဆင် ရင်း သန်းခေါင် သန်းလွဲအချိန်ထိ နေ့စဉ်စောင့်မြဲဖြစ်သည်။ သမီးနှင့်ခင်ပွန်းသည် တို့ အိမ်သို့ ပြန်ရောက်လာကြပြီး နောက်ပိုင်းတွင် စောင့်ရန် ကုလားအလုပ်သမား များကို လွှတ်လိုက်ပြီဆိုမှ သူမမှာ စိတ်အေးရလေသည်။

အယ်လီသည် အဝတ်လဲပြီး မီးဖိုနားသို့ ချက်ချင်းရောက်လာ၏။ သူ့အမေ ပြင်ဆင်ပေးထားသော ပေါင်မုန့်တစ်ချပ်ကို ယိုသုပ်ပြီး ပလုတ်ပလောင်းစားသည်။ ကော်ဖီပူပူကိုလည်း တကျိုက်၊ နှစ်ကျိုက် မှုတ်သောက်သည်။ အေးလာသော သူ့ကိုယ်လုံးကို မီးဖိုနားသို့ တိုးကပ်ထား၏။

မကြာမီမှာပင် သခင်ကြီး အိမ်ပေါ်သို့ တက်လာ၏။

ခင်ပွန်းသည်နှင့် သမီးယယ်တို့ကြားတွင် သခင်မကြီးက ကော်ဖီငှဲ့ပေးခြင်း၊ ပေါင်မုန့်လှီးပေးခြင်းတို့ဖြင့် ပြုစုပေးနေသည်။ ညစာကို ခင်ပွန်းသည် သမီးယယ်တို့ နှင့်အတူ ဝင်စားသည်။

သူတို့မိသားစုသည် ယခုလို ဝိုင်းဖွဲ့ စားသောက်နေကြသည်မှာ ပျော်စရာ ကောင်း၍ ချမ်းမြေ့ဖွယ် ကောင်းလှ၏။ သို့သော် မကြာပါချေ။ သခင်ကြီး၏ လက်ထဲမှပေါင်မုန့်ချပ်သည် ကြမ်းခင်းပြင်သို့ လွတ်ကျသွား၏။ အယ်လီက ဝိုင်းစား နေသော ပါးစပ်ကိုစေ့၍ ထိတ်လန့်တုန်လှုပ်စွာ နားစွင့်ထားသည်။ သခင်မကြီး ၏ မျက်နှာမှာတော့ ချက်ချင်း ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ဆောင်းလေနှင့်အတူ လွင့်ပါလာသော သေနတ်သံများသည် ကုန်းမြင့်သာယာ အိမ်ကြီးကို လာပြီးရိုက်ခတ်နေ၏။ အဆက်မပြတ် တရစပ် ပစ်ခတ်နေကြသော သေနတ်သံများကို အတိုင်းသား ကြားနေရသည်။ သို့သော် အိမ်ကြီးကို အလုံ ပိတ်ထားသဖြင့် ဘယ်ဆီ ဘယ်အရပ်ကဟု ခန့်မှန်း၍ မရနိုင်သေး။ သုံးယောက် စလုံးမှာ အတွေးကိုယ်စီနှင့် တိတ်ဆိတ်နေကြသည်။

မကြာမီမှာပင် တောနက်ထဲသို့ ရေနံတွင်း အစောင့်သွားကြသော ကုလား အလုပ်သမားများ ပြန်ပြေးလာကြသည်။ ထိုအချိန်၌ ကုန်းမြင့်သာယာရှိ တန်းလျား အားလုံးမှ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များမှာ သေနတ်သံကြောင့် လန့်နိုးနေ ကြပြီ။

"သခင်ကြီး သခင်ကြီး"

အိမ်ရှေ့မှခေါ်သံကြောင့် သခင်ကြီးမှာ အသက်ဝင်လှုပ်ရှားလာသည်။ အမေရာ အသံကို ကျက်မိနေသော အယ်လီက တံခါးထဖွင့်ပေးသည်။ ကုလားအလုပ်သမား များသည် နှင်းမှုန်များနှင့်ရော၍ အိမ်ထဲသို့ စုပြုံဝင်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရေနံပိုက်တွေ အစောင့်ချထားတဲ့ ကင်းစခန်းဘက်ကပဲ။ သူပုန်တွေ ထိုးပြီး ထင်တယ်"

မျက်လုံးပြူးပြူး၊ ရေးကြီးသုတ်ပြာနှင့် ကုလားအာမရာက ဆိုသည်။

သူလည်း ဤသို့ပင် ယူဆကြောင်း သခင်ကြီးကခေါင်းညိတ်၏။ သူ့မျက်နှာမှာ အေးစက် မာကြောနေသည်။

"ဒီနေ့ ကျွန်တော်တို့ တောနက်ထဲသွားစောင့်ဖို့ လိုသေးသလား။ သူပုန်တွေ ဟိုမှာပဲ ဝိုင်းနေကြလိမ့်မယ်"

တောနက်ထဲသို့ ရေနံတွင်းစောင့်ရန် သွားရမည်ဖြစ်သော ကုလားအလုပ်သမား တစ်ယောက်က သခင်ကြီး၏မျက်နှာကို မဝံ့မရဲကြည့်ပြီး မေး၏။

"မသွားချင်လဲ နေကြ"

သခင်ကြီးက ဒါပဲပြောသည်။

သေနတ်သံတွေက စဲသွားလေပြီ။

ကုလားအလုပ်သမားများ အိမ်ကြီးပေါ်က ဆင်းသွားကြသည်။ အတန်ကြာသည်အထိ အိမ်ရှေ့တံခါးကို မပိတ်မိ။ လူတွေမှာ အတွေးကိုယ်စီနှင့် ငိုင်နေကြသည်။

နှင်းခဲတွေ လွှင့်ထ၍ ဝင်လာတော့မှ အယ်လီက တံခါးကို ထပိတ်မိသည်။

အစားအသောက်ကိုပင် ဆက်မစားနိုင်တော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ [illegible]းဖိုနားမှာ ထိုင်နေကြသည်။ ရင်ထဲ၌ ရိုက်ခတ်နေကြသော စိုးရိမ်စိတ်တို့[illegible]ကားများပင် မပြောမိကြ။

"သမီး သွားအိပ်တော့လေ၊ ညဉ့်နက်လှပြီ"

အယ်လီမှာ အိပ်ချင်စိတ် မရှိသော်လည်း အဖေ့စကားကို နားထောင်၍ အိပ်ခန်းထဲသို့ ဝင်လာ၏။

သူ့အနားတွင် ဖနီးသည်တစ်ယောက်လုံး ငုတ်တုတ်ထိုင်၍ ကျန်နေသေးသည်ကိုတော့ သခင်ကြီးမှာ အမှတ်ရပုံမပေါ်ဘဲ ငိုင်၍သာနေ၏။

သည်လို အချိန်မတော် အကာလ၌ သေနတ်သံများကို ကြားရပြီဆိုလျှင် သူ့အကျိုးစီးပွားကို ထိခိုက်နိုင်သော အမှုအခင်းတစ်ခုခုသည် ဖြစ်စမြဲတည်း။ ယခုလည်း မိုးလင်းလျှင် ဘာသတင်းများ ကြားရလေဦးမည်မသိဟူသော စိုးရိမ်သောကစိတ်သည် သေနတ်သံများကို ကြားသည်ဆိုကတည်းက သူ့ရင်ထဲမှာ ဖြစ်ပြီးသား။ မကောင်းဆိုးဝါး သတင်းတစ်ခုခုတော့ ကြားရတော့မှာပဲ ဟူသော အတွေးကြောင့် သခင်ကြီးမှာ စိတ်ချောက်ချားလာသည်။

မင်းပြင်ရွာသူကြီး ဦးကျော်စံ အသတ်ခံရသော နေ့ကလည်း ဤလိုအချိန်မှာ ဤလိုသေနတ်သံမျိုးပင်။ မိုးလင်းသည်နှင့်တစ်ပြိုင်နက် ကျော်ဇောဦး ခေါင်းဆောင်သော ရေနံသူပုန်များ ရွာကိုဝင်စီးပြီး သူ့အဖေကို သတ်သွားကြပြီ ဆိုသည်ကို မောင်ကျော်ဟိုးက လာပြော၏။

ကုန်းမြင့်သာယာမှ သေနတ်နှင့်ယမ်းကပ်များကို ကျော်ဇောဦး လာခိုးသွား



သောနေ့ကပင် သခင်ကြီး၏ စိတ်ထဲမှာ တထိတ်ထိတ် ဖြစ်နေခဲ့ရ၏။ လက်နက် [illegible]ခင်အားကောင်းလာသော ရေနံသူပုန်များသည် တစ်နေ့မဟုတ် တစ်နေ့ [illegible] အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာများကိုပင် လာရောက် တိုက်ခိုက်ကြလေဦး[illegible] ဟူသော စိုးရိမ်ပူပန်စိတ်နှင့် ကုန်းမြင့်သာယာ၌ လက်နက် [illegible] ကို ပြန်လည် ဖြည့်တင်းထားခဲ့သည်။ သို့သော် ကျော်ဇောဦး [illegible] လက်နက်တွေ လာခိုးသွားသည် ဆိုခြင်းကိုတော့ [illegible] အလျဉ်းမပြု။ ထိုသတင်းကို အစိုးရနားသို့ [illegible] ခဲယမ်းမီးကျောက်များကို ပေါ့ပေါ့ဆဆထားသည်ဟု [illegible] က် ထုတ်ပေးတော့မည် မဟုတ်ဆိုတာ သခင်ကြီး အတတ်သိသည်။ [illegible] လက်နက်လျှော့ကျ၍ မရလျှင် ဤနေရာ၌ သူတို့မိသားစု ဘယ်နည်းနှင့်မျှ မနေနိုင်ဆိုတာလည်း သူနားလည်ပြီးသား ဖြစ်သည်။ ထို့ကြောင့်လည်း [illegible] ကျော်ဇောဦး သေနတ်နှင့် ဝင်ပစ်သွားပါသည်ဟုသာ တိုင်ကြားခဲ့၏။ တစ်နေ့ထက် တစ်နေ့ အခြေအနေဆိုးလာသည် ဟူသော အကြောင်းပြချက်ကို အစိုးရကလည်း ယုံယုံကြည်ကြည် ရှိသည်။ ကျော်ဇောဦး၏သတင်းများကို မကြာမကြာ ကြားနေရသည်မို့ ပြောင်းရှည်သေနတ် [illegible]စ်လက်နှင့် ခြောက်လုံးပြူးနှစ်လက်ကို နောက်ထပ် ထုတ်ပေးလေသည်။ ယခင်က ဝရမ်းတစ်ထောင်တန် ကျော်ဇောဦးကိုလည်း [illegible]းထောင်တန်ဝရမ်း ထုတ်ပြန်လိုက်သည်။

ယခင်က မိမိအိမ်ကြီးပေါ်၌သာ အမြဲထားလေ့ရှိသော ပြောင်းရှည်သေနတ်များကို အရေးအကြောင်းရှိက ဝိုင်းဝန်း ကာကွယ်နိုင်အောင် ကုလားအလုပ်သမားတွေကို ဖြန့်ဝေပေးထားသည်။ သို့သော် ရေနံသူပုန်များသည် သူ့ကို လာရောက်တိုက်ခိုက်ခြင်း မပြုကြသေးဘဲ မင်းပြင်ရွာကိုသာ ဝင်စီးပြီး သူကြီးဦးကျော်စံကို သတ်သွားကြ၏။ မင်းပြင်ရွာသူကြီး ဦးကျော်စံကို လာသတ်သွားသလို ငါ့ကိုလည်း ရေနံသူပုန်များ တစ်နေ့နေ့ လာသတ်ကြလေမလားဟု တွေးမိသောအခါ သခင်ကြီးမှာ ကုန်းမြင့်သာယာမှပင် ထွက်ပြေးချင်စိတ်ပေါက်မိ၏။ သို့သော် အနှစ်နှစ်အလလ သက်စွန့်ဆံဖျား လုပ်ကိုင်လာရသော အလုပ်အကိုင်များကို အကျိုးခံစားခွင့်ရမှ စွန့်လွှတ်ထားခဲ့ရမည် ဆိုသည်မှာ ဘယ်လိုမှတွေးမရသော စိတ်ကူးပါတကား။

ထို့နေ့က မောင်ကျော်ဟိုး၏ ညှိုးငယ်နေသော ရုပ်သွင်သည် သခင်ကြီး၏ အမြင်အာရုံမှာ ယနေ့ထိ ဘွယ်ငြိနေတုန်း၊ စွဲထင်နေတုန်းပင်။ သူကြီးလေး၏ မျက်ရည်စက်လက်နှင့် အခြေအနေမှာ သူ့ကို ခြောက်လှန့်သွားဟာလည်း ပါလေသလားဟု သခင်ကြီးက ယနေ့ထိ တွေးတုန်း။ သူ့ရုပ်သွင်ကို အမြင်အာရုံ၌ မြင်မိပြီ ဆိုတော့လည်း သူ့အသံတွေက အလိုလို ပေါ်လာကြပြန်သည်။

'ကျွန်တော့်မှာ မိခိုအားထားစရာ တောင်ကြီးပြိုပါပြီအန်ကယ်။ ဒီလို ရှုပ်ထွေးပွေလီလွန်းတဲ့ အရပ်ဒေသမှာ ကျွန်တော်နေချင်စိတ်လည်း မရှိတော့ပါဘူး။ ဆက်နေရင် ကျွန်တော့်ကိုပါ တစ်နေ့မဟုတ်တစ်နေ့ ကျော်ဇောဦးတို့က [illegible] အမှန်ပဲ။ ညကလည်း ထွက်ပြေးလို့သာ သီသီကလေး လွတ်တယ်။ တစ်ရွာလုံး

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြီး ကျော်ဇော်ဦးတို့ အော်ပြောသွားကြလို့ မိုးလင်းတော့ ကျွန်တော့် အဖေမသာမှာ လူတောင်မရှိဘူး။ ရပ်စည်းကမ်း၊ ရွာစည်းကမ်းအရသာ လာကြတယ်ဆိုပေမယ့် သူတို့ရဲ့ မျက်နှာအေးစက်စက်တွေက ကျွန်တော့်ကိုပါ အပြစ်မှာ မြိမ်းခြောက်သွားကြသလိုပါပဲ'

ရေနံသူပုန်တွေကိစ္စနှင့် ပတ်သက်လာလျှင် အမြဲ တက်တက်ကြွကြွရှိခဲ့သော သူကြီးလေးမောင်ကျော်ဟိုးဆီက အထက်ပါစကားကို ကြားရသောအခါ သခင်ကြီးမှာ မျက်နှာကိုပင် မထားတတ်အောင် ဖြစ်ခဲ့ရသည်။

'ရွာနီးချုပ်စပ်တဝိုက်မှာ လှည့်လည်ပြီး ဓားပြတိုက်နေကြတာ ခင်ဗျားတို့က ဘယ်သူ့လူတွေ ထင်သလဲ၊ သစ္စာဖောက် အမျိုးဖျက် ခွေးသူကြီးတို့ သားအဖနဲ့ ရေနံတောင်က ဖလောင်းကြီးလူတွေမဲ့ဆိုတာ ခင်ဗျားတို့ မှတ်ထားကြပါ။ ကျုပ်တို့ကို ဓားပြပါလို့ သက်သက်ဝါဒဖြန့် သိက္ခာချနေတာလည်း ဒီခွေးသူကြီးနဲ့ ဖလောင်းကြီးပဲ။ အဲဒါကြောင့် လာသတ်တာ။ ခင်ဗျားတို့ပစ္စည်းကို ကျုပ်တို့ခြုးတစ်ပြားမှ မယူပါဘူး။ ကျုပ်တို့ကို ကြောက်စရာလည်း မလိုဘူး။ ကိုယ့်အိမ်ကိုယ် ပြန်နေကြပါ။ ဘယ်မှ ထွက်မပြေးကြပါနဲ့"

သူကြီးလေးက သူ့ကိုအားနာ၍ မပြောခဲ့သော်လည်း ထိုနေ့ညက ကျော်ဇော်ဦးတို့ သူပုန်အဖွဲ့က ရွာကိုလျှောက်ပြီး မောင်းခတ်သွားသည် ဆိုသောစကား။

အမှန်က သူကြီးလေးမှာ ဤကိစ္စကို လုံးဝသိသူမဟုတ်။ ကျော်ဇော်ဦးတို့ အဖွဲ့ 'ရွာကိုဝင်စီးပြီး သူ့အဖေကိုသတ်သွားသောညမှ သူကသိရသည်။ ထိုအခါ သခင်ကြီးနှင့် သွားလေသူသူ့အဖေကိုပါ အပြစ်ဆိုလာသည်။ ထို့ကြောင့်လည်း မောင်ကျော်ဟိုးသည် သပိတ်သွတ်ပြီးသည်နှင့် တစ်ပြိုင်နက် သူ့ဆီက လက်နက်ကို အစိုးရအားပြန်အပ်ပြီး ကျောက်ဖြူမြို့သို့ ထွက်သွား၏။ ရှုပ်ထွေးပွေလီလွန်းသော ဤအရပ်၊ ဤဒေသမှာ မနေလိုတော့ဟု ဆိုသည်။ အမှန်က မိမိရွာသားတွေနှင့် ရွာနီးချုပ်စပ်တစ်ဝိုက်မှ လူများကို မျက်နှာပြရမှာ ရှက်၍လည်းကောင်း၊ ကျော်ဇော်ဦးလာသတ်မှာ ကြောက်၍လည်းကောင်း မြို့သို့ ရှောင်ထွက်သွားခြင်း ဖြစ်လေသည်။

သူတစ်ယောက်တည်း သူကြီးရာထူးကိုစွန့်ပြီး မြို့သို့ထွက်သွားသည်မှာ မထောင်းတာလှသော်လည်း သူကြီးလေး ထွက်ပြေးသွားပြီးဟုဆိုသော သတင်းစကားကို ကြားရသောအခါ ရွာနီးချုပ်စပ်ရှိ ရွာခေါင်းတွေကပါ အစိုးရကို လက်နက်ပြန်အပ်သူက အပ်၊ ထွက်ပြေးသူကပြေးနှင့် အမျိုးမျိုးဖြစ်လာကြသည်။ ခေါ်တူရွာမှ ရွာခေါင်းနှင့် သိုင်းချောင်း၊ ကုလားပါမှ ဓားပြတိုက်ခံထားရသော လူအားလုံးမှာလည်း မကြာမီ ရေနံသူပုန်များ ဖြစ်ကုန်ကြလေသည်။

သူကြီးမင်း ဦးကျော်စံနှင့် သခင်ကြီးတို့၏ ဤလှည့်ကွက်ကို တိုင်ပင်၍ အကွက်ဆင်ခဲ့ကြစဉ်က ယခုလိုဖြစ်ပေါ်လာမည့် အရေးအခင်းများကို အားလုံး မေ့ထားခဲ့ကြသည်။ သူတို့နှစ်ဦး၏ ရည်ရွယ်ချက်မှာ တစ်နေ့ထက်တစ်နေ့ အတင့်ရဲ ဆိုးရွားလာကြသော ရေနံသူပုန်များ ညိကွာကျ၍ ရွာနီးချုပ်စပ်ရှိ တိုင်းရင်းသား



များဆီမှ အကူအညီများ ရပ်ဆိုင်းသွားလေအောင်နှင့် ရေနံသူပုန်[illegible] နေကြသော လူငယ်လူရွယ်များလည်း နောက်ထပ် ရေနံသူပုန်[illegible] ကြရလေအောင်ဟူသော ရည်ရွယ်ချက်၊ သို့သော် ခုတ်ရာတခြား [illegible] ဖြစ်၍ ရွာနီးချုပ်စပ်မှ လူငယ်လူရွယ်များမှာ အားလုံး ရေနံသူပုန်[illegible] ကြလေသည်။

ထိုကိစ္စကို သခင်ကြီးက ရေနံပိုက်စောင့်ပေးရန် အစိုးရထံ[illegible] ပုလိပ်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍ မပေါက်မကြားရအောင် ကြိုး[illegible] ဖျက်ခဲ့ကြရသေးသည်။ ထို့ကြောင့်လည်း ရိုးအသောတိုင်းရင်းသား[illegible] သူတို့ ရွာကို ဓားပြလာတိုက်ကြတာ ကျော်ဇော်ဦး ခေါင်းဆောင်သော သူပုန်တွေပဲဟု ယနေ့ အထိ ယုံကြည်နေကြသေးသည်။ တချို့ကလည်း ရေနံသူပုန်တွေပဲလား၊ သခင်ကြီးနှင့်သူကြီးလေးတို့ လူတွေပဲလားဆိုတာ သို့လော၊ သို့လော တွေဝေဝေဝေဖန်နေကြတုန်းပင်။ ဤသည်တို့ကြောင့်လည်း သခင်ကြီးတို့ မိသားစုသည် ယခုအထိ ကုန်းမြင့်သာယာ၌ ဆက်လက်၍ နေနိုင်ကြခြင်းသာ၊ သို့မဟုတ်ပါက ပစ္စည်း၊ ဥစ္စာ၊ အိမ်ယာ အဆောက်အဦများကို ပစ်၍ အသက်ကိုလုပြီး ပြေးကြရသည်မှာ ကြာလှပြီ။

သခင်ကြီးမှာ ခုနစ်ညဉ့်အမျှင်တန်း တွေး၍ မီးဖိုဘေး၌ပင် မိုးလင်းခဲ့ရ[illegible]

အလင်းရောင်နှင့်အတူ ထွက်ပေါ်လာသော သတင်းစကားများမှ ဗိုလ်၍ ထိတ်လန့် ချောက်ချားစရာသာ။

သခင်ကြီး၏ ရေနံပိုက်ကို စောင့်ရှောက်ရန် စေလွှတ်ထားသော ပုလိပ်အဖွဲ့၏ ကင်းစခန်းဂိတ်တဲကို ညက ရေနံသူပုန်များ ဝင်စီးသွားကြ၏။ ပုလိပ်အဖွဲ့၏ အကြီးအကဲဖြစ်သူ မဟုတ်တာချုပ်နှင့် သူ့တပည့်နှစ်ဆယ်ကျော် ကျဆုံးသွားသည်။ ထွက်ပြေးကြသော ပုလိပ်လေးငါးယောက်ပင် ဒဏ်ရာပြင်းထန်စွာ ရသွားကြ၏။ ရေနံသူပုန်များသည် လက်နက်၊ ခဲယမ်းမီးကျောက်များနှင့်တကွ ကင်းတဲစခန်း၏ အမိုးအကာ တာလပတ်များကိုပါ ဖျက်ယူသွားကြသည်။* သခင်ကြီး၏ ရေနံပိုက်ကိုလည်း ရစရာမရှိအောင် ဖျက်ထားခဲ့ကြ၏။

❖ ❖ ❖

---

*[ထိုခေတ်က ရေနံသူပုန်များ ဝင်စီးသွားကြသည်ဆိုသော ကင်းတဲ (ဂိတ်) နေရာမှာ ယခုအခါ ကွင်းပြင်ဖြစ်နေလေပြီ။ ပန်းတောခေါ် ချောင်းဝနှင့် ကုလားပါ ရွာနှစ်ရွာကြား [illegible] ဘေးတွင်ရှိသည်။ ထိုနေရာကို ရွာနီးချုပ်စပ်ရှိ တိုင်းရင်းသား၊ တိုင်းရင်းသူ [illegible] (ဂတ်ရာဟောင်း) ဟူ၍၎င်း။ (ဂါရာဟောင်း) ဟူ၍၎င်း ခေါ်ကြသည်။]

www.burmeseclassic.com

www.burmeseclassic.com



| ၃၅ |

ရေနံပိုက်ဘက်မှ သေနတ်သံများကို ကြားရသည် ဆိုကတည်းကပင် တိုက်ပွဲဖြစ်ပြန်ပြီဟူသော အသိသည် အယ်လီ၏ဦးနှောက်ထဲသို့ ချက်ချင်းလာ၍ ရိုက်ခတ်၏။ ထိုအခါ ရေနံပိုက် သွားစောင့်ကြသော အဖေနှင့် ကုလားအလုပ်သမားတွေအတွက် စိုးရိမ်ပူပန်စိတ်တို့သည် သူမ၏စိတ်ထဲ၌ ချက်ချင်းပြည့်သိပ်လာသည်။

ရေနံပိုက်ဖက်ဆီမှ သေနတ်သံများကို ကြားနေရသဖြင့် ရေနံခပ်နေကြသော အလုပ်သမားများမှ ထိတ်ထိတ်ပျာပျာ ဖြစ်လာကြသည်။ ရေနံခပ်နေကြသော အလုပ်သမားများကို စောင့်ရှောက်ပေးရန် လိုက်ပါလာကြသော မြင်းကိုယ်ရံ သေနတ်ကိုယ်စီနှင့် အလုပ်သမား သုံးလေးယောက်သည်လည်း အယ်လီ၏အနားဆီသို့ ပြေးလာကြသည်။ သူတို့သည် အယ်လီ၏မျက်နှာကို ငေးကြည့်ကာ အယ်လီ၏ အမိန့်သံကို စောင့်နေကြသည်။

သေနတ်သမားများကို ထိုးဖောက်၍ မြေပြင်ကိုတုန်ဟီးစေသော မိုင်းခွဲသံကြီးများကိုလည်း ကြားလာရ၏။ (၅)မိုင်ကျော် ဝေးသောအရပ်မှ တိုက်ပွဲသံတို့သည် အယ်လီ၏ရင်ထဲကို ဗလောင်ဆန်စေသည်။ သည်းတုန်အူတုန် ဖြစ်ရသည်။ စိုးရိမ် ပူပန်ရသည်။

“ကဲ ရေနံခပ်တဲ့လူတွေတော့ ပြီးအောင်ခပ်နေရစ်ကြပါ။ ဘာမှ မကြောက်ကြနဲ့။ ဒီဘက်ကိုတော့ ရေနံသူပုန်တွေ လာမှာမဟုတ်ပါဘူး။ သူတို့ ဟိုဘက်မှာပဲ သဲသဲမဲမဲ တိုက်နေကြလိမ့်မယ်။ အယ်လီတို့တော့ မြန်မြန်ပြန်ကြမှဖြစ်မယ်။ အယ်လီ ဒက်ဒီတို့ဆီ အကူလိုက်ချင် လိုက်ရမှာ”

အယ်လီသည် တောနက်ထဲရှိ ရေနံခပ်နေကြသော အလုပ်သမားများကို မှာထားခဲ့ပြီး မြင်းကို တက်သုတ်ရိုက်နှက်ကာ ကုန်းမြင့်သာယာသို့ ဒုန်းစိုင်းပြေးချလာသည်။ သူ့နောက်မှာ မြင်းကိုယ်စီ၊ သေနတ်ကိုယ်စီနှင့် အလုပ်သမားသုံးယောက်တို့ကလည်း မြင်းကိုအပြင်းနှင်၍ လိုက်လာကြသည်။

အဖေ့အတွက် စိုးရိမ်စိတ်ကြောင့် ဝါးလုံးထိုးပြေးနေသော မြင်းကိုပင် အယ်လီ့စိတ်ထဲမှာ နှေးကွေးလွန်းသည်ဟု ထင်နေသည်။ ကြာပွတ်နှင့် တဖြောင်းဖြောင်း ရိုက်နေသော်လည်း မြင်းပြေးနှုန်း စံကုန်နေပြီဆိုသည်ကို သူမမှာ သတိမရမိ။ သူ့နောက်မှ အပြေးလိုက်လာကြသော မြင်းသုံးစီးသည် ဝေး၍၊ ဝေး၍ ကျန်ရစ်ခဲ့ပြီဆိုတာလည်း သူကသတိမရ။ အဖေ့အတွက် စိုးရိမ်စိတ်ကသာ စောနေသည်။

မြင်းကို အပြင်းစီး၍ ကုန်းမြင့်သာယာသို့ ပြေးလာသော သူမ၏ စိတ်သည် မြင်းပြေးနှုန်းထက်ပင် လျင်မြန်နေသည်။ တရိပ်ရိပ်ဝေးကျန်ခဲ့သော သစ်ပင်၊ တောတောင်များနှင့်အတူ မိမိတို့၏ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အခြေအနေ အရေးအခင်း၊ အခန်းကဏ္ဍတို့သည်လည်း သူမ၏စိတ်ထဲမှာ ပေါ်လာလိုက် ပျောက်သွားလိုက် ဝေး၍ ဝေး၍ ကျန်ရစ်နှင့် အတွေးတို့သည် ရှုပ်ထွေးနောက်ကျလာသည်။



ကျော်ဇောဦးခေါင်းဆောင်သော ရေနံသူပုန်များသည် ဤမျှရဲတင်း သောင်းကျန်းလာကြလိမ့်မည်ဟု အစက လုံးဝ မတွေးမိခဲ့သော်လည်း ယခုလက်ရှိ အခြေအနေမှာကား အံ့ဘွယ်သရဲပင် ဖြစ်လာကြသည်။ တောနက်ထဲရှိ ရေနံလာခပ်သူများအား မကြာမကြာ ချောင်းမြောင်းပစ်ခတ်၍ နှောင့်ယှက်သည်။ ရေနံတွင်းများရှိသော တောအားလုံးကို တိုင်းရင်းသားလူမျိုးများအား တောင်ယာခုတ်စေပြီး အတော်အသင့် ရှင်းလင်းထားနိုင်ခဲ့သော်လည်း အပေါ်မှ ကျောက်တောင်ကြီးများကို မိုင်းခွဲဖြိုချ၍ ရေနံတွင်းများကို မြေကြီးထဲရောက်သွားအောင် ဖျက်ဆီးပစ်ကြသည်။ မြေသား၊ ကျောက်တုံးတွေနှင့် နစ်မြုပ်ဖုံးလွှမ်းနေသော ရေနံတွင်းများကို ပြန်လည် တူးဖော်နိုင်ရန် ကြိုးစားနေချိန်တွင် ရေနံပိုက် အစောင့်အရှောက်အဖြစ် အစိုးရက ချထားသော ကင်းစခန်းဂါတ်ထဲကို ဝင်စီးကြသည်။ ရေနံပိုက်များကို ဖျက်ဆီးသည်။ လက်နက်ယူ၊ လူသတ် လုပ်လာကြသည်။ လက်နက်အင်အား၊ လူအင်အား ကောင်းလာသော ရေနံသူပုန်များမှာ အစိုးရတပ်များကိုပင် ပမာမခန့် လုပ်လာကြသည်။ ထို့ကြောင့်လည်း ကင်းစခန်းကို သူပုန်တွေ ဝင်စီးသွားကြပြီဆိုသောသတင်းကို ကြားရသောအခါ သက်ဆိုင်ရာအာဏာပိုင်တို့မှာ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားကြလေသည်။ သူပုန်ဗိုကျော်ဇောဦးကို ဆုငွေ တစ်သောင်း ထုတ်လိုက်သည်ဆိုသော ဝရမ်းစာရွက်တွေက ဟိုရွာ သည်ရွာသို့ ပလူပျံအောင် ရောက်လာကြသည်။ တောနယ်မှ မြို့သို့ အရောင်းအဝယ်လာသူတိုင်းအား ဝရမ်းစာရွက်တွေ ဝေငှပေးသည်။ ဟိုလမ်းဆုံမှာကပ်၊ သည်လမ်းဆုံမှာကပ်နှင့် ဝရမ်းစာရွက်တွေသာ ရှုပ်ယှက်ခတ်နေခဲ့၏။ သူပုန်တွေ ထကြွသောင်းကျန်းမှုကတော့ ငြိမ်ဝပ်ပိပြားသွားခြင်း မရှိခဲ့ချေ။ နောက်ထပ် ပုလိပ်အဖွဲ့နှင့် စစ်တပ်ဆိုတာလည်း ပေါ်မလာသေး။ ရေနံသူပုန်ကိစ္စနှင့် သူတို့မည်မျှ တုန်လှုပ် ခေါင်းရှုပ်နေကြပြီဆိုတာ ဤသည်တို့က သက်သေခံနေသည်။

ပြည်ပိုင်အစိုးရလုပ်နေပြီး ရေနံသူပုန်များကို ဤမျှကြောက်ရွံ့နေရသလားဟု အစိုးရကို အယ်လီတို့ တစ်အိမ်လုံးက ဒေါပွနေကြသည်။ သူပုန်ခေါင်းဆောင် ကျော်ဇောဦးနှင့် ရင်ဆိုင်တိုက်ရသော တိုက်ပွဲကို အယ်လီ၏ စိတ်ထဲက စိတ်ပေါက်ပေါက်နှင့် တောင့်တနေမိသည်။ ရေနံသူပုန်များနှင့် တိုက်ပွဲတစ်ခါ နှစ်ခါ ဖြစ်ဖူးသော်လည်း ထိုအထဲတွင် ကျော်ဇောဦး ပါ၊မပါကိုကား မသိရ။ သည်ကြားထဲ ယခင် သုံးလေးရက်လောက်က ဆိုင်တွင် ရေနံရောင်းနေသော အမေ့ကို အနှကြမ်း ဝင်စီးသွားကြသေး၏။ ထိုအထဲမှာလည်း ကျော်ဇောဦးတော့ ပါမလာဟု အမေကဆိုသည်။ ရေနံသူပုန်များသည် ရေနံလာဝယ်ကြသော တိုင်းရင်းသားအသွင်ကိုဆောင်၍ ဆိုင်ထဲသို့ ဝင်လာကြသည်။ ပိုက်ဆံပေး မလိုလို့နှင့် အနားကိုရောက်မှ အမေ့ဗိုက်ကို ခြောက်လုံးပြူးနှင့်ထောက်ပြီး ဆိုင်ထဲရှိ ရေနံရောင်းရငွေကို သိမ်းသွားကြသည်။ အမေ့ခုံအောက် ဆွဲအံထဲမှ ခြောက်လုံးပြူးနှင့် လက်ပတ်လက်စားတွေကို အတင်းဖြုတ်ယူသွားကြ၏။ အပြန်မှာ အမေ့ကို ကြိမ်းသွားကြသေးသည်။ အသက်မသေချင်ရင် သုံးရက်အတွင်း ကုန်းမြင့်သာယာမှ ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြပါတဲ့။

နောက်ထပ် ခြောက်လုံးပြူးတစ်လက်သည် အမေ့ခါးကြားထဲတွင် အမြဲ ရှိနေသော်လည်း ထိုနေ့ကပင် အမေ့မှာ သွေးလန့်နေ၏။ ကုန်းမြင့်သာယာရှိ အလုပ်သမားတွေမှာလည်း ကျီးလန့်စာစားပင်။ သေနတ်သံတစ်ချက်ကြားရုံနှင့် သွေးပျက်ချင်နေကြသည်။ ရေနံဆီဆိုင်မှာလည်း အမြဲ အစောင့်ချထားရ၏။ အစောင့်မရှိလျှင် အမေက ဆိုင်မထိုင်ရဲတော့။ ဆိုင်ဝမှာ အလုပ်သမားတယောက် က ပြောင်းရှည်တစ်လက်နှင့် အမြဲစောင့်နေသည်ကိုပင် အမေ့စိတ်မှာ မလုံမလဲ ဖြစ်တုန်း။ အနုကြမ်းဝင်စီးခံရသော နေ့ကပင် တိုင်းရင်းသား ရေနံ လာဝယ်သူများကို ဆိုင်ထဲသို့ လုံးဝမဝင်စေရ။ အပြင်ကသာ စောင့်ဝယ်စေခဲ့သည်။ အခြေအနေမှာ ရေနံဆီ လာဝယ်သည်ဆိုသော တိုင်းရင်းသားများကိုပင် စိတ်မချရတော့။ သူတို့ကို မဆိုထားလေနှင့် မိမိတို့ဆီမှ မိမိတို့၏ ကျွန်အလုပ်သမား ကုလားများကိုပင် ယနေ့ကာလမှာ စိတ်မချရ ဖြစ်လာသည်။ ယခင်က မိမိတို့အပေါ်တွင် သစ္စာ ရှိလွန်းလှပါသည်ဆိုသော ပျားတဲရွာရှိ ရေနံဆီဆိုင်ခွဲမှ ဆိုင်တာဝန်ခံ ကုလား ချဒ္ဒီသည်ပင် ယခုအခါ ရေနံပိုက်ကို သူပုန်များက ဖျက်သွားပလားဆိုသော သတင်းကိုသာ နားစွင့်နေသည်။ ရေနံပိုက်ကို သူပုန်များ လာဖျက်ပြန်ပြီ ဆိုသော သတင်းကို ကြားရသည်နှင့်တစ်ပြိုင်နက် ဆိုင်ထဲရှိရေနံတွေကို သူက မှောင်ခို လိုက်ပြီ။ သည်နေ့ ရေနံပိုက်မှလာသည့် ရေနံမှာ ဤမျှသာဆိုလျှင် ဘာမျှမတတ်နိုင်။ သူပုန်တွေကိုသာ အပြစ်ဖို့ရတော့မည်။ သူ့ဆိုင်ကို မကြာမကြာ ရေနံသူပုန်များ လာစီးကြသည်ကိုပင် သူက သဘောကျနေလိမ့်မည်။ သည်လို ဇရတ် ဇရက် ကြားထဲတွင် သူက အမြတ်ထုတ်နိုင်သည် မဟုတ်ပါလား။ စာရင်းအင်းတွေကို မီးရှို့ပြီး ငွေတွေအားလုံးကို သူပုန်တွေ ယူသွားကြပါသည်ဆိုလျှင် အယ်လီတို့မှာ ဘာမျှ မတတ်နိုင်။ သိလျက်နှင့် ကိုယ့်ဘက်က ချွတ်ယွင်းနေသည်မို့ မသိချင်ယောင် ဆောင်နေရ၏။ နောက်တော့ ပျားတဲရွာရှိ ရေနံဆီဆိုင်မှာလည်း ကင်းဂါဟ်တစ်ခု အစောင့်ထားရသော အခြေအနေသို့ပင် ရောက်လာသည်။ မြို့နှင့်နီးသော ဖိုကင်း ဂါတ်ကို ရေနံသူပုန်များ ဝင်မစီးရဲကြသေး၍သာ တော်နေသေး၏။ သို့သော် လုံးဝကား စိတ်မချရသေး။ တစ်နေ့မဟုတ်တစ်နေ့ ကျော်ဇောဦး ခေါင်းဆောင်သော ရေနံသူပုန်များ လာစီးလေမလားဟု အယ်လီတို့ မိသားစုမှာ ရင်ဖိုထိတ်လန့် ဖြစ်နေရသည်။

ကုန်းမြင့်သာယာရှိ ရေနံဆီဆိုင်ကို သူပုန်များ အနုကြမ်း ဝင်စီးသွားကြ သောနေ့ကလည်း အစိုးရကို ချက်ချင်းသွားတိုင်ရသည်။ မကြာမီ ကာလအတွင်း မှာပင် ကုန်းမြင့်သာယာနှင့် နီးသောရွာနီးချုပ် စပ်တဝိုက်တွင်ရှိ ရွာများအားလုံး မှာ ကင်းစခန်းနှင့်စစ်ဘပ်များ လာချထားလိမ့်မည်ဟု သိရသော်လည်း ယနေ့အထိ ပေါ်မလာကြသေး။ အတင့်ရဲ သောင်းကျန်းလာကြသော ရေနံသူပုန်များကို လောလောဆယ် မည်သို့မည်ပုံ အစီအစဉ် ရေးဆွဲရမည်ဆိုသည်ကို အစိုးရ အာဏာပိုင်တွေမှာ ညှိနှိုင်းတိုင်ပင်၍ မပြီးနိုင်ကြသေး။ ရွာနီးချုပ်စပ် တစ်ဝိုက်ရှိ



တိုင်းရင်းသားတွေကပါ သူပုန်ကိုသာ အားပေးအားမ ပြုလာကြသည်မို့ အဖြေ ရှာမရသော ပြဿနာအတွက် အစိုးရအာဏာပိုင်တို့မှာ ခေါင်းရှုပ်နေကြပုံရသည်။ ဘုရင်ခံသိသွား၍ သူတို့ သိက္ခာကျမည်ကိုလည်း စိုးရိမ်နေကြပုံရလေသည်။

မည်သို့ပင်ဖြစ်စေ မိမိတို့၏ ပင်မစီးပွားရေးကြီးတစ်ခုလုံး ဆုံးရှုံးပျက်စီးသွား၏ မည့်အရေးကိုတော့ အယ်လီတို့မိသားစုမှာ လျစ်လျူရှုမထားနိုင်ကြ။ ထို့ကြောင့် လည်း အယ်လီနှင့် သူ့အဖေတို့နှစ်ယောက်မှာ မိမိတို့၏ ကုလားအလုပ်သမားများနှင့် တောနက်ထဲရှိ ရေနံတွင်းများကို လှည့်စုံခွဲပြီး သွားစောင့်ရ။ ရေနံပိုက်ကို လှည့်ကြည့်ရနှင့် အလုပ်များလျက် ရှိကြသည်။

ယနေ့လည်း သခင်ကြီးသည် ကုလားအလုပ်သမား လေးငါးယောက်၊ သေနတ် သုံးလေးလက်၊ မြင်းကိုယ်စီနှင့် ရေနံပိုက်စောင့်ရန် ထွက်သွားကြသည်။ အယ်လီ ကိုတော့ ရေနံခပ်သွားကြသော အလုပ်သမားများကို စောင့်ရှောက်ပေးရန် တောနက် ထဲသို့ လွှတ်လိုက်၏။ ရေနံပိုက် သွားစောင့်ရသည်မှာ ပို၍ အန္တရာယ်များမှန်း သိသဖြင့် သခင်ကြီးက သမီးဖြစ်သူကို တောနက်ထဲသို့ လွှတ်ပြီး ရေနံပိုက်ကို သူကိုယ်တိုင် သွားစောင့်ခြင်းဖြစ်သည်။ ရေနံပိုက်တွင် အစိုးရ၏ အစောင့်ပုလိပ်များ ရှိခဲ့စဉ်က တောနက်ထဲရှိ ရေနံတွင်းများကိုသာ သွားစောင့်ရသော အယ်လီတို့ သမီးနှင့်အဖေမှာ ယခုရေနံပိုက်ကိုပါ နှစ်ဘက်၊ နှစ်ဌာန လှည့်စုံခွဲပြီးစောင့်နေကြ ရသောအခါ နေရေးသည် အားသည်ဟုပင် မရှိတော့။ ထို့ကြောင့်လည်း ယခင်က ရေနံတွင်းများရှိရာ တောနက်ထဲသို့ပင် မရောက်ဖူးရှာသော မိန်းကလေးမှာ ယခု မြင်းကြီးကိုအပြင်းစီး၍ တောနက်ထဲမှ ပြေးလာလိုက်သည်မှာ ယောက်ျားရင့်မာ ကြီးများပင် ဘယ်ဆီ ဆင်းကျန်ရစ်ခဲ့သည်ဆိုတာ သူမမှာ သတိမရ။ သြော် မိမိ တို့၏ အကျိုးစီးပွားအတွက်နှင့် ကျေးရှူးရှင်အဖေ၏ အသက်ခန္ဓာအတွက် ဆိုတော့ လည်း မောရမှန်းမော့မှန်းကိုပင် သတိမရနိုင်ပါချေ။

ယခင်က ပန်းပွင့်မှာ်ဝတ်လှာကို ချောမွတ်နူးညံ့ခဲ့သော သူမ၏ အသားအရေ တို့မှာ ယခုအခါ ကြမ်းတမ်း ခက်ထရော်နေချေပြီ။ ယောကျ်ားရင့်မာကြီးများ ဖြစ်ကြသော ကုလားအလုပ်သမားများနှင့် ရင်ဘောင်တန်းကာ နေပူမိုးရွာမရှောင် အပြေးအလွှား လုပ်ကိုင်နေရသည် မဟုတ်ပါလား။ မိဘလုပ်သူတို့၏ အတော မသတ်နိုင်သော လောဘရမ္မက်ကြားတွင် တေတေပေပေ ကြမ်းကြမ်းတမ်းတမ်းနှင့် လုပ်နေရသည်မှာ အမှန်ကတော့ သူ့ခမျာ သနားစရာပင်။

အယ်လီ ကုန်းမြင့်သာယာသို့ ရောက်လာချိန်မှာ နေသည်ပင် အတော်စောင်း နေလေပြီ။ တိုက်ပွဲဖြစ်ကြသော ရေနံပိုက်များရှိရာဘက်ဆီမှ သေနတ်သံများကို လည်း မကြားရတော့။

နဂိုကပင် သွေးပျက်ချင်နေသော မိခင်လုပ်သူကို အိမ်ရှေ့မှာ ဆောက်တည် ရာမရ ဖြစ်၍တွေ့ရသည်။ ကုလားအလုပ်သမားတွေနှင့် ဒက်ဒီ ရေနံပိုက်စောင့်ရန် ထွက်သွားသောဘက်မှ သေနတ်သံများကို ကြားရသဖြင့် မိခင်လုပ်သူ၏ ရင်ထဲမှာ အဖေ့အတွက် မည်မျှ စိုးရိမ်ပူပန်နေရလိမ့်မည်ဆိုတာ အယ်လီက တွေးပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မာမီ၊ ဒက် ဒက်ဒီဆီကို သမီး ခုချက်ချင်း လိုက်သွားမယ်"

ထိတ်ထိတ်ပြာပြာ ဖြစ်နေသော သူ့အမေကို အယ်လီက ခရီးရောက်မဆိုက် ပြောလိုက်သည်။

သခင်မကြီးမှာ သမီးမျက်နှာကို ကြောင်ကြည့်ပြီး ခဏတော့ တွေဝေနေသေး၏။ ပြီးမှ...

"သေနတ်သံတွေလည်း စဲသွားပြီပဲ။ သမီးလေး ခဏနားပါဦးလားကွယ်"

အပန်းတကြီးပြေးလာရသော သမီး၏ညှိုးညှိုးငယ်ငယ် မျက်နှာကိုကြည့်ကာ သခင်မကြီးက ဂရုဏာသက်စွာဆိုသည်။

"သမီးတော့ ခုချက်ချင်း လိုက်သွားချင်တာပါပဲ မာမီရယ်။ ဒက်ဒီကို သမီး စိတ်မချဘူး"

အယ်လီ၏အသံမှာ ဆို့နင့်လာသည်။

"သ သမီး အဖေအတွက် စိုးရိမ်သလို မာမီလည်း စိုးရိမ်တာပါပဲသမီးရယ်။ ဒါပေမယ့် ဟိုက အခြေအနေကိုမသိရဘဲ သမီးတစ်ယောက်တည်း ရမ်းလိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲကွယ်"

ခင်ပွန်းသည်အတွက် စိုးရိမ်ပူပန်စိတ်တို့က ရင်ထဲ၌ ဘောင်ဘင်ခတ်နေသော သခင်မကြီး၏အသံမှာ စကားပြော၍ မဖြစ်နိုင်လောက်အောင် တုန်ရင် အက်ကွဲနေသည်။ ရေနံပိုက်သွားစောင့်သော ခင်ပွန်းသည်မှာ ရေနံသူပုန်တွေနှင့် တိုက်ပွဲဖြစ်၍ သေသည် ရှင်သည်ဟုမသိရသေးဘဲ သမီးဖြစ်သူက အဖေ့ထံသို့ ချက်ချင်း လိုက်သွားမည်ဟု ဆိုသောအခါ သခင်မကြီးမှာ သမီးငယ်အတွက် စိုးရိမ်ရပြန်သည်။ သူမမှာ အားကိုးအားထားရာဆို၍ ဤအရပ် ဤဒေသမှာ ဤသမီးနှင့် ခင်ပွန်းသည်တို့သာ ရှိသည်မဟုတ်ပါလား။ သမီးတစ်ယောက်တည်း ပြေးလိုက်သွား၍ မတော်တဆလမ်းတွင် ရေနံသူပုန်များနှင့် ထိပ်တွေ့ကာ သမီးနှင့်အဖေတို့ နှစ်ယောက်စလုံးသာ မဆိုကောင်း၊ ဆိုကောင်း ဖိတ်ဖိတ်စဉ်စဉ် ဖြစ်သွားပါက သူမ၏ မှီခိုအားထားရာ ကမ္ဘာကြီးမှာ မီးဟုန်းဟုန်းတောက်၍ ပျက်စီးသွားသည်နှင့် ဘာများ ခြားနားလေဦးမည်နည်း။ ထို့ကြောင့်လည်း အဖေကြီးအတွက် စိုးရိမ်စိတ်စောနေသော သမီးငယ်ကို အကျိုးအကြောင်းပြော၍ တိုက်ပွဲဖြစ်နေသော ရေနံပိုက်ဘက်သို့ လိုက်မသွားရန် ချော့မော့ တားရပြန်လေသည်။ ယခုလို တုန်လှုပ်ချောက်ချားဖွယ် ကောင်းသောကာလတွင် ယောကျ်ားရင့်မာကြီးများ ထက်ပင် အားကိုးရသော သမီးငယ်တစ်ယောက် အနားမှာရှိနေလျှင် သူမှာ တအားပင် မဟုတ်ပါလား။

အယ်လီသည် သူမစီးလာသော မြင်းကြီး၏ လည်ပင်းကိုဖက်ကာ ငိုင်နေသည်။ အဖေကြီးအတွက် စိုးရိမ်စိတ်က ရင်ထဲ၌ အတိုင်းမသိ ရိုက်ခတ်လာသောအခါ မျက်ရည်တို့မှာလည်း ဆည်မနိုင် တားမရပါတကား။

"ကဲ ဟိုမှာ အာလပွန်တို့ ပြန်လာနေကြပြီ။ သူတို့ကို အမေမေးလိုက်ပါ့မယ် သမီးရယ်။ ကဲ...တိတ် မငိုကောင်းဘူး"



အယ်လီသည် မြေပြင်ကို ငုံ့ကြည့်နေရာမှ မျက်ရည်တို့ သုတ်လိုက်သည်။ မြင်းခွာသံများသည် သူ့နားထဲမှာ ဆူညံနေ၏။ လှည့်ကြည့်လိုက်သောအခါ ကုလားအာလပွန်တို့ လူစုကို လှမ်းမြင်ရ၏။

သူ့နောက်မှ ပြေးလိုက်လာကြသော ကုလားအလုပ်သမား သုံးယောက်မှာ ယခုမှ ကုန်းမြင့်သာယာသို့ ရောက်လာကြသည်။

"ကဲ မင်းတို့သုံးယောက် ရေနံပိုက်ဘက်ကို လိုက်သွားကြ။ ... လည်း သွားကြနော်။ အကျိုးအကြောင်း သိရရင် တော်ပါပြီ"

မကြာမီကမှ တိုက်ပွဲဖြစ်သံကြားရသော ရေနံပိုက်ဘက်သို့ သူတို့သွားကြရမည်ဆိုသော သခင်မကြီး၏အမိန့်ကို ကြားရသောအခါ ကုလားအလုပ်သမား သုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောင်သွားကြသည်။

"သမီးလည်း လိုက်သွားပါရစေလား မာမီရယ်"

"အို သမီးက မိန်းမသား၊ လိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲကွယ်။ ဟိုက အခြေအနေကိုမှ မသိရသေးတာ။ ကဲ နင်တို့ မြန်မြန်သွားကြလေ။ နင်လည်း မြင်းယူပြီး လိုက်သွားပါ"

တောနက်ထဲမှ အယ်လီနှင့် ရှေ့ခင့်နောက်ဆင့် ပြန်ရောက်လာသော ကုလားအလုပ်သမားသုံးယောက်အပြင် သူ့ဆိုင်ထိုင်နေလျှင် ရေနံဆီဆိုင်ဝမှာ အမြဲစောင့်နေရသော ကုလားကလေး ပန်ချပ်ကိုလည်း သခင်မကြီးက ထည့်လိုက်၏။

သေနတ်ကိုယ်စီ၊ မြင်းကိုယ်စီနှင့် သွားကြသော ကုလားအလုပ်သမားများကို ငေးကြည့်ကာ အယ်လီတို့ မအေနှင့်သမီး နှစ်ယောက်မှာ အတွေးကိုယ်စီနှင့် ငေးကျန်ရစ်ကြသည်။

အယ်လီ၊ သခင်မကြီးနှင့် ကုန်းမြင့်သာယာရှိ အကုန်လုံးသော သူတို့မှာ တိုက်ပွဲမှ ပြန်လာကြမည်ဖြစ်သော လင်သားများကိုသာ စိတ်တထင့်ထင့် ရင်တမမနှင့် စောင့်မျှော်လျက်ရှိကြ၏။ စိုးရိမ်သောက ကိုယ်စီနှင့်မို့ သူတို့မှာ တစ်ယောက်နှင့် တစ်ယောက်ပင် စကားမပြောနိုင်ကြရှာ။ အတွေးကိုယ်စီနှင့်သာ ငိုင်နေကြသည်။

တိုက်ပွဲမှ ဒဏ်ရာ အပြင်းအထန်ရလာသော ကုလားအလုပ် သမားတစ်ယောက်၏ မချိတင်ကဲ ညည်းညူလာသံကို ကြားရသောအခါ ကုန်းမြင့်သာယာရှိ အကုန်လုံးသော သူတို့မှာ ချက်ချင်း ထိတ်ထိတ်ပျာပျာ ဖြစ်လာကြသည်။

တိုက်ပွဲမှ ပြန်လာကြသူများအား ပြေးကြိုသူကကြို၊ ငိုသူကငိုနှင့် ကုန်းမြင့်သာယာတစိုက်မှာ အန္တရာယ်တို့က လွှမ်းပါလေပြီ။

တိုက်ပွဲဖြစ်သွားသော ရေနံပိုက်ဘက်ဆီသို့ အခြေအနေ စုံစမ်းရန် သခင်မကြီး စေလွှတ်လိုက်သော ကုလားအလုပ်သမားများနှင့် တိုက်ပွဲမှပြန်လာကြသူများမှာ လမ်းခုလတ်၌ဆုံမိကြ၍ ကုန်းမြင့်သာယာသို့ စုပေါင်းကာ ပြန်လာကြခြင်း

www.burmeseclassic.com



ဖြစ်သည်။

ရှေ့ဆုံးမြင်းပေါ်မှသခင်ကြီးအား ကုလားအလုပ်သမားတစ်ယောက်က နောက်ကနေ ဖေးမကိုင်ယူလာရသည်ကို မြင်ရသောအခါ သခင်မကြီးနှင့် အယ်လီတို့မှာ ရင်ဆို့သွားကြ၏။

သခင်ကြီးနောက်မှ လိုက်ပါလာကြသော မြင်းများပေါ်မှာလည်း သွေးသံရဲရဲနှင့် အသက်ဝိညာဉ် ကင်းမဲ့နေပြီးဖြစ်သော ကုလားမသား သုံးလောင်းကို တင်ယူလာကြသည်။

အယ်လီနှင့်သခင်မကြီးတို့မှာ ရေကြီးသုတ်ပြာနှင့် သခင်ကြီးအနားသို့ ပြေးလာကြသည်။ ကုလားအမျိုးသမီးများကလည်း တအီအီငို၍ နောက်က လိုက်လာကြိုနေကြ၏။

"ဘွင်ပရား၊ အသက် မရှိ"

ကုလားအလုပ်သမား တစ်ယောက်၏ နောက်ကနေအပြောကို သခင်ကြီးက လက်ကာပြလိုက်၏။ ကုလားအလုပ်သမားမှာ စကားရှေ့မဆက်တော့ဘဲ ခေါင်းငုံ့သွားသည်။ စောစောက မချိတင်ကဲ ညည်းညူလာသော ကုလားစွပ်ပရားမှာ ကုန်းမြင့်သာယာအရောက်၌ အသက်ပျောက်သွားပြီဖြစ်သည်။

"ဒက် ဒက်ဒီ။ လက်မောင်းမှာလည်း သွေး သွေး"

အဖေ့ လက်မောင်းတစ်ဖက်မှ စီးကျနေသောသွေးကို မြင်ရသဖြင့် အယ်လီ၏ အမေးစကားသံက ချက်ချင်းတိမ်ဝင်သွား၏။

သခင်မကြီး၏မျက်နှာမှာ ရုတ်ခြည်းသွေးဆုတ်၍ ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

"အာမရာ၊ သူတို့ကို ကြည့်ပြီး စီစဉ်လိုက်ပါကွယ်"

သူအား မြင်းပေါ်မှ ကူညီဖေးမ၍ သယ်ချပေးကြသောသမီးနှင့် ဇနီးသည်အား လုံးဝ စကားမပြောသေးဘဲ ကုလားမသား သုံးလောင်းကိုသာ သူတို့၏ ထုံးတမ်းစဉ်လာအရ မြေမြှုပ်သင်္ဂြိုဟ်ရန် သခင်ကြီးက အာမရာအား အရေးတကြီး ညွှန်ကြားနေသည်။

အနိဋ္ဌာရုံမြင်ကွင်းတို့ကြောင့် ကုလားအမျိုးသား၊ အမျိုးသမီး၊ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များမှာ ထိတ်လန့်ကြောက်ရွံ့၍ သွေးပျက်နေကြသည်။

ရေနံပိုက်ကိုလာ၍ ဖျက်ဆီးနေကြသော ဗိုကျော်ဇောဦး ခေါင်းဆောင်သည့် ရေနံသူပုန်များနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ကာ သခင်ကြီး၏ လက်တစ်ဖက်မှာ ကျည်ထိလာသည်။ တစ်ဘက်နှင့်တစ်ဘက် တိုက်ပွဲ အပြင်းအထန်ဖြစ်နေကြစဉ် အပေါ်စီးမှ နေရာကောင်းရထားသော ရေနံသူပုန်များက ကျောက်တောင်ကြီးကို အပေါ်မှ မိုင်းခွဲဖြိုချကြသဖြင့် သခင်ကြီး၏ ပေါင်တစ်ဖက်ကလည်း ကျောက်ပိ၍ သွင်သွင်ကျိုးလာ၏။ ကုန်းမြင့်သာသို့ သယ်ဆောင်လာရသော ကုလားအလုပ်သမား မသားသုံးလောင်းအပြင် မြေတွေ၊ ကျောက်တွေပိ၍ ကျန်ရစ်သော ကုလားအလုပ်သမား တစ်ယောက်ကလည်း ရှိသေး၏။ မြေထဲ၌ နစ်မြုပ်သေဆုံးသွားသော



ကုလားမသားကို တူးဖော်ရန် အချိန်မရခဲ့။ ရေနံပိုက်နားတွင် ကျည်ထိ၍ မသေမရှင် အသက်ငင် ကျန်ရစ်သော မြင်းနှစ်ကောင်ကလည်း ရှိသေးသည်။ ယနေ့တိုက်ပွဲ၌ သခင်ကြီးတို့မှာ အရှုံးကြီး ရှုံးခဲ့ကြ၏။

အိမ်ကြီးပေါ်ကိုရောက်ရှိ၍သခင်ကြီးတို့ကို အကြောင်းစုံသိရသောအခါ စိတ်မထိန်းနိုင်ရှာသူ အယ်လီမှာ မိခင်၏ ခြေသလုံးတစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ တရှုံ့ရှုံ့ငိုတော့၏။ သခင်မကြီးမှာလည်း တအီအီငိုလျက်က သခင်ကြီး၏ ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်တွေကို ဆေးထည့် ပတ်တီးစည်း လုပ်ပေးနေရှာသည်။

"ဒီလို အန္တရာယ်များတဲ့ တောကြီး၊ တောင်ကြီးထဲမှာ သမီးတော့ နေလိုစိတ် တောင် မရှိတော့ပါဘူး ဒက်ဒီရယ်။ သမီးတို့ အမိနိုင်ငံကို ပြန်ကြပါရို့လား။ သူတစ်ပါးတိုင်းပြည်မှာ နေရတာ အသက်အန္တရာယ် နီးလွန်းပါတယ်"

သမီးငယ်၏ မချိတင်ကဲပြောနေသံကို ကြားရသောအခါ သခင်ကြီး၏ မျက်နှာမှာ လူသေတစ်ယောက်၏ မျက်နှာလို အေးအေးစက်စက် ဖြစ်လာသည်။ ပင့်သက်ကို အခါခါချရင်းမှသည် မကျေမနပ်သော အရိပ်တစ်ခုကလည်း သခင်ကြီး၏ မျက်နှာမှာ အပြေးအလွှားပေါ်လာ၏။ သခင်ကြီးသည် အံကိုကြိတ်၍ တံတွေးကို တကျိုက်ကျိုက် မျိုချနေ၏။ ပြီးမှ သမီးငယ်၏မျက်နှာကို ဂရုဏာ သက်စွာ ငေးကြည့်ပြီး။

"ပြောမှပြောရက်ပလေ သမီးရယ်၊ ဒီမြေကို ပိုင်ဆိုင်ရေးအတွက် ဒက်ဒီ ဘယ်လောက် အပင်ပန်းခံ လုပ်လာရတယ်ဆိုတာ သမီးမသိလို့ ဒီလိုပြောရက်တာပေါ့။ ဒီနေရာကို အဘေးဘိုးရောက်လာတုန်းက သူငယ်ချင်းသုံးယောက်ပါသမီး အဖေတစ်ယောက်တည်း မဟုတ်ဘူး။ သူငယ်ချင်းတစ်ယောက်က ငှက်ဖျားမိပြီး ခြောက်လအကြာမှာ ဆုံးသွားတယ်။ ကျန်တစ်ယောက်ဟာလည်း တစ်နှစ်လုံးလုံး တစ်ခါမှ နေထိုင်ကောင်းတယ် မရှိလို့ ဒီမြေကိုစွန့်ပြီး ပြန်သွားတယ်။

...အဖေ တစ်ယောက်တည်းသာ ဒီမြေပေါ်မှာ တေတေပေပေခံပြီး သက်စွန့်ဆံဖျား လုပ်လာလို့ ခုလိုအခြေအနေမျိုး ရောက်လာတာ။ ဒီအရပ်၊ ဒီဒေသဟာ ရာသီဥတု ဘယ်လောက်ဆိုးရွားတယ်ဆိုတာ သမီးအသိပဲ မဟုတ်လား။ ဆိုးရွားတဲ့ ရာသီဥတုဒဏ်နဲ့ အန္တရာယ်ပေါင်းများစွာကို အဖေဟာ အသက်စွန့် ရင်ဆိုင်ပြီး လုပ်လာလို့ ခုလို အခြေအနေမျိုး ရောက်လာမှ ဒီမြေကိုစွန့်ပြီး အမိနိုင်ငံကို ပြန်ရမယ်ဆိုရင် အဖေ့ရင်ထဲမှာ ဘယ်လို ခံစားရမယ်ဆိုတာလဲ ထည့်ပြီးစဉ်းစား ပါဦးလားကွယ်။ အင်္ဂလန်ဟာ အမိနိုင်ငံဆိုပေမယ့် အဖေတို့အတွက် ဘုမိနက်သန့်မြေ မဟုတ်ဘူးသမီး။ အင်္ဂလန်မှာ အဖေထမင်းနပ်မှန် စားရရေးအတွက် ဘယ်လို လုပ်ပြီး နေခဲ့ရတယ်ဆိုတာ သမီးသိရဲ့လားဟင်၊ သမီးသိရဲ့လား"

အယ်လီက မဝံ့မရဲနှင့် အဖေ၏မျက်နှာကို မော်ကြည့်မိ၏။ အဖေ၏မျက်နှာမှာ အေးစက်မာကြော၍ မျက်ရည်စီးကြောင်းတွေ ထင်နေသည်။

"အမှန်က အမိနိုင်ငံ မဟုတ်ပေမယ့် ဒီမြေဟာ အဖေတို့ သမီးတို့အတွက် ဘုမိနက်သန့်မြေပါ သမီး။ အဖေဟာ အန္တရာယ်ပေါင်း သောင်းခြောက်ထောင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အသက်စွန့်ပြီး ဒီလို လုပ်ကိုင်လာတာဟာလည်း သမီးတို့အတွက်ပဲ မဟုတ်လား။ ...ဒါကိုတော့ မေ့ထားဖို့ မသင့်ဘူးသမီး။ သမီးတို့ အဖေတို့အတွက် ဒီမြေဟာ ရတနာရွှေမြေပဲ။ ဒီ ရတနာရွှေမြေကို အဖေ မစွန့်လွှတ်နိုင်ဘူးသမီး။ အိုးအသက်သာ အသေခံရင်ခံသွားမယ်၊ ဒီရတနာရွှေမြေကို အဖေ မစွန့်လွှတ်နိုင်ဘူး။ ဘယ်တော့မှ မစွန့်လွှတ်နိုင်ဘူး"

အဖေ၏စကားကို ကြားရသောအခါ အယ်လီ၏ရင်ထဲမှာ ဆို့နင့်လာပြန်သည်။ သူငယ်စဉ်က မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့် နေပူမိုးရွာမရှောင် သွားလာလုပ်ကိုင်နေသော အဖေ၏ရုပ်သွင်မှာ သူမ၏အမြင်အာရုံသို့ ချက်ချင်း ပြေးရောက်လာသည်။ ထိုအခါ အဖေ့အား မစဉ်းမစား၊ မဆင်မခြင်ဘဲ ပြောမိပြောရာ ပြောမိသည့်အတွက် အယ်လီမှာ ပို၍ယူကျုံးမရ ဖြစ်လာသည်။

"ဒက် ဒက်ဒီ့ အတွက် စိုးရိမ်လွန်းလို့ ပြောမိတာပါ ဒက်ဒီရယ်။ သမီးကို ခွင့်လွှတ်ပါ"

"ဟိတ်ပါတော့ သမီးလေးရယ်။ ဒက်ဒီ့ ဒဏ်ရာက သိပ်စိုးရိမ်စရာ မရှိပါဘူး။ သမီးလေး သိပ်ငိုနေလို့ ခေါင်းကိုက်နေဦးမယ်"

သူ၏ခြေသလုံးကို ကျစ်ကျစ်ပါအောင်ဖက်ကာ တရှုပ်ရှုပ်ငိုနေသော သမီးငယ်၏ခေါင်းမှ ရွှေဝါရောင် ဆံနွယ်အလှတို့ကို ယုယုယယ ပွတ်သပ်ပေးကာ သခင်ကြီးမှာ မိမိ၏ကိုယ်ပေါ်မှ ဒဏ်ရာ ဒဏ်ချက်တွေကိုပါ ခဏမေ့ပျောက်ထားပြီး သမီးငယ်ကို ချော့မော့နေရပြန်၏။

"သမီးလေးပြောတာ ဟုတ်ပါတယ် ဒါလင်ရယ်။ အမိနိုင်ငံပြန်ရေးကို ဒါလင်တို့က စဉ်းစားရလိမ့်မယ်။ သူများတိုင်းပြည်မှာ နေရတာ အစစအရာရာ အဆင် မပြေပါဘူး။ ဒါလင်လည်း ပင်ပန်းလှပါတယ်။ ခုရှိတဲ့ ပစ္စည်းပစ္စယတွေကို ထုခွဲရောင်းချပြီး အမိနိုင်ငံမှာ အရောင်းအဝယ်..."

"တော်...တော်"

ဇနီးသည်၏စကားကို ကြားရသောအခါ သခင်ကြီး၏မျက်နှာမှာ ချက်ချင်း တင်းမာလာပြန်သည်။

ခင်ပွန်းသည်အတွက် ရင်ကွဲထွက်လုမတတ် ပူပန်နေရသော်လည်း ခင်ပွန်းသည်၏ မာကျောသောအသံကို ကြားရသောအခါ သခင်မကြီးမှာ ပို၍ ဝမ်းနည်းလာသည်။

"ဒါ ဒါလင်အတွက် စိုး..."

"ဟော့ တော်ကွာ မင်းပါးစပ် အသာပိတ်ထားလိုက်စမ်း။ ဒါတွေ ငါမကြားချင်ဘူး။ ငါမကြားချင်ဘူး"

အယ်လီသည် ဖခင်၏မျက်နှာကို မဝံ့မရဲမော့ကြည့်လိုက်၏။

မျက်ရည်ကြားမှ မြင်နေရသော သူ့အဖေ၏မျက်နှာမှာ နှစ်ပေါင်းများစွာ အိုမင်းရင့်ရော်သွားပြီဟု ထင်မိသည်။ အံကိုတင်းတင်းကြိတ်၍ အမေ့အား စူးစူးရဲရဲကြည့်နေသည်မှာ မျက်လုံးပေါက်ထွက်တော့ မတတ်ပင်။ အမေ့အား အဖေ



သည် မည်မျှ မကျေမနပ်ဖြစ်နေလေပြီဆိုတာ အယ်လီက အတပ်သိလိုက်၏။

ဟုတ်သည်၊ သခင်ကြီးသည် သခင်မကြီးအား လုံးဝမကျေနပ်ပေ။

သူတို့ သားအမိနှစ်ယောက်အတွက် သူက နေပူမိုးရွာမရှောင် လုပ်ကိုင်ကျွေးမွေးလာသည်ကိုပင် မထောက်ထား မညှာတာဘဲ ပြောရက်ပလေဟု သခင်ကြီးမှာ ဒေါသထွက်လာသည်။ အမိနိုင်ငံဖြစ်သော အင်္ဂလန်မှာ သူတို့ ဘယ်လိုလုပ်ကိုင် စားသောက်နေထိုင် လာရသည်ဆိုတာ သိလျက်နှင့် ဤရတနာရွှေမြေတို့ကို စွန့်ခွာကာ အမိနိုင်ငံသို့ပြန်ရန် ဆိုသောစကားမှာ သူ့အသည်းကို ဓားဖြင့်ထိုးနှင့် လာမွှန်းသည်ထက် သခင်ကြီးမှာ အခံရခက်လှ၏။ ထို့ကြောင့် အမိနိုင်ငံသို့ မရောက်ဖူး၍ အမိနိုင်ငံအကြောင်းကို လုံးဝမသိသော သမီးငယ်အား ခွင့်လွှတ်နိုင်သော်လည်း ဇနီးသည်ကိုတော့ သခင်ကြီးမှာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ပါချေ။

"ထွီ တယ်တော်တဲ့မိန်းမ၊ အရေးအကြောင်းဟော့ဆိုရင် မျက်ရည်ကျပြသောကလွဲလို့ တိုးပွားရေးလုပ်ငန်းမှာ မင်းဟာ ဘာမျှ အားကိုးရလဲဟင်။ ဒီကာလသို့ သမီးဖြစ်တဲ့ လူတွေကတော့ နေပူမိုးရွာမရှောင် သေနတ်ကည်ဆန်၊ ဒူးလေးဝါးပြောင်းတွေကြားထဲမှာ မြင်းတစ်စီး သေနတ်တစ်လက်နဲ့ အသက် စွန့်ပြီး လုပ်နေကြပါလားဆိုတာ မင်းဟာ နည်းနည်းလေးမှ မသက်ညှာ၊ မထောက်ထားတတ်ဘူး။ အမိနိုင်ငံကို ပြန်ကြပါစို့လားတဲ့။ ဟင်း...တောက်...အမိနိုင်ငံမှာ ဘယ်လိုနေထိုင်စားသောက်ရတယ်ဆိုတာ မင်းမသိဘူးလားဟင်။ သိရက်နဲ့ မင်းတ ငါ့ကို သက်သက်စော်ကားတား

"သမီးပြောတာဆိုရင် အလုပ် လုပ်ရတဲ့သူ။ အင်္ဂလန်နိုင်ငံအကြောင်းကို မသိတဲ့လူမို့ ငါ ခွင့်လွှတ်နိုင်တယ်။ သမီးဟာ ငယ်လည်း ငယ်သေးတယ်။ မင်း သမီးအသက်ကို မင်းစဉ်းစားကြည့်စမ်း။ ခုမှ ဆယ့်ခုနစ်နှစ် ရှိသေးတယ်။ အမေ အဖေအပေါ်မှာ ဘယ်လောက် တာဝန်ကျေသလဲ။ မင်းဟာ ရေနံဆီဆိုင်မှာ ဒူးနန့်ထိုင်နေတာကလွဲလို့ တောနက်ထဲကို ဘယ်နှစ်ခါရောက်ဖူးလဲ ငါ့ကို ပြောစမ်း။ အရေးဆိုရင် မျက်ရည်ကျပြရတာကလွဲလို့ မင်းမှာ ဘာအစွမ်းအစများ ရှိသေးသလဲ"

ဒေါသနှင့် ပေါက်ကွဲလာသော အဖေကြီး၏အသံကြောင့် အယ်လီမှာ လန့်၍ပင် သွားမိသည်။

အမေကတော့ ပြောရက်ပလေဟူသော ယူကျုံးမရစိတ်နှင့် တရှုံ့ရှုံ့သာ ငိုရတော့၏။

"မင်းဟာ နည်းနည်းပါးပါးမှ အတွေးအခေါ် အမြော်အမြင်ရှိတဲ့ မိန်းမ မဟုတ်ဘူး၊ မာနကြီးဖို့၊ ဒေါသကြီးဖို့၊ မောက်မာဖို့လောက်ဘဲ နားလည်တယ်။ ကိုယ့်ဆီမှာ အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေကိုလည်း ဘယ်လို ဆက်ဆံရမယ်ဆိုတာ မင်းလုံးဝနားမလည်ဘူး။ ကုန်ကုန်ပြောရရင် ငါနဲ့ သမီးငယ်အပေါ်မှာတောင် မင်းဟာ ရေရေလည်လည် ဆက်ဆံတတ်တဲ့ မိန်းမမျိုးမဟုတ်ဘူး။ တို့စည်းစိမ်ဥစ္စာတွေ ခုလို တစ်နေ့တခြား ပျက်စီးဆုံးရှုံးနေတာဟာလည်း မင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲ။ မင်း မလိမ္မာလို့ဖြစ်ရတာ မင်း တရားခံပဲ”

အဖေက အမေ့ကိုချည်း ဒေါသတကြီးနှင့် လိုက်၍ ဆူနေ၊ ဆိုနေ အော်ငေါက်နေသောအခါ အယ်လီမှာ နေစရာ မရှိတော့ပါချေ။

အဖေ၏မျက်လုံးအစုံမှ မျက်ရည်ပူများ တသွင်သွင်စီးကျနေသည်ကို ငေးကြည့်၍ ဝမ်းနည်းနေရသလို အဖေဆူသမျှ၊ ကြိမ်းသမျှ ခေါင်းငုံ၍ သာခံနေရရှာသော အမေ၏အဖြစ်မှာလည်း သနားစရာပင်။ အမှန်ကမူ အမိ၊ အဖ၊ သမီး စသည့် သုံးယောက်စလုံးတို့၏ ရင်ထဲမှာ ကိုယ့်အတွေး၊ ကိုယ့်အကြောင်းတွေ ကိုယ်စီနှင့်မို့ ဆောက်တည်ရာမရ ဖြစ်နေကြလေသည်။

မိမိတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာဟူသမျှ ယခုကဲ့သို့ ဆုံးရှုံးပျက်စီးလာရသည်မှာ သူကချည်း အကြောင်းခံသည်ဟု ခင်ပွန်းသည်က အပြစ်ချည်း ဆိုလာသောအခါ သခင်မကြီးမှာ ပူဆွေးဝမ်းနည်း ယူကျုံးမရစိတ်နှင့် လိုက်၍သာ ငိုနေ၏။

ထိုအခါ အမေနှင့်အဖေ နှစ်ယောက်ကြားမှာ ကျေအေးရာကျေအေးကြောင်း တောင်းပန်စကားကို ကြားဝင်၍ ဆိုရသူက အယ်လီသာ။ အမှန်က ကျွန်ုပ်ကြောင့် ကြင်ရာလုပ်ချင်မိသော သူမမှာလည်း အပြစ်ရှိသည် မဟုတ်လော။

“မာမီကိုချည်း အပြစ်မတင်နဲ့တော့ ဒက်ဒီရယ်။ အမှန်က သမီးအမိုက်မကြောင့် ဖြစ်ရတာပါ။ ဒီပြဿနာအားလုံးကို သမီးအမိုက်မက ဖန်တီးလိုက်တာပါ။ သမီးအပြစ်ပါ၊ သမီးမွေးတဲ့ မီးပါ။ ဒက်ဒီတို့ အသက်၊ အိုးအိမ်၊ စည်းစိမ် ဥစ္စာတွေကို ပျက်စီးရာပျက်စီးကြောင်း အခြေခံတာက သမီးပါ။ ဒီသမီးအမိုက်မကိုသာ သတ်လိုက်ပါတော့ ဒက်ဒီရယ်”

“တော် သမီးတော်၊ သမီးမှာ အပြစ်မရှိဘူး။ ငါ့သမီးမှာ အပြစ် မရှိဘူး”

သခင်ကြီးက အသံနက်ကြီးနှင့် အော်ပစ်လိုက်၏။

“ရေနံသူပုန်တွေ ခုလို အခြေအနေ ဆိုးလာတာက သူကြီးဦးကျော်စံနဲ့ ဒါလင်ကပေါင်းပြီး မတော်တရော်...”

“ဘာ ဘာပြောတယ်”

“ဒါလင့်မှာလည်း အပြစ်ရှိတယ်။ သူကြီးနဲ့ပေါင်းပြီး မတော်မတရားကြံ...”

“ငါ တယ်၊ ဒီမိန်းမ”

သခင်ကြီးက သူ့အနားတွင်ရှိသော ရေနွေးကရားတစ်လုံးနှင့် လှမ်းပေါက်သဖြင့် သခင်မကြီးမှာ ငိုကြီးချက်မနှင့် အခန်းထဲသို့ ဝင်ပြေးသွားသည်။

“သမီးကို သတ်ပါ ဒက်ဒီရယ်။ သမီးအမိုက်မကို သတ်လိုက်ကြပါ”

သခင်ကြီးမှာ သမီးငယ်ကိုကြည့်၍ မျက်ရည် တွေတွေကျနေ၏။

“ဒက်...ဒက်ဒီတို့ အမြတ်တနိုး ချစ်လှွန်းလှတဲ့ ဒီရတနာရွှေမြေနဲ့ ဒက်ဒီတို့ မက်မောလွန်းလှတဲ့ စည်းစိမ် ဥစ္စာတွေကို သမီးအမိုက်မ အသက်နဲ့လဲပြီး ကာကွယ်ပေးပါ့မယ်ဆိုတာ ကတိပြုပါတယ် ဒက်ဒီရယ်။ သမီးအမိုက်မကို ခွင့်လွှတ်ကြပါ။ သမီး တောင်းပန်ပါတယ်”



“ဒက်ဒီ့ သမီးလေးမှာ အပြစ်မရှိပါဘူး သမီးရယ်။ သမီး အဖေတို့အပေါ်မှာ တာဝန်ကျေပါတယ်။ အဖေတို့ကသာ သမီးအပေါ်မှာ တာဝန်ပျက်ကွက်ခဲ့တာပါ။ တာဝန်မကျေတာပါ။ အဖေတို့ကသာ သမီးကိုတောင်းပန်ရမှာပါ။ အဖေတို့မှာ စီးပွားရေး လောဘရမ္မက် ငမ်းငမ်းတက်ပြီး လူ့ဘဝတစ်ခုလုံးကို မေ့ထားခဲ့ကြတယ်။ လူမှုရေးကို လုံးဝ မစဉ်းစားနိုင်ဘဲ စီးပွားရေးဘီလူး စီးနေတာကို ခံခဲ့ရတဲ့ အဖေတို့ကို ခွင့်လွှတ်ပါသမီး”

သခင်ကြီး၏အသံမှာ ပူဆွေးဝမ်းနည်း ကြေကွဲစိတ်တို့နှင့် ချုတ်ချွင်းသို့မှုင်လာသည်။

အယ်လီကတော့ သူမ၏မိုက်ပြစ်ကြောင့် ယခုလိုဖြစ်ရလေခြင်းဟု အကြိမ်ကြိမ် တောင်းပန်ကာ အဖေ့အနားမှာ တရှုပ်ရှုပ်ငိုလေသည်။

* * *

| ၃၆ |

သခင်ကြီးသည် ညနေစာစားပြီး ကတည်းကပင် အိမ်ရှေ့တွင် ချိုင်းထောက်နှင့် လမ်းလျှောက်နေ၏။ သခင်ကြီး မြို့ဆေးရုံက ဆင်းလာသည်မှာ တစ်ပတ်ရှိသွားပြီဖြစ်သည်။ ကျည်ထိခံထားရသော လက်ကဒဏ်ရာမှာ လုံးလုံးလျားလျား ပျောက်သွားပြီ ဖြစ်သော်လည်း ကျိုးနေသော ပေါင်တစ်ဖက်မှာကား လမ်းကိုပင် ကောင်းကောင်း မလျှောက်နိုင်သေး။ နောက် တစ်ပတ်လောက်ဆိုလျှင်တော့ လမ်းကောင်းကောင်း လျှောက်နိုင်လိမ့်မည်ဟု ဆရာဝန်က မှာလိုက်သည်။

နေညိုသွားပြီဖြစ်သဖြင့် နှင်းမှုန်တွေက ရစ်ဝိုင်းလာသည်။ သခင်ကြီးသည် အိမ်ကြီးပေါ် တက်ရန် ချိုင်းထောက်ကို အားပြု၍ အိမ်ရှေ့နားသို့ လျှောက်လာ၏။ လှေကားရင်းတွင် အိမ်ကြီးပေါ်မှ ဆင်းလာသော သမီးသည်နှင့် ဆုံမိကြသည်။

“ဒက်ဒီ အိမ်ပေါ် တက်တော့မလား။ သမီး တွဲပို့ခဲ့မယ်”

သမီးငယ်က ချိုင်းထောက်ကို ဖြုတ်ယူ၍ ဖေးမထား၏။

“နေပါ သမီး၊ ဒက်ဒီ တက်နိုင်ပါတယ်”

“ဒက်ဒီ တက်နိုင်ပေမယ့် သမီး တွဲပို့ခဲ့ပါမယ်”

သမီးငယ်က အဖေ့ကိုတွဲ၍ အိမ်ကြီးပေါ်သို့ တင်ပေးခဲ့၏။

“သမီးတောထဲကို သွားမလို့လား”

သမီးသည်၏ကျောပေါ်တွင် လွယ်ထားသော ပြောင်းရှည်သေနတ်နှင့် ခါးမှ ခြောက်လုံးပြူးကို မြင်ရသဖြင့် သခင်ကြီးကမေး၏။

“ဟုတ်ကဲ့ ဒက်ဒီ”

“အခြေအနေက ငြိမ်သွားပဲမဟုတ်လား သမီးရယ်။ အာမရာတို့ကို လွှတ်လိုက်ရင်လည်း ဖြစ်သားပဲ”

www.burmeseclassic.com

www.burmeseclassic.com



သခင်ကြီးပြောသည်မှာ မှန်သလောက်တော့ မှန်သည်။ ရေနံသူပုန်များနှင့် တိုက်ပွဲဖြစ်၍ သူပေါင်ကျိုးလာသော နေ့ကပင် ယနေ့အထိ ရေနံသူပုန်များသည် အတော်ပင် ငြိမ်သက်နေကြသည်။ သူတို့၏ သတင်းအစအနကိုပင် လုံးဝမကြားရသည်မှာ သုံးလေးပတ် ရှိသွားပြီဖြစ်၏။ ယနေ့ အခြေအနေမှာ ရေနံသူပုန်များ မငြိမ်၍လည်း မဖြစ်ပေ။ အစိုးရက စေလွှတ်ထားသော စစ်ပုလိပ်တပ်သားများသည် ကုန်းမြင့်သာယာနှင့်နီးသော ပန်းတော၊ မင်းပြင်၊ ကုလားပါ၊ သိုင်းချောင်း ဂေါ်တူစသည့် ရွှေတောင်ကြားတစ်ဝိုက်က ရွာများတွင် တစ်ရွာတစ်တပ်ကျ အခိုင်အခန့် တပ်စွဲနေကြသည်။ ရေနံပိုက် မကြာခဏ အဖျက်ခံရသော ပန်းတောနှင့်ကုလားပါ ရွာနှစ်ရွာကြားရှိ ယခင် သူပုန်အစီးခံရသော ရေနံပိုက်နား ကင်းဂါတ်နေရာမှာလည်း ယခုအခါ ကင်းဂါတ်နှစ်ခုကို အပြိုင်ချထား၏။

ရေနံသူပုန်များကို ခေါင်းဆောင်နေသော သူပုန်ဗိုကျော်ဇော်ဦးအား ဆုငွေ ငါးသောင်း ဝရမ်းထုတ်၍ ပိုက်စိပ်တိုက်ရှာဖွေနေကြသလို ရွာနီးချုပ်စပ်တစ်ဝိုက်မှ ရေနံသူပုန်များ ဖြစ်သွားကြသော တိုင်းရင်းသားများကိုလည်း လက်နက်ချ ဝင်လာကြလျှင် လွတ်ငြိမ်းချမ်းသာခွင့် ပေးမည်ဟုလည်း ကြော်ငြာထားသည်။ သို့သော် ယနေ့အထိ တစ်ယောက်တလေမျှသော ရေနံသူပုန်တွေကတော့ လက်နက်ချအညံ့ခံ၍ ဝင်မလာကြသေး။ ထိုအခါ အစိုးရစစ်သားနှင့် ပုလိပ်များသည် ရေနံသူပုန်များ၏ မိဘဆွေမျိုး၊ သားမယားများကို ဖမ်းလားဆီးလား၊ စစ်လား ဆေးလား၊ ရိုက်လားနှက်လား လုပ်လာကြသဖြင့် ရွှေတောင်ကြား ကုန်းမြင့်သာယာနှင့်နီးသော ရွာနီးချုပ်စပ်တစ်ဝိုက်မှ တိုင်းရင်းသား၊ တိုင်းရင်းသူများမှာ ကျိုးလန့်စာစား ဖြစ်နေကြသည်။ အစစ်အဆေး၊ အမေးအမြန်း၊ အရိုက်အနှက် ခံရလွန်းသော ရွာနီးချုပ်စပ် တစ်ဝိုက်မှ တိုင်းရင်းသားအချို့သည် စိတ်နာနာနှင့် တောထဲသို့ထွက်ပြေး၍ ရေနံသူပုန်များ လုပ်သွားကြသည်လည်းရှိ၏။ ထိုအခါ ဒေါသ အမျက်ချောင်းချောင်း ထွက်လာသော စစ်သားနှင့်ပုလိပ်များမှာ ရွာနီးချုပ် စပ်တစ်ဝိုက်ရှိ တိုင်းရင်းသားများကို ယခင်ကထက်ပင် စစ်လားဆေးလား၊ ရိုက်လား နှက်လားလုပ်၍ အားမရအောင် ဖြစ်နေကြသည်။

အစိုးရောက်က လူအင်အား၊ လက်နက်အင်အား ကောင်းလာ၍ ရေနံသူပုန်များ သတင်းကို သုံးလေးပတ်မျှ အစအနမကြားရသောအခါ ရွာခေါင်းတွေမှာလည်း ပြောင်းရှည်သေနတ် တကားကားနှင့် တစ်ဖန် ခေါင်းပေါင်းစ ထောင်လာကြပြန်သည်။ ရှုပ်ထွေးပွေလီလွန်းသော ဤအရပ်၊ ဤဒေသမှာ မနေလိုတော့ဟု သူကြီးရာထူးကိုစွန့်၍ မြို့ကို ထွက်ပြေးသွားသော သူကြီးလေး မောင်ကျော်ဟိုးသည်ပင် ယခုအခါ သူကြီးရာထူးနှင့် မင်းပြင်ရွာသို့ ပြန်ရောက်လာပြန်သည်မှာ နှစ်ပတ်လည် ရှိသွားပြီဖြစ်သည်။

ရွှေတောင်ကြား ကုန်းမြင့်သာယာနှင့် ရွာနီးချုပ်စပ်တဝိုက်တွင် ကင်းအထပ်ထပ်၊ တပ်အသီးအသီး ချထားသဖြင့် ယခုအခါ ရေနံသူပုန်များမှာ တောကြီး မြိုင်ချောင်၌ ကိုယ်ရောင်ဖျောက်နေကြသည်။ ရေနံသူပုန်များမှာ တစ်ယောက်



မဟုတ်၊ တစ်ဆယ်မဟုတ်၊ လေးငါးခြောက်ဆယ် ဖြစ်နေသဖြင့် အစိုးရစစ်ပုလိပ်များသည် ထူထပ်နက်ရှိုင်းသော တောကြီး၊ မြိုင်ကြီးထဲကိုတော့ တောနင်း၍ ပိုက်စိပ်တိုက် မရှာရဲကြပေ။ ထို့ကြောင့်လည်း ယခုလို အခြေအနေမျိုးမှာ ရေနံသူပုန်များ၏ သတင်းအစအနကို လုံးဝမကြားရခြင်း ဖြစ်လေသည်။ အကယ်၍ တောကိုတက်၍သာ ရေနံသူပုန်များကို လိုက်ရှာလျှင်တော့ တိုက်ပွဲဆိုသည်မှာ နေ့စဉ်ရက်ဆက်ပင် ဖြစ်နေကြပေလိမ့်မည်။ အစိုးရစစ်ပုလိပ်များ၏ အယူအဆ သဘောထားတို့မှာ ကုန်းမြင့်သာယာတစ်ဝိုက်ရှိ ရွာများကို အလုံအခြုံ တပ်စွဲ ထားလျှင် တောထဲတွင်ခိုအောင်းနေကြသော ရေနံသူပုန်များသည် စားနပ်ရိက္ခာ ပြတ်ပြီး မကြာမီ လက်နက်ချ ဝင်လာလိမ့်မည်ဟု အထင်ရောက်နေကြလေသည်။ အစိုးရ စစ်ပုလိပ်များသာမဟုတ် သခင်ကြီးကလည်း ဤသို့ပင် ယူဆထားလေ၏။ ထို့ကြောင့်လည်း သမီးဖြစ်သူကို ရေနံသူပုန်များ ငြိမ်သက်နေကြကြောင်း ပြောလိုက်ခြင်း ဖြစ်သည်။

"အခြေအနေ ငြိမ်ပေမယ့် တောနက်ထဲ မရောက်တာလည်း ကြာပြီမို့ ဒီ နေ့တော့ လိုက်သွားလိုက်ပါဦးမယ် ဒယ်ဒီ"ဟု အယ်လီက သူ့အဖေအား လျှို့ဝှက်သော စကားကို ဆိုလိုက်၏။

သူ့အဖေက "အခြေအနေ ငြိမ်သားပဲ"ဟု ဆိုသော်လည်း အမှန်ကတော့ ရေနံသူပုန်များ ငြိမ်နေသည်မှာ ရေနံပိုက်နား စစ်ပုလိပ်များ ရှိရာဘက်မှာသာဖြစ်ပြီး တောနက်ထဲမှာ ရေနံတွင်းများရှိရာဘက်မှာကား ကောင်းစွာ မငြိမ်သက်ပေ။ သေနတ်သံ၊ မိုင်းခွဲသံများကိုကြားလျှင် အင်အား အဆမတန် ကြီးမားသော အစိုးရစစ်ပုလိပ်များ လိုက်လာ တိုက်ခိုက်ကြမည်စိုးသဖြင့် တိုက်ပွဲကို ရှောင်ရှားနေကြသော်လည်း သူပုန်များသည် ရေနံတွင်းထဲသို့ ကျောက်တုံး၊ ကျောက်ခဲနှင့် သံတိုသံစများကို သော့မှုက်ပစ်ချ၍ ဖျက်လိုဖျက်ဆီး လုပ်လာကြပြန်သည်မှာ သုံးလေးရက်ပင် ရှိသွားပြန်ပြီဆိုသည်ကို အယ်လီက သိထား၏။

ရေနံပိုက်ဘက်တွင် တိုက်ပွဲဖြစ်၍ ဒဏ်ရာ အပြင်းအထန် ရလာသောနေ့ကပင် သခင်ကြီးသည် သမီးနှင့်ဇနီးသည်တို့အား စကားကောင်းကောင်း မပြောတော့ဘဲ အချိန်ရှိသရွေ့ တစ်ယောက်ထဲတွေး၍၊ ငိုင်၍သာ နေလာခဲ့သည်မှာ ယနေ့အထိပင် ဖြစ်သည်။ သူ့ အလွန်တာရာမြတ်နိုး မက်မောလွန်းလှသော ဤ ရတနာရွှေမြေများ ပျက်ဆီးဆုံးရှုံးသွားရမည့် အရေးကို တွေး၍ အမြဲလိုလို စိတ်မချမ်းမသာဖြစ်နေသော အဖေအား တောနက်ထဲရှိ ရေနံတွင်းများကို ရေနံသူပုန်များ ပြန်၍ ထကြွလာသည်ကို အယ်လီမှာ သူ့အဖေအား လုံးဝ အသိမပေးရက်ဘဲ ကုလားအလုပ်သမားတွေနှင့်သာ ကြိတ်၍ ကြံစည်လုပ်ကိုင်နေရ၏။ 'ဒက်ဒီတို့ ချစ်မြတ်နိုးလှတဲ့ ဒီရတနာရွှေမြေနဲ့ ဒက်ဒီတို့ မက်မောလွန်းလှတဲ့ စည်းစိမ်ဥစ္စာတွေကို သမီးအမိုက်မ အသက်နဲ့လဲပြီး ကာကွယ်ပေးပါ့မယ်'ဟု သူက ကတိပြုထားပြီ မဟုတ်ပါလား။ ပေါင်တစ်ဖက်ကျိုးနေသော သူ့အဖေ၏ တာဝန်ဟူသမျှကို ယခုအခါ အယ်လီက ပခုံးပြောင်း တာဝန်ထမ်းဆောင်နေရပြီမို့ ကောင်းကျိုးဆိုးကျိုးဟူသမျှကို သူကချည်း

www.burmeseclassic.com

www.burmeseclassic.com



သာ လည်စင်း၍ ခံသွားပါတော့မည်ဟု အယ်လိက ဆုံးဖြတ်ပြီးသား ဖြစ်လေသည်။ ထို့ကြောင့်လည်း တောနက်ထဲရှိ ရေနံတွင်းများ အခြေအနေကို သူ့အဖေအား လုံးဝ အသိမပေးဘဲ ဖုံးကွယ်ထားခြင်း ဖြစ်လေသည်။

“အခြေအနေငြိမ်တယ်ဆိုပေမယ့် တောနက်ထဲမှာ သိပ်ပြီး ညှို့နက်အောင်တော့ မနေခဲ့နဲ့နော် သမီး။ သမီး အပြန်အထိ အဖေစောင့်နေမယ်”

တောနက်ထဲမှာ အခြေအနေ ငြိမ်သည်ဟုဆိုသော်လည်း ရေနံသူပုန်များ အရေးကို အစဉ်တွေး၍ အမြဲစိတ်မချ ဖြစ်နေသော သခင်ကြီးက သမီးအတွက် စိုးရိမ်၍ပြော၏။

“ဟုတ်ကဲ့ ဒက်ဒီ သမီး စောစော ပြန်ခဲ့ပါ့မယ်”

မှောင်ရီဖြိုးဖျတွင် ကုလားအလုပ်သမား လေးငါးယောက်ကို ဦးဆောင်ကာ မြင်းကိုယ်စီ၊ သေနတ်ကိုယ်စီနှင့် တောနက်ထဲသို့ ရေနံတွင်းစောင့်ရန် ထွက်သွားကြသော သမီးတို့လူအုပ်ကို ငေးကြည့်ကာ သခင်ကြီးမှာ မျက်ရည်ဝဲ၍ ကျန်ရစ်၏။

အသက်အရွယ်အားဖြင့် ငယ်ရွယ်နုနယ်လွန်းသေးသော်လည်း မိမိတို့၏ ပင်မစီးပွားရေးကြီးတွင် ယောကျ်ားရင့်မာကြီး တစ်ယောက်ပမာ စိမ်ခန့်စွာ ကွပ်ကဲအုပ်ချုပ်မှုနှင့် ပင်ပင်ပန်းပန်း အလုပ်လုပ်နေရသော သမီးငယ်၏အဖြစ်ကို မြင်ရသောအခါ သခင်ကြီး၏ရင်ထဲမှာ ဆို့နစ်လာသည်။ ရေနံသူပုန်များနှင့် တိုက်ပွဲ အပြင်းအထန်ဖြစ်၍ မိမိမှာ ပေါင်တစ်ဖက် ကျိုးလာကတည်းကပင် သမီးငယ်၏ အရွယ်နှင့်မလိုက်အောင် မိမိ၏တာဝန်ဟူသမျှကို မငြိုမငြင် ထမ်းဆောင်လာခဲ့သည်မှာ တစ်လနီးပါးပင် ရှိသွားလေပြီ။ အဖေ၊ အမေတို့အပေါ်တွင် ဤမျှထိ တာဝန်ကျေရှာသော သမီးငယ်အား မိမိတို့မှာ လောဘရမ္မက် ငန်းငန်းတက်၍ တာဝန်မကျေ ဖြစ်ခဲ့ရသည်။ မိမိတို့မှာ စီးပွားရေး၊ ကြီးပွားရေး တစ်ခုထဲကိုသာ ကွက်ကွက်လေးကြည့်၍ လူ့သမိုင်း၊ လူ့သဘာဝ၊ လူ့အခွင့်အရေးဆိုတာတွေ အားလုံးမေ့ထားခဲ့၏။ အချိန်၊ အရွယ်ကြီးရင့်လာသော သမီးငယ်ကို လူ့သဘော၊ လူ့သဘာဝအရ သက်ညှာထောက်ထားရမှန်း မသိခဲ့။ သမီးငယ်၏ ချစ်သူကိုပင် အတင်းခွဲပစ်ခဲ့သည်မှာ သမီးငယ်အပေါ်၌ မည်မျှ ရက်စက်ရာ၊ မိဘဝတ္တရား ပျက်ကွက်ရာ ရောက်ပါလေသနည်း။ ဤသည်တို့ကို တရေးရေးတွေး၍ သခင်ကြီးမှာ မျက်ရည်ဝဲနေတော့၏။

အိမ်ရှေ့တွင် နှင်းမှုန်များအုံ့ဖွဲ့ကာ မှောင်မည်းသိပ်သည်းလာတော့မှ သခင်ကြီးသည် စိတ်မချမ်းသာစွာနှင့် ဇနီးသည်ရှိရာ မီးဖိုဆောင်ဘက်သို့ လျှောက်လာသည်။ သို့သော် အတွေးကား မပြတ်သေး။

မီးဖိုဆောင်သို့ လျှောက်လာသော သခင်ကြီးအား ဇနီးသည်က မီးသွေးမီးဖိုကို အဆင့်သင့် ပြုပြင်ပေး၏။



သခင်ကြီးသည် မီးဖိုနားမှာ ငုတ်တုတ်ထိုင်ကာ ကုန်းမြင့်သာယာမှ အရေးအခင်းများကို တောင်စဉ်ရေမရ တွေးနေပြန်သည်။

မီးဖိုနားတွင် ခင်ပွန်းသည်၏ ဝေယျာဝစ္စကို လုပ်ကိုင်ပေးရင်း ရေနံတွင်းများ သွားစောင့်ရာမှ ပြန်လာသော သမီးငယ်အား ကျွေးမွေးရန် အစားအစာများကို သခင်မကြီးက ပြုပြင်လျက်ရှိသည်။

စောစောပြန်လာမည်ဟု ပြောသွားသော်လည်း သမီးငယ်ကား တော်တော်နှင့်ပင် ပေါ်မလာသောအခါ သခင်ကြီးမှာ မီးလှုံရင်းငိုက်မြည်းစ ပြုလာသည်။

“ချလွှန် ဂွမ်”

ဇနီးသည်၏ လက်ထဲမှ လွတ်ကျသွားသော ကော်ဖီခရား၏ ကွဲရှသံတို့ သခင်ကြီးမှာ သူ့ဦးခေါင်းကို မိုးကြိုးအပစ်ခံရသည့်ပမာ လန့်ဖျပ်သွားသည်။

“ဒါ ဒါလင်။ ခုကြားနေရတာ သေနတ်သံတွေ မဟုတ်လားဟင်”

ဇနီးသည်မှာ လက်မှလွတ်ကျ၍ အစိတ်စိတ်အမွှာမွှာ ကွဲနေသော ကော်ဖီခရားကိုပင် ငုံ့မကြည့်အားဘဲ အထိတ်တလန့်ဟန်နှင့် သေနတ်သံများကိုသာ နားစွင့်ရင်းဆိုသည်။

သခင်ကြီး၏မျက်နှာမှာ နှစ်ပေါင်းများစွာ အိုစာသွား၏။

တောနက်ထဲရှိ ရေနံတွင်းများဘက်မှ သေနတ်သံများသည် ကုန်းမြင့်သာယာ အိမ်ကြီးကို ဆောက်တည်ရာမရအောင် ကိုင်လှုပ်နေပါလေပြီ။

တောနက်ထဲမှ တိုက်ပွဲဖြစ်နေသံကြောင့် ကုန်းမြင့်သာယာရှိလူတွေမှာ ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။ ကုလားအလုပ်သမား မိန်းမ၊ ယောကျ်ား၊ ကလေး သူငယ်များသည် ထိတ်ထိတ်ပျာပျာနှင့် အိမ်ကြီးပေါ်သို့ ပြေးတက်လာကြသည်။

အိမ်ကြီးပေါ်သို့ ပြေးတက်လာကြသော ကုလားအလုပ်သမားများအား သခင်ကြီးနှင့် သခင်မကြီးတို့မှာ မည်ကဲ့သို့သော အမိန့်ညွှန်ကြားချက်ကိုမှ မမြွက်နိုင်။ ကြီးနှင့် သခင်မကြီးတို့မှာ မည်ကဲ့သို့သော အမိန့်ညွှန်ကြားချက်ကိုမှ မမြွက်နိုင်။ မဆိုနိုင်နှင့် ကျောက်ရုပ်ပမာ ငိုင်နေကြသည်။ သခင်ကြီးနှင့် သခင်မကြီးတို့ကို ပြူးပြူးပြဲပြဲ ကြည့်၍ ကုလားအလုပ်သမားတွေကလည်း ကြောင်နေကြ၏။

တောနက်ထဲမှ သေနတ်သံများက တဖြည်းဖြည်း ကြဲလာ၏။

များမကြာမီ ရေနံပိုက်၌ အစောင့်အရှောက်အဖြစ် ကင်းစခန်းချနေကြသော စစ်ပုလိပ်များသည် မြင်းကိုယ်စီ သေနတ်ကိုယ်စီနှင့် ကုန်းမြင့်သာယာသို့ ရောက်လာကြသောအချိန်မှာ တောနက်ထဲကသေနတ်သံများသည် လုံးဝစဲသွားပြီးဖြစ်လေသည်။

မြင်းကို အပြင်းနှင်ကာ ပြေးလိုက်လာကြသော စစ်ပုလိပ်များသည် အိမ်ရှေ့မှာ မြင်းကိုရပ်ပြီး အိမ်ကြီးပေါ်သို့ အလောသုံးဆယ် တက်လာကြသည်။

အိမ်ကြီးပေါ်၌ အသက်ကင်းမဲ့နေကြသော ကျောက်ရုပ်များပမာ မတ်တတ်ရပ်ကာ ငိုင်တွေနေကြသော သခင်ကြီး၊ သခင်မကြီး၊ ကုလား အလုပ်သမားများကို မြင်ရသောအခါ စစ်ပုလိပ်များမှာ ခဏတော့ ကြောင်ငေးသွားကြပြန်သည်။

ထိုအချိန်၌ မြင်းတစ်စီးကိုအပြင်းနှင်၍ ကုန်းမြင့်သာယာသို့ ဒုန်းစိုင်းပြေး

www.burmeseclassic.com

www.burmeseclassic.com



လာသော ကုလားအလုပ်သမားသည် အိမ်ရှေ့တွင် မြင်းကို အလျင်စလိုရပ်ကာ အိမ်ကြီးပေါ် ပြေးတက်လာပြန်သည်။

အိမ်ကြီးပေါ်၌ မင်သက်မိ၍ ငိုင်နေကြသော သူတို့မှာ လူအုပ်ကို တိုးဝှေ့၍ အတင်းပြေးတက်လာသော ကုလားအလုပ်သမား ကလေးကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"သ သခင်ကြီး၊ သခင်မလေးကို ရေနံသူပုန်တွေ ဖမ်းသွားကြပြီ၊ အာမရာတို့ အားလုံးလဲ တိုက်ပွဲမှာ ကျသွားကြပြီ"

ခါတိုင်းဆိုလျှင် ဒူးတုတ် အရိုအသေပေးပြီးမှ အကြောင်းခြင်းရာကို တင်လျှောက်လေ့ရှိသော ကုလားကလေး မာမက်ကာရင်မှာ ယခုအခါ သခင်ကြီး၏ မျက်နှာကို မမြင်ခင်ကပင် အော်ပြောလာ၏။

သခင်ကြီးနှင့် သခင်မကြီးတို့၏ မျက်နှာမှာ ယခုအခါ သွေးပင်မရှိတော့။

ကုလားကလေး မာမက်ကာရင်၏ စကားအဆုံး၌ မင်းပြင်နှင့် ပန်းတောရွာရှိ စစ်ပုလိပ်များသည် မြင်းကိုယ်စီ၊ သေနတ်ကိုယ်စီနှင့် ကုန်းမြင့်သာယာသို့ အပြေးရောက်လာကြပြန်သည်။ ထိုအထဲမှာပင် မင်းပြင်ရွာသူကြီးလေး မောင်ကျော်ဟိုးလည်း ပါလာ၏။

"သခင်ကြီးသမီးကို ရေနံသူပုန်တွေ ဖမ်းသွားကြတယ်ဆိုတာ တကယ်မှန်ရဲ့လား မောင်မင်း"

ကုန်းမြင့်သာယာသို့ ဦးစွာရောက်လာသော စစ်ပုလိပ်ဗိုလ်က ကုလားကလေး မာမက်ကာရင်ကို ရှူးရှူးရဲရဲကြည့်၍ မေး၏။

"ဟယ် အယ်လီကို ရေနံသူပုန်တွေ ဖမ်းသွားကြပြီ"

ဤသည်ကတော့ နောက်မှ စစ်ပုလိပ်အဖွဲ့နှင့် ရောက်လာသော သူကြီးလေး၏ အာမေဋိတ်သံ။

"အမှန်ပါပဲ သခင်"

ယခုထိ သခင်ကြီးတို့ ဖနိုးမောင်နှံမှာ မင်သက်မိနေကြတုန်းပင်။

"ဘယ်လို ဘယ်လို အဖမ်းခံရတယ်ဆိုတာ အပြည့်အစုံ အစီရင်ခံစမ်း မောင်မင်း"

"ကျွန်တော်မျိုးတို့ ညနေမိုးချုပ်စကပဲ တောနက်ထဲကို ရေနံတွင်းစောင့်ရအောင် ထွက်လာကြပါတယ်။ ကျွန်တော်မျိုးတို့ ပြန်လာရင် မိုးလင်းပိုင်းစောင့်ဖို့ နောက်တစ်သုတ် တောနက်ထဲကို လွှတ်ရပါဦးမယ်။ ကျွန်တော်မျိုးတို့ တောနက်ထဲရောက်လို့ ရေနံတွင်းတွေကို တစ်ယောက်စီ လှော့ကြည့်ကြတော့ အဘိုးကြီးအာမရာက နှစ်ယောက်တစ်တွဲစီ လှော့ကြည့်ဖို့ သတိပေးပါသေးတယ်။ ဒါပေမယ့် သခင်ကြီးက မြန်မြန်ပြန်လာကြဖို့ မှာလိုက်တယ်ဆိုပြီး သခင်မလေးက တစ်ယောက်စီ လှော့ကြည့်ခိုင်းပါတယ်။ သူလည်းပဲ ရေနံတွင်းတွေကို တစ်တွင်းပြီးတစ်တွင်း လှော့ကြည့်ပါတယ်။ ရေနံတွင်းတွေ မြန်မြန်ကြည့်ပြီး မြန်မြန်ပြန်ကြမယ်။ သူ မပြန်မချင်း သခင်ကြီးဟာ အိပ်ရာထဲဝင်မှာ မဟုတ်ဘူး။ မိုးမိုးနားမှာထိုင်ပြီး



စောင့်နေလိမ့်မယ်။ သူ့အတွက်နဲ့ သခင်ကြီး အိပ်ရေးပျက်မှာ စိုးတယ်ထင်ပါရဲ့။ ရေနံသူပုန်တွေကြောင့် သခင်ကြီး မအိပ်နိုင်၊ မစားနိုင်ဖြစ်နေတာ ကြာပါပြီလို့လည်း ပြောတယ်။ သခင်ကြီး အအိပ်ပျက်၊ အစားပျက်ဖြစ်ပြီး ကျန်းမာရေးထိခိုက်လာမှာ သခင်မလေးက သိပ်စိုးရိမ်နေတာကလား"

စစ်ပုလိပ်ဗိုလ်က မျက်ရည်တွေတွေကျနေသော သခင်ကြီး၏ မျက်နှာကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်၏။

"ဒါကြောင့် သခင်မလေး အမိန့်ရှိသလို တောနက်ထဲက ရေနံတွင်းတွေကို ကျွန်တော်မျိုးတို့ တစ်ယောက်စီ လှော့ကြည့်ကြပါတယ်။ ရေနံတွင်းတွေက ဟိုချိုင့်ကြားတစ်တွင်း၊ ဒီလျှိုကြားတစ်တွင်းဆိုတော့ ဒီလိုနဲ့ပဲ တစ်ယောက်နဲ့ တစ်ယောက် နည်းနည်း အလှမ်းဝေးသွားကြပါတယ်။ အရှေ့ဘက် လျှိုကြားမှာရှိတဲ့ ရေနံတွင်းတစ်တွင်းနားက သခင်မလေးရဲ့အော်သံလိုလို ကြားလိုက်ရလို့ ကျွန်တော်မျိုးတို့ အဲဒီဘက် ပြေးလိုက်သွားကြတော့ လူတစ်ရပ်၊ နှစ်ရပ်လောက်မြင့်တဲ့ ကျောက်ချွန် ကျောက်တုံးပေါ်က ရေနံသူပုန်တွေဟာ ကျွန်တော်မျိုးတို့ကို ဆီးပြီးတော့ တိုက်ခိုက်တော့တာပါပဲ။ လသာတယ်ဆိုပေမယ့် နှင်းကသိပ်ကျနေတော့ ကျောက်တုံးတွေပေါ်မှာ သူပုန်တွေပုန်းနေတာ မမြင်ရဘူး။ သခင်မလေးအော်သံကလည်း တစ်ချက်တည်းပဲ ကြားလိုက်ရတော့ ကျောက်တုံးပေါ်ကနေ သခင်မလေးကို ကြိုးကွင်းပစ် ထောင်ဖမ်းတာလား။ မြင်းပေါ်ကိုခုန်ချပြီး အတင်းလည်ပင်းညှစ် ဖမ်းယူသွားတာလားဆိုတာ ခုထိ ကျွန်တော်မျိုးတို့ မသိရသေးပါဘူး။ သူပုန်တွေက အပေါ်စီးကဆိုတော့ ကျွန်တော်မျိုးတို့ အားလုံး ကျကုန်တော့တာပါပဲ"

ကုလားကလေး မာမက်ကာရင်၏ စကားအဆုံးတွင် သခင်ကြီး၊ သခင်မကြီးတို့၏ မျက်နှာမှာ လူသေကောင်များပမာ ဖြစ်သွားကြသည်။

"ရေနံသူပုန်တွေနောက်ကို ကျုပ်တို့ချက်ချင်း လိုက်တိုက်ကြမှ ဖြစ်မယ်ထင်တယ်။ သခင်ကြီး ဘယ်လို သဘောရလဲ"

စစ်ပုလိပ်ဗိုလ်က သခင်ကြီး၏မျက်နှာကို စိတ်မသက်သာစွာနှင့် လှမ်းကြည့်၍ မေး၏။

"ကျုပ်ခေါင်းထဲမှာ မီးတောက်နေပါပြီ မစ္စတာဟွတ်၊ ကောင်းသလိုသာ စီစဉ်ကြပါတော့ ခင်ဗျား"

"မစ္စအယ်လီကို လာဖမ်းတဲ့ ရေနံသူပုန်တွေ ဘယ်ဘက်က လာတယ်ထင်သလဲ မောင်မင်း"

"မင်းတဲတောင်ဘက်က လာတယ် ထင်ပါတယ် သခင်"

"သူပုန်တွေမှာ မြင်းပါသလား"

သူကြီးလေးက ကြားဝင်မေး၏။

"ပါတယ် ပါတယ်၊ ကျွန်တော့နောက်ကိုတောင် သူတို့က မြင်းစီးပြီးလိုက်ကြသေးတယ်"

"ဒီလိုဆိုရင် သူပုန်တွေ စခန်းကို ကျွန်တော်သိပြီ မစ္စတာဟွတ်။ သူပုန်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ မင်းတဲတောင်ထိပ်မှာ ကျိန်းသေရှိမှာပဲ”

သူကြီးလေးက အားတက်သရော ပြောသည်။

“ဟုတ်မယ် ဟုတ်မယ်။ လွန်ခဲ့တဲ့သုံးလေးရက်က ရွာတွေမှာ မြင်းတွေတို့ လာသိမ်းပြီး မင်းတဲတောင်ဘက်ကို မောင်းသွားကြတယ်ဆိုတာ ကျုပ် သတင်းရ ထားတယ်”

“မစ္စတာဟွတ်နဲ့ သူကြီးလေးတို့ ထင်တာ မများဘူး။ ဒီသတင်းကို ကျုပ်လည်း ကြားတယ်။ အတိအကျ မရှိသေးလို့ မစ္စတာဟွတ်နဲ့ လာမတိုင်ပင်တာ”

ပန်းတောရွာတွင် စခန်းချနေသော စစ်ပုလိပ်အဖွဲ့မှ ဂေဇဝတ်အုပ်ကလည်း မစ္စတာဟွတ်နှင့် သူကြီးလေးတို့ စကားကို ထောက်ခံလိုက်၏။

“ကဲ ရေနံသူပုန်တွေကို ကျုပ်တို့ ခုချက်ချင်းလိုက်တိုက်မယ်။ အားလုံး အသင့်ပြင်”

စစ်ပုလိပ်ဗိုလ်က အသံနက်ကြီးနှင့် အော်၍ အမိန့်ပေးလိုက်၏။

“ဒီက ရေမြေတောတောင် အခြေအနေကို သူကြီးလေးက ပိုသိမယ်။ သူကြီးလေးလည်းလိုက်ခဲ့ပါ။ ဒီညတွင်းချင်း သူပုန်စခန်းကို ဝိုင်းမိဖို့လိုတယ်။ ငါးသောင်းတန် သူပုန်ဗိုကို မိုးလင်းတာနဲ့ တစ်ပြိုင်နက် အမိပဲ”

ရေနံသူပုန်များနောက်ကို မြင်းကိုယ်စီ၊ သေနတ်ကိုယ်စီနှင့် စစ်ပုလိပ်များ ပြေးလိုက်သွားကြသော အချိန်မှာ ညဦးသန်းခေါင်ကျော်နေလေပြီ။

တပို့တွဲလဆန်း ဆယ့်သုံးရက်လဟု ဆိုသော်လည်း နှင်းမြူတွေက ပိန်းပိတ် သိပ်သည်းနေကြသဖြင့် လရောင်မှာ လင်းလင်း ထင်းထင်း မရှိလှ။ ယဲ့ယဲ့ပြပြသာ လင်းနိုင်ရာသည်။

နှင်းမှောင်ထဲတွင် စစ်ပုလိပ်များအားလုံး ပျောက်ကွယ်သွားကြပြီး ဖြစ်သော် လည်း သမီးအတွက် ရတက်ဖြာဝေနေကြသော သခင်ကြီး၊ သခင်မကြီးတို့မှာ ကျောက်ရုပ်ပမာသာ။

ကာလမှာ သန်းခေါင်ထက် ညဥ့်မနက်နိုင်တော့ပါချေ။

* * *

| ၁၇ |

သခင်ကြီး၏ ရေနံတွင်းများရှိရာ တောနက်ဘက်ဆီမှ သေနတ်သံများကို ကြားလိုက်ရသည်ဆိုကတည်းကပင် ကျော်ဖေဦးရင်ထဲက ထိတ်နှင့်ပြီ။

ကင်းဂိတ်ထဲမှ ရုတ်ရုတ်သဲသဲပြေးထွက်သွားကြသော စစ်ပုလိပ်များကို ဖေ ကြည့်၍ သူက သူ့လူများအတွက် စိုးရိမ်လိုက်မိ၏။ တောနက်ထဲရှိ ရေနံတွင်း များဖက်မှ သေနတ်သံများကို အဆက်မပြတ် ကြားနေရသဖြင့် စစ်ပုလိပ်များအားလုံး သည် မြင်းကိုယ်စီနှင့် ကုန်းမြင့်သာယာဖက်ဆီသို့ ဦးတည် ပြေးလိုက်သွားကြ သည်။ သူတို့ ခွာသွားကြသော စခန်းမှာ လရောင်ယဲ့ယဲ့ နှင်းမှုန်ထဲတွင် တိတ်ဆိတ် ၍ ကျန်ရစ်၏။



ပေါက်ဆိန်တို့လူအုပ် တောနက်ထဲသွား၍ သခင်ကြီး၏ ရေနံတွင်းစောင့် အလုပ်သမားများကို တိုက်ခိုက်နေကြပြီဆိုသည်ကို သေနတ်သံကြားကတည်းက ကျော်ဖေဦး သိထားလိုက်ပြီတည်း။ ထို့ကြောင့်လည်း ‘တော်တော်မိုက်တဲ့ လူတွေပဲ’ ဟု ကျော်ဖေဦးက ရေရွတ်လိုက်၏။ သူတို့ မင်းတဲတောင်ဘက်မှာ စခန်းချနေကြသည် ဆိုသောသတင်းကို စစ်ပုလိပ်များ သိသွားကြပြီ ဆိုသည်ကို ယမန်နေ့ကပင် ကျော်ဖေဦး ကြားလာခဲ့၏။ ထို့ကြောင့်လည်း စခန်းမြန်မြန် ပြောင်းကြရန် ဦးအေးထွန်းအား သူက ယနေ့ညဦး တိုင်ပင်ခဲ့သေး၏။ ထိုအတော အတွင်း ကိုယ့်လူတွေ ငြိမ်ငြိမ်သက်သက်နှင့် ခြေရာဖျောက်၍ နေကြရန်ကိုလည်း ကျော်ဖေဦးက မှာထားခဲ့သေးသည်။ စခန်းမပြောင်းမီ အစိုးရစစ်ပုလိပ်များ၏ ကင်းဂိတ်တစ်ခုခုကို ဝင်စီးသွားနိုင်ရန် သူက ညစဉ်ညတိုင်း တစ်ယောက်တည်း ထွက်၍ ကင်းဂိတ်များ၏ အခြေအနေကို လေ့လာနေခဲ့သည်မှာ သုံးလေးညပင် ရှိသွားလေပြီ။ ယနေ့ညဦးလည်း ကျော်ဖေဦးသည် ပန်းတောရွာနားရှိ အစိုးရ ကင်းဂိတ်နားသို့ တစ်ယောက်တည်း ပုန်းလျှိုးကွယ်လျှိုးနှင့် ရောက်နေလေသည် မဟုတ်ပါလား။

ယခုလိုအချိန်အခါတွင် သူတို့ ရေနံသူပုန်တွေမှာ လက်နက်၊ ခဲယမ်းမီးကျောက် များ အများအပြားပင် လိုနေသည်။ လက်နက်၊ ခဲယမ်းမီးကျောက်များ ရရှိရေး မှာလည်း ရန်သူကင်းဂိတ်များကို ဝင်စီးနိုင်ရေး တစ်ခုတည်းသာဖြစ်၏။ သူက လက်နက်၊ ခဲယမ်းမီးကျောက်များ ရရှိရေးအတွက် ကင်းဂိတ်တစ်ခုခုကို ဝင်စီးနိုင်ရန် အသက်နှင့်လဲပြီး လုံးပန်းနေချိန်တွင် ပေါက်ဆိန်တို့ လူအုပ်က ရေနံတွင်းစောင့် သခင်ကြီး၏ အလုပ်သမားများကို သွား၍ တိုက်ခိုက်နေကြသည်မှာ ကိုယ်သေတွင်း ကိုယ်တူးနေကြသည်နှင့် တူနေလေသလားဟု တွေး၍ ကျော်ဖေဦးမှာ စိုးရိမ် သောကစိတ် ပွားနေမိ၏။

ပေါက်ဆိန်မှာ တစ်ဇွတ်ထိုးတစ်ယူသန် အလွန်လုပ်တတ်သူ ဖြစ်သည်။ ကျော်ဖေဦးက အကျိုးသင့်အကြောင်းသင့် ပြောပြသည်ကိုလည်း နားထောင်ချင်မှ နားထောင်ပြီး သူ့သဘောနှင့်သူ လုပ်လေ့လုပ်ထရှိသူ ဖြစ်၏။ တစ်ခါတစ်ခါ စဉ်းစဉ်းစားစား လုပ်ကြရန်ပြောသော ဦးအေးထွန်းကိုပင် ပျော့ညံ့သည်။ သူ့ရဲဘော ကြောင်သည်ဟု ဆိုဖွယ်ရှိရာ၏။ ဖလောင်မလေးနှင့် ပတ်သက်လာလျှင် ကျော် ဖေဦးသည် ပြတ်ပြတ်သားသား မလုပ်ရဲ၊ မလုပ်ဝံ့ဟု စွပ်စွဲ ပြောဆိုသည်။ ‘မင်းက ဖလောင်းမလေးကို မရလို့ ရေနံသူပုန် အခိုင်အမာ ယူဆထားသည်။ ဖြစ်လာရတာပါကွာ။ မင်းမှာ ကိုယ့်အမျိုး၊ ကိုယ့်ပြည်ကို ချစ်တတ်တဲ့စိတ်ဆိုတာ ရှိချင်မှ ရှိမှာပါ’ဟုလည်း နာနာကြည်းကြည်း ပြောတတ်သေး၏။ မပြေးသော် ကန့်ရာရှိခဲ့ပြီမို့ ဤသည်ကိုတော့ ကျော်ဖေဦးက သည်းခံရ၏။ ပေါက်ဆိန်ပြော သလို သူ ရေနံသူပုန်ဖြစ်လာရသည်မှာ အယ်လို့ကိုအကြောင်းခံပြီး ဒေါ်သောကြီး နှင့် အဆင်မပြေဖြစ်ခဲ့ကြသည်က စလာသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အယ်လီနှင့် ပတ်သက်လာလျှင် ပေါက်ဆိန်က ကျော်ဇောဦးကို ယနေ့အထိ ယုံကြည်စိတ်ချခြင်း အလျဉ်းမရှိခဲ့ပေ။ 'မင်းဖလောင်း အစိုးရစစ်ပုလိပ်တွေကို တိုက်ခိုက်ဖို့ ကြိုးစား၊ ငါက ရေနံတောင်မှာရှိတဲ့ ဖလောင်းတို့မိသားစု တို့မြေထဲက မြန်မြန်ထွက်ပြေးသွားကြအောင် လုပ်မယ်။ ဒီလို မဟုတ်ရင် အားလုံးသေကုန်အောင် ကြိုးစားမယ်' ဟု တာဝန်ခွဲသည့် သဘောကိုလည်း ပေါက်ဆိန်က ပြောဖူးသည်။ 'ကျော်ဇောဦး၊ မင်းဟာတိုက်ရေး၊ ခိုက်ရေးမှာတော့ တကယ်တော်တဲ့ လူတော်ပါ ယောက်ပဲကွ။ ဒါပေမယ့် မင်းဟာအမြဲ မပြတ်သားဘူး။ မင်းသာပြတ်ပြတ်သားသား မျိုးချစ်စိတ်ထားအပြည့်အဝနဲ့ လုပ်မယ်ဆိုရင် ရေနံတောင်က ဖလောင်းတို့မိသားစု ထွက်ပြေးသွားရတာကြာပြီ။ ဒါမှမဟုတ်ရင် အားလုံးသေကုန်ကြတာ ကြာလှပြီ။ အလုပ်လုပ်တဲ့နေရာမှာ ပြတ်ပြတ်သားသား လုပ်စမ်းပါကွာ ငါ့ညီရာ' ဟု ခိုးမြင့်ခြောက်စား ပြောသလိုလိုနှင့် နိမ်သောစကားကိုလည်း ဆိုဖူးသည်။ သူမှာ နဂိုကပင် ရေနံသူပုန်များကို ခေါင်းဆောင်လာသူမို့ ဦးအေးထွန်းကလွဲလျှင် ရေနံသူပုန်များအပေါ်မှာ ဩဇာအာဏာရှိသူ ဖြစ်သည်။ ကျော်ဇောဦးကို တိုက်ရေးခိုက်ရေးမှာ ရေနံသူပုန်များက လေးစားကြသလို စိတ်ဓာတ်ကြံ့ခိုင်၍ ပြတ်ပြတ်သားသား လုပ်တတ်သူ ပေါက်ဆိန်၏ စကားကိုလည်း မပယ်ရှားရဲကြချေ။ ထို့ကြောင့်လည်း ကျော်ဇောဦးက အတန်တန်မှာထားခဲ့ပါလျက် ပေါက်ဆိန်သည် ဦးအေးထွန်းကိုပင် အသိမပေးဘဲ သခင်ကြီး၏ ရေနံတွင်းစောင့် အလုပ်သမားများကို သွားတိုက်နေပြီ မဟုတ်ပါလား။

တိုက်ပွဲကွင်း ခြေသလုံးတစ်ဖက် အရိုးကွဲအက်ရာရနေ၍ မထနိုင်။ မလျှောက်နိုင်ဖြစ်ကာ သူ့ညွန်ကြားသမျှ တိုက်ပွဲတိုင်းလိုလို အောင်နိုင်နေသဖြင့် ဦးအေးထွန်းမှာ စိတ်ဓာတ် တက်ကြွနေသော်လည်း အရှည်ကိုမကြည့်ဘဲ လောလောဆယ် တိုက်ပွဲနိုင်ရေးကိုသာ အဓိကထား၍ တိုက်ခိုက်နေကြသော ပေါက်ဆိန်၏ လူများကြောင့် ကျော်ဇောဦးမှာ တစ်ခါတစ်ခါ၌ အကြီးအကျယ်ပင် စိတ်ဓာတ်ကျမိသည်။ ဤသည်ကိုပင် ပေါက်ဆိန်က မပြတ်မသား စိတ်မခိုင်ဟု ပြောတတ်သည်။

"ကျွန်တော် စိတ်မခိုင်လို့ မဟုတ်ပါဘူး အစ်ကိုရာ။ ကျွန်တော်တို့ဟာ ရေရှည်ခံနိုင်ဖို့ အရေးကြီးတယ်။ ကျွန်တော်တို့မှာ လက်နက်၊ ခဲယမ်း၊ မီးကျောက်တွေ အများအပြားလိုတယ်။ ဒူးလေး၊ ဝါး၊ ပြောင်းတွေချည်း အားကိုး..."

"ဟေ့ ဒီမှာကွ ငါ့ညီ၊ မင်းတောထဲ မရောက်လာခင်တုန်းက အစ်ကိုတို့ မျိုးချစ်ရေနံသူပုန်တွေက ဘာလက်နက်တွေနဲ့ တိုက်ခိုက်ခဲ့ကြသလဲဆိုတာ မင်းမေ့ထားဖို့ မသင့်ဘူးထင်တယ်။ လူဟာ စိတ်ဓာတ်ကြံ့ခိုင်ဖို့ ပြတ်သားဖို့ ရဲရင့်သတ္တိရှိဖို့ အဓိကပါကွာ။ အဲဒီတုန်းက မင်းနဲ့ဖလောင်းမလေးဟာ တို့လက်ထဲက လွတ်ခဲ့ဖူးလို့လား။ မင်းကျောပေါ်က သေနတ်ဟာ ဘာဖြစ်ခဲ့ရတာလဲဆိုတာ မင်းမှတ်မိသေးရဲ့လား။ တို့ကသာ ကိုယ့်အမျိုးသားချင်းဆိုပြီး မညှာခဲ့ရင် မင်း အသက်နဲ့ ခန္ဓာကိုယ်ဟာ ခုလို ရှိနိုင်ပါဦးမလား။ စဉ်းစားပါကွာ။ မင်းအသက်ဟာ တို့လက်ထဲမှာ ရှိခဲ့တာပါကွာ။ ခုလို ရေနံမြေတိုက်ပွဲ ရှည်ကြာနေရတာဟာ



လည်း မင်းကြောင့်ပဲမဟုတ်လား။ မင်းသာဟိုတုန်းက လိမ္မာခဲ့ရင်၊ ကိုယ့်အမျိုးကိုယ် ချစ်ခဲ့ရင်၊ ရှာနီးချုပ်စပ်တစ်ဝိုက်က ရခိုင်တောင်သူလယ်သမားတွေရဲ့ ဝေါ်ပြတ် မွဲတေလှတဲ့ ဘဝဆင်းရဲကြီးကို ကြည့်တတ် မြင်တတ်ခဲ့ရင် ခုလောက်ဆို ရေနံမြေ တိုက်ပွဲကြီး ပြီးလို့ ကိုယ့်လယ် ကိုယ်လုပ်စားနေကြရပြီ။ အမှန်ကတော့ ရေနံမြေ တိုက်ပွဲ ရှည်ကြာလာအောင် ဖန်တီးခဲ့တာဟာ မင်းပဲ။ ခုလည်း ရေရှည်ခံဖို့ဆိုတဲ့ စကား မင်းပါးစပ်က ပြောလာပြန်ပြီ။ ကိုယ်ရထိုက်ရသင့်တဲ့ အခွင့်အရေးတစ်ခုကို ရထိုက်ရသင့်တဲ့အခါ မတောင်းလိုက်၊ မယူလိုက်၊ မတိုက်ခိုက်လိုက်လျှင် နောက်တော့ ဘာဖြစ်သွားမလဲဆိုတာ ခု မင်းလက်တွေ့ပဲ မဟုတ်လား။ ဖလောင်းမလေးကို ငါနှိပ်နိုင်သာ လာဖမ်းတုန်းက မင်းသာလိမ္မာလိုက်ရင် ရေနံမြေတိုက်ပွဲဟာ အဲဒီတုန်းက ပြီးသွားပြီကွ။ မင်းဟာ ကောင်းကင်ပေါ်က နေတို့၊ လတို့ကို မော့ကြည့်ပြီး တောင့်တခဲ့တဲ့ မင်းသားရူးလိုပဲ။ ဟိုဖလောင်းမလေးရဲ့ ဟောကြည့်... ဒါတွေ ငါကပြောတော့ မင်းမျက်နှာက ရှာတော့မယ့်မိုးလို ညိုလာပြီမဟုတ်လား။ အေးပါကွာ။ ငါလည်း မင်းစိတ်မကောင်းအောင် တမင်ပြောနေတာ မဟုတ်ပါဘူး။ တိုက်ဆိုင်လို့ ပြောမိတာပါ။ တို့ဟာ ရှေ့ဆက်ပြီးသာ တာဝန်ရှိရှိ၊ သစ္စာရှိရှိ လုပ်သွားကြဖို့ လိုတာပါ။ ငါ့ကို ခွင့်လွှတ်ပါ"

သူ့စကားကိုပင် ဆုံးအောင်နားမထောင်ဘဲ သူ ပြောချင်ရာကိုသာ တသိတတန်းကြီး ပြောဆိုသွားသော ပေါက်ဆိန်ကို ထိုစဉ်ကလည်း ကျော်ဇောဦး ဒေါသဖြစ်ခဲ့ရ၏။ ကြည့်စမ်း၊ ငါ့ကို ခွင့်လွှတ်ပါဟု ဆိုသော်လည်း သူ့စကားက မရဝ်သေး။ သူ့ကိုပင် တမင်ခနဲ့နေသလို၊ ငေါ့နေသလိုနှင့် သူ၏စကားကြောက ရှည်နေသေး၏။

"ဒီမှာကွ ကျော်ဇောဦး၊ ခု တို့တိုက်ခိုက်နေကြတဲ့ ရေနံမြေတိုက်ပွဲဟာ မှန်ကန်တဲ့ တိုက်ပွဲမဟုတ်ဘူးလို့ မင်းထင်သလား။ မင်းအနေကိုတော့ မပြောတတ်ဘူးလေ။ တို့ကတော့ ကိုယ့်မြေ၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်အတွက်ဆိုရင် အသက်စွန့်ပြီး တိုက်ခိုက်ရမယ်လို့ ယုံကြည်ထားတယ်။ တို့ယုံကြည်သလို ခု တို့တိုက်ခိုက်နေကြတာပဲ။ ဟိုတုန်းက ရခိုင်မျိုးချစ်သူရဲကောင်းများ ဖြစ်ကြတဲ့ မင်းသားကြီး ဦးရွှေပန်းနဲ့ မြို့သူကြီးဦးအောင်ကျော်ရှိတို့လို ကမ္ဘည်းစာတန်း ထိုးမသွားနိုင်ခဲ့တောင် ရှာနီးချုပ်စပ်တစ်ဝိုက်က လူတွေရဲ့ ပါးစပ်ဖျားမှာတော့ တို့အကြောင်းတွေကို သားစဉ်မြေးဆက် ပြောကျန်ရစ် အောင် ထားပစ်ခဲ့ရလိမ့်မယ်။ ကိုယ့်လူမျိုး၊ ကိုယ့်မြေအတွက် တို့ဘယ်လို သက်စွန့်ဆံဖျား တိုက်ခိုက်သွားကြတယ်ဆိုတာ နောက်လာ နောက်သားတွေ ပါးစပ်ဖျားမှာ မပြောမဖြစ်တဲ့ စကားတစ်ခုအနေနဲ့ ထားခဲ့ကြရလိမ့်မယ်။ အဲ့ ဘာပဲဖြစ်ဖြစ်ကွာ။ ငါ့သဘောကတော့ ရေနံတောင်က ဖလောင်းတို့ မိသားစုရင်လည်း အားလုံးသေကုန်မှ၊ မင်းတို့ ငါတို့ရင်လည်း မြန်မြန်သေကြမှ ဒီရေနံမြေတိုက်ပွဲဟာ အေးလိမ့်မယ် ထင်တာပဲ" ဟု မိုက်မိုက်ကန်းကန်းပြောခဲ့သော ပေါက်ဆိန်၏စကားကို ကျော်ဇောဦး နားအခဲခဲ့သည်မှာ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရေနံသူပုန်များထဲမှာ ပေါက်ဆိန်က လူကြီး။ ရေနံသူပုန်များကို ဦးစွာပထမ ခေါင်းဆောင်လုပ်လာသူမို့ ကျော်ဇောဦးက ပြန်၍မပြောသာ။ သူ့မှာ မစွမ်းရင်ကလည်း ရှိ။ ကန့်စွန်းခင်းကလည်း ငြိခဲ့သူ မဟုတ်ပါလား။

အစိုးရမင်းများက သူ့ကိုသာသူပုန်ဗိုဟု ဆုငွေငါးသောင်း ဝရမ်းထုတ်ထားရ သော်လည်း အမှန်က သူသည် ရေနံသူပုန်ဗို မဟုတ်ပေ။ တောထဲမှာ သူ့ ဩဇာအာဏာက လုံးဝရှိသည်မဟုတ်။ အာဏာအရှိဆုံး ပုဂ္ဂိုလ်မှာ ယခုအခါ ပေါက်ဆိန်သာဖြစ်၏။ အစ်ကိုထွန်းဦးနှင့် ကိုအောင်ကျော်တို့ကလည်း ရေနံမြေတိုက်ပွဲ မှာ ကျသွားပြီမို့ ယခုအခါ သူ့ဘက်မှာ မားမားရပ်မည့်သူဟူ၍ တစ်ယောက်တလေ မျှမရှိတော့။ ယခုအချိန်တိုင် အယ်လီမည်သော မျက်နှာဖြူမလေးကို အကြောင်းခံ ပြီး တောထဲသို့ ထွက်ပြေးလာရသော သူ့အား မျိုးချစ်သူပုန် တော်လှန်ရေးသမား ဟု မည်သူကမျှ အသိအမှတ် မပြုကြ။ သို့သော် ကျော်ဇောဦးမှာ ကိုယ့်အမျိုးချစ် ကြောင်းကိုတော့ ပြရပေဦးမည်။ ယနေ့ ပေါက်ဆိန်တို့လူအုပ် တာဝန်မဲ့သွားလုပ် သဖြင့် သူတို့စခန်းကို စစ်ပုလိပ်များလာတိုက်လျှင် ဦးအေးထွန်းနှင့်တကွ သူ့ လူများ မတော်တဆ ကျဆုံးသွားရမည့် အရေးကိုတွေးပြီး သူက ရင်လေးမိသည်။ ထို့ကြောင့်လည်း ကျော်ဇောဦးသည် မင်းတဲတောင်ပေါ်မှ ရေနံသူပုန်များရှိရာ တော်လှန်ရေးစခန်းဘက်ဆီသို့ မြင်းကိုအပြင်းစီးကာ ဒုန်းစိုင်းပြေးချလာမိသည်။

ကျော်ဇောဦးသည် မောကြီးပန်းကြီးနှင့် မင်းတဲတောင်စခန်းနားသို့ ရောက် လာ၏။ ထူထပ်သိပ်သည်းသော ရွက်အုပ်မိုး သစ်ပင်တို့ကြောင့် လရောင်မရှိသော တောလမ်းမှာ မှောင်နင့်မည်းမည်း ဖြစ်နေသည်။ ကျော်ဇောဦးသည် လျှို့ဝှက် လမ်းကလေးမှ စခန်းနားသို့ ချဉ်းကပ်လာ၏။ စခန်းရှိ တောင်ပေါ်မှ ဆူဆူညံညံ အသံများကို မကြားရသဖြင့် သူ့စိတ်က အေးမြသွားသည်။ သူ့လူများ အန္တရာယ် မဖြစ်သေး၊ ဘေးဥပဒ်မကျရောက်သေး။ စခန်းသည် ဆောင်းညနှင့်အတူ အေး အေးချမ်းချမ်းပင် ရှိနေသေးသည်။

ကျော်ဇောဦးသည် တောင်ပေါ် စခန်းအောက်ရှိ ဆင်ခြေလျှောတွင် မြင်းကို ဇက်သတ်၍ တန့်ရပ်ထားခဲ့၏။ ပြီး တောင်ပေါ်သို့ တက်လာခဲ့သည်။

မီးဖိုဘေးနားတွင် စိတ်ချလက်ချ အိပ်မောကျနေသော ရေနံသူပုန်များကို မြင်ရသဖြင့် ကျော်ဇောဦးက အံ့သြသွားသည်။ ရေနံတွင်းစောင့်များကို သွား၍ တိုက်ခိုက်ကြသည်မှာ မိမိတို့လူများပင် ဟုတ်ပါလေစဟုလည်း စိတ်ထဲက သံသယ ဖြစ်မိ၏။ အကယ်၍ ရေနံတွင်းစောင့်များကို သွား၍ တိုက်ခိုက်ကြလျှင် ဤသို့ စိတ်ချလက်ချ အိပ်နေပုံကြပါမည်လား။ စစ်ပုလိပ်များ သူတို့နောက်ကို လိုက် လာကြလိမ့်မည်ဆိုတာ မသိကြ၊ မတွေးမိကြ၍လား။ တိုက်ပွဲပြီးသွားသည်မှာ နာရီကျော်ကျော်လောက် ရှိပြီမို့ ရေနံသူပုန်များသည် သောက ကင်းဝေးစွာ အိပ်ပျော်နေကြ၏။

အချိန်မှာ နံနက် စက်နာရီ သုံးချက်တီးလောက်ရှိပြီ ဖြစ်သော်လည်း ထူထပ် သိပ်သည်းလွန်းသော နှင်းမြူတို့က အုံ့ဆွဲ ပိန်းပိတ်နေကြသဖြင့် ကောင်းကင်ပြင်



တွင် သစ်လွင်တောက်ပသော ရောင်နီဦးကိုလည်း မမြင်ရသေး။ လဝန်းမှာ အနောက်ဘက် တောင်တန်းမြင့်ဆီသို့ ငုပ်လျှိုးသွားပြီ ဖြစ်သဖြင့် စခန်းသည် မှောင်နင့် မည်းမည်းသာ။

သခင်ကြီး၏ ရေနံတွင်းစောင့်များကို သွား၍တိုက်ခိုက်ခဲ့ကြသော ရေနံသူပုန် များနောက်သို့ စစ်ပုလိပ်များလိုက်လာကြပါက တောင်ထိပ်တွင် အသင့်ဆင်ထား သော ကျောက်မောင်းများနှင့် ကျောက်တောင်ကြီးများကို မိုင်းခွဲဖြိုချကာ လမ်း တစ်ဝက်က ဆီးပြီး တိုက်ခိုက်ရန်ကိုလည်း ကျော်ဇောဦးက တွေးလာသည်။ ကျော်ဇောဦးသည် ဦးအေးထွန်း၊ ပေါက်ဆိန်နှင့် သူတို့ အတူတကွနေကြသော တဲဘက်သို့ အတွေးနှင့်လျှောက်လာ၏။

“ဖလောင်းမလေးကို မင်းတို့ ဖမ်းလာကြတာတော့ ဟုတ်ပါပြီ။ မင်းစီစဉ်သလို ဖြစ်မလာဘဲ တကယ်လို့ မင်းတို့နောက်ကို စစ်ပုလိပ်တွေ လိုက်လာပြီး တို့စခန်းကို လာတိုက်ကြရင်ကော”

တဲတွင်းမှ ဦးအေးထွန်း၏ စကားသံကြောင့် ကျော်ဇောဦး၏ ခြေလှမ်းများမှာ တုံ့ခနဲ ရပ်သွားသည်။

သူ စခန်းသို့ မြင်းနှင့်အပြင်း ပြေးလာခဲ့စဉ်က သူ့လူများ အတွက်ကိုသာ သူက စိုးရိမ်စိတ်မချ ဖြစ်လာခဲ့ရသည်။ အယ်လီကို လုံးဝ သတိမရ။ ပေါက်ဆိန်တို့ လူအုပ်က အယ်လီကို ဖမ်းလာနိုင်ကြလိမ့်မည်ဟုလည်း သူဘယ်တုန်းကမှ မထင် မှတ်ခဲ့။ အယ်လီသည် ဤနေရာသို့ အဖမ်းအဆီးခံ ဘဝဖြင့် ရောက်လာလိမ့်မည် ဟုလည်း လုံးဝမမျှော်လင့်ခဲ့။ ယခု အယ်လီကို ပေါက်ဆိန်တို့ လူအုပ်က ဖမ်း လာကြပြီဆိုသောအခါ ကျော်ဇောဦး၏ တစ်ကိုယ်လုံးရှိ သွေးကြောတွေမှာ ရုတ်ခြည်း တန့်ရပ်အေးစက်သွားသလိုပင်။ လူတစ်ကိုယ်လုံးမှာလည်း ကျောက်ရုပ် ပမာ ဖြစ်သွားမိ၏။ သူ့လူများအတွက် စိုးရိမ် ကြောင့်ကြစိတ်သည် ဘယ်ဆီသို့ လွင့်ပျောက် ထွက်ပြေးသွားကြသည် မသိ။ သူ၏ သတိထဲမှာ အယ်လီအတွက် စိုးရိမ်စိတ်ကသာ ချက်ချင်းမင်းမူ၍ နေရာယူလာသည်။ ကျော်ဇောဦးသည် သတိကို ပြန်လည်၍ တဲထဲသို့မဝင်ဘဲ တဲဘေးနားတွင် ပုန်းကပ်နေလိုက်၏။

“ကျွန်တော်တို့ ဒီမှာ စခန်းချနေကြတယ်ဆိုတာ ဘယ်သူမှ မသိပါဘူး ဦးလေးထွန်းရာ”

“ဟဲ့ မင်းကသာ ဘယ်သူမှ မသိဘူး ထင်နေတာ။ တို့ ဒီမှာရှိနေတယ်ဆိုတာ စစ်ပုလိပ်များ သတင်းရသွားပြီးလို့ ညနေကပဲ ကျော်ဇောဦး ငါ့ကို လာပြောသွား တယ်။ တို့ခြေရာဖျောက်ပြီး ငြိမ်ငြိမ်သက်သက် နေကြဖို့ကိုလည်း ဒီကောင်က မှာထားခဲ့သေးတယ်။ ခု မင်းတို့ ရေနံတွင်းစောင့်တွေကို သွားတိုက်ပြီး ဖလောင်းမ လေးကို ဖမ်းလာကြတယ်ဆိုတော့ တို့စခန်းကို စစ်ပုလိပ်တွေ လာတိုက်ကြ တော့မယ် ထင်တယ်ကွ ပေါက်ဆိန်”

စခန်းရှိ ရေနံသူပုန်များအားလုံးမှာ စိတ်ချလက်ချ အိပ်ပျော်နေကြပြီ ဖြစ်သော် လည်း ဦးအေးထွန်းနှင့် ပေါက်ဆိန်တို့ကတော့ တဲထဲတွင် ခေါင်းချင်းဆိုက် တိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။

"ဟာ ဒီကောင့်စကား မယုံပါနဲ့ ဦးလေးထွန်းရာ။ သူ့ဖလောင်းမလေးကို ကျွန်တော်တို့ သွားဖမ်းကြမှာစိုးလို့ ဒီကောင်က ဦးလေးကို တမင်လိမ်ပြောထားခဲ့တာ နေမှာပါ။ ဖလောင်းမလေးနဲ့ ပတ်သက်လာရင် ဒီကောင်ဟာ ဘယ်တုန်းက ပြတ်ပြတ်သားသား လုပ်ဖူးလို့လဲ။ ဖလောင်းမလေးမှာ အပြစ်မရှိဘူးဆိုတာ ခုထိ ပြောနေတုန်းပဲ၊ ဦးလေးထွန်း စဉ်းစားကြည့်စမ်း။ ဖလောင်းကြီးပေါင်ကျိုးသွားပြီးနောက် ကျွန်တော်တို့ကို ဒီကောင်မလေးချည်းပဲ ဦးဆောင်ပြီးလိုက်တိုက်နေတာ မဟုတ်လား။ ဦးလေးထွန်းခြေသလုံးကို ကျည်ထိတာဟာလဲ ဒီကောင်မလေးပစ်တာပဲ မဟုတ်လား။ ဒီကောင်မလေးက လက်လည်း သိပ်ဖြောင့်တာဗျ"

ပေါက်ဆိန်၏ အသံက ဒေါသနှင့် မြင့်တက်လာသည်။

"မင်းစိစဉ်သလို ဖလောင်းကြီးက သူ့သမီးကို တို့သတ်ပစ်ကြမှာစိုးလို့ ရွှေတောင်ကြားက ထွက်သွားပြီထားပါတော့။ ဖလောင်းမလေးကိုလည်း တို့အပြန်လွှတ်လိုက်ပြီ ဆိုပါတော့။ နောက် ပြန်မလာဘူးလို့ ဘယ်သူ ပြောနိုင်မလဲ။ စစ်ပုလိပ်တွေကကော တို့ကို လိုက်မတိုက်တော့ဘူးလို့ ပြောနိုင်ပါ့မလား"

"စစ်ပုလိပ်တွေက ကျွန်တော်တို့ကို လိုက်ပြီး တိုက်ချင်တိုက်ပါစေ။ ရွှေတောင်ကြားမှာ ဒီဖလောင်းကြီး မရှိတော့ဘူးဆိုရင် ကျွန်တော်တို့ ရှာနီးချုပ်စစ်သားတွေဟာ လောလောဆယ်ဆယ်တော့ ကိုယ့်လယ်ကိုယ်ပြန်ရကြမှာပဲ။ ဒါဆိုရင် ကျွန်တော်တို့ တိုက်ရကျိုးနပ်ပါပြီ။ တိုက်ရင်းနဲ့သေရလည်း သေပေါ့လေ"

"မင်းပြောတာလည်း တစ်နည်းတော့ ဟုတ်ပါတယ်။ ဒါပေမယ့် တို့တိုက်နေကြတဲ့တိုက်ပွဲဟာ ဟိုတုန်းကလို လယ်ယာမြေတိုက်ပွဲ၊ ရေနံမြေတိုက်ပွဲ သက်သက်တော့ မဟုတ်တော့ဘူးဆိုတာ မင်း တွေးမိပါလိမ့်မယ်"

"ဒါကို ကျွန်တော် သဘောပေါက်ပြီးသားပါ ဦးလေးထွန်း"

"ဒီလိုဆိုရင် ကောင်းပြီ။ တကယ်လို့ မင်းတို့ပစ်ချခဲ့တဲ့ စာရွက်စာတမ်းတွေကို ဖလောင်းကြီးက မတွေ့လို့ပဲဖြစ်ဖြစ်၊ ဖလောင်းကြီးသဘောကို စစ်ပုလိပ်တွေက မလိုက်နာလို့ပဲဖြစ်ဖြစ် ခုညတွင်းချင်း တို့စခန်းကို စစ်ပုလိပ်တွေ လာတိုက်ရင်ကော"

"ဟာ ဒီလိုဆိုရင်တော့ ဒီဖလောင်းမလေးကို ရှင်းပစ်ခဲ့ရမှာပဲ ဦးလေးထွန်း"

ပေါက်ဆိန်၏ နောက်ဆုံးစကားကို ကြားရသောအခါ ကျော်ဇောဦး၏ မျက်နှာမှာ ချက်ချင်း သွေးဆုတ်သွားသည်။

စစ်ပုလိပ်များ သူတို့နောက်ကို လိုက်လာပြီး စခန်းကိုလာတိုက်လျှင် အယ်လီကို သူတို့ သတ်ပစ်ကြမည်ဆိုပါလား။ ကျော်ဇောဦး၏ ရင်ထဲမှာချက်ချင်း မီးကဲ့သို့ ပူလောင်လာ၏။

"ဘာဖြစ်ဖြစ်ပါလေ။ ကျော်ဇောဦးရောက်ရင် သူနဲ့လည်း တိုင်ပင်ကြတာပေါ့ကွာ။ ဒီကောင်ကလည်း ဒီနေ့မှ ကြာလိုက်တာ။ ငါ့ကိုပြောသွား တာတလော



ကင်းဂါတ်တစ်ခုခုကို ဝင်စီးရအောင် အခြေအနေ သွားကြည့်မယ်ဆိုပြီး ထွက်သွားတာပဲ။ သူ့အမေလည်း ခုတလော သိပ်နေလို့မကောင်းဘူး ကြားရတယ်။ ပန်းတောရွာထိများ သွားလေမလား မသိဘူး။ သေနတ်သံတွေကြားရင်တော့ ချက်ချင်း ပြေးလိုက်လာလိမ့်မယ် ထင်တာပဲ"

"ဖယောင်းမလေးကို ကျွန်တော်တို့ ဖမ်းလာကြတယ်ဆိုတာတော့ ဦးလေးထွန်း ဒီကောင့်ကို မပြောလိုက်ပါနဲ့နော်။ ကျွန်တော်တို့ကို ရန်လုပ်နေပါဦးမယ်"

"မပြောပါဘူး။ ဒီကောင့်ကိုပြောရင် အန္တရာယ်ကိုဖြစ်ချင် ဖြစ်နေမှာ။ အေး ဖလောင်းမလေးကိုတော့ မင်းတို့ကောင်းကောင်း မှန်မှန်ထားကြပါကွ။ ဒီကောင် ရောက်လာရင် အကျိုးအကြောင်း ငါကလည်း ဝင်ပြောပေးပါ့မယ်။ ခု ဖလောင်းမလေးကို မင်းတို့ ဘယ်မှာထားလဲ။ နှင်းတောထဲပစ်ထားလို့ အအေးမိပြီး သေများလည်း နေပါဦးမယ်ကွ"

"ဒီကောင်လာရင် တွေ့သွားမှာစိုးလို့၊ အရှေ့ဘက်စခန်းက စိန်သာတို့ တဲနားမှာ ချည်ထားတယ်"

အယ်လီကို စိန်သာတို့တဲနားမှာ ချည်ထားသည်ဟု သိရသဖြင့် ကျော်ဇောဦး စိတ်ထဲက အနည်းငယ်တော့ ပေါ့သွားသလိုပင်။ သို့သော် မတော်တဆ အစိုးရစစ်ပုလိပ်များက ညချင်းလိုက်လာပြီး စခန်းကိုတိုက်ခိုက်ကြလျှင် အယ်လီကို 'ရှင်းပစ်ခဲ့မှာပဲ' ဆိုသော ပေါက်ဆိန်၏စကားကြောင့် ကျော်ဇောဦး၏ ရင်ထဲမှာ စိုးရိမ်ကြောင့်ကြစိတ်တွေနှင့် ပွက်ပွက်ဆူနေသည်ကတော့ အမှန်ပင်။ သူ့စိတ်အထင်မှာ အစိုးရစစ်ပုလိပ်များသည် ရေနံသူပုန်တွေ၏ နောက်ကို မုချ လိုက်လာကြလိမ့်မည်ဟု ထင်နေသည်။

ဘာဘဲဖြစ်ဖြစ် ဤလို အချိန်အခါမျိုးတွင် အယ်လီ၏အနား၌ သူက ရှိသင့်သည်ဟု ကျော်ဇောဦးက တွေးလိုက်သည်။ တစ်နှစ်နီးပါး ကွဲကွာနေရသော အယ်လီကို တွေ့လို၊ မြင်လိုစိတ်ကလည်း သူ့အသိကို ပြင်းပြစွာ စေ့ဆော်လာ၏။ ထိုအခါ ကျော်ဇောဦးမှာ အယ်လီရှိရာဖြစ်သော စိန်သာတို့တဲနားသို့ ရောက်အောင် သွားမိပြန်သည်။ အယ်လီ့အတွက် စိုးရိမ်သောကစိတ်၊ တွေ့လိုမြင်လိုစိတ်၊ ပြောကြားလိုသော စကားတို့ကြောင့် သူ့ကိုယ်မှာ လေနှင့်အတူ ပေါ့ပါးနေသည်။

စိန်သာနှင့် သူ့တပည့် သုံးလေးယောက်သည် မီးဖိုဘေးနားရှိ တဲထဲတွင် သေနတ်ကိုဖက်ကာ စိတ်အေးလက်အေး အိပ်နေကြသည်။ သူတို့၏တဲရှေ့ နှင်းတောထဲမှာတော့ အယ်လီကို လက်ပြန်ကြိုးတုတ်၍ ချည်ထားကြ၏။ တဲထဲမှ မီးရောင်ကြောင့် အယ်လီ၏မျက်နှာကို ပေအစိတ် ပေသုံးဆယ်လောက်ကပင် မြင်နေရသည်။ အနားကို ရောက်သွား၍ အယ်လီ၏ပါးပြင်ပေါ်မှ မျက်ရည်စီးကြောင်းများကို မြင်ရသောအခါ ကျော်ဇောဦး၏ ရင်ထဲမှာ ဆို့နင့်သွားသည်။

သူ့မျက်နှာကို မြင်ရသောအခါ ရုတ်တရက်တော့ အယ်လီက အံ့သြသွားသလိုပင်။ နောက် အယ်လီ၏မျက်နှာက ချက်ချင်းညှိုး၍ကျသွားသည်။ မျက်ရည်တွေကလည်း ဆီးမနိုင် တားမရဘဲ တသွင်သွင် စီးကျလာ၏။ ဖိပ်မသသော

www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံတစ်ခုကလည်း ကျော်ဇောဦး နားထဲကို ရိုက်ခတ်လာ၏။ အယ်လီ၏ တသဲ့သဲ့ ရှိုက်သံသည် သူ၏အသည်းနှလုံးကို ဆွဲကိုင်လှုပ်လိုက်သလိုပင်တည်း။ ထိုအခါ ကျော်ဇောဦး၏ မျက်ဝန်းထဲမှ မျက်ရည်တို့မှာ အယ်လီနှင့်အပြိုင်ကျ လာရပြန်သည်။ အယ်လီ့အတွက် သူ့ရင်ထဲမချိတော့ပါ။

“အယ် အယ်လီ”

တုန်ယင်အက်ကွဲနေသော အသံဖြင့် ကျော်ဇောဦးသည် အယ်လီ့အား တိုးတိုး လေးခေါ် လိုက်၏။ အယ်လီကမထူး။ စကားအဖြစ် ရှိုက်သံကသာ သိမ့်သိမ့်တုန် ၍ ပေါ် ထွက်လာသည်။ ကျော်ဇောဦး၏ ရင်ထဲမှာ ဆောက်တည်ရာ မရလောက် အောင် ဗလောင်ဆူသွားသည်။

ကျော်ဇောဦးသည် အယ်လီ၏လက်ကို ညင်ညင်သာသာ လှမ်းကိုင်လိုက်၏။

“အယ်လီ”

အိပ်ပျော်နေသော စိန်သာတို့ လူအုပ်ကြားသွားမှာစိုး၍ ကျော်ဇောဦးသည် အယ်လီ၏ နားနားသို့တိုးတိုးကပ်၍ လေသံနှင့်ခေါ် ၏။

“ငါ့...ငါ့ကို မြန်မြန် သတ်ပစ်လိုက်ကြပါလား ကျော်ဇောဦးရယ်”

အယ်လီက မျှော်လင့်ချက် မရှိတော့ပြီဟူသော အားငယ်သံနှင့် နာကြည်းစွာ ဆိုလာသည်။

“ရှူး တိုးတိုးပြောပါ အယ်လီ။ စိန်သာတို့နိုးသွားရင် နှစ်ဦးစလုံး ဒုက္ခဖြစ် လိမ့်မယ်”

“သည်ထက်ကြီးမားလှတဲ့ ဒုက္ခဆိုတာ အယ်လီအတွက် နောက်ထပ်မရှိတော့ ပါဘူး ကျော်ဇောဦးရယ်။ မြန်မြန်သေမှ ဒီဝဋ်က အယ်လီ ကျွတ်ရမှာပါ”

ဝမ်းနည်းလွန်းသဖြင့် အယ်လီ၏အသံမှာ တိမ်ဝင်သွားသည်။

“အို ကိုယ်အသက်ရှင်နေသေးသမျှ အယ်လီဘယ်နည်းနဲ့မှ မသေစေရဘူးဆို တာ ယုံပါ အယ်လီရယ်။ ဒီကိစ္စမှာလည်း ကိုယ်ဘာမှ မသိရတာ အမှန်ပါ။ ကိုယ့်ကိုခွင့်လွှတ်ပါနော်”

ကျော်ဇောဦးက တောင်းပန်း တိုးလျှိုးပြော၍ အယ်လီ၏အနားကို တိုးကပ် သွား၏။ သို့သော် တစ်နှစ်ကျော်ကျော် ကွဲကွာနေရသော ချစ်သူ၏မျက်နှာကို သူမှာ အတိုးချ၍ မကြည့်အားသေး။ သူ့မျက်လုံးအစုံက မီးဖိုဘေးနားတွင် အိပ်ပျော်နေကြသော စိန်သာတို့လူအုပ်ကိုသာ ထိတ်ထိတ်ပျာပျာ စိုက်ကြည့်နေ ရသည်။

စိန်သာတို့လူအုပ်သာ နိုးသွားပါက ဤနေရာ၌ ချစ်သူနှစ်ဦးတို့၏ ကိုယ်ခန္ဓာသည် စတေးပြီးသား ဖြစ်နိုင်သည် မဟုတ်ပါလား။

“ကိုယ့်အတွက်နဲ့ ကျော်ဇောဦး ဒုက္ခခံခဲ့ရတာ များလှပါပြီ အချစ်ရယ်။ ဒီတစ်ခါတော့ အယ်လီထိုက်နဲ့ အယ်လီကံသာ ရှိပါစေတော့။ အယ်လီကြောင့် ကျော်ဇောဦး ဒုက္ခဖြစ်ရတာ အယ်လီမမြင်ရက်၊ မကြည့်ရက်တော့ပါဘူး။ အယ်လီ အသက်ရှင်နေရမှာကိုလဲ မလိုချင်တော့ဘူး၊ မတောင့်တာတော့ဘူး။ အယ်လီ မြန်မြန်သေမှ”



“အိုး...”

နာကြည်းကြေကွဲစွာ ပွင့်အန်ထွက်လာသော အယ်လီ၏အသံကို ကျော်ဇောဦး သည် သူ့လက်ဝါးတစ်ဖက်ဖြင့် ဆီးပိတ်ထားလိုက်၏။ သို့သော် အမှောင်ထဲ၌ အယ်လီ၏ ရှိုက်သံကတော့ သူ့နားထဲမှာ ဆူညံနေတုန်းပင်။

“ဘယ်လို ပြောလိုက်တာလဲ အချစ်ရယ်၊ စိတ်ကို တင်းစမ်းပါ။ အယ်လီ အနားမှာ ကိုယ်ရောက်နေပါတယ်။ ရေနံမြေကိစ္စဟာ အယ်လီကြောင့် ဖြစ်ရတာ မဟုတ်ပါဘူး။ ဒါကို ယုံပါ။ အယ်လီမှာ ဘာအပြစ်မှ မရှိပါဘူး”

အယ်လီအား ရစ်ပတ် ချည်နှောင်ထားသော ကြိုးများကို ကျော်ဇောဦးက အလျင်စလို ဖြတ်တောက်ပစ်လိုက်သည်။

“အယ်လီ ဘာမှ အားငယ်မနေနဲ့နော်။ လာလာ”

ကျော်ဇောဦးသည် အယ်လီ၏ လက်တဖက်ကိုဆွဲကာ စိန်သာတို့တဲနားမှ ဖယ်ခွာခဲ့သည်။ စိန်သာတို့တဲနှင့် ပေငါးဆယ်ကျော်မျှ ဝေးခဲ့ပြီဖြစ်သော်လည်း ကြောက်မက်ဖွယ်ရာ ဟောက်သံတခုကတော့ ကျော်ဇောဦးနှင့် အယ်လီ့တို့၏ စိတ်ကို ခြောက်လှန့်နေတုန်းပင်တည်း။

တောင်စောင်း ကျောက်ဆောင်နားတစ်ခုတွင် နှစ်ယောက်သား မတ်တတ် ရပ်လိုက်မိကြသည်။ ကျော်ဇောဦးသည် စခန်းဘက်မှ အသံဗလံများကို နားစွင့်နေ၏။ နှစ်ယောက်စလုံး၏ ကိုယ်ခန္ဓာသည် တဆတ်ဆတ် တုန်နေကြသည်။ တစ်ယောက် ကိုတစ်ယောက် စကားမပြောနိုင်ကြသော်လည်း ရင်ခုန်သံနှစ်ခုကတော့ အချီအချ စကားပြောနေကြသလိုပင်။

အယ်လီနှင့် ကျော်ဇောဦးတို့သည် တိုင်ပင်ခြင်း အလျဉ်းမပြုလုပ်ကြဘဲနှင့် တစ်ယောက်ကိုတစ်ယောက် ပြိုင်တူဖက်လိုက်ကြသည်။ နှစ်ဦးစလုံး၏ ရင်ထဲမှာ သိမ့်သိမ့်ခါမျှ တုန်လှုပ်နေကြ၏။ ဝေးလံရှည်လျားသော ခရီးကန္တာရကို ဖြတ်ကျော် ပြေးလွှားရသူနှစ်ဦးတို့ တွေ့ဆုံမိကြသလို တစ်ယောက်ကိုတစ်ယောက် သက်ကြွေ ပြတ်မျှ တင်းတင်းကြပ်ကြပ် ဖက်ထားကြ၏။

တခဏအတွင်းမှာတော့ ဤနေရာ၊ ဤဒေသသည် ဘေးအန္တရာယ်မည်မျှ ထူပြောလှသည်ကိုပင် ချစ်သူနှစ်ဦးမှာ သတိမရနိုင်ကြပေ။

“ဒီလမ်းကျဉ်းကလေးအတိုင်း မြင်းနဲ့ခပ်ပြင်းပြင်း နှင်သွားရင် မနက်စောစော ပသန်းပြင်ကို ရောက်မှာပဲ”

အယ်လီကို တင်းတင်းကြပ်ကြပ် ဖက်ထားရင်းက ကျော်ဇောဦးသည် ငိုသံပါ ကြီးနှင့် ရေရွတ်လိုက်၏။

အယ်လီအား ဤလို့ဖုက်လမ်းကလေးအတိုင်း ပြန်ပါတော့ဟုပြောရန် သူ့တွင် ခွန်အားတွေက ကုန်ခမ်းနေ၏။ တတ်နိုင်လျှင် ဤတစ်ခါ အယ်လီနှင့်အတူ ဘဲ သေပွဲကိုသာ ဝင်လိုက်ချင်တော့သည်။ သို့သော် သူနှင့် အယ်လီတို့ သေ၍လည်း ရခိုင်လူမျိုးတို့၏ ရေနံမြေတိုက်ပွဲကား ပြီးမည်မဟုတ်ပါသေး။ သူ့ဦးနောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်နေသော ပဋိပက္ခကို အတပ်သိ၍လား မပြောတတ်။ အယ်လီ၏ရှိုက်သံမှာလည်း ရင်ပွင့်ကွဲထွက်မတတ် ပေါ်လာပြန်သည်။

အယ်လီအား ကျော်ဇော်ဦးက 'သွားပါတော့' ဟုမပြောနိုင်သလို အယ်လီကလည်း 'သွားတော့မယ်နော်'ဟု နှုတ်မဆက်ရက်ပြန်ချေ။ ရေနံသူပုန်များ သတ်၍သေလျှင်လည်း ဤလို အချိန်အခါမျိုးမှာ ချစ်သူ၏ရင်ခွင်ထဲတွင် သူ့မ၏ အသက်ကို စတေးခဲ့ချင်လိုက်ပါဘိ။

"ကဲ အယ်...အယ်လီ။ ဒီမြင်းကို ယူသွား။ ဒီလျှို့ဝှက်လမ်းလေးအတိုင်း သွားရင် ပဿနီးပြင်ကို မနက်စောစော ရောက်ပါလိမ့်မယ်။ ပဿနီးပြင်ကို ရောက်ရင် မင်းလမ်းမကြီးကို တွေ့မှာပဲ။ ကံအကြောင်း မကောင်းလှတဲ့ ကိုယ်တို့ဘဝကို ဒီနေရာမှာလမ်း ခွဲလိုက်ကြပါစို့ အချစ်ရယ် နော်"

ကျော်ဇော်ဦးသည် အံကို တင်းတင်းကြိတ်၍ အားတင်းပြောလိုက်၏။ အလင်းရောင်မရှိသော ညသည် မှောင်လွန်းလှသည်တကား။

ကျော်ဇော်ဦး၏စကားကို ကြားရသောအခါ အယ်လီမှာ ကျော်ဇော်ဦးကို တိုးဖက်၍ ငိုနေပြန်သည်။ ကျော်ဇော်ဦး၏ရင်ထဲမှာ ရဲရဲနီနေသော သွေးမီးခဲများကို ဝါးမျိုနေရသလို ခံစားနေမိသည်။

"အားတင်းစမ်းပါ အချစ်ရယ်။ ကံကြိုရင်တစ်နေ့တော့ ပြန်ဆုံကြရဦး..."

"မယုံဘူး၊ မယုံဘူး။ အယ်လီတို့ ဘယ်တော့မှ ဆုံဆည်းကြရတော့မှာ မဟုတ်တော့ဘူး။ ဝေး...ဝေး"

ကျော်ဇော်ဦးသည် သွားများ ပဲ့ထွက်သွားမတတ် အံကို တင်းတင်းကြိတ်ထားသည်။ ပြီး အယ်လီ၏ ချိုင်းကြားနှစ်ဖက်ကိုလက်ဖြင့် လျှိုပြီးမြင်းပေါ်သို့ အတင်းတင်းပေးလိုက်၏။ အယ်လီ၏စကားကို သူ့နားမှာ မကြားရက်တော့ပါချေ။ ကြာလျှင် အင်အားနည်းသူက ရှုံးသွပ်၍ပင် သွားချိမ့်မည်။

"သွား သွား သွားပါတော့ အယ်လီရယ်။ ဒီနေရာဟာ ကိုယ်တို့အတွက် ရန်သူ့နယ်မြေပါ။ အန္တရာယ်များလွန်းပါတယ်။ ကြာရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

အယ်လီသည် မြင်းပေါ်မှခုန်ဆင်း၍ ကျော်ဇော်ဦးကို ဖက်နမ်းကာ ငိုနေပြန်သည်။ မျက်ရည်ပူများနှင့် ကျော်ဇော်ဦး၏ ပါးပြင်နှစ်ဖက်မှာ စိုစွတ်နေသည်။

ဤတစ်ခါတော့ ကျော်ဇော်ဦးမှာ အယ်လီကို ပြန်ဖက်ထားရမှန်းပင် မသိ။ နောက်ဆုံး နှုတ်ဆက်သော အနမ်းဖြင့် အယ်လီ၏ ချိုမြိန်သော နှုတ်ခမ်းကို နမ်းရမှာလည်း သတိမရ။ သူ့တစ်ကိုယ်လုံးမှာ အေးစက်တောင့်တင်းသွားပြီး အယ်လီ၏ မျက်နှာကိုသာ အမှောင်ထဲမှာ ပြူးကြောင် ငေးကြည့်ကာနေမိသည်။ အသက်ရှူရမှာကိုပင် သတိမရတော့။

ကျော်ဇော်ဦးသည် အယ်လီအားအတင်းပွေ့၍ ဒုတိယအကြိမ် မြင်းပေါ်သို့ တင်ပေးလိုက်ပြန်၏။ စကားပြောမိလျှင် ငိုမိမှာစိုး၍ အံကိုသာတင်းတင်းကြိတ်ထား၏။ သို့သော် အယ်လီငိုရှိုက်သံကတော့ သူ့နားထဲမှာ အလျှံပယ်ပင်



အယ်လီကို တင်ဆောင်ကာ မလှမ်းချင်၊ လှမ်းချင်နှင့် တစ်လှမ်းချင်းလှမ်း ထွက်သွားသော မြင်းဖြူကြီး၏ခြေသံသည် သူ၏အသည်းလွှာပြင်ပေါ်တွင် ကဆုန်ပေါက် ပြေးကစားနေသလား ထင်မိသည်။ မျက်လုံးတွေ ပြာဝေလာသလို ခေါင်းမှာလည်း မူးနောက်လာသည်။ သူ့ကိုယ်ကိုသူ မထိန်းနိုင်သောအခါ ကျော်ဇော်ဦးသည် ကျောက်တုံးတစ်ခုကိုမှီ၍ အယ်လီ၏ မြင်းခွာသံကို နားစွင့်နေမိသည်။

ဖြန့်ကြက်အုပ်မိုးထားသော ထင်းရှူးပင်များ၏ အမင်္ဂလာအရိပ်မည်းများကြောင့် အယ်လီနှင့်သူ့မြင်းဖြူကြီးကို မမြင်ရသော်လည်း တစ်လှမ်းချင်း ရွေ့သွားနေသော မြင်းခွာသံကိုတော့ ကြားနေရသည်။ မြင်းခွာသံသည် တဖြည်းဖြည်း ဝေးသွားရာမှသည် နီးကပ်လာပြန်၏။

"ကျော် ကျော်ဇော်ဦး"

"အယ် အယ်လီ"

နှစ်ယောက်စလုံး၏ အသံမှာ တဆတ်ဆတ် တုန်ရင်နေကြသည်။

"အယ်လီ ပြန်ရတော့မယ်နော်"

မခွဲနိုင်မခွာရက် ဖြစ်နေသူဆီက 'ပြန်ရတော့မယ်နော်' ဆိုစကားကို ကြားရသောအခါ ကျော်ဇော်ဦး၏ရင်ထဲမှာ ဆို့သွားပြန်သည်။

"မြန်မြန်ပြန်ပါ အယ်လီရယ်။ ကြာရင်ကိုယ်..."

မြင်းခွာသံများသည် အမှောင်ထဲ၌ တဖြည်းဖြည်းဝေး၍ သဲ့သဲ့သာကြားရတော့၏။ ထိုမှ တစ်ဖန် တဖြည်းဖြည်း ကျယ်လောင်လာပြန်သည်။

ဤတခါတော့ ကျော်ဇော်ဦး၏ရင်ထဲမှာ ဆောက်တည်ရာမရနိုင်တော့ပြီမို့ လျှို့ဝှက်လမ်းကလေးမှသည် စခန်းရှိရာဘက်သို့ တောင်စောင်းအတိုင်း အရူးတစ်ယောက်ပမာ အတင်းသာ ပြေးတက်လာမိသည်။ အယ်လီနှင့် သူနောက်ထပ်တစ်ခါ တွေ့ကြလျှင် သူ့စိတ်ကို သူထိန်း၍ချုပ်၍ ရတော့မည် မဟုတ်ပါချေ။ အယ်လီသည်လည်း သူ့ကဲ့သို့ပင် ရှိလေမည်။

ကျော်ဇော်ဦးသည် သက်ပြင်းတချက်ကို 'ဟင်း'ခနဲ ချလိုက်၏။ ပုန်းလျှိုးကွယ်လျှိုး ပြေးလာသောခြေလှမ်းကို သက်ပြင်းချသံနှင့်အတူ ရပ်လိုက်သည်။ ရိုးတွင်းချဉ်ဆီထဲကပင် စိမ့်အေးလှသော ဆောင်းည၌ သူ့တစ်ကိုယ်လုံးမှာ ဇောချွေးတို့ဖြင့် စိုရွှဲနေသည်၊ စခန်းနားသို့ ရောက်နှင့်ပြီ။

ရေနံသူပုန်တို့၏ စခန်းသည် တူထပ်သိပ်သည်းသော အမှောင်ထဲတွင် တိတ်ဆိတ် ငြိမ်သက်လျက်ပင် ရှိ၏။ စောစောက သူကြားခဲ့ရသော ပေါက်ဆိန်နှင့် ဦးအေးထွန်းတို့ အသံကိုလည်း မကြားရတော့။ သူသည် ခြေကိုဖွနင်းကာ အမှောင်ထဲမှာ အရူးတစ်ယောက်ပမာ လျှောက်နေမိသည်။

စခန်းနားကို ရောက်ပြီးမှ တဲထဲသို့ မဝင်သေးပေ။ ကျော်ဇော်ဦးသည် အယ်လီအား မြင်းပေါ်သို့ တင်ပေးခဲ့သော လျှို့ဝှက်လမ်း ကလေးတည်နေရာသို့ ပြန်လာပြန်သည်။ သူ့ရင်ထဲမှာဆောက်တည်ရာ မရလောက်အောင်ပင် ပူလောင်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူ့ခြေလှမ်းတွေက လျှို့ဝှက်လမ်းကလေးအတိုင်း လှမ်းနေမိသော်လည်း သူ့စိတ်မှာ သူ့ကိုယ်နှင့်အတူ ပါမလာသလိုပင်။ သူသည် ဘယ်ဝယ် ဘယ်ဆီ ရောက်နေသည်ကိုပင် သတိက မရချင်ပေ။ သူက အယ်လီပြန်ပြေးသွားသည့် အကြောင်းကိုသာ တရေးရေး မြင်နေမိသည်။

တစ်နှစ်ကျော်ကျော် ကွဲကွာခဲ့ရသော ချစ်သူကို မမျှော်လင့်ဘဲ တွေ့လိုက်ရသော်လည်း တဒင်္ဂသာ။ သူ့ချစ်သူသည် အမှောင်ထဲမှာ ပျောက်ကွယ်၍ သွားလေပြီ မဟုတ်ပါလား။

"ဒိုင်း ဒိုင်း"

ကျောက်တုံးတစ်ခုပေါ်တွင် မှိုထိုင်နေရင်း တစ်ချိန်လုံး အယ်လီ၏အကြောင်းကိုသာ တွေးငေးနေမိသော ကျော်ဇောဦး၏စိတ်မှာ သေနတ်သံကြောင့် ရုတ်ခြည်း နိုးထလာသည်။

အဆက်မပြတ် ထွက်ပေါ်လာသော သေနတ်သံများကြောင့် ကျော်ဇောဦးမှာ ခေါင်းနားပန်းကြီးသွားသည်။ စခန်းတောင်ဘက်တွင် အစောင့်ချထားသော ကင်းပုန်းဘက်ဆီမှ သေနတ်သံများသည် သောသောညံလာ၏။ ကျော်ဇောဦး ချက်ချင်း တွေးမိလိုက်ပြီ။ အစိုးရစစ်ပုလိပ်များ လိုက်လာ၍ အစောင့်ချထားသော ရေနံသူပုန်များနှင့် တိုက်ခိုက်နေကြလေပြီ။ အင်အားကြီးမားသော စစ်ပုလိပ်များ သည် မကြာမီ စခန်းကိုလာဝိုင်းကြတော့မည်။ အခြေအနေမှာ သူ စိုးရိမ်ခဲ့သလိုပင် ဖြစ်လာချေပြီတကား။

ကျော်ဇောဦးသည် လျှို့ဝှက်လမ်းကလေးအတိုင်း စခန်းသို့အရောက် အပြေး တက်လာသည်။ အိပ်ပျော်နေကြသော ရေနံသူပုန်များမှာ သေနတ်သံကြောင့် ကယောင်ကတန်း နိုးထလာကြသည်။

"ဟေ့ ဖလောင်းမလေးကောကွ စိန်သာ၊ ဖလောင်းမလေးကော"

ကျော်ဇောဦး တဲစခန်းနားသို့အရောက်မှာ ပေါက်ဆိန်၏အသံကို ကြား လိုက်ရ၏။ ကျော်ဇောဦး၏ရင်ထဲကို မလုံမလဲသော အသိစိတ်တစ်ခုက ဒိန်းခနဲ ဆောင့်လာ၏။

"ဟိုက် ဖလောင်းမလေး မရှိတော့ဘူး အစ်ကို၊ ဖလောင်းမလေး ထွက်ပြေး သွားပြီဗျို့"

"ဟေ"

သေနတ်သံများမှာ နီးသည်ထက် နီးကပ်လာချေပြီ။ ရေနံသူပုန်များသည် ရုတ်ရုတ်သဲသဲနှင့် တဲတင်းကုပ်များထဲမှ လက်နက်ကိုယ်စီနှင့် အလျှိုလျှို ပြေးထွက် လာကြသည်။

"ဟေး စစ်ပုလိပ်တွေ ဝင်ကုန်ပြီ။ မြန်မြန်ထကြဟ"

တိတ်ဆိတ်ငြိမ်သက်နေသော စခန်းတစ်ခုလုံးသည် အော်သံ၊ ဟစ်သံ၊ ပြေးသံ လွှားသံများနှင့် ချက်ချင်း ဆူညံသွားသည်။



"ဦးလေး ဦးလေး၊ ဖလောင်းမလေး ထွက်ပြေးသွားပြီတဲ့။ စစ်ပုလိပ်တွေ တောင်ဖက်ကင်းက ဝင်ကုန်ပြီဗျ"

ဦးအေးထွန်းနှင့် သူတို့ အတူနေကြရသော တဲထဲသို့ဝင်ခါနီးမှ ပေါက်ဆိန် ၏ ပြေးလာသံနှင့် ဦးအေးထွန်းအား အလောသုံးဆယ် လှမ်းပြောလိုက်သံတို့ ကြောင့် ကျော်ဇောဦးသည် တဲထဲသို့ ရုတ်တရက် မဝင်ဝံ့သေးဘဲ ကျောက်တုံး တစ်ခုကိုကွယ်ကာ ပုန်းနေလိုက်ရသည်။

"ဦးလေး လျှို့ဝှက်လမ်းကလေးအတိုင်း အနောက်ဘက်တောင် စောင်းမှာ ရှိနေရင် ကောင်းမယ်။ ကျွန်တော် ရှေ့ကိုတက်တိုက်မယ်။ အချိန်မီရင် ကျောက် မောင်းတွေ ဖြုတ်ချဖို့ စိန်သာနဲ့စံရွှေမောင်ကို ကျွန်တော်ခိုင်းလိုက်မယ်"

"အေးကွယ်၊ ဒီတစ်ခါတော့ စစ်ပုလိပ်တွေက တော်တော်များလိမ့်မယ် ထင်တယ်။ သတိဝီရိယနဲ့ တိုက်ကြဟ။ ဦးလေး စိတ်ချပါရစေ။ ကျောက်တောင်တွေ ကို မိုင်းခွဲဖြိုချဖို့ ကျော်ဇောဦးကလည်း အရေးထဲ မရှိပြန်ဘူး။ ထွန်းအောင်ကျော် လုပ်တတ်သလားမေးပြီး ဦးလေးဆီကို မြန်မြန်လွှတ်လိုက်။ ယမ်းကပ်တွေနဲ့ စနက်တံတွေကတော့ တဲထဲမှာ အသင့်ရှိနေတယ်။ ရှေ့တန်းမှာတော့ မင်းနဲ့ ကျော်သာတို့ ရှိမှဖြစ်မယ်ကွယ့်။ အရေးထဲ ကျော်ဇောဦးကလည်း ပေါ်မလာ ပြန်ဘူး"

ဦးအေးထွန်းမှာ ကျော်ဇောဦး မရှိသဖြင့် အားငယ်နေပုံရသည်။

"စစ်ပုလိပ်တွေကို ဒီကောင်သွားခေါ်တာလား မသိဘူးဦးလေး။ တောက်... ဒင်းက သစ္စာဖောက်ရင်တော့ အသေဆိုးနဲ့ သေပါစေ။ ကျွန်တော်သွားမယ် ဦးလေး။ သေနတ်သံတွေ သိပ်နီးလာပြီ"

"စစ်ပုလိပ်တွေကို ဒီကောင် သွားခေါ်တာလားမသိဘူးဦးလေး" ဟူသော ပေါက်ဆိန်၏စကားကို ကြားရသောအခါ ကျော်ဇောဦး၏ တစ်ကိုယ်လုံးမှာ ကျင်စက်နှင့် အတို့ခံလိုက်ရသလို ရုတ်တရက် ကျင်တက်သွားသည်။ ပေါက်ဆိန် သည် သူ့အား အထင်မှားသွားပြန် လေပြီ။

" အေး အေး။ မြန်မြန်သွား။ ရှေ့ကို ပြေးမလိုက်ကြဖို့ လူတွေကို သတိပေးထား။ ခံစစ်ပဲ တိုက်ရမယ်။ မြင်းတွေကို တို့အသုံးပြုဖို့ မလိုဘူး။ စစ်ပုလိပ်တွေ မြင်းနဲ့လာတာကိုပဲ ခံပစ်ကြ"

"ဟုတ် ဟုတ် "

ပေါက်ဆိန်တဲထဲမှ ထွက်ပြေးသွားသည်နှင့် တစ်ပြိုက်နက် ကျော်ဇောဦးသည် ဦးအေးထွန်းရှိရာ တဲထဲသို့ ပြေးဝင်လိုက်သည်။

"ဦးလေး၊ ဦးလေး"

"ဟေး ကျော်ဇောဦး။ စစ်ပုလိပ်တွေ တောင်ဖက်ကင်းက ဝင်ကုန်ပြီကွ။ ပေါက်ဆိန်တော့ ခုလေးတင်ပဲ ထွက်သွားလေရဲ့။ မင်းလူတွေကိုပါ သည်းစီးပြီး တိုက်လိမ့်မယ်"

"ဟုတ်"

www.burmeseclassic.com



စစ်ပုလိပ်များသည် တောင်ဘက်ကင်းပုန်းကို မြင်းနှင့်အတင်းဝင်စီး၍ ထိုးဖောက်ကာ စခန်းနားကို ချက်ချင်းရောက်လာကြသည်။ သေနတ်သံနှင့် ခုန်းစိုင်းပြေးချလာနေကြသော မြင်းခွာသံတို့မှာ တောတောင်တစ်ခုလုံး သောသောညံလာသည်။

မကြာမီပင် ပေါက်ဆိန်၏ အော်ဟစ်အမိန့်ပေးသံနှင့်အတူ ကျောက်မောင်းတွေ တဝုန်းဝုန်းကျသံ။ ရေနံသူပုန်များ ခုခံပြန်ပစ်နေကြသံတို့မှာ ပတ်ဝန်းကျင်တွင် ပဲ့တင်ညံလျက် ရှိလေသည်။

"ကျော်ဇောဦး မင်းမိုင်းခွဲဖို့ မြန်မြန်လုပ်မှဖြစ်တော့မယ် ထင်တယ်။ မင်းအချိန်မီ ရောက်လာတာကို ဦးလေးတော့ တအားပဲဟော့"

"မိုင်းခွဲနေဖို့ အချိန်မရှိတော့ဘူး ဦးလေး။ စစ်ပုလိပ်တွေ စခန်းနားကို ရောက်နေကြပြီထင်တယ်"

အမှန်က တောင်ဖက်ကင်းမှ သေနတ်သံ ကြားကတည်းကပင် အဆင်သင့်စနက်တံတပ်။ ယမ်းကပ်တွေ ထည့်ပြီးသားဖြစ်နေဖို့ ကောင်းသည်။ ခုတော့ နောက်ကျသွားပြီ။ ကျော်ဇောဦးစကား မဆုံးလိုက်မီပင် တရှဲရှဲအော်မြည်လာကြသော သေမင်းတမန် ကျည်ဆန်များသည် တဲ၏ခေါင်မိုးပေါ်ကို ဖြောင်းဖြောင်းဖောက်ထွက် ပြေးသွားကြသည်။

ကျော်ဇောဦးမှာ တဲထဲ၌ သူအဆင်သင့် ရှိမနေမိသည်ကို နောင်တကြီးစွာ ရမိသည်။ အကယ်၍ တောင်ဘက်ကင်းပုန်းဆီမှ အချက်ပေး သေနတ်သံများကို ကြားချိန်၌ တဲထဲမှာ သူသာရှိနေပါက ကျောက်တောင်၊ ကျောက်ထရံကြီးများကို မိုင်းခွဲဖြိုချပြီး ရှေ့ဆုံးမှတက်လာသော စစ်ရဲတပ်သားများကို ခလောက်ဆိုလျှင် ကျောက်ခဲ၊ ကျောက်တုံးတွေနှင့် ဖုံးဖိ၍ မြေထဲ၌ သင်္ဂြိုဟ်မြှုပ်နှံပြီး ဖြစ်နေပေမည်။

ယခုတော့ စခန်းတောင်အောက်ဘက်ရှိ လျှိုဝှက်လမ်းကလေး တစ်နေရာမှာ အယ်လီစိတ်မှန်ထူကာ အရူးတစ်ယောက်လို ဇေဗိုင်နေမိသဖြင့် အချိန်မှာနောက်ကျသွားလေပြီ။ အခြေအနေကို ပို၍ ဆိုးရွားသွားစေသည်မှာ ကျောက်သားကို ထွင်းဖောက်၍ အသင့် တပ်ထားသောစနက်တံများ၊ ယမ်းကပ်များသည် ခုတစ်ရက်နှစ်ရက်၌ နှင်းအကျလွန်လာပြီး စိုစွတ်နေလျှင် လောလောဆယ် အရေးတကြီး လိုအပ်ပါက မီးမကူးဘဲ နေမှာစိုးသဖြင့် သူက စနက်တံနှင့်ယမ်းကပ်များကို ညဦးကပင် ဖြုတ်ထားခဲ့သည်။ ယခုစနက်တံနှင့် ယမ်းကပ်များ သွားဆင်၍ မီးရှို့ပေါက်ခွဲရမည်ဆိုလျှင် မီးတုတ်ထွန်းညှိ၍ အဆင်သင့်ဖောက်လုပ်ထားသော ကျောက်တောင်ကမ်းပါးယံမှ စနက်တံနှင့် ယမ်းကပ်များတပ်ဆင်ရမည့် အပေါက်ကလေးများကို ရှာဖွေရမှာ မလွယ်ကူတော့ပါချေ။ မီးထွန်း၍ ပြုလုပ်နေတုန်း စခန်းအောက် ရောက်နေသော စစ်ပုလိပ် များကသေနတ်နှင့်လှမ်းပစ်လျှင် အချောင်သေဖွယ်ရာသာ မြင်လေသည်။ စစ်ပုလိပ်များသည် တောင်အောက်သို့ ရောက်နေကြလေပြီ မဟုတ်ပါလား။



သခင်ကြီး၏ ရေနံတွင်းများရှိရာ တောနက်ဘက်ဆီမှ သေနတ်သံများကို ကြားလိုက်ရစဉ်က ရေနံသူပုန်များအတွက် စိုးရိမ်သောကကြီးစွာနှင့် စခန်းဘက်သို့ အပြေးလိုက်လာမိသော်လည်း စခန်းကိုရောက်၍ အယ်လီ၏အဖြစ်ကို သိရသောအခါ ရင်ထုမနာဖြစ်ပြီး အယ်လီအားကယ်တင်မိကာမှ သူ့စိတ်ထဲမှာ တွေဝေမှုးနောက်လာသည်။ ရန်သူများ ညတွင်းချင်း လိုက်လာတိုက်ခိုက်ကြလိမ့်မည်ဆိုသော သတိသည်ပင် သူ့ဦးနှောက်ထဲက လွင့်ပျောက် ထွက်ပြေးသွားကြလေသည်။ ဤသည်တို့ကို တရေးရေးတွေးမိသောအခါ ကျော်ဇောဦးမှာ နောင်တကြီးစွာ ရမိလေသည်။ အယ်လီနှင့် ပတ်သက်လာလျှင်သူသည် ဘယ်သောအခါမှ ပြတ်ပြတ်သားသား မရှိဟု ပြစ်တင်ပြောတတ်သော ပေါက်ဆိန်၏ စကားကို ကြားယောင်မိသောအခါ ကျော်ဇောဦးမှာ အလိုလိုဝမ်းနည်းလာသည်။ ယနေ့လည်း အယ်လီကို ကယ်မိသည်ကစ၍ သူ့တွင် တာဝန်မဲ့ရာကျလေပြီလား။

ကျော်ဇောဦးနှင့် ဦးအေးထွန်းတို့သည် တဲအပြင်ဘက်သို့ ပြေးထွက်လိုက်ကြ၏။

ခြေထောက် ထော့နင်း ထော့နင်းနှင့် မသန်မစွမ်းဖြစ်နေသော ဦးအေးထွန်းကို ကျော်ဇောဦးကဖေးမ၍ ကျောက်ဆောင်နား တစ်ခုတွင် ဝင်ကပ်နေလိုက်ကြသည်။

ထိုအချိန်၌ပင် ရေနံသူပုန်များနှင့် အစိုးရစစ်ပုလိပ်များမှာ ရင်ဆိုင်ဆုံစည်းမိနေကြလေပြီ။ ကျော်ဇောဦးနှင့် ဦးအေးထွန်းတို့၏ ရှေ့နားတွင် ထွေးရောယှက်တင် ရေနံသူပုန်များနှင့် စစ်ပုလိပ်များသည် သဲသဲမဲမဲ နီးနီးကပ်ကပ် တိုက်ခိုက်နေကြလေပြီ။

"မြောက်ဘက်ကလူတွေ မြန်မြန် တက်ကြပါကွ ဟေ့။ ဘာမှ မကြောက်ကြနဲ့ အလယ်လမ်းက မြင်းနဲ့တစ်အုပ် တက်လာနေသံကြားတယ်။ ဝိုင်းပစ် ဝိုင်းပစ်"

ပေါက်ဆိန်၏ အော်ဟစ် အမိန့်ပေးနေသံကို ကြားရသောအခါ ကျော်ဇောဦးနှင့် ဦးအေးထွန်းတို့မှာ တအားတက်သွားကြသည်။ ကျော်ဇော်ဦးသည် ပြောင်းရှည်သေနတ်တစ်လက်နှင့် မြင်းခွာသံကြားရာတွေကို လှမ်းပစ်လျက်ရှိသည်။ ဦးအေးထွန်းကလည်း သူ၏ ခြောက်လုံးပြူးနှင့် ရန်သူတွေကို မှန်းပစ်လျက်ပင်။

ကျည်ထိ၍ မြင်းဟီသံ၊ လူအော်သံ၊ အဏ်ရာရ၍ ညည်းညူနေသံ။ တဗုန်းဗုန်း ပစ်လဲကျသံ၊ သေနတ်သံများနှင့် တောအလုံးသည် အမင်္ဂလာမဲ့စွာ သောသောညံနေ၏။ တောနက်ရာနှင့် နှင်းမှောင်ထဲမှာ ဖြစ်နေသဖြင့် တစ်ဖက်နှင့် တစ်ဖက်နှင့်မှန်း၍ ရမ်း၍ပစ်ခတ် တိုက်ခိုက်နေကြသည်။

ပြောင်းရှည်သေနတ်တွင် ကျည်ကုန်သွားပြီး ဖြစ်သဖြင့် ကျော်ဇောဦးသည် သူ့ခါးကြားထဲကခြောက်လုံးပြူးကို ဆွဲထုတ်ကာ ရှေ့သို့ တိုးတက်လိုက်သည်။

"အလယ်လမ်းဘက်မှာ ငါနဲ့ ဦးလေး ရှိတယ်ကွ ဟေ့ ပေါက်ဆိန်နဲ့ မင်းတို့ဘက်က လုံပါစေဟေ့" ဟုပေါက်ဆိန်တို့ဘက်ကိုလည်း ကျော်ဇောဦးက တိုက်ရင်း အသံပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တစ်ဖက် မသန်သော ဦးအေးထွန်းသည် ကျော်ဇောဦးနှင့်အတူ ရေနံသူပုန်များကို အော်ဟစ် အမိန့်ပေးရင်း ကျော်ဇောဦးကဲ့သို့ပင် ရှေ့သို့ တိုးတက်တိုက်ခိုက်နေရသည်။ ထိုအချိန်မှာပင် အရှေ့တောင်ထောင့်ရှိ စိန်သာတို့တဲမှာ မီးတဝေါဝေါ တွဲလောင်နေလေပြီ။

"ကျွန်တော် နည်းနည်းနောက်ကျသွားတယ် ဦးလေး။ တောင်ဘက်ကင်းပုန်းက သေနတ်သံကြားချိန်သာ တဲစခန်းမှာ ကျွန်တော်ရှိနေရင် ကျောက်တောင်ကို မိုင်းခွဲဖြိုချပြီး ရှေ့ဆုံးကတတ်လာတဲ့ မြင်းတပ်ကို ခုလောက်ဆိုရင် မြေမြှုပ်လိုက်ပြီးရှိမှာ သေချာတယ်။ ခုတော့ နောက်ကျသွားပြီ။ ဒါတွေဟာ အားလုံး ကျွန် ကျွန် ကျွန်တော့ အပြစ်"

ကျော်ဇောဦးသည် ကျည်တစ်ကာဝ် ကုန်သွားသဖြင့် နောက်ထပ် ကျည်တစ်ကာဝ် ထည့်ရင်းက ဦးအေးထွန်းကို လေသံနှင့် တိုးတိုးပြောနေသည်။ ဦးအေးထွန်းကတော့ ကျော်ဇောဦးစကားကို နားထောင် မနေနိုင်ဘဲ ရှေ့ကိုသာမဲ၍ ပစ်ခတ်နေ၏ အလယ်လမ်းမှ ပြေးတက်လာသော မြင်းတပ်တွေမှာ ကစဉ့်ကလျား ပြေးလွှား ကျသေနေကြသည်။

"ရေနံတွင်းဘက်က သေနတ်သံတွေကြားလို့ ကျွန်တော် စခန်းကို ပြေးလိုက်လာတော့ အယ်လီကို ပေါက်ဆိန်တို့ ဖမ်းထားကြပြီ။ ဦးလေးနဲ့ ပေါက်ဆိန်တို့ ဘာပြောနေကြတာလဲ။ ကျွန်တော် အားလုံးကြားတယ်။ အယ်လီကို သတ်ပစ်လို့လည်း ရေနံတိုက်ပွဲဟာ မပြီးဘူးဆိုတာ ကျွန်တော် ခုထိ ယုံကြည်နေတယ်။ အယ်လီကို သနားတာလည်း ပါတယ်။ အယ်လီကို နှင်းတောထဲမှာ လက်ပြန်ကြိုးတုပ်ပြီး ချည်ထားကြတာမြင်တော့ ကျွန်တော် ရင်ဆို့သွားတာပဲ ဦးလေး။ အဲဒါကြောင့် အယ်လီကို ကျွန်တော် လွှတ်ခဲ့မိပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဒါဟာ အားလုံး ကျွန်တော့် အ အ "

"ဟာ ဒါတွေ ပြောမနေပါနဲ့ကွ။ ဒီတိုက်ပွဲမှာ တို့နိုင်ဖို့သာ အရေးကြီးပါတယ်။ နိုင်အောင် မင်းတို့ ငါတို့ အစွမ်းကုန်ကြိုးစားတိုက်ရမယ်"

ဦးအေးထွန်းသည် ကျောက်တုံးတစ်ခုကို အကာအကွယ်ပြုရင်း ရှေ့သို့ ပြေးတက်လိုက်သည်။ ကျော်ဇောဦးသည်လည်း ဦးအေးထွန်းနည်းတူ ပြေးတက်လိုက်၏။ သူတို့ခေါင်းပေါ်တွင် သေနတ်ကျည်ဆန်တွေမှာ တရွှီရွှီ ပျံဝဲနေကြသည်။ ကျော်ဇောဦးသည် ရှေ့သို့ မတ်တတ်ပြေးတက်လိုက်၏။

"ဟိုက်"

တိပြတ်သော သေနတ်သံနှင့်အတူ ကျော်ဇောဦးသည် နောက်သို့ ပက်လက်လန် လဲကျလာ၏။ ကျော်ဇောဦးကိုယ်နှင့် တိုက်မိသဖြင့် ကုန်းထနေသော ဦးအေးထွန်းမှာလည်း မြေပြင်သို့ ပစ်လဲကျသွားသည်။

" ကျွန် ကျွန်တော်တော့ ထိသွားပြီဦးလေး"

ကျော်ဇောဦး၏အသံက တုန်ယင်အက်ကွဲ၍ ထွက်လာသည်။

"ဟေး ဘယ်နေရာ ထိသွားလဲ"



ဦးအေးထွန်းက ထိတ်ထိတ်ပျာပျာနှင့် ကျော်ဇောဦး၏ ခါးကို ပြေးဖက်ထားလိုက်သည်။

အရှေ့လောကဓာတ်ဆီမှ ရောင်နီဦးသည် ပျို့အန်၍လာချေပြီ။ သို့သော် ရွက်အုပ်မိုး သစ်ပင်ကြီးငယ်များနှင့် ထူထပ်သိပ်သည်းလွန်းသော နှင်းခဲ၊ နှင်းမည်းတို့ကြောင့် တောအလုံးမှာ မှုန်တဝါးဝါးသာ နေမင်း၏ ရောက်ခြည်ဦးကို မြင်နေရပြီး ဖြစ်သော်လည်း လင်းလင်းထင်းထင်းကား မရှိပါချေသေး။

ရေနံသူပုန်များနှင့် အစိုးရစစ်ပုလိပ်များမှာ ရောထွေးသွား၍ ရှုပ်ယှက်ခတ်မျှ ပစ်ခတ်တိုက်ခတ်နေကြသည်။

ကျော်ဇောဦးနှင့်ဦးအေးထွန်းအနားမှလူများကို ရေနံသူပုန်များလား အစိုးရစစ်ပုလိပ်များလားဟု ခွဲခြား၍ မရဘဲ လူပြေးသံ မြင်းပြေးသံတို့သာ သောသော ညံနေသည်။

"ကျော် ကျော်ဇောဦး ဘယ်နေရာ ထိသွားလဲဟင်"

"ဟင်း"

ကျော်ဇောဦးမှာ ဘယ်နေရာထိသွားသည်ဟု ပြန်မပြောနိုင်ဘဲ သက်မကိုသာ တွင်တွင်ချနေသည်။

"ဟင်း တောက်"

ကျော်ဇောဦး၏ မချိမဆံ့ တက်ခေါက်လိုက်သံသည် ဦးအေးထွန်း၏နားထဲမှာ ကမ္ဘာကြီး ပျက်သွားပြီလားဟု ထင်လိုက်ရသည် သောသောညံနေသော သေနတ်သံ၊ မြင်းဟီသံ၊ လူအော်သံတို့ကိုပင် တခဏ္ဍ ကျော်ဇောဦး၏ တက်ခေါက်သံက ဖုံးလွှမ်းလိုက်သလိုပင်။

ရင်ဘတ်ကို လက်တစ်ဖက်နှင့် ဖိအုပ်ထားမိသော ကျော်ဇောဦး၏ လက်ကြားထဲ၌ ပူနွေးသော သွေးစိမ်းရှင်ရှင်များ ဆူပွက်အန်ထွက်လာကြသည်ကို စမ်းတွေ့သောအခါ ဦးအေးထွန်း၏ တစ်ကိုယ်လုံးမှာ ရုတ်ချည်း သွေးဆုတ်တောင့်တင်းသွားလေသည်။ ကျော်ဇောဦး၏ ရင်အုံမှ ဒဏ်ရာကို ဦးအေးထွန်းက ကျော်ဇောဦး၏ လက်ပေါ်မှ လက်တစ်ဖက်နှင့် ထပ်ဖိအုပ်ပေးကာ ထိတ်ထိတ်လန့်လန့်နှင့် ဖက်ထားမိ၏ ကျန်လက်တစ်ဖက်နှင့်လည်း ရှေ့သို့ တိုးတက်လာနေကြသည့် စစ်ပုလိပ်များဆီသို့ တဒိုင်းဒိုင်း လှမ်းပစ်နေရသေးသည်။

"ဟင်း"

ကျော်ဇောဦးသည် သူ့ရင်ဘတ်မှ ဒဏ်ရာကို လက်တစ်ဖက်နှင့် ဖိအုပ်ထားရင်းက ရှေ့သို့ မိကျောင်းသော တွားတက်နေသည်။ သူ၏ တဟင်းဟင်း သက်ပြင်းရှိုက်သံသည် ဦးအေးထွန်းနားထဲမှာ ကွဲထွက်လုမတတ် လျှံလာသည်။ ကျော်ဇောဦးကို ကြည့်ရင်းက ဦးအေးထွန်းသည် စိတ်ရှုပ်လာတော့သည်။

အံကြိတ်၍ ခေါင်းမော့ သက်ပြင်းတစ်ချက် ချလိုက်သံနှင့်အတူ ရင်ဘတ်က ဒဏ်ရာကိုဖိအုပ်ထားသော ကျော်ဇောဦး၏ လက်တစ်ဖက်မှာ လျှော့ပြေကျသွားသည်။ ကျည်ထိထားသော ခေါင်းမော့ထားသောနေရာ၏ ပြင်းပြမှုဒဏ်ကြောင့် သူ့တစ်ကိုယ်

www.burmeseclassic.com



လုံး ရှေထိုးနောက်ငင် ဖြစ်နေရာက ကျော်ဇော်ဦး၏ လည်သည် ဦးအေးထွန်း၏ ပခုံးပေါ်သို့ မှေးတင်လာသည်။ ရင်ဘတ်မှ လျှော့ပြေကျလာသော ကျော်ဇော်ဦး၏ လက်တစ်ဖက်မှာ ဦးအေးထွန်း၏အင်္ကျီစကို အားကိုးတကြီးနှင့် တင်းတင်းကြပ်ကြပ် ဆုပ်ဆွဲထားသည်။ ကျော်ဇော်ဦး 'သတိမှ ရှိပါသေးရဲ့လား' ဟု ဦးအေးထွန်းက ဘုရားတလိုက်မိ၏။ သို့သော် ကျော်ဇော်ဦး၏ လက်တစ်ဖက်၌ ခြောက်လုံးပြူးကတော့ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားတုန်းပင်။

"ကျော် ကျော်ဇော်ဦး၊ လူလေး "

ဦးအေးထွန်းက ဆို့နင့်အက်ကွဲသံနှင့် မဝံ့မရဲ ခေါ်ကြည့်၏။ ကျော်ဇော်ဦး၏ ပြန်ထူးသံကို မကြားရ။

ဦးအေးထွန်း၏ တစ်ကိုယ်လုံးမှာ ထူပူကျင်တက်လာမိသည် မျက်နှာမှာလည်း နှစ်ပေါင်းရာထောင်မက အိုမင်းကျသွား၏။

" ဟင်း...မြေ မြေ၊ ဒါ..."

ကျော်ဇော်ဦးသည် ဦးအေးထွန်းခေါ်သံကို ကြားရ၍လား။ သို့မဟုတ် တစ်ဖက်နှင့်တစ်ဖက် သူသေကိုယ်သေ တိုက်ခိုက်နေကြသော သေနတ်သံများကို ကြားရ၍လား မသိ။ ဦးအေးထွန်းနှင့်ယှဉ်၍ မြေပြင်တွင် လဲ့ဝပ်နေရာမှ ရှိသမျှအင်အားကို ဖျစ်ညှစ်အစ် ထုတ်ကာ ရှေ့သို့တက်ရန် အတင်းရုန်းထသည်။

"ကျော်ဇော်ဦး မထနဲ့ မထနဲ့။ ဟောကောင် မထနဲ့လေကွာ။ ကျည်ဆန်တွေ တို့ခေါင်းပေါ်မှာ သိပ်ဝဲနေတယ်"

ဦးအေးထွန်းက ကျော်ဇော်ဦးကို အတင်းဖက်ထား၏။ သို့သော် ကျော်ဇော်ဦးသည် အတင်းရုန်းကန်၍ ထရန် ကြိုးစားနေသည်။

သူတို့နှစ်ယောက်ရှေ့မှ စစ်ပုလိပ်တစ်ယောက် ပြေးတက်လာနေသည်ကို မီးလောင်တဲစခန်းရှိ အလင်းရောင်လက်လက်ထဲတွင် လျှပ်တစ်ပြက် မြင်လိုက်ရသဖြင့် ဦးအေးထွန်းကသေနတ်နှင့် ဒိုင်းခနဲလှမ်းအပစ်မှာ ကျော်ဇော်ဦးသည် တင်းတင်းကျစ်ကျစ် ဖက်ထားသော ဦးအေးထွန်း၏လက်မှ ရုတ်ခြည်း လွတ်ထွက်သွားလေသည်။

"တောက်"

အံကြိတ်၍ မချိမဆံ့ တက်ခေါက်လိုက်သံနှင့်အတူ ကျော်ဇော်ဦးသည် ရှေ့သို့ သွေးရူးသွေးတမ်းနှင့် မတ်တတ် ပြေးတက်သွားသည်။

"ဟေ့ကောင် ကျော်ဇော်ဦး၊ မတက်နဲ့ မတက်နဲ့၊ မြန်မြန်ဝပ်ချ၊ မြန်မြန်ဝပ်ချ"

ဦးအေးထွန်းက အသံနက်ကြီးနှင့် တအားကျုံးအော်၍ လှမ်းသတိပေးနေသည်ကိုပင် ကျော်ဇော်ဦးသည် လုံးဝ မကြားတော့တဲ့ သရဲသဘက် စီးနေသူတစ်ယောက်ပမာ ရင်ကိုကော့ကာ ခြောက်လုံးပြူးကို တဒိုင်းဒိုင်း ပစ်ဖောက်ပြီး စစ်ပုလိပ်များရှိရာဘက်သို့သာ ဒယီးဒယိုင်နှင့် တစ်လှမ်းချင်း တိုးတက်နေသည်။

"ဟေ့ကောင် ကျော်ဇော်ဦး၊ မတက်နဲ့ မင်း မတက်နဲ့။ မင်းကို ငါ အမိန့်ပေးနေတယ် "



"ဟင်း...တောက် ၊မြေ ၊ မြေ၊ ဒါ တို့မြေ၊ တို့ပိုင်တဲ့မြေ"

တိမ်ဝင်အက်ကွဲနေသော အသံနက်ကြီးနှင့်အတူ ကျော်ဇော်ဦးသည် မြေပြင်သို့ ဗိုင်းခနဲ လဲကျသွားသည်။ သူ၏ကိုယ်နှင့်မြေပြင်တို့ ထိမိလိုက်သံသည် ဦးအေးထွန်း၏နားထဲမှာ ကမ္ဘာကြီးတခုလုံး ကျွမ်းထိုးမှောက်ခုန်နှင့် တသိမ့်သိမ့် တုန်အောင် ခါသွားသလား ထင်လိုက်ရသည်။

အရှေ့လောကဓာတ်ဆီမှ သစ်လွင်တောက်ပသော ရောင်နီဦးသည်မြူးကြွ ဝင်းလက်စွာ ထွက်ပေါ်လာချေပြီ။ ကောင်းကင်၏ တစ်ခွင်တစ်ပြင်လုံးကို နေမင်းက သွေးရောင်တို့ဖြင့် လွှမ်းခြုံထားသည်။ နံနက်ခင်း၏ ရဲရဲနီသော အရုဏ်ရောင်ခြည်ဦးမှာ ထူထပ် သိပ်သည်းလွန်းသော နှင်းရိပ်၊ နှင်းခဲ၊ နှင်းမည်းတို့ကြောင့် မညီညာသော သွေးအိုင် သွေးကွက်ကြီးများပမာ ဟိုတစ်ကွက်၊ သည်တစ်ကွက် လင်းစပြုလျက်ရှိသော။

ဆောင်းသွယ်မယ်၏ နံနက်ခင်း လေပြည်လေညင်းထဲတွင် ဤတော၊ ဤတောင်၊ ဤနေရာ၊ ဤဒေသတဝိုက်၌ သွေးနံ့ ချွေးနံ့တို့မှာ ပျံ့နှံ့ ညှီစော်လာကြသည်။ သို့သော် ပစ်သံ၊ ခတ်သံ၊ တိုက်ခိုက်နေကြသံတို့ကကား မစဲပါချေသေး။

ဖိုးကျော့